www.burmeseclassic.com



www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**


ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...ဒို့အရေး

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်
















လော ကီ ပ ညာ ရ သ စုံ မ ဂ္ဂ ဇင်း

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်



ပထမမ်ိဳဇွာ အဘဘိုးဘိုးအောင်၏
* ဓာတ်ဘုရားလေးနှင့်
ဓာတ်စခန်းကို ထူးခြားစွာ... စာ-၆၇


နာယကကြီး
ဒေါက်တာ အောင်မိုင်
M.B.B.S (Ygn)
ဒ-ဘ-ဝ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A. A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryurvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝင်းရှည်မြွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med..
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း
တာဝန်ခံစာတည်း
စမ္ဗဒေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ ကိုစိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
* ဦးစံတင်
(ဓတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)
* ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဏ္ဏိဒီ မြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P.R.L(Advocate)
ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟာန်
ဖြန့်ချိရေးမှူး
ယဥ်ကျေးဇံဝ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း
အတွင်းဖလင်
ပါရမီ

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၄၃၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊
၂၃၃ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၃၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဝါးစာပေ
ရှမ်းတောင်ကြီးဖြန့်ချိရေး
မိလွှနာစာပေ (တောင်ကြီး)
ဝင်္ဂါနုဇီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
ဖုန်း- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေ
မဂ်ဂလာ ဓီးပွားရေးကြော်ငြာလုပ်ငန်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ
အမှတ် ၃၃၀
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/–)
ဖုန်း-၀၁ ၂၄၂၂၈၄




-F.1B.January, 2014.

www.burmeseclassic.com



မြင်းဝဓိ ဘိုကျွဲအတွင်းမှ
ပေါ်ရှမ်းဘေးဘေးတော ထူးခြားသော နှုတ်ခမ်းမွှေးဘုရားကို
ဗျှုသိ ထူးခြားစွာ ဖူးတွေ့ရသည် စာ-၂၆

ရန်မာန်ကင်းစေသည့် တောလမ်းနယ်မှ
အောင်နိမိတ်ဆောင် ခမောက်တောင်ပေါ်မှ
တောင်ပိုင်ဘိုးဘေးဝါမကိုကို... စာ-၄၁



## မွေ့ဆုံခြင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊
ကောင်းမြတ်သစ္စာဆေးခန်း ဆရာမဒေါ်စီစီ
(တဆ-၀၃၈၂၅)၏သွေးတိုးရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၆၁

## ပညာပေးရောင်ခြည်

သင်္ကေတများ၏ ဘာသာစကား (၃၀) [ဟူကျင်းဇီ] ၁၇၁
တရုတ်ကြီးထုံးပညာ (၈၆) ၂၀၉
လူတိုင်းအတွက် တရုတ်မှီရာ
အိမ်မက်ရှင်းတမ်း (၇၆) [ထက်မင်းကျော်စွာ] ၂၂၂

## လက္ခဏာရောင်ခြည်

အင်္ဂါဆိုးပေးပညာရပ် ရွေးချယ်ခြင်းနှင့် လက္ခဏာပညာ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၉၅
ပညာရေးအတွက် လက္ခဏာဟောကွက်များ ၁၀၁
ရွှေတန်း တိုက်ခစ်မှူးနှစ်ဦး၏ လက္ခဏာ ၁၂၁
အလုပ်အကိုင်နှင့် လက္ခဏာအမြင်
[ဦးခင်မောင်သန်း-B.Sc ရွှေဘို] ၁၃၄
အိမ်မြို့ လယ်ပေါ်ရှိ မဟာဗောဓိမြိုင်ကျောင်း
ဆရာတော် ဘဒ္ဒန္တသုမန၏ လက္ခဏာတော်
[ဦးဒေသခင်-ဟင်္သာတ] ၁၆၉
လက္ခဏာပဟေဠိ အဖြေညှိကြစို့
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၂၁၇

## လမ်းညွှန်ရောင်ခြည်

တန့်ဆည်မြို့ဝန်းကျင်မှ အလောင်းစည်သူတောင်းမှ
စံကားရှပ်ပွားသုံးဆူ ပူဇော်မှု (၁) [ထက်မင်းကျော်စွာ] ၉
လယ်တီဆရာတော်ကြီး၏ မေတ္တာရေစင်
တပဲသာရေတွင်း [ဇင်ညိုငယ်] ၁၉
ဇင်းကျိုက်တောင်တန်းမှ ထူးခြားအံ့ဖွယ်စေတီငယ်
[မြဒင်-ဇင်းကျိုက်] ၁၄၅

## အထူးကဏ္ဍရောင်ခြည်

ရန်မာန်ကင်းစေသည့် တောလမ်းနယ်မှ အောင်နိမိတ်ဆောင်
ခမောက်တောင်(၂) [ထက်မင်းကျော်စွာ] ၄၁
ဝေဘူဆရာတော်ကြီး၏ နေ့ရာသီ သီတင်းသုံးရာ
အင်းကြွင်းပင်သာသနာမြေသို့ (၂) ၄၉
စိတ်သဒ္ဓါပွားလျှင် ကြံသမျှ ထူးစေသည့်
ဝိဇ္ဇာဘုရားရှင် ထံတော်ဦးဆီသို့ (၂) [စံထွန်းသာ] ၅၇
နွေ့ရုံ့ရွာ ပေဟင်အနောက်ဖျားမှ ကျောက်ပန်းဖိုတောင်
မြတ်စိန္တေ ထံတော်ပါးသို့(၄) [ဇင်ညိုငယ်] ၇၃
ဘိုကလေးမြို့နယ်၊ ကမ်းကြီးရွာ ရွှေပေါင်းကျောင်းကြီး
ထူးဆန်းသော သမင်ရှိုးပလ္လင်တော် (၂)
[ဟင်္သာတ သန်းလှိုင်ကျော်-ရွှေပန်းချီ] ၈၉



www.burmeseclassic.com

www.burmeseclassic.com


❀ ကိုယ်တွေ့ရောင်ခြည် ❀

ကြက်မ,တွန်ခြင်းနှင့် ပတ်သက်၍ ပြောပြလိုသည်မှာ
[မောင်ဗဟိန်း-အင်းတော်] ၂၂၁

ထူးတာတွေ တွေ့တော့ ပြောပြချင်
[ကျောက်နဂါးကြီးကို လေ့လာခြင်း] [မောင်ကံ-တံတားရွာ] ၂၂၉

နတ်လွှင့်ခံရသော ဦးဘတင်
[အေးချမ်းအောင်-ရမည်းသင်း] ၂၃၃

မေတ္တာသုတ် အစွမ်း [ဦးမင်းညို-မြဝတီ] ၂၃၈

အိမ်ကို ဖွတ်တက်ခြင်း အတွေ့အကြုံ [အောင်ဆန်းလင်း] ၂၄၇

လာဘ်ပေးသော အိမ်ကြီးများလည်း ရှိပါသေးသည်
[မြမြန်အောင်-မန္တလေး] ၃၀၀

✻ ကျွင့်စဉ်ရောင်ခြည် ✻

တိစီဝရိုက် ဗုဒ္ဓရုပ်ပွားတော်နှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်
[ကဝိသီရောမဏီ] ၃၀

စောင်းတန်းကြီး ပြိုပြောက်သွားစေသည့် ကျောင်းစောင့်
နတ်ကြီးပေးသော ကျင့်စဉ် [ဝေဘူစန်း-ကညွတ်ကွင်း] ၉၇

ပုတီးကျင့်စဉ်နှင့် ဘိုးတော်မှတ်ဆိတ်
[ဘက္ကသိုလ် အပန်ဝယ်] ၁၀၉

အမေ မှာကြားခဲ့သည့် ဆွမ်းတော်ခွန်စဉ်
ကျင့်ဆောင်ခဲ့သည့် ကျင့်စဉ် [အကောင်းမြင့်မြတ်စိန်] ၁၃၉

● အစီအရင်ရောင်ခြည် ●

အပြန့်အလှန် နို့ညှပ်အိမ်များ [ညွန့်ဝင်း-နတ်တလင်း] ၁၂၄

တစ်ကြွင်း နှစ်ခိုက် ဂရုစိုက် [ကောင်းသုခ] ၁၂၅

မာကြာ ဖမ်းစားခံရသော သူငယ်တို့အတွက် အစီအရင်
[ဂါမဏီဇော်-ဝိဇ္ဇာခရေ စစ်ကိုင်း] ၁၅၉

အိမ်သက်တွက်နည်း [မိုလ်မင်း-မင်းလှ] ၂၁၁

သတ္တဗီဿု နဝင်းချေနည်း [စောထွီးသျှင်-မြောက်ဦး] ၂၁၂

▢ အပ္ပိရုတ်ရောင်ခြည် ▢

ကန့်နဲ့နှာ နှစ်ဖြာတွဲတော့ (၃) [ရွှေတောင် ခင်မောင်ကြည်] ၁၁၆

အဘ ပေးထားခဲ့တဲ့ ပြဒါး မူလခံနည်းများ
[ဈာပုံ ရည်လွင်အောင်] ၁၆၄

ပြဒါးခဲ့တ်လုံး ကောင်းကောင်း လုပ်ကြရအောင်
[ဦးမောင်-ရွှေညောင်] ၂၇၂

✻ ဂါထာမန္တန်ရောင်ခြည် ✻

အိမ်ဂေဟာ လုံခြုံစေသည့် ဂါထာ [မံထွန်းသာ] ၈၇

သုံ့ရှစ်ချက် ဂါထာတော်နှင့် သုဂတောဂုဏ်တော်များ
[အုံကြွယ်] ၁၇၄


အနှောင့်အယှက်ကင်း အေးချမ်းခြင်း ပြည့်ဝစေခဲ့သည့်
အောင်ဂါထာ [နတ်မောက်မျိုးနော်] ၂၁၈






ညာတာင်ကုတ်စစ်ရင် အပ္ပိရုတ်မီးမညာနဲ့
ဓာတ်ထိုးပေးမယ့် အရည်မချော်ဘူး၊ ဒါပေမယ့်…
ညာတာင်ကုတ်ကို အထက်ရှုမိမြစ်စေအောင်…
➡ စာ-၁၃၂

ဆရာတော်သည် ကြွယ်နှုတ္တတ်များကြည့်ပြီး
နိုင်ငံခြားနှင့် မြန်မာပြည်တွင်
ဖြစ်ပေါ်တော့မည့်အခြေအနေများကို…
➡ စာ-၃၇

www.burmeseclassic.com




ဝေဘူဆရာတော်ကြီး၏ နေ့ရာသီ သီတင်းသုံးရာ
အင်ကြင်းပင် သာသနာ့မြေတွင်
ဆရာတော်ကြီး အရိုးဓာတ်တော်များကို... စာ-၃၉

ဒါ...ကျေးကျစ်ရှစ်လို့ ခေါ်တယ်
အစီအရင်တစ်ခုပေါ့
အနွယ်တော်များ ဘုရားဝတ်ပြု အမျှဝေတိုင်း... စာ-၈၉



ကောလင်းနယ်မှ
အောင်နိမိတ်အောင် ခမောက်တောင်ပေါ်မှ
မင်းပက်ကျောက်ရှာဖြစ်သည်... စာ-၄၄



## ✻ ဆေးနည်းထိုးရောင်ခြည် ✻

ဝမ်းလျှောရောဂါ ဖြစ်ခဲ့သော် [ခွန်းရှိ-မြန်မာစာ] ၁၀၀
ကင်းကိုက်သော် မခက်လော [နိုင်ပြည့်ဟိန်း-ဦးရာဇ်မြေ] ၂၀၀
မိမိပတ်ဝန်းကျင်ရှိ အနိုင်ဓာတ်များ
[အနာအညှော်ဝင်၍ တက်လျှင်] [အောင်လှသန်း-မင်းဘူး] ၂၅၆

## ◆ ဆေးဗေဒရောင်ခြည် ◆

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊
မန်ကျည်းကုန်းကြီးရွာ အရှေ့ကျောင်းဆရာတော်
ဘဒ္ဒန္တဇနိတမဟာထေရ်၏ ဗူလာ၊ မီးယပ်
အညောင်းအကိုက်ပျောက် ပေါက်ဆေး
[မောင်လမင်း-မြို့သစ်၊ မန်ကျည်းကုန်းကြီး] ၃၉
ဗူလာသွေးထွက် ဆေးမခက် [ဦးဝိသုဒ္ဓ-ဘုမ္မဝတီ] ၁၂၀
မီးယပ်အဖောအရောင်ရောဂါအတွက် ဟူးဆေးချက်
[ကြူသင်း-ကျောက်ပန်းတောင်း] ၁၂၃
သွေးတိုး (သို့မဟုတ်) လေဖန်းကာကွယ်ဆေး
[ဦးသန်းစိုး-ချောင်းနက်] ၂၄၈

## ✻ ဗေဒင်ရုပ်ဖတ်ရောင်ခြည် ✻

ဒေးစွန်ပါတောင်တော်မြတ် အတွင်းစခန်းဆီမှ
မပန်းဝတ်ရည်မှ (၂) [ဆရာနေမျိုး-ဘီအေ] ၁၄၇

## ◆ စိတ်ရွှင်အင်ရောင်ခြည် ◆

အိပ်မက်ဖြင့် ဖမ်းဆျာက်ခဲ့သူ [ညီလေးငယ်-လယ်တော်] ၂၅၇

## ✛ ထူးခြားသစ်ပင်ရောင်ခြည် ✛

အောင်မြင်ပိုင်နိုင်စေသည့် ချင်းနက်ပင်
[ထက်မင်းကျော်စွာ] ၁၁၃
ရန်ကင်း လာဘ်ရွှင်စေသည့် ဂမုန်းခတ္တာကြောင်
စီရင်နည်း ၁၃၇
ဖောင်တထောင်မှ အဖီး(၁၀၈)ဖီးသီးသော ငှက်ပျောပင်
[မောင်မောင်ထွန်း-မုံရွာ] ၁၉၃
အမေပြောသည့် အစွမ်းထက်ဂမုန်း [ရောမြေကျော်ဝေ] ၂၇၀

## ✻ စကြဝဠာရောင်ခြည် ✻

သစ်မင်းအစွမ်း [မောင်အေးကြူ-စီးပွားရေး] ၃၀၃

## ☨ ထူးခြားဝတ္ထုရောင်ခြည် ☨

မြင်းမထိလိုက်ဂူတွင်းမှ စေတီရုပ်ပွားများနှင့် ထူးခြား
ကျောက်ရုပ်များ(၁) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၂၆
စီးပွားတက်ဝေ သဒ္ဓါအမြဲတော [ကျော်-ရမည်းသင်း] ၇၀
သုခကာရီကျောင်းမှ ထူးခြားပစ္စည်းများ [ငြိမ်းသော်တာ] ၁၂၉
ကျွန်တော် ကြုံတွေ့ဖူးသော ရှေးဟောင်းဓားတစ်လက်
[စေန္တာမိုး-တောင်ငူ] ၂၇၀

## ● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယက္ခ၏ ဘဝအတွေ့
အကြုံများ (၂၃) [ဆရာကြီး မင်းယက္ခ-တိုက်ပွဲဝင်] ၁၆၅

www.burmeseclassic.com


### ✻ ကုသိုလ်ရောင်ခြည် ✻

ပတ္တမြား တုတ်နှင့်ထိုးမိလျှင် (သို့မဟုတ်) ဖျားပတူ အဆိပ်ဖြေနည်း [ဦးမင်းဖေ-ရွှေနဝင်း] ၂၀၁

### ✻ အမျိုးသမီးအလှရောင်ခြည် ✻

နာနတ်သို နာနတ်ဖျော်ရည်နှင့် နာနတ်ရှာလကာရည် ပြုလုပ်နည်း [မောင်မောင်ထွန်း-မုံရွာ] ၁၆၈

### ○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[အိမ်မြို့ အထက်ပိုင်းရပ်ကွက် တိုက်ကျောင်းဆရာတော် သာသနာ့ဓဇ မှော်စရိယ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသအား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၁၈၅

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြဲလက်မှတ်များအကြောင်း [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေတွဲ] ၁၈၈

ထုတ္တာနှိသိမ် ပုထိုးတော်မှ ရှေးခေတ်ရခိုင်ဗိုရာ ဝတ်ဆင်ထုံးဖွဲ့မှု ဗိုဇိုင်းလက်ရာများ(၂) [ပန်းချီထွန်းလှ-ရှေးဟောင်းသုတေသန] ၁၉၆

### ○ မြန်မာ့ချင်းကြိုးဆေးပင်ဆေးမြစ်ရောင်ခြည် ○

အင်ကြင်းပင်ကျေးရွာမှ ဆေးပင်အချို့(၂) [ဆေးသုတေသီတစ်ဦး] ၁၀၅

### ✻ ကိုယ်ကျန်းမာရေးရောင်ခြည် ✻

ကျွဲနွား အစာအိမ်လေဖောင်းရောဂါအတွက် ဆေးတစ်လက် [နတ်မောက် ကောင်းမွန်မြင့်] ၆၃

ကြိုးဝါးတဲ့နွားနဲ့ မြူးတဲ့နွား နိုင်တဲ့နည်း [ကိုသက်ရှည်] ၃၀၄

### ⌧ ကြည်ညိုခြင်းရောင်ခြည် ⌧

တန်ခိုးအစွမ်းထက်သော မဟာစဉ်ဘုရား [ဘဒ္ဒန္တကုသလ-ဆားပြင်ဆရာတော်] ၅၅

### ✻ အောင်မြေရောင်ခြည် ✻


စပါးတောင်မြေ ထူးခြားအောင်မြေ ပထမံဘိုးဘိုးအောင် တောင်တော်အောင်မြေ(၄) [မောင်မောင်စိုး-ထားဝယ်] ၆၅

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့် မိုးခိုးပူဇော် ဂါထာတော်များ(၁၁) [အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၈၁

### ✧ ယတြာရောင်ခြည် ✧


၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက် ခေတ်ကြီးငါးပါး မိုးမိုးမှုနှင့် အောင်ဘာလေလထီဆုငွေ [ထက်မင်းကျော်စွာ] ၁၉၂

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ထီအတွက် ရွေးချယ်ပါ ဂဏန်းကစား [ဆရာရဲထက်-သုတေသီ] ၃၀၂


လမ်းခရီးတစ်ဝက်မှာ
ကားပျက်တာလဲ
ဆရာတော်ကြီးကြိုဆိုနေပါတယ်... ✍ ၈၁-၉၄

အမောက်ထောင် ခေါင်းကြီးမှ
ဘီလူးခေါင်းဆောင်းကင်
ဘီလူးရုပ်တုကို ဤသို့ ... တွေ့ရသည် ✍ ၈၁-၉၉

www.burmeseclassic.com



ကြီး
ထင်တဲ့
အခါ
ကြီးပေါက်မှာ
အလိုလို
ပေါင်းသွား
ကြီးတတ်...

စာ-၁၄၅



နေ့အိမ်
အရွက်
အကာအကွယ်
မြစ်ခေါ်ကြီး
စီးသွား
လောအီလောအ
ရှမ်းသနိုးခေတ်တဲ့
တြိဂမုန်း
စီရင်နည်းကို...

စာ-၁၃၉



ညောင်းညာ
ကိုက်ခဲ
တာတွေ
ထိခိုက်
ဒဏ်ရာ
ရတာတွေ
အတွက်
ဒီအပင်က
ဥ.ကို...

စာ-၁၁၃

### ✣ စိုက်ပျိုးရေးရောင်ခြည် ✣

ဘူးပင်ကို ဤသို့ စိုက်ပါ [ဦးသန်းစိုး-ချောင်းနက်] ၃၈
ငရုတ်ပင်စိုက်လျှင် သတိပြုစရာ
[ကိုမောင်ကျော်လှိုင်-မအူပင်] ၁၈၆

### ○ ထက်အင့်အသံရောင်ခြည် ○

ကျေးဇူးတင်ပါသည် နဂါးရုံရောင်ခြည်
(ဆီးချိုကို ဘေးကို ဖယ်နိုင်တဲ့ဆေး) [နေမဝင် နတ်မောက်] ၁၁၂

### ✻ အင်းဓမ္မရောင်ခြည် ✻

ဖွ္သဂါထာတော်ကို ဖာသုံးမျှားပေးမယ့် ဖွ္သအင်းကို
တွေ့ဖူးသူ နည်းမှာပါ
[ရသဂန္ဓီရ ကျော်ဝင်းအောင်-ပြည်၊ ဆည်မြောင်း] ၁၅၁
မြန်မာ့အင်းပညာ(၁) [ဆရာစော-အင်းတစ်ထောင်] ၁၇၇
နံပေါ်အင်း အစီအရင် [ဦးသိဏ်း] ၁၉၀

### ✎ မုဖွိုးလက်ဖျားရောင်ခြည် ✎

ရွှေကျိုင်းနှားဆရာတော် ဦးဝိဇ္ဇာဗလ၏
ရွှေခေါက်လုံးနှင့် ဩဝါဒ [ခင်စိုး-အုတ်ဖို] ၁၅
ရှမ်းကလာပ်တော် ရွှေရောင်တွေ ဝင်းပါလို့
[လွှယ်ကောင်းအောင်] ၁၇
ယုံရင်လဲယူ မယုံရင်လဲမယူ ဖမ္မတာလူ ပိုစုန်းမြို့(ကြန့)
[စိုးမိုးသူ] ၃၃
ကျွန်မ ဖူးခဲ့ကြုံခဲ့ရတဲ့ ဝေသုက္ခိဆရာတော်
[မော်နီတာ-ဖန်းမောက်] ၅၄
သက်တော် (၁၀၈)နှစ်၊ ဝါတော် (၈၈)ဝါ အဂ္ဂမဟာ
သဒ္ဓမ္မဇောတိကဓဇ ကောပေါက်ဆရာတော်
ဘဒ္ဒန္တ ဦးဥတ္တမ၏ ဖြစ်ရပ်ဆန်းနှင့် ကွင်းဆက်များ(၁)
[ခင်ခင်ဝင်း-မောရဝတီ] ၁၅၃

### ✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

ထူးတာတွေ တွေ့တော့ ပြောပြချင် [သီလရှင်ကြီးတစ်ပါး
ရေပေါ်တွင် အိပ်ပြသည့် ဖြစ်ရပ်ဆန်း] [မောင်ကံ-တံတားရွာ] ၁၃၅
ဘုမ္မိရုက်မြေစာချ မြေစာကျွေးသည့် ကျောက်ပြားနှင့်
ထူးခြားဖြစ်ရပ်ဆန်း [ကိုသက်ရှည်] ၂၂၅
မြေပဲအမြုတေနှင့် ဖြစ်ရပ်ဆန်း [မောင်နေဝင်း] ၂၄၁
ရွှေသမင်တောင်မှ နဂါးပုံရိပ် [ခရီးသည်သုတေသီ] ၂၇၇
ပုလဲငုတောင်ခြေရင်းက အိပ်မက်ထဲက ဆေးဝိဇ္ဇာ
[ညိုသစ်ဦး-မာန်အောင်] ၂၉၅
ညတစ်ညဉ့် တွေ့ကြုံခဲ့ရသည့် အဘိုးနှင့်အဘွား
[ဖြူလေးကျော်] ၂၉၇

### ○ အမေးအဖြေရောင်ခြည် ○

အမြိုးနှစ်ခွအိမ်မြှောင်နှင့် သူ့အစွမ်းသတ္တိ သိသူများမှ
ဖော်ပြပေးကြပါရန် [တက္ကသိုလ်မောင်မြသီ-စကု] ၆၉
သုတ်ဆိုမှစာ သိသူများမှ အကြံပေးစေချင်
[နိုင်လင်းဇော်-ဖျာပုံ] ၁၄၂

www.burmeseclassic.com


## ✂ နေ့စဉ်သုံး အဝလမ်းညွှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ငွေကြေး
လာဘ်လာဘ သွက်လက်စေဖို့ *[ထက်မင်းကျော်စွာ]* ၈၈
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ *[ဟူကျင်းဇီ]* ၁၈၄
၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း *[ဆရာ ရောင်ခြည်]* ၂၁၅

## ★ မြန်မာ့ရိုးရာပညာရောင်ခြည် ★

ရက်ကောင်းရက်သာ ရွေးနည်း *[ကျိုက်ထို ရန်နောင်ဖိုး]* ၁၄၃

## ◆ ကျန်းမာရေး မာယာဗေဒရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျန်းမာရေးအတွက်
အကြံပေးချက်များ *[ဟူကျင်းဇီ]* ၁၀၄

## ✤ တရုတ်နှစ်သစ်ကူးရောင်ခြည် ✤

၂၀၁၄ ခုနှစ်၊ မြင်းနှစ်သစ်အတွက်
တိုးတက်အောင်မြင်စေမည့် အပြင်အဆင် *[ပွင့်နန်းယံနီ]* ၂၃
၂၀၁၄ ခုနှစ်၊ မြင်းနှစ်တာကာလ
ပုံရိပ်ရှင်တို့၏ အခြေအနေ *[ဟူကျင်းဇီ]* ၄၆
၂၀၁၄ ခုနှစ်အတွင်း မြင်းနှစ်ကာလ ပွဲတော်ရက်များ
*[ငြိမ်းသော်တာ]* ၁၂၉

## ✤ ဝိဇ္ဇာ အမှုရောင်ခြည် ✤

သံပိုတောင်က အမေညို(၃) *[ရွှေတောင် ကြည်မောင်အေး]* ၂၀၄
တန်ခိုးပြမိသူ *[သမ္မုဒ္ဒ]* ၂၆၅
အဘိုးနှင့် ထူးဆန်းသော ဒိဗ္ဗစက္ခု အင်းလက်ကိုင်ပဝါ
*[ကျော်စံရှိန်]* ၂၈၁
ပိတောက်ခင်ရွာမှ အဘဝံနှင့် သေရွာပြန် မောင်ဆန်းမင်း
*[ခွန်စိုင်းဝမ်း]* ၂၈၉

## ● ဖြစ်ရပ်မှန်ရောင်ခြည် ●


ရေတိမ်နစ်သူ *[ပန်းတနော် ကျော့မိုး]* ၂၄၄
မလုပ်ကောင်းကုန်း သပြေပင်ကွင်းဆီက ပလွေသံ
*[ရဲရဲထွန်း-ဟသ်ာတ]* ၂၄၉
လောင်မီးကျရေ ရှောင်ရှားလေ *[နတ်မောက် လှမြင့်သစ်]* ၂၅၃
ရွှေတောက ပရလောကသား
*[ရွှေမှော်မြေ မောင်ကြည်သိန်း]* ၂၆၀
ကျွန်တော်နှင့်သရဲ နပန်းပွဲ *[ဆရာသန်းဆောင်-နဘဲကန်]* ၂၆၃
ကူညီသူ ဘယ်သူလဲ *[သီလာကျော်]* ၂၆၈
သခွတ်ပင် သံသရာ *[အင်ပင် သန်းဆွေ]* ၂၇၃
ကိုယ်တွေ့ဖြစ်ရပ်ဆန်းနှင့် သရဏဂုံအစွမ်း ဖုံးမခန်း
*[ဘုန်းမြတ်ကျော်-ခနုဖြူ]* ၂၇၆
လူကို အကူအညီတောင်းသော ပရလောကသား
*[မောင်စေတနာ]* ၂၈၈
ဝဋ်ကြွေး ပေးဆပ်နေရသော နတ်ပြိတ္တာမလေး
*[ချစ်ဆိုင်]* ၂၉၅





လယ်တီဆရာတော်ကြီးသည်
လယ်တီအင်း တပဲသာ ရေတွင်းမှ ရေကို
အနှစ်(၂၀)တိုင်အောင်... ➡ စာ-၂၀

မဟာဗောဓိတထောင်မှ
အပွင့်(၁၀၈)ဖီး သီးသော ငှက်ပျောပင်ကို
ထူးခြားစွာ တွေ့ရသည် ➡ စာ-၁၉၃

www.burmeseclassic.com

တန့်ဆည်မြို့ဝန်းကျင်မှ အလောင်းစည်သူကောင်းမှု

# စံကားရုပ်ပွားသုံးဆူ

ပူဇော်မှု (၁)

ထက်မင်းကျော်စွာ

နိဒါန်း

အလောင်းစည်သူမင်းကြီးသည် မိမိနိုင်ငံတော်အတွင်း နယ်မြေမလပ် နှံ့နှံ့စပ်စပ် ကိုယ်တော်တိုင် ကြွရောက်၍ ရောက်ရာဒေသအသီးသီး၌ အခြင်အတွယ် ညီမျှမှန်စွာ ရောင်းဝယ်ဖောက်ကားစေခြင်း၊ ဆည်မြောင်းချောင်းကန် ဆယ်ဖို့ခြင်း၊ ကျောင်းကန်ဘုရားများ တည်လုပ်ပူဇော်ခြင်းစသည် ပစ္စုပ္ပန်သံသရာ အကျိုးငှာဖောင်စကြာဖြင့် ကြွမြန်းရာ ရေ(ချင်းတွင်း)သလ္လာ မူးမြစ်များမှ အရှေ့မြောက်ဖျား မြေထူးမြို့သို့ ရောက်တော်မူ၏။


ယင်းတွင် ဘေးတော် အနော်ရထာမင်းလက်ထက် ပြုပြင်စေခဲ့သော မြေထူးမြို့ပတ်လည်ကျုံးတို့ကို ထပ်မံတူးဖော်စေ၏။

ကျုံးအတွင်း ရွှံ့ညွန်တို့ကို တူးယူသယ်ဖို့ကြစဉ် သိကြားစီမံသည့် စံကားသားသစ်တုံးကြီးကို တွေ့ရှိ ဆယ်ယူကာ ဆေးကြောသန့်စင်စေရာ တွေ့ရှိရသော အရစ်အရာများအတိုင်း ဖြတ်တောက်၍ ရုပ်ပွား(၉)ဆူ ထုလုပ်ပူဇော်စေသည်။

ပထမဆုံးသော အရင်းပိုင်း စံကားသစ်တုံးကို မတ်ရပ်တော်ထုလုပ်စေကာ မြေထူးမြို့ ရွှေဂူမြင့်စေတီ၌ ပူဇော်ထားရှိ၏။ ကျန်သော (၈)ပိုင်းကို ထင်ပျဉ်ခွေရုပ်ပွားတော်များ ထုလုပ်၍ (၃)ဆူကို မြေထူးမြို့ဝန်းကျင် အောက်ပါအတိုင်း...

* * *

F.2A.January, 2014.



◆ ရွှေကြောင်းစုံ စေတီ

| | | |
|---|---|---|
| သိမ်တော်ဘုရား | ⇨ | မြေထူးမြို့ ရွှေဂူမြင့်ဘုရား တောင်ဘက်၌ရှိ၏။ |
| သက်တော်ရှည်ဘုရား | ⇨ | မြေထူးမြို့ အရှေ့ဘက်၌ ရှိ၏။ |
| ရွှေစည်းခုံဘုရား | ⇨ | မြေထူးမြို့ တောင်တံခါးဝအထွက်၌ ရှိ၏။ |
| မြို့ထောင့်ဘုရား | ⇨ | မြေထူးမြို့ ကျုံးတွင်းရှိ၏။ |
| ရုပ်မျက်နှာဘုရား | ⇨ | မြေထူးမြို့ တောင်ဘက်၌ရှိ၏။ |

www.burmeseclassic.com

အသီးသီး ပင့်ဆောင် ပူဇော်ထားသည်။

အလောင်းစည်သူမင်းသည် ကျန်စံကားရုပ်ပွား(၃)ဆူကို ဖောင်တော်ထက်ပင့်ဆောင်ကာ မူးမြစ်ကြောင်းတစ်လျှောက် ကြွချီတော်မူရာ ယခုတန့်ဆည်မြို့နယ် ကာဘိုးဆည်၏ အနောက်မြောက်ယွန်းယွန်း ကုန်းမြေထက် တောချုံပေါ်၌ သိမ်းငှက်များ ပျံဝဲကာ တောချုံတွင်း လူးလာတုံ့ခေါက်ပြုကြသည်ကို မြင်ရ၏။

မင်းကြီးစေ၍ သွားရောက် ကြည့်ရှုရာ တောချုံအတွင်းမှ **ကျောက်စေတီ**ကို ဖူးတွေ့ရသည်။

ဟူးရားတို့ကို လျှောက်တင်စေရာ မဇ္ဈိမဒေသ ပါဠလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကောင်းမှု စေတီဖြစ်ကြောင်း သိရသဖြင့် ရှိရင်းစေတီကို ငုံ၍ လိုဏ်မုခ်နှင့် စေတီတည်လျက် စံကားသား ရုပ်ပွားတော်တစ်ဆူကို စေတီလိုဏ်တွင်း သီတင်းသုံးစေကာ ပူဇော်ဖွယ်များဖြင့် ပူဇော်ထား၏။

သိန်းငှက်များပြ၍ စေတီရှိကြောင်း သိရသောကြောင့် **"ရွှေသိန်းပြ"** ဘုရားဟု ဘွဲ့မည်ကပ်လှူသည်။

***[ရွှေဘိုမြို့ ပုခန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ရေး ရွှေတန်ဆာဘုရားသမိုင်းစာအုပ် စာမျက်နှာ- ၂၂၀မှ ၂၂၆]***

ရွှေသိန်းပြစံကားဘုရားသို့

ရွှေသိန်းပြဘုရားနှင့် ပတ်သက်သည့် နိဒါန်းအချက်အလက်အရ တန့်ဆည်မြို့သို့ ရောက်ရှိသောအခါ စုံစမ်းကြည့်ရာ သာသနာ့အကျိုးဆောင် လူကြီး ဦးဝက်သိုးက စေတီဘွဲ့မည် မတူညီသော်လည်း နောက်ခံ ဖြစ်စဉ်




▲ ရွှေကြောင်းဆို ရုပ်ပွားတော်


တော်အရ တန့်ဆည်မြို့ အရှေ့ဘက် သုံးမိုင်ခန့်အကွာရှိ **"ငတန်းရွာ"** အနီး ကိန်းဝပ်တော်မူသော **"ရွှေကြောင်းဆို"** ဘုရားဖြစ်နိုင်ကြောင်း လမ်းညွှန်အကြံပေး ကူညီခဲ့သည်။

တန့်ဆည်မှ ငတန်းရွာသွားရာလမ်းမှာ မြေနီလမ်းဖြစ်ကာ ရာသီမရွေး သွားလာနိုင်သော်လည်း မိုးဦးကျကာလတွင် ဖုန်မှုန့်များက မြေနီရွှံ့စေး များဖြစ်ကာ လမ်းချော်တတ်သဖြင့် သတိထား သွားလာရသည်။ သုံးဘီး၊ လေးဘီး ပါဝင်သော ယာဉ်များမှာ ဟန်ချက်ထိန်းနိုင်သဖြင့် အန္တရာယ်မရှိလှပေ။

ရောက်ရှိသွားသောအခါ စေတီအနီးကပ်လျက် ဘုန်းကြီးကျောင်းတွင် ဥပုသ်သီတင်းသည်များ ကြီးကားစွာ တွေ့ရသည်။ တာဝန်ခံ ဆရာတော်

www.burmeseclassic.com





▲ ရွှေကြောင်းဆို အာရုံခံတန်ဆောင်း

◀ ရွှေကြောင်းဆို လိုဏ်မုခ်

က ကျောင်းထိုင်အဖြစ် တာဝန်ယူသည့် မှာလပိုင်းမျှသာရှိသဖြင့် သမိုင်းကြောင်း မသိပါ။ ဥပုသ်သည် အဘိုးအိုများထံ စုံစမ်းရန် လမ်းညွှန်တော်မူသည်။

သို့ဖြင့် ဇရပ်တစ်ဆောင်ရှိ ဥပုသ်သည် အဘိုးအိုများအား စုံစမ်းကြည့်သည်။ ထိုအခါ ရွှေသိန်းပြဘုရားမှ **"ရွှေကြောင်းဆို"** ဘုရားဖြစ်လာပုံကို သိရှိရလေသည်။

## ရွှေကြောင်းဆိုဘုရား

သီရိဓမ္မာသောကမင်း ကောင်းမှု စေတီကို အလောင်းစည်သူမင်းက ငုံ၍ တည်သော စေတီလိုဏ်တွင်းတွင် စံကားသားရုပ်ပွားတော်တစ်ဆူ ပူဇော်၍ ပတ်ဝန်းကျင် ဝတ္တကမြေများ သတ်မှတ်ကာ ထိုမြေများတွင် လုပ်ကိုင်စားသောက်ကြသူတို့သည် စေတီတော်အား ဆွမ်းရေချမ်း စသည် မပြတ်ဆက်ကပ်ရန် အမိန့်တော် ကျောက်စာစိုက်ထူခဲ့သည်။ ထိုကျောက်စာမှာ ယခု မရှိတော့ပေ။

အလောင်းစည်သူမင်းသည် ဆက်၍ ကြွချီရာ တန့်ဆည်မြို့ အရှေ့ဘက် အနီးတွင် သိန်းငှက်များ ပျံ့ဝဲ ကြည့်ရှုနေသည့်နေရာ၌ စေတီငယ်စေတီတစ်ဆူ ဖူးတွေ့ရသဖြင့် မွမ်းမံတည်ဆောက်ကာ စံကားသားရုပ်ပွားတော်(အဌမမြောက်)တစ်ဆူကို ထပ်မံ ပူဇော်ထားခဲ့သည်။ ယခု စစ်သူကြီးဘုရားဟု ခေါ်တွင်နေကြသည်။

ထိုစေတီများသည် ကာလကြာရှည် ပျက်ယွင်းလေရာ သူဌေးမောင်နှမနှစ်ဦးက ပြန်လည်ပြင်ဆင်ကြသည်။ မောင်ဖြစ်သူက ရွှေသိန်းပြဘုရားကို လည်းကောင်း၊ နှမဖြစ်သူက ရွှေသိန်းကြည့်ဘုရားကိုလည်းကောင်း ပြုပြင်ကြရာ မောင်ဖြစ်သူက ဦးစွာ ပြီးစီးသော်လည်း နှမက နှစ်စဉ် ဘုရားပွဲကျင်းပရာ၌ အဦးအလျင် ကျင်းပနိုင်ရန်အတွက် မိမိပြင်သောဘုရား မပြီးသော်လည်း ပြီးမြောက်လေဟန်ဖြင့် စည်မောင်းများ တီးခတ်စေသည်။

ခရီးနှစ်တိုင်ခန့်သာ ကွာဝေးသည့် ရွှေသိန်းပြစေတီမှ မောင်ဖြစ်သူက စည်တီးသံကို ကြားရသဖြင့် ရွှေသိန်းကြည့်ဘုရား အလျင်ပြီးစီးသည်ဟု ထင်မှတ်ကာ ပွဲတော်ကို အလျင်ကျင်းပစေသည်။

နောင်များမကြာမီ နှမဖြစ်သူ အကောက်ဉာဏ်ဆင်ကြောင်း သိရသဖြင့် ရပ်ရွာလူကြီးများ စုံရာရှေ့၌ အကျိုးအကြောင်း ပြောဆို တရားဆိုင်လေသည်။

မောင်ဖြစ်သူက အကြောင်းဆို တရားဆိုင်သဖြင့် မှောင်ပြုပြင်သည့် ရွှေသိန်းပြဘုရားသည် **ရွှေကြောင်းဆိုဘုရားဟု တွင်ခဲ့သည်။ ရွှေကြောင်း၊ စုံလည်း ခေါ်ကြသည်ဆိုလေသည်။**

## စေတီရင်ပြင်၌

ဒေသခံ အဘိုးအိုနှင့်အတူ စေတီရင်ပြင်သို့ ဝင်ရောက် ကြည့်ညိုရာ စေတီတော်မှာ လေးထောင့်အုတ်ခုံ အထက်ပစ္စယံသုံးဆင့်တင်ကာ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ဉာဏ်တော်အမြင့် (၆၄)တောင်ရှိကြောင်း သိရသည်။ ရှေ့လှည့်မုခ်နှင့် အာရုံခံတန်ဆောင်းတစ်ဆောင် ရှိသည်။

www.burmeseclassic.com

တန်ဆောင်းနံရံအထက်၌ ၁၃၁၆ ခုနှစ်ဟူသော ကမ္ပည်းကို တွေ့ရသည်။ တန်ဆောင်းအတွင်း စေတီမုခ်လိုဏ် အတွင်း၌ တင်ပျဉ်ခွေ အုတ်ဆင်းတုတော်တစ်ဆူ ဖူးတွေ့ရသည်။

နားရွက်တော် ပခုံးထိလျက် ခေတ်လက်ရာမဟုတ်သော်လည်း ပုဂံခေတ်လက်ရာတော့ မဟုတ်ချေ။ မူလလက်ရာ ပျက်ယွင်းသဖြင့် ကုန်းဘောင်ခေတ်တွင် အသစ်မွမ်းမံ ပူဇော်ခြင်းဖြစ်သည်ဟု ယူဆရသည်။

စေတီတော် အရှေ့ဘက်အဝင် စောင်းတန်းတစ်ခုရှိကာ စောင်းတန်းထိပ်တွင် ခြင်္သေ့တစ်ကောင် တွေ့ရသည်။ မူလကပင် တစ်ကောင်တည်း ဖြစ်သည်ဆို၏။

'ဒီကျောင်းမှာထိုင်တဲ့ ဘုန်းကြီးကလဲ တယည့်ရဟန်းတွေ ရှိပေမယ့် အတူနေခွင့် မပြုခဲ့ဘူး။ သက်တော်(၉၀)နီးပါး ရှိတာတောင် တစ်ပါးတည်းနေပြီး ကျင့်ကြံအားထုတ်ခဲ့တယ်။ သူပျံလွန်ရင် ပွဲမလုပ်နဲ့ ထင်းတစ်ပုံနဲ့ မီးရှို့ပါလို့ မှာထားတယ်။

ကျောင်းကိုတော့ စာချတန်းတက်နေတဲ့ တပည့်ရဟန်းကို ကြိုတင် လွှဲထားပြီးသားပါ။ ဆွမ်းဘုဉ်းပြီးတာနဲ့ တပည့်ဒကာ ယောကျ်ား မိန်းမအားလုံး ကျောင်းကနေ ထွက်ပေးရတယ်။

ကျောင်းသား ကပ္ပိယကလဲ မထားဘူး။ ဒါကြောင့် ဘိုးဘွားတွေက ပြောကြတယ်။ ရွှေကြောင်းဆိုတုရား ခြင်္သေ့တစ်ကောင်တည်းရှိသလို ရွှေကြောင်းဆို ကျောင်းမှာလဲ ဘုန်းကြီးတစ်ပါးတည်း ရှိတယ်တဲ့။

အရင်က ဆရာတော်တွေလဲ ဒီလိုပဲ ဧကစာရီ သီတင်းသုံးတော်မူခဲ့တယ်လို့ ကြားသိရပါတယ်။ အခု ကျောင်းထိုင်အသစ် ရောက်တာ တစ်လမပြည့်သေးဘူး'

'အဲဒီဆရာတော်ကြီး ဟောကြားတဲ့ တရားတွေ၊ ကမ္မဋ္ဌာန်းပြပေးတာတွေ



◆ ရွှေကြောင်ခုံ အရှေ့တောင်တန်ဦး ခြင်္သေ့

◆ ယူကာလစ်တောမှ တောစိညောင်ပင်ကြီး



ကော အဘ သိရသလား'

"မသိပါဘူး။ ရေစက်ချဆုပေးတာ အပြင် တရားရှည်ရှည်မဟောဘူး။ တရားစခန်းဖွင့်ပြီး တရားပြတာလဲ မရှိပါဘူး။ ဝတ္ထုငွေမကိုင်၊ နေ့ဖို့ညစာ မချန်ဘဲ သူ့အတွက်သာ ဖြည့်ကျင့်သွားတဲ့ သူမြတ်ကြီးပါ'

ဤသို့ဆိုပါက မူလကပင် တစ်ကောင်တည်း တည်ခဲ့သော ခြင်္သေ့ကောင်းမှုရှင်မှာ သာယာဝတီမင်း၏ နောင်တော်ကြီး၊ စစ်ကိုင်းမင်းခေါ် ဘကြီးတော်မင်းတရား၏ မိဖုရားခေါင် နန်းမတော်မယ်နု ဖြစ်နိုင်ရာသည်ဟု တွေးမိသည်။


ရေဦးမြို့နယ်ရှိ မယ်နုဇာတိ ဖလံဂုဏ်ကျေးရွာ "သိုးဘိုး"ကျောင်းနှင့် စေတီများ၏ အဝင်မုခ်ဦးတွင် လည်းကောင်း၊ မြင်းပေါက်ရွာ မယ်နုကောင်းမှု စေတီဝင်းရှေ့တွင် လည်းကောင်း ခြင်္သေ့တစ်ကောင်တည်းကို ထည်ဝါစွာ ပြုလုပ်ထားသည်ကို တွေ့မြင်ခဲ့ရသော ကြောင့် ဖြစ်လေသည်။

နန်းမတော်မယ်နုသည် မာနအရာတွင် စံတင်လောက်အောင် တံခွန်ထူခဲ့ရာ သူ၏ ကောင်းမှုစေတီများတွင် တစ်ကောင်တည်းသော ခြင်္သေ့ကို



www.burmeseclassic.com

www.burmeseclassic.com



▲ ရွှေသိမ်းကြည့်စေတီ

သွန်းလုပ်ခဲ့သည်ဟု ယူဆကြပေသည်။

စေတီအရှေ့ဘက် ယူကလစ်ပင်တောတွင် ဗောဓိညောင်ပင်ကြီးတစ်ပင်ကို ယူကလစ်ရွက်များအကြား မထင်မရှား တွေ့ရ၏။ အပင်ခြေပတ်လည်မှ ရုပ်ပွားတော်များ ပူဇော်ထားသည့် လိုဏ်မှန်ငယ်များကြောင့်သာ မှန်းဆသိရှိရခြင်းဖြစ်သည်။

ပြည်တော်သာခေတ် ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်စိုက်ပျိုးခဲ့သော ဗောဓိညောင်ပင် ဖြစ်သည်ဆိုလေသည်။

## အထူးပြု ဆုပန်ခြင်း

ရွှေသိမ်းပြုစေတီမှာ နှောင်းခေတ်မွမ်းမံသူ သူကြွယ်မောင်နှမတို့အကြောင်းစုံ တင်ပြတရားဆိုရာတွင် မောင်သူကြွယ်က အနိုင်ရခဲ့သဖြင့် **"ရွှေကြောင်းဆို"**စေတီ သို့မဟုတ် **"ရွှေကြောင်းစုံ"**စေတီဟု တင်ခဲ့သည်။

**ထို့ကြောင့် ဤစေတီတော်တွင် ကျမ်းကိုင် သစ္စာဆိုခြင်း၌ အမှန်တရားဘက်က အနိုင်ရမြဲ ဖြစ်သည်ဟု သိရသည်။**

ဝေဒရှုထောင့်မှ လေ့လာကြည့်သောအခါ မူလဘွဲ့တော် **"ရွှေသိမ်းပြု"**ပညတ်အရ ဂြိုဟ်သင်္ချာ ပေါင်းကြည့်ရာ **၁၇ + ၂၁ + ၁၉ = ၅၇** ရ၏။ တနင်္လာနှင့် ဗုဒ္ဓဟူးတို့ နံပေါ်ဓာတ်ရကိန်းဆိုက်၏။

* * *

**၅၇+၁၅** (တနင်္လာဂြိုဟ်သင်္ချာ)=**၇၂ ÷ ၇ = ၁၀ ကြွင်း ၂=တနင်္လာနံ** ပင်ဖြစ်၏။

**၅၇+၁၇** (ဗုဒ္ဓဟူးဂြိုဟ်သင်္ချာ) =**၇၄ ÷ ၇ = ၁၀ ကြွင်း ၄= ဗုဒ္ဓဟူးနံ**ပင်ဖြစ်၏။

ထို့ကြောင့် တနင်္လာနှင့် ဗုဒ္ဓဟူးဂြိုဟ်တို့၏ ပရိယာယ်ဆိုင်ရာ...

**ခြေ၊ ငွေကြေး၊ ကျောက်၊ ကား၊ ချစ်သူခင်သူ၊ အလှူမင်္ဂလာ (သုမင်္ဂလ)ပွဲလမ်းများ၊**

**ရွှေ၊ လှေ၊ လှည်း၊ လက်၊ ဝမ်း၊ ရင်၊ ဘုရားဓာတ်တော်၊ ဂဝံ၊ ရေစပ်သည့် လုပ်ငန်းကိစ္စများ စသည်တို့နှင့်** ပတ်သက်၍ အထူးပြု ဆုပန်အောင်မြင်နိုင်ကြပေသည်။

နံပေါ်ဓာတ်ရသည့် တနင်္လာနှင့် ဗုဒ္ဓဟူး သောမဂြိုဟ်နှစ်လုံးမှာ "ကုလား"မိတ်ဖွဲ့သည် ဖြစ်ရာ ချစ်ခင်ကြသူနှစ်ဦး အငြိုးအတေး၊ အမုန်းဒေါသများ ဖြေဖျောက်၍ သင့်မြတ်ကြည်ဖြူရေးအတွက်လည်း အထူးကောင်းမွန်သည်ကို တွေ့ရလေသည်။

## ရွှေသိမ်းကြည့်စံကားဘုရား

ရွှေသိမ်းပြုဘုရားမှ ပြန်လာကာ

www.burmeseclassic.com

တန့်ဆည်မြို့အနီး အရှေ့ဘက်တွင် ကိန်းဝပ်တော်မူသော ရွှေသိန်းကြည့် စံကားဘုရား စံပယ်တော်မူရာ စေတီသို့ ဝင်ရောက် ဖူးမြော်သည်။ အဝင်မုခ်ဦးတွင် **"စစ်သူကြီးစေတီ"**ဟူသော ကမ္ပည်းကို တွေ့ရသည်။

သီရိဓမ္မာသောကမင်း စေတီကို သိန်းငှက်များ ဝိုင်းအုံကြည့်ရှုနေသည်ကို အလောင်းစည်သူမင်း တွေ့ရသဖြင့် မွမ်းမံပြုပြင်ကာ အဋ္ဌမမြောက် စံကားသားရုပ်ပွားတော်ကို ပူဇော်ထားရာမှ "ရွှေသိန်းကြည့်"ဘွဲ့မည် သမုတ်သည်ဆို၏။ ***(ပုခန်းဆရာတော်၏ ရွှေတန်ဆာသမိုင်းစာအုပ် စာမျက်နှာ ၂၂၄)***


နှမ ပြင်သော ရွှေသိန်းကြည့်ဘုရားသည် ကာလကြာသောအခါ "ရွှေတကြေး"ဘုရားဟု အမည်တွင်သည်ဟု ဆရာတော်က ရေးသားထားသော်လည်း **"စစ်သူကြီးဘုရား"**ဟူ၍ ပြောင်းလဲလာပုံကိုကား မသိရှိပေ။

ရွှေသိန်းပြဘုရားခေါ် ရွှေကြောင်းဆိုဘုရားမှာ ဒေသခံအဘိုးအို ပြောပြသဖြင့် ဤစေတီသည် အလောင်းစည်သူမင်း ရွှေသိန်းပြဘုရားကို မွမ်းမံပြီးနောက် တစ်ဆက်တည်း မွမ်းမံပူဇော်သည်ဟု သိမှတ်ရခြင်းဖြစ်သည်။

## ဖူးမြင်ရသမျှ


စေတီတော်၏ အရှေ့လှည့်မုခ်လိုဏ်အတွင်းရှိ ရုပ်ပွားတော်အား ဖူးတွေ့ရသည့်အခါ ကြက်သီးမွေးညင်း ထလောက်အောင် ကြည်နူးမိသည်။ ပညာဂုဏ်၊ သီလသမာဓိဂုဏ် ကျော်စောထင်ရှားသည့် သက်တော်ရှည်ဆရာတော်ကြီး တစ်ပါးအား ဖူးမြော်ရသကဲ့သို့ ခံစားရခြင်း ဖြစ်သည်။

ခရုခွေပုံသဏ္ဌာန် ဆံတော်စုနှင့်



◆ ရွှေသိန်းကြည့်စေတီ လိုဏ်မုခ်

◆ စစ်သူကြီးဘုရားခေါ် ရွှေသိန်းကြည့်ဘုရား အဝင်မုခ်



ထုလုပ်မှုလက်ရာ အလွန်ရှေးကျသော ရုပ်ပွားတော်ဖြစ်သည်။ တန့်ဆည်နယ်တွင် ဝါတော် အကြီးရင့်ဆုံးသော ရှေးဟောင်းလက်ရာ ရုပ်ပွားတော်ဖြစ်နိုင်သည်။

မြတ်လှမဥ္ဇူစေတီခေါ် ပေါ်ဦးဘုရားမှ ရုပ်ပွားတော်နှစ်ဆူအနက် နောက်တော်ပါးမှ ရုပ်ပွားတော်နှင့် လက်ရာအတန်ပင် တူညီသည်။ ပုဂံခေတ်ဦး လက်ရာဟု ယူဆဖွယ် ရှိလေသည်။

သမိုင်းမှတ်တမ်းအရ စံကားသားရုပ်ပွားတော်ဟု ဆိုသော်လည်း ပန်းတော့လက်ရာ အုတ်ဆင်းတုနှင့် ပို၍တူ၏။ ကျောက်ဖြစ်အင်ကြင်းကဲ့သို့ စံကားသားမှ ကျောက်ဖြစ် ပြောင်းလဲသွားလေသလား မမှန်းဆနိုင်ပါပေ။

မုခ်လိုဏ်ဖွဲ့စည်းပုံမှာ စေတီအလယ်ဗဟို၊ ထီးတော်အောက်တည့်တည့်တွင် လိုဏ်ဖွဲ့ကာ ရှေ့သို့ မျက်နှာတော်မူသည့် ရုပ်ပွားတော် ပူဇော်ထားခြင်း ဖြစ်သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

ရွှေဖျိုင်းနားဆရာတော် ဦးဝိဇ္ဇာဓလ၏

# ရွှေသပိတ်လုံး နှင့် ဩဝါဒ

ခင်မိုး (အုတ်ဖို)



စာရေးသူ ငယ်စဉ်ဘဝ **၁၃၁၈ ခုနှစ်ခန့် (၁၃)နှစ်သားအရွယ် ရွှေဖျိုင်းနားဆရာတော် သီတင်းသုံးရာ ပြည်မြို့** ယခု သရေခေတ္တရာမြို့သစ်အနီးဆည်မြောင်းဌာနနှင့်ကပ်လျက် တည်ရှိသော ရဇာနာမာန်အောင် တောရကျောင်းသို့ နွေရာသီ ကျောင်းပိတ်ရက်မှာ ကိုမြင့်ရွှေ၊ ကိုတင်ညို၊ မိဘများနှင့်အတူ ရှင်သာမဏေဝတ်ရန် သွားရောက်ခဲ့သည်။

ထိုအချိန်က သရေခေတ္တရာမြို့သစ်နှင့် ဆည်မြောင်းဌာန မရှိသေးပေ။ ပြည်မြို့မှ မြင်းလှည်းဖြင့် မရပင်ရပ်ဂေါက်ကွင်းအလွန် မာန်အောင်တောရအဝင်၌ အင်ပင်ကြီးများ၊ အင်ကြင်းကျောက်စများ၊ အင်ပန်းများ လေထဲတွင် လည်၍ ကြွေကျနေပုံမှာ ကြည့်၍ကောင်းလှသည်။

အဝင်လမ်းဘေးတွင် ရင်ဘောင်ဇာတောရကျောင်းဝင်း၏ ကျယ်ဝန်းဆိတ်ငြိမ်စွာ တည်ရှိနေပုံမှာ စိတ်ကြည်နူးဖွယ် ကောင်းလှပါသည်။ နိက္ခမဓာတ်ခံ ရှိသူတို့၏ နိက္ခမဓာတ်ကို တဖွားဖွား နိုးကြားလျက် မွေ့လျော်ဖွယ်ကောင်းလှပါသည်။

အင်ကြင်းတောကို အတန်ငယ်ဖြတ်ကျော်ပြီး မာန်အောင်တောရကျောင်း မုခ်ဦးသို့ ရောက်ရှိသည်။ သီလရှင် ဒေါ်ဓမ္မနှင့် ဒေါ်ပါရမီတို့၏ သစ်သား ရှေးဟောင်းကျောင်းများကိုတွေ့ရပြီးနောက် ဆရာတော်ကျောင်းကို တွေ့ရသည်။

ပေ(၃၀)ပတ်လည်ခန့် ဓမ္မာရုံတွင် အကာအရံမရှိ၊ အိပ်စက်ရန် အိပ်ခန်းမရှိ၊ အိပ်ရာနေရာမရှိ၊ ထိုင်ခုံတွင် ထိုင်လျက် ညာလက်တွင် ပုတီးစိပ်၍ တည်ငြိမ်စွာ ဖူးတွေ့ရပါသည်။ စိတ်နှလုံးကို ငြိမ်းချမ်းစေသည့် သတ္တိတစ်မျိုး ရိုက်ခတ်စိမ့်ဝင်ဘိသို့ ခံစားရသည်။

နောင်တွင် ကျောခင်း အိပ်စက်ခြင်းကိုပယ်သော နေသဇ္ဇိကဓုတင်ဆောင်သည်ဟု သိရှိရ၍ ကြည်ညိုရပါသည်။ ဘုရားခန်းတွင် သစ်သားဖြင့် အာလိန်ငါးဆင့် ဘုရားပုံတော်ကို ဉာဏ်တော်ဆယ့်သုံးပေခန့်အမြင့် ယခု တည်ထားသော စေတီပုံစံနမူနာ ပူဇော်ထားသည်ကို တွေ့ရှိရသည်။

ဆရာတော်၏ အသွင်သဏ္ဌာန်မှာ လုံးဝန်းသော ဦးခေါင်းတော်နှင့် ခန္ဓာကိုယ်မှာ ထွားကျိုင်း ဖွံ့ဖြိုးသည်။ ခြေဖဝါးတော်မှာ ညီညာ၍ ကြမ်းပြင်နှင့် တစ်ညီတည်း ထိစပ်သော မဟာပုရိသလက္ခဏာတော်ကို ဖူးတွေ့ရသည်။

ယခုအခါမှာ အရှင်ဇနကာဘိဝံသ ရေးသားသော ရဇာနာဂုဏ်ရည်၌ (၃၂) ပါးသော လက္ခဏာတော် ဘုရားရှိခိုး၌ တွေ့ရ၍ မဟာပုရိသလက္ခဏာဟု ကြည်ညိုရသည်။

ထို့အပြင် **သဗ္ဗညုသဒေါ်စေဝ** လက်ဖမိုးတော်(၂)ဖက်၊ ခြေဖမိုးတော်(၂)ဖက်၊ ပခုံးတော်(၂)ဖက်၊ လည်ကုပ်တော်အားဖြင့် ခုနစ်ပါးသော အရပ်တို့၌ ပြည့်ဖြိုးသော အသားတော်ရှိသည်ကို ဖူးတွေ့ရသည်။ အလွန်ထင်ရှားသော လက္ခဏာကိုသာ ဖော်ပြရခြင်းပါ။

ညနေ(၆)နာရီခန့်မှာ ဆရာတော်ထံ၌ ကိုရင်သုံးပါး တရားထိုင်ကြရသည်။ ဝင်လေထွက်လေ နှာသီးဖျားလေ ထိရာနေရာကို မှတ်သားရသည်။ ကိုယ်ရုံဖြင့် ခေါင်းမြီးခြုံထိုင်သော်လည်း ခြင်ကိုက်၍ အငြိမ်မနေရပါ။

ဆရာတော်မှာ ငြိမ်သက်စွာ သီတင်းသုံးနေသည်မှာ ထူးဆန်းလှပါသည်။ ဆရာတော်၏ ကြည်ညိုဖွယ်ရာ အသွင်နှင့် လှုပ်ရှားပြောဆိုမှုတို့ကလည်း တည်ငြိမ်အေးဆေးလှသည်။

ဟောပြောညွှန်ပြသော တရားတော်များမှာ သံသရာဝဋ်မှ ဇာတ်သိမ်း၍ အေးငြိမ်းကြောင်း၊ ခန္ဓာအာယတန၊ ပညတ်၊ ပရမတ် စသည်တို့ကို ဟောကြားလေ့ရှိသည်။

ဝိဇ္ဇာဓရပညာများကို စာရေးသူအထက်တန်း ကျောင်းသားဘဝတွင်

www.burmeseclassic.com

အင်းသိုက်တစ်ခုဖြစ်သော ဘုရားငါးဆူအင်းနှင့် မရသိန်ပင် (ခေါ်) နတ်ပန်းပင်နှင့် ကြိတ်စားလျှင် ပုရိသဇော်ကျိဖြစ်ငှကြောင်း လျှောက်ထားမိပါသည်။

ဆရာတော်မှ အမိန့်ရှိသည်မှာ **"ကျောက်ပျဉ်၌ အင်းထဲက ငါးကို ပညာဖြင့် ကြိတ်စားလျှင် ကိစ္စပြီးသည်"**ဟု အမိန့်ရှိရာ အင်းထဲမှ ငါးကို **ငါးပါးသီလ၊** ကျောက်ပျဉ်က **ကျောက်သားကဲ့သို့ နိုင်ခံ့သည့် သမာဓိ**ပညာက **ဝိပဿနာ**ပညာကို ဆိုလိုကြောင်း နားလည်၍ ဆိတ်ဆိတ်နာခံရသည်။

စာရေးသူအား လောကီပညာကို အားပေးလေ့မရှိ၊ အစွဲတရားကို ပယ်စွန့်ပြီး ဝိပဿနာပညာသို့သာ အာရုံညွတ်စေလိုကြောင်းရိပ်စားမိ၍ လောကီပညာကို မလျှောက်ထားတော့ပါ။

စာရေးသူဝါသနာအရ ရှင်သာမဏေ၏ မိခင်များဖြစ်ကြသော အမေညို၊ ဒေါ်စောရီ၊ ဒေါ်မြတင် သုံးဦးမှ ဒေါ်စောရီနှင့် အမေညိုတို့ထံ ချဉ်းကပ်၍ ဓာတ်လမ်းများကို မေးမြန်းရသည်။

အမေဒေါ်စောရီ ပြောပြသည်မှာ ဆရာတော်ထံ ဖိုထိုးခွင့်တောင်းရာ အရွယ်အားဖြင့် ငါးဆယ်ကျော်အရွယ်များဖြစ်သဖြင့် တရားဘာဝနာဘက်သို့ စွဲဆောင်လိုရင်းရှိ၍ ခွင့်ပြုရာ ကိုးပါးသီလကို နေ့စဉ် စောင့်ထိန်းစေ၍ **ကိတ်ဓာတ် တစ်ကျပ်သားကို မီးစီး၊ ဂဠုန်မီးမှန်ဖြင့် ဖိုထိုးစေရာ** ဖိုခွင်ကို နံနက် နေထွက်ချိန်မှစ၍ ဖိုခွင်ကို လက်ယာရစ်လှည့်၍ ညနေ နေဝင်ချိန် ဖိုခွင်တစ်ပတ် တနင်္ဂနွေကြိုဟ်စက်ကို အမိအရ ထိုးသတ်စေရာ မီးချိန်ပြည့်သောအခါ ကိတ်လုံးမှာ အုတ်နီမှုန့်အရောင် ပြာကျသွားသည်။

ထိုပြာကို ဆရာတော်က စက္ကူပေါ်တင်၍ အောက်မှ သံလိုက်ဖြင့် ရွေ့လျားစေရာ သံဓာတ်ဖြစ်နေကြောင်း ပြသသည်။

စာရေးသူက **"ရွှေသံပြာရောက် အာယုပေါက်"**ဟု ယူဆမိသည်။ ယင်းပြာကို ဓာတ်လုံးအဖြစ် ပြန်၍ ထိုးသတ်ရာ တစ်လုံးပြီးတိုင်း ပြာနုအဖြူရောင်ပြာများ ရစ်ပတ်နေသည်ကို တွေ့ရကြောင်း ဆရာတော်ထံသို့ ဓာတ်လုံးကိုပြရာ ဆရာတော်က ယင်းဓာတ်လုံးကို အာခံတွင်းသို့ ထည့်၍ ပြာကိုစားပြီး ဓာတ်လုံးကို တစ်ဖန် ထိုးစေရာ ပြာအန်တိုင်း စားလေ့ရှိသည်။

တစ်နေ့မှာ ဒေါ်စောရီက ပြာကို ဦးစွာ စား၍ ဆရာတော်အား ဓာတ်လုံးပြရာ ဆရာတော်က စိုးရိမ်စွာဖြင့် နောင်မလုပ်ရန် တားမြစ်သည်။ ဆရာတော်က အလေ့အထရှိ၍ ဘေးမဖြစ်ကြောင်း မိန့်ကြားသဖြင့် နောင် ဒေါ်စောရီ ယခုကဲ့သို့ မလုပ်တော့ကြောင်း ဓာတ်လုံးကို ယင်းအဆင့်မှ ရပ်စေပြီး တရားအားထုတ်စေရာ ဒေါ်စောရီသည် ရွှေပန်းထိမ် စီးပွားရေးလုပ်ငန်း စွန့်လွှတ်၍ သီလရှင်ဘဝသို့ ကူးပြောင်းသွားခဲ့သည်။

ဓာတ်လမ်း၏ နောက်ဆုံးခရီးကို မေးမြန်းရာ ဟင်းရိုင်းပြဒါးကို ထုတ်၍ ဓာတ်လုံးကို ကျွေးရန် ဆယ့်နှစ်ဆင့် ကျွေးပြီးက အန္တိမသို့ရောက်ကြောင်း သိရသည်။

ပြဒါးကျွေးရာတွင် ယပ်တောင်မီးအားဖြင့် မီးအေးအေးနှင့် ပြဒါးဝင်အောင် ကျွေးရကြောင်း သိရသည်။ ပြဒါးကျွေးအဆင့်ကို ဆက်မလုပ်စေဘဲ တရားဓမ္မကိုသာ အားထုတ်ရန် ညွှန်ပြတော်မူ၍ တရားအားထုတ်ရာ သံသရာကို ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ် စသည်တို့တိုင် ရရှိသည်ဟု ယူဆမိသည်။

စာရေးသူလည်း ပြည်မြို့မှ မိုင်(၅၀) ခန့်ဝေးကွာသော ဇာတိအုတ်ဖိုမှ ရန်ကုန်သို့ တာဝန်ဖြင့် ပြောင်းရွှေ့လာ၍ ဒေါ်စောရီနှင့် မတွေ့ရတော့ပါ။

ဒေါ်စောရီနှင့် ဓာတ်ထိုးဖက်ဖြစ်သော အမေညွန့်နှင့် ရန်ကုန်တွင် တွေ့ရာ အမေညွန့် ဓာတ်လုံးအကြောင်း မေးမြန်းရာ ရွှေဖျိုင်းနားဆရာတော်၏ သာဝက ရဟန်းတစ်ပါးအား လှူဒါန်းလိုက်ကြောင်းသိရသည်။

ဝါသနာရှင်များအတွက် စေတနာဖြင့် သိရှိရသမျှ ရေးသား ဖော်ပြအပ်ပါသည်။

**ခင်စိုး(အုတ်ဖို)**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့...

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုး..**

**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com

လူတို့၏ အနံ့အသက် ဆိုးရွားချက်ကား နံ့သာအိုးတွေဖြင့် နှေ့ညမပြတ် ချိုးပေမယ့် အထက်နတ်တွေအတွက် မသာကောင်ပုပ်ကဲ့သို့ နံစော်သောကြောင့် လူတွေကို နတ်တွေက ယူဇနာ တစ်ရာလောက်က ကွင်းရှောင်ကြကြောင်းကို မဃဒေဝလင်္ကာတွင် စပ်ဆိုထားတာ တွေ့ရဖူးပါသည်။

ဘယ်လောက်ပင် နှစ်သက်မြတ်နိုးရသူ ဖြစ်ပါစေ သေသွားပါက ထိုအကောင်ပုပ်ကို သုသာန်မှာ စွန့်ပစ်ကြရပါသည်။ ခြွင်းချက်အားဖြင့်တော့ သေသွားသော အကောင်ပုပ်ကိုပင် ပစ်ပယ်၍ မရတော့ဘဲ ကိုးကွယ် ပူဇော်ထားကြရသည့် ဖြစ်ရပ်များ မြန်မာနိုင်ငံ သာသနာတော်တွင် ရှိပါသည်။

ထို ဆရာတော်များထဲတွင် ဆရာတော်ဦးစန္ဒမဟာထေရ်လည်း ပါဝင်ပါသည်။ ၁၃၁၂ ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်နေ့မှာ ဆရာတော်ကြီးမှာ အကောင်းပကတိကနေ ကျောင်းနေ၊ ခန်းနေ တပည့်တွေကို ခေါ်ယူပြီး ကျောင်းအပ်သည့် "တိသန္တက"(၃) ပါးဆိုင် လွှဲပြောင်းစာကို ရေးခိုင်းပါတော့သည်။ ဦးကေသရ၊ ကိုရင်ကြီး ပညာနှင့် ကိုရင်တေဇတို့ကို (၃)ပါးဆိုင် ကျောင်းအပ်ခဲ့ပါသည်။

တပည့်တွေရောက်တော့ လွှဲပြောင်းစာရေးသည့်အခါ တပို့တွဲလဆန်း(၁၃)ရက်နေ့ ဖြစ်သော်လည်း (၁၄)ရက်နေ့ဟု ရေးခိုင်းပါသည်။ တပည့်များက (၁၄)ရက်နေ့ဟု ပြောသော်လည်း "ငါသိတယ် ရေး"ဟု ရေးခိုင်းတော်မူပါသည်။

**ဆရာတော်ကြီးသည် တပို့တွဲလ ဆန်း (၁၄)ရက်နေ့ ပျံလွန်တော်မူ မည်ကို ကြိုတင်၍ သိနေခဲ့ပါသည်။**

ဆရာတော်ကြီးသည် (၁၄)ရက်နေ့

F.3A. January, 2014.

# ရုပ်ကလာပ်တော် ရွှေရောင်တွေဝင်းပါလို့

လွယ်ကောင်းအောင်



▲ လက်ပံဖိုင်ကျေးရွာ ဆရာတော် ဦးစန္ဒမဟာထေရ်၏ ဓာတ်ပုံတော်

နံနက်(၉)နာရီတွင် တင်ပျဉ်ခွေထိုင်လျက် တရားရှုမှတ်ရင်း ဘဝခန္ဓာ ချုပ်ငြိမ်းတော်မူပါသည်။ တပည့်များက လုပ်ရိုးလုပ်စဉ် ခန္ဓာကိုယ် မပုပ်စေရန် ဓားခွဲကြပါသည်။ ခွဲ၍မရပါ။ မီးရှို့သော်လည်း မီးကား မလောင်ပါ။

ဆရာတော်ကြီးသည် ရုပ်ကလာပ်တော်ကို အဓိဋ္ဌာန်၍ ထားခဲ့ဟန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

ထို ထူးခြားသည့် ဖြစ်စဉ်ကြောင့် ရပ်ဝေးရပ်နီးမှ ရုပ်ကလာပ်တော်ကို ဖူးမြော်ရန် လာကြသည်။ ရုပ်ကလာပ်တော်ကို ရွှေတွေချကြပါသည်။ ဖူးမြော်ကြည်ညိုသူ အပေါင်းကလည်း လိုရာဆုတောင်းပါက ဆုတောင်းပြည့်သည်ဟု ယုံကြည်လာကြပါသည်။

ဆရာတော်ကို ရည်စူးကာ လုပ်ကိုင်ရှာဖွေကြသူများ အောင်မြင်သည်ကို တွေ့ကြရသောအခါ ဖူးမြော်ကြည်ညိုသူတွေ ကြက်ပျံမကျ စည်ကားခဲ့ပါသည်။


ပျံလွန်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၆၃)နှစ် ကျော်ခဲ့သော်လည်း ရုပ်ကလာပ်တော်မှာ မပုပ်မသိုး မပျက်စီးသည်မှာ အံ့သြစရာ ကောင်းလှပါသည်။

ဆရာတော် ဦးစန္ဒမဟာထေရ်ကို **မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပံအိုင်ကျေးရွာတွင်** အဖဦးရွှေဂိုက်၊ အမိဒေါ်ခိုင်တို့မှ ၁၂၄၄ ခုနှစ်၊ ဝါခေါင်လဆန်း(၄)ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်ခဲ့ပါသည်။ မွေးချင်းညီအစ်ကို(၃) ယောက်ရှိ၍ ငယ်မည် မောင်ထွားဖြစ်ပါသည်။

မောင်ထွားသည် လက်ပံအိုင်တောကျောင်းဆရာတော် ဦးသံဝရထံတွင် ရှင်သာမဏေဝတ်ပြီး အခြေခံစာများကို သင်ယူပြီးနောက် မန္တလေးသို့တက်၍ စာပေကျမ်းဂန်များကို သင်ကြားခဲ့ပါသည်။

အသက်(၂၀) ပြည့်သောအခါ လက်ပံအိုင်ကျေးရွာ ရဟန်းဒါယကာ ဦးသာဖဲ၊ ရဟန်းဒါယိကာမ ဒေါ်ခန့်တို့မှ ပစ္စည်းလေးပါးထောက်ပံ့၍ ရဟန်းဘဝ ရောက်ခဲ့ပါသည်။


တောင်ငူမြို့ ဇေတဝန်ကျောင်းတိုက်တွင် အုတ်တိုက်အဖြစ်နှင့် ရဟန်းသံဃာ(၇၀၀)ကျော်တို့အား နေ့ဝါညဝါတို့ကို သင်ကြားပို့ချပေးတော်မူခဲ့ပါသည်။



လက်ပံအိုင်ကျေးရွာ ဆရာတော် ဦးစန္ဒမဟာထေရ်၏ ရုပ်ကလာပ်တော်

(ပုံ-ရှင်အောင် ရိုက်ကူးမှုရသည်)

လက်ပံအိုင် ရွာဦးကျောင်း



ဆရာတော်သည် စာပေ ပို့ချနေရင်း သတိသံဝေဂ ရလာကာ ပဋိပတ်အကျင့်လမ်းကို ကူးပြောင်းလိုသောကြောင့် **ညောင်လွန့်တောရသို့** ညဥ့်သန်းခေါင်ယံအချိန်တွင် ကြွရောက်တော်မူခဲ့သည်။

၁၃၀၆ ခုနှစ်တွင် တပည့်များက နေရပ်သို့ ပြန်လည် ပင့်ဆောင်သောကြောင့် ပြန်လည် ကြွလာခဲ့သည်။

၁၃၀၇ ခုနှစ်တွင် ကျောင်းထိုင်ဆရာတော် ဦးသံဝရ ပျံလွန်တော်မူသောအခါ ကျောင်းထိုင်ဖြစ်၍ ကျောင်းဝင်း၏ အရှေ့မြောက်ထောင့်၌ ယာယီကမ္မဋ္ဌာန်းကျောင်းနှင့် တရားအားထုတ်တော်မူသည်။

၁၃၀၉ ခုနှစ်တွင် ဆရာတော် ဦးသြဘာသအား မိမိကျောင်းကို ခေတ္တအပ်နှံ၍ **ညောင်ခင်တောရသို့** ကြွရောက်၍ တစ်ဝါ တရားအားထုတ်ပြန်သည်။ ညောင်ခင်တောရမှ ပြန်သည် ကြွလာပြီးသောအခါ **ထန်းတောခင်**မှာ အားထုတ်ပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com

လယ်တီဆရာတော်ကြီး၏

# ရေထွက်ရေဝင် တပဲသာရေတွင်း

စင်သိုက်

မုံရွာမြို့၊ မဟာလယ်တီတိုက်မှ အရှင်သီလာစာရနှင့်အတူ လယ်တီအင်း တာလမ်းအတိုင်း လျှောက်ခဲ့ကြရာ မိုးအုံ့နေသော်လည်း အညာ လေပူနွေက ပင်လယ်ကမ်းမြောင်ဒေသ၌ကြီးပြင်းခဲ့သူ ကျွန်ုပ်အတွက် နာသာခံခက်ဖြစ်အောင် အကျီစားသန်လှလေသည်။

လယ်တီဆရာတော်ကြီး ရေဝတ်ပြုခဲ့သည့် တပဲသာရေတွင်းရှေ့အရောက်တွင် ရေချမ်းစင်နှင့် ထိုင်ခုံတန်းတစ်ခု တွေ့ရသဖြင့် ရေ တဝသောက်ကာ ခေတ္တအပန်းဖြေကြသည်။

ရေသန့်ဘူး ယဉ်ကျေးမှု ထွန်းကားလာပြီးသည့်နောက်တွင် ချစ်စဖွယ် မြန်မာ့စေတနာ မြန်မာစိတ်ရင်း၏ ပြယုဂ်ဖြစ်သော ရေချမ်းစင်များ အလိုအလျောက် ပျောက်ကွယ်ကုန်ကြလေသည်။

ယခုအခါ ဘုန်းတော်ကြီးကျောင်းဝင်းများ၌သာ ရေချမ်းစင်ကို တွေ့မြင်နိုင်ကြလေသည်။

ဤတွင် မူလတန်းကျောင်းသားဘဝ ပေါင်မြို့၊ ကဒုံစီးရပ်ကွက် မူလတန်းကျောင်းမှ မြင်ကွင်းတစ်ကွက်ကို မြင်ယောင်၍ ပြုံးမိသည်။ ကျောင်းအနီး ဘုန်းတော်ကြီးကျောင်းဝင်း မုခ်ဦးတွင် ရေချမ်းစင်တစ်ခု နှစ်ခန်းတွဲ တည်ထားသည်။

လက်ဝဲဘက်အခန်း နဖူးစည်း၌ **"ဘုန်းကြီးသောက်ရန်"** ကမ္ပည်းရှိ၍ လက်ယာဘက်အခန်းတွင် **"လူသောက်ရန်"**ဟု ရေးထိုးထား၏။ ရာမညမွန်ဒေသဖြစ်၍ ဘာသာရေးကိုင်းရှိုင်းကြသည်။

သက်န်းမြင်လျှင် သာမဏေ၊ ရဟန်းဟူ၍ မခွဲခြားဘဲ ကျားမ၊ ကြီးငယ်လူသားအားလုံး မြောင်းနံဘေး၌ ဝပ်




▲ ရဟန်းပြည့်စဉ်က (လယ်တီဆရာတော်လောင်းလျာ) ဦးဉာဏဓဇ



www.burmeseclassic.com

www.burmeseclassic.com



တပဲသာရေတွင်း

တွား လက်အုပ်ချီ၍ အရိုအသေပေးကြသည်။

ထိုရဟန်း၊ သာမဏေလွန်သွားမှ သွားလိုရာ သွားကြသည်။ ထို့ကြောင့် ပင် ရေချမ်းစင်၌ သောက်ရေကို ရဟန်းနှင့် လူ ခွဲခြား ကမ္ပည်းတင်ထားခြင်း ဖြစ်သည်။

တစ်နေ့သောအခါ မွန်တိုင်းရင်းသားကြီးတစ်ဦးက စာတတ်ကြောင်း ကြွားလိုသဖြင့် **(ထိုစဉ်က လူတိုင်းစေ့စာမတတ်ကြသေးပါ။ အ,သုံးလုံး လှုပ်ရှားမှုဖြင့် စာမတတ်သူ ပပျောက်ရေးအတွက် လုပ်အားပေးနေရချိန် ဖြစ်သည်။)** ဤသို့ အသံထွက်ဖတ်လေသည်။

**"ဖုန်းကြီး စောက်ရန်၊ လူစောက်ရန်း"** ဟူ၏။

**(မွန်စာပေ အသံထွက်စနစ်တွင် "သ"အက္ခရာကို "စ"ဟု ထွက်၍ "စ"အက္ခရာကို "ကျ"ဟု ထွက်သည်။ "သိန်းဖေ"ကို "စိန်းဖေ"၊ "စံတင်"ကို "ကြံတင်"ဟု အသံထွက်လေ့ ရှိလေသည်။)**

ရှားပါးစွာ မြင်တွေ့ရသော ဤရေချမ်းမှ ကမ္ပည်းမှာကား...

'ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ (တပဲသာ)ရေတွင်းမှ ရေဖြင့် မေတ္တာ ရေချမ်းစင် ရေကုသိုလ်ပြုပါသည်'

ဟု တွေ့ရသည်။

လယ်တီအင်းမှ တဖြည်းဖြည်း ကောရှ်လာသဖြင့် အိုင်ငယ်အဖြစ်သာ မြင်ရတော့သည်။ လွန်ခဲ့သော နှစ်လေးဆယ်ခန့်က တာပေါင်အထိ တစ်နံတစ်လျား ကျယ်ပြန့်ခဲ့ကြောင်း ဦးပဥ္စင်းက ပြောပြသည်။ အင်းရေစပ်တွင် လယ်တီဆရာတော်၏ "တပဲသာ" ရေတွင်းကို ကမ္ပည်းနှင့်တကွ မြင်ရသည်။

'ဘာဖြစ်လို့ တပဲသာ ရေတွင်းလို့ ခေါ်တာလဲ ဘုရား'

'တခြားရေတွေထက် ပိုသာလို့ပေါ့။ သောက်ကြည့်တော့ ဘယ်လိုနေလဲ'

'ဟုတ်တယ်။ တခြားရေလို ပေါ့ပြက်ပြက် မနေဘူး။ ရေသန့်ဘူးထဲက ရေလို PH မြေချဉ်ဓာတ် မျှတပါတယ်။ ဒီလိုဖြစ်ရင် **"တစ်ပဲသာ"**လို့ ရေးရမှာ မဟုတ်လား'

'မဟုတ်ဘူး၊ တပဲသာက ရေးထုံးမှန်တယ်လို့ ဆိုချင်တယ်၊ သစ်ပင်၊ ယုန်ပင် ခေါ်ကြတယ်၊ ရှေ့အသံ(သစ်)က သံတိုမို့ နောက်သံ (ပင်)ကိုပီသအောင် ဆိုရ



www.burmeseclassic.com

www.burmeseclassic.com



လယ်တီအင်း


တယ်။ (ပန်း)ကျတော့ သံရှည်မို့ နောက်သံ(ပင်)ကို (ဗင်)ဆိုပြီး သံဝါးနဲ့ ထွက်ရတယ်။

''တစ်ပဲ''ဆိုရင် ရှေ့သံ(တစ်)က သံတို ဖြစ်လို့ နောက်သံ(ပဲ)ကို (ပဲ)လို့ ပီသအောင် ဆိုရတော့မယ်။ ဒါပေမယ့် (ဗဲ)ဆိုပြီး အသံထွက်တယ်။ ဒါကြောင့် တပဲ(ဒဗဲ)။ ရေးတော့အမှန် ဖတ်တော့ အသံဖြစ်ရတယ်လေ'

'တင်ပုံ့ါဘုရား၊ တပည့်တော်တို့ ငယ်ငယ် ကျပ်တန်တွေမှာ ''တကျပ်'' လို့ ရေးထားတာ မှတ်မိပါတယ်။ ၁၃၅၀ ပြည့်နှစ်နောက်ပိုင်းထုတ်တဲ့ ငွေစက္ကူကျမှ ''တစ်ကျပ်''ဖြစ်သွားတယ်'

မုံရွာမြို့တွင် ရေးအခါက ကျီးအင်း၊ လယ်ကြီးအင်း၊ ဆီးဖြူအင်း၊ လယ်တီအင်း ဟူ၍ အင်းကြီးလေးအင်းရှိခဲ့ရာ လယ်တီအင်းလည်း အပါအဝင် ဖြစ်သည်။ **(လယ်တီဆရာတော်)**

အင်းစပ်မှ ရေလျှံဆင်



**ဦးဉာဏ**သည် ၁၂၄၅ ခုနှစ်အစ (ခရစ် ၁၈၈၃ ခုနှစ်၊ ဧပြီလ)တွင် စိုင်ပြင်ရွာမှ မုံရွာသို့ ပြန်ကြွတော်မူသည်။

ရွှေစည်းခုံကျောင်းတွင် စာဝါပို့ချပေး၍ စာဝါနားချိန်တွင် မြောက်ဘက်(ယခု ဒေါနဗြဲရပ်)လောကမာရဇိန်ကုန်းတော်၌ တရားကမ္မဋ္ဌာန်း ဆောက်တည်သည်။

ထိုနှစ် (၁၈)ကြိမ်မြောက်ဝါကို ထိုကုန်းတော်တွင် ကပ်ဆိုသည်။ မုံရွာတွင် ပထမဆုံးကပ်ဆိုသော ဝါဖြစ်သည်။ ဆရာတော်သည် ထိုနှစ်မှ၍ နှစ်(၂၀)တိုင်အောင် လယ်တီအင်း တပဲသာရေတွင်းမှ ရေကို ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

ထမ်းကာ မုံရွာမြို့တွင်းရှိ ကျောင်းများသို့ တစ်လှည့်စီ သောက်ရေ၊ သုံးရေများ ဖြည့်ပေးကာ ရေဝတ်ကို ထမ်းရွက်တော်မူသည်။

ညဉ့်အခါ သံဃာများ အိပ်ချိန်တွင် တိတ်တဆိတ်ပြုလုပ်သည်။ တပည့်များနှင့် သံဃာငယ်များက ဆရာတော်ခပ်သောရေဖြစ်ကြောင်း သိလျှင် မသောက်ဝံ့၊ မသုံးဝံ့မည် စိုးသောကြောင့် ဖြစ်သည်။

ထို့အပြင် ကုဋီရေဖြည့်ခြင်း၊ ကနုတ်ဆေးခြင်းတို့ကိုလည်း ပြုလုပ်လေ့ရှိရာ ဆရာတော်အချို့ တွေ့သောအခါ အားနာစွာ တားမြစ်ကြသည်။ ဦးဉာဏက...

'အရှင်တို့ ဘုရား၊ ကြောင့်ကြမဲ့ သီတင်းသုံးတော်မူကြပါဘုရား။ သံသရာအဆက်ဆက် တပည့်တော်၏ ခြေလက်များသည် သားကျွန်မယားကျွန် ဖြစ်ခဲ့ဖူးပေါင်း များလှပါပြီဘုရား။

အမှန်သိရသော ဤဘဝ၌ တပည့်တော်၏ ခြေလက်အစုံတို့သည် သံဃာတော်များ၏ ကျွန်ဖြစ်လိုပါသေးသည်ဘုရား။ သို့ပါ၍ တားမြစ်တော်မမူကြပါနှင့်၊ သံဃာဝတ်ကို ခြေလက်နှစ်ဖက်ဖြင့် ဆောင်ရွက်ပါရစေဘုရား'

ဟု လျှောက်ထား၍ ဝတ္တရားကို ပြုမြဲတိုင်း ပြုလုပ်ဆောင်ရွက်လေသည်။ မိမိကိုယ်တိုင်ပြုသည် သာမက တပည့်များအားလည်း တိုက်တွန်း၏။

'တပည့်တို့ သာသနာနဲ့ တွေ့တုန်းကြုံတုန်း သာသနာဝေယျာဝစ္စ၊ သံဃာ့ဝေယျာဝစ္စကို ပြုလုပ်ကြကုန်။ သာသနာ့ကျွန်၊ သံဃာ့ကျွန်ဆိုတာ သာသနာတော်နဲ့ တွေ့တုန်းကြုံတုန်း ကာလမှာ ခံလို့ရတယ်။ အခွင့်သင့်လို့ သာသနာနဲ့ တွေ့ကြုံကြုံကြတုန်း သံဃာ့ကျွန်များဖြစ်ကြပါကုန်'

ဟု မိန့်ကြားတော်မူသည်။

ဤကဲ့သို့ နှစ်(၂၀)တိုင် ရေဝတ်ဖြည့်ခဲ့သောကြောင့် နောင် လယ်တီတိုက်တည်ပြီးနောက် လယ်တီဆရာတော်အဖြစ် အနယ်နယ်အရပ်ရပ်မှ မိုးခေါင်ရေရှားမှုဘေးအား ဖယ်ရှား ကယ်တင်နိုင်ခဲ့ကြောင်း အရှင်သီလာစာရက မိန့်ကြားတော်မူသည်။

ထို့အပြင် သံဃာ့ကျွန်ကြီးသဖွယ် ဗုဒ္ဓပစာယဝတ်ကို ထမ်းဆောင်နိုင်ခြင်းကြောင့် ဦးဉာဏ၏ အဇ္ဈတ္တသန္တာန်၌ **"ငါ"ဟူသော မာန်မာ မောက်မာ တက်ကြွမှု နည်းပါးရသည်**ဟုလည်း သိရှိရလေသည်။

ဤသို့လျှင် လေးစားအားကျဖွယ်ကောင်းသော လယ်တီဆရာတော် ရေဝတ်ပြုခဲ့ရာ တပဲသာရေတွင်းကို လယ်တီရပ်၊ လယ်တီအင်းစပ်တွင် အမိုးတန်ဆောင်းနှင့်တကွ **"ပထမ လယ်တီ ဆရာတော်ကြီး၏ မေတ္တာရေစင် တပဲသာရေတွင်း"**ဟူသော ဆိုင်းဘုတ်ကိုလည်း မြင်တွေ့နိုင်ပေသည်။

မူလသဘာဝကပင် မြေချဉ်ဓာတ်သင့်တင့်သော သောက်ရေသန့်ဖြစ်ကာ လယ်တီဆရာတော်၏ မေတ္တာတော်အဟုန်ကြောင့် ကျန်းမာရေးကိစ္စ အဖြာဖြာအတွက် အစွမ်းထက်လှသည်ဟု ယုံကြည်စွာဖြင့် သယ်ယူသုံးဆောင်နေကြသည်ကို မပြတ်တွေ့ရလေသည်။

အထူးသဖြင့် ဝိဇ္ဇာရေနယဆိုင်ရာ ဝေဒနာများကို ပျောက်ကင်းစေ၍ မိမိကံ အကျိုးတရားကို ပြည့်ဝစွာ ခံစားရစေသည်ဟု သိရပေသည်။

ဖင်ညိုငယ်

စာမျက်နှာ (၁၈)မှ အဆက်

ဆရာတော်သည် စွမ်းနိုင်သမျှ ဝတ်အကျင့်များကို ဆောင်ခဲ့ပါသည်။ သက်နှင်းကို သစ်ခေါက်ဆိုး၍ ဝိနည်းတော်နှင့်အညီ ကျင့်ဆောင်ခဲ့ပါသည်။ ဆရာတော်သည် အနေအထိုင်ကျစ်လစ်သောကြောင့် မပျံလွန်တော်မူမီမှာ လူသိနည်းခဲ့ပါသည်။

အနီးနေ တပည့်များမှာ ဆရာတော်၏ အလိုနည်းပုံ၊ မာန်မာနချထားပြီး တရားကျင့်ပုံ၊ လူတွေနှင့် အရောအနှော အဆက်အဆံ ကင်းပုံတို့ကို သိထားကြပါသည်။ ဆရာတော်ကြီးသည် အကြားအမြင်အာရုံ သူတစ်ပါးတွေ၏ စိတ်အကြံကိုပါ သိလေ့ရှိပါသည်။

ဆရာတော်ကြီးသည် ပျံလွန်တော်မူမည်ကို ကြိုတင်၍ အတိအကျ သိနေခြင်း၊ ထိုင်လျက်ပျံတော်မူခြင်း၊ ဓားခွဲ၊ မီးရှို့၍မရခြင်း၊ မပုပ်မသိုးခြင်းတို့မှာ ဆရာတော်၏ ထူးခြားချက်များပင် ဖြစ်ပါသည်။

ယနေ့တိုင် လက်ပံအိုင်ရွာမှာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပူဇော်ထားရှိပါသည်။ **ကျောက်ပန်းတောင်း၊ ပုပ္ပါးနယ်ကို ရောက်ခဲ့ပါက လက်ပံအိုင်ရွာသို့ သွားရောက်ဖူးတွေ့နိုင်ပါကြောင်း တင်ပြအပ်ပါသည်။**

လွယ်ကောင်းအောင်

**မှတ်ချက်**

**အဆောက်အအုံ အနေအထား၊ မှန်ခေါင်း အနေအထားကြောင့် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ဓာတ်ပုံရိုက်ရာတွင် ရှင်းလင်းအောင် ရိုက်၍ မရခဲ့ပါ။**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊

# မြင်းနှစ်သစ်အတွက်





## တိုးတက်အောင်မြင်စေမည့် အဖြင်အဆင်

**၂၀၁၄ ခုနှစ်** မြင်းနှစ်တာကာလအတွင်း လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ငွေရေးကြေးရေး၊ နှလုံးသားရေး အစရှိသည့် မျက်နှာစာအသီးသီးအတွက် တိုးတက်ဖြစ်တည်နိုင်ရေး ပြုလုပ်နိုင်မည့် အစီအစဉ် ဖြစ်သည်။

**မြင်းနှစ်တာသမယ** ကူးပြောင်းတော့မည့်ကာလတွင် **မွေးနှစ်အမှတ်အသား** (ShǔXiāng=ရှုရှမ်း) သို့မဟုတ် **ဇာတိပုံရိပ်**(Shēng Xiào ရှဲန်းရှောက်)ဟု ခေါ်သော မြင်းရုပ်ပုံများကို ဝယ်ယူရရှိနိုင်ပါသည်။

ထိုမြင်းရုပ်ပုံများကို အဓိက အဝင်အထွက်ပြုသည့် တံခါးရွက်အတွင်းဘက်မျက်နှာတွင် ကပ်ထားရန် ဖြစ်သည်။ **''ယင်း ယန်း''** စုံလင်စေရန် ဖို့မတစ်စုံ ကပ်ထားရပါမည်။ ***(နှစ်သစ်ကူး အထိမ်းအမှတ်ပစ္စည်း၊ အရောင်းဆိုင်များတွင် အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ပါသည်။ အမရုပ်ပုံကို ပန်းပွင့်၊ ဖဲပြားတို့ဖြင့် ဝိသေသပြု၍ ခွဲခြားထားတတ်သည်။)***

**''ကျည်းပေါင်''**ဟု ခေါ်သော တံခါးပေါင်၊ တံခါးရွက်အပြင်ဘက်၌ မကပ်မိစေရန် ဂရုစိုက်ပါ။

တံခါးပုံစံရေးထုံး( 门 ) **မဲန်း**(mén)အတွင်း **''မြင်း''**ဟူသော ( 马 ) mǎ စာလုံးကို ထည့်သွင်းခြင်းဖြင့် ( 闯 ) စာလုံးသည် ချွမ်(Chuǎng) ဖြစ်လာသည်။ အရှိန်အဟုန်ဖြင့် တိုးတက်ခြင်းဟု အဓိပ္ပာယ်ရသည်။

မိမိတို့အလိုရှိရာ စီးပွားရေး၊ နှလုံးသားရေး၊ အိမ်ဂေဟာ၊ ရာထူး အလုပ်အကိုင် စသည့် မျက်နှာစာများကို မြင်းရုပ်ပုံကပ်သည့်အချိန်တွင် ပြဋ္ဌာန်း၊ ဆုတောင်းရပါမည်။

**''တံခါးအတွင်းမှ မြင်း''**ဟူသော ရေးထုံးအရ တံခါးရွက် အတွင်းဘက်မျက်နှာ၌ ကော်နှင့်ကပ်ပါ။ သံနှင့်ရိုက်ခြင်း၊ Stapler Gunဖြင့် ရိုက်ခြင်းလည်း ပြုလုပ်နိုင်သည်။ တံခါးနံဘေးနှင့် ကျည်းပေါင်တွင် ထားရှိပါက တံခါးအပြင်ဟုအဓိပ္ပာယ် သက်ရောက်သွားပါမည်။

ထိုသို့ပြုလုပ်သောနေ့တွင် ရဟန်းသာမဏေတို့အား ဆွမ်းလောင်းလှူပါ။ မိမိတို့မွေးနှစ် အမှတ်အသား ပုံရိပ်ရှင်များအရ ပြုလုပ်ရန်နေ့၊ ကပ်လှူရန် စားဖွယ်တို့ကို အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ်ပုံရိပ် | ပြုရန်နေ့ | လှူရန်စားဖွယ် |
|---|---|---|
| ကြွက် | အင်္ဂါ | ပဲအမျိုးမျိုး |
| နွား ကျား | တနင်္လာ | ကောက်ညှင်း |
| ယုန် | သောကြာ | ဂျုံ |
| နဂါး မြွေ | တနင်္ဂနွေ | ဂျုံ |
| မြင်း | ဗုဒ္ဓဟူး | ပြောင်း |
| ဆိတ် မျောက် | စနေ | ကောက်ညှင်း |
| ကြက် | ကြာသပတေး | ဆန် |
| ခွေး ဝက် | ကြာသပတေး | ဆန် |

**ဥပမာ။** ။ **ကြက်နှစ်ပုံရိပ်ရှင်**သည် ကြာသပတေးနေ့တွင် ဆန်ဖြင့် ပြုလုပ်ထားသော စားဖွယ်တစ်မျိုးကို ရဟန်းသာမဏေအား ဆွမ်းလောင်းလှူကာ တံခါးရွက်အတွင်းဘက်၌ မောင်နှံရုပ်ပုံအား ကပ်ထားရန်ဖြစ်သည်။

မြင်းသည် တရုတ်နိုင်ငံသို့ မြတ်စွာဘုရား၏ သာသနာတော်ရောက်ရှိရေးတွင် အဓိက သယ်ယူပို့ဆောင်ပေးသူ ဖြစ်သည်။

ထို့ကြောင့် အမြတ်ထားကာ ရဟန်း၊ သာမဏေတို့အား ဆွမ်းလောင်းလှူရခြင်းဖြင့် အကူအပံ့အင်အားကို တိုးမြှင့်စေပါသည်။

***မြင်းနှစ်တာကာလမှ အစပြုကာ တိုးတက်မြင့်မားသော အခြေအနေသို့ ရောက်ရှိနိုင်ကြပါစေ။***

**ဝူခန်းယဲန်**(*Wǔ Kān Yǎn*)

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"တဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟတ္ထမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"


ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

**ဆေးထုတ်လုပ်ပင်ရင်း**
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

**ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန**
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com



◆ တောင်ခြေကွက်လပ်မှ စေတီများ

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

# မြင်းမထိ လိုဏ်ဂူတွင်းမှ

## စေတီရုပ်ပွားများနှင့် ထူးခြားကျောက်ရုပ်များ (၁)



◆ မြင်းမထိ ဂူအဝင်မုခ်ဦး

အောင်ပန်း–ကလော ကားလမ်းအတိုင်း တစ်မိုင်မျှအကွာတွင် လွိုင်ကော်မြို့သို့ ဦးတည်သည့်လမ်းခွဲ အစတည်ရှိကာ မြင်းမထိ သဘာဝလိုဏ်ဂူသို့ လမ်းညွှန်မုခ်ဦးကိုလည်း တွေ့မြင်ရသည်။


လမ်းခွဲအတိုင်း တောင်တက်တောင်ဆင်းခရီး (၄)မိုင်မျှ သွားရောက်ပါလျှင် မြင်းမထိလိုဏ်ဂူသို့ ရောက်ပါသည်။

လမ်းဘေး ဝဲယာတွင် တောင်ကုန်းငယ်များ၊ သစ်ပင်ချုံပုတ်များ၊ လျှိုအလေးများ စသည်တို့ ပေါများရာ ချမ်းမြေ့သမားတို့အတွက် အလွန်မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



▲ နဂါးရုံဘုရား

▼ လိုဏ်အဝင်လမ်းဝ



ကျ၍ လာရောက်ရိုက်ကူးကြသည့် ရိုက်ကွင်း ရှုခင်းကောင်းမွန်သောနေရာ ဖြစ်ခဲ့သည်။

ယခုသော်ကား သဲ,အုတ်များဖြင့် ဆောက်လုပ်ထားသော တိုက်ပုကလေးများက မျက်စိတစ်ဆုံး နေရာယူထားကြသည်။ ဆယ်စုနှစ်တစ်ခုစာအတွင်း တိုးတက်လာသည့် ဒေသခံများ၏ လူနေမှုအခြေအနေကို ဝမ်းမြောက်မိပါသည်။

လိုဏ်ဂူရှိရာသို့ အဝင်လမ်းမထိပ်၌ **"ဥဏ္ဏလုံမွေ့ရှင်တော် ကိန်းဝပ်ရာ သဘာဝလိုဏ်ဂူဘုရား"** ဟူသော ကမ္ပည်းနှင့် မုခ်ဦးကြီးကို တွေ့ရသည်။ မုခ်ဦးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ရာ တောင်ခြေအနီး မြေပြင်ကွက်လပ်၌ ဉာဏ်တော်စုံ၊ လက်ရာပုံဟန်စုံ မြေစိုက်စေတီများစွာ ဖူးတွေ့ရလေသည်။

သဘာဝလိုဏ်ဂူများ အတွင်းရှိ အစီအရီ တွဲကျနေသော ကျောက်စက်ပန်းဆွဲများစွာကို မြင်တွေ့ရသကဲ့သို့ ကြည်နူးစွာ ဖူးမြော်ရသည်။

ကျောက်စက်ပန်းဆွဲများသည် မြေပြင်ဆီသို့ လားရာပြုကာ လေထုတွင် လွတ်လပ်စွာ တွဲရရွဲ ရှိနေသကဲ့သို့ ဤစေတီများမှာ ကောင်းကင်ပြာသို့ ဦးတည်ကာ လေပြင်တွင် လွတ်လပ်စွာ တလူလူ ရှိကြသည်။


ကောင်းကင်မြေပုံကို လေ့လာ၍တွင် မြေပြင်မြေပုံနှင့်မတူ၊ အငြိမ့်ညွှန်းလားရာ ပြောင်းပြန်ကြည့်ရသကဲ့သို့






www.burmeseclassic.com

www.burmeseclassic.com



◆ ရသေ့အော်ကိုမှိုင်ဝင်ဂူတွင်းမြင်ကွင်း

◆ နတ်သမီးတောကျက်ရှဉ်





www.burmeseclassic.com

www.burmeseclassic.com






▲ ကျောက်နံရံ

◀ ဥက္ကာလုံစေတီတော်

▼ ကျောက်နွား




▼ နဂါးမုဋိဦး



www.burmeseclassic.com

www.burmeseclassic.com




◄ ရသေ့ပလ္လင်



ဘုရားရှင်နှင့် သာဝကများကြွတော်မူပုံ ►

▼ နတ်သားရောက်



ခံစားရစေသည်။

ပင်လယ်ရေမျက်နှာပြင် အထက် ပေပေါင်း(၄၀၀၀)ခန့်မြင့်သော ကလော ဒေသပင်ဖြစ်သော်လည်း နွေနှောင်းကာလ နွေလယ်ခင်း နေ၏ အပူရှိန်ကို ဟန့်တားနိုင်ခြင်း မရှိရှာပေ။

တောင်ခြေရင်းလိုဏ်ဂူဝသို့ ရောက်သောအခါ သိသာစွာ အေးမြလာသည်။ တောင်ခြေအတွင်း ဥမင်လမ်းအတိုင်း ကွေ့ပတ်ဝင်ရောက်ကာ တစ်ဖက်အဝမှ ပြန်ထွက်ရသည်။

## နဂါးရုံဘုရား

အဝင်လမ်း၏ အပြင်ဘက်၊ လက်ယာဘက် ကပ်လျက်တွင် နဂါးရုံဘုရားဟူသော လမ်းညွှန်ကမ္ပည်းအတိုင်း ဝင်ရောက်ကြည့်ရာ မောရှမ်းဒေသများတွင် တွေ့ရလေ့ရှိသော နဂါးရုံဘုရားကို ဝဲယာတင်ပျဉ်ခွေ ဆင်းတုနှစ်ဆူအကြား ဖူးမြော်ရသည်။

နဂါးပါးပျဉ်းကို ပေါ်လွင်စေလျက် မှန်လိုဏ်ထွင်းလုပ်ကာ ထိပ်တွင် ရွှေတည့်တည့်မှ မြင်ရသော နဂါးဦးခေါင်းပုံကို တင်ထားသည်။ မောရှမ်းဒေသ၏ ထူးခြားသော နဂါးရုံဘုရားပူဇော်မှုပုံစံ ဖြစ်သည်။

## ရသေ့ဇော်ဂျီဖိုဝင်ဂူ

ဝင်လမ်းအတိုင်း နိမ့်လျှောနေသည့် လှေကားအဆုံး လက်ဝဲဘက်တွင် **"ရသေ့ဇော်ဂျီဖိုဝင်ဂူ"** ဆိုင်းဘုတ်နှင့်အတူ အတက်လှေကားတစ်ခု မြင်ရသည်။

တက်ရောက်ကြည့်ရာ ပေ(၂၀)ခန့် ကျယ်ဝန်းသော ဂူအတွင်း ပုံဟန် စုံလင်သော တင်ပျဉ်ခွေ ဆင်းတုများကို ဖူးမြင်ရသည်။ ကြမ်းပြင်တွင် ကော်ဇော ခင်းထားကာ ခြောက်သွေ့စွာ ဝတ်ပြုပူဇော်နိုင်သည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
***(မြိုင်တက္ကသိုလ်)***

www.burmeseclassic.com

တိစီဝရိက် ဗုဒ္ဓရုပ်ပွားတော်နှင့်

# လျှို့ဝှက်ကမ္ဘာကျင့်စဉ်

ကဝိသိရေဇကိ



◆ တိစီဝရိက်ဗုဒ္ဓရုပ်ပွားတော်

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည်၌ ရဟန်းတော်များကို သင်္ကန်းတော်များကို ချုပ်ခွင့်ပြုခဲ့ပြီး နောက်တစ်နေ့တွင် ဝေသာလီပြည်သို့ ဒေသစာရီ ကြွတော်မူရာ လမ်းခရီး ကြား၌ သင်္ကန်းများကို အထုပ်ကြီး အထုပ်ငယ် အသီးသီးဖြင့် ထမ်းပိုးကာ သွားလာသည်ကို မြင်တွေ့ပြီးလျှင် ဘုရားရှင်သည် ရဟန်းများအား သင်္ကန်းအပိုင်းအခြားထားရန် အကြံ တော် ဖြစ်ပေါ်ခဲ့ပါတယ်။

သို့ဖြင့် ဘုရားရှင်သည် ဝေသာလီ ပြည် ဂေါတမမည်သော ညောင်ပင်သို့ ရောက်လေလျှင် ခေတ္တနားပြီး သင်္ကန်း ကန့်သတ်ရေးကို ဆုံးဖြတ်ပြီးနောက် ရဟန်းတစ်ပါးအတွက် လိုအပ်မယ့် သင်္ကန်းအရေအတွက်ကို ကိုယ်တိုင် စမ်းသပ်ခဲ့ပါတယ်။

သို့ကြောင့် ဘုရားရှင်သည် ဆောင်း ရာသီရဲ့ အအေးဆုံးညဥ့်ဖြစ်သော တပို့တွဲနှင့်နဲ့ တပေါင်းလအကြား (၈) ရက်နေ့မှ နှင်းအများဆုံးကျသော ည တစ်ညမှာ သစ်ပင်မရှိသော လွင်ပြင် ကျယ်တစ်ခုသို့ ကြွကာ အပို(၂)ထည် နဲ့ ကေသီ (၃)ထည်ကို ဘေးတွင်ချပြီး သင်းပိုင်တစ်ထည်ဖြင့်နေပြီး အအေး ဒဏ်နဲ့ သင်္ကန်းလိုအပ်ချက်ကို စမ်းသပ် တော်မူပါတယ်။

ဘုရားရှင်သည် သန်းခေါင်ယံတွင် အအေးဒဏ်ကြောင့်အနီးရှိ ပထမ သင်္ကန်းကို ဆွဲယူကာ မိုးသောက်ယံ တွင် အအေးဓာတ် ပိုလာသဖြင့် နောက် သင်္ကန်းကို ခြုံတော်မူပြီး မနက် နေခြည်ပေါ်လာသောအခါ စမ်းသပ်မှု ကို အပြီးကိုင်စေပြီး ပြန်ကြွတော်မူပါ တယ်။

ကျောင်းသို့ ရောက်လေလျှင် ရဟန်း တော်များအား စုဝေးပြီးလျှင် သင်္ကန်း လိုအပ်ချက်ကို အကျယ်တဝင့် မိန့်တော် မူပြီး နှစ်ထပ် ဒုကုဋ်သင်္ကန်းတစ်ထပ်၊ ကိုယ်ဝတ်သင်္ကန်း တစ်ထပ်သော သင်းပိုင်အားဖြင့် သင်္ကန်းသုံးထည်ကို ခွင့်ပြုသည်ကို ရည်မှတ်ပြီး တိစီဝရိက် ဗုဒ္ဓဘုရားကို ဟင်းလင်းပြင်၌ တည် ထားကိုးကွယ်ကြခြင်းလဲ ဖြစ်ပါတယ်။

*[တတ္ထသိုလ်သျှင်သီရိ၊*
*ဓမ္မာစရိယဘွဲ့အေ(မယ်လမုရှပ်စုံ*
*ဗုဒ္ဓဝင်သမိုင်း၊စာ ၂၉၄-၂၉၆)]*

တိစီဝရိက်သည် "**၃**"ဂဏန်းကို ညွှန်းဆိုကြောင်း ထင်ရှားနေပါတယ်။ ထို့ကြောင့် တိစီဝရိက် ဗုဒ္ဓရုပ်ပွားတော် ၌ (၃)ရက်နေ့ဖွား (၇)ရက်သားသမီး များနဲ့ အင်္ဂါသားသမီးများသည် ပူပင် သောကငြိမ်းအေးပြီး အလိုအပ်ဆုံး သောအရာများ ပြည့်စုံစေနိုင်တဲ့ နေရာ ထူးတစ်ခုလို့ ဆိုချင်ပါတယ်။

သို့အတွက်ကြောင့် (၃)ရက်နေ့ဖွား (၇)ရက်သားသမီးများနဲ့ အင်္ဂါသားသမီး များသည် တိစီဝရိက်ရုပ်ပွားတော်၌ ကြည်ညိုပူဇော်ကြရန်လဲ ဖြစ်ပါတယ်။ နှစ်သက်သလို ပူဇော်လိုက ပူဇော် နိုင်ပါတယ်။ ဆီမီး၊ ရေချမ်း၊ ပန်း၊ အမွှေးနံ့သာများကို စိတ်ဆန္ဒရှိသမျှ လှူဒါန်းပြီး ကြည်ညိုမှုလဲ ပြုနိုင်ပါ တယ်။

ဤတွင်...

တိစီဝရိက်ရုပ်ပွားတော်သည် ဘုရား ရှင်နဲ့ သင်္ကန်းရဲ့ လိုအပ်မှုအတိုင်းအတာ ကို ရဟန်းတော်များအတွက် သတ်မှတ် ပေးတဲ့ အမှတ်သင်္ကေတဖြစ်တဲ့ အတွက်ကြောင့်...

**သ ကန်း = ၆၊၂**
**သံ ဃာ = ၆၊၂** [ဓာတ်တူနံတူ]

ထို့ကြောင့်...

(၇)ရက်သားသမီးများ အားလုံး သည်လဲ "**သောကငြိမ်းအေး**"ရန် ကြည်ညိုပူဇော်နိုင်ပါတယ်။

ထို့ကြောင့်...

တိစီဝရိက်ရုပ်ပွားတော်၌ ပူပင် သောကဟူသမျှ ကင်းဝေးကြလျက် အလိုအပ်ဆုံးအရာများနဲ့ ပြည့်ဝစေ ဖို့အတွက် အထူးကြည်ညိုပူဇော်ကြ ပါစို့။

ကြည့်ပါဦး...



www.burmeseclassic.com

www.burmeseclassic.com

ရဟန်း သံဃာတော်များအတွက် သင်္ကန်းလိုအပ်ချက်ကို သတ်မှတ်ထားသော အထိမ်းအမှတ် ရုပ်ပွားတော်ဖြစ်တဲ့အတွက် ဘုရားရှင်အား သင်္ကန်းလှူပါ။ ပြီးရင် ရှိခိုးကန်တော့ပါ။ ပြီးရင် သံဃာ့ဂုဏ်ကျေးဇူးကို ပူဇော်သောအားဖြင့် ပုတီးစိပ်ပါ။ ဆုတောင်းပါ။ **[သင်္ကန်းလှူရာ၌ ဘုရားရုပ်တုတော်များ၌ သင်္ကန်းပတ်လှူထားသည်ကို မြင်ဖူးကြမှာပါ။ ထို့ကဲ့သို့ အလားတူလှူရန် ဖြစ်ပါတယ်။]**

ဂမ္ဘီရသဘောကြည့်ရင်...

***

| | | | | |
|---|---|---|---|---|
| **သ** | **င်္ကန်း** | ၆ | . ၂ | |
| ↓ | ↓ | ↓ | ↓ | |
| သံ | ဃာ့ဂုဏ်တော် | ၆ | . ၂ | |
| ↓ | ↓ | ↓ | ↓ | (ဓာတ်တူနံတူ ဆေးဖက်ယူသည်) |
| **သု** | **ခ** | ၆ | . ၂ | |
| ↓ | ↓ | ↓ | ↓ | |
| သ | ကြားဆွမ်း | ၆ | . ၂ | |

တိစိဝရိက်သည် "၃-ဂဏန်း" ရည်ညွှန်းထားတဲ့အတွက်...

❖ **သင်္ကန်းလှူခြင်း။**

❖ **သကြားဆွမ်းကပ်ခြင်း။**

❖ **သံဃာ့ဂုဏ်တော်ကို ပုတီးစိပ်ခြင်း**

စတဲ့ (၃)မျိုးကို အထူးဆောင်ရွက်ထားခြင်းလဲ ဖြစ်ပါတယ်။

***

သံဃာ့ဂုဏ်တော်ပုတီးစိပ်နည်း

| | | | |
|---|---|---|---|
| သုပ္ပဋိပန္နော | ***(ပုတီးတစ်လုံးချ)*** | | |
| ဥဇုပ္ပဋိပန္နော | ***(ပုတီးတစ်လုံးချ)*** | | |
| ဉာယပ္ပဋိပန္နော | ***(ပုတီးတစ်လုံးချ)*** | | |
| သာမီစိပ္ပဋိပန္နော | ***(ပုတီးတစ်လုံးချ)*** | | |
| အာဟုနေယျော | ***(ပုတီးတစ်လုံးချ)*** | ⟶ (၁)ပတ် | |
| ပါဟုနေယျော | ***(ပုတီးတစ်လုံးချ)*** | | **ပေါင်း** |
| ဒက္ခိဏေယျော | ***(ပုတီးတစ်လုံးချ)*** | | **၃-ပတ်တိတိ** |
| အဉ္ဇလိကရဏီယော | ***(ပုတီးတစ်လုံးချ)*** | ⟶ (၁)ပတ် | |
| အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ***(ပုတီးတစ်လုံးချ)*** | | ⟶ (၁)ပတ် | |

သို့ပါ၍...

(၇)ရက်သားသမီးများ အားလုံးသည်...

(၁)ဆုံးဖြတ်ချက် မမှားမယွင်းစေရန် (ဆုံးဖြတ်ချက် မှန်ကန်ကြစေရန်)၊

(၂) ပူပင်သောကငြိမ်းအေးကြစေရန်၊

(၃)အလိုအပ်ဆုံးသော ဆုလာဘ်များ ရရှိစေရန်အတွက်

တိစိဝရိက်ရုပ်ပွားတော် ရှေ့မှောက်မှာ ကုသိုလ်ပြုကာ ကြည်ညိုနိုင်ကြစေကြောင်းသာလျှင်...

***သင့်တင့်အောင် နှလုံးသွင်း အရှုံးကင်းပါစေ။***

**ကဝိသိရောမဏိ**

**စာမူရှင်များသို့...**

**ပေးပို့သော**

**စာမူများကို**

**မူပွား**

**ထားကြပါရန်နှင့်**

**မရွေးချယ်ပါက**

**ပြန်လည်ပေးပို့မည်**

**မဟုတ်ပါကြောင်း**

**အသိ**

**ပေးအပ်ပါသည်။**

***လေးစားစွာဖြင့်...***

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**
လိုင်စင်၇/၂၀၀၈၊ တာဆဆလ (တိုး)-၁၃၁၂

အဆီကျအကြောပြေဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

အမှတ်-၈၂/၃၅၆၊ ပေမာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com

# ယုံရင်လဲ ယူ

မယုံရင်လဲ မပူ၊ ဓမ္မတာလူ ပိုးစုန်းဖြူ(ကြူး)

မိုးမိုးသူ


၁၉၇၀ ပြည့်နှစ်လောက်တွင် စာရေးသူသည် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့မှ ဝမ်းတွင်းမြို့နယ်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ စာရေးသူ တာဝန်ယူရသော မြို့များမှာ ဝမ်းတွင်း၊ ရွှေတောင်နှင့် ပင်းတလဲမြို့များ ပါဝင်ပါသည်။

တာဝန်ယူရသော မြို့များ၊ နေရာဒေသများ အသီးသီးသို့ သွားရောက်ရာ တစ်နေ့တွင် ပင်းတလဲမြို့သို့ သွားရောက်ပါသည်။ ပင်းတလဲမြို့ရောက်တော့ ပင်းတလဲ ရဲစခန်းကို တာဝန်အရ စစ်ဆေးခြင်း၊ မိသားစုများနှင့် တွေ့ဆုံ၍ ဆွေးနွေးခြင်း၊ အခက်အခဲများ တင်ပြစေခြင်း၊ ဆောင်ရွက်ပေးနိုင်သည်များကို ဆောက်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုစဉ်က ပင်းတလဲ ရဲစခန်းတွင် လူပျိုကြီး ဒုရဲအုပ်အောင်မြင့်ဆိုသူ ရှိသည်။ သူက ဘာသာတရား ကိုင်းရှိုင်းသူဖြစ်ပြီး ရွှေပေါ်ကျွန်းဆရာတော်၏ ဒေနေယျတစ်ဦးဖြစ်သည်။ စာရေးသူကို ဆရာတော်အား သွားရောက်ဖူးရန် ပြောသဖြင့် အလုပ်ကိစ္စများ ပြီးသောအခါ ရွှေပေါ်ကျွန်းဆရာတော်၏ စေတီတော်ဝင်ကျောင်းသို့ သွားပါသည်။

ရွှေပေါ်ကျွန်းသို့ ရောက်သောအခါ နေ့လယ်(၁)နာရီခန့်ရှိပြီ ဖြစ်သည်။ ကျောင်းသို့ရောက်ပြီး ဆရာတော်အား ဖူးရန်ပြောရာ ကပ္ပိယဦးလှကျော်က ဆရာတော် တရားထိုင်နေကြောင်း၊ (၂)နာရီထိုးခန့် အချိန်ရောက်မှ တရားထိုင်ရာမှ နားမည်ဖြစ်ကြောင်း ပြောသဖြင့် တပည့်များနှင့်အတူ စတင်အုတ်မြစ်စီနေသော သဗ္ဗဇေယျစေတီတော်အတွက် အုတ်သယ် လုပ်အားပေးကို ဝိုင်းပြီး ပြုကြပါသည်။

နေ့မွန်း (၂)နာရီခွဲခန့်တွင် ဆရာ



◆ ရွှေပေါ်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျသုဘိဓမ္မဉာဏကိတ္တိ (ဆရာတော်အား ပုံတော်မရှိ နောက်ဆုံးမှတွေ့ရှိရသော ပုံတော်ဖြစ်ပါသည်)

www.burmeseclassic.com

တော်သည် လက်ထဲတွင် အနက်ရောင်ပုံတော်တစ်ခုကို ကိုင်၍ ကြွလာသည်ကို မြင်ပါသည်။ ဆရာတော်သည် ပကာသနမရှိ၊ ဟိတ်ဟန်မရှိ ဟောင်းနွမ်းသင်္ကန်းကို ဝတ်ရုံလျက် ဖိနပ်မစီးဘဲ စာရေးသူတို့ရှိသော နေရာသို့ ကြွလာပါသည်။

စာရေးသူတို့သည် အုတ်သယ် လုပ်အားပေး ပြုလုပ်နေရာမှ ဆရာတော်ရှေ့သို့ ခပ်သွက်သွက်လေး သွားပြီး ကန်တော့လိုက်ပါသည်။ ဆရာတော်က...

'ကျုပ် တရားထိုင်နေတဲ့ အချိန်မှာ ဘိုးဘိုးအောင်က အဘကြီးပုံကိုပြပြီး "သူ့ပုံကို ယခုရောက်နေတဲ့ သားကို ပေးလိုက်ပါ" ဆိုလို့ ယူလာခဲ့တယ်။ ရော့ အဘကြီးအတွက်ပဲ၊ ဒီပုံကို ဂါထာ(၁)သောင်း ရွတ်ထားတယ်။ ဘုန်းကြီးထံမှာ ထားဖို့ စိတ်ကူးထားတာ၊ ဘိုးဘိုးအောင် အမိန့်ချလို့ ပေးလိုက်တာ အဘကြီး'

ဆရာတော်ပေးသော ပုံကို ရိုသေစွာ လှမ်းယူလိုက်ပြီး ကြည့်လိုက်ရာ ပုံတော်မှာ သစ်ကနက်သားဖြင့် ထုလုပ်ထားသော အဘဘိုးဘိုးအောင်ပုံတော် ဖြစ်နေသည်ကို တွေ့လိုက်ရ၍ အလွန်ကို ဝမ်းသာပီတိ ဖြစ်ရပါသည်။

စာရေးသူသည် ငယ်စဉ်က အိမ်တွင် မိဘများက အဘဘိုးဘိုးအောင်ပုံတော်ထား၍ ကိုးကွယ်ခဲ့သည်ကို မြင်နေသိနေသည်။ ဘုရားရှိခိုးပြီးတိုင်းလည်း အဘဘိုးဘိုးအောင်ကို ကန်တော့နေကျလည်း ဖြစ်သည်။ ဒါကြောင့် အဘဘိုးဘိုးအောင်ပုံတော် ရသည်ကို အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါသည်။ အံ့လည်း အံ့သြမိနေသည်။

ညနေ (၄) နာရီခန့်တွင် ဆရာတော်အား ကန်တော့၍ ကျောင်းမှပြန်လာပြီး ပင်းတလဲတွင် ညအိပ်သည်။ နောက်နေ့တွင် ဝမ်းတွင်းသို့ ပြန်ခဲ့ပါသည်။

စာရေးသူ နေအိမ်ရှိရာ ဝမ်းတွင်းမြို့သို့ ပြန်ရောက်ပြီး အဘဘိုးဘိုးအောင်ပုံတော်ကို စင်တစ်ခုတွင် ထား၍ ဘုရားရှိခိုးပြီးတိုင်း ကန်တော့ပါသည်။ တစ်နေ့တွင် **"အဘဘိုးဘိုးအောင်ပုံတော်က အနက်ရောင် ဖြစ်နေတယ်။ ဒီတစ်ခါ မန္တလေးသွားရင် ရွှေချမယ်"**ဟု စိတ်ထဲတွင် ဖြစ်ပေါ်ပြီး ဇနီးဒေါ်မြင့်မြင့်ကိုလည်း အခြေအနေကို ပြောပြမိသည်။

နံနက် အလုပ်သွားပြီး နေ့လယ်ထမင်းပြန်စားသည်။ ထမင်းစားပြီး အိပ်ခန်းတွင် ခုတင်ပေါ်သို့ ကန့်လန့်အနေအထားနှင့် ပက်လက်နေလိုက်မိသည်။ ခုတင်ပေါ်သို့ ခေါင်းရောက်သွားပြီး ခန့်မှန်း မိနစ်ပိုင်းမျှသာ ဖြစ်မည်ထင်သည်။ 'ခုတင်ခေါင်းရင်းတွင် ဝတ်ဖြူစင်ကြယ် ခေါင်းပေါင်းအဖြူရောင်နှင့် ပုဂ္ဂိုလ်ကြီးတစ်ဦး မတ်တပ်ရပ်လျက်ပေါ်လာပြီး...

'ဘိုးဘိုးအောင်ဆိုတာ ရွှေမချရဘူး။ ဒီလို ဝတ်ဖြူစင်ကြယ်နဲ့ ဖြစ်ရမယ်'

ဟု ပြောပြီး ပျောက်သွားပါသည်။

စာရေးသူလည်း ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီး ပျောက်သွားပြီးသည်နှင့် တစ်ပြိုင်နက် လန့်နိုးသလို ဖြစ်သွားသည်။ အမှန်ပြောရလျှင် အိပ်ပျော်ခြင်း မဟုတ်ပါ။ သို့သော် အိပ်ပျော်သလိုကို ဖြစ်သွားသည်။ မအိပ်ပုံဟုလည်း သိနေသည်။ ဤအခြေအနေကို ဘယ်လို ပြောရမည်ပင်မသိ ဖြစ်မိသည်။

သို့နှင့် စာရေးသူမှ ဇနီးဒေါ်မြင့်မြင့်ကို...

'ခုနခုတင်ပေါ် ကန့်လန့် ပက်လက်လှဲလိုက်တာ၊ အိပ်ပျော်သလို မှေးခနဲ ဖြစ်သွားပြီး ခုတင်ခေါင်းရင်းမှာ ခေါင်းပေါင်းအဖြူ ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်ကြီးပေါ်လာပြီး "ဘိုးဘိုးအောင်ဆိုတာ ရွှေမချရဘူး။ ဒီလို ဝတ်ဖြူစင်ကြယ်နဲ့ ဖြစ်ရမယ်"လို့ ပြောပြီး ပျောက်သွားတယ်။ အိပ်တာလဲ မဟုတ်၊ အိပ်ရာက လန့်နိုးသလို ဖြစ်သွားတယ်'

ဟု ပြောပြလိုက်သည်။

ဇနီးဒေါ်မြင့်မြင့်က...

'အဘဘိုးဘိုးအောင်က ပုံတော်ကို ရွှေမချဖို့ လာပြောတာပေါ့။ ရွှေမချတော့ဘဲ ပန်းချီဆရာတစ်ဦးနဲ့ ဝတ်ဖြူစင်ကြယ် ခေါင်းပေါင်းအဖြူတို့ကို ဆင်မြန်းပြီး ကိုးကွယ်ထားရမယ်'

အဘဘိုးဘိုးအောင် ပုံတော်ကို ပန်းချီဆရာတစ်ဦးနှင့် ခေါင်းပေါင်းအဖြူ ဝတ်စုံအဖြူတို့ကို ဆေးဖြူဖြင့် ဆင်မြန်းပေးပြီး ရွှေချထားသော ကျောင်းဆောင်ဖြင့် ကိုးကွယ်ထားပါသည်။

စာရေးသူသည် ပင်းတလဲ သွားတိုင်း ဆရာတော်ထံ သွားရောက်ကန်တော့ပြီး သဗ္ဗဖေယျ စေတီတော်တည်နေသော နေရာတွင် သွားရောက်လုပ်အားဒါန ပြုလေ့ရှိပါသည်။

တစ်နေ့တွင် ဆရာတော်ထံမှ သိရသည်မှာ သဗ္ဗဖေယျစေတီတော် ထီးတော်တင်ပြီးလျှင် ပြောင်းရွှေ့ရမည်။ အဲဒီရောက်ပြီးနောက် ရာထူးတိုးသည့်အခါ အထက်ပိုင်းကို ပြောင်းရွှေ့ရမည်ဟု အမိန့်ရှိပါသည်။

စာရေးသူသည် သဗ္ဗဖေယျစေတီတော်ကို ဆရာတော်၏ ညွှန်ကြားချက်အရ ကိုယ်တိုင် ထီးတင်ပေးခဲ့ရပါသည်။ ထီးတင်ပြီး (၁)လခန့်အကြာ ရန်ကုန်သို့ ပြောင်းရွှေ့ရန် အမိန့်ထွက်သဖြင့် ဝါတွင်းကာလမှာပင် ရန်ကုန်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။

ရန်ကုန်ရောက်ပြီးနောက် ရွှေပေါ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်းဆရာတော်ထံမှ ကျောင်းအတွက် လိုအပ်သော ဝေယျာဝစ္စများကို လိုအပ်သလို အကျိုးဆောင်ပေးပါသည်။ ရန်ကုန်တွင် (၁၀)နှစ်ခန့် တာဝန်ထမ်းဆောင်ရပါသည်။ ရာထူး(၃)ကြိမ် တိုးပါသည်။

တတိယအကြိမ် ရာထူးတိုးတော့ ဆရာတော် မိန့်သည့်အတိုင်း ရာထူးတိုးပြီး ရှမ်းပြည်နယ်မြောက်ပိုင်းကို တာဝန်ယူရသော ရာထူးအဆင့်ဖြင့် ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါသည်။ လားရှိုးတွင် ရုံးထိုင်ရပါသည်။ လားရှိုးရောက်သောအခါ ဆရာတော်၏ ဝေနေယျများ တော်တော်များများ စာရေးသူထံ လာရောက်ပြီး ဝမ်းပန်းတသာ တွေ့ဆုံ နှုတ်ဆက်ကြပါသည်။

ထိုစဉ်က ၁၉၈၅ ခုနှစ် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ငြိမ်းချမ်းမှု မရသေးပါ။ ခရီးထွက်လျှင် အိမ်ပြန်ရောက်မှ စိတ်အေးရသော အချိန်အခါ ဖြစ်ပါသည်။ စာရေးသူသည် ခရီးသွားလျှင် ကြေးဆင်းတု ဘုရားရုပ်ပွားတော်တစ်ဆူကို အမြဲ ပင့်သွားပြီး ရောက်ရှိရပ်နားသည့် နေရာတွင် စားပွဲခုံတစ်ခုဖြင့် သန့်ရှင်းသပ်ရပ်စွာပြု၍ စံပယ်ပန်း နံ့နက်၊ ည ဘုရားရှိခိုး ပုတီးစိပ်ပါသည်။

ကြေးဆင်းတုမှာ ဉာဏ်တော်တစ်မိုက်ခန့်ရှိ၍ နည်းနည်း ကြီးနေသဖြင့် ဘုရားရုပ်ပွားတော် ငယ်ငယ်တစ်ဆူလောက် ပူဇော်ရလျှင် ကောင်းမှာပဲဟု စိတ်ထဲတွင် မကြာခဏ ဖြစ်ပေါ်လေ့ ရှိပါသည်။

(၁)လခန့်အကြာ ရွှေပေါ်ကျွန်းဆရာတော်၏ လားရှိုးမှ ဝေနေယျတစ်ဦး ဆရာတော်ထံမှ ပြန်လာပြီး ဆရာတော်မှ စာရေးသူအား ပူဇော်ရန် ပေးလိုက်သော ဆင်စွယ်ဖြင့် ပြုလုပ်ထားသည့် (၁)လက်မခန့်ရှိ အလွန် သပ္ပါယ်သော ဗုဒ္ဓရုပ်ပွားတော်ကို ပေးလာပါသည်။

အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ဆရာတော်သည် စာရေးသူ တမ်းတမိသော ဘုရားဆင်းတုတော် ရုပ်ပွားတော်ငယ်တစ်ဆူ ရချင်သည်ကို ဆရာတော် မနောအာရုံရလို့ ပေးလိုက်တာပဲဟု တထစ်ချ ယုံကြည်မိပါသည်။

ဘုရားရုပ်ပွားတော် လာပို့သော ဝေနေယျက...

'ဆရာတော်က **"ဒကာကြီး သူ ရုပ်ပွားတော်ငယ်ငယ်တစ်ဆူ ပူဇော်ချင်တဲ့ ဆန္ဒရှိနေလို့ ဘုန်းကြီးပေးလိုက်တယ်ပြောပါ"**လို့ မှာလိုက်တယ်'

ဟု ပြောပါသည်။

ထိုအခါမှ စာရေးသူ တွေးထင်မိသည့်အတိုင်း ဆရာတော် မနောအာရုံပေါ်၍ ပို့ပေးသည်မှာ မှန်ကန်၍ ဆရာတော့်အပေါ် ပိုမို အားကိုးကြည်ညိုစိတ်များ ဖြစ်ရပါသည်။

စာရေးသူသည် ရှမ်းပြည်နယ် အစည်းအဝေးတက်ရန် တောင်ကြီးသို့ သွားရောက်ပြီးအပြန် ဆရာတော်ထံတွင် ဝင်ရောက်ကန်တော့ပါသည်။ ဆရာတော်က ပုလင်းငယ်တစ်ခုကို ကိုင်၍...

'ဒကာကြီး ဒီ ဘုရားဓာတ်တော်အစစ် ပွားလိမ့်မယ်။ ရွှေကလပ်နဲ့ပူဇော်'

ဆိုပြီးပေးသည်။

ပုလင်းထဲသို့ ကြည့်လိုက်သောအခါ အနက်ရောင် ဓာတ်တော်ကြီးတစ်ဆူ (ငရုတ်ကောင်းစေ့ငယ်ခန့်) (၁)ဆူနှင့် အဖြူရောင် ဓာတ်တော်အသေး(၄)ဆူ တို့ကို တွေ့ရပါသည်။ များစွာ ဝမ်းမြောက်ဝမ်းသာနှင့် ပင့်ခဲ့ပြီး သစ်သား ရွှေချကလပ်ဖြင့် နေအိမ်ဘုရားစင်တွင် ပူဇော်ထားပါသည်။ ဆရာတော် အမိန့်ရှိသည့်အတိုင်း ဓာတ်တော်များ ပွားလာပါသည်။

နောက်တစ်ကြိမ်ကတော့ လူကြုံတစ်ဦးဖြင့် ဆရာတော်ထံမှ ကျင့်စဉ်နှင့် အင်းပဝါတစ်ခုကို ပို့ပေးလာပါသည်။



◆ ရွှေပေါ်ကျွန်းဆရာတော်
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
အရှင်ဝေပုလ္လာဘိဝံသဉာဏိက
(ဆရာတော်အား စာရေးသူ
စတင်ဖူးတွေ့ရစဉ်က ပုံတော်ဖြစ်ပါသည်။
ဤပုံကို စာရေးသူကိုယ်တိုင်
ဓာတ်ပုံရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

အင်းပဝါကို ပြန်ကြည့်လိုက်တော့ အင်းများသည် စာရေးသူ စတင် ကိုးကွယ်ခဲ့သော အင်းဝိဇ္ဇာလမ်းစဉ် လိုက်နေသော ဆရာတော်ဦးကောသလ္လ၏ အင်းပုံစံနှင့် နည်းနည်းကွာခြားမှု ရှိနေသည်ကို တွေ့ရှိရပါသည်။

ကွာခြားသည် ဆိုသည်မှာ တခြားမဟုတ်ပါ။ အင်းများသည် ဆရာတော်ဦးကောသလ္လ ရေးဆွဲသော အင်းများနှင့် မတူကြောင်း ပြောမိသည်။ ပြစ်မှားပြောဆိုခြင်း မဟုတ်ပါ။ နှိုင်းယှဉ်ဝေဖန်ပြမိခြင်းသာ ဖြစ်ပါသည်။

(၁၀)ရက်ခန့်ကြာသောအခါ ဆရာတော်ထံမှ စာတစ်စောင် ရောက်လာပါသည်၊ အခြားသော အကြောင်းအရာများနှင့် ကျင့်စဉ်များပါ ရေးပေးထားပြီးမှ စာ၏ အောက်ခြေမှနေ၍ **"ယုံရင်လဲယူ၊ မယုံရင်လဲ မပူ၊ ဇမ္ဗူတလွှ ပိုးစုန်းဖြူ(ကြူး)"**ဟု ရေးထားသည်။ အဲဒီ စာတန်းကို ဖတ်လိုက်ရတော့ စာရေးသူမှာ များစွာစိတ်မကောင်း ဖြစ်မိပါသည်။

ဘာကြောင့်လဲဆိုတော့ ဆရာတော် ပေးလိုက်သော အင်းပဝါမှ အင်းများကို နှိုင်းယှဉ်ဝေဖန်မိသည်ကို ဆရာတော်အား မနောအာရုံဖြင့် သိ၍ ယခုလို စာရေးတာပဲ ဖြစ်မည်ဆိုပြီး ဘုရားခန်းကို ချက်ချင်းဝင် ဘုရားပြီး ဆရာတော်အား ကန်တော့၍...

'ဆရာတော်ဘုရား တပည့်တော်သည် ဆရာတော်၏ အင်းများကိုကြည့်ပြီး ဆရာတော်အပေါ် ပြစ်မှားပြောဆိုခြင်း မဟုတ်ပါဘုရား၊ တပည့်တော်အနေနဲ့ နှိုင်းယှဉ်ဝေဖန်မိခြင်းသာ ဖြစ်ပါတယ်ဘုရား၊ အပြစ်ရှိက ခွင့်လွှတ်တော်မူပါဘုရား'

ဟု တောင်းပန်ရပါသည်။ စိတ်ထဲတွင် မကောင်းပါ။

စိတ်ထဲတွင် **"ယုံရင်လဲယူ၊ မယုံရင်လဲ မပူ၊ ဇမ္ဗူတလွှပိုးစုန်းဖြူ(ကြူး)"**ဆိုသည့် စာကို ဖတ်ရပြီး တော်တော် စိတ်မကောင်း ဖြစ်မိပါသည်။ ဆရာတော်၏စာပါ ဆိုလိုရင်းမှာ ဆရာတော်ပေးသော ပစ္စည်းကျင့်စဉ်များကို ယုံကြည်လျှင်လည်း လက်ခံကျင့်သုံးပါ။ မယုံလျှင်လည်း မယူ၊ မကျင့်သုံးပါနှင့်။ သို့သော် ဆရာတော်သည် ဤဇမ္ဗူတွင် ပိုးစုန်းဖြူလို အရောင်တွေ ရှိသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

(၃)လခန့်ကြာသောအခါ တာဝန်ဖြင့် ခရီးသွားရ၍ ရွှေပေါက်ကျွန်းဆရာတော်ကျောင်းသို့ဝင်ပြီး ဆရာတော် ၏ ခြေတော်အစုံကိုထိပြီး ဦးခိုက်၍ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြောမှားဆိုမှားရှိပါက ခွင့်လွှတ်ပါရန် တောင်းပန်ကန်တော့ရာ ဆရာတော်က ဘာမျှမရှိကြောင်း အေးဆေးစွာ မိန့်ကြားပြီး ရှင်သီဝလိရုပ်ပွားတော် ပုံတော်တစ်ဆူကို **"ရော့ ရှင်သီဝလိပုံတော် ပူဇော်ထား"**ဟု ပြော၍ ပေးလိုက်သည်။

စာရေးသူလည်း အလွန် ဝမ်းမြောက်စွာ ပင့်ဆောင်ခဲ့ပြီး နေအိမ်တွင် ပူဇော်ထားပါသည်၊ ဆရာတော်သည် တပည့်ဒကာ ဝေနေယျများအား ချီးမြှင့်သင့်သော ပစ္စည်းများ၊ ကျင့်စဉ်များကို ပေး၍ စောင့်ရှောက်ပါသည်။

ဆရာတော်သည် စကားများများ မပြောပါ။ ပကာသနမရှိ။ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုး၊ သတ္တဝါဝေနေယျများအား ကယ်ဆယ်စောင့်ရှောက်သော လုပ်ငန်းကို ဆောင်ရွက်၍ သာသနာပြုသော ဆရာတော် ဖြစ်ပါသည်။

စာရေးသူသည် ဆရာတော်နှင့် အနီးကပ်နေ၍ ဆရာတော်၏ ဝေယျာဝစ္စများကို အမြဲကြိုးစား ဆောင်ရွက်ပေးခဲ့သည်။ ဆရာတော်၏ သာသနာပြုအလုပ်တွင် အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ပါသည်၊ ပင်းတလဲမြို့သို့ တာဝန်ဖြင့် သွားသည့်အခါ ညအိပ်ရလျှင် ရွှေပေါက်ကျွန်းကျောင်းတွင် သွားအိပ်ပါသည်။

ဆရာတော်သည် စာရေးသူ ညအိပ်သည့်အခါများတွင် သိမ်အနီး မြေကွက်လပ်တွင် ထန်းသားထိုင်ခုံတွင် ထိုင်ပြီး ကွမ်းဝါး၊ ဆေးလိပ်ဖွာ၍ ကောင်းကင်သို့ မော့ကြည့်ကာ ကြယ်နက္ခတ်များကို ကြည့်ပြီး နိုင်ငံခြားတွင် ဖြစ်ပေါ်နေသော အခြေအနေ၊ ပြည်တွင်း အခြေအနေများကို ပြောပြလေ့ရှိပါသည်။

နိုင်ငံခြားသတင်းနှင့် ပတ်သက်၍ ပြောရာတွင် နက္ခတ်အလိုအရ ပြောခြင်း ဖြစ်ပါသည်။**(ဆရာတော့်ကျောင်းတွင် ရေဒီယိုမရှိ၊ သတင်းစာ၊ ဂျာနယ် စသည်များ လုံးဝ မရှိပါ။ ဤနေရာများမှ သိရသောသတင်းမဟုတ်ကြောင်း စာရေးသူတို့ သိပါသည်။)**

ဆရာတော် ထန်းသားထိုင်ခုံတွင် ထိုင်၍ ကြယ်တာရာများ၊ နက္ခတ်များကိုကြည့်၍ ပြောနေချိန်တွင် စာရေးသူနှင့်အတူ ဦးဘို(သဲတော)၊ ဦးသာဒင်(သဲတော)တို့သည် ဆရာတော်၏ ထိုင်ခုံဘေး မြေကြီးပေါ်တွင် ထိုင်၍ နားထောင်နေကြပါသည်။ အလွန် အံ့သြစွာ နားထောင် မှတ်သားနေမိကြပါသည်။

ဆရာတော်၏ နက္ခတ်တာရာနှင့် ပတ်သက်ပြီး ထူးခြားသော ဟောပြောမှုများကို ကြားသိသွားသော ဗေဒင်၊ နက္ခတ်များကို အလွန်ဝါသနာပါသော ပုဂ္ဂိုလ်ကြီးတစ်ဦး ဆရာတော်ထံ လာ၍



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေပေါ်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျာသိဒ္ဓိမဟာဉာဏာဘိက
(ဆရာတော်အား စာရေးသူ တောင်ပူးတွေ့ရစဉ်က ပုံတော်ဖြစ်ပါသည်။
ဤပုံကို စာရေးသူကိုယ်တိုင် ဓာတ်ပုံရိုက်ကူးခဲ့ခြင်း ဖြစ်ပါသည်။)

ဆရာတော်အား နက္ခတ်တာရာများ အကြောင်း လျှောက်ထားသည်ကို ဆရာတော်က ရှင်းလင်းပြောပြလိုက်သဖြင့် များစွာ အံ့သြသွားကြောင်းနှင့် ဆရာတော်အား အလွန်ကြည်ညိုသွားကြောင်း ကြားသိရပါသည်။**(ထိုပုဂ္ဂိုလ်ကြီး ယခုတော့ ကွယ်လွန်ပါပြီ။)**

ဆရာတော်သည် လူတန်းစားမရွေး၊ မျက်နှာကြီးငယ်မလိုက်၊ သာသနာပြုလုပ်ငန်းနှင့် သတ္တဝါများ ကယ်ဆယ်သော အလုပ်ကိုသာ တစ်စိုက်မတ်မတ် လုပ်ပါသည်။

တစ်ခါတစ်ရံ ဆရာတော်သည် လူသတ္တဝါများ ဘေးအန္တရာယ် ကျရောက်မည်ကို မြင်သောအခါ ကိုယ်တိုင် အဓိဋ္ဌာန်ဝင်၍ ကယ်ဆယ်ရကြောင်း ကြားသိဖူးပါသည်။

ဆရာတော်နှင့် ပတ်သက်သော ဆရာတော်၏ ဝေနေယျအချို့က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဆောင်းပါးများ ရေးသားပူဇော်နေကြသည်ကို ဖတ်ဖူးပါသည်။ များစွာ ဝမ်းမြောက်ပါသည်။ စာရေးသူအနေနှင့် ဆရာတော်၏ အနီးနေ၍ ဝေယျာဝစ္စများ ဆောင်ရွက်ပေးခဲ့သဖြင့် ကိုယ်တိုင် တွေ့ကြုံခဲ့သော ဖြစ်ရပ် တစ်စိတ်တစ်ဒေသကို ဖော်ပြခြင်း ဖြစ်ပါသည်။

ဆရာတော်နှင့် ပတ်သက်သော အံ့သြဖွယ်ရာ ထူးခြားမှုများ များစွာရှိပါသည်။ စာရေးသူအနေနှင့် ဤမျှသာ ရေးသားဖော်ပြ၍ **စေတီတော်ဝင် ရွှေပေါ်ကျွန်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျာသိဒ္ဓိ မဟာဉာဏာဘိက ဆရာတော်အား** ဤဆောင်းပါးဖြင့် ပူဇော်ကန်တော့ပါသည် ဆရာတော်ဘုရား...။

**စိုးမိုးသူ**

စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့...

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင် ကုသိုလ်တော် ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com


# ဘူးပင်ကို

## ဤသို့စိုက်ပါ

**"ဘူးကောင်း စင်ခံ၊ လင်ကောင်း စံရ"** ဆိုသော စကားအတိုင်း ဘူးပင်ကို စင်တင်စိုက်ပျိုးမှ ပိုမို ကောင်းမွန် အသက်ရှည်ပါသည်။

### ဘူးအမျိုးမျိုး

ဘူးပင်ကို အသီးလိုက်၍ အမျိုးအစား ခွဲခြားထားပါသည်။ ဘူးခါးခေါ် ရေဘူး၊ ဘူးသပိတ်၊ ရှိုးရှိုးဘူးနှင့် ဘူးရှည်တို့ ဖြစ်ပါသည်။




* * *

ဘူးခါး(ရေဘူး)ရှေးအခါက ပလတ်စတစ်ဘူး၊ သောက်ရေသန့်ဘူးများ မပေါ်သေးမီက ရေထည့်ရန် အသုံးပြုခဲ့ကြပါသည်။ ဘူးခါးမှာ အရသာနည်းနည်းခါးသဖြင့် စားသုံးမှုနည်းပါသည်။

**ဘူးသပိတ်၊ ရှိုးရှိုးဘူး၊ ဘူးရှည်** တို့မှာ အရသာချိုဆိမ့်သဖြင့် စားသုံးကြပါသည်။

### ဘူးပင်စိုက်ပျိုးနည်း

ဘူးပင်စိုက်မည့် နေရာ၊ မြေကျင်းကို တစ်တောင်အနက်၊ တောင်ဆုပ်အကျယ်၊ နွေကာလကတည်းက တူး၍ ဝါးနှီးမှိုက်၊ သစ်ရွက်ခြောက်များ ထည့်ကာ မီးရှို့ထားပါ။


ပြီးနောက် မြေဆွေး နောက်ချေး၊ သဲမြေ ရောစပ်ထည့်ကာ ရေလောင်းထားပြီး မြေနပ်မှ ကြိုက်ရာမျိုး ရွေးချယ်၍ တစ်ကျင်းကို သုံးစေ့ထည့်ပါ။

အပင်ပေါက်တာနဲ့ မိုးစရွာတာနဲ့ ကိုက်ညီရင် အကောင်းဆုံးပါ။ ဘူးပင်ပေါက်၍ အရွက်အညွှန့်များ သန်စွမ်းပါမည်။

ထိုအချိန် ပိုးစား(အဝါကောင်ကလေးများ)တက်ပါသည်။ ပိုးသတ်ဆေးကို ရေများများ ရော၍ ပက်ဖျန်းပါ။ ပိုးစစားမှ ဆေးဖျန်းပါ။ မိုးမကျပါက ထားလိုက်ပါ။ တဖြည်းဖြည်း မြေပေါ်တွင် အညွှန့်လှမ်းလာပါမည်။ ထိုအခါ အောက်ပါပုံအတိုင်း ပြုလုပ်ပေးပါ။

### မြေဖို့ ပြုပြင်ပေးရန်

* * *




ပုံတွင်ပြထားသည့်အတိုင်း ဘူးပင်နွယ်လှမ်းလာပြီဆိုပါလျှင် ဘူးပင် မြေကျင်းနှင့် (၄,၅)တောင်အကွာတွင် ဘူးစင် ပြုလုပ်ပါ။ လောင်းမမိစေရ။ လွှင်ပြင်ဖြစ်သင့်ပါသည်။

နီးရာတိုင်တွင် ဘူးညွှန့်တက်ရန် ဝါးကပ် သို့မဟုတ် သစ်ခက် စိုက်ပေးထားပါ။ မြေကျင်းနှင့် ဘူးစင်ကြားရှိ ဘူးနွယ်မှ အဆစ်များပေါ်သို့ မြေကြီးတစ်မိုက်ခန့် ပုံပေးပါ။ မနင်းမဖိရပါ။

ထိုမြေပုံထားသော အဆစ်မှ အမြစ်များ ထွက်ပွားလာကာ ဘူးပင် အဖြစ် မြန်ပါသည်။ ရှိုးရှိုးစိုက်သော ဘူးပင်ထက်(၂)ဆသီးပါသည်။

စာရေးသူ၏ လက်တွေ့ နည်းပါ။ ဘူးပင် စိုက်ကျင်းတွင် (ဝက်ချေး) မြေများ စုပုံပေးပါ။ သီသာစွာ ဖြစ်ထွန်းပါမည်။

ဘူးစိုက်ဝါသနာပါသူများ စမ်းသပ်စိုက်ပျိုးကြပါ။ ဝင်ငွေ တိုးတက်လာပါမည်ဟုသာ...။

*အားလုံး ကျန်းမာချမ်းသာကြပါစေ။*

**ဦးသန်းစိုး(ချောင်းဦး)**



www.burmeseclassic.com

www.burmeseclassic.com

မထွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ မကျည်းကုန်းကြီးရွာ
အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တဇနိတမဟာထေရ်၏ ဒူလာ၊ မီးယပ်၊

# အညှောင်းအကိုက်ပျောက်

## ပေါက်ဆေး

မြန်မာ့ဆေးပညာ လောကမှာ **"ဂါထာပေး တေးဖြစ်"**ဆိုသည့် စကားပုံသည် အသုံးတွင်ကျယ်လျက် ရှိပါသည်။ စာရေးသူသည် ဆရာတော်ကြီးအနီး၌ (၁၅)နှစ်နီးပါး မြန်မာ့ဆေးနည်းပညာကို လေ့လာ သင်ကြားဆည်းပူးနေစဉ် အခါအခွင့်သင့်တိုင်း ဤဆေးနည်းကို ရေးကူးမှတ်ရန် တောင်းခံခဲ့ပါသည်။

ဆရာတော်ကြီးမှ တစ်ခါတလေ...

'ဂါထာပေး တေးဖြစ်တဲ့ ဆေးနည်း မယူပါနဲ့ ဆေးသာ လိုသလောက်ယူပါ'

ဟု ပြော၏။ တစ်ခါတလေကျတော့လည်း...

'ငါ့အိပ်မက်ရ ဆေးနည်းဖြစ်လို့ ဆေးသာယူပါ'

ဟု စသည်ဖြင့် အမျိုးမျိုး ငြင်းချက်ထုတ်ခဲ့၏။

ဆရာတော်ကြီးသည် **သက်တော်(၈၅)နှစ် ၁၃၅၄ ခုနှစ်၊ နယုန်လပြည့်ကျော် (၉)ရက်နေ့တွင်** ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ပျံလွန်တော်မမူခင် ကဆုန်လပိုင်းလောက်တွင် ဆရာတော်နှင့် စာရေးသူ စကားလက်ဆုံကျခဲ့ပါသည်။

ထိုအခါ အခါအခွင့်သင့်တုန်းဆိုပြီး ဤဆေးနည်းကို ထပ်မံတောင်းခံခဲ့ပါ၏။ ထိုအခါကျ ဆရာတော်ကြီးက...

'ဆေးနည်းက လွယ်လွန်းလို့ မြန်မာ့ဆေးနည်းပညာကို အထင်သေးမှာစိုးလို့ မပေးတာ။ အခုတော့ ငါလဲ အသက်ကြီးပြီ'

ဟု စကားပလ္လင်ခံကာ အောက်ပါဆေးနည်းကို ပေးပါတော့သည်။

၁။ ကြက်ဆူရိုးနီအစေ့ (၅)ကျပ်သား
၂။ ကောက်ညှင်းငချိတ်ဆန် လက်တွင်းတစ်ဆုပ်၊
၃။ စိန်နီမြင်းသွား (၁)မတ်သား

ကြက်ဆူရိုးနီအစေ့များကို အခွံခွာကာ ကောက်ညှင်းငချိတ်ကို မီးတင်းအောင် လှော်ပါ။ ထို့နောက် ယင်းဆေးမည်များကို သံဆုံဖြင့် ကြေညက်အောင်ထောင်း၍ ဖန်ဘူးထဲထည့်ပြီး လေလုံစွာထားပါ။ ယင်းဆေးမှုန့်ဆီးကင်းခန့်ကို သံပရာရည်နှင့် ဖျော်၍ ဒူလာ၊ မီးယပ်၊
အညောင်းအကိုက်၊
အအေးမိဖျား၊
ငှက်ဖျား၊
တုပ်ကွေးဖျား
ရောဂါ
များကို
ကြေးစုတ်ဖြင့်
ပေါက်ပါ
(ဝါ)ထိုးပါ။



ဆေးပေါက်သည့်
နေ့၌ ရေမချိုးပါနှင့်။
နောက်နေ့များ၌ ရေ သုံး၊လေးရက် ဆက်တိုက် ချိုးပေးပါ။ ခန္ဓာကိုယ်ပေါ့ပါး၍ အထက်ပါ ရောဂါများ သိသိသာသာ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

ဆရာတော်ကြီး၏ လက်သုံး ပွဲတွေ့ ဆေးနည်းဖြစ်ခြင်းကြောင့် ဒူလာ၊ မီးယပ်၊ အညောင်းအကိုက်၊ အဖျားရောဂါသည်များနှင့် ထုံနာကျဉ်နာ၊ အကြောရောဂါသည်များကို ဤဆေးနည်းဖြင့် ဇီဝိတဒါန ပြုလိုက်ရပါ၏။

*ဒီဃာ ယုကော ဟောမိ*

**မောင်လမင်း**
*(မြို့သစ်၊ မန်ကျည်းကုန်းကြီး)*

**မှတ်ချက်။** ။ ပေါက်မည့် ကြေးစုတ်ကို သန့်စင်အောင် ဆောင်ရွက်သင့်ပါသည်။ လျှို့ဝှက်ဆေးနည်းတစ်နည်း မပျောက်ပျက်ရအောင် မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**

www.burmeseclassic.com


မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္န၀၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်း သမားစဉ် မူရင်းဆေးစွမ်းကောင်း တို့ကို သမားတော်ကြီး ဦးနွယ် ၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်း ကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အငြေကျော်လေဆေးလျက်ဆား



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ် **ငှက်ဖျားရောဂါသောက်ဆေး**

၀ရ၁၁ Y၀၀၉၀ရ၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အ၀တ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေး ခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင် ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိ နှာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင် ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ၀ရ၁၁ Y၀၀၉၀ရ၄

လူမှာအကျင့် ၀မ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများ ကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊အစပ်၊ အချဉ်၊အငန် စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော် လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ် ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်း စေပါသည်။

**ဒေါ်ဆေးဆေးမူ၏**

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ၀၅၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုး ခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်း ယား၊ အသံ၀င်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှုရှုတက်ဖြစ်နေခြင်း၊ တရှီးရှီးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာ လျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ် ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာ လာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့် မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆို တော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေး ၀မ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထား ရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ၀ရ၁၁ Y၀၀၉၀ရ၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့် လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ၀မ်းကိုက်၊သွေးပျက်၊၀မ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ၀ဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် **အငြေကျော်လေဆေးလျက်ဆား** ၀ရ၁၁ Y၀၀၉၀ရ၃

လူမှာအကျင့် ၀မ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်၀မ်းကျခြင်း၊ ၀မ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှော ဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ၀မ်းမီးနှံ့ရာမှ ဓာတ်လေးပါး ပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါ သည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ၀မ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ် ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြား ဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ- ၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရန်မာန် ကင်းစေသည့် ကောလင်းနယ်မှ

# အောင်နိုင်မိတ်ဆောင်

# ခမောက်တောင် (၂)

ထက်မြင့်ကျော်စွာ



◆ တောင်ပိုင်ဘိုးတော်စစ်ကဲ

## ယခင်လမှ အဆက်

ဦးဝင်းရွှေမှာ ဟံသာဝတီ သတင်းစာတိုက် ဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ကြောင်း သိရသည်။ ကောလင်းမြို့မှ အနောက်တောင်ထောင့် ယွန်းယွန်း လေးမိုင်ခန့်အကွာရှိ ခမောက်တောင်သို့ ကျောက်ခင်းလမ်းအတိုင်း သုံးဘီး ဆိုင်ကယ်ဖြင့် သွားရောက်ကြသည်။

ချိုင့်ခွက် ပေါ်လှသဖြင့် ဆန်ကောတွင်း ထည့်လှိမ့်သည့် ဆီးဖြူသီးပမာ လိုက်ပါကြရသည်။ ခမောက်တောင် သာရာလမ်းတွင် ၁၂၅၂ ခုနှစ်က ဝန်းသိုစော်ဘွား ဦးအောင်မြတ် နယ်ချဲ့တို့အား ခုခံခဲ့သည့် သမိုင်းဝင် "**ကျောက်ကြမ်းတောင်**"ကိုလည်း တွေ့ဖြတ်ခဲ့ရလေသည်။

## ခမောက်တောင်

လယ်ကွင်းပြင်တွင် အဝေးမှပင် လှမ်းမြင်နိုင်သော ခမောက်တောင်သည် ခမောက်တစ်ချပ်ပမာသဏ္ဌာန်ရှိစွာ တည်ရှိ၏။ ခမောက်တောင်ဟူသော ဝေါဟာရကို ဗန်းမော်အောင်ဆရာကြီး၏ သာသနာပြုခရီးစဉ်မှတ်တမ်းစာအုပ်တွင် ဤသို့ ဖော်ပြထားသည်။

ရှမ်းဘာသာအရ လွယ်မောက်ဆိုသည်။ "**လွယ်**"သည် တောင်ဟု အဓိပ္ပာယ်ရ၍ "**မောက်**"မှာ ဗမာစကား ခမောက်ကိုပင် တိုက်ရိုက်ယူငင်ထားခြင်း ဖြစ်သည်။ ခမောက်တောင်ဟုပင် အဓိပ္ပာယ်ရသည်။

တောင်ပုံသဏ္ဌာန်မှာ အခြားတောင်များနှင့် ဆက်စပ်ခြင်းမရှိ၊ ထီးတည်း

www.burmeseclassic.com

တည်ရှိလျက် အရပ်လေးမျက်နှာမှ ကြည့်လျှင် ခမောက်တစ်ချပ် မှောက်ထားသည့်ပုံစံ ဖြစ်၏။ ***(ဗန်းမော်အောင်ဆရာကြီး၏ သာသနာပြုခရီးစဉ် မှတ်တမ်း။ စာမျက်နှာ-၁၃၀)***

ကိုလိုနီအစိုးရလက်ထက် မြေစာရင်းဌာနမှတ်တမ်းများ၌ **"လွဲမောက်တောင်"**ဟု ဖော်ပြထားသည်ကို တွေ့ခဲ့ရပေသည်။ ***(ကောလင်းမြို့၊ မြောက်အင်းရပ်၊ စိန်ဖူးကျောင်းမှ ဒေါ်အေးကြည် သိမ်းဆည်းထားသော ဦးစီ ပိုင်ဆိုင်သည့် လွဲမောက်တောင် မြေကွက်ဂရန်တွင် တွေ့ခဲ့ရခြင်းဖြစ်သည်။)***

## ခမောက်တောင်ကျောင်းတိုက်

ခမောက်တောင်ခြေသို့ ရောက်သောအခါ ခမောက်တောင်ကျောင်းဆရာတော် ဦးကောဝိဒအား ရှေးဦးစွာဝင်ရောက် ဂါရဝပြု ဖူးမြော်သည်။ ခမောက်တောင်ကျောင်း၏ စတုတ္ထမြောက် ကျောင်းထိုင်ဆရာတော်ဖြစ်ကာ နူးညံ့သိမ်မွေ့စွာ မိန့်ကြား ပြောဆိုလေ့ရှိသည်။

ခမောက်တောင်နှင့် ပတ်သက်၍ အလိုရှိပါက လျှောက်ထားမေးမြန်းနိုင်ကြောင်း ခွင့်ပေးတော်မူသည်။သို့သော် ဆွမ်းဘုဉ်းချိန် နီးကပ်နေသဖြင့် အနည်းငယ်မျှ လျှောက်ထားပြောဆိုပြီးနောက် ကျောင်းခန်းတွင်း လေ့လာကြည့်ရှုသည်။


အခန်းတွင်း အလယ်ဗဟိုတွင် တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူ ပူဇော်ထား၍ သာဝက ရဟန္တာရုပ်တုများနှင့်အတူ ရှင်ဥပဂုတ္တရုပ်တုတော်ကိုလည်း ဖူးတွေ့ရသည်။

ခမောက်တောင်လမ်းညွှန် ပန်းချီကားတွင် ဤကျောင်းဆောင်အား



▲ ခေါင်းကြွမ်းဆရာတော်ဦးနန္ဒိမာ

▼ ရှေးခေတ်ပေါ်ယာဉ်တစ်ခု




**"ရှင်ဥပဂုတ်ကျောင်း"**ဟု ဖော်ပြထားလေရာ ဤရုပ်တုတော်ကိုပင် ညွှန်းဆိုဟန် ရှိပေသည်။

ဘုရားစင်၏အောက်တွင် ဝါး




www.burmeseclassic.com

www.burmeseclassic.com




ရွှေတိဂုံပုံစံတူစေတီ

ခမောက်တောင်အဝင် ခြင်္သေ့နှစ်ကောင်




www.burmeseclassic.com

www.burmeseclassic.com



ဘီလူးဒေါင်းထောင်တင် ဘီလူး(၁)

မင်းတက်ကျောက်ဖျာ



ရာဇမတ်ကာရံထားသော **"ဘိုးတော်ဘုရားကြီးဓာတ်ရုံး"**ရှိသည်။ ဘိုးတော်ဘုရားကြီးဟူသည် အဘအောင်မင်းခေါင်ကို ရည်ညွှန်း ခေါ်ဝေါ်ကြောင်း သိရသည်။


အဘအောင်မင်းခေါင် ဓာတ်ပုံနှင့် အတူ ခမောက်တောင်သာသနာပြု ရသေ့ဦးစီဓာတ်ပုံတို့ကို တွေ့ရသည်။ မှန်ခန်းငယ်အတွင်း၌ ရသေ့ဒေါက်ချာ တစ်ခုကို ကနုတ်ဆင်၊ မှန်စီရွှေချလျက် မြင်တွေ့ရသည်။ သစ်ကြားသီး ပုတီးကုံး တစ်ကုံး ပတ်ရံထားသည်။

သစ်ကြားပုတီးမှာ နောက်ပိုင်းသာသနာ(၂၅၀၀)ကို စောင့်ရှောက်သည့် သိကြားအား ရည်ညွှန်းသည် ဆိုလေသည်။

ဓာတ်လုံးကိုင်ကာ လက်ဆန့်တန်းထားသော စစ်သူကြီးရုပ်တုကိုလည်း

www.burmeseclassic.com

www.burmeseclassic.com



◆ အာလိန်ငါးဆင့်မှ အရုပ်များ

မြင်ရသည်။ ခမောက်တောင်ပိုင် **"ဘိုး တော်စစ်ကဲ"**ကို ကိုယ်စားပြုကြောင်း သိရသည်။

ကျောင်းခန်း နံရံပတ်လည်တွင် လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က ခမောက်တောင်ကျောင်းရှိ သံဃာ သာမဏေများ၏ မှတ်တမ်းဓာတ်ပုံ အချို့နှင့် ရသေ့ဦးစီ၊ မင်းကြမ်းဆရာ တော်ပုံတို့ ချိတ်ဆွဲထားသည်။

ဘိုးတော် အောင်မင်းခေါင်ကိုယ်တိုင် သာသနာ ပန္နက်ရိုက်ခဲ့သော ခမောက် တောင် သာသနာပြု နာယကဆရာ တော်ဟု ကမ္ပည်းတင်ထားသည့် မင်း ကြမ်းဆရာတော် ဦးနန္ဒိမာသည် ရသေ့ ဦးစီကဲ့သို့ပင် မန်လည်ဆရာတော်ကြီး ထံတွင် ပိဋကတ်စာပေများ သင်ယူခဲ့ သူဖြစ်ကာ ဦးစီ သာသနာပြုလုပ်ငန်း များတွင် မင်းကြမ်းဆရာတော်၏ ဩဝါဒများ ခံယူခဲ့သည်ဟု သိရသည်။

ခမောက်တောင်ကျောင်း တတိယ ဆရာတော်ဦးပုည ပန်းချီကားကိုလည်း မြင်တွေ့ရသည်။ ခမောက်တောင် ကျောင်းတွင် ပထမဆရာတော်ဦးနရိန္ဒ က မန္တလေးငွေးချိုတိုက်မှ ကြွလာကာ နှစ်ပေါင်း(၂၀)မျှ သီတင်းသုံးလျက် သာသနိက အဆောက်အအုံများကို စောင့်ရှောက် မွမ်းမံတော်မူသည်။

ဒုတိယဆရာတော်အဖြစ် အင်း တော်ကြီးမှ ကြွလာသော ဦးဝိလာသ က တစ်နှစ်ကျော်မျှ သီတင်းသုံး၍ တတိယဆရာတော် ဦးပုညမှာလည်း အင်းတော်ကြီးမှပင်ဖြစ်၍ နှစ်ပေါင်း (၂၀)မျှ သီတင်းသုံးသွား၏။

စတုတ္ထ လက်ရှိဆရာတော် ဦးကောဝိဒကား ကျောက်မဲဇာတိ၊ ရှမ်းတိုင်းရင်းသားဖြစ်၍ ခမောက် တောင်ကျောင်းသို့ သာမဏေဘဝက ပင် ရောက်ရှိခဲ့သည်။ ဆရာတော် ဦးပုညအား ဥပဇ္ဈယ်ပြုကာ ရဟန်း ဘောင်ရောက်ရှိလျက် ယခုအခါ သက် တော်(၇၀)နှစ်၊ ဝါတော်(၅၀)ရှိပြီ ဖြစ် ကြောင်း သိရလေသည်။

ကျောင်းပေါ်မှ ပြန်ဆင်းကာ တောင် တက် စောင်းတန်းလှေကားဆီသို့ ထွက်ခဲ့ကြရာ ကျောင်းဝင်းအတွင်း၌ ခေါင်းလောင်းအဖြစ် အသုံးပြုထား သော ဗုံးဆန်တစ်ခုကို တွေ့ရသည်။

စစ်အတွင်းက ဗုံးဆန်များ ကျ ရောက်ခဲ့သော်လည်း လူသူအဆောက် အအုံများ ပျက်စီးထိပါးခြင်း မရှိခဲ့သော အေးချမ်းသည့်နယ်မြေ ဖြစ်သည်ဆို၏။

ကျောင်းဆောင်အနီး၌ **"ပြတိုက်"** ဟု ကမ္ပည်းတင်ထားသော လေးပင် ခြောက်ခန်း ဇရပ်တစ်ဆောင်အတွင်း ဝေါယာဉ်များစွာ တွေ့ရသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ထက်မင်းကျော်စွာ**

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊



# မြင်းနှစ်တာကာလ



## ပုံရိပ်ရှင်တို့၏ အခြေအနေ

ဟူကျင်ဇီ (Hu Jin Zhi)

**၃၁–၁–၂၀၁၄ နေ့**တွင် ကျရောက်မည့် မြင်းစိုးမိုးသည့် နှစ်ဆန်း(၁)ရက်နေ့မှ **၁၈–၂–၂၀၁၅နေ့**အထိ မြင်းနှစ်ကာလအတွင်း ပုံရိပ်ရှင်တို့၏ အခြေအနေများမှာ...

✣ ကြွက်နှစ်ဖွား

အတွေးအခေါ် အကြံအစည်များ လွဲမှား တိမ်းစောင်းတတ်သည်။ တွက်ချက်ခန့်မှန်းချက်များ မရေမရာ ဖြစ်နိုင်သောကြောင့် ထင်သာမြင်သာရှိသော လုပ်ငန်းကိစ္စများကို အလေးထားပါ။

အရင်းအနှီးများစွာ စွန့်စားရင်းနှီးရသော မသေချာသည့် လုပ်ငန်းများကို ရှောင်ရှားပါ။ အိမ်ခြံမြေ အရှုပ်အထွေး ပေါ်ပေါက်နိုင်သည်။

လူငယ်တို့မှာ နှလုံးသားရေးရာ၌ အစွဲအလမ်း ကြီးမားပါက ဆုံးရှုံးမှုလည်း ကြီးမားတတ်သည်။ စားသောက်ဖွယ် လွန်ကဲခြင်း၊ မတည့်ခြင်းတို့ကြောင့် ကျန်းမာရေး ချို့ယွင်းခြင်း သတိထားပါ။

✣ နွားနှစ်ဖွား

အလုပ်အကိုင်၊ ရာထူးများ မတည်မငြိမ် ဖြစ်တတ်သည်။ လုပ်ငန်းခွင်နှင့် အလုပ်တာဝန်တွင် မလစ်ဟင်းရန် ဂရုစိုက် ထမ်းဆောင်သင့်သည်။

အမွေအနှစ်ကိစ္စ စကားများ ငြင်းခုံရကိန်းရှိသည်။ စိတ်လက်ညစ်ညူးဖွယ် သတင်းစကားများ ကြားရတတ်သည်။

ငန်သောအရသာ၊ အဖျော်ယမကာများ ဒုက္ခပေးနိုင်သည်။ မြစ်ကူးချောင်းခြား ရေလမ်းခရီး သွားရပါက သတိဝီရိယထားကာ အန္တရာယ်ကို ကြိုတင်ကာကွယ်ပါ။ အမျိုးသမီးဇာတာရှင်တို့မှာ ခင်ပွန်း(သို့မဟုတ်)ချွေးမနှင့် မကြာခဏ ကတောက်ကဆတ် ဖြစ်ရဖွယ်ရှိသည်။

✣ ကျားနှစ်ဖွား

ကြံတိုင်းအောင် ဆောင်တိုင်းမြောက်နိုင်သောနှစ် ဖြစ်သည်။ အလုပ်အကိုင်အကြံအစည်များ အောင်မြင်မှုများပြားနေမည်။

မိတ်ဆွေအပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်များနှင့် စိတ်သဘောချင်းတိုက်ဆိုင်တူညီကာ ဘုရားဖူး အလည်အပတ်ခရီးများ သွားရဖွယ်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ပစ္စည်းများ အကျိုးပေးထက်သန်မည်။ အိမ်တွင်းရေး သန့်ရှင်းတည်ငြိမ်၍ မင်္ဂလာပြည့်ဝသောကာလ ဖြစ်သည်။

✣ ယုန်နှစ်ဖွား

အတန်အသင့် အဆင်ပြေ လွယ်ကူသော ဘဝနေမှု ပိုင်ဆိုင်ရတတ်သည်။ အခက်အခဲ ပြဿနာကြီးများ နည်းပါးသည်။

ဇာတိမြေ၊ ရှေးဟောင်းသမိုင်းဝင် နေရာဌာနများသို့ သွားလာရကိန်း ရှိသည်။ ယာဉ်၊ရထား မတော်တဆ ဖြစ်မှုဘေး သတိထား ကာကွယ်ပါ။

ထင်းမီးသွေး၊ လောင်စာ၊ မီးဖိုချောင်သုံးပစ္စည်းများ အကျိုးပေးမည်။ ဝတ်ကောင်းစားလှများ ဝတ်စားဆင်ယင်၍ ပွဲနေ့ပွဲထိုင် သွားရတတ်သည်။ ယုန်နှစ်ဖွား အိမ်ရှင်မတို့မှာ ယောက္ခမ (ယောကျ်ားသူ)ထံမှ အထောက်အပံ့အကူအညီများ လက်ခံရဖွယ်ရှိသည်။

✣ နဂါးနှစ်ဖွား

မဟုတ်မတရား စွပ်စွဲပြောဆိုခြင်း ခံရတတ်သည်။ အမည်ဂုဏ်သတင်း ညှိုးနွမ်းစေရန် လုပ်ကြံလိုဆယ်သူ ပေါ်ပေါက်နိုင်သည်။ ပြောဆိုသမျှ အလေးအထား ဩဇာတိက္ကမ နည်းပါးသောအချိန်ဖြစ်ရာ အပြောအဆို ဆင်ခြင်သင့်သည်။

စေတနာကို အထင်လွဲမှားခြင်း ခံရတတ်သည်။ နေအိမ်တွင် ညှော်ပို၊ ညှော်မြှောင်များ ရောက်ရှိ ဒုက္ခပေးနိုင်သည်။

နဂါးနှစ်ဖွား အိမ်ထောင်ဦးစီးများ သားသမီးအတွက် ကရုဏာဒေါသ ကြုံရဖွယ်ရှိသည်။

✣ မြွေနှစ်ဖွား

အခက်အခဲပြဿနာ ကြုံတွေ့ရပါက ကူညီထောက်ပံ့သူ ပေါ်ပေါက်နိုင်သည်။ စီးပွားရေး၊ ကျန်းမာရေး မျက်နှာစာများတွင် အားကိုးရလောက်သည့် ကျောထောက်နောက်ခံ



www.burmeseclassic.com

www.burmeseclassic.com

အင်အားရရှိမည်။

မိခင်၏ ဆွေမျိုးသားချင်းများ အတွင်း သာရေးနာရေးကိစ္စ ပေါ်ပေါက်၍ အလုပ်အကိုင်တာဝန် ဝတ္တရားများ ပျက်ကွက်နိုင်ခြေရှိသည်။

သစ်တောထွက်ပစ္စည်းများ အကျိုးပေး ထက်သန်သောကာလဖြစ်သည်။ မျက်မှန်၊ ကင်မရာ၊ ရုပ်သံစက်များ လက်ဆောင်ရတတ်သည်။

✣ မြင်းနှစ်ဖွား

သုခပြည့်စုံသောနှစ် ဖြစ်သည်။ ရင်ဆိုင်တွေ့ကြုံနေရသော အခက်အခဲ ပြဿနာများ၊ သောကပရိဒေဝများ အားလုံး ချုပ်ငြိမ်း ပျောက်ကွယ်သွားလိမ့်မည်။

မိတ်ဆွေအသိုင်းအဝိုင်း၏ ချစ်ခင်လေးစားခြင်း ခံရတတ်သည်။ စက္ကူ၊ အထည်အလိပ် ပစ္စည်းများ အထူးကောင်းကျိုးပေးမည်။ ငွေကြေးစီးပွား အထောက်အပံ့များ ခံစားရကိန်း ရှိသည်။

သစ်ပင်သစ်တော ထူထပ်ရာဒေသ၊ ကျေးလက်ဒေသများသို့ သွားရောက်ရဖွယ် ရှိသည်။ အသိပညာ ဗဟုသုတ တိုးပွားသောကာလ ဖြစ်သည်။

✣ ဆိတ်နှစ်ဖွား

အလုပ်အကိုင်၊ ရာထူးနေရာ အခက်အခဲ ကြီးမားခြင်း မရှိပါ။ ရပ်ဝေးမြေခြား၊ ပင်လယ်လမ်းခရီးများ သွားလာရတတ်သည်။ ရပ်နီးရပ်ဝေး၌ အမည်ကောင်းသတင်း ကျော်ကြားနိုင်သည်။

အဖျော်ယမကာ၊ ပင်လယ်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးနိုင်သော ကာလဖြစ်သည်။ အမျိုးသမီးဇာတာရှင်တို့မှာ အားကိုးလောက်သည့်ခင်ပွန်း ရရှိနိုင်၍ အမျိုးသားများမှာ သားသမီးဦးရေ တိုးပွားနိုင်သည်။

✣ မျောက်နှစ်ဖွား

ငွေကြေးလာဘ်လာဘ အတန်အသင့် ရွှင်လန်းဝေဆာလိမ့်မည်။ စီးပွားရောင်းဝယ်မှုများ ဖြစ်ထွန်းအောင်မြင်မည်။ ဖခင်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ် သတင်းစကား ဖြစ်ရပ်များ ကြားနာ ကြုံတွေ့ရဖွယ်ရှိသည်။

ယာဉ်၊ ရထား စက်ကိရိယာများ ဝင်ကိန်းရှိသည်။ အလုပ်အကိုင်ရှာဖွေနေသူတို့မှာ အခြေတကျ တည်မြဲသော အလုပ်အကိုင်များ ရရှိနိုင်ကြသည်။

လူပျိုလူလွတ်များမှာ ဇနီးမယားရရှိတတ်သဖြင့် ကြိုတင်ပြင်ဆင်ထားသင့်သည်။

✣ ကြက်နှစ်ဖွား

စီးပွားအလုပ်အကိုင် တည်ငြိမ်မှုရှိမည်။ ငွေကြေးအကျပ်အတည်း ကြီးမားခြင်း မရှိပါ။ ရွှေငွေကြေးသံသတ္တုပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်သည်။

ကံတိုက်လုပ်ငန်း အကျိုးပေးသောကာလဖြစ်သည်။ ဖခင်ဘက်မှ အကူအညီ အထောက်အပံ့များ လက်ခံရကိန်း ရှိသည်။

သင်ယူ လေ့လာထားသော နှုတ်မှု လက်မှု အသိအတတ်များမှလည်း အကူအပံ့ ငွေကြေးများ ဝေဝေဆာဆာ ရရှိနိုင်သည်။

✣ ခွေးနှစ်ဖွား

အလုပ်အကိုင် တိုးတက်ကြီးပွားမည်။ ဝန်ထမ်းအမှုထမ်းတို့အတွက် ရာထူးလစာ တိုးတက်မြင့်မားလာနိုင်သည်။ အမွေအနှစ်များ ခံစားရကိန်းရှိ၏။ မင်းစိုးရာဇာ၊ ဂုဏ်သရေရှိ လူကြီးများနှင့် ခင်မင်သိကျွမ်းခွင့် ရတတ်သည်။ နေထိုင်မှု အဆင့်မြင့်မားလာမည်။

ရပ်ဝေးမြေခြားမှ ဝမ်းမြောက်ဖွယ် သတင်းစကားများ ကြားရတတ်သည်။ ပန်းချီ၊ ပန်းရန်နှင့် အဖျော်ယမကာများနှင့် ပတ်သက်၍ အကျိုးအမြတ် ရရှိနိုင်သည်။ အဖော်မဲ့ အမျိုးသမီးများ ခင်ပွန်းရကိန်းရှိသည်။

✣ ဝက်နှစ်ဖွား

အခက်အခဲ နည်းပါးသော နှစ်ဖြစ်သည်။ မိဝေးဖဝေး တစ်နယ်တစ်ကျေးတွင် စီးပွားရှာဖွေနေပါက မိဘရပ်ထံ ပြန်လည် ရောက်ရှိနိုင်သည်။ မိတ်ဆွေ အပေါင်းအသင်း တိုးပွား၍ ပရဟိတ လုပ်ငန်း များပြားလိမ့်မည်။

မောင်နှမသားချင်းတို့၏ အားကိုး အားထားပြုခြင်း ခံရဖွယ်ရှိသည်။ တောင်တန်း မြေမြင့်ဒေသများသို့ သွားလာရကိန်းရှိသည်။ အိုးအိမ်အရွှေ့ အပြောင်း ကြုံရတတ်သည်။

ဤနှစ်တွင် ကြမ္မာ၊ ဂြိုဟ်စီး ညှံ့ဖျင်းနေသူတို့သည် ကြေး၊ ဒန်၊ စတီး စသည် သတ္တုဖြင့် ပြုလုပ်ထားသော စားဖိုဆောင်သုံး ပစ္စည်း(၉)ခုကို **ပရဟိတဂေဟာ၊ လူမှုရေးအသင်းအဖွဲ့ (သို့မဟုတ်) ဘာသာရေး အဆောက်အအုံ** (ဘုန်းတော်ကြီးကျောင်း၊ ဘုံဘုရားကျောင်း စသည်) တစ်ခုခုသို့ လှူဒါန်းပါ။ ကံကြမ္မာ ပွင့်လင်းလာပါလိမ့်မည်။

***မြင်းနှစ်တာကာလ ကြတိုင်း အောင်၍ ဆောင်တိုင်း မြောက်ကြပါစေ။***

**ဟူဂျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com


## ကျန်းမာပါစေဆေးတိုက်မှဖြန်မာ့ဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး ၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကုသ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။

ဆီး ၊ ဝမ်း ၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)



အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊မျက်စိရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊စအိုနာ၊ဆီးဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအပူအပုပ် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။



နေပူ ၊ မီးပူ ၊ ရင်တွင်းသောကအပူ မှန်သမျှ ငြိမ်းစေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အပူငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊မီးယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အနိုးအကင်းမှန်သမျှ ပွင့်စေမည့်

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အနိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရတဲ့

ဆရာကြီး ဦးဝင်းလေး ၏ **ကျန်းမာပါစေ အကြောလိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောကပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

# ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**


အမှတ်(၈၂)ဇေယျာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉၇၃၀၈၅၄၄၀၊ ၀၉၇၃၀၂၉၉၃၀၊ ၀၉၄၂၀၀၆၆၃၉၈




www.burmeseclassic.com

www.burmeseclassic.com



လက်မင်းကျော်စွာ

◆ ဝေဘူဆရာတော်၏ အရိုးတော်ဓာတ်

ဝေဘူဆရာတော်ကြီး၏ နွေရာသီ သီတင်းသုံးရာ

# အင်ကြင်းပင် သာသနာမြေသို့ (၂)

**ယခင်လမှ အဆက်**

၁၃၁၂ ခုနှစ်အရောက်တွင် ရွှေဘို အောင်မြေကျောင်းသို့ ရွှေဘိုမှ ဦးအုန်းဖေ၊ ဦးထွန်းဖေတို့ ပင့်ဆောင်သဖြင့် တစ်ဌာနလျှင် (၄)လစီ သီတင်းသုံး သာသနာပြုတော်မူလေသည်။

**ကျောင်းတိုက်များဆီသို့**

အင်ကြင်းပင် နန်းဦးပရိယတ္တိ ကျောင်းတိုက်သည် ဝေဘူဆရာတော် ရှိစဉ်ကာလကပင် ပရိယတ္တိစာပေ ပို့ချရာ စာသင်တိုက်ဖြစ်၍ ဝေဘူဆရာတော်ကြီးသည် ဝိပဿနာကမ္မဋ္ဌာန်းကို အဓိကပြု၍ ဖြန့်ဝေ သာသနာပြုတော်မူသဖြင့် ကျောင်းများဆီသို့ အဝင်မြောင်းပေါင်ထက် ဆိုင်းဘုတ်၌ **“ကျေးဇူးတော်ရှင် ဝေဘူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းကျောင်းတိုက်”**ဟုသာ ကမ္ပည်း ရေးထိုးထားလေသည်။


ထိုမှ မြောင်းကျော်တံတားကို ဖြတ်သန်း၍ (၁၅)မိနစ်ခန့် လျှောက်လေမှ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ရောက်ပါသည်။

ကမ္မဋ္ဌာန်းကျောင်းတိုက် အရံတံတိုင်း၏ အရပ်လေးမျက်နှာတွင် အဝင်မုခ် လေးမုခ်ရှိ၍ နားနေရန် အုတ်တိုက်ဇရပ်များ ပြုလုပ်ထားသည်။ ကျေးရွာဝလေ့ ရေချမ်းအိုးများကိုလည်း ရေအပြည့်ဖြည့်ထားသည်ကို တွေ့ရသည်။

ကမ္မဋ္ဌာန်းကျောင်းတိုက်၏ တောင်ဘက်မှ ကွေ့ဝိုက်ကာ အရှေ့ဘက်သို့ ရောက်သောအခါ **“အင်ကြင်းပင် နန်းဦး ပရိယတ္တိစာသင်တိုက်ကျောင်းကြီး”**ဟူသော ကမ္ပည်းနှင့် မုခ်ဦးကို မြင်ရသည်။

ဝေဘူဆရာတော် သာသ[illegible] ဘောင်သို့ စတင်ရောက်ရှိရာ နန်းဦး

www.burmeseclassic.com



◆ မူလနန်းဦးကျောင်းဆောင်

ကျောင်းဝင်းအတွင်းတွင် ဦးစွာ လှေ့လာကြည့်သည်။

## နန်းဦးကျောင်း

မုခ်ဦးမှ ဝင်လာသည်နှင့် ထည်ဝါသော နှစ်ထပ်အုတ်ကျောင်းကြီးကို တွေ့ရသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့်နောက်တွင်မှ အသစ်ပေါ်ပေါက်လာသော ကျောင်းဆောင်ဖြစ်သည်။ ညဦးဦးနှင့် နံနက် အရုဏ်တက်ချိန်များတွင် ရဟန်းသာမဏေတို့ စုပေါင်း ဝတ်တက်ကြသော ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

ထို ကျောင်းဆောင်အပေါ်ထပ်ဘုရားခန်းအတွင်း၌ တင်ပျဉ်ခွေကြေးသွန်းရုပ်ပွားတော်ကြီး တစ်ဆူနှင့် သစ်သားရုပ်ပွားတော်ငယ် တစ်ဆူ ပူဇော်ထားသည်။

ဝေဘူဆရာတော်ကြီး၏ ပုံတော်ကို



◆ နန်းဦးတိုက်သိမ်တော်

လည်း ဖူးတွေ့ရသည်။ ထိုပုံတော်အနီးစားပွဲပေါ်၌ **စွယ်တော်ပွားတစ်ဆူနှင့် ဝေဘူဆရာတော်၏ အရိုးတော်ဓာတ်များ** ပူဇော်ထားသည်။

စွယ်တော်ပွားမှာ နန်းဦးကျောင်းတိုက်ကြပ်ဆရာတော် အရှင်မဏ္ဍလ ၂၀၁၁ ခုနှစ်က စင်ကာပူနိုင်ငံသို့ ကြွရောက်စဉ်က အလှူခံပင့်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လှူဒါန်းသည့် ဒါယကာမှာ အိမ်ရှိလက်ာတွင် သံရုံးတာဝန်အဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိ၍ ပင့်ဆောင်





www.burmeseclassic.com

www.burmeseclassic.com






◂ ထီးတော်ရုံ

သစ်သားထီး ▸

◂ ထီးအခြေအောက်ခုံမှ အိုးလေးလုံး



ကိုးကွယ်ထားသော စွယ်တော်ပွားဖြစ်သည်။ ဝေဘူဆရာတော်ကြီး၏ ဇာတိမြေ အင်ကြင်းပင်ရွာကျောင်းတွင် စွယ်တော် ကိန်းဝပ်ခြင်း မရှိသေးပါက လှူဒါန်းလိုကြောင်း လျှောက်ထား ဆက်ကပ်ခဲ့ခြင်း ဖြစ်သည်ဆို၏။

အရိုးတော်ဓာတ်ကား ဝေဘူဆရာတော်သည် ၁၃၃၉ ခုနှစ်၊ ပထမဝါဆိုလဆန်း(၁၀)ရက်နေ့တွင် ပျံလွန်တော်မူသည်။

ရုပ်ကလာပ်မှာ မပုပ်မပျက်ဘဲ ခြောက်သွေ့သွားရာ အင်ကြင်းပင် ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် ပူဇော်ထားရှိသည်။ နောက်ပိုင်းတွင် မီးပူဇော်ရန်၊ မပူဇော်ဘဲ ထားရှိရန် တပည့်ဒါယကာများ ဝိဝါဒ ကွဲလာကြသဖြင့် ထိုစဉ်က ရွှေဘိုမှ ဝါတော်ကြီးရင့်သော ဓမ္မသုခဆရာတော်နှင့် ပုခန်းဆရာတော်တို့အား ပင့်ဖိတ်၍ အဆုံးအဖြတ်ခံယူကြရာ ဆရာတော်နှစ်ပါးက ရုပ်ကလာပ်အား မီးပူဇော်ရန် ဆုံးဖြတ်ပေးကြသည်။

သို့ဖြစ်၍ (ထိုစဉ်က)ခင်ဦးမြို့ ပြည်သူ့ကောင်စီက ကြီးမှူး၍ ဦးအာစာရာဘိဝံသ၊ ဦးပညာဝံသ၊ ဦးဝိစာရ စသည့် တပည့်ဆရာတော်များ စီမံကာ မီးသဂြိုဟ်ခဲ့ကြသည်။ ပျံလွန်တော်မူပြီးနောက် ဆယ်လခန့်အကြာ ၁၃၃၉ ခုနှစ်၊ တပေါင်းလဆန်း(၁၄)ရက်နေ့တွင် အန္တိမဓာတေဇောဈာပန ကျင်းပသည်။

ကြွင်းကျန်ရစ်သော အရိုးတော်ဓာတ်အချို့ကို မီးသဂြိုဟ်ရာ နေရာတွင် **'ရန်အောင်မြေ'**စေတီတည်၍ ဌာပနာပြုသည်။ အချို့ကို **အင်ကြင်းပင်၊ ရွှေဘိုအောင်မြေကျောင်း ကျောက်ဆည်ဝေဘူချောင်တို့သို့** ခွဲဝေပေးလိုက်သည်။

ယခု နန်းဦးကျောင်း ဘုရားဆောင်တွင် ဖူးတွေ့ရသည်မှာ အင်ကြင်းပင်ကျောင်းတွင် ပူဇော်ရန် ထားရှိသော အရိုးတော်ဓာတ်ဖြစ်ကြောင်း သိရပေ

www.burmeseclassic.com






▲ မွှာရုံ

◀ မွှာရုံတွင်း ရုပ်ပွားတော်

▼ ဝဏ္ဏကမြေအလှူကျောက်စာ



သည်။

သစ်သားရုပ်ပွားတော်ကား ဆရာတော် ဦးသုမန လက်ထက်တော်ကပင် လှူဒါန်း ပူဇော်ခဲ့သည့် ရှေးဟောင်းရုပ်ပွားတော်ဖြစ်သည်။ ရောင်လျှံချွန် နားရွက်တော် ပခုံးထိကာ ရယ်ပြုံးတော်မူဟန် ဖြစ်သည်။ ဘူမိဖဿမုဒြာဖြင့် စံပယ်တော်မူသည်။

ပုံဟန်တော် ထူးခြားသကဲ့သို့ လက်ယာလက်ဖမိုးတော်တွင် တစ်စုံတစ်ခု ထည့်သွင်းပူဇော်ထားသည့်ဟန် မို့မောက်နေသည်ကို တွေ့ရသည်။ ဒေသခံတို့၏ အဆိုအရ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပြုကာ ဆုတောင်းလျှင် မှုဟန်တော် သက်ဝင်ပြောင်းလဲတတ်သည့် ဆုတောင်းပြည့်ရုပ်ပွားတော်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပဋ္ဌာန်းဂုဏ်တော် စက်လှည့်ပူဇော်နည်းဖြင့် ကုသိုလ်ပြုပူဇော်ကာ ဆုတောင်းနေကျအတိုင်း ကျန်းမာချမ်းသာ ပြည့်စုံစွာဖြင့် သာသနာအကျိုး ဆောင်ရွက်ရလိုကြောင်း ဆုတောင်း၏။ မျက်နှာတော် ပိုမိုဝင်းပ ကြည်လင်လာသယောင် ထင်မြင်မိပေသည်။

## အရှေ့ဘက်ဆီသို့

ထိုမှ ကျောင်းဝင်းအတွင်း အရှေ့ဘက်ဆီသို့ ထွက်ခဲ့သည်။ နှစ်ထပ် အုတ်ကျောင်းနှင့် ကပ်လျက် အရှေ့ဘက်တွင် မူလ နန်းဦးကျောင်းဆောင်ရှိသည်။ ဘုံခုနစ်ဆင့်ပြာသာဒ်တင် ဘုရားဆောင်နှင့် ရှေးမြန်မာမှုလက်ရာများ မွမ်းမံထားသော ကျောင်းဖြစ်သည်။


နှစ်ကာလကြာသဖြင့် ပျက်စီးယိုယွင်းလာရာ အောက်ခြေတိုင်များကို အုတ်အင်္ဂတေစီ၍ ထောက်မ,ပေးထားရသည်။

ထိုကျောင်းတွင် လက်ရှိ နန်းဦးကျောင်းဆရာတော် ဦးဉာဏဝံသ သီတင်းသုံးတော်မူသည်။ ဝေဘူဆရာ



www.burmeseclassic.com

www.burmeseclassic.com



◄ ထွတ်ကမြေ သီတာခ စပါးကျီ



နာယကဆရာတော် အရှင်ပညာဝံသ ►

တော်ကြီး တပည့်ရင်းများအနက် ယခုအခါ တစ်ပါးတည်း ကျန်ရစ်သော တပည့်ဖြစ်သည်။

အန္တိမတေဇောဈာပနတွင် ပါဝင်စီမံဆောင်ရွက်ပေးရသော ဆရာတော်လည်း ဖြစ်လေသည်။ ၁၃၆၂ ခုနှစ်တွင် **မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့**၊ ၁၃၇၄ ခုနှစ်တွင် **အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့**များ ဆက်ကပ်ခံခဲ့ရသည်။

ဆရာတော်အား အရှင်မဏ္ဍလနှင့်အတူ ဝင်ရောက်ဖူးတွေ့ရာ တရားဟောကြားဆုံးမတော်မူသည်။

'ဒကာတို့ စာရေးဆရာတွေဆိုတာ သတင်းမှုဆိုးတွေပဲ။ သတင်းအနံ့ရရင် လိုက်ကြမှာပဲ။ အဲဒီအခါ သတိထားရမှာက ဘုန်းကြီးရင် ခိုလှုံချင်သူတွေ များတယ်။ ကြားတိုင်းမယုံနဲ့။ ချင့်ချိန်ပြီး အထောက်အထားခိုင်လုံသေချာမှ ရေးကြပါ။

တော့ဆရာတော်ကြီးအကြောင်း မကောင်းပြောတာဖြစ်စေ၊ သာသနာတော်ကို ဖျက်ဆီးတာဖြစ်စေ တကယ်တမ်း ဒဏ်ခံပျက်စီးမှာကတော့ ပြုသူပါပဲ။ ဆရာတော် ဂုဏ်မသိန်သလို သာသနာတော်လဲ ပျက်စီးမှာမဟုတ်ပါဘူး'

ဟူ၍ အလေးအနက် မှာကြားတော်မူသည်။ ဆရာတော်သည် ယခုအခါ သက်တော်(၇၈)နှစ်ရှိပြီ ဖြစ်သော်လည်း စာဝါပို့ချနေဆဲ ဖြစ်လေသည်။

ဆရာတော်ထံမှ ပြန်လည်ထွက်ခွာ၍ ကျောင်းကြီးကို အဝေးအနီးမှ လှည့်ပတ်လေ့လာကြည့်ရာ မြောက်ဘက်မြင်ကွင်းတစ်ခုသာလျှင် မူလပုံစံပေါ်လွင်တော့သည်။ ဤကျောင်းကို မင်းတုန်းမင်း၏ ဘဏ္ဍာစာရေး နေမျိုးသီရိရာဇာဘွဲ့ခံ ဦးကူးဖြစ်ကြောင်း သိရသည်။ ***(ကျော်ဇေယျာလေး၏ ဝေဘူဆရာတော် ထေရုပ္ပတ္တိ၊ စာမျက်နှာ ၁၂၃-၁၂၄)***

မင်းတုန်းမင်း နတ်ရွာစံသော ၁၂၄၀ ပြည့်နှစ်မတိုင်မီ လှူဒါန်းသည်ဟု ယူဆဖွယ်ရှိပေရာ ယခု ၁၃၇၅ ခုနှစ်တွင် နှစ်ပေါင်း (၁၃၅)နှစ်ခန့် ရှိပေပြီ။

## ထီးတော်တန်ဆောင်း

နန်းဦးမူလကျောင်းမှ အရှေ့ဘက်သို့ ထွက်ခွာခဲ့ရာ စေတီများအစုသို့ မရောက်မီ ပြိုပျက်ခါနီး တန်ဆောင်းငယ်တစ်ခု တွေ့ရသည်။ ထီးတော်တန်ဆောင်းဟု ခေါ်ကြသည်။ အတွင်း၌ သစ်သားကနုတ်ပန်းပြောက်များ တန်ဆာဆင်ထားသည်။ ထီးတော်ကြီးမှာ ရွှေများ မှိန်၍ အစိတ်အပိုင်းအချို့ ပြုတ်ထွက်ချို့ယွင်းစ ပြုနေပြီဖြစ်သည်။

ထီးရိုးစိုက်ထားသည့် အုတ်ခုံထက်ထောင့်လေးခု၌ အရာလေးခု တွေ့ရသည်။ မူလက အိုးလေးလုံး ထားရှိခဲ့ရာ ပျက်စီးကုန်ပြီဟု ဆိုသည်။

မည်သည်ကို ရည်ညွှန်းပြုလုပ်ထားကြောင်း မသိရပေ။ ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသည့် ဘုရားရှင်လေးဆူအား ရည်မှန်းကာ ရွှေသပိတ်လေးလုံး ကိုယ်စားပြု တည်ထားကိုးကွယ်ခြင်း ပေလောဟု တွေးဆဖွယ်ရှိသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဖူးခဲ့ ကြုံခဲ့ရတဲ့

# ဝေသုက္ခီဆရာတော်

ဖော်နီတာ
(ဗန်းမောက်)

ကျွန်မ ငယ်ငယ်က အလွန် ထူးခြားသော ဆရာတော်တစ်ပါး တွေ့ခဲ့ရပါတယ်။ အဲဒီ ဆရာတော်ကတော့ **စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ဗန်းမောက်မြို့နယ်၊ ဝေသုက္ခီရွာမှ ဝေသုက္ခီဆရာတော် ဖြစ်ပါတယ်။**

မှတ်မှတ်ရရ ကျွန်မ ရှစ်တန်း ၁၉၇၁–၇၂ ခုနှစ် စာသင်နှစ်မှာပါ။ ဟိုတစ်ချိန်က ကျွန်မတို့ ဗန်းမောက်မြို့မှာ ကားအလွန် ရှားပါးပါတယ်။ တစ်မြို့လုံးမှာ ကားနည်းနည်းပဲ ရှိပါတယ်။ ကျွန်မအဒေါ် အမျိုးသားက ကားမောင်းပါတယ်။

အလွန် ထူးခြားတဲ့ ဆရာတော်ကို ဖူးဖို့ အမြို့မြို့အနယ်နယ်က လာရောက်ကြပါတယ်။ ကျွန်မတို့မြို့ရောက်မှ ကားငှားပြီး စု၍ ဆရာတော်ဖူး ထွက်ကြပါတယ်။ ကျွန်မ ရှစ်တန်း ကိုးလပတ် ဖြေမယ့်နေ့မှာ ဆရာတော်ဖူးထွက်ရန် ခရီးသည်တစ်စုက ကျွန်မဦးလေးမောင်းသော အောင်ရတနာကား ငှားပါတယ်။ ကျွန်မလဲ လိုက်ဖူးရန် ဦးလေးကိုပြောတော့ ဦးလေးက မလိုက်ရန်တားပါတယ်။ ဘုန်းကြီးဖူးရန် လိုက်မည့်ခရီးသည်များလို့ တားခြင်း ဖြစ်ပါတယ်။

ကျွန်မ ဆရာတော်ကို တအားဖူးလိုလို့ ကားနိုးစီးဖို့ အဝေးမှ ချောင်းကြည့်နေပါတယ်။ ဟိုအချိန်က ကားများဟာ အတော်နှိုးပြီးမှ ကားထွက်လို့ ရပါတယ်။ ကျွန်မဦးလေး ကား စက်နှိုးနေစဉ် ကျွန်မ ကားပေါ် ရုတ်တရက် ခုန်တက်လိုက်ပါတယ်။

ခရီးသည်များကလဲ ကလေးတစ်ဦး ကားပေါ်တက်လိုက်လို့ ဆင်းဖို့ ကျွန်မကို ပြောပါတယ်။ ကျွန်မကလဲ ကားမောင်းဆရာမှာ ကျွန်မဦးလေး ဖြစ်ကြောင်း၊ ဘုန်းကြီးကိုလဲ တအားဖူးလိုကြောင်းပြောတော့ ကားပေါ်ပါလာတဲ့သူအားလုံး ကျေနပ် လက်ခံလိုက်ပါတယ်။

လမ်းခရီးတစ်ဝက်လောက်မှသရက်ကုန်းရွာမှာ ကား ရုတ်တရက် ပျက်သွားလို့ ကားပြင်မှ ကျွန်မဦးလေး ကျွန်မလိုက်လာမှန်း သိပါတယ်။

ဆရာတော်ကြီးဆီကို ညနေ (၅)



www.burmeseclassic.com

www.burmeseclassic.com

နာရီလောက်မှာ ရောက်ပါတယ်။ ကားစက်မရပ်ခင် ကျွန်မ ကလေးပီပီ ခုန်ဆင်းပြီး သူများတွေထက် ဦးအောင်ဖူးဖို့ ကျောင်းပေါ် အပြေးတက်လိုက်ပါတယ်။

ကျောင်းပေါ်တွင် ဘုန်းကြီးတစ်ပါးနဲ့ ကပ္ပိယတစ်ဦး တွေ့ရှိရပါတယ်။ ကျွန်မလဲ ဘုန်းဘုန်းကိုဖူးပြီး ကျောင်းဝင်းအပြင် ကားရပ်ထားသောနေရာသို့ ပြန်သွားပါတယ်။ အဲဒီအချိန်တွင် ကားရပ်ပြီး ကျွန်မပျောက်လို့ ခရီးသည်အားလုံး ကျွန်မကို လိုက်ရှာနေချိန် ဖြစ်ပါတယ်။ ကျွန်မကလဲ ကားမရပ်ခင် ခုန်ဆင်းပြီး ဘုန်းကြီးကိုသွားဖူးကြောင်း ပြောတော့ ဦးလေးလဲ စိတ်ဆိုးပြေသွားပါတယ်။

ခရီးသည်အားလုံး ဘုန်းကြီးဖူးရန် ဦးလေးကပြော၍ ကျောင်းပေါ်တက်ကြပါတယ်။ ကျွန်မက နောက်မှ တက်လိုက်တယ်။ ဘုန်းဘုန်းနားတွင် သွားထိုင်၍ ဖူးပါတယ်။ ဆရာတော်ဖူးသူအားလုံးက ဘုန်းဘုန်းနားတွင် မထိုင်ရန် တားကြပါတယ်။

ဆရာတော်က **"သူဖူးလိုတဲ့နေရာမှာ ဖူးပါစေ"**လို့ ပြောလို့ အားလုံး ငြိမ်သွားကြပါတယ်။ ဆရာတော်က စ,၍ စကားပြောပါတယ်။ "ဒကာတို့အားလုံး အနယ်နယ် အရပ်ရပ်က လာကြတာပဲလား"လို့ မိန့်ပါတယ်။ ရန်ကုန်၊ မြိတ်၊ ထားဝယ်၊ ဘီလူးမြို့၊ မိုးညှင်းမြို့၊ မိုးကောင်းမြို့တို့လဲ ပါတယ်လို့ပြောပြီး အားလုံး မိတ်ဆက်ကြပါတယ်။ အဲဒီအခါမှ ဆရာတော်မိန့်တဲ့အတိုင်း ဖြစ်နေတာ ထူးဆန်းစွာ သိလိုက်ရပါတယ်။

ခရီးလမ်းတစ်ဝက်မှာ ကားပျက်တာလဲ ဆရာတော် ကြိုသိနေပါတယ်။ ကျွန်မတို့ ဘယ်သူမှမပြောဘဲ မိန့်ခဲ့လို့ ဖြစ်ပါတယ်။ ဆရာတော်ဖူးပြီး အားလုံးဆင်းသွားတော့ ရှေ့ဆုံးမှ ထိုင်နေတဲ့ ကျွန်မက ဆရာတော့်နံဘေးနားမှာ ထောင်ထားတဲ့ ပေါင်းတင်းကျိ (၁) ချောင်းနဲ့ အနားတွင်ပုံထားတဲ့ လိမ္မော်သီး အခွံခြောက်နေတဲ့ အသီးတွေကို ကျွန်မတွေ့ပြီး စားရရင် ကောင်းမှာပဲလို့ ကျွန်မ တွေးနေမိပါတယ်။

ကျွန်မ တွေးနေစဉ်မှာပဲ ဆရာတော်က ကျွန်မအားပေးရန် ကပ္ပိယအား ပြောပါတယ်။ ကပ္ပိယက ကျွန်မရှေ့မှာပဲ လွန်ခဲ့သော (၂)နှစ်၊ (၃)နှစ်က ပေါင်းတင်းနဲ့ ခြောက်နေတဲ့ လိမ္မော်သီးများဖြစ်ကြောင်း ပြောပါတယ်။ ဆရာတော်က "သူဆာနေလို့ ပေးလိုက်ပါ"လို့ ပြောပါတယ်။

ကျွန်မလဲ ကပ္ပိယပေးသော ပေါင်းတင်းချောင်း (၁)ချောင်းနဲ့ လိမ္မော်သီးခြောက်ကိုယူ၍ ကျောင်းအောက်သို့ ဆင်းလာခဲ့ပါတယ်။ ဆရာတော်ပေးရင် သိပ်ကောင်းမှာပဲလို့ ကျွန်မအတွေးကို ဆရာတော် ဘယ်လိုသိပါလိမ့်ဟု တွေးနေမိပါတယ်။

ကျွန်မတို့တည်းဖို့ ဇရပ်ရောက်တော့ ပေါင်းတင်းကိုခွဲကြည့်ရာ ယခုမှ ဖုတ်ထားတဲ့အတိုင်း လတ်လတ်ဆတ်ဆတ် ပေါင်းတင်းဖြစ်နေတဲ့အတွက် အံ့သြကြရပါတယ်။ ပေါင်းတင်း ဝေငှစားပြီးတော့ လိမ္မော်ခြောက်ကို ခွဲရာမှာလဲ အပြင်တွင်ခြောက်ပြီး အထဲ,ထဲမှာ လတ်ဆတ်တဲ့ လိမ္မော်သီးကို ကျွန်မကိုယ်တိုင် စားသုံးရပါတယ်။

ဒါကြောင့် ဝေသုကို့ဆရာတော်ဟာ ထူးထူးခြားခြား ဆရာတော်တစ်ပါးဖြစ်ကြောင်း မှတ်တမ်းတင် ပူဇော်ကန်တော့လိုက်ရပါတယ်။

**မော်နီတာ** *(ဖန်းမောက်)*

---

**စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .**

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ်ရောင်ခြည်မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်း။**



www.burmeseclassic.com

www.burmeseclassic.com

► ကြော် ငြာ ဆောင်း ပါး ◄

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

॥ မှတ်ပုံတင် - ၁၁၃၄y၁၁၈၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆယ်လားတိုး (၁၃၁၂) ॥

'' ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ''




'' ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ''

'' နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ''

'' နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ''

'' ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ''

'' ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာ မကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါ သက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ''

'' ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ''

'' ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ''

'' သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ် ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး ''

'' သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

'' ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ''

'' ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန် မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ သွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ''

'' ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ ''

'' အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၉/၁၅၆)သောဘိတလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၂

**မြောင်းမြ ကောင်းယဉ်တင့်**

www.burmeseclassic.com

စိတ်သဒ္ဓါပွားလျှင် ကြုံသမျှထူးစေသည့်

# ဝိဇ္ဇာဂုဏ်ရှင် ထံတော်ဦးဆီသို့ (၂)

စံလွန်းသာ

**ယခင်လမှ အဆက်**

ဟု အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။ ထို့နောက် ဆရာတော်သည် အနယ်နယ်သို့ ကြွရောက်၍ သာသနာပြုခြင်း၊ ပဋိပတ်ကျင့်စဉ်များ ဖြည့်ကျင့်ခြင်းစသည့် ပါရမီစခန်း တက်လှမ်းခဲ့ပြီးနောက် သက်တော် (၆၆)နှစ်ပြည့် မွေးနေ့ ၁၃၅၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက်နေ့တွင်...

'လုပ်စရာကိစ္စများ လုပ်ဆောင်ပြီးသွားပြီ။ ဆက်နေရင်လဲ ရတယ်။ သေရင်လဲ ရတယ်။ မသေပါနဲ့ဦးလို့တော့ မည်သူကမျှ မတားကြပါဘူး'

ဟု မိန့်တော်မူလျက် ထိုင်လျက်ပင် ပျံတော်မူလေသည်။

**စိတ်ဖွဲ့**

**ကြည်လင်စေသည့်**

**သပိတ်ကွဲ တည်ပင်**

ထို့နောက် ဆရာတော်၏တူမဖြစ်သူ ဒေါ်သန်းဝိုင်းက ဤသို့ ဆက်လက်ပြောပြသည်။

'ကျွန်မက စာပေလဲ မတတ်၊ ဗဟုသုတလဲ နည်းပါးတဲ့ ဝါစိုက်တောင်သူပါ။ ဆရာတော် ပျံတော်မူလို့ တစ်နှစ်လောက်အကြာမှာ ဝါခင်းထဲ ဝါကောက်နေတုန်း (ဝါသီးဆွတ်ခူးခြင်း) မျက်စိမှုန်ဝါးလာပြီး မူးဝေသလို ဖြစ်လာတယ်။ အဲဒီအချိန်မှာ အသံတစ်သံကြားရတယ်။





◆ ဝိဇ္ဇာဆရာတော် ဓာတ်ပုံ


"ဟဲ့ သန်းဝိုင်း။ သပိတ်ကွဲတည်ပင် ဌာနကြီး ပွင့်လင်းတော့မယ်။ တည်ပင်အောက်နေရာကို သွားကြည့်စမ်း။ ငါ့အဓိဋ္ဌာန်အတိုင်း တည်ပင်အသစ်ပေါက်နေပြီ။ တည်ပင်နံဘေးမှာ ငါ့ဆံပင်၊ ခြေသည်း၊ လက်သည်းတွေ အထုပ်ကလေးနဲ့ တွေ့လိမ့်မယ်။ သေသေချာချာ သိမ်းထား"တဲ့။

ဆရာတော်၏ အသံပဲ။ တည်ပင်နေရာကို ပြေးကြည့်တော့ တည်ပင်ပေါက်ကလေး တစ်ပင် တွေ့ရတယ်။ ဘေးမှာတော့ အဝါရောင်၊ အပြာရောင်၊ အဖြူရောင် အဝတ်ထုပ်ကလေး သုံးထုပ်။ အဝါရောင်အဝတ်

www.burmeseclassic.com



မျက်နှာချင်းဆိုင် ရုပ်ပွားတော်နှစ်ဆူ



ရှေး မင်းဆိုးရာဇာများ ကိုးကွယ်ခဲ့သည့် ဆင်းတုတော်များ

ထုပ်ထဲမှာ ဆံပင်တွေ၊ အပြာရောင်က ခြေသည်း၊ အဖြူရောင်က လက်သည်း တွေပါ။

ဆရာတော် ပျံတော်မမူခင်ကလေး မှာ ဦးပဉ္ဇင်းလေးပါးကို မိန့်မှာခဲ့တယ်။ ''တို့ဘိုးဘွားတွေရဲ့ ဒေသ(ယခု သပိတ်ကွဲတည်ပင်နေရာ)ဟာ တော ကျပြီး လူတွေလဲ မပြည့်မစုံ၊ ချို့ချို့တဲ့တဲ့ နေကြရတယ်။ အဲဒီလူတွေရဲ့ ဒုက္ခမျိုးစုံ ကို ဖယ်ရှားကယ်တင်ပြီး သာသနာ တော်ကို ယုံကြည်သက်ဝင် စည်ကား လာအောင် ငါ သာသနာပြုမယ်။

အဲဒီအခါကျရင် ရှင်တော်ဗုဒ္ဓရဲ့ သရီရဓာတ်တော်တွေကို စေတီတည် ကြ''လို့ မှာခဲ့ဖူးတယ်လေ။ ရန်ကုန် ကိုးမိုင်က အရိယဝံသကျောင်းတိုက် မှာပါ'

'အစ်မကြီးရဲ့ စဦး အတွေ့အကြုံ ကလေး ပြောပြပါဦး'

'ဖုန်းဆိုးတောမြေမှာ ဘာမှလဲ မရှိ၊ ဒီမှာ သာသနာပြုရမယ် ဆိုတော့ ယောင်ချာချာနဲ့ ဘာလုပ်လို့ ဘာကိုင်ရ မယ် မသိဘူး။ ဒါပေမယ့် ဆရာတော် ကိုယ်တိုင် လာပြောနေသလို ကြားနေ ရတော့ အားတက်လာတယ်။ ယာခင်း ကနေ ဒီနေရာကို ရောက်လာရင် စိတ်ထဲ ကြည်လင် လန်းဆန်းသွား သလိုပဲ။

ပထမဆုံး လုပ်ရမှာက ဘုရားတည်ရ မယ်တဲ့။ အခု ဝိဇ္ဇာဘုရားလို့ ခေါ်ကြတဲ့ ရင်အေးစေတီပေါ့။ ဘုရားတည်ဖို့သာ ဆိုတယ် ငွေကလဲ တစ်ပြားတစ်ကျပ်မှ မရှိ။ ပုံစံက (၇)ထောင့်၊ (၇)မှန်ဆိုတော့ ပန်းရန်ဆရာတွေလဲ မလုပ်တတ်ဘူး ဖြစ်နေတယ်။ ခြောက်မြှောင့်ဖြင့် ခြောက်မြှောင့်၊ ရှစ်မြှောင့်ဖြင့် ရှစ်မြှောင့် ပေါ့တဲ့ ဆိုကြတယ်။

ဒီလိုနဲ့ ယောင်ချာချာ ဖြစ်နေတုန်း နောက်နေ့မနက်ကျတော့ ငွေတစ်သိန်း နဲ့ သုံးသောင်း လာလှူတယ်။ ဘုရား တည်ဖို့တဲ့။ သူနဲ့ မရှေးမနှောင်းဆိုသလို လူသုံးယောက် ရောက်လာတယ်။ ပန်းရန်ဆရာတွေ။ ခုနစ်မြှောင့်စေတီ သူတို့ တည်နိုင်ပါသတဲ့။

အဲဒါနဲ့ ဒီစေတီတော်ကို စပြီး တည် တယ်။ ဆက်တိုက်ပဲ အုတ်သဲကျောက် ဘိလပ်မြေလှူတဲ့သူတွေ၊ ဓာတ်တော် ပင့်လာသူတွေနဲ့ လုပ်အားလှူတဲ့သူ တွေ ရောက်လာကြလို့ မကြာခင်မှာပဲ စေတီ ပြီးမြောက် ပွင့်ထွန်းတော်မူပါ တယ်။

နောက်ပြီး ဘုရားရှင်နဲ့ ဆရာတော် ကို ပူဇော်ဖို့ အောင်သိဒ္ဓိဗိမာန်ကြီး ဆောက်တော့လဲ အဘက်ဘက်က လိုလေသေးမရှိအောင် ကူညီကြလို့ (၁၈)ရက်နဲ့ အပြီးဆောက်နိုင်ခဲ့တယ်။ ခုနစ်ရက်သားသမီး ကောင်းမှုပေါ့'

'ခုနစ်ရက်သားသမီး ကယ်တင် တယ်ဆိုတော့ ဘယ်လိုကယ်တာလဲ'

'သူတို့အခက်အခဲ၊ ပြဿနာတွေ လာပြီး မေးတဲ့အခါ ဆရာတော်ကို ရည်စူးပြီး လျှောက်ထားတယ်။ ဆရာတော် မိန့်ကြားသမျှ ပြန်ပြောတာ ပါ'

'သက်ရှိထင်ရှား ကြွလာပြီး မိန့်ကြား တာလား'

'စိတ်အာရုံထဲမှာ ထင်လာတာပါ။ အခုလိုပဲ စိတ်ပါလက်ပါ သွက်သွက် လက်လက် ပြောနိုင်တာမျိုးပါ။ နာမ် ကိန်းတယ် ဆိုလား။ ကျွန်မတော့ မပြောတတ်ပါဘူး'


မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော





www.burmeseclassic.com

www.burmeseclassic.com



ကြွလာကြသော ဓာတ်တော်များ

အခက်အခဲ၊ ဒုက္ခပြဿနာများကို လာရောက်တင်ပြကာ အဆင်ပြေ သွားပါက မည့်ရွေ့မည်မျှကို သာသနာတော်ပွင့်လင်းရန် လှူဒါန်းပါမည်ဟု မိမိစိတ်အတွင်းက ပြဋ္ဌာန်းရသည်။ နှုတ်မှ ထုတ်ဖော် ပြောကြားခြင်း မပြုကြဟု သိရသည်။

'အခုဆိုရင် ဆယ်နှစ်ကျော်ပြီနော်။ အခုလို အာရုံထဲမှာ ကြားသမျှ တစ်ဆင့် ပြန်ပြီး ပြောပြတဲ့အခါ သံသယနဲ့ စမ်းသပ်တာမျိုးကော ကြုံရဖူးမှာပေါ့'

'ကြုံရပါသော်ကော။ သပိတ်ကွဲ တည်ပင် သာသနာမြေရယ်လို့ အခြေကျပြီး အချိန်အတော်ကလေး ကြာတော့ ရပ်နီးရပ်ဝေး ပရိသတ်တွေ စည်စည်ကားကား ဖြစ်လာတယ်။ တစ်နေ့မှာ မြတ်စွာဘုရားကို ဆွမ်း၊ ပန်း၊ ရေချမ်း ဆက်ကပ်ပြီး ဆရာတော်ကြီးကို ဆွမ်းကပ်လှူတော့ (မနက်ဖြန် တရားသူကြီး လာမယ်။ ရေကို စစ်ပြီး ကြေးဖလားထဲ အပြည့်ထည့်၊ ဓာတ်လုံးကိုလဲ ထည့်ထား။)လို့ အာရုံထဲမှာ ကြားရပါတယ်။

နောက်တစ်နေ့ ညနေ လေးနာရီလောက်ကျတော့ အရာတော်မြို့နယ် တရားသူကြီးနဲ့ ကျေးရွာအုပ်စု လူကြီးတွေ ရောက်လာတယ်။ တရားသူကြီးက (ဆရာမ၊ ဟုတ်ရင် အကျော်ခံမယ်။ မဟုတ်ရင် တော်လှန်မယ်)ဆိုပြီး အိတ်ထဲက ဓာတ်လုံးသုံးလုံး ထုတ်ပြတယ်။ ကျွန်မလဲ စိတ်ထဲ ပေါ်လာတဲ့ အတိုင်း...

"ခင်ဗျား ဓာတ်လုံးသုံးလုံးထဲမှာ ဒီတစ်လုံးက ဘုန်းကြီးတစ်ပါး ပေးတာ။ ဒီနှစ်လုံးက လူပုဂ္ဂိုလ်တွေ ပေးထားတာ။ ခင်ဗျားက ဓာတ်လုံးတော့ ဆောင်ထားပြီး ဘုရားမကြိုက်တဲ့ ထန်းရည်တွေ သုံးဆွက်တောင် သောက်လာတယ်"

ပြောချလိုက်တယ်။ သူ အတော်လေး တုန်လှုပ်သွားပုံရတယ်။ ကျုပ်မှာလဲ ဓာတ်လုံး ရှိပါတယ်ဆိုပြီး ကြေးဖလားယူပြီး ဓာတ်လုံးကို ထုတ်ပြတော့ ဖလားထဲက ရေတွေ အားလုံး နို့ဆွမ်းတွေ ဖြစ်နေတယ်။ ဒီတော့ ကြွလာတဲ့ လူကြီးတွေကော၊ တခြား ပရိသတ်တွေကိုပါ နည်းနည်းစီ ဝေမျှပြီး တိုက်ကျွေးလိုက်ပါတယ်'

'အဲဒီဓာတ်လုံးက ဘယ်လိုရတာလဲ'

'သာသနာပြုရမယ်လို့ မိန့်ကာတည်းက လက်ထဲ လာထည့်ပေးသလို ရောက်လာတာပဲ။ ဒီမှာလေ'

ဟု ဆိုလျက် ပုလင်းတွင်း ထည့်ထားသော ဓာတ်လုံးကို ပြပေးသည်။

ထုတ်ပြသော ဓာတ်လုံးမှာ အတန်ပင် သေးငယ်လှသဖြင့် ပုံရိပ်ပေါ်လွင်စေရန် ကြိုးစား ရိုက်ကူးခဲ့ရသည်။ ရွေးစေ့ခန့်မျှသာ ရှိပေမည်။ ပုလင်းမှ ထုတ်ယူပေးသဖြင့် လက်တွင်း ဆ, ကြည့်ရာ သေးပင် သေးငယ်သော်လည်း အလေးချိန် စီးလှသည်။ ဃန (ကျစ်လျစ်သိပ်သည်းမှု) ကောင်းလှသည်။

'ဟောဒီ ဘုရားနှစ်ဆူက ဒီအတိုင်းပဲ မျက်နှာချင်းဆိုင်ပြီး ပုလင်းနဲ့အတူ တွေ့ရတာ။ ဘယ်သူပို့ပြီး ဘယ်သူထားခဲ့တယ်ဆိုတာ မသိရဘူး'

ပုလင်းအတွင်း မျက်နှာချင်းဆိုင် စံပယ်တော်မူနေကြသည်။ ရုပ်ပွားတော်နှစ်ဆူအနက် တစ်ဆူမှာ ဒက္ခိဏသာခါဖြစ်၍ ကျန်တစ်ဆူမှာ ဗောဓိရိုးဖြစ်သည်။ သာသနာတော်အစ မူလဖြစ်သော ဗုဒ္ဓဂယာတွင် နောက်ပိုင်းကာလ သာသနာတော် ညှိုးမှိန်ခဲ့၍ ဒက္ခိဏသာခါ၊ တောင်ဘက် အကိုင်းအလက်ဖြစ်သော သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၊ ရာမညဒေသ စသည်တို့၌ ဆက်လက် ရှင်သန်ရစ်ခဲ့ရာ ထိုဒေသများမှတစ်ဆင့် အရပ်ရပ်သို့ ပြန့်လည်ပျံ့နှံ့လာခဲ့ပြန်သည်။

ဤသည်ကို ရည်ညွှန်း၍ စံပယ်တော်မူကြဟန် ဖြစ်သည်ဟု ယူဆရသည်။ ပုလင်းမှာ လုံခြုံအေးချမ်းခြင်းနိမိတ်ဖြစ်၍ အဆီးအတား မရှိ၊ တိုးလျှိုပေါက် ဖူးမြင်ရခြင်းက အနှောင့်



www.burmeseclassic.com

www.burmeseclassic.com

အယုက် ကင်းရှင်းစွာဖြင့် သာသနာတော် တည်တံ့ခြင်းကို ဖော်ပြခြင်းဖြစ်သည်။ ထို့အပြင် ပုလင်း၊ ဘုရားဝဂ္ဂုတ္တမ အမြွတ်အစုဖြစ်ကာ ပုလင်း= ၅+၄=၉ ကိုးစားခြင်း နဝင်းကိန်းလည်း ဆိုက်လေသည်။

အလိုအလျောက် ကြွချီတော်မူလာသည်ဟု ဆိုသော တင်ပျဉ်ခွေ ရုပ်ပွားတော် နှစ်ဆူမှာ ထူးခြားသော ရောင်လျှံတော်များ တန်ဆာဆင်ထားသည်။ ရှေးခေတ် မင်းစိုးရာဇာများသာ သွန်းလုပ်ပူဇော်ခွင့်ရသော ပုံဟန်တော်ဖြစ်သည်။ ဤဒေသသည် ကုန်းဘောင်ခေတ်မတိုင်မီ ရှေးပဝေသဏီကာလကပင် သာသနာတော် စည်ပင်ထွန်းကားခဲ့ရာ ဒေသဖြစ်ကြောင်း ညွှန်းဆိုလိုဟန် ရှိပေသည်။

'ကျင့်စဉ်ပြီးပြောက် ဆရာတော်ကြီးတွေ ကြွလာပြီး နောက်ပိုင်း ဓာတ်သက်ဝင်ကိန်းပြီး ဓာတ်တော်တွေလဲ အများကြီး ကြွလာကြတယ်။ အလှူအလှူ လာလှူကြတာ။ ဟောဒီ လင်ပန်းနဲ့ အပြည့်ပဲ'

ဒေါ်သန်းဝိုင်း ပင့်ဆောင်ပြသသော ဓာတ်တော်များမှာ ပုလင်းငယ်များဖြင့် မြင်းခြံဓာတ်တော်တိုက်မှ စွန့်လှူသော ပုံစံမျိုးဖြင့် မြင်တွေ့ရသည်။ မှန်ဘုရားဆောင် တစ်ဆောင်မှာ ထောင့်စွန်းနေရာတွင် မှန်ပေါက်နေသည်ကို မြင်ရသည်။

'တစ်နေ့မှာ ငြော် ငါက မိန်းမသား ဒီလိုလုပ်နေတာတွေ မှန်ပါ့မလား'

လို့ အားငယ်နေတုန်း ဖောင်းခနဲ အသံကြားရပြီး အခုတွေ့နေရတဲ့ ဘုရားဆောင်မှန် ပေါက်သွားတယ်။ **"မှန်တယ်"**၊ **"ထွန်းပေါက်မယ်"**ဆိုတဲ့ နိမိတ်ပဲလို့ ဝမ်းမြောက် အားတက်ရပါတယ်'



မှန်ကန်ပေါက်ပြောက်ခြင်း နိမိတ်
ကျောင်းဆောင်သိမ်တော်မှ မှန်ပေါက်

## အခြားပစ္စည်းများ

ဒေါ်သန်းဝိုင်းသည် ပြောဆိုလျက်မှ အာတွေ့လာဟန် တူသည်။ စကားထောက်စရာ မလိုဘဲ ဆက်၍ ရှင်းပြသည်။

'ဟောဒါက အိုးမက်နဲ့ပေးတဲ့ ဓာတ်လုံး။ အိုးမက်ထဲမှာ ဆရာတော် ကြွလာပြီး ပစ္စည်းနှစ်ခု ပေးသွားတယ်။ နိုးလာတော့ လက်ထဲမှာ ဒီပစ္စည်းနှစ်ခု ရောက်နေတယ်။ ဒီအချွန်က သံလိုက်တယ်'


ကျောက်အမြုတေ တစ်ခု၊ နှစ်ဖက်ချွန် (ကြုစုသီးပုံစံ) သံလိုက်တုံးတစ်ခုတို့ ဖြစ်ကြသည်။ ကျောက်အမြုတေမှာ ကျောက်အားလုံးထက် ဆန်းကြယ်သော၊ ဂမ္ဘီရဆန်သော ပစ္စည်းဖြစ်သည်။

ထို့ကြောင့် သာသနာပြုခရီးတွင် ကျောက်အသံထွက်အရ တူညီစွာ ကြောက်စရာမလိုတော့ဟု အားပေးခြင်း ဖြစ်သည်။ နှစ်ဖက်ချွန်ပုံစံကား ရုပ်နီးရုပ်ဝေး လောကီနှင့် လောကုတ္တရာ ဘက်စုံ ထူးချွန်စေလိုခြင်း ဖြစ်ပေသည်။ ဂူယုင်းသျှတ္တရ အလိုအရ အလင်းနှင့်အမှောင်၊ အပူနှင့်အအေး၊ အယဉ်နှင့်အရိုင်း၊ ပြင်းထန်ခြင်းနှင့် သိမ်မွေ့ နူးညံ့ခြင်း (ယင်းနှင့်ယန်း) သဘောဆောင် ညီမျှစေလိုခြင်း ဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်လုံးများ



◆ ဓာတ်လုံးနှင့် ဓာတ်ပြာ

'ဒါလေးပါ ထည့်ရိုက်လိုက်ပါ။ ဆရာတော်ကြီးတစ်ပါး စွန့်သွားတဲ့ ဓာတ်လုံး၊ ပညတ်သွားရာ ဓာတ်သက်ပါအောင်လို့တဲ့။ ကုန်းဘောင်ခေတ် ဆရာတော်ကြီးက သပိတ်ကွဲလို့ ဆွမ်းခံကြွစရာ မလိုတော့ဘဲ ဆွမ်းအာဟာရ အလိုအလျောက် ပို့တာ ဘုဉ်းပေးရပြီး အရှည်တည်၊ သီတင်းသုံး၊ သာသနာပြုနိုင်ခဲ့တဲ့ **(သပိတ်ကွဲတည်ပင်)** သာသနာ့မြေမှာ ဓာတ်သက်ရအောင် ဓာတ်လုံးစွန့်တယ်လို့ မိန့်ပါတယ်။ ဓာတ်သက်ပါတဲ့အပြင် စည်းစည်းလုံးလုံး ရှိပြီး ချစ်ခင်ညီညွတ်တဲ့ နိမိတ်လဲ ဆောင်တဲ့ ဓာတ်လုံးတဲ့'

ပစ္စည်းသုံးခုကို မှတ်တမ်းပြုပြီးသောအခါ ဓားတစ်ချောင်းကို ယူပြသည်။

'ဒါလဲ ဆရာတော်က ပေးတာပဲ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနဲ့ ဆန့်ကျင်ဘက် လုံ့လပယောဂတွေ အားလုံး ဖယ်ရှားစေလိမ့်မယ်တဲ့'

ဓားမြှောင်ငယ်ကလေး ဖြစ်သည်။ လယ်တီဆရာတော်ကြီးက (၁၂၇၀ ပြည့်နှစ်ခန့် ဝမ်းရောဂါ၊ ပလိပ်ရောဂါ ကပ်ဆိုးများ ကျရောက်နေသော ကာလ) ကပ်အမျိုးမျိုးက ကျော်လွှားနိုင်စေရန်၊ တုတ်၊ ဓား လက်နက်များ ဆောင်ထားကြရန် ရောဂန္တရဒီပနီကျမ်းတွင် ညွှန်ကြားတော်မူခဲ့သည်။ ဓားမြှောင်ငယ်ကလေးပင် ဖြစ်သော်ငြားလည်း ထိရောက်မှု ရှိပါသည်။ ဆရာတော်ကြီးက ရှင်းပြတော်မူရာတွင်...

'လောကတွင် တစ္ဆေ မှင်စာ ခေါ်ကြသော နတ်ယုတ်၊ နတ်ညံ့မျိုးတို့လည်း များစွာ ရှိကြကုန်သည်။ အကြီးအကျယ် အန္တရာယ်ကို မပြုနိုင်ကြကုန်။ ခြောက်ရုံ၊ လှန့်ရုံ၊ ခေါင်းမူးရုံ ကလေးသူငယ်များကို အဆိုတိတ်ရုံ တတ်နိုင်ကြသည်။ အကောင်သဏ္ဌာန်လည်း ငယ်ကုန်ကြသည်။ သားစိမ်း၊ ငါးစိမ်းစားမဟုတ်ကြကုန်။ လူတို့၏ စားနပ်ပေါက်ကို ရှာကြံကောက်ယူ၍ စားသောက် နေထိုင်ကြကုန်၏။

အစိမ်းသရဲ သဘက်ခေါ်သော ဘီလူးမျိုးတို့သည်သာလျှင် အကြီးအကျယ် အန္တရာယ်ကပ်ဥပဒ်ကို ပြုနိုင်ကြကုန်၏။ ထိုဘီလူးသဘက်တို့သည် မိမိတို့ တန်ခိုးဖြင့် မိမိတို့ကိုယ်ကို လူတို့က မမြင်ရအောင် ကွယ်ဖျောက်နိုင်ကြကုန်ငြားသော်လည်း တုတ်လက်နက်၊ ဓားလက်နက်၊ လေးလက်နက်၊ မြားလက်နက်တို့၏ အထိအခိုက်ကို မကွယ်ကာနိုင်ကြကုန်'

ဟူ၍ ဖော်ပြတော်မူသည်။ **(မော်လမြိုင်မြို့၊ ကျိုက်သန်လန် တောင်ထိပ်၊ အောင်လံတိုင် ဝါဆိုကျောင်းတွင် ၁၂၇၀ ပြည့်နှစ်၊ တော်သလင်းလဆုတ်(၁)ရက်နေ့၌ ရေးသားပြီးစီးသည့် ရောဂန္တရဒီပနီကျမ်း၊ စာမျက်နှာ(၄)မှ (၁၅)အထိ)**

ဓားမြှောင်ကလေးမှာ ကြေးလက်ကိုင်ရိုး တပ်၍ ထိုလက်ကိုင်တွင် ဘီလူးရုပ် ထွင်းထုထားသည်။ သာသနာတော်တွင် ကပ်မြှောင်၍ ငွေကြေးအရ အမြတ်ထုတ်ကာ ဆိုးယုတ်သူတို့အား ဖယ်ရှားခြင်း နိမိတ်ဆောင်သည်ဟု ယူဆရသည်။

'ဒါကတော့ ဓာတ်ပြာနဲ့ ဓာတ်လုံး ကျင့်စဉ်ပြီးမြောက် ဆရာတော်ကြီးတွေ စွန့်လှူတာပဲ'

ပုလင်းတစ်လုံးတွင် အဖြူမှုန့်ကလေးများနှင့်အတူ ပြားဝန်းသော ဓာတ်လုံးကို တွေ့ရသည်။ စာတည်းချုပ်၏ တာဝန်ပေးချက်အရ ရွှေကျင်မြို့နယ်၊ သံဆိပ်ကျေးရွာသို့ ရောက်ရှိစဉ် မြင့်ဆွေ(သံဆိပ်)က ဓာတ်ပြာဆိုသည်နှင့် မစူးစမ်းဘဲ မစားသုံးကောင်းသည်ကို အတွေ့အကြုံများအရ ပြောပြခဲ့ရာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာမျက်နှာပေါ်တွင် တင်ပြခဲ့ပြီးဖြစ်သည်။

*ဆက်လက် တင်ပြပါမည်*

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

# ဂရှိုင်းအရှိုးသက်မနှုရုံး

(သို့မဟုတ်) ဂါထာတော်

စောလွှိုးသျှင်
(မြောက်ဦး)



ဆရာဦးကျော်ကျော်လှ (ရွှေခိုင်ကျော်-မြောက်ဦး)နှင့် ဇနီးဒေါ်အုံးမေတို့မှာ မြောက်ဦးမြို့ ဝါဈေးရပ်ကွက်တွင် သမီး၊သမက်၊မြေးတို့နှင့်အတူ နေထိုင်၏။ ထိုဆရာတွင် သမီး(၃)ယောက်၊ သား (၂)ယောက် ထွန်းကားခဲ့လေသည်။

ယခုအခါ သမီးအကြီးဖြစ်သော ဒေါ်ရွှေမြတ်သူ (မြောက်ဦးအမှတ်-၁ အ.လ.ကမှအ.လ.ပြဆရာမ) ဒေါ်သာနုအေး (ချင်းပြည်နယ် ပလက်ဝမြို့ အ.ထ.ကမှ အ.လ.ပြဆရာမ)နှင့် သမီးငယ်ဖြစ်သော မတုတ်တုတ်ခေါ် သာနုယဉ် (မြောက်ဦးမြို့နယ် ဆူးရာဇ်ချောင်း ကျေးရွာမှ အထွေထွေအုပ်ချုပ်ရေးဌာနမှဆရာမ)တို့နှင့် အတူ နေထိုင်ပြီးသားဖြစ်သော မောင်သာထွန်းအေးခေါ် ထွန်းထွန်းမှာ ဆုံးပါးသွားပြီး သား အငယ်ဖြစ်သော မောင်သာစိန်မှာ နိုင်ငံခြား၌ ရှိနေပါသည်။

ထိုဆရာမှ နဂိုက အလယ်တန်းပြဆရာတစ်ဦးဖြစ်ပြီး ယခုအခါ ပင်စင်ယူသွားပါပြီ။ ထိုဆရာမှာ ဝါသနာအရ အားလပ်သည့် အချိန်တွင် စာရေးခြင်း၊ စာဖတ်ခြင်းဖြင့် အချိန်ကို ကုန်ဆုံးစေပါသည်။

ယခုအခါ ဆရာ၏ အသက်မှာလည်း (၇၀)ကျော် (၈၀)နီးပါးသို့ ကပ်နေပါပြီ။ ဆရာသည် ရုတ်တရက် လူကြီးရောဂါဖြင့် (၁၄-၇-၂၀၁၃)နေ့ ဘဝတစ်ပါးသို့ ပြောင်းသွားပါလေတော့သည်။

ယခုအခါ ဆရာတို့တွင် အိမ်အသစ်တစ်လုံး ဆောက်လုပ်နေ၏။ ထိုအိမ်မှာ ပြီးစီးလုနီးပါး ဖြစ်၍ အိမ်အဟောင်း စားဖိုဆောင်မှ အိမ်အသစ်သို့ ပြောင်းရွှေ့ရန် တစ်အိမ်သားလုံး အလုပ်ရှုပ် (အလုပ်များ)နေကြ၏။ ထိုအထဲတွင် မတုတ်တုတ်(ခေါ်) မသာနုယဉ်လည်း အပါအဝင် ဖြစ်၏။

ယင်းအိမ်ဟောင်းဖြစ်သော စားဖိုဆောင်မှာ အင်္ဂလိပ်အစိုးရလက်ထက်ကပင် ဆောက်လုပ်ခဲ့သော အိမ်ဟောင်းတစ်လုံးအနက် တစ်စိတ်တစ်ပိုင်း ဖြစ်သည်ဟု သိရပါသည်။

ထိုစားဖိုဆောင်မှာ ဤမျှကြန့်ကြာ၍ ပြုပြင်ဖာထေးမှုလည်း သစ်များမည်မျှ ဆွေးမြည့်နေမည်မသိ။ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆုတ်(၁၃)ရက် (၂၁-၅-၂၀၁၃)နေ့ ကြာသပတေးနေ့တွင် ဝန်(ပစ္စည်းပစ္စယ)တို့ကို သယ်ယူရင်း မတုတ်တုတ်မှာ အိမ်အပေါ်ထပ်မှ ပျဉ်တစ်ချပ် ကျိုးကျ၍ ခြေတစ်ချောင်း ကျိုးသွားလေသည်။

ကျိုးသွားသော ခြေမှာ ယာဘက် ဒူးဆစ်အောက်ပိုင်းမှ ဖြစ်လေ၏။ အမိဖြစ်သော ဒေါ်အုံးမေမှာ ရင်ဘတ်စည်တီး၍ ချုံးပွဲချ ငိုရုံမှအပ ဘာဆိုဘာမျှ မလုပ်ကိုင်တတ်။ အစ်မကြီးဖြစ်သော ဒေါ်ရွှေမြတ်သူမှာ လူအများ၏ ညွှန်ကြားချက်အရ မြောက်ဦးမြို့ အောင်မင်္ဂလာရပ်ကွက်မှ ဆေးသမားဆရာကြီးကို ပင့်ခေါ်ရန် သွားလေသည်။

ကံကောင်းချင်တော့ ထိုဆရာကြီးကို အိမ်တွင် အလိုက်သင့် တွေ့လေ၏။ အကျိုးအကြောင်း ပြောပြ၍ ထိုဆရာကြီးသည် ဆိုက်ကားတစ်စီးနှင့် အလိုက်သင့် လိုက်ပါလာလေသည်။ ဆေးသမားဆရာကြီး၏ ပြောပြချက်အရ…

'ငါတို့ဆရာကြီးဆိုသည်က ဆေးဖိုးဝါးခ အဘယ်မျှဟု မတောင်းစားရ။ ခက္ခု(လူနာရှင်တို့ထံမှ ငွေကြေး ဘယ်လောက် ပေးရမည်ဟု မကာသမီက တောင်းသော ဆေးဖိုးဝါးခ) မယူရလို့ မှာကြားခဲ့တယ်။ စေတနာရှိသလောက် ပေးပါ ကမ်းပါ'

ဟု အမိန့်ရှိလေသည်။

ထိုဆေးဆရာကြီးမှာ ဦးစိန်ထွန်းဦး ဖြစ်ပြီး ယခုအခါ အသက် (၈၅)နှစ်ရှိပါပြီ။ သူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သက်ထောင်၊ ဖလန်ထောင်၌ ဆေးပညာသင်ကြားခဲ့ပြီး ဇာတိမှာ ရာဇပန်းဝါဘက်မှ ဖြစ်သည်ဟု ဆိုပါသည်။ ဤ အောင်မင်္ဂလာရပ်ကွက်သို့ အသက် (၆၀)ကျော်မှ ရောက်ရှိသည်ဟု သိရ

www.burmeseclassic.com

ပါသည်။

ယင်း ဆေးဆရာကြီးသည် ရှေးဦးစွာ လူနာကို ကြည့်ရှုစစ်ဆေးပြီး မုန်ညင်းဆီစစ်စစ်(ဆုံဆီစစ်စစ်) တစ်ပဟင်းစား (တစ်ပန်းကန်)ကို ရှေးဦးစွာ တောင်းပါသည်။ မုန်ညင်းဆီစစ်စစ်ကို ပုလင်းထဲတွင် မထည့်ရ၊ ပန်းကန်ထဲတွင် ထည့်ရမည်ဟု ဆိုပါသည်။

ဒေါ်ရွှေမြတ်သူသည် မုန်ညင်းဆီရလာသောအခါ ထိုဆရာကို သွား၍ပေးပါသည်။ ထိုဆေးဆရာက မုန်ညင်းဆီပန်းကန်ကို ယာဘက် လက်ညှိုးဖြင့် မွှေ၍ အောက်ပါအတိုင်း မန္တရား (သို့မဟုတ်) ဂါထာကို (၇)ခေါက် ရွတ်ဆိုပါသည်။

---

အရိုးဆက်မန္တရား (သို့မဟုတ်)

ဂါထာတော် ဆီမန်း

---

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ
ဓမ္မံသရဏံ ဂစ္ဆာမိ
သံဃာသရဏံ ဂစ္ဆာမိ
(ဦးကာလိမ္ပထုပ် ဂလုပ်သွားဟ၊ ဦးကာလိနော ဇာဏီတရေး၊ ရိုးကျိုးရိုးဂျာ တတ်ဆရာ ဂရုဘော၊ တစ်စီးရံ-စီးစီးမွန်တို့ ဆရာဆီး-ဦးသွားဟ)?

***[ခုနစ်ခေါက်ရွတ်ပါ]***

ဟူ၍ ဖြစ်လေသည်။

ထို့နောက် မတုတ်တုတ်၏ ကျိုးနေသော အရိုးကို တည့်တည့်ချပြီး ယင်းဆီမန်းနှင့် လူးပါသည်။ ပြီးနောက် သန့်သန့်ဖွပ်လျှော်ထားသော စွပ်ကျယ်အဟောင်းနှင့် အလိုက်သင့် ပတ်ပြီး ယင်းအပေါ်မှာ ကပ်ခေါ်(ဝါးစိတ်ငယ်များ ပြုလုပ်ထားသော ဒဏ်ရာကို ညှပ်ရန်အရာ)ဖြင့် ကြိုး(၃)တန်၊ (၄)တန် ချည်နှောင်ထားပါသည်။ အရေးကြီးသည်က ထိုဒဏ်ရာကို မလှုပ်(မတိုက်)မိစေရန် ဖြစ်သည်။

ယင်း ဒဏ်ရာကို ဆီမန်းပြီးနောက် (၂)ရက်အကြာ (၂၃-၅-၂၀၀၉)နေ့ ထိုဆေးဆရာကြီး လာရောက်ကြည့်ရှုပါသည်။ ထိုအခါ မတုတ်တုတ်၏ ဒဏ်ရာမှာ ပိန်းကြာရွက်တွင် ရေမတင်သည့်နှယ် အကောင်းပကတိ ဖြစ်နေပါပြီ။

သို့သော် ပိုမိုစိတ်ချရစေရန် အကိုက်အခဲပျောက်ရန် လိမ်းဆေးပုလင်းငယ်ကို ပေးခဲ့၏။ ထိုဆေးဖြင့် ဒဏ်ရာ ကိုက်လျှင် လိမ်းပေးရန် မှာကြားခဲ့လေသည်။ ပြီးနောက် (၂၅-၅-၂၀၀၉)နေ့ ညနေ (၃)နာရီခန့်တွင် တစ်ကြိမ် လာရောက်ကြည့်ရှု၏။ ထိုအခါ မတုတ်တုတ်၏ ဒဏ်ရာမှာ လူကောင်းပကတိ ရှိနေပြီဖြစ်၍ ကုသသော ဆရာရော မတုတ်တုတ်၏ တစ်အိမ်သားလုံးတို့မှာ ဝမ်းသာမဆုံး ရှိကြလေသည်။

ဤကဲ့သို့ ဂါထာတော်တစ်ပုဒ်ဖြင့် ကျိုးနေသော အရိုးကို အကောင်းပကတိ ပြန်လည် ဆက်စေသည်မှာ အလွန် အံ့ဩဖို့၊ ချီးမွမ်းဖို့ ကောင်းလေစွ။


ဤနည်းဖြင့် ရခိုင်မြေပေါ်မှာ မီးခဲပြာဖုံး ဖြစ်နေသော ပညာရပ်များမှာ ဒုနဲ့ဒေး ရှိနေဦးမည်သာ။

***(ရွှေခိုင်ကျော်-မြောက်ဦး)၏ ကွယ်လွန်ခြင်း(၃)နှစ်မြောက် အမှတ်တရ...)***

**စောထွီးသျှင် *(မြောက်ဦး)***

စာရေးသူ၏ ဝန်ခံချက်

**(ရွှေခိုင်ကျော်-မြောက်ဦး)၏သမီးဖြစ်သူ မတုတ်တုတ် (ခေါ်) မသာနုယဉ်၏ အဖြစ်သနစ်များကို အမှန်အတိုင်း ဖောက်သည်ချထားပါသည်။**



# ကျွဲ နွား

## အစာအိမ်လေဖောင်း ရောဂါအတွက် ဆေးတစ်လက်

နတ်မောက်မြို့နယ်၊ စည်သာရွာမှ အထွက် သဲချောင်းကို ဖြတ်ကျော်ပြီးနောက် စမ်းတောကုန်းရွာသို့ ရောက်ရှိခဲ့ရပါသည်။ စမ်းတောကုန်းရွာသို့ ရောက်သောအခါ မြန်မာ့ရိုးရာ နွား ဆေးသမား အဘဦးသန်းဆောင်နှင့် တွေ့ဆုံခွင့်ရ၊ စကားပြောဆို မေးမြန်းခွင့်ရခဲ့ပါသည်။

အဘပြောသမျှ ဗဟုသုတများစွာထဲမှ ကျွဲ၊ နွားများ အစာအိမ်လေဖောင်း ရောဂါအတွက် ဆေးတစ်လက်တင်ပြအပ်ပါသည်။

ကြေကျက်ခဲသော အစာမာများကို စားမိ၍သော်လည်းကောင်း၊ ရေကောင်းရေသန့် လုံလောက်ဝလင်စွာ မသောက်ရ၍သော်လည်းကောင်း၊ အစားလွန်၍သော် လည်းကောင်း ကျွဲ၊ နွားများမှာ ဝမ်းဗိုက်ကြီးပြည့်ဖောင်းတင်းနေပြီး လေထိုးထားသလိုဖောင်းကားနေကာ အသက်ရှူမရဘဲတအင်းအင်း ဖြစ်နေတတ်ပါသည်။ အချိန်လွန်သွားလျှင် အသက်ရှူကျပ်ပြီး သေဆုံးပျက်စီးတတ်ပါသည်။

ရောဂါသိ၊ ဆေးရှိဆိုသကဲ့သို့ပင်အောက်ပါဆေးကိုအမြန်ဆုံးပြုလုပ်တိုက်ကျွေးပေးပါ။

ဒန့်သလွန်ရွက် ရင့်ရင့်စိမ်းစိမ်း (၁၅)ကျပ်သားခန့် ချ၍ ချင်းအစို (၅)ကျပ်သား ထုထောင်းကာ ရေငုံကစ်ပျော့ဖူးပုလင်း သုံးပုလင်းနှင့် ရောကျိုချက်ပါ။ ရေတစ်ပုလင်း ကျန်လျှင် အအေးခံပြီး တိုက်ကျွေးပေးပါ။ ဆီး၊ ဝမ်း၊ လေများ လိုက်လာပြီး ဝမ်းဗိုက်ချောင်ကာ အမြန်ဆုံး ကျန်းမာသွားပါမည်။

နွားဆေးသမား ဆရာဦးသန်းဆောင်လက်တွေ့ အသုံးပြုလျက်ရှိသော ဆေးနည်းဖြစ်ပြီး မည်သည့် ဘေးထွက်ဆိုးကျိုးမှလည်း မရှိသဖြင့် ရေးသားတင်ပြလိုက်ပါသည်။

**နတ်မောက် ကောင်းမွန်မြင့်**



www.burmeseclassic.com


www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင်ဂ/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့
**သားမင်း** (အမှတ်တံဆိပ်)
နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့

ကလင်…ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်… မောလိုက်တာ… နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း…

"နောက်မှပဲစိတ်ဆိုး… ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်… အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်…ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ… အမောကို ပြေသွားတာပဲ… အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်… ဘရဏီရေ… ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန်သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ… နှလုံးသည်းခြေဆေးပါ… နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့… ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်… အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်… သေသေချာချာ နား ထောင်… နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွှန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ်လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်…

ဆက်နားထောင် ဘရဏီ… နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင်လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား၊ သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ်သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ချင်ရဲ့ ဘရဏီရယ်…"

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၃၆၄ ၊ ၀၉ ၅၀ ၉၇၉၇၃




www.burmeseclassic.com

www.burmeseclassic.com

စပါးတောင်ခြေ ထူးခြားအောင်မြေ

# ပထမမံ ဘိုးဘိုးအောင် တောင်တော် အောင်မြေ (၄)

မောင်မောင်စိုး
(ထားဝယ်)



▲ မုစ္စလိန္ဒသတ္တာဟနဂါးဆိုင်

**ယခင်လမှ အဆက်**

ဘိုးတော်သိကြားမင်း ရုပ်လုံးသမိုင်း အကျဉ်းဖြင့် ဤအဆောက်အအုံ အတွင်း ဖော်ညွှန်ပြဆိုထားသည်ကို စိတ်ဝင်စားဖွယ်ရာ လေ့လာမိပါသည်။

အရှေ့ဘက်ရှိ အဆောက်အအုံ အတွင်း အနောက်ဘက်အရပ်သို့ မျက်နှာမူ၍ ရွှေဟသာကိုယ်ပေါ်တွင် ထိုင်လျက် ပိဋကတ်သုံးပုံကျမ်းကို စောင့်ရှောက် ကြည်ညိုလျက်ရှိသော ဟန်ဖြင့် သူရဿတီမယ်တော်ရုပ်တု ကိုလည်း တင့်တယ်စွာဖြင့် ထပ်မံပူဇော် ထားသည်။

မဟာဗောဓိ စေတီတော်၏ အနောက်ဘက်တွင် ပြည်လုံးချမ်းသာ ဘုရားသိမ် တည်ရှိသည်။ ယင်းဘုရား သိမ်၏ အနောက်ဘက်တွင် ထိုင်တော် မူဘုရား သိမ်တည်ရှိပြီး မြောက်ဘက် တွင် အင်ကြင်းပင်ကို သန့်စွမ်းစိမ်းစို လန်းဆန်းစွာ တွေ့ရသည်။

တစ်သိမ်ဝင် တစ်သိမ်ထွက် ဗုဒ္ဓ ရုပ်ပွားတော်များကို ဖူးမြော်ကြည်ညို ကြပြီးနောက် တောင်ကုန်းချိုင့်ဝှမ်း အတွင်းမှ တောင်ဘက်တောင်ကုန်း ပေါ်သို့ ပြန်လည်၍ ဦးလှည့်ကာ စာရေးသူတို့ တက်ရောက်ကြရပြန်ပါ သည်။

တောင်ကုန်းပေါ်၊ လူသွားလမ်း၏ တောင်ဘက်ရှိ အဆောက်အအုံ၌ ဦးမင်းခေါင်ရုပ်တုနှင့် မြောက်ဘက် အဆောက်အအုံအတွင်း ဝိဇ္ဇာသူတော် စင် ဖိုးရွှေအ၏ တပည့်များဖြစ်ကြသော ပပ၊ ဝဏ္ဏ၊ ဂီတတို့၏ ရုပ်လုံးတော်တို့ ကိုလည်း သစ်လွင်စွာဖြင့် ပူဇော်ထား သည်။


ပပ၊ ဝဏ္ဏ၊ ဂီတ ပုဂ္ဂိုလ်တို့ကို ကိုးကွယ်ကြသော လူပုဂ္ဂိုလ်တို့သည် ခုနစ်ရက်သားသမီးများ ချမ်းသာစေရန် ပန်း၊ နံ့သာ၊ ဆီမီး၊ ဖယောင်းတိုင်၊ ရေမွှေးများဖြင့် ပက်ဖျန်းပူဇော်၍ မိမိတို့ လိုရာဆုကို အဓိဋ္ဌာန်ပြုပြီး ဆုတောင်း နိုင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ ဘလ္လိကနှင့် တပုဿညီနောင်တို့ ဗုဒ္ဓမြတ်စွာအား မုန့်ဆုပ်ကို ဆက်ကပ်လှူဒါန်းနေသည့်ပုံ

◀ အနီးရှိ သတ္တာဟရုပ်တော်မှ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ရစဉ်

ဝိဇ္ဇာသူတော်စင် ဖိုးရွှေအ၏ တပည့်များရှိရာ အဆောက်အအုံအတွင်းမှ ပြန်လည် ထွက်ခွာလာပြီး အရှေ့ဘက်တွင် အနောက်ဘက်သို့ မျက်နှာမူလျက် တည်ရှိသော အဆောက်အအုံအတွင်း **မြတ်စွာဘုရား၏ ခြေရာတော်(ပါဒစေတီ)**ကို ဝင်ရောက် ပူဇော်ခဲ့ရသည်။

**ပါဒစေတီ(ခြေတော်ရာ)တွင် ပဋ္ဌာန်း ၂၄ ပစ္စည်း ရွတ်ပတ်ပူဇော်ပါက ထူးခြားသော အကျိုးများ ခံစားရရှိစေပါသည်။**

ရှေ့ဆက်၍ လူသွားလမ်းအတိုင်း လျှောက်လှမ်းသွားရာ မြောက်ဘက်တွင် **နဂါးညီနောင်ဘုရားသိမ်** တည်ရှိသည်။ နဂါးနှစ်ကောင် အုပ်မိုးလျက် မြတ်စွာဘုရား ဖလသမာပတ်ချာန် ဝင်စားသည့်ဟန် ရုပ်ပွားတော်ကို အမြင်ထူးစွာ ဖူးမြော်ရသည်။

မြောက်အရပ်၌ပင် နဂါးညီနောင် ဘုရားသိမ်နှင့် မျက်နှာချင်းဆိုင်တွင် **သဟာမ္ပတိနတ်မင်း ဘုရားသိမ်**တို့ တည်ရှိသည်။

နဂါးညီနောင် ဘုရားသိမ်၏ အရှေ့ဘက်တွင် အနောက်ရပ်သို့ မျက်နှာမူသော ဘုရားသိမ်တွင် **"မုစ္စလိန္ဒ သတ္တာဟ" နဂါးအိုင်**ကို ကြည်ညိုရသည်မှာလည်း ချမ်းမြေ့ကြည်နူး ဖြစ်ရပါ၏။

ဗုဒ္ဓမြတ်စွာဘုရားရှင် ဆဋ္ဌမ သတ္တာဟအဖြစ် မုစ္စလိန္ဒအိုင်တွင် ကျည်းပင်ရင်းမှာ စံပယ်နေစဉ် မိုးလေ ပြင်းထန်စွာ ရွာချသဖြင့် နဂါးမင်းက ပါးပျဉ်း ဖြန့်မိုးပြီး ဗုဒ္ဓမြတ်စွာဘုရားရှင်အား အကာအကွယ်ပေးပုံကို စိတ်အာရုံပြု၍ ကိုးကွယ်ထားရှိလေသည်။

ဤနဂါးရုံဘုရားထံပါး၌ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် မည်သည့် အလုပ်အကိုင် လုပ်သည်ရှိစေ၊ အနှောင့်အယှက်၊ အဖျက်အဆီး၊ အခက်အခဲများ ကင်းခြင်း (အကူအညီပေးမည့်သူများ ပေါ်ပေါက်ခြင်း)၊ လုပ်ငန်းများ ထူးခြားအောင်မြင်ခြင်း၊ ငွေဝင်လာဘ်ရွှင် စီးပွားတိုးခြင်း စသည့် ကောင်းကျိုးချမ်းသာကို ရရှိနိုင်ကြောင်း သိရသည်။

နဂါးညီနောင် ဘုရားသိမ်၏ တောင်ဘက်တွင် လင်းလွန်းပင်အောက်၌ ဗုဒ္ဓမြတ်စွာ သီတင်းသုံးတော်မူစဉ် ဥက္ကလာတိုင်း ပေါက္ခရဝတီမြို့သား တဖုဿနှင့် ဘလ္လိက မည်သော လှည်းကုန်သည်ညီနောင် နှစ်ယောက်တို့သည် လှည်းငါးရာဖြင့် မဇ္ဈိမဒေသသို့ ကုန်ရောင်းသွားကြလေရာ ဆွေမျိုးတော်စပ်ဖူးသော နတ်၏ ညွှန်ပြချက်အရ ဘုရားရှင်ကို ဖူးတွေ့ရန် ရောက်လာကြလေသည်။

ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ကို သကြား၊ ထောပတ်၊ ပျားရည်တို့ ပေါင်းစပ်၍ မုန့်မှုန့်နှင့် ဆုပ်ထားသော မုန့်ဆုပ်ကို ဆက်ကပ်လှူဒါန်းလေသည်။ ဘုရားရှင်သည် ထိုအာဟာရကို ဘုဉ်းပေးတော်မူပြီးသောအခါ တရားတော် ဟောတော်မူသော အခန်းကို ဖူးတွေ့ရသည်မှာလည်း ကြည်ညိုဖွယ် စိတ် ယိုဖိတ်မိပါသည်။


အနောက်ဘက်မှ အရှေ့ဘက်သို့






www.burmeseclassic.com

www.burmeseclassic.com



▲ ဗုဒ္ဓဘာသာသာသနာပြု ဝိဇ္ဇာပထမံကိုဘိုအောင်၏ ဓာတ်ခန်းကို တွေ့မြင်ရစဉ်


▼ သူတော်စင် သူတော်မြတ်များ တရားအားထုတ်ခဲ့သည့် မြေဂူကြီးကို တွေ့ရစဉ်





www.burmeseclassic.com

www.burmeseclassic.com



▲ စက်မ သဗ္ဗညာဟာ ရုပ်တော်မှ ရုပ်ပွားတော်ကို ဖူးမြော်စဉ်



ရတနာသယသဗ္ဗညာဟာ ထိုင်တော်မူ ရုပ်ပွားတော်ကို ကြည်ညိုဖူးမြော်စဉ် ▶

ကျောက်ပြားခင်း လှေကားအတိုင်း တောင်ကုန်းပေါ်သို့ တက်လှမ်းခဲ့ကြရာ အရှေ့ဘက်လမ်းဆုံအနီး အရှေ့တောင်ထောင့် တောင်ကုန်းထိပ်၌ **ထွက်ရပ်လမ်းကို ကြိုးပမ်းတော်မူကြသည့် ရဟန်းရှင်၊ သူတော်စင်ပုဂ္ဂိုလ်တို့ တရားအားထုတ်သွားခဲ့သည့်နေရာ မြေဂူကြီးရှိရာဆီသို့ လမ်းညွှန်ထားသည်။**

အရှေ့ဘက် တောင်ကုန်းချိုင့်ဝှမ်းအတွင်းသို့ လူတစ်ရိုးတစ်ရပ်ခန့် ဆင်းသက်ရပြီးနောက် တောင်ဘက်သို့ဆက်၍ လျှောက်သွားရ၏။ အရှေ့ဘက် တောင်စောင်းနံဘေးနံရံတွင် မြေဂူကြီးအဝင်ဝကို တွေ့ရှိရလေသည်။

အရှေ့ဘက်လမ်းဆုံနေရာမှ အရှေ့စူးစူး တောင်ကုန်းမြင့်ဆီသို့ သွားလျှင် စပါးတောင်၊ တောင်ပေါ်သို့ တက်ရောက်ရန် လူသွားလမ်းကြောင်းကိုလည်း တွေ့ရှိရသည်။

ထိုလမ်းဆုံ၏ အရှေ့မြောက်ဘက်လမ်းထောင့် မြေပြန့်နေရာ၌လည်း **"အဓိဋ္ဌာန်အောင်မြေသို့"** ဟူ၍ လမ်းညွှန်ဆိုင်းဘုတ် စိုက်ထူထားသည်။

ထိုလမ်းညွှန်အတိုင်း မြောက်ဘက်သို့ ကိုက်(၅၀)ခန့် ရှေ့ဆက် လျှောက်သွားသောအခါ တောင်ဘက်အရပ်သို့ မျက်နှာမူ၍ တည်ရှိသော **ဗုဒ္ဓဘာသာ သာသနာပြု ဝိဇ္ဇာပထမံ ဘိုးဘိုးအောင် ဓာတ်စခန်း**ကို တွေ့မြင်နိုင်သည်။

ဤအောင်မြေ ဓာတ်စခန်းအတွင်း ကြည်ညိုဖွယ်ရာ စေတီတစ်ဆူကို ရွှေရောင်ဝင်းဝါ သပ္ပါယ်စွာဖြင့် ဖူးမြော်ရသည်။ ပထမံဘိုးဘိုးအောင်၏ ရုပ်ပုံလွှာဓာတ်ပုံတို့ကို ထိုစေတီ၏ လက်ဝဲနှင့် လက်ယာဘက်တို့တွင် ပူဇော်ထားသည်ကို ကြည်ညိုလေ့လာသည်။

ယင်း အောင်မြေဓာတ်စခန်း၏ မြောက်ဘက်တွင် **အောင်သိဒ္ဓိစေတီ**တော်မြတ်ကို ဖူးမြော် ကြည်ညိုကြရပြန်ပါသည်။

စာရေးသူ အောင်သိဒ္ဓိစေတီတော်အား ဖူးမြော်ပြီး ဤဘိုးဘိုးအောင်တောင်ပေါ်ရှိ မြင်အပ်၊မမြင်အပ် ဝေနေယျသတ္တဝါတို့ ကျန်းမာချမ်းသာကြပါစေကြောင်း၊ စပါးတောင်အောင်မြေ(၉)ဌာနအနက် မိမိမရောက်သေးသည့် အောင်မြေဌာနများသို့ ရောက်ရလိုပါ၏ ဆုတောင်းလိုက်မိ၏။

အောင်သိဒ္ဓိ စေတီတော်သည် ပထမံဘိုးဘိုးအောင်တောင်၏ အရှေ့မြောက်ထောင့် တောင်ကုန်းထိပ်တွင် တည်ရှိသဖြင့် အရှေ့ဘက်တောင်စောင်းမှ ဓာတ်ပုံရိုက်၍မရပါ။ ထို့ကြောင့် ဤစေတီ၏ တောက်ကုန်းတော်ခြေအနောက်မြောက်ထောင့်ဆီမှ ပူဇော်မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ရသည်။

ထို့နောက် အောင်သိဒ္ဓိစေတီတော်မြတ်အနီးမှ အနောက်ဘက်တောင်စောင်း ဆင်ခြေလျှော မြေနီလမ်းအတိုင်း စာရေးသူတို့ ဆင်းသက်လာခဲ့ကြသည်။


ရှေ့လ ဆက်ဖတ်ပါရန်


**မောင်မောင်စိုး(ထားဝယ်)**



www.burmeseclassic.com

www.burmeseclassic.com





◆ အမြီးနှစ်ခွအိမ်မြှောင်

ကိုယ်ရုံကြီးပန်းပင် ▶

# အမြီးနှစ်ခွအိမ်မြှောင်နှင့်

## သူ့အစွမ်းသတ္တိ သိသူများမှ ဖော်ပြပေးကြပါရန်

ကျွန်တော်ဟာ မကွေးတိုင်းဒေသကြီးအတွင်းရှိ စကုမြို့ အောင်သုခရပ် အိမ်အမှတ်(၄၄၆)နေ ပညာရေး အငြိမ်းစား တစ်ဦး ဖြစ်ပါတယ်။ အငြိမ်းစားယူခဲ့တာ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ က ဖြစ်ပါတယ်။

လူ့လောကရှိ ထူးထူးဆန်းဆန်း ကိစ္စရပ်များကို စိတ်ဝင်စားသူတစ်ဦးလဲ ဖြစ်ပါတယ်။ ဒါကြောင့် ဤဆောင်းပါးကို ရေးသားဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ အိမ်ဝိုင်းမှာ အလျား (၄၀)ပေ၊ အနံ (၃၀) ပေ ကျယ်ဝန်းပါတယ်။ သရက်ပင်၊ မာလကာပင်၊ ကိုယ်ရုံကြီး ပန်းပင် စသဖြင့် သီးပင်၊ စားပင်၊ ပန်းပင်များ ပြည့်နှက်နေပါတယ်။

သို့ဖြစ်၍ ထိုပန်းပင်များရဲ့ အရွက်များ အတွင်းတွင် ပုန်းအောင်းနေထိုင် ကျက်စားနေကြသော သတ္တဝါများမှာ ပင့်ကူငယ်များနဲ့ အိမ်မြှောင်များ ဖြစ်ကြပါတယ်။

ထိုပန်းပင် အရွက်များကြားတွင် နေထိုင်ကြတဲ့ အိမ်မြှောင်များအနက် အမြီးနှစ်ခွ အိမ်မြှောင်လေးတစ်ကောင်ကိုတွေ့ရှိခဲ့ပါတယ်။

ယင်းအိမ်မြှောင်ရှိနေသော အိမ်မှာ စီးပွားလာဘ်လာဘ ပွင့်လန်းတတ်တယ်လို့ ရှေးလူကြီးသူမများ ဆိုရိုးရှိခဲ့ပါတယ်။

ထိုသို့ တွေ့ရခဲသော အမြီးနှစ်ခွ အိမ်မြှောင်လေးပုံနဲ့ ပန်းပင်ပုံတို့ကို လေ့လာသူ အများသိရှိကြပေရန် ပုံနဲ့တကွ ဖော်ပြအပ်ပါတယ်။

**ဤအမြီးနှစ်ခွအိမ်မြှောင်ရဲ့ အသုံးဝင်မှုများကို သိရှိသူသုတေသီ ပညာရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ရေးသားဖော်ပြပေးပါရန် ပန်ကြားအပ်ပါတယ်။**

*တစ္ဆသူများ ကျန်းမာပါစေ။*

တက္ကသိုလ် မောင်မြသီ(စကု)




www.burmeseclassic.com

www.burmeseclassic.com

စီးပွားတက်ဝေ

# သဘော်အမြုတေ



▲ ဗိုလ်ကြီးအေးလှိုင် အိမ်ရှိ သဘော်အမြုတေ

အမြုတေ ဆိုသည်မှာ မပျက်စီးနိုင်ခြင်း၊ ခိုင်မာခြင်း၊ ထူးဆန်းခြင်း စသောဂုဏ်တို့ဖြင့် ပြည့်ဝနေသည်။

ဝါးအမြုတေ၊ အုန်းအမြုတေ စသည်ဖြင့် ပုံစံအမျိုးမျိုး ရှိကြပါသည်။ မန္တလေးနေစဉ်က ထူးဆန်းသော တပ်မတော်သားတစ်ဦးကို တွေ့ရသည်။ ရှေ့တန်းတစ်နေရာတွင် ဝါးလုံးကို ခွဲလိုက်ရာ ရွှေဝါရောင်ငါးတစ်ကောင်ကို ရရှိလိုက်သည်။ ထိုငါးကို အလယ်မှ ဖြတ်ပြီး တစ်ပိုင်းစီ စားကြသည်။

ဦးခေါင်းပိုင်းကို စားမိသူသည် သူ့အား အချုပ်အနှောင်နှင့် ထား၍ မရပေ။ ကြိုး၊ လက်ထိတ် စသည်တို့နှင့် ချုပ်နှောင်ထားသော်လည်း မိနစ်ပိုင်းအတွင်း လွတ်အောင် ပြုနိုင်သည်။

ထို တပ်မတော်သားနှင့် ဆုံတွေ့သောအခါ နိုင်လွန်ကြိုးတုတ်တုတ်ဖြင့် ချည်နှောင်ကြည့်သော်လည်း မကြာမီ ကြိုးများ ပြေလျော့သွားသည်ကို မြင်ခဲ့ရသည်။

အမြီးပိုင်းကို စားမိသူမှာ ဖဲရိုက်ရာ၌ လိုအပ်သောဖဲကို အချိန်မရွေး ရယူနိုင်သော ဖဲဝိဇ္ဇာတစ်ဦးဖြစ်ကြောင်း ထိုတပ်မတော်သား ပြောပြချက်အရ သိရသည်။ ထိုသူနှင့်မူ မတွေ့၍ လက်တွေ့မစမ်းခဲ့ရပေ။

ယခု တင်ပြလိုသော အမြုတေမှာ သဘော်အမြုတေ ဖြစ်ပါသည်။ ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့ရှိ အမေ့အိမ်စတိုးပိုင်ရှင် ဗိုလ်ကြီးအေးလှိုင် (ငြိမ်း)၊ ဒေါ်ယဉ်ယဉ်သန်းတို့၏ အိမ်တွင် တွေ့မြင်ခဲ့ရသည်။

၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ရရှိကြောင်း၊ သဘော်သီးကို ခွဲလိုက်ရာ အတွင်း၌(ပုံပါအတိုင်း) သုံးခုတွဲနေသော အမြုတေတစ်ခုနှင့် အလုံးနှစ်လုံးတို့ကို ထူးဆန်းစွာ တွေ့ရှိခဲ့ကြောင်း ပြောပြကြသည်။

“ဒီပစ္စည်းက ပုံစံလဲထူးဆန်းတယ်။ သဘော်အခွံ အသားတို့ထက်လဲ မာတယ်။ ကြာရင်ကျောက်ဖြစ်မယ်လို့ အချို့က ပြောကြတယ်။ ထူးဆန်းမှုမှာ စားသောက်ဆိုင်၊ စတိုးဆိုင်၊ ဆေးဝါးထုတ်လုပ်မှု စတဲ့ စီးပွားရေးလုပ်ငန်းများကို တောင်ငူနဲ့ သံတောင်ကြီးမှာ လုပ်ကိုင်တာ ကြာပါပြီ။ ဒီနှစ်မှာတော့ ဆိုင်ခွဲဖွင့်နိုင်တဲ့အထိ တိုးတက်ခဲ့တယ်။ ရောင်းအားတွေလဲ တက်လာခဲ့တယ်။ ဆေးကတော့ သံတောင်ကြီးအမှတ်တံဆိပ် သွေးတိုးကျဆေးပြား ဖြစ်ပါတယ်။ ပန်းခါးဆေးပါ”

အမြုတေ လက်ဝယ်ရှိသူသည် အလှူအတန်း ပြုလုပ်ရခြင်း၊ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ရခြင်း၊ သံဃာတော်များနှင့် ပရိတ်ရွတ်သိဒ္ဓိတင်ခြင်း စသည်တို့ကို ပြုလုပ်လျှင် ပို၍ အစွမ်းထက်မြက်သည်ဟု သိရှိကြားနာခဲ့ဖူးပါသည်။

အငြိမ်းစား ဗိုလ်ကြီးအေးလှိုင်၏ ပြောဆိုရှင်းပြချက်များ ဖြစ်ပါသည်။ အမြုတေ ရရှိသူများသည် ဘာသာတရား လက်ကိုင်ထားလျှင် ထူးဆန်းအံ့သြဖွယ်ရာ တိုးတက်မှုများနှင့် ကြုံတွေ့နိုင်မည်ဟု ဆိုပါသည်။

ကျော် (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

# အသားအရေ ကြည်လင်ပြီး ဆံပင် နုပျိုစေလိုလျှင်

(ကျော်မြာခေါင်းစဉ်)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောင်းပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညှိ ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ ဟာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. . ။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်ဓမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွမ်းထုတ်ပစ္စည်းမလှ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ



www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေ့ါပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင်ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေ့ါပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၅၁၈၇၅၂၄။



www.burmeseclassic.com

www.burmeseclassic.com

ခွေးရုပ်ရွာ ဝေဟင်အနောက်ဖျားမှ

# ကျောက်ပန်းအိုးတောင်

မြတ်စီနွေထံတော်ပါးသို့ (၄)

စင်သိုက်ယ်

ယခင်လမှ အဆက်

ပန်မွန်းရွာ၊ ပထမ လွန်းထိုးတောင်၊ ကျားပါးစပ်တောင်နှင့် ရွှေကျင်းလုပ်ကွက်များကိုမူ တောင်စွန်းများ ကွယ်နေသဖြင့် ကောင်းစွာ မမြင်ရချေ။ ရာသီဥတု ကြည်လင်ပါက အနောက်မြောက်ထောင့် အဝေးဆီမှ မိတ္ထီလာကန်ရေပြင်ကို တွေ့မြင်နိုင်ကြောင်း သိရသည်။

အရှေ့ဘက်တွင် ညောင်ကုန်းတောင်ကြီး ကာဆီးနေသော်လည်း အရှေ့တောင်ထောင့်အရပ်ရှိ ဆင်တောင်ကျေးရွာရှိ အိမ်ခြေများကို တောင်ကုန်းများအကြား ရေးရေးမြင်ရလေသည်။

စေတီရင်ပြင်အောက်ခြေ တောင်ဘက်နားတွင် **ကျောက်နဂါးရုပ်၊** စေတီအနီးတွင် **ကျောက်နွားရုပ်**တို့ကို မြင်တွေ့ရသည်။

၎င်း ကျောက်နဂါးရုပ်နှင့်အတူ လယ်ပြင်ရွာနှင့် လွန်းထိုးတောင်ကြားရှိ ရွှေလုပ်ကွက်များက "**ကြောင်းဖြူအရပ်သည် နဂါးကြောင်းတည်း၊ ရွှေကြောင်းတည်း**" ဟူသော ဖော်ပြချက်ကို ပံ့ပိုးသကဲ့သို့ ရှိပေမည်။ ***(မွန်နန်းတောရာဇဝင် စာမျက်နှာ-၁၃၀)***

'မောင်မျိုးရေ ရွာက လူကြီးတွေ ပြောကြတဲ့ ကျွန်စစ်သားခြေရာတို့၊ လုံထောက်ရာတို့ဆိုတာ ဘယ်နေရာတွေလဲ'

'အရင်တုန်းကတော့ ရှိခဲ့ပါတယ်။ ကျောက်စွန်း အချွန်အတက်တွေကို ချိုးဖဲ့ပြီး လူသွားလမ်းဖြစ်အောင် လုပ်



▲ အမျိုးသမီးဝတ်ပြုရာနေရာမှ ဖူးမြော်ရစဉ်

ကြတော့ အဲဒီကျောက်တုံးတွေလဲ ပျက်စီးသွားပါပြီ။ စေတီတည်ပြီးခါစ တုန်းက ကျောက်ကြားတွေထဲမှာ မြွေအရွယ်စုံ အရောင်စုံ တွေ့ကြရတယ်လို့ ဖေဖေက ပြောဖူးပါတယ်'

'လူတွေကို ရန်မမူဘူးလား'

'ဟင့်အင်း ဆန်အိတ်တွေကြား ဝင်နေတတ်ပေမယ့် လူလာရင် သူတို့

www.burmeseclassic.com



▲ စေတီတည်စဉ်က ဦးဆောင်ခဲ့သော ဆရာတော်ဦးသုမန

▼ ဦးမောင်လေးထိမ်အလှူသို့ ကြွစဉ်က ဆရာတော်ဦးသုမနပုံတော်



ဘာသာ ရှောင်သွားကြတာပဲ'

သာမန်အချိန်များတွင် မြွေများကို မြင်တွေ့ရခြင်း မရှိသော်လည်း ပူဇနီယပွဲတော်ကာလတွင်မူ ပေါ်များစွာ တွေ့ရတတ်သည်ဟု သိရသည်။ နဂါးကြောင်းပေမို့ နဂါး အဆက်အနွယ်တို့ မွေ့လျော်ကြသည်ဟု စဉ်းစားမိသည်။

## ကြည်ညိုရသမျှ

ထို့နောက် စိန္တေရှင်အား အမွှေးနံ့သာ၊ ပန်းများ ဆက်ကပ်ပူဇော်ပြီးနောက် အချိန်အနည်းငယ်ယူကာ ဘာဝနာကုသိုလ် ပွားများခဲ့သည်။ ပြုပြီးသမျှ ကုသိုလ်အဖို့ကို ကြောင်းဖြူမင်း၊ ကျန်စစ်မင်း၊ ဆရာတော် ဦးသုမန အစပြု၍ ကျောက်ပန်းအိုးတောင်နှင့် စပ်လျဉ်းသမျှ (၇)ရက်သားသမီးအားလုံးတို့အား အမျှပေးဝေခဲ့လေသည်။

ယင်းနောက် စေတီကိန်းဝပ်တော်မူပုံနှင့် ကျောက်တုံးအနေအထားတို့ကို ရနိုင်သမျှ လှည့်ပတ် ကြည့်ရှုကြည်ညိုသည်။


အောက်ခံ ကျောက်စွယ်ထိပ်မျက်နှာပြင်မှာ စေတီတည်ကျောက်တုံးနှင့် ပမာဏ မတိမ်းမယိမ်းရှိသဖြင့် ကျလိမ့်နိုးနိုး ထင်မှတ်ရသည်။

ဖယောင်းတိုင်ကို ထက်ပိုင်းဖြတ်ကာ၊ အသာအယာ ဆင့်ထပ်ထားပုံနှင့် တူနေသည်။

စေတီတည်စဉ်က ပင်မကျောက်ကလပ်နှင့် ကျောက်စွယ်တို့အား ဝါးငြမ်းဆင်၊ ဆက်သွယ်ကာ သံဃာတော်များ အနေကဇာတင် ပူဇော်ပုံဓာတ်ပုံဟောင်းကို ဦးမောင်လေးထံ၌ တွေ့ရှိခဲ့ရသည်။

* * *

ကျောက်စွယ်ထီးတည်းတည်ရှိပုံ




သို့ဖြစ်၍ ယခု ရင်ပြင် အခိုင်အမာပြုလုပ်ထားသော တောင်ကြားဖို့မြေကို စိတ်ကူးဖြင့် ဖယ်ရှားကာ ကျောက်စွယ်ထီးတည်း တည်ရှိပုံကို ပုံဖော်ကြည့်ပါသည်။ အံ့သြဖွယ် ထူးခြားစွာ တည်ရှိသော **ကျောက်ထွတ်၊ ကျောက်မြွတ်** ဖြစ်သည်ဟု မှတ်ချက်ချမိပေသည်။

ဤတွင် အံ့ကြောင်းတိုက်ဆိုင်သည်။ ဘုရားကြီး ကျောင်းဆရာတော်အရှင်ပညာဒီပ မိန့်တော်မူခဲ့သည့် **အဋ္ဌကု**





www.burmeseclassic.com

www.burmeseclassic.com

**ကျောက်စေတီ**နှင့် ပတ်သက်၍ ပြန်လည် အမှတ်ရမိသည်။

## အန္တကူကျောက်စေတီ

'အန္တကူကျောက်ဆိုတာ **အန္တကူရ** ဆိုတဲ့ ပါဠိကလာတာ။ အစွန်အထွတ်ကျောက်လို့ အဓိပ္ပာယ်ရတယ်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ် ဒေသစာရီ ကြွချီတဲ့အခါ **မုတ္တမတောင်စွန်း အသကဏ်နဒီ(ယခုသံလွင်မြစ်)** ကမ်းနဖူးရောက်တော့ ဘီလူးညီနောင်(၆)ဦးက အင်ဖက်တွေနဲ့ နေပူကာ မိုးပြီး သစ်သီးအဖျော်ဆက်ကပ်ကြတယ်။

ဒီတော့ ဘုရားရှင်က ပြုံးတော်မူပြီး...


"ဤကောင်းမှုကြောင့် နောင်အခါ ဟံသာဝတီပြည့်ရှင်မင်း(၆)ပါး ဖြစ်ကြလိမ့်မယ်"

လို့ ဗျာဒိတ်တော်ထားခဲ့တယ်။ နောက်တော့ စောဦး၊ စောဖိမ့်၊ ဖိမ့်ပွန်၊ စောအဲဂံဂေါင်၊ ဗညားအဲလော၊ ဗညားဦး ဆိုပြီး ဘုရင်တွေ ဖြစ်ကြတယ်။

ဘုရားရှင် ကြွတော်မူစဉ်က ဟံသာဝတီ မဖြစ်သေးဘူး။ ပင်လယ်ရေမျက်နှာပြင်အထက် ပေါ်စွန်းနေတဲ့ ကျောက်စွန်း ကျောက်ထွတ်ကလေးပဲ ရှိသေးတယ်။ ဘုရားရှင်ကို လုပ်ကျွေးပြုစုရတဲ့ ကုသိုလ်အဟုန်ကြောင့် အဲဒီလို အစွန်အဖျားနေရာမှာ လူတို့သနင်း အထွတ်ဘုရင်မင်း ဖြစ်ကြတယ်။


အဲဒီပုံဆောင်ပြီး အန္တကူကျောက်ဆိုတာ အထွတ်အမြတ် ကျောက်ရယ်လို့ နိမိတ်ကောင်း ဆောင်ပါတယ်။

သုံးလူ့ထွတ်ထား မြတ်ဘုရားကို ညွှန်မှန်းပြီး ကိုယ်စားစေတီတည်ထားကိုးကွယ်တော့ အထွတ်အမြတ်ချင်း ဆုံထပ်ပြီး ဝဂ္ဂုတ္တမ မြတ်သောအစု



▲ စေတီတည်ရာတွင် ပါဝင်ခဲ့သည့် သာမဏေကြီး ရှင်ဉာဏိဿရ

▼ ကျောက်ပန်းအိုးတောင်ထိပ်မှ ဘေးကင်းစွာလိမ့်ကျလာခဲ့သည့် ကျောက်တောင်ထွတ်



ဖြစ်လာတယ်။

ဒါကြောင့် အန္တကူကျောက်စေတီကို ပူဇော်ကိုးကွယ် ကုသိုလ်ပြုသူတွေအတွက် လောကီ၊ လောကုတ္တရာ မြင့်မားတဲ့ အကျိုးထူးတွေ ခံစားနိုင်ကြပါတယ်'

ဟု မိန့်တော်မူခဲ့သည်။

ထို့အပြင် ကျောက်တောင်အစွန်အထွတ်ဟု အဓိပ္ပာယ်ရသော အန္တကူကျောက်နှင့် ဆက်စပ်၍ နိဗ္ဗာန်ဝင်နိုင်ကြောင်းကိုလည်း ဆက်၍ မိန့်မြွက်တော်မူသည်။

'အန္တကူကျောက် တစ်နည်းအားဖြင့် ကျောက်တောင်အစွန်အထွတ်လို့ ဆိုကြပါစို့။ ကျောက်တောင်ထွတ်ရဲ့ ဂုဏ်ကျေးဇူးကို ဆင်ခြင်ပြီး နိဗ္ဗာန်ဝင်နိုင်ပါတယ်။

အရှင်နာဂသိန်က မိလိန္ဒမင်းကြီးကို **ကျောက်တောင်ထွတ်ရဲ့ ငါးပါးသောဂုဏ်**ကို ဒီလို ရှင်းပြတော်မူပါတယ်။

မင်းကြီး...

၁။ ကျောက်တောင်ထွတ်သည် အထက်သို့ တက်၏။ ဤပထမဂုဏ်သည် နိဗ္ဗာန်သို့ ဝင်၏။

၂။ ကျောက်တောင်ထွတ်သည် မတုန်မလှုပ်ရှိသကဲ့သို့ နိဗ္ဗာန်သည် မတုန်



www.burmeseclassic.com

www.burmeseclassic.com





▲ မွေးရပ်အောင်မင်္ဂလာကျောင်း ဆရာတော်ဦးဇဋိလ

မွေးရပ်ဧလသာကျောင်း ဆရာတော်ဦးသောဘိတ ▶

မလှုပ် အမြဲတည်၏။

၃။ ကျောက်တောင်ထွတ်သည် တက်နိုင်ခဲသကဲ့သို့ နိဗ္ဗာန်သည် အလုံးစုံကိလေသာရှိသော သူတို့အား ရောက်အံ့သောသဘောမရှိ။

၄။ ကျောက်တောင်ထွတ်သည် ခပ်သိမ်းသော မျိုးစေ့တို့ ရောက်ရာမဟုတ်သကဲ့သို့ နိဗ္ဗာန်သည်လည်း ခပ်သိမ်းသော ကိလေသာမျိုးစေ့တို့ ရောက်ရာဖြစ်ရာ မဟုတ်။

၅။ ကျောက်တောင်ထွတ်သည် ချစ်ခြင်းမုန်းခြင်း မရှိသကဲ့သို့ နိဗ္ဗာန်သည်လည်း ချစ်ခြင်းမုန်းခြင်းကင်း၏။

မင်းကြီး ကျောက်တောင်ထွတ်၏ ငါးပါးသောဂုဏ်ကျေးဇူးတို့သည် နိဗ္ဗာန်သို့ ဝင်ကုန်၏လို့ မိန့်မြွက်တော်မူပါတယ်'

***(ပေါင်မြို့၊ ဘုရားကြီးကျောင်းတိုက် ဆရာတော်အရှင်ပညာဒီပထံမှ ဆည်းကပ်ကြားနာခွင့်ရခဲ့ခြင်း ဖြစ်ပါသည်။)***

## အမျိုးသမီးများ ဝတ်ပြုရန်နေရာ

ဤတောင်ကလပ်ပေါ်သို့ အမျိုးသမီးများ တက်ရောက်ခွင့်မရှိပါ။ ထို့ကြောင့် အမျိုးသမီးများ ဖူးမြော်ဝတ်ပြုနိုင်ရန် တောင်ကလပ်အခြေကို လက်ဝဲရစ်ကွေ့ပတ်ကာ စေတီအရှေ့ဘက် တောင်ခါးပန်း ခင်တန်းကလေးမှ မော်ဖူးကြရသည်။

တောင်နံရံမှ နှစ်ပေခန့် ပိုစွန်းသော ကျောက်စွယ်တန်းလေးမှာ တစ်ဆက်တစ်စပ်တည်းမရှိဘဲ ရေဆင်းလမ်းများ ဖြတ်ထားသဖြင့် ဖုံးလွှမ်းနေသော သစ်ရွက်၊ သစ်ကိုင်းများကို ဖိပွ နင်းစမ်းပြီးမှသာ သွားလာရသည်။

လိုက်ပါ ပို့ဆောင်ပေးသော (၁၀)နှစ်အရွယ် ရွာခံကလေးမှာ ရေဆင်းလမ်းလျှိုအတွင်း ကိုယ်တစ်ပိုင်းမျှ ချော်ကျသွားသဖြင့် ဝိုင်းဝန်းဆွဲယူပေးကြရသည်။ ဒေသခံများပင်လျှင် သတိထားရသော ခင်တန်းမြောင်ကလေး ဖြစ်သည်။

အမျိုးသမီးများအတွက် ဘုရားဖူးခွင့်ရသည့် တစ်ခုတည်းသောနေရာ ဖြစ်လေရာ အနည်းငယ် ကျယ်ပြန့်နိုင်ခံ့သော နေရာကလေးဖြစ်စေရန် အားထုတ်သင့်လှပေသည်။

## မျောက်ဂူ

တောင်ကလပ်အခြေသို့ ပြန်လာ၍ ရွာဆီသို့ ပြန်ဆင်းခဲ့ရာ တောင်ထက် ဝက်ခန့်တွင် အရှေ့မြောက်ယွန်းယွန်း ဆီသို့ ဆက်သွားကြသည်။ မျောက်များ ခိုအောင်းနေထိုင်လေ့ရှိသော လိုဏ် ဥမင်အား လေ့လာရန်ဖြစ်သည်။

လွန်ခဲ့သော နှစ်,နှစ်ဆယ်ခန့်က ငှက်ပျောသီး မြင်လျှင် ပြေးလာလေ့ရှိသော မျောက်များမှာ လူများ ပစ်ခတ်သတ်ဖြတ်မှု လူသူကင်းဝေးရာသို့ ရွှေ့ပြောင်း နေထိုင်ကြရလေသည်။

မျောက်ချေးခါးမှုအစ ဆေးသုံးလိုသူများက ဈေးကောင်းပေးဝယ်ကြလေရာ မျောက်လားမြောက်သော မျောက်တစ်ကောင်လျှင် ငွေကျပ်နှစ်သောင်း တန်ကြေးရှိကြောင်း သိရသည်။

မျောက်ဂူမှာ မိုးနှင့်ဒေါင်းရာသီ ညကာလများ၌သာ မျောက်များ လာ

www.burmeseclassic.com



◆ ဦးအောင်ကျော်သူ ဦးမောင်အေး



▼ အသက်ဦးလှမောင်နှင့် ကိုညွှာအောင်

ရောက်စုဝေး နိုအောင်းလေ့ရှိကာ နေ့ကာလတွင် မမြင်ကြရဟု ဆိုသည်။ နွေရာသီ၌ကား နေ့ကောညပါ မလာရောက်ကြပါ။

မျောက်ဂူဆိုသည့်အတိုင်း သစ်ပင်ချုံနွယ်များ ပိတ်ဖုံးထား၍ ဒယ်အိုးပုံအဝနှင့် ထုလုံးရှည် ကျင်းနက်ပုံစံဖြစ်သည်။ ကျောက်တောင်နံရံအနီး ဖြောင့်မတ်သော သစ်ပင်တစ်ပင် ပေါက်ရောက်နေသည်။

မျောက်များသည် ကျောက်တောင်နံရံမှ ထိုသစ်ပင်သို့ ခုန်ကူးကာ အောက်သို့ ဆင်းသက် ပုန်းအောင်းတတ်ကြသည်ဟု အမဲပစ်ဝါသနာထုံသော အောင်မျိုးဦးက ပြောပြသည်။

သာမန် လူတစ်ယောက်အတွက် တက်ဆင်းနိုင်ရန် မလွယ်လှသော နေရာ ဖြစ်ပေသည်။ အောင်မျိုးဦးသည်ပင် ဤနေရာတွင် မျောက်များအား ပစ်ခတ်ဖူးသော်လည်း မျောက်ဂူအတွင်းသို့ မဆင်းသက်ဘူးပါဟု ဆို၏။

မျောက်ဂူမှ ပြန်လာကာ ဆင်းသက်ခဲ့ရာ လမ်းတစ်လျှောက် ကျောက်တုံးကျောက်ဆောင်များတွင် သင်္ကေတမျိုးစုံကို တွေ့ရသည်။ ကျားခြေရာ၊ ငှက်ခြေရာ၊ တွားသွားနေသော သင်းခွေချပ်၊ မိန်းမပျို (ကိုယ်အထက်ပိုင်း)သစ်သားဟု အဓိပ္ပာယ်ရသော (木)(mù)မှ တရုတ်စာလုံး ဂျီဩမေတြီသင်္ကေတများ စသည်တို့ကို သတိပြုမိသည်။

ကန့်ဘလူမြို့နယ်ရှိ **ရသေ့တောင်**သို့ လေ့လာရေးခရီး ရောက်ခဲ့စဉ်က ပေ(၁၀၀)ခန့်ကျယ်သော ကျောက်ဖျာကြီးထက်၌ မြင်း၊ နွား၊ ဆင်၊ ငှက်ခြေရာစုံ၊ တရုတ်စာ၊ အင်္ဂလိပ်စာ၊ ဟိန္ဒူစာ၊ ရောမစာ စသည့် ဘာသာစုံအက္ခရာများကို စုံလင်စွာ တွေ့ခဲ့ဖူးသည်။

ဤ ကျောက်ပန်းအိုးတောင်ရှိ ကျောက်တုံးကျောက်ဆောင် ကျောက်နံရံများတွင်လည်း အချိန်ယူ၍ စနစ်တကျ ရှာဖွေနိုင်ပါက ရသေ့တောင်ကဲ့သို့ပင် စုံလင်စွာ လေ့လာတွေ့ရှိနိုင်သည်ဟု တွေးဆမိပေသည်။

## ကျောက်ပန်းအိုးတောင်မှ ပရလောကသားများ

ဘုရားတောင်ဟု ခေါ်ကြသော ကျောက်ပန်းအိုးတောင်မှ ပြန်လာပြီးနောက် ခွေးရုပ်အထက်ရွာခေါ် လေသာရွာမှ ဓနုတိုင်းရင်းသား ဆေးဆရာကြီး ဦးချစ်တင်နှင့် ညီ ဦးချစ်ခင်တို့အား သွားရောက်တွေ့ဆုံ ဂါရဝပြုရာ ဦးချစ်ခင်က ဤသို့ ပြောပြသည်။

'ဘုရားတောင်က စေတီတော်ကြီး ထီးတော်တင်ပွဲမတိုင်မီ (၇)ရက်နေ့ (၁၃၄၈ ခုနှစ်၊ တပေါင်းလဆန်း)မှာ ဝမ်းကွဲယောက်ဖတော်တဲ့ မောင်သန်းနဲ့ ကျွန်တော်တို့နှစ်ယောက် တောလည်ရင်း ဘုရားတောင်ခြေမှာ ခဏနားကြတယ်။

ရှေ့လ ဆက်ဖတ်ပါရန်

ဖင်ညိုငယ်

www.burmeseclassic.com



တန်ခိုးအစွမ်းထက်သော မဟာစည်ဘုရားပုံတော်

တန်ခိုးအစွမ်းထက်သော

# မဟာစည်ဘုရား

ဘဒ္ဒန္တကုသလ
(ဆားပြင်ဆရာတော်)

စာရေးသူမှာ မဟာစည်ဘုရား (လွင့်စဉ်ရာမှ အစက်ကျဘုရား) တန်ခိုးအစွမ်းထက်မြက်လှကြောင်း၊ တစ်ဆင့်ခံကြားသိရ၍ ဖူးတွေ့လိုသော စိတ်ဆန္ဒပြင်းပြမှုကြောင့် ထိုဘုရားကိန်းဝပ်စံပျော်နေတော်မူသော ကျောင်းတိုက်သို့ ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် ဘုရားဖူးရန်ခရီး ထွက်ခွာလာခဲ့ပါသည်။

ကျောင်းတိုက်သို့ ရောက်သောအခါ ဘုရားရှင်၏ ' တန်ခိုးဘုန်းကံကြောင့် ထင်ပါသည် ကျောင်းတိုက်ကြီးကို ခံ့ညားထည်ဝါစွာ တွေ့မြင်ရပါသည်။

ဆရာတော်ထံသို့ သွားရောက်ပြီး လှူဖွယ်ပစ္စည်း လှူဒါန်း၍...

'တပည့်တော် မဟာစည်ဘုရားအား ဖူးတွေ့ရန် လာရောက်ကြောင်းပါ'

ဟု လျှောက်ထားပြီး...

'ဘုရားရှင်၏ တန်ခိုးအစွမ်းကို အများသူငှာ သိစေလိုလို့ ဆောင်းပါးရေးလိုကြောင်း လျှောက်ထား တောင်းပန်ပါသည်'

ဆရာတော်က...

'မပိုမလို သတိထားပြီး ရေးစေချင်တယ်။ မြို့၊ ရွာ၊ ကျောင်း အမည်မှန်ကို တော့ မထည့်စေချင်'

ဟု မိန့်ပါသည်။

'မှန်ပါဘုရား။ တပည့်တော်ရဲ့ စာမူကို ဆရာတော်ကြီးထံ ပြသပြီးမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်ကို ပို့ပါမယ်ဘုရား'

ဟု ဝန်ခံ လျှောက်ထားခဲ့ပါသည်။

ထို့နောက် ဆရာတော်က မဟာစည်ဘုရားအား ကိန်းဝပ်စံပျော် သီတင်းသုံးနေတော်မူသော ဂန္ဓကုဋိကျောင်းတော်မှ ထုတ်ယူပင့်ဆောင်လာသည်။

မဟာစည်ဘုရားမှာ စန္ဒသူရိယမင်း၊ သိကြားမင်း၊ ဝိသကြုံနတ်မင်းတို့ ရတနာကိုးပါးဖြင့် သွန်းလုပ်ပူဇော်ထားသည့် ဘုရားဖြစ်သောကြောင့် ရောင်ခြည်တော်များ တဝင်းဝင်းနှင့် အလွန်တရာမှ ကြည်ညိုဖွယ်ကောင်းစွာ သပ္ပါယ်နေသည်ကို ဖူးတွေ့ပူဇော်ခွင့်ရခဲ့သည့်အတွက် အားရကျေနပ်မိသည်။

'ယခု ဖူးမြင်ရတဲ့ ဘုရားသမိုင်းနှင့် ဆရာတော် ကြုံတွေ့ရတဲ့ အဖြစ်အပျက်တွေရှိရင် သိရှိလိုပါသည် ဘုရား'

ဟု လျှောက်ထားလေရာ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးက...

'အင်း ရခိုင်ပြည်၊ စန္ဒသူရိယမင်းကြီး၊ ထီးနန်းစိုးအုပ်တဲ့ (၂၆)နှစ်မြောက် ဘိုးတော် အဋ္ဌမင်းဖြိုးကြွင်း သက္ကရာဇ် ၁၂၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ညနေအချိန်မှစ၍ ရုပ်တုတော် မဟာမြတ်မုနိကို ဘုရားရှင်ရှေ့မျက်မှောက်တော်တွင် သွန်းလုပ်လေသည်။

ဘုရားရှင်ကိုယ်တိုင် ရင်ခွေ့တော်ကိုခုနစ်လက်အုပ်ထည့်သွင်းတော်မူသောကြောင့် တစ်ဆံချည်မျှ မချွတ်မြတ်ဗုဒ္ဓနှင့် တူတော်မူလေသည်။

ကဆုန်လပြည့်ကျော် (၁)ရက်၊ ကြာသပတေးနေ့၊ နံနက်အချိန်မှာ အောင်မြင် ပြီးမြောက်တော်မူလေသည်။ ဗြဟ္မာနတ်လူအပေါင်းတို့၏ အမြင်တွင် ဘုရားနှစ်ဆူ တစ်ပြိုင်နက်ပွင့်တော်မူသကဲ့သို့ ထင်ကြကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် တင့်တယ်သောရုပ်တုတော်ကို မြင်တော်မူလေလျှင် တန်ဆာဆင်အပ်သော မဏ္ဍပ်အတွင်းသို့ ကြွတော်မူလာသည့်အခါ ရုပ်တုတော်သည် အသက်ဝိညာဉ်ရှိသကဲ့သို့ နောင်တော်မြတ်စွာဘုရားအား ခရီးဦးကြိုပြုအံ့ဟု ထသောအခြင်းအရာကိုပြုလေသော် မြတ်စွာဘုရားက ရောဝဏ်ဆင်မင်း၏ နှာမောင်းနှင့်တူသော လက်ယာလက်တော်ကိုဆန့်၍ လက်ဝါးကာတော်မူလျက်...

'ငါ၏ ညီ၊ မထလင့်'

ဟု တားမြစ်တော်မူ၍...

'ငါ့ညီတော် ငါတစ်မူကား မကြာမြင့်ခင်လျှင် ပရိနိဗ္ဗာန်ပြုရလိမ့်မည်'

ဟု မိန့်တော်မူလေသတည်း။

နောက်ပြီးတော့ မဟာမြတ်မုနိဘုရားကြီးကို သွန်းလုပ်ရာမှ ရွှေငွေစသောရတနာအကျန်တို့ကိုမဟာကျန်ဘုရားနှင့် ကြေးစည်များ သွန်းလုပ်ပူဇော်ထားကြောင်း သိရတယ်။

ယခု ဖူးတွေ့ရ ဘုရားကတော့ မဟာမြတ်မုနိဘုရား သွန်းလုပ်ရာမှာ အစက်များလွင့်စဉ်ရာမှ အစက်ကဘုရား ဖြစ်ပေါ်လာသောကြောင့် မဟာစဉ်ဘုရားဟု ခေါ်ပါသည်။

ထို့နောက် ဆရာတော်ကြီးက ကြုံတွေ့ခဲ့ရပုံကို အတန်ငယ်စဉ်းစားပြီး ဆက်လက် ရှင်းပြလေသည်။

'လွန်ခဲ့တဲ့ သက္ကရာဇ် ၁၃၆၂ခု၊ တပို့တွဲလဆုတ်(၁)ရက် ည သန်းခေါင်အချိန်လောက်မှာ ကျောင်းတိုက်ဝင်းထဲရှိ သီလရှင်အဘွားကြီးနေတဲ့ ကျောင်းဆောင်မှစပြီး မီး,စတင်လောင်ကျွမ်းတယ်။

အဲဒီကတစ်ဆင့် အလျားပေ(၆၀)၊ အနံပေ(၂၀)ခန့်ရှိတဲ့ ဥပုသ်ဇရပ်၊ ကျောင်းဆောင်ကြီးကိုလဲ မီး ကူးစက်လောင်ကျွမ်းတယ်။ ဆွမ်းချက်တဲ့ မီးဖိုဆောင်လဲ မီးထဲ ပါသွားတယ်။

ဆရာတော်နဲ့ ရွာသားတွေက ကျောင်းပေါ်ကပစ္စည်းတွေကို သယ်ထုတ်ကြတာပေါ့။ ဒီကျောင်းတိုက်ကြီး မီးကူးစက် လောင်ကျွမ်းတော့မယ် ထင်ပြီး စိုးရိမ်နေကြတာပေါ့။

မီးများဟာ (၃၅)တောင်အမြင့်ရှိ ကျောင်းကြီးအပေါ်ကို ကျော်လွှန်၍ (ကျောင်းမြောက်ဘက်မှ ကျောင်းကြီးကို ကျော်လွှန်၍ တောင်ဘက်ရှိ) ကျောင်းခြံစည်းရိုးဝါးတွေကို လောင်ကျွမ်းတယ်။

ဒါပေမယ့် ကျောင်းကြီး မီးအထဲ မပါဘဲ ကျန်ရှိနေသည်မှာ မဟာစဉ်ဘုရား၏ တန်ခိုးအစွမ်းကြောင့်လို့ ယုံကြည်ရပါတယ်။ သီလရှင်အဘွားကြီးကတော့ မီးထဲမှာပဲ အသက်ဆုံးသွားတယ်။

နောက် ကြုံတွေ့ရပုံကတော့ ဆရာတော်ကျောင်းမှာ ရှေးခေတ်ပြိုင်ပွဲဝင် လှေတစ်စီးရှိတယ်။ ကိုရင်ကျောင်းသားတွေနဲ့ လှေစီးပြီး ရွာတစ်ရွာကို ခရီးထွက်ပါတယ်။

ရွာကို မရောက်မီ ဆရာတော်တို့ လှေမြှုပ်ပါလေရော။ ဆရာတော်တို့လဲ အသက်ဘေးမှ ကူးခတ် လွတ်မြောက်ခဲ့တယ်။

ဘုရားပင့်လာတဲ့ လက်ဆွဲအိတ်အတွင်း သင်္ကန်းနဲ့ ဘုရား၊ တရားပောစာအုပ်တို့မှာမူကား ရေ လုံးဝမစိုစွတ်ဘဲ ရေမှာ မျောနေတာကို ထူးဆန်းစွာ တွေ့ရပါတယ်။ ခရီးမထွက်ခင်ညကလဲ အိပ်မက်မကောင်း၊ မြင်မက်ပြီး အတိတ်နိမိတ်ကို ပြပါတယ်။

ဘေးအန္တရာယ်တစ်ခုခု ကြုံမယ်ဆိုပါက ကြိုတင်၍ နိမိတ်ဖြစ်ပေါ်ခြင်း စသည် စသည်တို့ အများအပြားရှိရာမှ သင့်တော်သောဖြစ်ရပ်မှန်ကို ရွေးထုတ်၍ ဖူးတွေ့ဖို့ ခဲယဉ်းသည့် ရှားပါးသော တန်ခိုးအစွမ်းထက် ဘုရားတစ်ဆူဖြစ်ပါကြောင်းဖြင့် ဖော်ပြလိုက်ပါသတည်း။

***အနိစ္စာဝတ သင်္ခါရာ၊ သုခီအတ္တာနံ ပရိဟရန္တု။***

**ဘဒ္ဒန္တကုသလ**
**(ဆားပြင်ဆရာတော်)**

မှိုငြမ်းကိုးကား

**ရမ္မာဝတီ၊ ရမ်းပြည့်မြို့၊ အရှင်စန္ဒာလင်္ကာရ တောင်ကျောင်းဆရာတော် စီရင်ရေးသားတော်မူအပ်သော ရခိုင်ရာဇဝင်သစ်ကျမ်း ပထမတွဲကို မှီငြမ်းရေးသားပါသည်။**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နှန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက် နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီးဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရျုံးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြံ့ဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

သမားအို

လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ်အလွန် များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့်လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဆီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာနိုပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊


မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာစေတီတော်မြတ်ကြီးပုံ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

# စစ်ကိုင်းတောင်တွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ဗုဒ္ဓပူဇော်ဂါထာတော်များ (၁၁)

**ယခင်လမှ အဆက်**

### မဟာစေတီ

**နမောတဿ ဘဂဝတော အရဟ**
**…တော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ်ရွတ် ဆိုပါ။]*

ဒွေနန်းကြော့ရှင် သုရာဇေန
ကာရိတံ မဟာစေတီယံ။
နာနာဓာတုဟိ ဌပေတွာ၊
ဝန္ဒေ ယန္တံ သုခါဝဟံ။

…ခဲ့သော ပါဠိအသံထွက်

**ဌပေတွာ** = ထပစ်တာဝါ
**ဝန္ဒေ** = ဝန်ဒေ



◆ မဟာစေတီမှ အဓိဋ္ဌာန်ဌာနတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာစေတီမှ ဘိုးတော်အောင်တေဇ၏ ဆရာတော်ဦးဝိမလ၏ မွေးရပ်သာ



မဟာစေတီ အရှေ့အာရုံခံအတွင်းမှ ရွှေစက္ကူရုပ်ပွားတော် ▶

**ယန္တံ** = ယန်တံ

မြန်မာပြန်

**ရွှေနန်းကြော့ရှင် သုရာဇေန၊** ရွှေနန်းကြော့ရှင် အမည်တွင်ပါသော ဘုရင်မင်းတြားကြီးသည်။

**နာနာဓာတုဟိ၊** အထူးထူးသော ဓာတ်တော် မွေတော်တို့ဖြင့်။

**ဋ္ဌပေတွာ၊** ဌာပနာတော်မူ၍။

**ယံ မဟာ စေတီယံ၊** အကြင်မဟာစေတီတော်မြတ်ကြီးကို။

**ကာရိတံ၊** တည်ထားသမှု ကိုးကွယ်ခြင်း ပြုအပ်ခဲ့လေပြီ။

**တံ၊** ထိုမဟာစေတီတော်မြတ်ကြီးအား။

**အဟံ၊** "......"ဟု နာမသမုတ် အကျွန်ုပ်သည်။

[မှတ်ချက်။ ။"......"**နေရာတွင် ရှိခိုးပူဇော်သူ၏အမည် ထည့်ပါ။]**

**ဝန္ဒေ ဝန္ဒာမိ၊** ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ ဘုရား။

ဘုရားတည်နှစ်

၁။ သက္ကရာဇ် ၈၆၅ ခုနှစ်။

၂။ သက္ကရာဇ် ၁၃၄၀ ပြည့်နှစ်။

ဘုရားဒါယကာ

၁။ အင်းဝဘုရင် ရွှေနန်းကြော့ရှင် ဘုရင်နရပတိမင်းကြီး။

၂။ ဆရာတော်ကြီး အရှင်ဝိမလခေါ် ဘိုးတော်အောင်တေဇ။

တည်နေရာ

စစ်ကိုင်းတံတားကြီးအဆင်း အရှေ့ဘက်တွင် (ပန်းတောရပ်) မှန်စီရွှေချထားသော မဟာစေတီတော်မြတ်အား ဖူးမြင်နိုင်ကြပါသည်။

ပွဲတော်ရက်


နှစ်စဉ် နတ်တော်လပြည့်နေ့။

အောင်မြေနေရာ

မဟာစေတီတော်မြတ်ကြီး၏ တနင်္ဂနွေ ဂြိုဟ်တိုင်ရှေ့တည့်တည့်။

F.11B. January, 2014.

www.burmeseclassic.com



▲ မဟာဒေဝီမှ ထုဆြားသော နဂါးရုံဘုရား

▼ ဘိုးတော်အောင်သေ၀(ခ)ဆရာတော်ကြီး ဦးဝိမလအား သက်ရှိထင်ရှားရှိစဉ်က ပုံတော်






www.burmeseclassic.com

www.burmeseclassic.com






▲ ဗြိုဟ်မြေနှံ့ပြည် စေတီတော်၏
အရှေ့ဘက်ရှိ မဟာစေတီဝင်းအတွင်းရှိ
မဟာဗောဓိပင်ကြီး

ဘိုးတော်အောင်သောရုပ်တုတော် ▶
မဟာစေတီမှ သိကြားမင်း ရေစင်သွန်းဟန်



▼ မဟာစေတီမှ ဘိုးတော်အောင်သော၏ ဓာတ်နန်း






www.burmeseclassic.com

www.burmeseclassic.com



မဟာစေတီမှ ရှင်ဥပဂုတ္တရုပ်တော်



မဟာစေတီမှ ဆောင်မြင့်နေရာ

အစောင့်အရှောက်

နဂါးမယ်တော်။

ထူးခြားချက်

ဘုရင်နရပတိသည် မဟာစေတီတော်မြတ်ကြီးအား ရွှေစင်သားအုတ်၊ ဘော်ငွေသားအုတ်၊ ပတ္တမြားစီအုတ်၊ ရတနာ(၇)ပါးစီအုတ်တို့ဖြင့် ထူးခြားစွာ ပန္နက်တော်မင်္ဂလာပြု၍ တည်ထားတော် မူလေ၏။

နိုင်ငံတော်၏ "ထာဝရဘုရားကြီးများအစု" သတ်မှတ်ရာတွင် တစ်ဆူအပါအဝင်ဖြစ်ကြောင်း မုံရွေး ဇေတဝန်ဆရာတော်ကြီး၏ စေတီယကထာကျမ်းတွင် ရေးသားထားလေသည်။

ဘုရားစေတီများ တည်ဆောက်ပြုပြင်ရာတွင် မင်းဘဏ္ဍာနှင့် မရောစပ်စေဘဲ ကသောင်းမြောင်သိုက်တွင် ဝတ်မိုးဝတ်မြေ ကောက်ခံရ အခွန်အတုတ်များဖြင့်သာ ပြုပြင်ရသောစေတီတော်ဖြစ်ကြောင်း ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် ပါရှိလေ၏။

## မဟာထာဝရဘုရားကြီးအစုဝင်

## စေတီများ

စစ်ကိုင်းမြို့၏ မဟာစေတီ၊ ရှင်ဖြူရှင်လှစေတီ၊ ဆင်များရှင်စေတီ၊ စည်းခုံကြီးစေတီနှင့် ကောင်းမှုတော်။

မင်းကွန်းဒေသ၌ **ပုထိုးတော်ကြီးနှင့် ရှင်ဖြူဘုရား။**

ရွာသစ်ကြီး (စစ်ကိုင်းမြို့နယ်)၌ **စည်းခုံဘုရား။**

အမရပူရ၌ **မြို့ထောင့်(၄)ဆူ၊ သရက်တောစေတီ၊ ဂူဘုရားကြီးနှင့် စန္ဒမုနိ။**

ရတနာသိင်္ခ၌ **မြို့ထောင့်စေတီ။**

ရသေ့မြို့၌ **သရမာစေတီနှင့် ရတနာစေတီ။**

ပုဂံပြည်၌ **အာနန္ဒာ၊ မနုဟာ၊ ဓမ္မရံသီ၊ ဂေါ်တောပလ္လင်၊ သဗ္ဗညု နှင့် ရွှေစည်းခုံ။**

ပြည်မြို့၌ **ရွှေဆံတော်။**

ရန်ကုန်မြို့၌ **ရွှေတိဂုံစေတီတော်။**

သန်လျင်၌ **ကျိုက်ခေါက်စေတီတော်။**

ဟံသာဝတီ၌ **ဝိဇယစေတီ၊ မော်ဓော စေတီနှင့် မဟာစေတီ**ဟူ၍ စေတီယကထာကျမ်းတွင် ဖော်ပြထားပါသည်။

ဤ မဟာစေတီတော်မြတ်ကြီး၏

www.burmeseclassic.com





▲ မဟာစေတီမှ နဂါးသိုက်နန်း

◀ မဟာစေတီမှ ထီးတော်ပုံစေတီ

ထီးတော်မှစ၍ စေတီတော် ကိုယ်လုံးတော်ပြည့် မှန်စီရွှေချထားသော တစ်ဆူတည်း စေတီတော်ကြီး ဖြစ်လေ၏။

ဆရာတော်ကြီး အရှင်ဝိမလခေါ် ဘိုးတော်အောင်တေဇ၏ဓာတ်နန်းကို မြောက်ဘက်မုခ်ဦး အဝင်တွင် ဝင်ရောက်ဖူးမြော် ကြည်ညိုနိုင်ကြပါသည်။

တနင်္ဂနွေထောင့် အောင်မြေ၏ အရှေ့ဘက်တွင် ဂြိုဟ်ပြေနံ့ပြေစေတီတော်ကြီးအား ထူးခြားသပ္ပာယ်စွာ ဖူးမြင်နိုင်ကြ၏။

ဂြိုဟ်ပြေနံ့ပြေစေတီတော်၏ အရှေ့ဘက်တွင် အကိုင်းအခက် ဝေဆာစွာ ပွင့်လန်း ရှင်သန်နေသော မဟာဗောဓိပင်ကြီးမှာ အဓိဋ္ဌာန်ဝင်ရာ ဌာနထူးဖြစ်သည်။

မဟာဗောဓိပင်ကြီး၏ တောင်ဘက်တွင် ရှင်ဥပဂုတ္တရဟန္တာကြီးအား လည်းကောင်း၊ ရှင်သီဝလိ အရှင်မြတ်၏ အဆောင်တော်တို့၌ လည်းကောင်း ဝင်ရောက် အဓိဋ္ဌာန်ပြုနိုင်ကြလေ၏။

စေတီတော်ကြီး၏အရှေ့ အာရုံခံ ဝတ်ကျောင်းဆောင်အတွင်း၌ ဘိုးတော်အောင်တေဇ၏ အာရုံနိမိတ်ဖြင့် အပူဇော်ခံထားသော ဗုဒ္ဓဆင်းတုတော်ကြီးမှာ ကျင့်စဉ်ဝင် အားထုတ်ရန် အကောင်းဆုံးဌာနဖြစ်လေ၏။

စေတီတော်ကြီး၏ အင်္ဂါထောင့်တွင် ဘိုးတော်သိကြားမင်း၏ အဆောင်တော်ကို သီးသန့်ပြုလုပ်ထားရာ သက်ဆိုင်သူများဖြင့် စည်ကားသော နေရာထူး ဖြစ်လေ၏။

ဘိုးတော်သိကြားမင်း၏ အနောက်ဘက်ဘေးတွင် အစောင့်အရှောက်ဖြစ်သော နဂါးမယ်တော်၏ နန်းဆောင်မှာလည်း ဆွေတော်မျိုးတော်များဖြင့် အခါအားလျော်စွာ စည်ကားသော နေရာဖြစ်လေ၏။

စေတီတော်ကြီး၏ စနေထောင့်တွင် ထီးတော်ပုံစေတီမှာ အကြီးအမှူးဖြစ်လိုသူများ ရာထူးမြင့်လိုသူများ၊ မိုရိုသူများအား ကောင်းကျိုးချမ်းသာ ပေးလိုသူများအတွက် ကျင့်စဉ်နေရာထူး ဖြစ်လေ၏။ တောဇအရပ်လည်း ဖြစ်လေ၏။

ထီးတော်ပုံစေတီတော်နှင့် နီးကပ်စွာ နဂါးရုံရုပ်ပွားတော်မှာ ထူးခြားသော ပုံဟန်အနေအထားဖြင့် တည်ရှိလေသည်။ နဂါးအောင်မြေအဖြစ်လည်း အသိအမှတ် ပြုထားသောကြောင့် ကျင့်စဉ်နေရာမြတ် ဖြစ်လေ၏။

မဟာစေတီတော်ကြီး၏ အနောက်ဘက်မုခ်ဦး အဝင်ဝတွင် ဆရာတော်ကြီး အရှင်ဝိမလခေါ် ဘိုးတော်အောင်တေဇ၏ မူလ အဆောင်တော်အား အမှတ်တရ ပူဇော်ရာဌာနအဖြစ် ကျောင်းတိုက် ဝိဟာရကြီးအဖြစ် တပည့်များ၏ ကုသိုလ်ဒါနကို ဖော်ပြထားသကဲ့သို့ ရှိလေရာ မဖြစ်မနေ ဝင်ရောက် ပူဇော်ရမည့်နေရာ ဖြစ်လေ၏။


မဟာစေတီတော်ကြီးမှာ **ဝိဇ္ဇာစည်း** ဖြစ်သောကြောင့် သီလ၊ သမာဓိ၊ မေတ္တာကျင့်စဉ်ဖြင့် အားထုတ်ကြရမည့် အောင်မြင်နေရာမှန် ဖြစ်ပါသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ဂေဟာ လုံခြုံစေသည်

ဂါထာ

**ရွှေဘိုမြို့၊ မောစောမြင်သာ စေတီအနီးရှိ သုခကာရီကျောင်း တိုက်အတွင်း စံပယ်တော်မူသော အဘအောင်မင်းခေါင် ဓာတ်ပန္နက် ဆယ်တောင်ပြည့် ကပ်ကျော်စေတီ အား သွားရောက် ဖူးမြော်ကာ သုခ ကာရီ တတိယဆရာတော် အရှင် ဝိမလအား** ဝတ်ဖြည့်ကန်တော့ရာ အိမ်ဂေဟာ၊ အလုပ်ခန်း၊ ဝိဟာရ လုံခြုံဘေးကင်းစေသော အစီအစဉ်ကို ချီးမြှင့်ပေးတော်မူသည်။

**ဒုတိယသုခကာရီ ဆရာတော် ကြီး ဦးကေသရ**သည် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၂)ရက်နေ့တွင် ပျံလွန်တော်မူကာ **ဦးဝိမလက တတိယဆရာတော်**အဖြစ် တာဝန်ယူ ရခြင်းဖြစ်သည်။

'ဆရာတော်(ဦးကေသရ) ပျံလွန် တော်မူပြီးနောက် ရွှေဘိုမြို့မှာ ဖောက် ထွင်းမှုတွေ အတော် ထူပြောတယ်။ ဦးပဉ္ဇင်းလဲ ကျောင်းထိုင် တာဝန်ယူခါ စဆိုတော့ အကြံရခက်နေတယ်။

သူတို့တစ်တွေရဲ့ ဒုက္ခအခက်အခဲကို ကယ်တင်ဖြေရှင်းနိုင်ဖို့ ညအိပ်ရာဝင် ခါနီးမှာ ဆရာတော်ကို ရည်မှန်း လျှောက်ထားခဲ့တယ်။

အိပ်မက်ထဲမှာ ဆရာတော်ကို ဖူးတွေ့ရတယ်။

'မင်းနှယ် လွယ်လွယ်ကလေးကို ခဲရာခဲဆစ် စဉ်းစားနေပြန်ပါပြီ'

'ဘုန်းကြီး (ကျောင်းထိုင်ဆရာ တော်ဟု ဆိုလိုသည်။ "ဦးပဉ္ဇင်း"ဟု ဆိုလျှင် ကျောင်းထိုင် မဟုတ်သော ခန်းနေသံဃာကို ရည်ညွှန်းသည်။) အတွက် လွယ်ပေမယ့် တပည့်တော် အတွက်ကတော့ ခက်လှတယ်ဘုရား'

'မင်း သမ္ဗုဒ္ဓေဂါထာ မရဘူးလား'

'ရပါတယ်ဘုရား'

'ဒါဖြင့် အသံထွက်မှန်မှန်နဲ့ ရွတ်ပြ စမ်း'

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတ သဟဿာနိ.........

'တော်ပြီ၊ ရပြီ။ အဲဒီမှာ ဤသရနဲ့ **"သဟဿာနိ"**လို့ရွတ်၊ နောက်တော့ ဆက်ပြီး **"ဥုံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဥုံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဥုံ သံဃံ သရဏံ ဂစ္ဆာမိ"**လို့ အဆုံးသတ်၊ ကဲ...ပြန်ဆိုပါဦး'

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ။ ပဉ္စသတ သဟဿာနိ၊ ဥုံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဥုံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဥုံ သံဃံ သရဏံ ဂစ္ဆာမိ၊


'ဟုတ်ပြီ ဒီဂါထာကို ညမအိပ်မီ အရှေ့တောင်ထောင့်၊ အနောက် တောင်ထောင့်၊ အနောက်မြောက် ထောင့်၊ အရှေ့မြောက်ထောင့် ထောင့် လေးထောင့် စေ့အောင် တစ်ခေါက်စီ ရွတ်၊ ဘယ်သူခိုး၊ ဘယ်လိုလူမျိုးမှ မဝင်နိုင်ဘူး'

'ကျောင်းကိုလာပြီး လျှောက်ထား ကြတဲ့ ဒါယကာတွေကို တစ်ဆင့် ဒါနပြုလိုက်မှ ကုန်တိုက်တွေ၊ ရတနာ ဆိုင်တွေ၊ စတိုးဆိုင်တွေလဲ သက်သာ ရာ ရကြတော့တယ်။ စိတ်ကို ငြိမ်ငြိမ် ထားပြီး အသံထွက်မှန်မှန်နဲ့ ယုံယုံ ကြည်ကြည်သာ ရွတ်ပါ။ အိမ်ဂေဟာ၊ အဆောက်အအုံ ခိုးသားဓားပြဘေးက တကယ် လုံခြုံပါတယ်'

ဆရာတော်ဦးဝိမလသည် သုခကာ ရီ မူလဆရာတော် ဦးပညာစက္က၊ ဒုတိယဆရာတော် ဦးကေသရ ဆရာ နှစ်ပါးထံမှ ပညာအမွေကို ဖဝါးခြေထပ် လိုက်ပါရယူထားနိုင်သူဖြစ်ကာ သတ္တဝါ ကယ်ဆယ်မှု သာသနာပြုလုပ်ငန်းများ တွင် အထူးဝါယမ စိုက်ထုတ် ကြိုးပမ်း တော်မူလျက် ရှိသည်ကို ဖူးတွေ့ခဲ့ရပေ သည်။

**စံထွန်းသာ**

www.burmeseclassic.com



## ၂၀၁၄ ခုနှစ်အတွင်း ဇန်နဝါရီလအတွက်

# ငွေကြေး လာဘ်လာဘ

## သွက်လက်စေဖို့

သို့မဟုတ် သူ့အား အကူအညီတောင်းကာ ကိုယ်စား လှူဒါန်းစေသင့်သည်။

*လာဘ်လာဘ ရွှင်လန်းဝေဆာကြပါစေ။*

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၃၁)ရက်နေ့သည် သစ်သား(ယန်း)ဓာတ်ဆောင် **မြင်းပုံရိပ်စိုးမိုးသော နှစ်ဆန်းတစ်ရက်နေ့** ဖြစ်သည်။

နှစ်ကူးအစလဖြစ်သော ဇန်နဝါရီလတွင် ငွေကြေးလာဘ်လာဘများ သွက်လက် လွယ်ကူစေရန် သစ်သားဓာတ်ကို အားပြုရပါမည်။ သစ်သား(ယန်း)ဓာတ်ဆောင်မည့် သစ်ခက် သစ်ညွန့်များကို အသုံးပြုသင့်သည်။

မိမိတို့ မွေးနှစ်အရ ကံပွင့်အရပ်မျက်နှာတွင် စိုက်ပျိုး၊ လှူဒါန်းနိုင်သည်။ ဤအစီအစဉ်အတွက် အဆင်ပြေစွာ ပြုလုပ်နိုင်ရန်မှာ လူအများ ပူဇော်သည့် ဘုရားစေတီတစ်ဆူ၏ ဆိုင်ရာ အရပ်ထောင့်မှ ကပ်လှူခြင်းဖြစ်သည်။

ထို့ကြောင့် မိမိတို့ မွေးနှစ်အရ ကံပွင့်အရပ်၊ ရွေးချယ်သင့်သော ခုရေ၊ အကူအညီတောင်းသင့်သည့် ပုဂ္ဂိုလ်၊ လှူဒါန်းရန် နေ့ရက်တို့ကို အောက်ပါအတိုင်း ရှာဖွေစီစဉ်ပါ။

* * * ⟶

**ဥပမာ။ ။** ကြွက်နှစ်တွင် မွေးဖွားသူသည် သပြေ(၇)ခက်ကို သောကြာနေ့တွင် ဘုရားစေတီဆူ၏ အနောက်အရပ် ကြာသပတေးဂြိုဟ်တိုင်အနီးမှ ဘုရားရှင်အား ကပ်လှူကာ ငွေကြေး လာဘ်လာဘများ သွက်လက်ရွှင်လန်းစွာ ရရှိစေရေး သမ္မာဒေဝများထံ တိုင်တည် ဆုတောင်းပါ။

အခက်အညွန့်ကို အသုံးပြုရာ၌ ပညတ်နိမိတ်ကောင်းသော အခက်အညွှန့်ကို ရွေးချယ် ကပ်လှူရန် ဖြစ်သည်။

*** ⟶


ကူညီမည့်ပုဂ္ဂိုလ်မှာ လှူဒါန်းမှုတွင် အဖော်ပြု ခေါ်ဆောင်သွားနိုင်သည်။

**ထက်မင်းကျော်စွာ**

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား၊ ကျား | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး၊ မြွေ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ်၊ မျောက် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး၊ ဝက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |

**အောင်သပြေ** = အောင်မြင်ခြင်း။
**ရွက်လှ** = လုပ်ငန်းတာဝန်များ အဆင်ပြေ ကျေပွန်စွာ ထမ်းရွက်နိုင်ခြင်း။
**ကံ့ကော်** = ကံကောင်ကံမြင့်ခြင်း။
**ကန်စွန်း** = အတိတ်ပစ္စုပ္ပန် အလုပ်ကံတို့ အစွမ်းထက်မြက်ခြင်း။
**စံပယ်** = ကောင်းမွန် တင့်တယ်စွာ နေထိုင်နိုင်ခြင်း။
**ခရေ** = စက္ကန့်မလပ် အချိန်တိုင်း သွက်လက်ရွှင်လန်းခြင်း။ **(ရှေးမြန်မာအချိန်တိုင်း ယူနစ်ဖြစ်သော နာရီ၊ ဗီဇနာ၊ ခရာတို့တွင် အငယ်ဆုံးဖြစ်သော "ခရာ"နှင့် အသံထွက် ဆင်တူသောကြောင့် "ခရေ"ကို သုံးခြင်း ဖြစ်သည်။)**
**ဩဇာ** = ပြောဆိုခိုင်းစေရာတွင် စကားတည်ခြင်း စသည်ဖြင့် လိုရာယူသုံးပါ။

www.burmeseclassic.com



◆ ကျော့ကျော့စိုး

ဘိုကလေးမြို့နယ်၊ ကမ်းကြီးရွာ ရှေးဟောင်းကျောင်းကြီးနှင့် ထူးဆန်းသော

# သမင်ချိုပလ္လင်တော်(၂)

ဟာသာတာ သန်းလှိုင်ကျော်
(ရွှေပန်းချီ)

ယခင်လမှ အဆက်

ယိုးဒယား(ထိုင်း)ပန်းခက် ခြူးနွယ် ပေါ့စ်နွယ် အဖူးအပွင့်အရွက် အနွယ် အလိပ်တို့မှာ လုပ်လုပ်ကလေးနှင့် အနံကနုတ်နှင့် သစ်စေးသရိုး ကနုတ်ပန်း သေးသေးမျှင်မျှင်လေးကို ရွှေစစ်ချ ထားသည်မှာ သေသပ်လှသည်။


ထို့ပြင် ဖန်ကနုတ်တွင် ရွှေ၏ အစွန်း အထင်း မရှိသလို (၆)လက်မအကွက် ထဲမှာပင် ဆံတော်ပယ်ခန်း၊ ဗုဒ္ဓဝင် ချပ်တုပင်လျှင် သစ်စေးသရိုး၏ ပြောင်ပျောင်းမှု၊ ရှေးဟောင်းဝတ်စား ဆင်ယင်မှုများမှာ သုတေသနပြုစရာ ပင်။

ဘုရားတံကဲ သစ်ထွင်းလက်ရာမှာ တောင် (၂)ထပ်လိမ် (၃)ထပ်လိမ် ပန်းနွယ်ကြားမှာ ဝိဒူရဇာတ် ထွင်းထု ထားသည့် တံကဲလည်း တွေ့ခဲ့ရသည်။ တချို့တစ်ဝက်သာ ကျန်တော့သည်။ ရှေးဟောင်းပစ္စည်းများ၊ သူခိုးများ ခိုး ယူသွားသော ပန်းတံကဲကြီးများစွာထဲမှ ဖြုတ်ယူမရသော တံကဲအချို့သာ တွေ့ခဲ့ရသည်။

နာဂစ်မုန်တိုင်း မတိုက်ခတ်မီ တစ် နှစ်အလိုက ရှေးဟောင်းပစ္စည်း သူခိုး တစ်စုတို့သည် ညဘက် လူခြေတိတ် ချိန်တွင် ရှေးဟောင်းသိမ်တိုက်ကြီးထဲ တံခါးချိုးဖွဲ့ဝင်ပြီး နှစ်ထပ်တံကဲများကို ဖြုတ်ယူနေကြသည်။


ထိုစဉ် အအိပ်အနေနည်းသော ဆရာတော် ဦးပညာသီဟသိ၍ သူခိုး သူခိုးဟု အော်ရင်း သိမ်နား ပြေးသွား ရာတွင် သူခိုးတစ်ယောက်မှ လေးမြား ခွဖြင့် ဆရာတော်အား ပစ်ရာ မြားသည် ဆရာတော်၏ ဘယ်ဘက်ရင်ဘတ် အား လာစိုက်သော်လည်း အသား မထိဘဲ ဆရာတော်၏ သင်္ကန်းရုံထား သော သင်္ကန်းသာ ထူးဆန်းစွာ စိုက်ပြီး

www.burmeseclassic.com



▲ ကျောက်ချပ်အလုပ်၏ ခြေထောက်မှာ ထွင်းရေးထားသော ကျောက်ချပ်စာပုံ

▼ ကမ္ပည်းအုံနှင့် မင်းကျည်းတော်ကမ္ပည်းများ





www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျသွားပါသည်။

ဤမျှပင် ဆရာတော်သည် ရှေးဟောင်းအမွေအနှစ်ကို အသက်နှင့်ရင်းပြီး စောင့်ရှောက်ခဲ့သည်။

စာရေးသူ သိလိုသမျှလည်း ဖြေကြားခဲ့သည့်အထဲမှာ ပထမဆုံး မန္တလေးက ပင့်ဆောင်လာသော ဆရာတော် အစဉ်အဆက်မှ ပထမ **ဦးကလျာဏ**၊ ဒုတိယ**ဦးကေလာသ** စလင်းသား၊ တတိယ**ဦးသုနန္ဒ**၊ စတုတ္ထ ယခုလက်ရှိ ဆရာတော် **ဦးပညာသီဟ**ဖြစ်ပါသည်။

ရှေးဟောင်းရွှေပိန်းချ ကမ္ဗဝါအဖုံး တစ်ချပ်မှာ ရေးထိုးထားသော စာမှာ...

၁၂၆၈ ခု၊ မန္တလေးမြို့ ပလိုင်းတန်းရပ်နေ ကျော်ကုံသည် ဆရာပေါ်+ဇနီး အလှူပ်ကပ္ပ မိတွေးတော်မြေး မှန်နန်းအပြုတော် သုသီရိပပါ။ ပြည်ညည်ရွာစား ခင်လေး၊ သွီး မစိန်ခင်တို့ကောင်းမှု။ ***(မူရင်း လက်ရေးစာ)***

ဟူ၍ ဖြစ်သည့် ဟင်္သပဒါး နီနီရဲရဲမှာ ရွှေစာလုံးများ၊ ကနုတ်ပန်းအလှ




**ကညီဘီလူးမ ဒေါ်ဝင်းဆောင်ခံ ▶**



www.burmeseclassic.com

www.burmeseclassic.com



▲ မင်းတုန်းမင်းကြီး ပန်းချီကား

များဖြင့် ရေးသားထားပါသည်။ သစ်သားဖုံးကိုလည်း ရွှေပိုးကြိုးနီဖြင့် စည်းထားပါသည်။

ထို့အပြင် ဘုရင့်စားတော်အုပ်များ၊ ရွှေချကျောက်စီ နန်းတွင်းသုံးများ ထိုင်သော သလွန်နှင့် ရေးခေတ်သုံး မီးလုံး၊ မီးအိမ်အမျိုးမျိုးအပြင် ကြေးစည်ကြီးတစ်ခုအောက် အပေါက်ဖောက်ပြီး ပိုးကြိုးဖြင့် ဆွဲထားသော ရွှေးဟောင်း အစီအရင် မှန်စီရွှေချ အရုပ်ကလေးတစ်ရုပ်ပါ တွေ့မြင်ခဲ့ရသည်။

သို့နှင့် မေးမြန်းရာ ဆရာတော်မှ…

'ဒီ "ကျေးကုစ်ရုပ်" လို့ခေါ်တယ်။ အစီအရင်တစ်ခုပေါ့။ ဒီကြေးစည်ဆွဲ အရုပ်ကလေးက အနွယ်တော်များ ဘုရားဝတ်ပြု ဆုတောင်းအမျှဝေတိုင်း အသုံးပြုတယ်နဲ့တူပါတယ်ကွယ်။ ကြေးစည်ထုတိုင်း အောက်က ဝပ်လျှားမှောက်နဲ့ လည်နေမှာပေါ့'

ဟု ပြောရင်း ခပ်မှောင်မှောင်အခန်းတစ်ခုထဲ ဓာတ်မီးထိုးခေါ်သွားရင်း…

'ဒီမှာ အလွန်ထူးခြားပြီး ရှားပါးရှေးဟောင်း အစီအရင်အသုံးအဆောင် သမင်ချိုပလ္လင်ကြီးပြမယ်'

ဟု ပြောရင်း သက်န်းကြီးအုပ်ထားသော အရာဝတ္ထုအား ဖွင့်ပြရာ စာရေးသူ အံ့အားသင့်ရပြန်ပါသည်။

အလွန်လှပပြီး သမင်ချို(ဂျို)များဖြင့် သေသပ်ခိုင်ခံ့စွာ ပြုလုပ်ထားသော သမင်ချိုကုလားထိုင်ကြီး အခင်းအဝိုင်း ကျွန်းပြားကြီးမှာလည်း ပန်းပုလက်ရာ အစီအရင် ပြုလုပ်ထားသည်ဟု ထင်ရပါသည်။

အခင်းကျွန်းပြားကြီးမှာ ဆင်ရိုင်းကြီးပုံနှင့် ဘေးဘက်တွေမှာ ဘီလူးပုံလိုလိုပုံများ ဆင်ရိုင်း၏ အောက်ဘက်မှာ ဘီလူးပန်းဆွဲပုံနှင့် ဖြစ်ပါသည်။

စာရေးသူ သေချာလေ့လာနေစဉ်…

'အကာကြီးရေ ဒီသမင်ချိုထိုင်ခုံပလ္လင်ကြီးက ရှေးဟောင်းပလ္လင်ပါ။ မန္တလေးရတနာပုံက မင်းမျိုးမင်းသွေးများ လျှော့ကြီးနဲ့ တစ်ပါတည်း ပါလာတဲ့ တန်ဖိုး မဖြတ်နိုင်တဲ့ ပစ္စည်းပါ။ အလွန်ထူးခြားပြီး အလွန်ထူးဆန်းတယ်။

ဒီသမင်ချိုထိုင်ခုံပလ္လင်ကြီးပေါ်ကို သီလသမာဓိမရှိတဲ့သူများ တက်ထိုင်မိလို့ကတော့ တင်ပါးတစ်ခုလုံး အဖုတွေပေါက်ပြီး မနေနိုင် မထိုင်နိုင်အောင် ယားတော့တာပဲ။ အဲဒီ ပျောက်ချင်ရင်တော့ နံ့သာရည် ပက်ဖျန်းပြီး တောင်းပန်ရှိခိုးမှ အယားပျောက်တယ်။ အခုအချိန်အထိ တန်ခိုးသတ္တိရှိနေဆဲပဲ'

ဟု ပြောပြပါသည်။

ထို့ပြင် ဆရာတော်မှ ဆက်မိန့်သည်မှာ ဝန်ကြီးချုပ်ဦးနု လက်ထက်က ယင်း ဝန်ကြီးချုပ်ဦးနုကိုယ်တိုင် ဘိုကလေးဘက်လာရင်း ထိုကမ်းကြီးဝင်၍ သမင်ချိုပလ္လင်တော်အား သူကိုပေးပါရန်နှင့် ဒီကျောင်းမှာလည်း အရှင်ဘုရားလိုတာ ဖြစ်ချင်တာ အကုန်ဆောက်လုပ်ပေး ပြုပြင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ထိုခေတ်ငွေ (၁၀)သိန်းပါ လှူဒါန်းပေးပါဦးမည်ဟု လျှောက်ထားပါသည်။

ထိုစဉ်က ဆရာတော်မှ မပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



◆ သီဟဠမင်းနှင့် စုဖုရားလတ်ပုံ ပန်းချီကား

ကြောင်း၊ ယခုလက်ရှိ ဆရာတော် လက်ထက်မှာလည်း ရွှေပေါင်း သမင်ချိုပလ္လင်ကြီးနှင့် ပွဲတော်အုပ်များ၊ ရွှေပေါင်းပစ္စည်းများကို နည်းအမျိုးမျိုးဖြင့် ဆရာတော်ကြီးထံ ချဉ်းကပ်ပြီး ရွှေပေါင်းပစ္စည်း မှောင်ခိုသမားများသည် ငွေသိန်းပေါင်းများစွာဖြင့် လာရောက်ဝယ်သော်လည်း ဆရာတော်ကြီး ဦးပညာသီဟမှ...

'ငါ အသက်ရှင်သွာ တည်မြဲနေသမျှ ငါ့ဆရာတော်ကြီးက မင်းအသက်နဲ့လဲပြီး ဒီရွှေပေါင်းပစ္စည်း၊ သံဃာ့ပစ္စည်းတွေကို စောင့်ရှောက်ရစ်ပါလို့ အတန်တန် မှာသွားတဲ့ စကားကို ငါ ဦးထိပ်ထားတယ်'

ဟုသာ ပြောလွှတ်သည်။ ဆရာတော်ကြီးကိုယ်တိုင် သမင်ချိုပလ္လင်မှာ ထိုင်ပြီး ဓာတ်ပုံအရိုက်ခံပါသည်။

ထူးဆန်းသော ဓာတ်တော်တိုက်များနှင့် ရေဆန်ဓာတ်တော်များ ဖူးမြော်နိုင်ကြပါသည်။ ယခုလည်း ဆရာတော်ကြီးမှာ သက်တော်(၈၀)နား ကပ်နေပေမည့် ရွှေပေါင်းပစ္စည်းများ မသမာသူလက်ထဲပါသွားမှာ စိုးသောကြောင့် ညဆိုလည်း သိပ်မကျိန်းစက်သလို ခရီးဝေးလည်း မကြွနိုင် ဖြစ်နေပါသည်။

စောင့်ရှောက်မည့် သူကလည်း အလွန်နည်းပြီး ရွာသူရွာသားများမှာလည်း ကိုယ့်လုပ်ငန်းနှင့်ကိုယ် ဖြစ်နေ၍ သိပ်ဂရုမစိုက်နိုင်ပါ။

ထို့ကြောင့် ရွှေပေါင်းအမွေအနှစ်များကို ထိန်းသိမ်းစောင့်ကြဖို့ မြန်မာလူမျိုးတိုင်းမှာ တာဝန်ရှိပါသည်။ ဝိုင်းဝန်း ထိန်းသိမ်းကြပါလို့ တိုက်တွန်းချင်ပါသည်။

ယခု ကမ်းကြီးဆိပ်ကမ်းနေရာလေးသာ စည်ကားပါသည်။ ကျောင်းအပေါ်ထပ်မှာ ချိတ်ဆွဲထားသည့် ရှေးလက်ရာ မင်းတုန်းမင်းကြီးပန်းချီကားနှင့် သီပေါမင်းနှင့် စုဖုရားလတ် မိဖုရားပုံ ရေဆေး ပန်းချီလက်ရာသည်ပင် အတော် အသက်ဝင်လှပါသည်။

အခြား ဘာရေးသူမသိနိုင်သော ရွှေပေါင်းပစ္စည်းများနှင့် ပြည့်နှက်နေသော ထိုကမ်းကြီးကျောင်းသို့ လိုက်ပို့ပေးရှာသော **ကျုံကြီးကုန်မှ ဘုရားဒကာဦးပေါ်စံ+ဘုရားအမ ဒေါ်စန်းမူနှင့် ကမ်းကြီးကျေးရွာမှ အဘစိုး ဦးတင်အေး၊ ကိုကျော်မိုးတို့အား အထူး ကျေးဇူးတင်လျက်...**

**ထိုကျောင်းကြီးသို့ သွားရောက်ဖူးမြော် ကြည့်ရှုလေ့လာချင်ပါက လမ်းညွှန်...**

(ရန်ကုန်မှ ဇရာဝတီသင်္ဘောစီးပြီး သို့မဟုတ် ရန်ကုန်-မော်ကျွန်း ရုပ်မြေးရေယာဉ်စီးပြီး ကမ်းမကြီးဆိပ်ကမ်း ဆင်းပါ။)

***[ကမ်းကြီးဆရာတော်ကြီး အသျှင်ပညာသီဟအား ဤစာစဉ်ဖြင့် ကန်တော့ပန်းဆင်ပါ၏။]***

***အရာအားလုံး သည်းခံခြင်း စိတ်ထားဖြင့် အေးမြနိုင်ကြပါစေ။***

**ဟသ်ာတ သန်းလှိုင်ကျော်**
**(ရွှေပန်းချီ)**




www.burmeseclassic.com

# အကျိုးပေးပညာရပ် ရွေးချယ်ခြင်း နှင့်

## လက္ခဏာပညာ

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ





တက္ကသိုလ်ဝင်တန်း (၁၀-တန်း) စာမေးပွဲကို ငါးဘာသာဂုဏ်ထူး ရရှိ အောင်မြင်ပြီး အမှတ်ပေါင်း (၅၀၀)ခန့် ရရှိခဲ့သူ ကျောင်းသူ မလေးတစ်ဦးက ဆေးပညာနဲ့ ဥပဒေပညာ ဘယ်ဟာ ပိုပြီး အကျိုးပေးနိုင်လဲ၊ ဘယ်လို ရွေးချယ် တတ်သင့်လဲလို့ မေးမြန်းခဲ့ပါတယ်။

သူမရဲ့ ဘယ်လက်ဖဝါး ပုံစံကို သေချာကြည့်ပါ။ **"က" အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဦးခေါင်း လမ်းကြောင်း အဖျားနဲ့ အသက်လမ်းကြောင်း အဖျား (၀ ဒသမ ၅) စင်တီခန့်သာ ကွာဟပြီး ဦးခေါင်း လမ်း ဖြောင့်တန်းရှည်လျားတယ်။

ဦးခေါင်းလမ်းအဆုံးမှာ **ကြာဖူး သင်္ကေတ**ရှိတယ်။ ဦးခေါင်းလမ်း အဖျားပိုင်းမှာရော အရင်းပိုင်းမှာရော **တြိဂံသင်္ကေတ**တွေရှိတယ်။

* * *




မိမိကိုယ်ကို ယုံကြည်အားကိုးစိတ်ရှိခြင်း၊ လွတ်လပ်စွာ တွေးခေါ်ဆုံးဖြတ်တတ်ခြင်း၊ ပွင့်ပွင့်လင်းလင်း ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲ ဆုံးဖြတ်ရဲခြင်း၊ မဟုတ်မခံစိတ်ရှိခြင်း၊ အမှန်တရားကို လေးစားမြတ်နိုးခြင်း...

အမှားနဲ့အမှန်ကို ဝေဖန်သုံးသပ်နိုင်ပြီးဆုံး ဖြတ်ချက်အတိုင်း လက်တွေ့ဆောင်ရွက်နိုင်



www.burmeseclassic.com


www.burmeseclassic.com

ခြင်း၊ ကြောက်ရွံ့စိတ်နည်းပါးပြီး အားနာစိတ် လဲနည်းခြင်း၊ တွေဝေမှုမရှိခြင်း...

တရားမျှတမှုနဲ့ အမှန်တရားကို တန်ဖိုးထားခြင်းဆိုသော ပင်ကိုဗီဇမျိုးရှိ၍ ရှေ့နေ ဥပဒေ အရာရှိ တရားသူကြီး စသော ဥပဒေဆိုင်ရာ အလုပ်အကိုင်မျိုးတွင် လုပ်ကိုင်အကျိုးပေးနိုင်ကြတယ်။ ဥပဒေပညာရှင်များစွာတို့မှာ အဲဒီလို ဦးခေါင်းလမ်းမျိုး ရှိကြတယ်။

**"ခ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ညှိုးလက်ချောင်းထိပ်က လက်သူကြွယ် လက်ချောင်းထိပ်ထက် သိသိသာသာ ပိုမြင့်နေခြင်းဖြစ်ပါတယ်။

* * *




ဒါဟာ သူတစ်ပါးအပေါ် ဆရာလုပ်ရခြင်း ဩဇာလွှမ်းမိုးနိုင်ခြင်း သင်္ကေတ ဖြစ်ပါတယ်။

**"ဂ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ လက်ခလယ်အောက် စနေဂြိုဟ်ခုံနဲ့ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတို့ကြားမှာ အစပြုတဲ့ **ညောင်ရွက်သင်္ကေတတွေ** ရှိခြင်းဖြစ်ပါတယ်။


* * *




ဒါဟာ ပညာရေးမှာဖြစ်စေ၊ အလုပ်အကိုင်မှာဖြစ်စေ ဘွဲ့ထူးဂုဏ်ထူးတွေ ရရှိခြင်း၊ မင်းဆိုးရာဇာဖြစ်ခြင်း၊ မင်းကျွမ်းဝင်ခြင်း၊ ရာထူးဩဇာ မြင့်မားတိုးတက်ခြင်း ဖြစ်စေတတ်ပါတယ်။

**"ဃ" အက္ခရာနဲ့** ညွှန်ပြထားတာဟာ နှလုံးလမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းကြားရှိ စတုဂံလွင်ပြင် (၁)စင်တီမီတာခန့် အကျယ်ညီညာခြင်း ဖြစ်ပါတယ်။ ဒီအကွာအဝေးဟာ မကျယ်လွန်း၊ မကျဉ်းလွန်း ဖြစ်ပါတယ်။

* * *




ဒါဟာ သဘောထား မသေးလွန်း၊ မကြီးလွန်း မျှတတဲ့ စိတ်နေသဘာဝရှိခြင်း၊ ဘယ်ကိစ္စမဆို အစွန်းမရောက်ခြင်း၊ အတ္တနဲ့ ပရ မျှတခြင်းဆိုတဲ့ ပင်ကိုဗီဇကို ဖြစ်ပေါ်စေပါတယ်။

အဲဒီလက္ခဏာ သင်္ကေတတွေဟာ ဆေးပညာထက် ဥပဒေပညာနဲ့ ပိုပြီး သင့်လျော်ကိုက်ညီနေပါတယ်။

ဥပဒေပညာနဲ့ ပိုပြီး အကျိုးပေးနိုင်သူဖြစ်တယ်။ **ဥပဒေပညာရပ်ကို တက္ကသိုလ် ပညာရေးလိုင်းအဖြစ် ရွေးချယ်သင့်ကြောင်းပါ။**

***လက္ခဏာပညာသုတ တိုးပွားကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင်
*(ဥပဒေဘွဲ့)*
လက္ခဏာဗေဒင်ပညာသုတေသီ

**မည် သူ မ ဆို ဂ ဝင် ရေးသား နိုင်ပါသည်...**

*စာမူပို့လိုက...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၂၄၂၈၄**

www.burmeseclassic.com

www.burmeseclassic.com

စောင်းတန်းကြီး ပြီးမြောက်သွားစေသည့်

60 ဘုစနစ် (ကညွတ်ကွင်း)

# ကျောင်းတော်နှတ်ကြီးလေးသော ကျင့်စဉ်



● ကပ်ကြီးကျော်စေတီ



● စောင်းတန်း

စာရေးသူ ဤအရှင် သီတင်းသုံးသော **ဖြူးမြို့နယ်၊ စိုက်တန်းခင်ရွာ ရွာလယ် ဘုန်းတော်ကြီးကျောင်းတွင်** သာသနိကအဆောက်အအုံများ ဖြစ်သည့် သိမ်,ကျောင်း,ဓမ္မာရုံ,ဘုရား, စေတီ,ရေတွင်းရေကန်များနှင့် အထိုက်အလျောက် ပြည့်စုံပါသော်လည်း ကြီးစောင်းတန်းတစ်မျိုးတော့ လိုအပ်နေပါသေးသည်။

ယင်း လိုအပ်နေသော စောင်းတန်းအတွက် ဒကာ,ဒကာမများထံမှ အလှူငွေ ကောက်ခံပြီးလည်း မဆောက်လုပ်ချင်ပါ။ ရှေးယခင်က ရှိနှင့်ပြီးသော အဆောက်အအုံများမှာ တစ်အိမ်တက်ဆင်း အလှူငွေကောက်ခံ၍ ဆောက်လုပ်ခြင်းမျိုး မဟုတ်ပါ။ မြို့ရောနယ်ပါ အလှူခံလှည့်လည်၍ ရရှိသောငွေကြေးတို့ဖြင့် ဆောက်လုပ်ခဲ့ခြင်းမျိုးလည်း မဟုတ်ပါ။

စေတနာရှင် အလှူရှင်များက သဒ္ဓါပေါက်၍ လာရောက်လှူဒါန်းခြင်းဖြင့် ရှေးဆရာတော်ကြီးများနှင့် အကျိုးဆောင် ဂေါပကလူကြီးမင်းများ စည်းဝေး တိုင်ပင်ကြပြီး ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။

မိမိ ကျောင်းထိုင်ဘုန်းကြီးလက်ထက်ကျမှ ဒကာ,ဒကာမများထံက အလှူငွေ ကောက်ခံ၍ လိုအပ်နေသော စောင်းတန်းကို ဆောက်လုပ်ရမည်ဆိုတော့ ရှေးယခင်က လုပ်ရပ်နှင့် ယခုလုပ်ရမည့် လုပ်ရပ်က မတူ၊ ကွဲပြားနေသည့်အတွက် အများ၏အမြင်မှာ သံသယတွေဝင် မကြည်မလင်ဖြစ်မှာ

www.burmeseclassic.com

ကိုလည်း စိုးရိမ်မိသည်။

ကျောင်းထိုင်ဘုန်းကြီးအဖြစ် အသိအမှတ်ပြုခံရတာက တစ်နှစ်လောက်ပဲ ရှိသေးသည်။ အလှူခံရဲသည်၊ ဖြစ်ချင်တာကိုပဲ သိသည်။


အခြေအနေ အကြောင်းအကျိုး နားမလည်ဘဲ မိမိအပေါ် ပြုစုအပြစ်တင်ခံရမှာကိုလည်း မလိုလား၊ အလှူမခံဘဲ ဒီစောင်းတန်းက ဘယ်လိုဖြစ်လာမှာလဲ။ ကျောင်းအကျိုးတော်ဆောင် ဂေါပကလူကြီးများကိုလည်း ဖွင့်ဟ မတိုင်ပင်ရဲ၊ ဒီရွာကျောင်းရောက်လာတာ ဘာမျှ အချိန်ကာလ မကြာလှသေး၊ ဝင်ဝင်ချင်း ဆောက်နဲ့ ထွင်းဆိုသလို သူများကို အပူကပ်ရမှာ စိုးရွံ့နေမိသည်။

သို့ဖြင့် စောင်းတန်းဆောက်လုပ်ချင်သည့် အလိုဆန္ဒကို ရင်ထဲမှာပဲ မျိုသိပ်သိမ်းဆည်းထားခဲ့ရသည်။ ကြာကြာတော့ မမျိုသိပ်နိုင်၊ နောက်တစ်နှစ်ကြာတော့ ဖွင့်အန်ချလိုက်သည်။

ဝါတွင်း ဥပုသ်နေ့တစ်နေ့မှာ စောင်းတန်း ဆောက်လုပ်လှူဒါန်းခြင်း အကျိုးပြသာဓက ဝတ္ထုထုတ်၍ တရားဟောစည်းရုံးကြည့်သည်။

ကျောင်းဂေါပက လူကြီးမင်းတွေရော တရားနာပရိသတ် ဒကာ,ဒကာမ အပေါင်းတို့ဘက်က ဘယ်သူက စောင်းတန်း ဘယ်နှစ်ခန်းလှူမယ်၊ ဘယ်တော့လောက် စသည်ဖြင့် အားတက်သရော လိုလိုလားလား တုံ့ပြန်လျှောက်ထားသည့် စကားသံ တစ်ခွန်းတလေမျှ ထွက်ပေါ်မလာ။ တုတ်တုတ်မျှမလှုပ်၊ အားလုံး ငြိမ်ချက်သားကောင်း နေကြသည်။

ထိုအခြေအနေကို ကြည့်၍ စာရေးသူ ဤအရှင်လည်း နောက်ထပ် စောင်းတန်းလှူဖို့တန်းဖို့ တရားစကား



◆ သိမ်

မပြောရဲတော့။ ပါးစပ်ပိတ် အသာငြိမ်နေလိုက်ရသည်။ တခြားသော နိဗ္ဗာန်ရောက်ကြောင်း တရားတွေသာ တွင်တွင် ဟောနေလိုက်ရသည်။

စောင်းတန်း ဆောက်လုပ်လိုသည့် စိတ်ဆန္ဒ ပြင်းပြနေ၍လားမသိ၊ တစ်ညအိပ်မက်ထဲတောင် ထည့်မက်တော့သည်။ အိပ်မက်ထဲတွင် တန်ခိုးရှင်နတ်သားတစ်ပါးကို တွေ့ရ၏။

ညဥ့်အမှောင်ထဲ သူရပ်နေသည့် နေရာကွက်ကွက်ကလေး အလင်းရောင် ဖြစ်ပေါ်နေသည်။ ဒါကို စာရေးသူ ဤအရှင် တရေးနိုးချိန် ခုတင်ပေါ်က မထဖြစ်သေးဘဲ ပက်လက်ကနေ အံ့သြတကြီး တွေ့မြင်လိုက်ရခြင်း ဖြစ်၏။

'ဒကာကြီးက ဘယ်သူလဲ၊ ဘာကိစ္စကြောင့် ညကြီးအချိန်မတော်မှ လာရပါသလဲ'

ဟု မေးမြန်းမိသည်။

'တပည့်တော် အရှင်ဘုရားကျောင်းမှာ မှီခိုနေရတဲ့ ကျောင်းစောင့်နတ်ပါဘုရား။ အရှင်ဘုရားရဲ့ စိတ်ထဲမှာ တစ်ဖြစ်တည်း ဖြစ်နေတဲ့ စောင်းတန်းဆောက်ချင်တဲ့ အလိုဆန္ဒကို ဖြည့်ဆည်းပေးရအောင် လာရောက်တာပါဘုရား'

ဟု လျှောက်ထားသံ ကြားလိုက်ရသဖြင့် အလွန်မတန် ဝမ်းမြောက်သွားပြီး ပက်လက်အိပ်နေရာက ချက်ချင်း ထထိုင်လိုက်ပါသည်။

'ဒါဆို ဒကာကြီး စောင်းတန်းလှူမယ်ပေါ့'

'တပည့်တော် မလှူနိုင်ပါဘုရား။ စောင်းတန်းအလှူရှင်တွေ ပေါ်ပေါက်လာဖို့အတွက်တော့ ကျင့်စဉ်နည်းလမ်း အကြံဉာဏ်များတော့ ပေးနိုင်ပါတယ်ဘုရား'

'ဒါဆို ဒီနည်းလမ်းလေး မြန်မြန်ပေးဖျာ။ စောင်းတန်းဆောက်ချင်လှပြီ'

'"**ဗုဒ္ဓေါ**" လို့ ဆိုပြီး (၁၀၈)လုံးပုတီးနဲ့ အလုပ်အားရင် အားသလို စိပ်ပွားရမှာပါဘုရား။ "**ဗုဒ္ဓေါ**"၊ **သစ္စာလေးစုံ တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော မြတ်စွာဘုရားပါတကား**" လို့ ရွတ်ဆိုပွားများပြီး ပုတီးတစ်လုံးချရမှာပါ ဘုရား။ ပုတီးအပတ်ရေတော့ မရှိပါဘုရား။

နောက်တစ်ချက် ကျင့်ရမှာက နေ့စဉ်နံနက် (၇)နာရီတိတိမှာ မြတ်စွာဘုရားကို ပဌာန်း ၂၄ ပစ္စည်း အကျဉ်းချုပ် (၃)ခေါက် ရွတ်ဆို[illegible] ရမှာပါ ဘုရား။ ဒါဆို အရှင်ဘုရား[illegible] အလိုဆန္ဒဖြစ်တဲ့ စောင်းတန်း ပြီးမြောက်ပါလိမ့်





www.burmeseclassic.com

www.burmeseclassic.com

မယ် ဘုရား'


ဟု လျှောက်ထား၍ နေရာက ရုတ်တရက် ကွယ်ပျောက်သွားပါသည်။ '

နံနက်လင်းသော် ညက အိပ်မက်ကို ပြန်လည် စဉ်းစား ဆင်ခြင်မိသည်။ "**ဗုဒ္ဓေါ**"ဆိုပြီး ပုတီးစိပ်ရမယ်။ မြတ်စွာဘုရားကို ပဋ္ဌာန်း၂၄ပစ္စည်း အကျဉ်းနဲ့ ရွတ်ဆို ပူဇော်ရမယ်။ ဒါဆို မိမိ အလိုဆန္ဒဖြစ်တဲ့ စောင်းတန်းဖြစ်လာလိမ့်မယ်" ကျောင်းစောင့်နတ်ကြီးက လျှောက်သွားသည်။

ပုတီးစိပ်ရုံ၊ ပဋ္ဌာန်းရွတ်ရုံနဲ့ စောင်းတန်း ဖြစ်နိုင်,မဖြစ်နိုင် ဝေဖန်သုံးသပ်ကြည့်သည်။စာရေးသူ ဤအရှင် နှစ်ပေါင်း(၂၀) ကျော်ခန့်မျှ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းကို လေ့လာဖတ်ရှုခဲ့ရာ ကျင့်စဉ်ပါရမီကဏ္ဍတွင် ဘုရားဂုဏ်တော် ပုတီးစိပ်ကျင့်စဉ်၊ ဝိပဿနာကျင့်စဉ်၊ ပရိတ် ပဋ္ဌာန်းကျင့်စဉ်၊ မေတ္တာဘာဝနာ ကျင့်စဉ်၊ သရဏဂုံပုတီးစိပ်ကျင့်စဉ်၊ သမ္ဗုဒ္ဓေဂါထာ အစရှိသော ဂါထာပေါင်းစုံ ရွတ်ပွား ပုတီးစိပ်ကျင့်စဉ်စသဖြင့် ကျင့်စဉ်စရဏကို ကျင့်သုံးသူတို့၏ အောင်မြင်မှု သရဖူဆောင်းခဲ့ပုံများကို အတွေးအာရုံထဲ ပြန်လည်မြင်ယောင်မိသည်။

သို့နှင့် အိပ်မက်ထဲ ကျောင်းစောင့်နတ်ကြီးပေးသည့် ကျင့်စဉ်စရဏမှာ မှန်ကန် သင့်မြတ်လှသည်။ ပြုသင့်ပြုထိုက်သည့် ပါရမီကုသိုလ်မျိုး ဖြစ်သည်ဟု ယုံကြည်၍ ကျင့်သုံးရန် စိတ်ကို တုံးတုံးချမှတ်လိုက်သည်။

စာရေးသူ ဤအရှင်သည် ပုတီးစိပ်သည့်အလုပ်ကို အသက်(၂၅)နှစ်



◆ ဦးစန္ဒိမာ (ကျောင်းထိုင်ဘုန်းကြီး)

အရွယ် လူဝတ်ကြောင်ဘဝက တစ်လခန့်တော့ အတွေ့အကြုံရှိဖူးသည်။ အောင်မြင်မှု ရဖူးပါသည်။

အသက်(၄၀)နှစ်အရွယ် အရောက်မှာတော့ ကညွတ်ကွင်းမြို့ ဝေဘူရိပ်သာ၌ ရဟန်းဘဝဖြင့် ဝိပဿနာတရားသက်သက်ပဲ အားထုတ်ရ၏။ ပုတီး မစိပ်ခဲ့ရပါ။

သက်တော်(၅၅)နှစ်အရွယ် ကျောင်းထိုင်ဘုန်းကြီးဖြစ်မှ ပုတီးကိုင်ရမည်ဖြစ်ပါသည်။ (၁၀၈)လုံး ပုတီးတစ်ကုံးဖြင့် "**ဗုဒ္ဓေါ**" "**သစ္စာလေးစုံ တရားအလုံးစုံကို အကုန်အစင်သိ မြင်တော်မူသော မြတ်စွာဘုရားပါတကား**"ဟု စိတ်ထဲ နှုတ်လုံးသွင်း ဆင်ခြင်ကာ ကျောင်းအလုပ်များ အားလပ်ချိန်ရတိုင်း ပုတီးစိပ်ပွားများပါသည်။

ကျင်ကြီးကျင်ငယ်စွန့် သွားတာတောင် လက်ချိုး စိပ်ပွားပါသည်။ ခရီးသွားလျှင်လည်း "**ဗုဒ္ဓေါ**"၊ ဝေယျာဝစ္စ လုပ်နေရင်းလည်း "**ဗုဒ္ဓေါ**"၊ ဆွမ်းစားနေရင်းလည်း "**ဗုဒ္ဓေါ**"၊ တရေးနိုးလျှင်လည်း "**ဗုဒ္ဓေါ**"ဟူ၍ စိတ်မှာ စွဲထုံနေအောင် ပွားများပါသည်။

ထို့ပြင် နံနက်(၇)နာရီ ထိုးချိန်တိုင်းလည်း သက်တော်ထင်ရှား မြတ်စွာဘုရားအား အာရုံပြု၍ "**ဟေတုပစ္စယော**" မှသည် "**အဝိဂတပစ္စယောတိ**" အထိ ပဋ္ဌာန်းပစ္စယုဒ္ဒေသကို မနှေးမမြန် ပီပီသသ ရှိသေလေးမြတ်စွာ ရွတ်ဆိုပူဇော်ပါသည်။

ပုတီးစိပ်ကျင့်စဉ် ကျင့်သုံးနေသည့် တစ်လခန့်အကြာ အံ့သြဖွယ်ရာ မမျှော်လင့် စိုက်တန်းခင်ရွာ အလယ်ပိုင်းနေ ဦးဖိုးဆယ် (ဒေါ်တင်ဥ)တို့ မိသားစုက စောင်းတန်း (၂)ခန်း စတင်ဆောက်လုပ် လှူဒါန်းပါသည်။

စာရေးသူ ဤအရှင်လည်း မိမိ၏ ကျင့်စဉ်စရဏ လုပ်အားစွမ်းပကားမှ အကျိုးအမြတ် တစ်စွန်းတစ်စ မျက်မြင်ကိုယ်တွေ့ ထွက်ပေါ်လာသဖြင့် များစွာ နှစ်ထောင်းအားရ ပီတိဖြစ်ကာ "ဗုဒ္ဓေါ"ပုတီးစိပ်ကို ရှေးယခင်ကထက် လုံ့လတိုး၍ အားထုတ်ပါသည်။

နောက်ထပ် တစ်လလန့်အကြာ စောင်းတန်းအလှူရှင် (၅)ဦး တစ်ဦးလျှင် တစ်ခန်းကျစီ သူ့အလိုအလျောက် သဒ္ဓါပေါက်၍ လာရောက် ဆောက်လုပ် လှူဒါန်းကြပြန်သည်။

၂၀၀၆ ခုနှစ် တစ်နှစ်အတွင်း စောင်းတန်း (၇)ခန်း ဆောက်လုပ် ပြီးစီးခဲ့ပါသည်။

ပုတီးစိပ်ကျင့်စဉ် တစ်နှစ်ပတ်လည်သည့် မတ်လသို့ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com

အခါ တစ်ည အိပ်မက်ထဲတွင် ကျောင်းစောင့်နတ်ကြီး၏ ရုပ်ပုံကို မမြင်ရဘဲ သူ့စကား အသံသာ ကြားရပါသည်။

"'ဗုဒ္ဓေါ' ပုတီးစိပ်အစား 'အရဟံ' လို့ဆိုပြီး ပုတီးပြောင်းစိပ်ပါ ဘုရား။ 'ပဋ္ဌာန်းပစ္စယုဒ္ဒေသ' အစား 'ပဋ္ဌာန်းပစ္စယနိဒ္ဒေသ' နဲ့ ပြောင်းပြီး မြတ်စွာဘုရားကို ရွတ်ဆိုပူဇော်ရမှာပါ ဘုရား။ ဒါဆို အရှင်ဘုရားရဲ့ ကောင်းမြတ်တဲ့ အကြံအစည်၊ အလိုဆန္ဒ အဝဝကို ကံလုံးပြည့်ဝလာပါလိမ့်မယ် ဘုရား'

သို့ဖြစ်၍ စာရေးသူ ဤအရှင်သည် မိမိ၏ လိုအင်ဆန္ဒဖြစ်သော မုခ်ဦးမှ ကျောင်းလှေကားခြေအထိ စောင်းတန်းရှည်ကြီး အပြီးသတ် အောင်မြင်အောင် ဆောက်လုပ်နိုင်ရေးအတွက် ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသ အဓိပတိလေးပါးတပ်၍ စွမ်းအားပြည့် ကြိုးစားခဲ့ရပါသည်။

အချိန်ကိုအနည်းငယ်မျှ အလဟဿ အဆုံးရှုံးမခံဘဲ သဒ္ဓါထက်သန် သတိမြဲမြဲလျက် မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကြီးဖြစ်သော **"အရဟံ"၊ ကိလေသာမာရ် သူပုန်ရန်ကို တွန်းလှန် သတ်ဖြတ်တော်မူပြီးသည့်အတွက် ပစ္စည်းလေးဝ ဝိသေသကို ပူဇော်အထူး ခံယူတော်မူထိုက်သည်၏ အဖြစ်ကြောင့် "အရဟံ" မည်တော်မူပါပေ၏"** ဟု စိတ်က ပွားမြဲ ပုတီးစိပ်ပါသည်။

"ပဋ္ဌာန်းပစ္စယ နိဒ္ဒေသ" ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွတ်ပွား ပူဇော်ပါသည်။

ထိုကျင့်စဉ် စရဏတန်ခိုးကြောင့် စောင်းတန်းအလှူရှင်များ ထပ်မံ ပေါ်ပေါက်လာခဲ့ပါသည်။

ဤသို့လျှင် ပုတီးစိပ်နှင့် ပဋ္ဌာန်းပူဇော် ကျင့်စဉ်စရဏ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ကျင့်သုံးခဲ့ရာ **စောင်းတန်း(၃၄)ခန်း ပြီးစီး** အောင်မြင်ခဲ့ပါသည်။ ဓာတ်ပုံနှင့်တကွ တင်ပြပါသည်။

စာရေးသူ ဤအရှင်၏ ကောင်းမြတ်သော အကြံအစည်ဖြစ်သည့် စောင်းတန်း ဆောက်လုပ်လိုသည့်ဆန္ဒ အောင်မြင်မှုရခြင်းမှာ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကြီးများဖြစ်သော **"ဗုဒ္ဓေါ"** ဂုဏ်တော်နှင့် **"အရဟံ"** ဂုဏ်တော်ကြီးကို ကြည်ညိုသဒ္ဓါပွားကာ မဆုတ်မနစ် ဝီရိယစိုက် ကြိုးစား ပုတီးစိပ်ခြင်းနှင့် ဘုရားရှင် ဟောကြားတော်မူခဲ့သော **ပဋ္ဌာန်းပစ္စယုဒ္ဒေသနှင့် ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို** မြတ်စွာဘုရားအား ရွတ်ပွားပူဇော်သည့် ကျင့်စဉ်စရဏကို ကျင့်သုံးသောကြောင့်ဟုသာ ယုံကြည်မိပါတော့သည်။

**ဝေဘူစခန်း(ကညွတ်ကွင်း)**

---

မြန်မာ့ တိုင်းရင်းဆေးမြီးတို အကြောင်းနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ထူးခြားဆန်းပြား မြန်မာ့ ဆေးစွမ်းကောင်းများ အကြောင်းကို အများသိစေလိုခြင်း အလို့ငှာ ရေးသားဖော်ပြလိုက်ပါသည်။

ယနေ့ နည်းပညာများ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော အချိန်တွင် ဆေးစွမ်းကောင်းများ ပေါ်ပေါက်လျက်ရှိရာ မြန်မာတိုင်းရင်းဆေးကို သုံးစွဲရန် မေ့လျော့ခဲ့ပါသည်။

လွန်ခဲ့သော **၂၀၀၅ ခုနှစ်က** ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်မှာ ဝမ်းလျှောခြင်းပင် ဖြစ်သည်။

ကျွန်မ မုံရွာမှာ တာဝန်ကျစဉ်က တစ်ညဝမ်းသွားရာ ညဘက်ကြီး

# ဝမ်းလျှောရောဂါ

### ဖြစ်ခဲ့သော်

ကလည်းဖြစ်ပြန်၊ မြို့နှင့်ကလည်းဝေးသွားစရာကလည်း မရှိသောကြောင့် မုံရွာမြို့ခံ ဌာနတူ လုပ်ဖော်ကိုင်ဖက် ဆရာမတစ်ဦး၏ ပေးသော ဆေးနည်းကို မသောက်ရဲ သောက်ရဲနှင့်ပင် နောက်ဆုံး ကောက်ရိုး တစ်မျှင်ကို ဆွဲကိုင်ရန် အကြံဖြင့် သောက်ခဲ့ရာ ဆေးတစ်ခွက်တည်းနှင့်ပင် သိသိသာသာ သက်သာခဲ့ပါသည်။



ဆေးသုံးခွက်လောက် သောက်ပြီးသောအခါ သက်သာပျောက်ကင်းခဲ့ပါတော့သည်။ ဆေးနည်းမှာ ဤသို့တည်း...

နှမ်းဆီတစ်ဇွန်းထဲသို့ သံပရာသီးတစ်စိတ်ကိုညှစ်ပြီး ရေနွေးနှင့် သောက်ရန်ပင် ဖြစ်သည်။

**ခွန်းရီ(မြန်မာစာ)**

www.burmeseclassic.com

# ပညာရေး အတွက်

## လက္ခဏာဟောကွက်များ


ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခုဖော်ပြပေးလိုက်တဲ့ ဘယ်, ညာ လက်ဖဝါးပုံစံပိုင်ရှင်ဟာ **အသက် (၁၆)နှစ်ခန့် ကျောင်းသားလူငယ် အမျိုးသားတစ်ဦး**သာ ဖြစ်ပါတယ်။

**"က" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ လက်ညှိုးရင်း၊ ကြာသပတေးဂြိုဟ်ခုံမှာ ဆော်လမွန်ကွင်းနဲ့ ရည်မှန်းချက်လမ်းပေါင်းစပ်ပြီး **ညောင်ရွက်ပုံဖြစ်နေ**တယ်။

အတွင်းမှာ ထောင်လိုက် ခပ်စောင်းစောင်း မျဉ်းတိုလေးတွေ ရှိတယ်။


* * *





ဒီသင်္ကေတဟာ တက္ကသိုလ်ဝင်တန်း (၁၀-တန်း)စာမေးပွဲမှာ ဂုဏ်ထူးများစွာ ရရှိခြင်း [၅-ဘာသာ(သို့မဟုတ်) ၆-ဘာသာ] ပညာရေးမှာ ပါရဂူဘွဲ့မျိုးအထိရခြင်း ဖြစ်နိုင်တယ်။

**"ခ" အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ **လက်သူကြွယ်အောက် နှလုံးလမ်းအထက် တနင်္ဂနွေဂြိုဟ်ခုံမှာ သရဖူသင်္ကေတ** ရှိခြင်းဖြစ်သည်။

* * *






www.burmeseclassic.com

www.burmeseclassic.com

အကူအညီ၊ အထောက်အပံ့ကောင်းများ ရရှိပြီး၊ အောင်မြင်တိုးတက်စေနိုင်သော မင်္ဂလာအခြံအရံ ဖြစ်တယ်။ ပညာရေးတွင် ဂုဏ်ထူး၊ ဘွဲ့ထူးကြီးများ ရရှိအောင်မြင်စေနိုင်သောသင်္ကေတတစ်မျိုး ဖြစ်တယ်။

**"ဂ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ **လက်သန်းအောက်ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ ဗုဒ္ဓဟူးတောင်ဝှေး ခေါ်တဲ့ မျဉ်းမတ်များရှိခြင်း** ဖြစ်တယ်။





* * *


ဒီ သင်္ကေတဟာ သင်္ချာပညာ၊ ဆေးပညာတို့ ထူးချွန်ခြင်း၊ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လျင်မြန်ခြင်းကို ဖြစ်စေတယ်။ သင်္ချာ၊ ဓာတု၊ ရူပဆိုတဲ့ အတွက်ဘာသာရပ်တွေမှာ အမှတ်ပြည့် ရနိုင်ကြတယ်။

**"ဃ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဖြောင့်တန်းရှည်လျားတဲ့ ဉာဏ်လမ်းကြောင်းရဲ့ အဆုံးမှာ ကြာဖူးပုံ မင်္ဂလာအခြံအရံ သင်္ကေတ ဖြစ်ပေါ်ဖို့ တစ်ခြမ်းအစပျိုးနေပုံ ဖြစ်ပါတယ်။

ဘယ်လက်က "ဈ"အက္ခရာနဲ့ ညွှန်ပြထားတာကို ယှဉ်ကြည့်ပါ။ ဘယ်လက်မှာ ကြာဖူးပုံ အပြည့်နီးပါး ဖြစ်ပေါ်နေတာကို တွေ့ရမယ်။




* * *





ဒီသင်္ကေတဟာ ပညာရေးမှာ ပါရဂူဘွဲ့မျိုး ရရှိခြင်း၊ အနုပညာမှာ အကယ်ဒမီဆုရရှိခြင်း၊ စာပေမှာ ဆုကြီးတွေရခြင်း၊ နိုဗယ်ဆုမျိုး ရခြင်းဆိုတဲ့ ဆုထူး၊ ဘွဲ့ထူးတွေ ရတတ်တဲ့ သင်္ကေတ ဖြစ်ပါတယ်။

ဉာဏ်ပညာ အတွေးအခေါ် အမြင်အမှုတွေ ထူးချွန်ထက်မြက်တဲ့ အမှတ်အသားပါပဲ။

**"င"အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းအရင်းက တနင်္လာဂြိုဟ်ခုံဘက်ကို နိုင်ငံခြားသွားလမ်း ထွက်နေခြင်း ဖြစ်တယ်။

* * *




ဒီသင်္ကေတဟာ နိုင်ငံခြားကို ပညာသွားသင်ရမယ့် ကံကြမ္မာ အသေအချာရှိကြောင်း




www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြနေတာ ဖြစ်ပါတယ်။

**"စ"အက္ခရာနဲ့** ညွှန်ပြထားတာ ကံလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းဆုံး လက်ဖနောင့်ပိုင်းမှာ ငါးကြင်းမြီးသင်္ကေတရှိခြင်း ဖြစ်ပါတယ်။ အသက်လမ်း၊ ကံလမ်း၊ နိုင်ငံခြားလမ်းတို့ ပေါင်းစပ်ဖြစ်ပေါ်နေခြင်း ဖြစ်တယ်။


* * *




ဒီသင်္ကေတ ရှိသူများဟာ မြို့ကြီးပြကြီး နိုင်ငံကြီး ကျောင်းကြီး ကျောင်းကောင်းတွေမှာ နေထိုင်ရ၊ ပညာသင်ကြားခွင့် ရရှိကြတယ်။

**"ဆ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ ဉာဏ်လမ်းကြောင်းနဲ့ အသက်လမ်းကြောင်း (၂)စင်တီလောက် ရှည်လျားစွာ ပူးခြင်း၊ လမ်းကြောင်းထိပ်မှာ **တြိဂံသရဖူငယ်ရှိခြင်း၊ ဉာဏ်လမ်းကြောင်း မဖြောင့်လွန်း၊ မကွေးလွန်းရှိခြင်းဖြစ်တယ်။**


* * *




ဒီသင်္ကေတဟာ သန့်ရှာအတွက်ရေး၊ စာအကျက်ပါ၊ ထူးချွန်တယ်။ ကျက်ဉာဏ်၊ တွက်ဉာဏ်၊ မှတ်ဉာဏ်တွေ ကောင်းတယ်။ မလော၊ မလျှံ၊ စေ့စပ်သေချာ၊ စိတ်ရှည်၊ သက်ရေးလုပ်သူ ဖြစ်တတ်တယ်။ အတန်းထဲမှာ အဆင့်(၁)မှ (၃)အတွင်း အမြဲရနိုင်ကြတယ်။

**"ဇ"အက္ခရာနဲ့** ညွှန်ပြထားတာဟာ အသက်လမ်းကြောင်းနဲ့ တိုးတက်လမ်း၊ ဉာဏ်လမ်းတို့ ပေါင်းနေတဲ့ ပညာဘဏ်တိုက်သင်္ကေတဖြစ်ပါတယ်။


* * *




ဒီသင်္ကေတဟာ ဆရာဝန်၊ ဆေးပညာရှင်တွေမှာ မကြာခဏ တွေ့ရတတ်တယ်။ ခက်ခဲနက်နဲတဲ့ ပညာရပ်တွေကို အလွယ်တကူ သင်ယူတတ်မြောက် ထူးချွန်နိုင်တဲ့ သင်္ကေတမျိုး ဖြစ်ပါတယ်။

ဘယ်ရော ညာမှာပါ **"ည"အက္ခရာ**နဲ့ ညွှန်ပြထားတာဟာ **လက်သန်းရှည်လျားအားကောင်းခြင်း ဖြစ်တယ်။** လက်သူကြွယ်ရဲ့ ပထမဆစ်အရစ်ကြောင်းကို မှီနေတယ်။


* * *




ဒါဟာ ဉာဏ်ရည် ထက်မြက်သွက်လက် ချက်ချာ ပညာဗဟုသုတ ပြည့်စုံကြွယ်ဝ ဖြစ်စေတတ်တယ်။

**"ဋ"အက္ခရာနဲ့** ဘယ်ရောညာပါ ညွှန်ပြထားတာဟာ လက်သူကြွယ် လက်ချောင်းထိပ်က လက်ညှိုး လက်ချောင်းထိပ်ထက် သိသိသာသာ ပိုမြင့်နေခြင်း ဖြစ်ပါတယ်။

* * *




ဒီသင်္ကေတဟာ အယှဉ်အပြိုင် ဝါသနာပါခြင်း အနိုင်ရရှိလိုခြင်းဆိုတဲ့ ပင်ကိုဗီဇ ရှိစေတယ်။

ပညာသင်တဲ့အခါ အတန်းထဲမှာ ပထမဆု ရရှိဖို့၊ အဆင့်(၁)ရရှိဖို့၊ အတော်ဆုံးလို့ ချီးမွမ်းခံရဖို့ ရည်မှန်းပြီး အထူးကြိုးစားလေ့ရှိတယ်။ ဒါကြောင့် ပညာရေးမှာ ဆုတွေ ရတတ်တယ်။

အထက်ပါသင်္ကေတတွေကို ပေါင်းစပ်သုံးသပ် ဟောရရင် ဒီလက္ခဏာရှင် ကျောင်းသားဟာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာရေးမှာ လူတော်စာရင်းဝင်ဖြစ်မယ်။ အတန်းတိုင်းမှာ ပညာရေးဆုတွေ ရမယ်။

တက္ကသိုလ်ဝင်တန်း (၁၀–တန်း) မှာ ဘာသာစုံဂုဏ်ထူး ရနိုင်တယ်။ ဆေးတက္ကသိုလ်အမှတ် မှီနိုင်တယ်။ ဆရာဝန် ဖြစ်လာနိုင်တယ်။ ဆေးပညာ ပါရဂူဘွဲ့အထိ ရနိုင်တယ်။ နိုင်ငံခြား ပညာသင်ဆု ရရှိမယ်။

စာဖတ်သူများအနေနဲ့ မိမိတို့ရဲ့ သားသမီး လက္ခဏာကို ကြည့်ပြီး ပညာရေးအဆင့်အတန်းကို အနီးစပ်ဆုံး ခန့်မှန်းနိုင်ကြပါစေ။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ။ အောင်မြင်ကျော်ကြား ချမ်းသာကြီး ပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အုမ | ရွှေဝါ | ၇ | ဆန် | စပ် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | ချဉ် | အရှေ့တောင် | နဂါး၊ မျောက်၊ ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ကျား | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | ချဉ် | အရှေ့တောင် | မြွေ၊ ကြွက်၊ နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | နှလုံး | အနီ | ၉ | ပြောင်း | ခါး | တောင် | မြင်း၊ ကျား၊ ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | ငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြွေ | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | ငန် | မြောက် | ကြွက်၊ နဂါး၊ မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | အဆုတ် | အဖြူ | ၆ | ဆန် | စပ် | အနောက်မြောက် | ခွေး၊ ကျား၊ မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | ချို | အရှေ့မြောက် | ကျား၊ မြင်း၊ ခွေး | တနင်္လာသားသမီး | စနေနေ့ |
| မျောက် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | ချို | အရှေ့မြောက် | နွား၊ မြွေ၊ ကြွက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | အသည်း | အစိမ်းနု | ၃ | ဂျုံ | ချဉ် | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | ချို | အနောက်တောင် | ဆိတ်၊ ဝက်၊ ယုန် | စနေသားသမီး | တနင်္လာနေ့ |
| ဝက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | ချို | အနောက်တောင် | မျောက်၊ ကြွက်၊ နဂါး | စနေသားသမီး | တနင်္လာနေ့ |

* * *

**၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင်** သစ်သား(ယန်း)ဓာတ်ဆောင် မြင်းပုံရိပ်စိုးမိုးသော နှစ်သစ်သို့ စတင် ရောက်ရှိမည်ဖြစ်သည်။

မြွေနှစ်၏ နောက်ဆုံးလနှင့် မြင်းနှစ်ဆန်းလတို့ ပေါင်းဆုံသော ဤဇန်နဝါရီလတွင် ကျန်းမာရေးအတွက် အရသာကို အားပြုခြင်းဖြင့် သစ်သားဓာတ်၏ အောင်နိုင်မှု အကူအညီရရှိစေသောကြောင့် ဤလမှ စတင်ကာ ဇယားကွက်၌ **"အာရုံ"**အစား **"အရသာ"**ကို ပြောင်းလဲ ဖော်ပြထားပါသည်။

ဤလတွင် ဝက်နှစ်ဖွား၊ ကျားနှစ်ဖွား၊ မြွေနှစ်ဖွားတို့ ကျန်းမာရေး အားနည်းနိုင်သဖြင့် အထူးဂရုစိုက်ပါ။

**ဝက်နှစ်ဖွားတို့ကို စံပြု၍** ဇယားကို ရှင်းပြပါမည်။

ဝက်နှစ်ဖွားတို့သည် သရက်ရွက်နှင့် ပတ်သက်သော ရောဂါဝေဒနာများကို ဂရုစိုက်ပါ။ မြေဝါရောင်နှင့် (၂)ဂဏန်းတို့ လာဘ်ကောင်းစေ၍ အနောက်တောင်ထောင့်အရပ်သည် ကံပွင့်စေနိုင်သည်။



ချိုသောအရသာ၊ ကောက်ညှင်းဖြင့် ပြုလုပ်သောစားဖွယ်များက ကျန်းမာရေးအထောက်အပံ့ ဖြစ်စေလိမ့်မည်။

မျောက်နှစ်ဖွား၊ ကြွက်နှစ်ဖွား၊ နဂါးနှစ်ဖွားများမှာ မိတ်ဖက်များဖြစ်ကြကာ အရေးကိစ္စကြုံကြိုက်ပါက စနေသားသမီးတစ်ယောက်က ကူညီပေးပါလိမ့်မည်။ တနင်္လာနေ့သည် ကံလာဘ်ပွင့်လင်းစေသော နေ့ကောင်းနေ့မြတ် ဖြစ်ပါသည်။

ကျန်နှစ်များတွင် မွေးဖွားသူများလည်း အထက်ပါအတိုင်း ကောက်ချက်ချနိုင်ကြသည်။


***အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။***

**ဟူဂျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com



▲ ပိစပ်

ဆေးသုတေသီတစ်ဦး

# အင်ကြင်းပင်ကျေးရွာမှ ဆေးပင်များ (၂)

ယခင်လမှ အဆက်

## ပိစပ်

ဂျာမဏီရွက်ဟုလည်း ခေါ်သည်။ အရွက်ကို ခြေ၍ ရှူပေးက အမူးအမော် သက်သာစေသည်။

ထိခိုက်ရှနာ၊ သွေးထွက်ဒဏ်ရာများအတွက် ပိစပ်ရွက်သတ္တုရည်နှင့် ကွမ်းစားထုံးကို ရောကာ သုတ်လိမ်းပေးရသည်။ အနာ မရင်းစေဘဲ လျင်မြန်စွာ အနာကျက်စေသည်။

ပိစပ်ရွက်ကို သုံးပုံတစ်ပုံကြွင်း ပြုတ်၍ ပြုတ်ရည်ကို ဟင်းသောက်ဇွန်းဖြင့် တစ်ဇွန်းမှ နှစ်ဇွန်း ချင့်ချိန်၍ သောက်ပေးပါက ဆီးရှင်စေ၏။ ချွေးထွက်စေ၏။

ထိုပြုတ်ရည်ကို မိမိ အခြေအနေနှင့် ချင့်ချိန်သုံးပါ။ အလွန်အကဲ သောက်သုံးမိပါလျှင် အော့အန်၍ လူကို ဥပဒ် ဖြစ်စေနိုင်သည်။

သင့်လျော်သော အတိုင်းအတာဖြင့် မှီဝဲစားသုံးပါက ကိုယ်ရေဝါရောဂါ၊ သွေးအန် သွေးကျနာ၊ ရောင်တင်းခြင်းနှင့် အနာပျက်များကိုလည်း သက်သာပျောက်ကင်းစေသည်။

## နမဏီသန့်လျက်

အရွက် ဥ,ပုံရှိ၍ ထိပ်ဖျားချွန်သည်။ နွယ်ကြီးမျိုးဖြစ်သည်။

- အမျိုးသားများ လိင်ဥအနီးမှ အကြောများ တင်းရောင်ခြင်း၊ ထိုအကြောတက်ခြင်း(**အချို့က တိုနာဟု ခေါ်ကြသည်။**) မခံမရပ်နိုင်အောင် ထိုးအောင့်ခြင်းများအတွက် နမဏီသန့်လျက် (၇)ရွက်မျှ ယူ၍ လေးပုံတစ်ပုံကြွင်း ကျိုကာ သောက်ပေးရသည်။
- ပြည်တုလာသရောဖြစ်၍ ရောင်တင်းနေပါက အရွက်ကို ကြိတ်၍ လိမ်းကျံပေးရသည်။
- အပူများ၍ ယားယံခြင်းအတွက် အရွက်ကို ရေအေးနှင့် ကြိတ်၍ လိမ်းကျံပေးရသည်။ မီးလောင်နာများကိုလည်း လိမ်းပေးနိုင်သည်။ အရေပူဖောင်းထခြင်း မဖြစ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com





▲ အသောက(ခ)တည်ပင်

◀ နမောက်သန်လျက်

## အသောက

အရွက်သေး၍ ချွန်ကာ အနားတွင် ခွေးသွားစိပ်များ ပါရှိသည်။ ပင်လတ်မျိုးဖြစ်၍ ဆေးကျမ်းများတွင် သဘော်တည်ပင် (သို့မဟုတ်) ရေငန်းပုပ်ပင်ဟုလည်း ခေါ်၏။

### မျက်စိနာ

မျက်စိရောဂါများအတွက် ထိုအပင်၏ အသားကိုသွေးကာ မျက်စဥ်းခတ်ပေးရသည်။

### သန်းထူခြင်း

ဦးခေါင်း(ဆံပင်ကြား)တွင် သန်းများ အလွန်ပေါများနေပါက ယင်းအခေါက်ကို နွားကျင်ငယ်ရည်ဖြင့် သွေး၍ လိမ်းကျံပေးလျှင် သန်းများ ပျောက်သွားစေသည်။

## မုရိုးပင်

အရွက်ကို ချိုးလိုက်ပါက နို့နှစ်ရောင်အစေးများ ထွက်သည်။ ဆေးကျမ်းတွင် မုရိုး၏ ဆေးအသုံးကို နည်းပေါင်း (၅၀)ကျော်မျှ ဖော်ပြထားသည်။

ဒေသခံတို့က နွားရောဂါအတွက် အလွန်အားကိုးရသော ဆေးပင် ဖြစ်သည် ဆို၏။ နွားများသည် စားမြုံ့မပြန်၊ နားရွက်အေး၍ သွားလာရာတွင် တုန်ရင် မောပန်းနေပါက နွားဘေးရောဂါဖြစ်သည်ဆို၏။

ထိုအခါ မုရိုးမြစ်ကို နာနာထောင်း



F.14B. January, 2014.

www.burmeseclassic.com

www.burmeseclassic.com




◆ မဒိုးပင်



◆ ဆော်သေပင် အရွက်များ

◆ ဆော်သေပင် အပွင့်များ





www.burmeseclassic.com

www.burmeseclassic.com



▲ အင်ကြင်းပင်ရွာသား ဦးမင်းလွင်

ကာ ဆန်ဆေးရည်နှင့် ရောလျက် တိုက်ကျွေးပါက နွားဘော ကျစေသည်။ နွား၏နားရွက်ကို လည်ပင်းတွင် ကပ်ကာ နားရွက်ဖျားရောက်ရာ နေရာတွင် မုရိုးစေးဖြင့် လိမ်းကျံပေးရသည်။ **နွားဘောထုတ်သည်ဟု ခေါ်ကြသည်။**

**သတိပြုရန်မှာ ဤသို့ ကုသပြီးချိန်မှ (၂၄)နာရီအတွင်း ရေလုံးဝ မတိုက်ရဟု သိရလေသည်။**

## ဘော်သေပင်

ချုံပင်မျိုးဖြစ်သည်။ ပိစပ်နှင့် ဆင်တူသော အရွက်များရှိသည်။ ပိစပ်ရွက်ထက် သေးငယ်သည်။ ရွက်လွှဲထွက်သည်။

အပွင့်များမှာ ခရမ်းပြာရောင်ရှိသည်။ ဘော်သေပင်မှာ ဒေသအခေါ်ဖြစ်၍ ဆေးကျမ်းတွင် မတွေ့ရပါ။

အဂ္ဂိရတ်တွက် သုံး၏။ ယင်းသတ္တုရည်နှင့် ကြေးနီကိုထိုးလျှင် (၃၂)လုံးပြည့်က မှတ်ကျောက်အတင်ခံ၏။ ဦးမင်းလွင်က (၁၂)လုံးမျှ ထိုးပြီးချိန် လုံ့စွန့်သည်(လုံမကပ်) ဟုဆို၏။

တောင်သူအလုပ် မအားသဖြင့် ဆက်မထိုးဖြစ်သေးပါ။ အရွက်ကို တို့မြုပ်စားက အမောပြေစေသည်ဟု ပြောပြ၏။

## ဆေးသုတေသီတစ်ဦး

စာမျက်နှာ (၁၁၂)မှ အဆက်

မှာ ဆေးဆရာကြီးများအိမ်တွင် ဆေးဖက်ဝင်ပစ္စည်းအဖြစ် တခုတ်တရ စိုက်ထားတတ်ကြပါသည်။ တောထဲတွင် သူ့သဘာဝအလျောက် ပေါက်သည်ကို တူးယူရသည်လည်း ရှိပါသည်။ တစ်ခါ စိုက်ထားလျှင် မျိုးဆက်မပြတ်တော့ပါ။)

အထက်ပါ ဆေးအမည်များကို ယူပြီး နေရိပ်ထဲမှာပင် ပါးပါးလှီး လှီးပြီး အခြောက်ခံကာ ဆေးထောင်းသံဆုံနှင့် မှုန့်အောင်ထောင်းပါသည်။ ဆရာမ ဒါနပြု ပြောသည့်အတိုင်း နံနက် (၂) ပဲသား၊ ညနေ (၂)ပဲသားတစ်နေ့ နှစ်ကြိမ် သောက်ခဲ့ပါသည်။

အထက်ပါ ဆေးတစ်ဖုံနှင့်ပင် ဆီးချိုမှာ သိသာစွာ ကျခဲ့ပြီး နောက်ဆုံး ဆီးချို မရှိသလောက်၊ ပျောက်ကင်းသလောက် ဖြစ်ခဲ့ပါသည်။

ဦးကြီးမှာ အထက်ပါဆေးကို (၃)ဆတိုး၍ ဖော်စပ်ထားပြီး မပြတ် ဆောင်ထားပါသည်။ နီးစပ်ရာ ဘဝတူများကိုလည်း ဒါနပြု ဝေငှပေးခဲ့ပါသည်။

ဆေးအသုံးတည့်၍ ထပ်မံလာတောင်းလျှင်တော့ မပေးတော့ပါ။ ဟင်းစားသာမက ကွန်ချက်ပါပြသည်ဆိုသကဲ့သို့ပင် ဆေးဖော်နည်းကားကို သေချာ ဂဃနဏ ပြောပြပေးပြီး ကိုယ်တိုင် ဖော်စပ်စားနိုင်ရန် ညွှန်းလိုက်ပါသည်။

စာရှည်အံ့ထင်၍ ချုပ်ပါမည်။

ဆရာ မောင်ယဉ်တင့်ကို လည်းကောင်း၊ ဆရာမ ဒေါ်မြင့်စန်းကို လည်းကောင်း၊ ဖော်ပြပေးအပ်သော နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ်နှင့် ဝိုင်းတော်သားများအားလုံးကို လည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း ကျွန်တော်၏ဦးကြီး ဦးစိန်မြ ကိုယ်စား ရေးသားတင်ပြလိုက်ရပါသည်။

***သင်တို့ကောင်းမှု အကြောင်းပြု နတ်, လူ သာဓုခေါ်စေသော်...***

**နေမဝင် နတ်မောက်**


**စာ ပို့ လို က...**

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**အမှတ် ၂၃၃၊ (၂၉)လမ်း၊**
**ပန်းဘဲတန်းစာတိုက်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၀၁-၂၄၂၀၄၄**




www.burmeseclassic.com

www.burmeseclassic.com

# ပုတီးကျော့စဉ်မှာ

ဘိုးတော်မုတ်ဆိတ်

တက္ကသိုလ် ဘုန်းနိုင်



စာရေးသူနေသော ရပ်ကွက်တွင် ကာလီယမ္မာ ဟိန္ဒူဘုရားကျောင်း ရှိသည်။ စာရေးသူ၏ နေအိမ်နှင့် တစ်လမ်းသာ ခြား၏။ ထိုကျောင်းတွင် နှစ်စဉ် မီးနင်းပွဲတော် ပြုလုပ်သည်။ ထိုဘုရားကျောင်းကို မြန်မာနိုင်ငံအနှံ့မှ ဘုရားဖူးများ လာရောက်ဖူးကြ၏။ ပွဲတော်ရက်များတွင် ကြက်ပျံမကျ စည်ကားလေ့ ရှိပါသည်။

စာရေးသူသည် လုံခြုံရေးတာဝန်အရ ကျောင်းသို့ မကြာခဏ ရောက်ပါသည်။ နှစ်ကာလ ကြာမြင့်သောအခါ စာရေးသူနှင့် ကာလီယမ္မာဘုရားကျောင်းမှာ ရင်းနှီးလာပြီး အကြံအစည်များ အောင်မြင်ရန် အုန်းပွဲ၊ ငှက်ပျောပွဲများ ဆက်သ လှူဒါန်းခဲ့ဖူး၏။

တစ်နေ့ နံနက်စောစော အရုဏ်ဦးအချိန်တွင် ဖြစ်သည်။ နှင်းမြူစို့ရွဲ တပို့တွဲလပေမို့ လူလုံးမကွဲတကွဲ ရှိနေ၏။ စာရေးသူသည် ဘုရားရှိခိုး ပုတီးစိပ်ရန်အတွက် ဘုရားသောက်တော်ရေများ

www.burmeseclassic.com

လဲနေချိန်တွင် အိမ်ဝသို့ ကုလားအဘိုးအိုတစ်ဦး ရောက်လာသည်။

မာလဂျင်းပိတ်ဖြူစကို ပတ်၍ ဝတ်ထားပြီး အပေါ်ပိုင်းကို ပဒုမ္မာပိတ်စောင်အနီတစ်ထည်ကို လွှမ်းခြုံထား၏။ မုတ်ဆိတ်မွေးမှာ တစ်ထွာကျော်ရှိပြီး နီကြင်ကြင်အရောင်ရှိသည်။ ဆံပင်မှာပါးပြီး တစ်ခေါင်းလုံး ဖြူဆွတ်နေ၏။ အသက်မှာ (၇၀)ကျော်ခန့်ရှိမည် ထင်ပါသည်။

အဘိုးအို၏လက်ထဲတွင် နှစ်လက်မအရွယ် ဘုရားတစ်ဆူကို ပင့်လာသည်။ အဘိုးအိုက...

'ဒီအိမ်မှာ ပူဇော်ထားဖို့ ဘုရားလာပို့တာပါ။ အရေးတကြီး ပြန်ရမှာမို့ လမ်းစရိတ် (၂၅)ကျပ် ပေးလိုက်ပါ'

ဟု ပြောပါသည်။

ထိုအချိန်က လက်ဖက်ရည်တစ်ခွက် (၅)ကျပ်သာ ရှိသေးသည်။ စာရေးသူသည် အဘိုးအိုအား အိမ်ထဲသို့ဝင်ရန် မရမက ခေါ်သော်လည်း မဝင်ဘဲ နေအိမ်အဝတွင်သာ ရပ်နေပြီး ငွေ (၂၅)ကျပ် ရသောအခါ...

'နောင်လဲ လာခဲ့ပါဦးမယ်၊ နောက်မှပဲ အကျိုးအကြောင်း ပြောပြပါမယ်'

ဟု ပြောပြီး နှင်းမှုန်ကြားထဲသို့ တိုးဝင်ပျောက်ကွယ်သွား၏။ အဘိုးအိုမှာ နောက်ထပ် ပေါ်မလာတော့ပေ။

ဘုရားသည် နဂါးရုံဘုရားဖြစ်ပြီး ပဉ္စလောဟာသတ္တုဖြင့် ပုံသွန်းထုလုပ်ထားသည်။ ထိုညတွင် အိပ်မက်ထဲ၌ ထန်းပင်လုံးတမျှရှိသော မြွေကြီးတစ်ကောင်သည် နေအိမ်ထဲမှ ထွက်သွားသည်ကို မြင်မက်၏။

ထိုဘုရား ကြွလာပြီး သုံးလမျှ ကြာသောအခါ ပုတီးစိပ်တိုင်း ဓာတ်တွေစီး၏။ ဦးစွာပထမ ဓာတ်စီးကြွလာသူမှာ ကုလားဘိုးတော် ဖြစ်ပါသည်။ ဓာတ်စီးကြွလာသောအခါ ဟိန္ဒူဘာသာစကားဖြင့်ပြော၏။ ဘာသာစကားကို မတတ်ကျွမ်းသော်လည်း ပြောသောစကား၏ အဓိပ္ပာယ်ကို အရိပ်အမြွက် သိနေသည်။

လေးလမျှ ကြာသောအခါ အခြားသော ပုဂ္ဂိုလ်များပါ ဓာတ်စီး၍ ကြွလာကြသည်။ ပုံမှန် ဓာတ်စီး၍ ကြွလေ့ရှိသူမှာ ကုလားဘိုးတော်ဖြစ်ပြီး စာရေးသူကို ကူညီပံ့ပိုးပေးတတ်သည်။

တစ်နေ့တွင် ဆိုင်းဘာဘာဘိုးတော် ပူဇော်ပွဲလုပ်သော နေအိမ်သို့ မိတ်ဆွေတစ်ဦးက လေ့လာရန် ခေါ်သွား၏။ ထိုအိမ်တွင် ဆိုင်းဘာဘာ(ကြီး)နှင့် ဆိုင်းဘာဘာ(ငယ်) ပုံတော်များရှေ့တွင် အချိုပွဲများနှင့် နွားနို့ပန်းကန်များကို ကပ်လှူပူဇော်ထားသည်။ စာရေးသူ ရောက်သွားပြီး ပုံတော်များကို ဂါရဝပြုလိုက်သောအခါ ကုလားလို သီချင်းဆို၍ ဓာတ်စီးလာပါတော့သည်။

ထိုနေအိမ်မှ ပုဂ္ဂိုလ်များ ပြောပြချက်အရ စာရေးသူအား ကုလားဘိုးတော်တစ်ဦး စောင့်ရှောက်လျက်ရှိကြောင်းနှင့် စာရေးသူသည် ယခင်ဘဝက ဟိန္ဒူလူမျိုး ဖြစ်ခဲ့ကြောင်း သိရှိရသည်။ ဘိုးတော်၏ နာမည်ကို မသိကြောင်းနှင့် မုတ်ဆိတ်ရှိတာကိုသိကြောင်း ပြောပြသဖြင့် **ဘိုးတော်မုတ်ဆိတ်**ဟု စာရေးသူက အမည်ပေးလိုက်ပါသည်။

နံနက်ခင်းတစ်ခုတွင် ယခင်က ဘုရားလာပေးသွားသော အဘိုးအိုကပင် ယခင်ကပုံစံအတိုင်း ဝတ်စားဆင်ယင်၍ သုံးနှစ်အရွယ်ရှိ ကုလားလေးနှစ်ယောက်ကို ခေါ်လာပါသည်။ အိမ်ဝမှာ ရပ်နေသဖြင့် စာရေးသူက အိမ်ထဲသို့ ဝင်ရန်ခေါ်သောအခါ အဘိုးအိုက...

'လူလေးအတွက် ကလေးနှစ်ယောက် လာပို့တာ။ ခေါ်ထားလိုက်ပါ'

ဟု ပြောသောအခါ စာရေးသူက...

'ကျွန်တော်တော့ မယူတော့ပါဘူး။ သားနဲ့ တူလေးဆီသာ သွားပို့လိုက်ပါ'

ဟု ပြောပြီး အိပ်မက်က လန့်နိုးလာ၏။

သားနှင့် တူဖြစ်သူ နှစ်ယောက်မှာ အိမ်ထောင်ပြုပြီးတာ (၃)နှစ်ကျော်ကြာမြင့်ပြီဖြစ်သော်လည်း သားသမီး မရကြသေးသဖြင့် အိပ်မက်ထဲတွင် ထိုသို့ပြောလိုက်ခြင်း ဖြစ်ဟန်တူပါသည်။ ထိုသို့ပြောပြီး (၁၀)လအကြာတွင် ကျွန်တော့်ချွေးမနှင့် တူမဖြစ်သူတို့သည် သားတစ်ယောက်စီ မွေးပါသည်။ ချွေးမက တစ်ရက်စော၍ မွေးပါသည်။ ညီအစ်ကိုနှစ်ယောက်မှာ တစ်ရက်သာ ခြား၏။

၁၉၉၀ ပြည့်နှစ်တွင် စာရေးသူ၏ ဇနီးဖြစ်သူ ကျန်းမာရေး ချို့တဲ့သဖြင့် အိပ်ရာထဲတွင် လဲနေ၏။ နှလုံးသွေးကြောကျဉ်း၊ သွေးတိုးနှင့် အရိုးကျီးပေါင်းတက် ရောဂါများကြောင့် ဆေးကုသမှု ခံယူနေရသော်လည်း ရောဂါအခြေအနေမှာ တိုးတက်မှု မရှိပါ။

တစ်နေ့ ပုတီးစိပ်နေချိန်တွင် ဘိုးတော်မုတ်ဆိတ် ဓာတ်စီးကြွလာချိန်၌ မနေ့အာရုံဖြင့် စကားနာထိုးလိုက်ပါသည်။

'စနေသမီးကို ပြန်ကောင်းအောင် မလုပ်နိုင်တော့ဘူးလား၊ ဘိုးတော်က ဘာတွေ စောင့်ရှောက်နေတာလဲ'

ဟု ပြောလိုက်သောအခါ ဘိုးတော်မုတ်ဆိတ်က ရယ်မောပြီး ပြန်ကြွသွားပါသည်။ ထိုညတွင် အိပ်မက် မက်ပါသည်။ အိပ်မက်ထဲတွင် ယခင်က ဘုရားလာပို့သော အဘိုးအိုကပင်...

'စနေသမီး ကျန်းမာရေး ကောင်းချင်ရင် အဘိုးလာပို့ထားတဲ့ နဂါးရုံဘုရား

www.burmeseclassic.com



ကို ရွှေသက်န်း ကပ်လှူလိုက်ပါ’

ဟု ပြောပါသည်။

စာရေးသူသည် အဘိုး လာပေးသွားသော ပဉ္စလောဟာနဂါးရုံဘုရားကို ရွှေတိဂုံဘုရားသို့ ပင့်သွားပြီး ရွှေသင်္ကန်း ကပ်လှူ ပူဇော်လိုက်၏။ ဘုရားကို အနေကဇာတင်ပြီး တစ်ပတ်အကြာတွင် ဇနီးဖြစ်သူသည် ကျန်းမာရေး ပြန်ကောင်းလာသည်ကို ထူးဆန်းစွာ တွေ့လိုက်ရပါသည်။

စာရေးသူ၏ ဓမ္မမိတ်ဆွေတစ်ဦးမှာ စာရေးသူနှင့်အတူ ဘုရားများတွင် ပုတီးစိပ်တတ်ပါသည်။ ဓမ္မမိတ်ဆွေမှာ အသက်(၄၀)မျှသာ ရှိသေး၏။ သမီး မိန်းကလေးနှစ်ယောက် ထွန်းကားပြီး ဖြစ်ပါသည်။

ဇနီးသည် နောက်ထပ်ကလေး တစ်ဦး ကိုယ်ဝန်ဆောင်နေချိန်တွင် အကြားအမြင်ရ ဗေဒင်ဆရာများနှင့် တွက်ချက် စစ်ဆေးကြည့်ခဲ့သောအခါ မိန်းကလေးသာ ထပ်ရမည်ဟု အနိုင်အမာဟောကြ၏။ ဓမ္မမိတ်ဆွေဖြစ်သူက သားယောကျ်ားကလေး မွေးရန် ဆုတောင်းပေးဖို့ စာရေးသူအား ပူဆာတော့သည်။

စာရေးသူလည်း ပုတီးစိပ်ပြီးတိုင်း ဘိုးတော်များကို တိုင်တည်၍ ဓမ္မမိတ်ဆွေအတွက် သားဆုပန်ပေးပါသည်။ တစ်ညတွင် အိပ်မက် မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် ဘုရားလာပို့သော ဘိုးတော်မုတ်ဆိတ်ကပင်...

‘သားလိုချင်ရင် မယ်တော်ကျောင်းမှာ မီးနင်းခိုင်းလိုက်ပါ’

ဟု ပြောသွားပါသည်။

ထိုအချိန်က စာရေးသူ၏ ရပ်ကွက်ထဲရှိ အိန္ဒိယလူမျိုး တော်တော်များများသည် ပြည်တော်ပြန်ကာလ ဖြစ်သဖြင့် ဘာဝန်ခံ မီးနင်းမည့်သူများ အရေအတွက်နည်းသွားပါသည်။ အခြားမြို့နယ်မှ ပုဂ္ဂိုလ်များ လာရောက်၍ မီးနင်းကြရသည်။ ယခုအခါ မယ်တော်ကို ယုံကြည်သော မြန်မာလူမျိုးများလည်း အဓိဋ္ဌာန်ဖြင့် မီးနင်းနေကြပြီ ဖြစ်သည်။

ဓမ္မမိတ်ဆွေကို ပြောပြသောအခါ ဓမ္မမိတ်ဆွေက ဝမ်းသာစွာဖြင့် မီးနင်းရန် ဆုံးဖြတ်လိုက်ပါသည်။ ထိုနှစ် ဖေဖော်ဝါရီလတွင် မီးနင်းပွဲတော် ပြုလုပ်သောအခါ မြန်မာလူမျိုးများ ထက်ဝက်ကျော် ပါနေသဖြင့် ဓမ္မမိတ်ဆွေသည် တက်ကြွစွာ ဝင်ရောက် မီးနင်းပါသည်။ မီးနင်းသည် ဆိုသည်မှာ ပေ(၂၀)မျှရှည်သော ရဲရဲတောက် မီးခဲတုံးများပေါ်မှ ဖြတ်၍ လျှောက်သွားခြင်းဖြစ်ပါသည်။ မီးမနင်းမီ ဥပုသ်သီလ စောင့်ထိန်းရ၏။ သီလရှိပါက မီးနင်းသောအခါ စိုးစဉ်းမျှ ပူလောင်ခြင်း မရှိကြောင်း သိရ၏။

ဓမ္မမိတ်ဆွေသည် ပုတီးစိပ်သော ပုဂ္ဂိုလ် ဖြစ်သည့်အားလျော်စွာ အခက်အခဲမရှိဘဲ မီးနင်းခြင်းကို အောင်မြင်စွာ ပြီးစီးစေခဲ့သည်။ ရှစ်လမျှကြာသောအခါ ဓမ္မမိတ်ဆွေ၏ဇနီးသည်မှာ သားယောကျ်ားလေးတစ်ယောက်ကို လွယ်ကူစွာ မွေးဖွားခဲ့တော့သည်။ ဓမ္မမိတ်ဆွေမှာ ဆုတောင်းပြည့်၍ ဝမ်းသာမဆုံး ဖြစ်နေ၏။

စာရေးသူသည် နွေ၊ မိုး၊ ဆောင်း ကာလ(၃)ခုစလုံး၌ နံနက်(၄း၃၀)နာရီတွင် နေ့စဉ် အိပ်ရာမှထ၍ ဘုရားရှိခိုး၊ ပုတီးစိပ်လေ့ ရှိပါသည်။ တစ်ခါတစ်ရံ မိုးအေး၍ အိပ်ရာမှ အချိန်မှန် မထလျှင် မယ်တော်ဘုရားပွဲ လှည့်သည့်အခါ အသုံးပြုသည့် ဆိုင်းသံဗုံသံများ နားထဲတွင်ကြားပြီး လန့်နိုးတတ်လာပါသည်။

နဂါးရုံဘုရားရပြီး တစ်နှစ်ခန့်ကြာသောအခါ အိပ်မက်ထဲတွင် ဘိုးတော်မုတ်ဆိတ်က ဘုရားတွေ အများကြီးရှိသော ဂူတစ်ခုသို့ ခေါ်သွားပြီး ပူဇော်ကန်တော့ရန် ပြောပါသည်။ မကြာမီ နေအိမ်သို့ ဘုရားများ တစ်ဆူပြီး တစ်ဆူ ကြွလာပါသည်။

မဟာမြိုင်တောထဲမှ ရှေးဟောင်းဘုရားတစ်ဆူ မင်းကင်းမြို့မှ ရေဆန်ဘုရားတစ်ဆူ၊ သိန္နီမြို့မှ ပန်းပေါင်းဘုရားတစ်ဆူနှင့် ပဉ္စလောဟာဘုရားတစ်ဆူ၊ တောင်သုံးလုံး အဘိုးသံထံမှ ဘုရားနှစ်ဆူ၊ အောင်စေတီဆရာတော်ကြီးထံမှ ပြဒါးဘုရားတစ်ဆူနှင့် အင်းလေးဖောင်တော်ဦးဘုရားတွင် ရင်ငွေ့ခိုလှုံထားသော ဘုရားများနှင့် ဗုဒ္ဓဂယာ၊ ဂျပန်ပြည်တို့မှ ဘုရားဆင်းတုတော်များ လခြား၍ ကြွလာပါသည်။

ဘုရားများကို အနေကဇာတင်သောနေ့၌ နေအိမ်တွင် စိုက်ပျိုးထားသော ပန်းပင်များ လန်းဆန်းလှပစွာ အပြိုင်ပွင့်နေကြ၏။ တစ်အိမ်လုံးတွင်လည်း နေရာအနှံ့ ကုလားအမွှေးအကြိုင်များ သင်းပျံ့ မွှေးကြိုင်နေပါတော့သည်။

**တက္ကသိုလ် အပန်ငပေ**



www.burmeseclassic.com

www.burmeseclassic.com

**ဆီးချိုဆို ဘေးကို ဖယ်နိုင်တဲ့ဆေး**

ယခု တင်ပြမည့် ဆီးချိုဆေးသည် စာရေးသူ သိသော၊ တတ်သော ဆေးနည်းမဟုတ်ပါ။ **၂၀၀၂ ခုနှစ်၊ မေလထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း** တွေ့ဆုံခြင်းရောင်ခြည်ကဏ္ဍမှာ ဆရာကြီး မြောင်းမြ မောင်ယဉ်တင့်မှ **စမ်းချောင်းမြို့နယ်၊ နန်းစန္ဒာ နဂါးနှစ်ကောင် သိမ်ဖြူဆေးကုဌာန ဆရာမ ဒေါ်မြင့်စန်း(တဆ–၆၃၅၂)နှင့်** တွေ့ဆုံဆွေးနွေးခဲ့သော ဆီးချိုရောဂါအကြောင်း ဆောင်းပါး စာမျက်နှာ (၁၅၈)မှာ ဆရာမ ဒေါ်မြင့်စန်းမှ ဒါနပြုသော ဆေးနည်းဖြစ်ပါသည်။

ဤဆေးနည်းကို ကျွန်ုပ်၏ ဦးကြီး ဦးစိန်မြမှ ရေးမှတ်ထားပြီး လက်တွေ့ဖော်စပ် သုံးစွဲခဲ့ရာ အမှန်ပင် ဆီးချိုကျသက်သာပျောက်ကင်းကြောင်း စာရေးသူအား ပြောပြလာပြီး တွေ့ဆုံရေးသားသူနှင့် ဆေးနည်းဒါနပြုသူ ဆရာမတို့ကို ကျေးဇူးအထူးတင် သာဓုခေါ်ကြောင်း "ကျေးဇူးတင်ပါသည် နက္ခတ္တရောင်ခြည်" ဟု စာရေးသူမှ ထပ်ဆင့်ရေးသား တင်ပြလိုက်ပါသည်။


ဆရာမမှ ဒါနပြု ပြောပြသော ဆီးချိုဆေးမှာ စာရေးသူတို့ အညာဒေသနှင့် မြေလတ်ပိုင်းတောထဲတွင် အလွယ်တကူ အခမဲ့ ရရှိနိုင်ပြီး ကိုယ်တိုင်ကိုယ်ပိုင် ဖော်စပ်နိုင်သဖြင့်လည်း စာရေးသူ၏ ဦးကြီးမှာ လက်တွေ့ဖော်စပ် သုံးစွဲနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဆိုရလျှင် စာရေးသူ၏ ဦးကြီးမှာ ဆင်းရဲသား တောင်သူရိုးရာ ယာလုပ်ဓားမခုတ် ဖြစ်ပါသည်။ တန်ဖိုးကြီးသော၊ ငွေကုန်ကြေးကျများသော ဆေးနည်းဆိုလျှင်လည်း ယခုကဲ့သို့ ဖော်စပ်နိုင်မည် မဟုတ်ပါ။

ကျေးဇူးတင်ပါသည်

# နက္ခတ္တရောင်ခြည်

နေဇဝင် နတ်မောက်



ယခုမှု လုံး၀ ငွေတစ်ပြားမှ မကုန်ပါ။ ကိုယ်တိုင် ရှာဖွေတူးယူ၊ ခုတ်ထစ်၊ အမှုန့်ထောင်း ဖော်စပ်နိုင်သော ဆေး အမည်အစစ်များချည်းဖြစ်၍ ပို၍ပင် ဆေးစွမ်းထက် သက်သာပျောက်ကင်းခဲ့လေသလား ထင်မြင်ယူဆမိပါသည်။

ပါဝင်သော ဆေးအမည်များကို ဖတ်ကြည့်ပါ။ အညာဒေသနှင့် မြေလတ်ပိုင်း တောထဲတွင် အလွယ်တကူရနိုင်သော ဆေးဖက်ဝင်ပစ္စည်းများချည်း ဖြစ်နေသည်ကို တွေ့ရပါမည်။

✤ အညာဒေသနှင့် မြေလတ်ပိုင်းတွင် ဆေးရိုးပင်ဟုခေါ်သည့် "**ဥနဲ့ပင်**"မှ အမြစ် (၅)ကျပ်သား (ထို ဥနဲ့ပင်မှာ အရွက်စိမ်းပြီး နွေအခါလည်း ဝါသွား၊ ခြောက်သွေ့ကြွေကျခြင်း မသိရဘဲ အမြဲစိမ်းလန်းနေပါသည်။ အသီး အဝါရောင် သေးသေးလေးများ တစ်ပင်လုံးသီးပြီး ဗွတ်ကလုံနှင့် ငှက်ပေါင်းစုံ လာရောက်၍ အသီးကို စားပါသည်။ ချိုခါးသက် အရသာရှိပါသည်။ ထိုအသီးကို စားပြီး ငှက်များ မစင်စွန့်ရာမှ အစေ့ကျပြီး နေရာအနှံ့ အလေ့ကျပေါက်ရောက်ပါသည်။ ပေါများသောအပင် ဖြစ်ပါသည်။ ယင်း ဥနဲ့ရွက်ကို ခူးယူပြီး ဆေးလက်ဖက်ခြောက်အဖြစ် ရေနွေးအိုးတွင် ခတ်သောက်ရပါသည်။ ထိုကိုင်းများကို ထု၍ နုပ်နုပ်စဉ်းကာ ဆေးလိပ် လိပ်သောက်ရသဖြင့် ဆေးရိုးပင်ဟု ခေါ်ကြခြင်း ဖြစ်ပါသည်။)

✤ **ငုခေါက်** (၅)ကျပ်သား(ငုရွှေဝါဟုလည်း ခေါ်ပါသည်။ နွေအခါတွင် ပိတောက်နှင့်အပြိုင် အဝါရောင်အပွင့်များ တွဲရရွဲ ပွင့်ပါသည်။ ငုသီးကို ဝမ်းနုတ်ဆေး ဖော်ရာတွင် သုံးပါသည်။ အညာဒေသတွင် ပေါများစွာ ပေါက်ရောက်ပါသည်။)

✤ **ဆင်တုံးမနွယ်** (၅)ကျပ်သား (ဆင်တုံးမနွယ်၊ ဆင်သမနွယ်တို့ကို မသေဆေးပင်ဟုပင် ခေါ်ပါသည်။ ဆင်တုံးမနွယ် ဆေးအသုံးများမှာ များစွာရှိပါသည်။ သိသူလည်း များပါသည်။ အညာတောတောင်ထဲတွင် အလေ့ကျ ပေါများစွာ ပေါက်သော နွယ်ပင်တစ်မျိုး ဖြစ်ပါသည်။)

✤ **နနွင်းခါး** (၁၅)ကျပ်သား(နနွင်းခါး

စာမျက်နှာ (၁၀၈) သို့

www.burmeseclassic.com

အောင်မြင်ပိုင်နိုင်စေသည့်

# ချင်းနက်ပင်

ထက်မင်းကျော်စွာ



◆ ချင်းနက်ပင်

**ရွှေဘိုမြို့ ရွှေဘုံသာကျောင်းတိုက်အတွင်း၌** အမြင်အနည်းငယ်ဆန်းသည့် အပင်တစ်ပင်ကို တွေ့ရသဖြင့် ဆရာတော်ဦးဥတ္တမကို မေးလျှောက်ကြည့်သည်။

'ဆရာတော်ဘုရား ဒီအပင်က မိဿလင်လိုလို၊ တိမ်ပြာဂမုန်းလိုလိုနဲ့ အရွက်အလယ်မှာ ခရမ်းရင့်ရောင် အကြောပါတယ်။ ဘာအပင်များလဲ'

'**ချင်းနက်ပင်**တဲ့ မြစ်ကြီးနားဘက်က ဒကာတစ်ယောက် ယူလာပေးတာနဲ့ စိုက်ထားတာ အဂ္ဂိရတ်မှာ သုံးသတဲ့'

'တင်ပွဲ တပည့်တော် ကြားဖူးတာက **ချင်းနက်သတ္တုရည်နဲ့ ကြေးနီကို လုံ(၂၀)ပြည့်အောင် ထိုးရင် ငရဲလွတ်တယ်**တဲ့။ မှတ်ကျောက်တင် ငရဲမီး အစားခံတယ်လို့ ဆိုပါတယ်'

'ဘုန်းကြီးကတော့မထိုးဘူးလို့ မသိပါဘူး။ ညောင်ညာကိုက်ခဲတာတွေ၊ ထိခိုက်ဒဏ်ရာ ရတာတွေအတွက် ဥ,အတက်ကို ကြိတ်ခြေ လိမ်းကျံပေးရင် အင်မတန် အစွမ်းထက်ပါတယ်'

ချင်းပင်များမှာ တန်ခူး ကဆုန် မိုးဦးကာလတွင် စတင် စိုက်ပျိုးလေ့ရှိသဖြင့် အပင်ခြေတွင် မြေဆွကြည့်သည်။ အမြစ်တက်တစ်ခု ပဲ့ထွက်ကာ ဖြတ်ပိုင်းပုံအလယ်တွင် အပြာရောင်အကွက် ပေါ်နေသည်ကို တွေ့ရသည်။

တန်ဆောင်မုန်း နတ်တော် အပင်ကျချိန်များတွင် အမြစ်ဥများ ရင့်မာ၍ ချိုးကြည့်ပါက အနက်ရောင် ဖြစ်ပေါ်နေတတ်သည်ဟု သိရသည်။

ရှားပါးထူးခြားသော ရုက္ခမျိုးနွယ်မြစ်ကာ နေရာဒေသတိုင်းတွင် ရှင်သန်ပေါက်ရောက်ခြင်း မရှိသကဲ့သို့ အချိန်နေရာအလိုက် အရောင်ပြောင်းသည်ကိုလည်း ကြုံတွေ့ရဖူးသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျိုက်မရော ခုနစ်ခွေတောင်ကြားတွင် ချင်းနက်ဥအမြစ် လက်တစ်ဆစ်ခန့် ရရှိစိုက်ပျိုးထားခဲ့ရာ ပန်းအိုးတွင်းထည့်စိုက်ထားသဖြင့် ထူးခြားမှုမရှိသော်လည်း မြေပြင်တွင် စိုက်ပျိုးပါက နေရာပြောင်းသည်ဆို၏။

အရွက်ညှိုး၍ အပင်ကျသွားပြီးနောက် နောက်နှစ် မိုးဦးကျသောအခါ

www.burmeseclassic.com



◆ ချင်းနက်အရွက်များ၏ အလယ်အူကြောင်း

◆ အမြစ်ဥမှ အပြာရောင်





www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေဘုံသာ ဆရာတော် ဦးဥတ္တမ

အခြားတစ်နေရာ၌ ပေါက်ရောက်ရှင်သန်၍ မူလနေရာတွင် တူးဆွကြည့်က မရှိတော့ဟု သိရသည်။

လုံးဝ ပျောက်ကွယ်သွားမည် စိုးရိမ်သဖြင့် မြေပြင်တွင် မစိုက်ပျိုးမိပါ။ နောင်နှစ်အနည်းငယ်ကြာတွင် **မန္တလေး အနောက်ပြင်ရပ် အလ္လကပ္ပတိုက် သီရိမာလာကျောင်းမှ အရှင်နေမိန္ဒ** အလှူခံသဖြင့် ပန်းအိုးတွင်းမှ တူးဆွယူထုတ်ပေးရာ အမြစ်ဥဖြတ်ပိုင်းသည် အဖြူရောင် ဖြစ်နေလေသည်။

အရှင်နေမိန္ဒအား အကျိုးအကြောင်း ပြောပြ၍ ကပ်လှူခဲ့ရာ သူ၏ ကျောင်းတွင် အိုးဖြင့်ပင် စိုက်ပျိုးထားသည်။ နောက်တစ်နှစ်တွင် ခရီးကြုံရောက်ရှိသွားရာ အမြစ်ဥများ နက်ပြာရောင်ပြန်ဖြစ်နေသည်ကို တွေ့ရပြန်လေသည်။


အနံ့မှာ ချင်းစိမ်းကဲ့သို့ စူးရှခြင်းမရှိ၊ သိသာရုံအနံ့ ဖြစ်သည်။

**ဂုဏ်ရည်သန်သော ချင်းနက်ကို နေအိမ်ဝေယာတွင် စည်းလုံးညီညွတ်ရေး၊ အရေးကြီးသော လုပ်ငန်းဆောင်တာများ အောင်မြင်နိုင်နင်းစွာ အကောင်အထည် ဖော်နိုင်ရေးတို့အတွက် နိမိတ်ဆောင် စိုက်ပျိုးလေ့ ရှိကြသည်။**

**ချင်းနက်=ချက်နင်း** အချက်အချာကို ပိုင်နိုင်စွာ နင်းဖိဆုပ်ကိုင်ခြင်း ရည်ညွှန်းမှုကြောင့် ဖြစ်လေသည်။

**ထက်မင်းကျော်စွာ**

◆ ချင်းနက်ဥ ဖြတ်ပိုင်းပုံ အနီးကပ်





www.burmeseclassic.com

www.burmeseclassic.com



# ကနန်းမှာ နှပ်ပြာချိုလေသူ (၃)

ရွှေတောင် ဒင်မောင်ကြည်

**ယခင်လမှ အဆက်**

ဖိုးဟန်က မီးကစားပြီဆိုရင် ဖားဖို၊ လေဖို၊ မော်တာဖို ဘယ်ဖိုမဆို မီးလှုံ့ကပဲစပြီး မီးတင်တယ်။ ဓာတ်သေဖြစ်ပစေ မီးလှုံ့နဲ့ပဲ စတယ်။

ဒါပေမယ့် မီးလှုံ့က အစားစား၊ အများသား၊ တစ်မျိုးနဲ့တစ်မျိုးတော့ ဘယ်မတူ။ မူတည်တာကတော့ အဂ္ဂိရတ်ထိုးတဲ့လူ။

အဂ္ဂိရတ်သမား သူကစားတဲ့ ဓာတ်ပေါ်မှာ မူတည်တယ်။ ပညာရပ်ကို မန့်စပ်ရင်တော့ အခက်တွေမှာ အမှန်ပဲ။ ရိုးရိုးသားသား နိုးကြားတဲ့ အသိစိတ်နဲ့ ကြိုးစားကြပါမှသာ ပါရမီလဲ ပါကြရင်...

(၅)မူးသား ပြဒါးကို မီးကစား လာလိုက်တာ။ (၅)ရက်ရှိပြီ။ မီးလဲ နာလှပြီ မီးလဲ နေစပြုပြီ။

**"ပြဒါးမီးနေ သံပန်းသေ ရွှေနန်းမြေနဲ့ မလဲနိုင်" ပန်းတိုင်။**

မရဲတရဲလေး မီးမြှင့်လိုက် ခပ်ရဲရဲလေး မီးမြှင့်လိုက် ချော့လိုက်ခြောက်လိုက်နဲ့ ပြဒါးကို မီးသွင်းလာခဲ့တာ။

(၆)ရက်မြောက်နေ့မှာတော့ မီးမကစားမီ လုံကို ဆွဲမပြီး ထုတ်လိုက်တယ်။ လုံမနာဘူး။ အကောင်းပကတိ။ လုံအနေအထားကို သိရပြီ။

မြေကျင်းကလေးထဲက သဲတွေကို ညာလက်နဲ့ ယက်ထုတ်။ လုံကို မြေကျင်းထဲပြန်ထည့်။ သဲထူးပြန်ခတ် မြေပြင်တညီ လုံနှုတ်ခမ်းတိုက် လုံငှားဖုံးကို ပြင်ပြီးဖုံး လေဖိုကလေးကိုလဲ ပြန်စွပ်။ လုံငှားဖုံးပေါ်မှာ မီးသွေးအုပ်။ မီးသွေးထပ်ထည့် မီးဆိုက်။

မောင်ဖိုးဟန်မှာကတော့ အလုပ်တွေ ဆက်တိုက်။ မနားတမ်း ဇယ်ဆက်သလို မီးသွေးပြာတွေ ကော်ထုတ် လေသွင်း မီးနေမီးထားကို ဂရုစိုက် စိုက်လိုက်မတ်တတ် ဒီအလုပ်။ ညနေ (၅)နာရီရောက်တဲ့အထိ အပတ်တကုတ်။

ပြဒါး(၅)မူးသားကို မီးတင်လာခဲ့တာ သတ္တမနေ့တိုင်ခဲ့ပြီ။ မီးသွေးကို ပြောင်းပြီ၊ မီးသွေးပြောင်းပြီ၊ ဓာတ်ကစားပြီ။

ပန်းပဲမီးသွေး လုံငှားဖုံးပေါ်မှာ ခါတိုင်းလို လက်(၃)လုံးလေးပဲ အုပ်တယ်။ ဒါပေမယ့်

ခါတိုင်းနေ့တွေနဲ့ မတူဘူး။ မီးအားပိုကောင်းတယ်။ မီးပြင်းတယ်။ မီး(၃)အုပ် ဆက်တိုက်တင်ပြီ မီးအကျမှာ လုံငှားဖုံးကို ဖွင့်ကြည့်တော့ ချော်ပျော်နှုန်းက ကြိုက်စရာ မြင့်လာတယ်။ သွက်သွက်ခါနေတယ်။ ပြဒါးလုံးက တော့ မမြင်ရဘူး။

ချော်ငြိမ် ဓာတ်ငြိမ် လှုပ်ရှားမှုမရှိ တော့ ပြဒါးမီးနေတာ ထင်ရှားနေပြီ။



www.burmeseclassic.com

www.burmeseclassic.com

တေဇောဖြည်းညင်း နာနာသွင်း။

သာသာကနေ နာနာ မီးပြင်းတင်တော့မယ်။ လုံကို စပါးလုံးတစ်ထောက်စာ မြှင့်တယ်။ ဒီအတိုင်း ခဏထားပြီးမှ ပန်းပဲမီးသွေးထပ်ထည့်တယ်။ လက်(၃)လုံးပဲ။

မီး(၆)အုပ်အကျမှာ တစ်ခါ စပါးလုံးတစ်ထောက် လုံမြှောက်ပြန်တယ်။

(၉)အုပ်မှာ တစ်ခါလုံကို ထပ်မြှောက်။ (၃)ခါမြှောက်တော့ စပါးလုံး(၃)ထောက်။ (၂)နံပါတ်လုံစောက် ခါးတစ်ဝက်လောက်နီးနီး။ မီးကြီးလှပေါ့။

ဒါတောင် အန္တောချော်မို့သာ...

တကယ်လို့သာ ဓာတ်သေချော် စုပ်ချော် နာပေါက် လေးစိတ်ကွဲ ချော်ကတုံး ချော်ဖြူများသာ ရလိုက်လို့ကတော့များ ပြောမနေနဲ့ (၃)လုံလောက်နဲ့ ပထဝီဆောင်။ ဓာတ်ကျစ်အတုံးအခဲ ဖြစ်မယ်။ အဖြစ်မြန်မယ်။ ခရီးမဝေး။

မွန်းလွဲ (၂)နာရီလောက်မှာတော့ ဖိုးဟန် စိတ်ကူးပေါ်လာတယ်။


ပြဒါးကို နာကျိုးနဲ့ ဖမ်းထားတာ နာဟိတ်တော့ ရှိမှာပဲ။ အပေါ်ယံအလွှာကိုကြည့် ရှိနေတာက သိသိသာသာ။ ဒီ နာဟိတ်ကို ခွာရမယ်။

ဓာတ်ဖွင့်ဖို့က ခွာကိုခွာမှ တွေးကြည့်လိုက်စမ်း။

နာကို နိုင်တာယမ်း၊ ယမ်းပေါက်ရမယ်။

လေဖိုခွင်ထဲက မီးအကျမှာ ညှပ်ရှည်နဲ့ မီးသွေးတွေကိုဖယ်။ လုံငှားဖုံးကိုလဲ ညှပ်နဲ့ဆွဲပြီးဖွင့်၊ ယမ်း ငရုတ်ကောင်းစေ့ တစ်ခြမ်းလောက်ပစ်။

ချော်ရည်ပူနဲ့ တွေ့လိုက်တဲ့ ယမ်းက မီးပန်းတွေ ထွက်လာတယ်။ ချော်မျက်နှာပြင်ပေါ်မှာ မီးပွင့်ပြီး ဘေးကို ဖြာဆင်းသွားတယ်။ လုံးအတွင်းသားကို ရိုက် အောက်ကို စိုက်ဝင်သွားတယ်။



နောက်ဖြုန်းစားကြီး လေပူဖောင်းသေးသေးလေးတွေ ချော်ပေါ်ကို တက်လာတယ်။ အသံတော့ မမြည်ဘူး။ ချော်လဲ ထင်သလောက် မကြည်ဘူး။

(၂)မိနစ်အတွင်းမှာ ချော်ငြိမ်သွားတယ်။ လေပူဖောင်းလေးတွေလဲ ပျောက်ခြင်းမလှ ပျောက်သွားတယ်။ အန္တောချော် ဖိသတ်အားက လက်ချားထက်တော့ သာနေပြီ။ အထက်စီးက ဖိစီးနေတာ ပြဒါးအပေါ်မှာ။

လုံနှုတ်ခမ်းအောက် စပါးလုံးတစ်ထောက်သာသာ ချော်ဟောက်နေတဲ့အကျိုး။ ချော်သာလုံနှုတ်ခမ်းနဲ့ လုံးပြီး ပြည့်နေရင် ယမ်းသာပစ်မိလိုက်၊ ချော်က အကြိုက်တွေ့သွားမယ်။

ချော်တွေ ပွတက်လာပြီး ဝေလျှံကျ။ လုံအပြင်ဘက် ဘေးပတ်လည်ကို ချော်ဖုံးသွားမယ်။ အဲဒါဆိုသွားပြီ။ လုံနာပြီ။ ဓာတ်တေဇော ပြောင်းသွားပြီ။

အဲဒီလို အခြေအနေမျိုးကြုံလာရင် မီးနားလိုက်ရမယ်။ ရပ်ကို ရပ်လိုက်ရမယ်။ လေဖိုအပေါ်ပေါက် လေထွက်ပေါက်ကို သံပြားသွပ်ပြားနဲ့ ဖုံးလိုက်။ ဒါမှမဟုတ် အုတ်ခဲနဲ့ ဖုံးလိုက်။

လေဖိုမီး အပူနိမ့်သွားတဲ့အတွက် လုံထဲက ချော်ဆူတာ ငြိမ်သွားမယ်။ ချော်ဝေတာရပ်သွားမယ်။ ဘာမှ ဆက်မလုပ်နဲ့။ ပစ်ထားလိုက်။ ဓာတ်ကို အပူလျော့သွားပြီ။ လေဖိုခွင်ထဲမှာပဲ ထားလိုက်။ အလိုချမ်းလိုက် ပေယျာလကန်။

(၈)ရက်မြောက်နေ့မှာ လုံကို မြေကျင်းလေးထဲက ဆွဲထုတ်ပြီး ကြည့်လိုက်တော့ လုံခါးအထက်က လုံဘေးမှာ ချော်ဖွဲ့မယ့်ပုံရှိတယ်။ လုံဘေးမှာ ကပ်တဲ့သဲက ချော်ဖြစ်ပြီး ပြုတ်တွေ ထနေတယ်။ နေရောင်အောက်မှာ ပြိုးပြိုးပြက်ပြက် ညာလက်ညှိုးနဲ့ ပွတ်ကြည့်တော့ ပြုပ်ရှပ်ရှပ်။

ဒီနေ့တော့ ဖိုးဟန် လုံကိုခွဲပြီ။ အန္တောချော် အနီရင့်အောက်မှာ ပြဒါး(၅)မူးသားက အလုံးလိုက် ထိုင်နေတယ်။ လုံအောက်ဘက် ဖင်ပိုင်းကို ရိုက်ခွဲလိုက်တော့ ထွက်ကျလာပြီ။ မျက်နှာပြင်ထိပ်အလယ်မှာ ငယ်ထိပ်ကလေးနဲ့ အာကာသ ထွက်ဟန်ပြသလိုလို။

ချော်ကို ကြည့်လိုက်ပြန်တော့ ငယ်ထိပ်တည့်တည့်ကို အုပ်ထားတဲ့ ပြဒါးလုံးနဲ့ ကပ်နေတဲ့ချော်က ချော်အလယ်မှာ ခွက်ရာပေး၊ ချော်ကို မဖောက်နိုင်တဲ့ "အိုမီဂါ" ပုံဂယ်ပေါက်ကလေးဖြစ်လို့၊ အောက်ကားပြီး အထက်စု မိုးရေစက်ပြောင်းပြန်ပုံ။

မကြာခင် ပြောင်းပြန်ဖြစ်တော့မယ့် ဟိတ်။ စုတ်ချော်ဖြစ်တော့မယ် နိမိတ်။


ဒါပေမယ့် ပြဒါးလုံးအပေါ်က ခိုနေတဲ့လေနဲ့ ချော်ပေါ်ကလေ နှစ်ပါးဆိုင်ပြီး ပြိုင်ကြမယ်။ အပေါ်လေနိုင်ရင် ချော်ချောင်လာမယ်။ မကြာဘူး။

ဖိုးဟန် ဓောက်လုံ လုံရှည်နံပါတ်(၂)တစ်လုံးကိုယူ။ အထဲကို ပြဒါး(၅)မူးသား ဓာတ်လုံးကိုထည့်။ သူ့အပေါ်က လက်ချားမီးပေါက်သိပ်။

လုံကို မြေကျင်းလေးထဲထည့် သဲကျပ် လုံငှားဖုံးဖုံးပြီး မီးတင်တယ်။

မီး(၂)အုပ်မှာ လက်ချားချော် အရည်ပျော်တယ်။ လက်ချား အရည်ပျော်

www.burmeseclassic.com



တော့ မီးကို ဂရုစိုက်ရပြီ။ ချော်ပျော်ရင် ခတ်ပျော်တော့မယ်။ ချော်ပျော်အပူက ပြဒါးလုံးကို ကူးတော့မယ်။

လက်ချားချော်ဆိုတာ ချော်သွက်၊ ပြဒါး ဖောက်ထွက်နိုင်တယ်။ စိုးရိမ်တကြီးနဲ့ ကြည့်နေတဲ့ မောင်ဖိုးဟန် မီးမှန်ကို မြင်နေရလို့ တော်သေး။ လုံထဲက ပြဒါး လှုပ်ရှားဟန်မပြ။ ဘာသံမျှ မကြားရ။ တိတ်ဆိတ်လို့ ချော်ငြိမ်။

ဒါပေမယ့် သတိရှိမှ ပေါ့ဆလို့ မဖြစ်ဘူး။ ဒီနေ့တော့ လုံနှုတ်ခမ်းတိုက် မြေပြင်တညီပဲ။ လုံကို ဆွဲမတင်ဘူး။ တစ်နေ့လုံးတော့ မီးတင်တယ်။

နဝမနေ့၊ မီး(၃)အုပ်မှာ ချော်အပေါ်ပိုင်း ပျော်ပြီ။ မီး(၅)အုပ် ချော်အကုန် ပျော်ပြီ၊ ခတ်ပျော်တော့မယ်။ ချော်ပျော် ခတ်ပျော်။

မီး(၇)အုပ်မှာ လုံကို တစ်ကြိမ်ခွဲ မြှောက် မီး(၉)အုပ်မှာ နောက်တစ်ခါ ဆွဲမြှောက်ပြန်တယ်။

မွန်းလွဲပိုင်း နေ့ခင်း(၂)နာရီလောက်မှာ မီးကအကျ လုံငှားဖုံးကို ဖွင့်ကြည့်တယ်။ လက်ချားချော်ကြည်ပြီးငြိမ်နေတယ်။ ယမ်းငရုတ်ကောင်းစေ့တစ်ခြမ်း ပစ်ထည့်တယ်။ ပလုံလေးတွေစီတာ ပျောက်။ ချော်ကြည်ပြီး ငြိမ်သွားတဲ့ အချိန် နောက်ထပ် ယမ်းငရုတ်ကောင်းစေ့ တစ်ခြမ်းလောက် ထပ်ပေါက်။

လုံထဲမှာ မီးပွင့်ပြီး ခဏအတွင်း အောက်ခြေအထိ ချော်ကြည်ဆင်းသွားတယ်။ ပြဒါး(၅)မူးသားထဲက မကောင်းတာတွေကို ယမ်းက ဖယ်ရှားနေပြီ။ ရှင်းလင်းနေပြီ။

အဲဒီနေ့ တစ်နေ့လုံး မီးတင်ပြီး လေဖိုခွင်ထဲမှာပဲ အလိုချမ်းလိုက်တယ်။

မောင်ဖိုးဟန် လုံကို အလိုချမ်းပုံက လုံငှားဖုံးကို ညှပ်နဲ့ ညှပ်ပြီး ဖွင့်ပြီး လေဖိုဘေးက အုတ်ခဲပေါ်မှာ တင်တယ်။

ဖိုခွင်ထဲက လုံနှုတ်ခမ်းညိုလာပြီး လုံနှုတ်ခမ်းအောက်ဘက် ချော်ထိပ်အထိ နီညိုရောင် သန်းလာတော့မှ လုံငှားဖုံးကို ပြန်ဖုံးတယ်။ ဖုံးပြန်တော့လဲ လုံဖုံးကို မှောက်ပြီး ပြောင်းပြန်ဖုံးတယ်။

လုံနှုတ်ခမ်းက ချော်နဲ့ လုံငှားဖုံးက ချော် ချော်(၂)ချော် ပြန်ပြီး ချော်ဂဟေ မဆက်ဖို့ လုံငှားဖုံးကိုဖွင့်ပြီး ခပ်ကြာကြာထားတာပဲ။

တကယ်လို့သာ လုံငှားဖုံးကို ဖွင့်ကြည့်ပြီး ချက်ချင်းပြန်ပိတ်ရင် ချော်(၂)ချော် ဂဟေဆက်ပြီး တွဲသွားမယ်။ ဖွင့်မရတော့ဘူး။ ရိုက်ခွဲရမယ်။ လုံငှားဖုံး တစ်ဖုံး ဆုံးရှုံးရလေပြီ။

မောင်ဖိုးဟန် အဆုံးရှုံးမခံနိုင်။ လုံငှားဖုံးကို အလွန်နှမြော။ နောက်တစ်လုံး အတွက် ရည်မှန်းထားတဲ့သဘော။

ဆယ်ရက်မြောက်နေ့ မနက်စောစော ထမင်းကြမ်းစားပြီးတော့ လေဖိုခွင်ထဲက လုံငှားဖုံးလေးကို ယူလိုက်တယ်။ အကောင်းပကတိ မီးမနာ အက်ရာကွဲရာမရှိ။

မောင်ဖိုးဟန် လုံအကောင်းကြီးကို နှမြောနှမြော ဖြစ်မိတယ်။ လုံကိုတော့ ခွဲရပြီ။ ချော်က ပြဒါး(၅)မူးသားကို ကပ်နေသေးတယ်။ ဒါပေမယ့် (၄) လက်မ သံချောင်းနဲ့ ရိုက်လိုက်တဲ့အခါ ဖျတ်ခနဲ ဖျတ်ခနဲ ကွာကွာကျသွားတယ်။ ပြဒါးမီးနေပြီပဲ။ တေဇောဝင်လို့ ခတ်သားတွဲ ပထဝီမြဲနေပြီပဲ။ အဂ္ဂိရတ်သမ္မာရင့်ရင် နာကျိုးပြဒါး (၅)ရက်နဲ့ မီးနေမယ်။ မီးနေမီးထားကလဲ တတ် မီးပေးမီးယူကလဲ ကျွမ်းကျင်ရင် အလွန်ဆုံး (၃)ရက်။ ဒီထက် မပိုဘူး။

(၅)မူးသား ပြဒါးခဲလေးက လုံးနေတယ်။ အပေါ်က ပိုဖောင်းတယ်။ ဘေးနှုတ်ခမ်းသားမှာ (၂)နေရာက ရှုံ့နေတယ်။ အကွန့်ကလေးနဲ့ (၂)နေရာ (၂)တွန့်။

နာကျိုးဟိတ်က အပေါ်မှာ ရိုက်ထားတယ်။ ပြဒါးလုံးမျက်နှာပြင်တစ်ဝက်ကို ဟိတ်ရိုက်ထားတာ အပြင်လိုက်ကြီး မှိုင်းလို့ ညှိလို့။

မောင်ဖိုးဟန် လက်ဖက်ရည်ပန်းကန်တစ်လုံးထဲကို ပြဒါးလုံးထည့်၊ သံပရာရည်လောင်းထည့် ပြဒါးလုံးကို ဖုံးလိုက်တယ်။ နံနက်(၇)နာရီကနေ မွန်းတည့် (၁၂)နာရီအထိ စိမ်ထားလိုက်ပြီ။

မနက်စာစားပြီးတော့ မွန်းတည့်တော့မယ်။ ရေချွေးသောက်ပြီးတော့ မွန်းလွဲနေပြီ။

သံပရာရည်စိမ်ထားတဲ့ ပြဒါးလုံးကို ညာလက်နဲ့ နှိုက်ယူလိုက်တော့ အပေါ်ယံ နာကျိုးဟိတ်က မှိုင်းနေတာ နည်းနည်းတော့ ပြယ်ပြီ။ ပြဒါးလုံးကို ညာလက်ညိုးနဲ့ လက်မပေါ်ကိုတင် သံပရာရည်ပန်းကန်အောက်ကခံပြီး လက်မနဲ့ ပွတ်ပွတ်ချလိုက်တာ ပြဒါးလုံးက ဖွေးဆင်းသွားတယ်။

သံပရာရည်က အညစ်အကြေးကို လဲ ဖယ်တယ်။ ခတ်ကိုလဲ ချုပ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နွေရာသီကြီး တရုတ်မှော်ဒေသမှာ သံပရာသီးရဖို့ ဘယ်လွယ်မလဲ၊ နွေသီးဆိုတာ အရည်မအောင်ဘူး။

ဖိုးဟန်က မိုးရာသီ သံပရာသီး လှိုင်လှိုင်ပေါ်တဲ့အချိန် ပြည်မြို့ကို မှာတယ်။ ကားနဲ့ အလုံး(၃၀၀) တစ်လုံးကို (၅)ပြား၊ (၁၀)ပြား။

အလုံး(၃၀၀)စလုံး အရည်ညှစ်၊ ငှက်ပျောဖူး ပုလင်းဖြူကြီးတွေထဲမှာ ထည့် နေလှန်း (၃)နေသိပ်ရင် ပုလင်းထိပ်က လက်(၂)လုံးလောက် လျော့တယ်။ အဆို့ လုံအောင်ဆို့ ပိတ်။ နှစ်တစ်ပတ် သည်ထား။

အသုံးလိုတဲ့အခါ ယူသုံး။ အချိန်ရွေး၊ ရာသီမရွေး လတ်လတ်ဆတ်ဆတ်ကလေး။ မိုးမှာသီးတဲ့ သံပရာသီးလေး အရည်ညှစ်ချလိုက်သလို။

သံပရာရည်ကို နေလှန်း နှစ်ပေါက်အာရှည်ခံအောင်ထားတဲ့ ဒီနည်းကို မောင်ဖိုးဟန် တရုတ်မှော်ရွာကျောင်းသစ်ကျောင်း ဆရာတော် ဦးကုမုဒဆီက ရခဲ့တာ အဖိုးတန်လိုက်တာ။

မီးနေပြဒါး အဖွေးသားလေးကို ရေဆေးပြီး လက်နဲ့ ဆကြည့်တော့ ဂနိုးတယ်။ ပြဒါးသတ္တု။

**"ပြဒါးမီးနေ သံပန်းသေ ရွှေနန်းမြနဲ့ မလဲနိုင်"**ဆိုစကားတစ်ရပ် မောင်ဖိုးဟန်ထပ်ပြီး တွေးမိပြန်တယ်။

မီးနေပြဒါး ရထားပြီဆိုတော့...

အခေါက်ရွှေနဲ့တွဲပြီး ခေါ်သွားမလား။ ကြေးတံစည်းစာကပ်ပြီး အရောင်ဆိုးမလား။ ဒုတ္တာနဲ့ အရောင်သွင်းမလား၊ အသည်းရင့်အောင် သွပ်ကလေးပစ်ထိုက်မလား၊ အရွှေသားနဲ့ မျှားခေါ်သွားမလား၊ နာနဲ့ တိုက်ပြီး လှည့်ဦးမလား...

ကြိုက်တာ လုပ်လိုက်လေ မီးနေပြဒါး။

ထွက်ရပ်စခန်း မှန်းမလား...

ဖိုးဟန်ကတော့ ပြဒါး(၅)မူးသားကို နာကျိုးနဲ့ဖမ်း။ အဲဒီပြဒါး(၅)မူးသားကို ဣန္ဒာစရိယ လုံနံ့ပါတ်(၅)ထဲကို ထည့်၊ ကြိုက်တဲ့ဖိုနဲ့ မီးပူတံလေးပေး။ မီးအေးလေးနဲ့။

အရည်ပျော်တာနဲ့ သဲခွက်ထဲကိုချ နောက်တစ်ကြိမ် ပူတံထပ်ပြီးပေးပြန်ချ၊ (၅)ကြိမ်လောက် ပူတံပေးတယ်။ သတိတော့ ထားရတယ် ပြဒါးလေ။

အရည်ပျော်ခါနီး ဝေ့ခနဲ ဖြစ်လာတာနဲ့ သဲခွက်ထဲကို ချတယ်။ လုံအပူနဲ့ ပြဒါးက ဆက်ပြီး အရည်ပျော်တော့တာပဲ။

ပြဒါးပျော်နှုန်းမြင့်ရင် အငွေ့ပျံမယ်။ အငွေ့ပျံရင် ပြဒါးကုန်ပြီပဲ။

ပျော်ပြဒါး မျက်တောင်တစ်ချက်ခတ်လိုက်တာနဲ့ အဖိုးထိုက် အဖိုးတန်တွေ ထွက်ကုန်ပြီ။ ရှေ့ခရီးဆက်ဖို့ မလွယ်ရေးချာ့ မလွယ်။ လုပ်သမျှ ဒုက္ခ၊ မုချ ပျက်စီးမယ်။

ဟင်းရည်သောက် ကြွေပန်းကန်အပက်ကြီးတစ်လုံးကိုယူ၊ ရွှေဆိုင်းကိုယူ ရွှေဆိုင်းတွေကို တစ်ချပ်ချင်း၊ တစ်ချပ်ချင်း နှီးပြားကလေးနဲ့ ထိုးပြီး ကော်ကော်ယူပြီး ဟင်းရည်သောက် ပန်းကန်ထဲကိုထည့် ရွှေဆိုင်း အချပ်(၃၀)။

နောက် ပန်းကန်ပက်ထဲက ရွှေဆိုင်းအချပ်တွေကို နှီးပြားကလေးနဲ့ ကော်လိုက် မ,လိုက် မြှောက်လိုက် ဖိလိုက်နဲ့ အလယ်ဗဟိုမှာစု။

သဲခွက်ထဲမှာ ချထားတဲ့ ပြဒါး (၅) မူးသား ထည့်ထားတဲ့ ဣန္ဒာစရိယ လုံခါးပြွတ် နံပါတ်(၅)ကို ညှပ်နဲ့ ဆွဲယူ ပူတံပြန်ပေး။

ပြဒါးရည် ဝေ့ခနဲ တက်လာတဲ့အခါ ရွှေဆိုင်းထည့်ထားတဲ့ ပန်းကန်ပက်ထဲကို သွန်လိုက်တယ်။ ပြဒါးက ဘောလုံးတစ်လုံး လိမ့်သလို လိမ့်ဆင်းသွားတယ်။

ချက်ချင်းပဲ ပန်းကန်ပက်ကို ဘယ်ညာ လက်နှစ်ဖက်နဲ့မြှောက် ဝှေ့ဝှေ့ပြီး လှုပ်ပေးလိုက်တာနဲ့ ပြဒါးက ရွှေဆိုင်းကို စားစားသွားတယ်။ ရွှေနဲ့ ပြဒါး ရောသွားပြီ။

ရွှေဆိုင်းရော ပြဒါး(၅)မူးသားကို ဖောက်လုံ နံပါတ်(၃)ထဲကိုထည့်၊ အပေါ်က လက်ချားမီးပေါက်သိပ်၊ လုံငှားဖုံး,ဖုံး။

မြေစိုက်လေဖိုလေးနဲ့မီးတင် တေဖောသွင်း ပုထဝီဆိုက်အောင်လုပ်။

အပျော့အပျဉ်းကို သိချင်ရင် တူနဲ့ရိုက်။ အက်ရာပေးရင် မီးထပ်ဆိုက်။ ထပ်အက်သေးရင် နာဆီသွင်းလိုက်။ မှတ်တိုက်။ ငရဲမီးဆရာကြီးကိုမေး။ ရေဆေး။ လက်ပုတ်။ ဆားရည်ပက်။

လိုသေးရင် မီးထပ်ဆိုက်။ လိုရင် ထပ်ဆိုက်၊ လိုရင် ထပ်ဆိုက်နဲ့ မီးနဲ့ ရွှေအခေါက် နောက် ထပ်လိုက်ရရင် နည်းနည်းပဲ။

...................ဖြစ်ပြီ။

**[ဝိဇ္ဇာမယနေသိဒ္ဓိကျမ်းကို ဝါကျွတ်လက်ဆောင်အဖြစ် ကန်တော့ခဲ့ကြတဲ့ တူတပည့် မန္တလေးမြို့က ဦးရွှေအောင်ကျော်၊ ဒေါ်မိုးဝါတို့ကို ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ ကျေးဇူးတင်လျက်...]**

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com

# ဒူလာသွေးထွက်

ဆေးမခက်

အထိုင်များ၍ ဒူလာလိပ်ခေါင်းဖြစ်သူများ၊ နေပူထဲတွင် ပင်ပန်းကြီးစွာ လုပ်ကိုင်ရ၍ အပူအအေး မမျှဖြစ်ကာ ဒူလာသွေးဝမ်း သွားသူများ၊ ငရုတ်သီးစသော အပူစာ အစားများသူများ ဖြစ်တတ်လေ့ရှိသော ဒူလာသွေးဝမ်းဖြစ်သူများအတွက် လွယ်ကူသော လက်တွေ့ ဆေးနည်းတစ်လက်ကို အမှတ်မထင် ရရှိလိုက်ပါသည်။

ဆေးနည်းပေးသော ကိုအောင်လင်းပြောသည့်အတိုင်း တင်ပြလိုက်ပါသည်။

**ကိုအောင်လင်း** ။ ။ 'ဦးပဥ္စင်း ဘုရား ဦးပဥ္စင်းကို ဆေးနည်းတိုတစ်ခု လျှောက်ရဦးမယ်'

**ဦးပဥ္စင်း** ။ ။ 'ပြောပါဦး ဒကာအောင်ရဲ့'

**ကိုအောင်လင်း** ။ ။ 'တပည့်တော် ဒီနှစ် နွေရာသီမှာ ဒူလာသွေးယို ဖြစ်တယ်ဘုရား'

**ဦးပဥ္စင်း** ။ ။ 'ဘယ်လိုဖြစ်တာလဲကွယ့် ရှင်းအောင် ပြောစမ်းပါဦး'

**ကိုအောင်လင်း** ။ ။ 'ဒီလို ဦးပဥ္စင်းရေ ပထမ ဝမ်းချုပ်တယ်။ ဝမ်းသွားတဲ့အခါ နောက်ဆုံး ဝမ်းသွားပြီးခါနီး သွေးစ,ပါတယ်။ ဝမ်းသွားပြီးခါနီးတိုင်း သွေးပါတယ်။

နောက်တော့ တဖြည်းဖြည်း ဝမ်းသွားပြီး နောက်ဆုံး သွေးပါ ပန်းထွက်တယ်။ တော်တော် ဆိုးလာပါတယ်ဘုရား။

ဒါနဲ့ တပည့်တော်လဲ ကြောက်သွားတယ်။ နီးစပ်ရာကို မေးကြည့်တော့ အိပ်ရာထ ရေအဝသောက်လို့ ပြောတယ်ဘုရား။ တပည့်တော်လဲ သုံး,လေးရက်လောက် သောက်ကြည့်တယ်။ ဒါပေမယ့် ဘာမှ မထူးပါဘူးဘုရား။ နောက်တော့ ဆေးထိုးဆေးစား ပုလင်းချိတ်ပေါ့ဘုရား'

**ဦးပဥ္စင်း** ။ ။ 'ဘာပုလင်း ချိတ်တာလဲ'

**ကိုအောင်လင်း** ။ ။ 'ဂလူးကို့(စ်) ဆိုပါတော့ ဘုရား'

**ဦးပဥ္စင်း** ။ ။ 'သက်သာလား'

**ကိုအောင်လင်း** ။ ။ 'မသက်သာ ပါဘူး ဘုရား'

**ဦးပဥ္စင်း** ။ ။ 'ဒါနဲ့ ဘာဆေးနဲ့ ပျောက်သွား တာလဲ'

**ကိုအောင်လင်း** ။ ။ 'လျှောက် မယ် ဘုရား၊ တပည့်တော်ရဲ့ အရီးဒေါ်ကွယ် ပြောပြတဲ့ ဆေးနည်းတိုပါပဲ'

**ဦးပဥ္စင်း** ။ ။ 'စိတ်ဝင်စား စရာကောင်း လာပြီပဲ။ ပြောပါဦး'

**ကိုအောင်လင်း** ။ ။ 'တင်ပါ့ ဘုရား၊ ဦးကြီး ဖြစ်တုန်းက ဒီဆေးနည်းနဲ့ ပျောက်သွားတာလို့ ပြောတယ် ဘုရား'

**ဦးပဥ္စင်း** ။ ။ 'ဒါဆို လက်တွေ့ဆေးနည်းပေါ့'

**ကိုအောင်လင်း** ။ ။ 'မှန်ပါ့ဘုရား။ ဆေးနည်းကတော့...

သီး,သီးအစိမ်း၊ ငါးပိအစိမ်း၊ ခါချဉ်ဥအစိမ်း (၃)မျိုးကို ပေါင်းပြီး ထောင်းစားလိုက်ရုံပါပဲ ဘုရား'

**ဦးပဥ္စင်း** ။ ။ 'ဒကာ့ မှာကော ပျောက်ရဲ့လား'

**ကိုအောင်လင်း** ။ ။ 'ပျောက်ပါတယ်ဘုရား။ တပည့်တော်မှာက နွေရာသီဆိုတော့ သီး,သီးကလဲရှားတော့ သီးပင်မှာ မနည်းရှာရတယ်။ **မတန်သီး (ရာသီ မဟုတ်တဲ့အခါ သီးတဲ့အသီး)** သုံးလုံး စားလိုက်တာပျောက်သွားတယ်ဘုရား။ တစ်ခါတစ်ရံမှာ အခြားဆေးတွေနဲ့ မပျောက်တဲ့ ရောဂါကိုဆေးနည်းတိုနဲ့ ပျောက်တယ်ဘုရား။



အခုလို မိုးတွင်းဆိုရင်တော့ သီး,သီးကလဲ ပေါတာပေါ့ ဘုရား'

**ဦးပဥ္စင်း** ။ ။ 'အေးအေး ကျေးဇူးပါပဲ ဒကာရေ။ ဒီဆေးနည်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကိုပို့ပြီး ကုသိုလ်ပြုလိုက်ဦးမယ်'

**မှတ်ချက် ။ ။ သီးသီးပင်သည် မကွေးတိုင်းဒေသကြီး၊ မြေလတ်ပိုင်းတွင် ပေါက်ရောက်မှု များသည်။ အပင်ပုံသဏ္ဌာန်မှာ သနပ်ခါးပင်နှင့် ဆင်တူ၍ အပင်၊ အကိုင်းတို့ဖြင့် (၁၅)တောင်၊ အတောင်(၂၀)ခန့် အထိ ကြီးထွားပါသည်။**

*ကိုယ်စိတ်နှလုံး ရွှင်ပြုံးကြပါစေ။*

ဦးဝိသုဒ္ဓ (ဘုမ္မဝတီ)



www.burmeseclassic.com

www.burmeseclassic.com

# ရှေ့တန်းတိုက်စစ်မှူးနှစ်ဦး၏

လက္ခဏာ

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



(ပုံ-၁)ဒရော့ဘာ

**ပုံ(၁)ကတော့** အာဖရိကတိုက် အိုင်ဗရီကို့စ့်နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းရဲ့ ရှေ့တန်းတိုက်စစ်မှူး **"ဒီဒီယာဒရော့ဘာ"** ဖြစ်ပါတယ်။

ယခင်က အင်္ဂလန်နိုင်ငံ ချယ်ဆီးအသင်းရဲ့ လက်ရွေးစင် ရှေ့တန်းတိုက်စစ်မှူး ဖြစ်ခဲ့ပြီး ယခုအခါ တူရကီနိုင်ငံ ဂါလာတာစာရေး ဘောလုံးအသင်းရဲ့ လက်ရွေးစင် တိုက်စစ်မှူးအဖြစ် ပြောင်းရွှေ့ကစားနေသူ အသက်(၃၀) ကျော်အရွယ်ကျင် ဖြစ်ပါတယ်။


**ပုံ(၂)ကတော့** ဥရောပတိုက် ဘယ်လ်ဂျီယမ်နိုင်ငံ လူငယ်လက်ရွေးစင် ဘောလုံးအသင်းရဲ့ ရှေ့တန်းတိုက်စစ်မှူး **"လူကာကူ"** ဖြစ်ပါတယ်။

ယခင်က အန်ဒါလက်ချ်အသင်းရဲ့ ရှေ့တန်းတိုက်စစ်မှူး ဖြစ်ခဲ့ပြီး ယခုအခါ အင်္ဂလန်နိုင်ငံ ပရီးမီးယားလိဂ် ချယ်ဆီးဘောလုံးအသင်းမှာ ပြောင်းရွှေ့ကစားနေသူ အသက်(၁၈)နှစ်ဝန်းကျင် ရှေ့တန်းတိုက်စစ်မှူး ဖြစ်ပါတယ်။

ရှေ့တန်းတိုက်စစ်မှူး နှစ်ဦးရဲ့ လက်ဖဝါးပြင်မှာ သိသိသာသာ ကွာခြားနေတဲ့ အမှတ်အသားကတော့ အသက်လမ်းကြောင်းအဖျားနဲ့ ဦးခေါင်းလမ်းကြောင်း အဖျားတို့ရဲ့ **ပူးခြင်း၊ ဟခြင်း** ဆိုတဲ့ ရပ်တည်မှုပဲ ဖြစ်ပါတယ်။

ကျွန်ုပ်ရဲ့ လေ့လာသုတေသနပြုတွေ့ရှိချက်အရဆိုရင် ပုံ(၁)က ဒရော့ဘာရဲ့ လက်ဖဝါးပြင်မှာ တွေ့ရတဲ့ **ဦးခေါင်းလမ်းကြောင်း အဖျားနဲ့ အသက်လမ်းကြောင်းအဖျား ပူးတဲ့သူတွေဟာ အဖွဲ့အစည်းနဲ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေ၊ အားကစားနည်းတွေမှာ ပိုပြီး ရေရှည်အောင်မြင်မှု ရနိုင်ကြတယ်။**

ဒီလက္ခဏာရှင်တွေဟာ စေ့စပ်သေချာစွာ စဉ်းစားဆောင်ရွက်တတ်တယ်။




ဒါကြောင့် **ဂိုးသွင်းသေချာသူ** အဖြစ် ဘောလုံးအားကစားနည်းရဲ့ ရှေ့တန်းတိုက်စစ်မှူးဘဝမှာ သတ်မှတ်ခြင်း ခံကြရတယ်။

နောက်ပြီး သူတို့ဟာ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်း မရှိဘဲ အတ္တလဲ မကြီးတတ်တဲ့အတွက် အခြား ကစားဖော်များနဲ့ အပေးအယူ မျှတစွာ ကစားနိုင်ကြတယ်။

လူမှုဆက်ဆံရေးမှာလဲ မိမိကိုယ်ကို နှိမ့်ချပြောဆို ဆက်ဆံနေထိုင်တတ်တဲ့အတွက် လူချစ်လူခင် ပေါများကြတယ်။ ဒါကြောင့် ဘောလုံးကစားဖော် နောက်တန်း အလယ်တန်း ရှေ့တန်းလူတွေရဲ့ အကူအညီများစွာ ရရှိနိုင်တယ်။

သူတို့ရဲ့ ဘောလုံးပေးပို့မှုများစွာ ရရှိပြီး မိမိကလဲ မသေချာရင်၊ မပိုင်ရင် ဂိုးကန်သွင်းမှု မလုပ်ဘဲ အခြား ကစားဖော်များကို ပံ့ပိုးပေးလေ့ရှိတယ်။

ဒါကြောင့် သူ ပါဝင်ကစားတဲ့

www.burmeseclassic.com


ဘောလုံးအသင်းတွေဟာ အများအားဖြင့် အောင်မြင်မှု ရတတ်ပြီး ဆုဖလားတွေ ရရှိနိုင်ပါတယ်။

သူလို လက္ခဏာရှင်တွေ များများပါဝင်လေ ပိုကောင်းလေပါပဲ။ အသင်းလိုက် စုစည်းညီညွတ် အပေးအယူမျှတမှုတွေ အထူး ရရှိနိုင်ပါတယ်။

ကစားဖော်တွေရဲ့ ပြစ်တင်ဝေဖန်မှုန်းတီးမှု၊ လျစ်လျူရှုမှု၊ ဘောလုံးပွဲပရိသတ်တွေရဲ့ ပြစ်တင်ဝေဖန်မုန်းတီးမှု မခံရတတ်တဲ့ လက္ခဏာမျိုး ဖြစ်ပါတယ်။

ပြီးတော့ အသင်းနည်းပြ အုပ်ချုပ်သူတွေနဲ့လဲ အလွန် အဆင်ပြေနိုင်လို့ ဘောလုံးပွဲစဉ်များစွာ ပွဲထွက်ကစားသမား ဖြစ်ရလေ့ ရှိပါတယ်။

**ပုံ(၂)က လူကာကူရဲ့** လက်ဖဝါးပြင်မှာ တွေ့ရှိရတဲ့ ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်း အဖျားကွာဟနေသူဟာ အဖွဲ့အစည်းနဲ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေ၊ အားကစားနည်းတွေမှာ ရေရှည်အောင်မြင်မှု မရတတ်ကြဘူး။




တစ်ခဏချင်း တစ်ဟုန်ထိုး အောင်မြင်ကျော်ကြားမှုမျိုးကိုတော့ လျင်မြန်စွာ ရရှိနိုင်ကြတယ်။ သူတို့ဟာ စိတ်ရောကိုယ်ပါ တက်တက်ကြွကြွ လှုပ်ရှားကြိုးစားကြပေမယ့် သေသေချာချာ စေ့စေ့စပ်စပ် စဉ်းစားဆောင်ရွက်မှုတွေမှာတော့ အားနည်းတယ်။ ရှေ့တန်းမှာ တိုက်စစ်မှူးအဖြစ် ဘောလုံးကစားတဲ့အခါ ရောက်ရာနေ



(ပုံ–၂)လူကာကူယ

ရာက ကြုံသလို ဂိုးသွင်းမှုတွေ ခဏခဏ ပြုလုပ်တတ်တယ်။

အလွန် အံ့သြစရာကောင်းတဲ့ ဂိုးသွင်းယူ ရရှိမှုတွေအတွက် လူအများရဲ့ ချီးကျူးခြင်း ခံရတတ်တယ်။ ဒါပေမယ့် ဂိုးသွင်းသေချာသူအဖြစ်တော့ သတ်မှတ်ခြင်း မခံရတတ်ဘူး။ နောက်ပြီး သူတို့ဟာ မိမိကိုယ်ကို အထင်ကြီးသူများဖြစ်တယ်။ အတ္တလဲကြီးတယ်။ အခြားကစားဖော်များနဲ့ အပေးအယူမျှတအောင် မကစားတတ်ဘူး။

လူမှုဆက်ဆံရေးမှာလဲ ဆောင့်ကြွားကြွား ပြောဆိုနေထိုင် ဆက်ဆံတတ်လို့ မိတ်ဆွေကောင်းတွေ မမြဲတတ်ဘူး။ ဒါကြောင့် ဘောလုံးကစားဖော် ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်းသမားတွေရဲ့ ပံ့ပိုးကူညီမှု ရေရှည်မရနိုင်ဘူး။

ကစားဖော်တွေကို မိမိဘောလုံးပေးပို့ဖို့ထက် မိမိ တစ်ကိုယ်တော်အစွမ်းနဲ့ ထိုးဖောက် ဂိုးသွင်းဖို့ကိုပဲ ပိုပြီးဦးစားပေးတတ်တယ်။

ဒါကြောင့် သူလို လက္ခဏာရှင်တွေ များများ ပါဝင်တဲ့ ဘောလုံးအသင်းဟာ အသင်းလိုက် စုစည်းညီညွတ်မှုမရှိ အပေးအယူ မမျှတဖြစ်ပြီး အောင်မြင်မှုနဲ့ အလှမ်းဝေးပါတယ်။

ဆုတံဆိပ်တွေ ဆွတ်ခူးရရှိဖို့ ခက်ခဲပြီး ရေရှည် အောင်မြင်မှု မရတတ်ဘူး။

ထိုအတူ အဲဒီလက္ခဏာရှင် ဘောလုံးသမားဟာလဲ ဘောလုံးအသင်းတစ်ခုခုမှာ ရေရှည်ခိုင်မြဲဖို့ မလွယ်ဘဲ မကြာခဏ ဘောလုံးအသင်း ပြောင်းရွှေ့မှုတွေ ကြုံရတတ်တယ်။

ဘောလုံးနည်းပြ အုပ်ချုပ်သူတွေနဲ့လဲ ရေရှည် အဆင်မပြေတတ်တဲ့အတွက် တဖြည်းဖြည်းနဲ့ ပွဲထွက်ကစားသမားအဖြစ်က ချန်လှပ်ထားခြင်း ခံရတတ်တယ်။ ခြေစွမ်းပြခွင့် များများမရတတ်ဘူး။

ဒီတော့ **(ပုံ–၁)ဒရော့ဘာလို** ရှေ့တန်းတိုက်စစ်မှူး ဘောလုံးသမားလက္ခဏာရှင်မျိုးက ဘယ်အသင်းမှာမဆို အလွယ်တကူ အံဝင်ပြီး ရေရှည် အောင်မြင်နိုင်တယ်။

www.burmeseclassic.com

အသင်းအဖွဲ့တစ်ခုခုမှာ ရေရှည် ပါဝင်ကစားနိုင်တယ်။ အသက်ကြီးရင့်တဲ့အထိ အဲဒီအားကစားနည်းမှာ စွဲမြဲကစားရတတ်တယ်။

**(ပုံ-၂)လူကာကူ**လို ရှေ့တန်းတိုက်စစ်မှူး ဘောလုံးသမား လက္ခဏာရှင်မျိုးက ဘယ်အသင်းမှာမဆို အလွယ်တကူ အံမဝင်တတ်ဘဲ ရေရှည်လဲ မအောင်မြင်နိုင်ဘူး။ ကောက်ရိုးမီးလို ဟုန်းခနဲ တစ်ချက် ထတောက်ရုံလောက်ပါပဲ။

ဘယ်အသင်းမှာမှ ရေရှည်ပါဝင်ကစားရခြင်း မရှိသလို မိမိရဲ့ အောင်မြင်မှုလဲ ရေရှည် မခိုင်မြဲတတ်ဘူး။ အသက်ကြီးတဲ့အထိလဲ အဲဒီကစားနည်းမှာ စွဲမြဲကစားရခြင်းမရှိဘဲ မကြာခင် ဘေးရောက်သွားရတတ်တယ်။

ဒါပေမယ့် အစွမ်းပြချင်တဲ့ ပင်ကိုဗီဇကြောင့် ရင်သပ်ရှုမော အံ့သြဖွယ် ဘောလုံးကစားခြင်း၊ ဂိုးသွင်းယူခြင်းမျိုးတွေကိုတော့ ပုံ(၂)လက္ခဏာရှင် ရှေ့တန်းတိုက်စစ်မှူးက လုပ်ပြတတ်ပါတယ်။

တချို့ ဘောလုံးအသင်းမျိုးမှာ ဒီလို ပုံ(၂)လက္ခဏာရှင် ရှေ့တန်းတိုက်စစ်မှူးမျိုး မရှိမဖြစ် လိုအပ်ပါတယ်။ ဘောလုံးပွဲရဲ့ အရှုံးအနိုင် အဖြေကို အချိန်မရွေး ပြောင်းလဲပေးတတ်လို့ ဖြစ်ပါတယ်။

*လက္ခဏာပညာသုတ တိုးပွားကြပါစေ*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**

---

မီးယပ်
# အဖောရောင်ရောဂါ
## အတွက် ဤဆေးချက်

[ ၁ ]

စာရေးသူ(ကျွန်ုပ်)သည် လွန်ခဲ့သော (၂၈.၆.၂၀၁၃)ရက်နေ့မှ (၉.၇.၂၀၁၃) ရက်နေ့အထိ (၁၂)ရက်တိုင်တိုင် သားမောင်သိန်းဇော်နှင့်အတူ ဘိုးဘွားပိုင် ယာမြေ(အမွေကိစ္စ)အတွက် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော (ကျောက်ပန်းတောင်းမြို့နယ်၊ သစ်တိန်း

| | | |
|---|---|---|
| ၁။ ရှားစောင်းကြီး | (၅)ကျပ်သား | ယင်းဆေးစုကို အမှုန့်ပြုထားပါ။ သန့်ရှင်းသောဆုံတွင် ထောင်းပါ။ |
| ၂။ စမုန်နက် | (၅)ကျပ်သား | |
| ၃။ စမုန်မျိုးငါးပါး | (၅)ကျပ်သား | |
| ၄။ မိဿလင် | (၅)ကျပ်သား | |
| ၅။ ကြက်သွန်ဖြူ | (၅)ကျပ်သား | |
| ၆။ ဆားစိမ်း | (၅)ကျပ်သား | |

| | | |
|---|---|---|
| ၁။ မန်ကျည်းမှည့် | (၂၅)ကျပ်သား | ယင်းဆေးစုကို အိုးသစ်တွင်ထည့်၍ ယခင်ဆေးစု(ဆေးမှုန့်) (၃)ကျပ်သားထည့်၍ မတူးမချစ်အောင်ချက်ပါ။ |
| ၂။ ရှားစောင်းလက်ပပ် | (၂၅)ကျပ်သား | |
| ၃။ ထန်းလျက် | (၅၀)ကျပ်သား | |

ကျေးရွာအုပ်စု၊ သစ်တိန်းရွာကြီး)သို့ ရောက်ရှိခဲ့ကြပါသည်။

[ ၂ ]

ဇာတိချက်ကြွေ မွေးရပ်မြေမှာ ရှိခဲ့စဉ် ညီလေး မောင်ဖိုးသစ်+မသန်းတင်တို့အိမ်တွင် တည်းခိုခဲ့သလို ဦးလေး ဦးမောင်သင်အိမ်တွင်လည်း တစ်ညအိပ်ခဲ့ကြပါသေး၏။

ကျောက်ပန်းတောင်းမြို့နယ် အရှေ့ဘက်(ဒေသအခေါ် အရှေ့လက်)မှာ အထူးသဖြင့် တိုင်းရင်းမြန်မာသမားတော်နှစ်ဦးတို့ ရှိခဲ့ရာတွင်(စာရေးသူ)၏ ဦးကြီး ဦးမောင်ငယ်(ဆရာငယ်)နှင့်



အဖေ့ဘက်မှ ဦးကြီးတော်စပ်ခဲ့သူ **ဦးဖိုးခါ(ဆရာခါ)**တို့သည် ဟိုးရှေးပဝေသဏီကာလမှပင် နာမည်ကြီးခဲ့ကြပါ၏။ ယခု ကွယ်လွန်ခဲ့ကြပါပြီ။

ရှာပြန်ခိုက် ဦးမောင်သင်ထံတွင် သိမ်းဆည်းထားခဲ့သည့် ပေ ပုရပိုက်ထဲက ရှာဖွေတွေ့ရှိခဲ့သော ပါသောဖော်ပြပါ“**မီးယပ်အဖောရောင်ရောဂါအတွက် ဤဆေးချက်**”ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြအပ်ပါသည်။ ဆံရာခါ၏ ဆေးနည်းပါ။

* * *

နံနက်,ည ဟင်းစားဖွန်းနှင့် ပုံမှန်စားပါလေ။ သားသည်မိခင်တို့သည်ပင် ထာဝစဉ် နုပျိုလှပနိုင်မည် ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ဆက်မိပါသည်။(ဖန်ပုလင်းတွင်ထည့်၍ အဖုံးပိတ်ထားပါ။)

**(ကျောက်ပန်းတောင်း မြို့နယ် သစ်တိန်းရွာကြီးမှ ညီလေး မောင်ဖိုးသစ်နှင့်အတူ ဦးမောင်သင် အပါအဝင် အပေါင်းအသင်းအားလုံးသို့ အမှတ်တရ...)**


**ကြူသင်း**
*(ကျောက်ပန်းတောင်း)*

www.burmeseclassic.com

အပြုံ့အလှုံ့

# နှီးညှပ်အိမ်များ

သွန်းဝင်း
(နတ်တာလင်း)



စာရေးသူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်ရှုလျှင် စိတ်အဝင်စားဆုံးခေါင်းစဉ်များကို ဦးစွာရွေး၍ ဖတ်ဖြစ်၏။ တစ်နေ့တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလထုတ်၊ စာမျက်နှာ (၂၁၇) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဆောင်းပါးရှင် **အောင်မိုးမြင့် (နေပြည်တော်)၏ "နှီးညှပ်အိမ်နှင့် အစီအရင်"** ဆောင်းပါးကို ဦးစွာဖတ်မိပါ၏။

ဆောင်းပါးရှင်က နှီးညှပ်အိမ်တွင်နေသူများမှာ...

၁။ ဝင်ငွေထက် ထွက်ငွေ များခြင်း၊
၂။ အိမ်ထောင်ရေး မပြေလည်ခြင်း၊
၃။ အမြဲ စိုးရိမ်စိတ်နှင့် စိတ်ချမ်းသာမှု မရှိခြင်း၊
၄။ ဘာလုပ်လုပ် အတိုက်အခံ အနှောင့်အယှက် ကြုံတွေ့ရခြင်း၊
၅။ ကျန်းမာရေး မကြာခဏ ချို့ယွင်းခြင်း...

စသည့် ဆိုးကျိုးများရသည်ဟု ဆိုပါသည်။

**နှီးညှပ်အိမ် ဆိုသည်မှာ ညီအစ်ကို ညီအစ်မ၊ မောင်နှမအချင်း နှစ်ယောက် ၏ အိမ်နှစ်အိမ်ကြား၊ ကျောက်သနေသော အိမ်ကို ခေါ်ခြင်း ဖြစ်သည်။**

နှီးညှပ်အိမ်ဆိုသည့် အခေါ်အဝေါ်ကို စာရေးသူ ယခင်ကတည်းက ကြားဖူးပါသည်။ သို့သော် နှီးညှပ်အိမ်တွင် နေခြင်းဖြင့် မည်သည့်ဆိုးကျိုးများ ခံစားရတတ်ကြောင်း မသိမှတ်ဘူးပါ။ သတိလည်း မထားခဲ့ပါ။

ဆောင်းပါးရှင် အောင်မိုးမြင့်(နေပြည်တော်)၏ ဆောင်းပါးကိုဖတ်ပြီးချိန်တွင် စာရေးသူကိုယ်တိုင် ကြုံတွေ့ခဲ့သော နှီးညှပ်အိမ်များအကြောင်း ပြန်လည် စဉ်းစားမိလာသည်။

ပထမအိမ်က စာရေးသူ၏ယောက္ခမများနေထိုင်ရာ နတ်တာလင်းမြို့နယ် သရက်ကုန်းရွာမှ အိမ်တစ်လုံးဖြစ်သည်။ ထိုအိမ်၏ ပိုင်ရှင်မှာ စာရေးသူ၏ ယောက်ဖဝမ်းကွဲ တော်စပ်သူ ကိုအေးသန်းပင် ဖြစ်သည်။

ကိုအေးသန်းတို့ မိသားစုသည် အစက စာရေးသူ၏ယောက္ခမ နေအိမ်ခြံ ခြေရင်းဘက်တွင် အိမ်ကလေးတစ်လုံး ဆောက်နေ၏။ နောက်ပိုင်း အလုပ်အကိုင် စီးပွားရေး အဆင်ပြေလာသဖြင့် လယ်ယာကိုင်းကျွန်းများ ဝယ်ယူနိုင်ခဲ့သည့်အပြင် ရွာမြောက်ပိုင်းမှ ခြံတစ်ခြံဝယ်ပြီး အိမ်သစ်တစ်လုံး ဆောက်၍ နေနိုင်ခဲ့သည်။

ထိုအိမ်တွင် ပြောင်းရွှေ့နေထိုင်ကြပြီး နှစ်သိပ်မကြာမီမှာပင် သူတို့၏ စီးပွားရေး ကျဆင်းလာ၏။ သားသမီးများ ကြီးပြင်းလာသော်လည်း လုပ်အားမြှုပ်မြှုပ်ဆိုင်ဆိုင်ဖြင့် လုပ်ကိုင်အောင်မြင်ရမည့်အစား လုပ်လိုက်သည့်အတိုင်း အလွဲလွဲအချော်ချော်နှင့် အရှုံးများသာ ရင်ဆိုင်ခဲ့ရ၏။

ကိုအေးသန်းလည်း ကျန်းမာရေး ထိခိုက်ကာ အလုပ် မလုပ်နိုင်တော့ေ
စာရေးသူ၏အမျိုးသမီးက သူ့မောင်
ဝမ်းကွဲ ကိုအေးသန်းကို အထူးကုနှ
လိုက်ပြကုသပေးခဲ့ရ၏။

ကိုအေးသန်းမှာ ထိုအိမ်တွင် နေ
ချင်စိတ် မရှိတော့ဘဲ ရောင်းပစ်လိုက်ပြီ
ရွာမြောက်ပိုင်း သီးသန့်ခြံတစ်ခြံ၌ အိမ်
သစ်ကလေး ဆောက်လုပ်ပြောင်းရွှေ့
နေထိုင်သည်။

နောက်မှ သတိထားမိသည်က
ကိုအေးသန်းတို့ ရောင်းပစ်ခဲ့သော
အိမ်သည် တစ်မိတည်းဖွား မောင်နှမ
နှစ်ဦးဖြစ်သော ကိုပေါက်စနှင့် မလှ
တို့နေအိမ် နှစ်အိမ်ကြား တည်ရှိနေခဲ့
ခြင်းပင်ဖြစ်သည်။

ထိုအကြောင်းအရာတို့သည် နှီးညှပ်
အိမ်တွင်နေသူများ ခံစားခဲ့ရသည့်
စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး
ထိခိုက်ရခြင်းအကြောင်းများ ဖြစ်ပါ
စာရေးသူကိုယ်တွေ့မို့ မှန်ကန်သည်
ဟု ဆိုရမည်ပင်ဖြစ်၏။

သို့သော် နှီးညှပ်အိမ် ဖြစ်ပါလျက်


စာမျက်နှာ (၁၂၇) သို့

www.burmeseclassic.com

# တစ်ကြွင်း နှစ်ခိုက်

ဂရုစိုက်

ကောင်းသည်



ကျွန်ုပ်သည် ဝန်ထမ်းတစ်ဦး ဖြစ်သည့်အတွက် မိမိဝါသနာပါသော ဗေဒင်၊ လက္ခဏာပညာရပ်ကို လေ့လာခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်းများ ပြုလုပ်ရန် အချိန်ဆင်းရဲသူတစ်ဦး ဖြစ်လေ၏။ သို့ရာတွင် ၁၉၈၆ ခုနှစ်မှ စတင်၍ မိမိလေ့လာခဲ့သမျှကို ဝါသနာအလျောက် ကိုယ်ပိုင်အချိန်များတွင် ဟောပြောခဲ့လေ၏။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး စတင်ထုတ်ဝေစဉ်ကပင် ပါဝင်ရေးသားခဲ့ရာ ယခုဆိုလျှင် အမှတ်(၃၂၈)သို့ပင် ရောက်ရှိခဲ့ပြီး ဖြစ်၏။

လုပ်ငန်းတာဝန်များ ဖိစီးသောအခါတွင် စာရေးသားမှု ပါးလျားသွားပြီး ကိုယ်ပိုင်အချိန် ရလာသောအခါတွင် ခပ်စိပ်စိပ် ရေးသားနိုင်လေ၏။ ယနေ့အထိ ကျွန်ုပ်အနေဖြင့် ဂျာနယ်၊ မှုခင်းများတွင် ဘာသာရေး၊ နိုင်ငံရေး၊ ဂမ္ဘီရ၊ သတင်း၊ ဆောင်းပါး စသည်ဖြင့် ရေးသားလာခဲ့ရာ ပုဒ်ရေ(၄၀၀)ကျော်ခဲ့ပြီ ဖြစ်၏။

တားရော့စာအုပ်(၂)အုပ်၊ လက်ထောက်ဗေဒင် တစ်အုပ်လည်း ထွက်ရှိခဲ့ပြီးဖြစ်၏။ ထိုသို့ မိမိဆောင်းပါး၊ ဝတ္ထုများ ပါဝင်သော စာအုပ်များကို မှန်ဗီရိုထဲတွင် ထည့်သွင်း သိမ်းဆည်းထားရာ မကြာခဏထုတ်၍ သန့်ရှင်းရေး ပြုလုပ်ရလေ၏။

တစ်နေ့သ၌ စာအုပ်များကို ရှင်းလင်းစဉ် **ဖေဖော်ဝါရီလ၊ ၂၀၀၅ ခုနှစ်ထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌** ရေးသားခဲ့သော **"လေးကြွင်း၊ ငါးခိုက်၊ ဂရုစိုက်"**ဟူသော ဆောင်းပါးတစ်ပုဒ်ကို ပြန်လည်တွေ့ရှိလေ၏။

ထိုဆောင်းပါးကို ဖတ်ရှုပြီးသောအခါ ကျွန်ုပ်အနေဖြင့် နေ့ခုနစ်နေ့ရှိသည့်အနက် တစ်ရက်ကိုသာ ရေးသားခဲ့ပြီး ကျန်နေ့ရက်များအတွက် ကျန်ရှိနေကြောင်း တွေ့ရှိလာရလေ၏။

ထို့ကြောင့် ဤဆောင်းပါးကို ပြန်လည် ရေးသားရခြင်းဖြစ်လေ၏။ ထိုဆောင်းပါးမှာ ကျွန်ုပ်ထံသို့ စာမေးပွဲမဖြေနိုင်၍ ဗေဒင်လာရောက်မေးမြန်းသော ကျောင်းသူကလေးတစ်ဦးကို စစ်ဆေးကြည့်ရာမှ ရေးသားခဲ့ခြင်းဖြစ်၏။

ဆောင်းပါး ဖတ်ရှုသူများအနေဖြင့်လည်း ဗေဒင်ပညာ အခြေခံရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ နားလည်နိုင်စေရန် ပညာရပ်ကို အဓိက မထားဘဲ တင်ပြခြင်း ဖြစ်ပါ၏။

ကျွန်ုပ်သည် ငယ်ရွယ်စဉ်ကပင် ဗေဒင်၊ လက္ခဏာပညာများ လိုက်စားခဲ့ပြီး နည်းစနစ် အမျိုးမျိုးကို လေ့လာခဲ့၏။ ထိုသို့ လေ့လာရာ၌ မဟာဘုတ်၊ အင်္ဂဝိဇ္ဇာ၊ ဆန်း၊ နက္ခတ်ဗေဒင်၊ K.Pစနစ်၊ တားရော့၊ ဖုန်းရွှေ စသည်ဖြင့် အမျိုးမျိုးရှိ၏။

စနစ်တစ်ခုချင်း၌ အားကောင်းချက်၊ အားနည်းချက်များရှိ၏။ မည်သည့်စနစ်က ပို၍ကောင်းသည်ဟု ပြောရန်ခက်၏။ ဗေဒင်ဟောပြောမှု မှန်ကန်ခြင်းဆိုသည်မှာ ပညာရပ် သက်သက်ပေါ်တွင်သာ အခြေပြုထားခြင်းမဟုတ်။ ဟောပြောသူ၏ ပညာ၊ သီလ၊ သမာဓိ ဉာဏ်ရည်နှင့်လည်း သက်ဆိုင်၏။

အနည်းဆုံး မိမိဟောပြောချက်ပေါ်တွင် တည်ကြည်မှု(Concentration)ရှိရန်လို၏။ ထို့ကြောင့် ကြီးကျယ်ခမ်းနားသော ပညာရပ်ဖြင့် ဟောပြောသော်လည်း မှန်ကန်မှု လွဲချော်တတ်ပြီး သာမန်ပညာရပ်ဖြင့် ပိုင်ဆိုင်စွာ ဟောပြော၍ ဒက်ထိမှန်သည်လည်းရှိ၏။

ဟောပြောမှု၌ ပညာနှင့်လူ ဆက်၍ မိရန်လို၏။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် မည်သည့်ပညာရပ်များကို လေ့လာခဲ့သည်ဖြစ်စေ မြန်မာ့ရိုးရာ မဟာဘုတ်ပညာကို လက်မလွှတ်နိုင်ခြင်း ဖြစ်၏။ မဟာဘုတ်ပညာသည် မွေးသက္ကရာဇ်ကို ခုနစ်နှင့်စား၍ အကြွင်းကြည့်ပြီး ပုံသေ ဟောပြောရသော ပညာမဟုတ်၊ အခြားသော အထောက်အထားများဖြင့် မိမိ၏ နိဂုံးဆွဲ အဖြေထုတ်ယူခြင်း မှန်မမှန် စိစစ်နိုင်သောပညာ ဖြစ်၏။

ယခုလည်း (၁)ကြွင်းသမားများ၏ ကောင်းကျိုးဆိုးပြစ်ကို လေ့လာမိသမျှ လက်တွေ့ ဟောပြောချက်များ အတွေ့အကြုံပေါ်တွင် မူတည်၍ တင်ပြခြင်း ဖြစ်ပါ၏။

မဟာဘုတ်ပညာအရ **(၁)ကြွင်းဆိုသည်မှာ သက္ကရာဇ်တစ်ခုကို (၇) ဖြင့် စားလိုက်သောအခါ ကြွင်းသော အကြွင်းဖြစ်၏။**

မဟာဘုတ်ပညာရပ်တွင် ရှု–ကော

www.burmeseclassic.com



–**သက်** ဟူသော မဟာဘုတ်ခွင်(၃) မျိုး ရှိ၏။ ထို(၃)ကွက်သည် အပြန် အလှန် မှန်ကန်စွာ ဟောပြောမှုကို ထောက်ဆနိုင်သော Check,Recheck Counter Checkဟူသော စနစ်ဖြစ်၏။

**"မူ"ဆိုသည်မှာ** မူလမဟာဘုတ် ဖြစ်ပြီး မိမိ မွေးသက္ကရာဇ်ကို (၇)ဖြင့် စား၍ရသော အကြွင်းမှ တိုင်ထူသော စနစ်၏။

**"ကော"ဆိုသည်မှာ** ဟောပြော သည့်အချိန်အခါတွင် ရှိနေသည့် **"ကောဇာသက္ကရာဇ်"**ကို (၇)ဖြင့် စား၍ရသော အကြွင်းမှ တိုင်ထူခြင်း ဖြစ်၏။

**"သက်"ဆိုသည်မှာ** မေးမြန်းသူ ၏ လက်ရှိအသက်ကို (၇)ဖြင့် စားရာမှ အကြွင်းကို တိုင်ထူသော စနစ်ဖြစ်၏။

အောက်တွင် ၁၃...ခုနှစ်၌ မွေးဖွား ပြီး အသက်...နှစ်ရှိသူတစ်ဦးက ကောဇာသက္ကရာဇ် ၁၃၇...ခုနှစ်တွင် ယင်း၏ ကံဇာတာအား တွက်ချက်ထား ခြင်းဖြစ်၏။

၁၃... မွေးသက္ကရာဇ်ကိုဖြစ်စေ၊ ကောဇာသက္ကရာဇ် ၁၃၇၃ ခုနှစ်ကို ဖြစ်စေ၊ အသက်...ကို ဖြစ်စေ (၇)ဖြင့် စားပါက (၁)ကြွင်း၏။ ယင်းအကြွင်း ကို မဟာဘုတ်တိုင်ထူသော် ဤသို့ ဖြင့် အားလုံး တူညီနေသည်ကို တွေ့နိုင် ၏။

* * *

ပုတိနှင့် မရဏခွင်၌ ကျရောက်လျက် ရှိ၏။

ထို့ကြောင့် မူလမဟာဘုတ်(မိမိ

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

မူလ

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

ကောဇာ

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

အသက်

ထိုသို့ ကျရောက်သောအခါ မဟာ ဘုတ်နဝင်းဇာတာ ချကြည့်လျှင် မဟာ ဘုတ်ခွင်၌ တနင်္လာကို မရဏခွင်၌ တွေ့နိုင်၏။ နဝင်းဇာတာ မဟာဘုတ် မှာ ချထားသော မဟာဘုတ်အား Checkလုပ်ရန် ဖြစ်၏။ အလွယ်ကူဆုံး ချနည်းမှာ မူလမဟာဘုတ် ပုတိခွင်၌ ရှိသော ဂြိုဟ်ကို နဝင်းမဟာဘုတ်၌ မရဏတွင်ထား၍ တိုင်ထူရန် ဖြစ်၏။

* * *

မွေးသက္ကရာဇ်)ကို (၇)ဖြင့်စား၍ဖြစ်စေ၊ ရောက်ရှိသော ကောဇာသက္ကရာဇ်ကို (၇)ဖြင့်စား၍ ဖြစ်စေ၊ မိမိအသက်ကို (၇)ဖြင့် စား၍ဖြစ်စေ၊ အကြွင်း(၁) ဖြစ်နေပါက...

(၂)တနင်္လာဂြိုဟ်သည် အလွန်ညံ့၏။

(၁)တနင်္ဂနွေဂြိုဟ်သည် ဒုတိယ အားဖြင့် ညံ့၏။

(၄)ဗုဒ္ဓဟူးဂြိုဟ်သည်လည်း ဒုတိယ အားဖြင့် အထူးညံ့လျက်ရှိ၏။

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

မူလ/ကောဇာ/အသက်

| | | |
|---|---|---|
| | ၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ၀ |

နဝင်း

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

မဟာဘုတ်ခွင်

အထက်ပါ မဟာဘုတ် ၄ခုကိုကြည့် ပါက **ပုတိ၊ ဘင်္ဂ၊ မရဏခွင်**တွင် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူးဂြိုဟ်များ နှင့် သောကြာ၊ စနေတို့ကို တွေ့နိုင်၏။

အထူးသဖြင့် မဟာဘုတ် ၄ တိုင် စလုံး၌ တနင်္လာဂြိုဟ်ကို တွေ့၏။ ထို့ကြောင့် (၁)ကြွင်းသော မဟာဘုတ် တိုင်၌ တနင်္လာ(၂)သည် သေချာ ပေါက် ခိုက်လျက်ရှိ၏။ တနင်္လာသည်

အထူးသဖြင့် မူလ ကောဇာ အသက် တစ်ပြိုင်နက် (၁)ကြွင်းသော နှစ်များ၌ တနင်္လာ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အားလုံး ညံ့ဖျင်းလျက်ရှိ၏။ ထိုသက္ကရာဇ်ပိုင်း၊ အသက်ပိုင်းတွင် အထူးဂရုပြုရပါမည်။ ယင်း တနင်္လာ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးတွင် ဂြိုဟ်စား၊ သက်ရောက် ရှိနေက ဂရုပြု ရပါမည်။ ထို့ကြောင့် အောက်ပါအတိုင်း ဟောပြောချက်များ ရှိပါ၏။



www.burmeseclassic.com

www.burmeseclassic.com

### (၇)ဖြင့်စား (၁)ကြွင်းသူများ
### ဟောကိန်း

၁။ အလုပ်အကိုင်၊ အိုးအိမ် မတည်မငြိမ် ဖြစ်တတ်သည်။ နေရာထိုင်ခင်း အပြောင်းအရွှေ့ များမည်။ မငြိမ်သက်သော အလုပ်မျိုး လုပ်ရမည်။ အိမ်မှာ နေရသည်မရှိ၊ အိမ်ပြင်တွင် အချိန်ကုန်မည်။ အိမ်မြေကိစ္စ စိတ်ကြိုက်မတွေ့။ အကြီးအကဲက ပါးစပ်ဖြင့် မြှောက်စားပြီး အခွင့်အရေးမပေး။ ငွေမမြဲ။ ဝင်လာလျှင် ကုန်စရာက စောင့်နေမည်။ ရစရာရှိလျှင် မိမိက လျှော့ယူရမည်။

တနင်္လာသားကို ချစ်သူ၊ အိမ်ထောင်ဘက် မရွေးသင့်။ ငွေတိုးပေးက ဆုံးမည်။ အကြွေးပြန်တောင်းရခက်နေမည်။ အလုပ်ပင်ပန်းမည်။ မြှောက်ပင့် ငွေချေးသူနှင့်သာ တွေ့မည်။ သားသမီး၊ မိတ်ဆွေ အားမကိုး ရ။ ရွှေနှင့် ပတ်သက်၍ ရောင်းမှား, ဝယ်မှား, ပျောက်, အပေါင်ဆုံး, ထွက်ဖြစ်တတ်သည်။ ငွေမမြဲ,ကုန်စရာများနေသဖြင့် ခြိုးခြံချွေတာရမည်။ မိဘကျန်းမာရေး ညံ့မည်။

၂။ အကာယ်၍ မွေးသက္ကရာဇ်သာမက ကောဇာသက္ကရာဇ် (ရောက်ရှိဆဲသက္ကရာဇ်) မိမိအသက် အပိုင်းအခြားကိုပါ (၇)ဖြင့်စား၍ (၁) ကြွင်းပါက ထိုဟောကိန်းသည် ပိုမို တိကျခိုင်မာပါသည်။

၃။ ယင်းအပြင် ထိုမဟာဘုတ် (၁) ကြွင်းသောသူများ ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ တနင်္လာသားဖြစ်ပါက ဆိုးကျိုး ပို၍ ခံစားရပါမည်။ အထူးသဖြင့် တနင်္လာသား၊ ယင်းနောက် တနင်္ဂနွေသား၊ တတိယ ဗုဒ္ဓဟူးသားသည် ယင်းဆိုးကျိုးများ ပို၍ ခံစားရပါမည်။

၄။ တနင်္ဂနွေသည် အဖ၊ အကြီးအကဲ အလုပ်၊ အိုးအိမ်၊ ရာထူးကို ဟောပြောရပြီး တနင်္လာမှာ အမိ၊ စိတ်၊ ငွေကြေးကို အဓိက ဟောပြောရသဖြင့် ယင်းနှစ်ခုစလုံး ညံ့နေပါမည်။ ဗုဒ္ဓဟူးမှာ သားသမီး၊ မိတ်ဆွေ၊ ရွှေ ရတနာ အဓိက ဟောပြောရသဖြင့် ဒုတိယအားဖြင့် ညံ့ပါသည်။

၅။ မည်သို့ဖြစ်စေ မူလမဟာဘုတ် (၁)ကြွင်းသူ၊ ကောဇာမဟာဘုတ် (၁)ကြွင်းသူ၊ အသက်မဟာဘုတ် (၁)ကြွင်းသူများ တွက်ချက်ရာတွင် (၃)မျိုးစလုံး (၁)ကြွင်းနေသူများ အနေဖြင့် အောက်ပါအတိုင်း ကုစားရပါမည်။

၁။ မိမိရရှိလာသော လစာ၊ ဝင်ငွေကို လာဘ်ဦး ဖယ်၍ လှူဒါန်းပါ။
၂။ နေအိမ်မှ ကျောက်ပျဉ်၊ ကြွေပန်းကန်၊ ကရား အကျိုး အဟောင်းအစုတ်များ စွန့်ထုတ်လိုက်ပါ။
၃။ ဘုရားတွင် ရွှေသင်္ကန်းကပ်လှူ၊ ရောင်တော်ဖွင့်၊ ရေသပ္ပါယ်ပြီး ခေါင်းလောင်းထိုးအမျှဝေပါ။ (ရင်ပြင်)လမ်းမပေါ်တွင် တံမြက်လှည်းပါ။
၄။ နေအိမ်သန့်ရှင်း၍ ပရိတ်ရေဖျန်းပါ။ အိမ်တွင်းမရှိသောဂမျာ နေရာရွှေ့ပါ။
၅။ မိဘများ ကျန်းမာရေး ဂရုစိုက်ပြီး သံဃာတော်များကို ဆေးဝါးလှူပါ။
၆။ ကျောင်းတွင် သောက်ရေအိုးလှူပါ။

ဤသို့ ကုစားခြင်းဖြင့် အညံ့များ လျော့ပျောက်၊ သဒ္ဓါတရားအလျောက် ကောင်းကျိုးများ ရောက်လာနိုင်ပါကြောင်း ထပ်လောင်း အကြံပြု တင်ပြအပ်ပါသည်။

**ကောင်းသုခ**

စာမျက်နှာ (၁၂၄)မှ အဆက်

မည်သည့်အစီအရင်မျှ မလုပ်ရဘဲ မည်သို့သော ဆိုးကျိုးမျှ မပေးသည့်အပြင် တိုးတက်အောင်မြင်နေသော အိမ်နှစ်အိမ်ကို တွေ့ရသောအခါ အံ့ဩရပြန်၏။

ထိုအိမ်နှစ်လုံးမှာ နတ်တလင်းမြို့နယ် ကျောင်းကြီးရွာရှိ စာရေးသူ၏ မိဘများနေအိမ်နှင့် ခေါင်းရင်းခြံရှိ အိမ်တို့ဖြစ်သည်။ ထိုအိမ်နှစ်လုံး တည်ရှိနေပုံမှာ ဆန်း၏။ စာရေးသူ၏ မိဘနှစ်ပါးနေအိမ်မှာ တစ်မိတည်းဖွား မောင်နှမနှစ်ဦး၏ နေအိမ်နှစ်ခုကြား တည်ရှိ၏။

တစ်ဖန်ခေါင်းရင်းအိမ်သည် စာရေးသူမိခင်၏ ညီမအရင်း ဒေါ်သောင်းစိန်၏ နေအိမ်ခြေရင်း၌ တည်ရှိနေပြန်၏။ ထို့ကြောင့် စာရေးသူ မိခင်အိမ်နှင့် ယင်း အိမ်ခေါင်းရင်းဘက် အိမ်တို့သည် **အပြန်အလှန် ညှပ်အိမ်များ** ဖြစ်နေသည်။

ပြိုင်ပွဲများတွင် အင်အားချင်း ညတ်ရည်ချင်း တူညီနေလျှင် အနိုင်အရှုံးမရှိ သရေကျနေသည်ဟု ဆိုရ၏။ ထို့အတူ ထိုအိမ်နှစ်လုံးသည် အပြန်အလှန် ညှပ်အိမ်များ(နှစ်အိမ်စလုံး ညှပ်အိမ်များ) ဖြစ်နေသဖြင့် ထိခိုက်မှုတစ်စုံတစ်ရာ မရှိဘဲ ဆိုးကျိုးများကင်းဝေးကာ တိုးတက် အောင်မြင်နေရော့သလား'

ဟု စာရေးသူ စဉ်းစားကြည့်မိပါသည်။

သို့ဖြစ်၍ ထိုကဲ့သို့ **အပြန်အလှန် ညှပ်အိမ်များနှင့် ပတ်သက်၍ သိရှိနားလည်သူများမှ ဆက်လက် ရေးသားတင်ပြပေးပါရန် လေးစားစွာ တောင်းဆိုအပ်ပါသည်။**

**ညွှန့်ဝင်း(နတ်တလင်း)**

www.burmeseclassic.com



၂၀၁၄ ခုနှစ်အတွင်း

# မြင်းနှစ်ကာလ ပွဲတော်ရက်များ

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် သစ်သား(ယန်း) ဓာတ်ဆောင်သည့် မြင်းပုံရိပ် စိုးမိုးသော နှစ်ဆန်းတစ်ရက်နေ့သို့ ရောက်ရှိပါမည်။

၃၁.၁.၂၀၁၄ နေ့မှသည် ၁၈.၂.၂၀၁၅ နေ့တိုင်အောင် မြင်းပုံရိပ် စိုးမိုးသော ကာလဖြစ်သည်။ တရုတ်ပြက္ခဒိန် ကိုးလတွင် ရက်လွန်ပြီးသဖြင့် လထပ်ကာ ကိုးလ (၂)လ ရှိပါမည်။**(တရုတ်ပြက္ခဒိန်တွင် တစ်ခုမြောက် ပထမလ၊ ကိုးခုမြောက် နဝမလ ဟူ၍ ရေးပြော သုံးစွဲခြင်း မရှိပါ။ ဂဏန်းခြေဖြင့်သာ တစ်လ၊ နှစ်လ၊ ကိုးလ စသဖြင့် သုံးစွဲပါသည်။)**

၂၄.၉.၂၀၁၄ နေ့မှ ၂၃.၁၀.၂၀၁၄ အထိ (九月大)**ကျိုယွဲ့တာ့**(ရက်ပေါင်း၃၀ ရှိသောလကြီး)နှင့် **(၂၄.၁၀.၂၀၁၄)**မှ **(၂၁.၁၁.၂၀၁၄)**အထိ (九月小)**ကျိုယွဲ့ ရှောင်**(ရက်ပေါင်း ၂၉–ရက်ရှိသော လငယ်)ဟူ၍ နှစ်လ ထပ်ပါသည်။

ဤကဲ့သို့ လထပ်၊ ရက်ငင်ခြင်းကို တရုတ်ဘာသာဖြင့် ( 闰 ) "ရွန့်" (Rún)ဟု ရေးသားခေါ်ဝေါ်ကာ ဤနှစ်တွင် မွေးဖွားသူကိုလည်း **အာရွန့်** (ĀRún)ဟု ခေါ်ဝေါ်တတ်ကြလေသည်။

လထပ်သော နှစ်တွင် (၁၃)လရှိ၍ ရက်ငင်သော နှစ်တွင် (၃၆၆)ရက် ရှိလေရာ အချိန်ရှည်ကြာခြင်း၊ အသက်ရှည်ခြင်းနိမိတ် ဆောင်ယူသည်။

သစ်သားဓာတ်ဆောင်ခြင်းကို တိမ်ကြားမြင်းဟု ခေါ်သည်။ ထို့ကြောင့် ဤနှစ်တွင် ကမ္ဘာကြီးသည် လျင်မြန်စွာ တိုးတက်ဖြစ်ထွန်း၍ လူသားတို့ လူနေမှုအဆင့် တိုးတက်မြင့်မားခြင်း၊ လွယ်ကူ ပေါက်ရောက်ခြင်းအကျိုးကို ခံစားရဖွယ်ရှိလေသည်။

မြင်းစိုးမိုးသည့် တစ်နှစ်တာ ကာလတွင် အရေးကြီးသည့် ပွဲတော်နေ့များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၃၁. ၁.၂၀၁၄ | ⇒ ချွန်းကျဲ နွေဦးပွဲတော်( နှစ်သစ်ကူးပွဲတော် ) |
| ၅. ၂.၂၀၁၄ | ⇒ ချင်းရွှေကြူရှိန်ရီ – ဆေးဝိဇ္ဇာပူဇော်ပွဲ |
| ၁၄. ၂.၂၀၁၄ | ⇒ ထူတိကုန်း – ဝသုန္ဒရေနတ်မင်းပူဇော်ပွဲ |
| ၁၇. ၂.၂၀၁၄ | ⇒ ဝမ်ကုန်း – နန်းဦးဝိဇ္ဇာပူဇော်ပွဲ |
| ၁၅. ၃.၂၀၁၄ | ⇒ ကျိုထျဲန်ရှဲန်နွီ – ဘုံကိုးထပ်မယ်တော်ပူဇော်ပွဲ |
| ၁၉. ၃.၂၀၁၄ | ⇒ ကွမ်ယင်း – ဗောဓိသတ္တပူဇော်ပွဲ |
| ၅. ၄.၂၀၁၄ | ⇒ ချင်းမိန်ကျဲ – ဘိုးဘွားမိဘသင်္ချိုင်းကန်တော့ပွဲ |
| ၂၀. ၆.၂၀၁၄ | ⇒ မားကြူ – ပင်လယ်ဒေဝီပူဇော်ပွဲ |
| ၁၀. ၈.၂၀၁၄ | ⇒ ကျုံးယွဲ့ယ်ကျဲ – ကောက်ညှင်းထုပ်ပွဲတော် |
| ၈. ၉.၂၀၁၄ | ⇒ ကျုံးချူးကျဲ – လမုန့်ပွဲတော် |
| ၂.၁၀.၂၀၁၄ | ⇒ ကျိုဟွမ်းတာ့တိ – ဂြိုဟ်ကိုးလုံးနတ်မင်းပူဇော်ပွဲ |
| ၂၂.၁၂.၂၀၁၄ | ⇒ တုံးကျိန်ကျဲ – မုန့်လုံးပွဲတော် |
| ၁၈. ၂.၂၀၁၅ | ⇒ ချူရှီးကျဲ – မြင်းနှစ်တာ နောက်ဆုံးနေ့ နှုတ်ဆက်ကန်တော့ပွဲ |

***မင်္ဂလာနှစ်သစ်တွင် ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ပါစေ။***

**ဟူကျင်းဇီ**(*Hu Jin Zhi*)



www.burmeseclassic.com

# သုခကာရီကျောင်းမှ

## ထူးခြားပစ္စည်းများ

ပြေအေးသော်တာ

ရွှေဘိုမြို့ မြို့ထောင့်စေတီခေါ် မောမောမြင်သာစေတီအနီး တည်ရှိသော သုခကာရီကျောင်းတိုက် လက်ရှိဆရာတော်ဦးဝိမလအား သွားရောက်တွေ့ရာ ထူးခြားသောပစ္စည်းအချို့ကို မြင်တွေ့ခဲ့ရသည်။

### ကျောက်ဝိဇ္ဇာ

မုံရွာမြို့ တစ်ဖက်ကမ်း ယင်းမာပင်မြို့နယ်မှ သွားရသော ခေါက်လောက်တောင် အလောင်းတောင်ကဿပ လိုဏ်ဂူသို့ ဘုရားဖူးကြွရာ လိုဏ်ရှိရာ ချောက်သို့အဆင်း လက်ယာဘက် ကျောက်နံရံတွင် ရဟန်းဝိဇ္ဇာပုံသဏ္ဌာန် ဖြစ်ပေါ်နေသဖြင့် တပည့်ဦးပဉ္ဇင်းတစ်ပါးက ဓာတ်ပုံရိုက်ကူးထားခြင်း ဖြစ်သည်။ တင်ပျဉ်ခွေပုံစံနှင့် ရင်ခွင်၌ သပိတ်သဏ္ဌာန်ပါရှိသည်။

### ကျောက်ဘူးသီး

ဘူးသီးပုံသဏ္ဌာန် ကျောက်လုံး ဖြစ်သည်။ အညာချိုးထားသည့် အရာပုံစံသည်း ပါရှိသည်။

ကန့်ဘလူမြို့နယ် ငုက်ပျောတိုင်းချဲ့ဆိပ်ဒေသမှ ရရှိသည်။ ဘူးတစ်လုံးဆောင် အိုတောင်မဆင်းရဲ ဆိုစကားအရ ကြွယ်ဝချမ်းသာခြင်း နိမိတ်ဆောင်ပစ္စည်း ဖြစ်ပေသည်။

### ဒေါက်ခြာ

ဒေါက်ခြာဆောင်းထားသော ရသေ့ရုပ်နှာ ရေးရေးပေါ်နေသော ကျောက်ပြားဖြစ်သည်။




အလောင်းတော်ကဿပ ကျောက်ဆောင်မှ ဝိဇ္ဇာရုပ်

မကွေးမင်းဘူးနယ်ရှိ အထက်စက်တော်ရာသို့ ဘုရားဖူးကြွစဉ် ရသေ့တောင်၌ ကမ္ဗဋ္ဌာန်းဆောက်ကာ သင့်လျော်တစ်ခုခု ရလို၏ဟု အဓိဋ္ဌာန်ပြုခဲ့သည်။

ကမ္ဗဋ္ဌာန်းသိမ်းသောအခါ ဤဒေါက်ခြာပုံကျောက်ပြားကို ရရှိခြင်းဖြစ်သည်။ သာသနာပြုလုပ်ငန်းနှင့်

www.burmeseclassic.com





◆ ကျောက်ဘူးသီး

ရသေ့ဒေါက်ခြာ ▶

ကျင့်စဥ်စခန်းအတွက် အထောက်အပံ့ ကာရကာပြုခြင်း နိမိတ်ဆောင်သည်ဟု ယူဆရသည်။

ကျောက်မြွေ

မြွေတစ်ကောင် ရစ်ပတ်ခွေကာ မေး တင်နေသော ကျောက်ခဲ၊ သဘာဝ ပန်းတမော့ရုပ်တုကလေး ဖြစ်သည်။ မြွေ၏ အဆိပ်ပြင်းခြင်း၊ တွင်းအောင်းခြင်း သဘာဝများအရ လျှို့ဝှက်နက်နဲသောပညာရပ်များကို ညွှန်းသည်။

အိပ်မက်တိတ္ထုံကျမ်းများကို မှီး၍ လာဘ်ရစေသောပစ္စည်းဟု ဆိုကြသည်။

အံသွား

ထိပ်ဝဇရိယာ (၂)စတုရန်းလက်မ ခန့်ကျယ်၍ အမြင့်(၃)လက်မနီးပါးခန့် ရှိသည်။ အရွယ်အစား အလွန်ကြီးမားသော လူ သို့မဟုတ် လူနှင့် ပုံသဏ္ဌာန်နီးစပ်သော လူဝံကဲ့သို့ သတ္တဝါတစ်ကောင်၏ အံသွားဟု ယူဆဖွယ်ရှိသည်။

ကျောက်သားပမာ မာကျောစွာရှိ၏။ ဤအံသွားနှင့် ကျောက်မြွေရုပ်ကို အလောင်းတော်ကဿပ သွားလမ်းချောင်းသုံးကွေ့အလွန် သစ်တောစခန်းသို့ မရောက်မီ သဘာဝကျောက်တွင်း အတွင်းမှ ရရှိခဲ့သည်ဟု သိရသည်။

အံသွားနှင့်ပတ်သက်၍ သဘာဝ နိမိတ်ပုံအရ ကြိတ်ခြေခြင်း သဘောဆောင်ကာ အခက်အခဲပြဿနာများ ကျေညက်ပြေလည်ခြင်း၊ အကျိတ်အခဲ အငြိုးအတေး ပြေပျောက်ခြင်းတို့ကို ညွှန်းနိုင်သည်။

ဤတွင် အကြောင်းတိုက်ဆိုင်သဖြင့် **"ရသေ့အံသွား"**ခေါ် ရသေ့အံကျောက်နှင့် ပတ်သက်၍ အနည်းငယ် တင်ပြပေးပါမည်။

ရှေးဟောင်း မွန်နိုင်ငံတော်ဖြစ်ခဲ့သည့် **ဝါခရူမြို့ဟောင်း (သံဖြူဇရပ်မြို့နယ်အတွင်း ရှိသည်။)**တွင်မှ **"ရသေ့အံ"** ကျောက်တုံးများ တွေ့ရတတ်သည်။ ကုဗပုံ(အန်စာတုံးပုံ) ကျောက်တုံးငယ်များ ဖြစ်သည်။

ဘုရားရှင် ပွင့်တော်မူသည်ဆို၏။ မုဆိုးမ,များပင်လျှင် ရွှေယောက်မသုံး၍ ဘုရားတည်နိုင်ကြသည်ဆို၏။

ဆရာရသေ့များက ရွှေငွေထက် အဖိုးတန်သည့် ကျန်းမာရေးအတွက် အသုံးဝင်မည့် **"ရသေ့အံ"** ကျောက်များ ထားရစ်ခဲ့ကြသည်။

ဆေးသုံးနည်းကိုလည်း ပုရပိုက်များဖြင့် ရေးမှတ်ခဲ့ကြောင်း မွန်ရှေးဟောင်းပေစာများ၌ ဖော်ပြကြသည်။

သံဖြူဇရပ်မြို့၊ ဝါခရူရပ်ကွက်၊ ကိုးသိန်းကိုးသန်းကျောင်း ဆရာတော်ကြီးသည် အလေးချိန်(၁)ကျပ်သားတိတိရှိသော ရသေ့အံကျောက်ကို သင်းပိုင် ခါးပန်းကြိုးအတွင်းသိပ်၍ ဆောင်ထားတော်မူသည်။


ခွေးရူး၊ မြွေ အစရှိသော အဆိပ်ရှိ သတ္တဝါ






www.burmeseclassic.com

www.burmeseclassic.com




▲ ကျောက်မြွေ



▲ အံသွားကြီး

များ ဒုက္ခမပေးနိုင်ဟု မိန့်တော်မူသည်။ ထိုဆရာတော် ပျံတော်မူသောအခါ ထို ရသေ့အံကျောက်ကို ရှာသော်လည်း မတွေ့ရတော့ကြောင်း (လက်ရှိ) ကိုးသိန်းကိုးသန်းကျောင်း ဆရာတော် က မိန့်ကြားခဲ့သည်။ (ရသေ့အံ ကျောက် အသုံးဝင်ပုံကို ၁၉၉၉ ခုနှစ်၊ ဩဂုတ်လထုတ် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း၌ ဖော်ပြခဲ့ပြီး

▼ ရသေ့အံကျောက်များ





www.burmeseclassic.com

www.burmeseclassic.com



ညာတင်ကုတ်ရုပ်တု

ဖြစ်ပါသည်။)

## ညာတင်ကုတ်ပုံတော်

သုခကာရီကျောင်းတွင် နှစ်စဉ် ဝါခေါင်လဆန်း(၁၂)ရက်နေ့၌ ပထမ ဆရာတော်ဦးပညာစက္ကနှင့် ဒုတိယ ဆရာတော်ဦးကေသရတို့၏ မွေးနေ့ ပူဇာသဘင်ကို ကျင်းပလေ့ရှိသည်။ ***(ဆရာတော်နှစ်ပါးစလုံး ဝါခေါင်လတွင် မွေးဖွားခဲ့ကြသည်။)***

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း(၁၂) ရက် မွေးနေ့ပူဇာပွဲသဘင် ကျင်းပမည့် အကြိုနေ့ (၁၇–၈–၂၀၁၃)ရက်နေ့တွင် အလ္လကပ္ပကျေးရွာမှ ဒါယကာတစ်ဦး က အညိုများစက်၍ မည်းမှောင်နေ သည့် ရုပ်တုတစ်ခု လာရောက် ကပ် လှူသည်။ အညိုများ တိုက်ချွတ်ကြည့် သောအခါ ညာတင်ကုတ်ပုံတော် ဖြစ် နေသည်။

လက်ဝဲရင်ဘတ်စွန်း၌ လေးကွက် အင်းတစ်ခု၊ လက်ဝါးနှစ်ဖက်တွင် အ တစ်ခုစီနှင့် ကျောဘက် ခါးနှင့်ပေါင်တ အင်းသုံးခု တွေ့ရသည်။ ဂဏန်းခ အင်းဆန်သွင်းထားသည်။ အင်းမျ အောက်ခြေ၌ ၉၇၂ ဟူသော ဂဏ ခြေကို တွေ့ရသည်။

ထိုဂဏန်းခြေအပါအဝင် အင်းဆ ဂဏန်းခြေများမှာ အင်းသချာရေးနည် မဟုတ်ဘဲ သာမန်ဂဏန်းရေးနည် အတိုင်း ဖြစ်သည်။

ဆရာတော်ဦးဝိမလက ထိုညာတင ကုတ်နှင့်ပတ်သက်၍ ထူးထူးထွေထွ မိန့်မြွက်ခြင်း မရှိပါ။ မုံရွာ ဗောဓ တထောင် ဆရာတော်ဦးနာရဒ ထေရုပ္ပတ္တိစာအုပ်တွင်မူ ဤသို့ ဖော်ပြ ထားသည်။

## ဘုရားမဟုတ်

ဘုရားမဟုတ်လို့ ဆိုထားတဲ့ အတွက် ညာတင်ကုတ်ဆိုတာ ဘုရားနဲ့ ဆင်တူယိုးမှား ဘုရားပုံသဏ္ဌာန်ပြုလုပ် ထားတဲ့ ပုံတော်လို့ ပြောနိုင်ပါတယ်

**ညာတင်ကုတ်။** ရဟန်းသံဃာတွေ က သင်္ကန်းကို ဘယ်ပခုံးမှာ တင်ပါ တယ်။ ညာတင်ကုတ်ပုံတော်မှာတော့ သင်္ကန်းကို ညာပခုံးပေါ်မှာ တင်ပါ တယ်။ ဒါကြောင့် ညာတင်ကုတ်ခေါ် ခြင်း ဖြစ်တယ်။

လုပ်ရတ်ပညာနဲ့ အောင်မြင်ပေါက် ရောက်တဲ့ပုဂ္ဂိုလ်များက မိမိရဲ့ ဓာတ်လုံး ကို ညာတင်ကုတ်ပုံတော် သွန်းလုပ်ပြီး ဘုရားစေတီတွေမှာ သာသနာပစ္စည်း အဖြစ် ဌာပနာပြုခဲ့ကြတယ် ဆိုပါ တယ်။

ညာတင်ကုတ်ပုံတော်ဟာ ဓာတ် သေဓာတ်သား ဖြစ်တယ်။ ညာတင် ကုတ်စစ်ရင် အဂ္ဂိရတ်မီးပညာနဲ့ ဓာတ် ထိုးပေမယ့် အရည်မပျော်ဘူး ဆိုကြ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ဒါပေမယ့် ဓာတ်ထိုးသူပုဂ္ဂိုလ်ဟာ အကျင့်သီလ၊ သမာဓိအားကောင်းပြီး သာသနာပြုပုဂ္ဂိုလ်ထူးဖြစ်ခဲ့ရင် မီးကို နားလည်ပြီး လိမ္မာစွာ အသုံးချတတ်ရင် ညာတင်ကုတ်ကို ဓာတ်ရှင်ဖြစ်အောင် လုပ်နိုင်ကြတယ်။

ဒီလိုလုပ်နိုင်ရင် လုပ်ရတ်ပညာအရ ပေါက်မြောက်သူ ဖြစ်သွားတယ်။ အဲဒီလို လုပ်နိုင်ရင် သာသနာပစ္စည်းသာ ဖြစ်ရမယ် ဆိုတယ်။

## ကုတ်

ဆိုတဲ့ စကားကတော့ လုပ်ရတ်ပညာမှာ "**ကုတ်ကိုက်**"တဲ့ ပုံစံ အမျိုးမျိုး ရှိတယ်။

၁။ ဓာတ်စိမ်းရိုးရိုးချင်း ဓာတ်အား မညီမျှတဲ့အခါ ကုတ်ကိုက်တတ်တယ်။

၂။ ဓာတ်သေခါနီး ပြဒါးနဲ့ရွှေ အားချင်း မမျှတဲ့အခါ ကုတ်ကိုက်တတ်တယ်။

၃။ ဓာတ်သေဘာဝက အသမ္ဘိန္နဘာဝကို ကူးပြောင်းတဲ့အချိန်မှာ ကုတ်ကိုက်တတ်တယ်။

ကုတ်ကိုက်သွားပြီဆိုရင် ဒီဓာတ်သားကို အဂ္ဂိရတ်သဘောအရ အရည်မပျော်တော့ဘူး။ အဲဒီဓာတ်သား ကုတ်မကိုက်မီ အချိန်မှာ ညာတင်ကုတ်ပုံတော် သွန်းလုပ်ပြီး ဘုရားစေတီတွေမှာ သာသနိကပစ္စည်းအဖြစ် ဌာပနာပြုလေ့ရှိကြတယ်။ **(သုတေသယျရေးသားသည့် မဟာဗောဓိတထောင်ဆရာတော်ကြီး၏ ဘဝသမိုင်းမှတ်တိုင်များစာအုပ်၊ စာမျက်နှာ ၁၉၇၊ ၁၉၈)**

တွေ့မြင်ရသော ညာတင်ကုတ်မတ်ရပ်ပုံတော်ရှိ အင်းများမှာ...

ယာလက်ဖဝါး၌ **၁၈၇၂**၊ ဝဲလက်ဖဝါး **၂၄၁၃**၊ ဝဲရင်ဘတ်စွန်(ရှေ့) **၁၂၈၅**၊ လက်ပြင်စွန်း(နောက်)**၁၅၃၈**၊ ဝဲလက်မောင်းရင်း **၁၅၃၈**၊ ခါး**၂၂၁၅**၊ ဝဲပေါင်**၈၃၄၆**၊ ယာပေါင် **၉၇၈၅** တို့ ဖြစ်ကြသည်။ ရထားသွားပုံစံဖြစ်သည်။

**[ခုနစ်ရက်သားသမီး ကယ်ဆယ်ရေးနှင့် သာသနာပြုလုပ်ငန်းများမအားလပ်သည့်ကြားမှ အရေးတယူ ကူညီထုတ်ပြ မိန့်ကြားတော်မူသော သုခကာရီ(တတိယ) ဆရာတော်ဦးဝိမလအား ကျေးဇူးတင်စွာ ဂါရဝပြုအပ်ပါသည်ဘုရား...]**

ငြိမ်းသော်တာ



◆ ညာတင်ကုတ် ရုပ်တု ကျောဘက်

www.burmeseclassic.com

# အလုပ်အကိုင်နှင့် လက္ခဏာအမြင်

ကြည့်ပါ။

**က–အရ...**

လုပ်ငန်းတစ်ခုကို ဦးစီးခေါင်းဆောင် လုပ်ကိုင်ရမယ်လို့ သိနိုင်တဲ့ အချက်(၁)ချက်ပါ။ ဘာကြောင့်လဲဆိုရင်ကြာသပတေးဂြိုဟ်ခုံ အားကောင်းလို့ပါပဲ။

**ခ–အရ...**

ကုမ္ပဏီလုပ်ငန်း၊ ဈေးဆိုင်လုပ်ငန်းတို့နဲ့ အကျိုးပေးနိုင်တယ်လို့ သိနိုင်တဲ့ အချက်(၁)ချက်ပါပဲ။ ဘာကြောင့်လဲဆိုရင် လက်မမှာ အရစ်ပိုများ ပါနေလို့




ပါပဲ။

**ဂ–အရ...**

ဆေးဝါးနှင့်ပတ်သက်တဲ့ ရောင်းဝယ်ဖောက်ကားရင် အကျိုးရှိမယ်လို့ သိနိုင်တဲ့ အချက်(၁)ချက်ပါပဲ။ ဘာကြောင့်လဲဆိုရင် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ မျဉ်းမတ်များစွာ ပါနေလို့ပါပဲ။

**ဃ–အရ...**

လုပ်ငန်း အောင်မြင်ကြီးပွားမယ်လို့ သိနိုင်တဲ့ အချက်(၁)ချက်ပါပဲ။ ဘာကြောင့်လဲဆိုရင် တနင်္ဂနွေဂြိုဟ်ခုံ နှလုံးလမ်းကြောင်းထက်မှာ အောင်မြင်ရေးလမ်းတို့ ပါနေလို့ပါပဲ။ ဒါဆိုရင် ဘယ်လိုလုပ်ငန်းနဲ့ အကျိုးပေးမယ်ဆိုတာ သိနိုင်လောက်ပါပြီ။

*သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။*

**ဦးခင်မောင်သန်း(B.Sc ဒွိတို)**
**(လက္ခဏာ–မဟာဘုတ်ဆုတော်သီ)**




www.burmeseclassic.com

www.burmeseclassic.com

# ထူးထူး ထွေထွေ

ဇော်ကြီ (တံတားရွာ)

ပြောချင်ပြချင်



## သီလရှင်ကြီးတစ်ပါး ရေပေါ်တွင် အိပ်ပြသည့် ဖြစ်ရပ်ဆန်း

ကျွန်တော်၏ ဝန်ထမ်းဘဝတစ်လျှောက် နေရာဒေသ အများအပြားသို့ သွားရောက် တာဝန်ထမ်းဆောင်ရာတွင် ဂမ္ဘီရဆန်သော ဖြစ်ရပ်များ၊ ပစ္စည်းများကို သိရှိမြင်တွေ့ခဲ့ရာတွင် စာဖတ်သူများအား သိစေချင်၊ မြင်စေချင်သော ဆန္ဒကြောင့် ယခုအပတ်တွင် အကြောင်းအရာ(၂)ခုကို ရေးသားဖော်ပြလိုက်ပါသည်။

ကျွန်တော် ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မင်းလှမြို့တွင် တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။ ဆောင်းရာသီ နံနက်ပိုင်း ရုံးသို့ရောက်ချိန်တွင် ရုံးဝန်ထမ်းများ အသံကျယ်ကျယ်နှင့် ဝေဖန်နေသံကြား၍ မေးကြည့်ရာ တပည့်တစ်ဦးက **'သရက်တစ်ပင်တာဆုံတွင် သီလရှင်ကြီး(၁)ပါး ရေပေါ်တွင် အိပ်ပြကြောင်း၊ ကိုယ်၏အောက်မှာ ဘာမှ အခုအခံ မထားဘဲ ရှင်းရှင်းလင်းလင်း အိပ်ပြကြောင်း'**ကို ကိုယ်တိုင်မြင်ခဲ့ကြောင်းကို ပြောပြသည်။

ကျွန်တော်က **'သီလရှင်ကြီး ရှိသေးလား'**ဟု မေးရာ **'ရှိသေးကြောင်း၊ လူများများ စုမိပြီး အလှူငွေထည့်ပေးလျှင် ထပ်အိပ်ပြမည်ဖြစ်ကြောင်း'** ပြောသဖြင့် ချက်ချင်းပင် သရက်တစ်ပင် တာဆုံသို့ ထွက်ခဲ့ပါသည်။

တာဆုံရောက်လျှင် **'သီလရှင်ကြီး ဘယ်ရေကန်မှာလဲ'**ဟု အနီးရှိ လူများကိုမေးရာ တစ်ဦးက **'ဓာတ်အားခွဲရုံနောက်ကျောက ရေကန်မှာ'** ဟု သတင်းပေးသဖြင့် အဆိုပါ ရေကန်သို့ ဆက်သွားခဲ့ပါသည်။

ရေကန်ပေါ်တွင် လူ(၅၀)ခန့် ရှိနေပြီး အသက်(၆၀)ခန့် သီလရှင်ကြီး(၁)ပါးသည် ကန်ပေါင်ပေါ်တွင် အဝတ်ခင်းထိုင်ကာ ပါးစပ်မှ တလှုပ်လှုပ်ဖြင့် မည်သည့်ဂါထာတွေ ရွတ်နေသည် မသိပါ။ အနီးတွင် အဖော်ဟု ယူဆရသည့် အရွယ်လတ် အမျိုးသမီး(၁)ဦးလည်း ရှိနေပါသည်။

သီလရှင်ကြီးရှေ့တွင် သက်နိုးရောင်ပိတ်စ(၁)ခုရှိနေပြီး ပိတ်စပေါ်တွင် ငွေစက္ကူအချို့ ရှိနေပါသည်။ သီလရှင်ကြီးဘေးတွင် တောင်ဝှေးတစ်ချောင်း လဲလျက်ရှိပြီး တောင်ဝှေးထိပ်တွင် သစ်သားကို ထွင်းထုထားသော နဂါးခေါင်းသဏ္ဌာန်အစွပ် (၁)ခု စွပ်ထားသည်ကိုလည်း တွေ့ရပါသည်။

ဝိုင်းဝန်းကြည့်နေသူများထဲမှ အချို့က **'သီလရှင်ကြီး ရေပေါ်အိပ်ပြပါဦး'**ဟု အော်ပြောရာ သီလရှင်ကြီးမှာ ပိတ်စပေါ်မှ ငွေစက္ကူများကို ကြည့်ပြီး နည်းသေးသည်ဟု ယူဆကာ ရေထဲမဆင်းဘဲ ပါးစပ်မှ တလှုပ်လှုပ်ဖြင့် ဘာတွေရွတ်နေသည် မသိပါ။

ကြည့်ရှုရန် နောက်ထပ် ရောက်လာကြသူများက ငွေစက္ကူများ ထပ်လှူကြသဖြင့် သီလရှင်ကြီးသည် ရေပေါ်တွင် အိပ်ပြရန်အတွက် အနီးရှိ တောင်ဝှေးကိုကိုင်ပြီး ရေကန်ထဲသို့ တဖြည်းဖြည်း ဆင်းသွားပါသည်။

ရေကန်မှာ ခန့်မှန်း (၇)ပေခန့်နက်ပြီး ကြာ၊ ဒိုက်၊ ဗေဒါ လုံးဝ မရှိဘဲ ရှင်းနေရာ သီလရှင်ကြီးသည် လူတစ်ရပ်မြုပ်သည့်နေရာ ရောက်ခါနီးတွင် လမ်းလျှောက်နေရာမှ ကိုယ်ကို ညင်သာစွာ ပက်လက်လှန်ပြီး ရေပေါ်တွင် ငါးရံ့ပြေး (ရေပေါ်တစ်ဝက် ရေအောက်တစ်ဝက်) အနေထားဖြင့် အိပ်ပြပါသည်။

အိပ်သည့်အချိန်တွင် လက်ထဲ၌ ကိုင်ထားသော နဂါးခေါင်းအစွပ်ပါသည့် တောင်ဝှေးကို ရင်ဘတ်ပေါ်တွင် ကန့်လန့်အနေအထားဖြင့် တင်ထားပြီး လက်တစ်ဖက်ဖြင့် ကိုင်ထားသည်ကို

www.burmeseclassic.com

တွေ့ရပါသည်။

ကျွန်တော်သည် ထူးခြားသော မြင်ကွင်းကို သေချာ ဂရုစိုက်ကြည့်ရှုနေပါသည်။ သီလရှင်ကြီး ရေပေါ် အိပ်ပြနိုင်သည့် အခြေအနေကို ကန်ပေါင်ပေါ် ရှိလူများက အမျိုးမျိုး ဝေဖန်နေကြပါသည်၊

အချို့က ကျင့်စဉ် ကောင်းလွန်းလို့ ရေမမြုပ်တာဟု ပြောကြသလို အချို့က ရင်ဘတ်ပေါ်တွင် တင်ထားသည့် နဂါးခေါင်းပုံပါသည့် တောင်ဝှေးအစွမ်းကြောင့် ရေမမြုပ်တာဟု ထင်ရာမြင်ရာ ပြောနေကြပါသည်။

ရေပေါ်တွင် အိပ်ပြနေသော သီလရှင်ကြီးကို အံ့သြစွာကြည့်နေရင်း ပို၍ အံ့သြမိသည်မှာ သီလရှင်ကြီးသည် ရေကန်အလယ်တွင် (၁)ဦးတည်းရှိပြီး အကူအညီ မပါရှိပါဘဲလျက် ငြိမ်ပြီး အိပ်နေရာမှ ရေကန်ရှိ ရေပေါ်တွင် ဘယ်သူမှ မဆွဲဘဲ ခေါင်းပိုင်းက တရွေ့ရွေ့ သွားနေပြီး ရေကန်ကို စက်ဝိုင်းပုံ ညင်သာစွာ ဝိုင်းပြနေရာ ကြည့်နေသူများမှာ အံ့သြ၍ မဆုံးပါ။

ရေကန်ကို သုံးပတ်ဝိုင်းပြပြီး ဆောင်းရာသီဖြစ်သောကြောင့် ကန်ရေမှာလည်း အေးလှသဖြင့် သီလရှင်ကြီးသည် မူလ ဆင်းသွားသည့်ဘက်သို့ ခေါင်းဖြင့် ပြန်လာရာ လူတစ်ရပ်မီသည့် နေရာအရောက်တွင် မတ်တတ်ရပ်လိုက်ပြီး တောင်ဝှေးကိုကိုင်ကာ ကန်ပေါင်ပေါ်သို့ ပြန်တက်လာပါသည်။

အသက်အရွယ်ကြီးကြီး ဆောင်းရာသီ အအေးဒဏ်ကြောင့် သီလရှင်ကြီးမှာ ချမ်းနေသဖြင့် အတူပါလာသည့် အမျိုးသမီးက တဘက်ခြုံထည်များ ခြုံပေးပြီး နွေးအောင် လုပ်ပေးနေပါသည်။

သီလရှင်ကြီး ဘယ်က လာသလဲ၊ ဘယ်မှာ နေသလဲဟု အနီးရှိ လူများကို မေးရာ တိတိကျကျ မပြောနိုင်ကြပါ။ အုတ်ဖိုဘက်က လာသလိုလို၊ ပြည်မြို့ တစ်ဖက်ကမ်းက လာသလိုလို ဒီလိုပဲ ခပ်ပေါက်ပေါက်နဲ့ နယ်လှည့်သွားနေသလိုဟူ၍ မရေမရာသာ သိခဲ့ရပါသည်။

ဘယ်ကလာသည်ဖြစ်စေ အခြားသူများ မလုပ်နိုင်သော အလုပ်ကို လုပ်ပြသည်ကတော့ ချီးကျူးစရာပင် ဖြစ်ပါသည်။

---

ထူးဆန်းလှသည့် ဝါးပဒေသာ

---

**ထပ်မံ၍ ဂမ္ဘီရပစ္စည်းတစ်ခု အကြောင်း ဖော်ပြပါမည်။**

ကျွန်တော် မအူပင်မြို့တွင် တာဝန်ထမ်းဆောင်စဉ် **၂၀၁၂ ခုနှစ်က** ဖြစ်သည်။

ကျွန်တော်၏ အကြီးအကဲတစ်ဦးသည် သူ၏ ဇာတိရွာ ဘုန်းတော်ကြီးကျောင်းတွင် ခမ်းနားလှသော သာသနာ့ဗိမာန်ကြီးတစ်ခုကို ဆောက်လုပ်လှူဒါန်းရာ ရေစက်ချပွဲ ပြုလုပ်ရန်အတွက် ကျွန်တော်နှင့် ရုံးဝန်ထမ်းများ ကကြိုတင်ပြင်ဆင်ရေးသွားလုပ်ပါသည်၊

ရုံးဝန်ထမ်းများ သာသနာ့ဗိမာန်တွင် အခမ်းအနား ပြင်ဆင်နေကြစဉ် ကျွန်တော်က ဘုန်းတော်ကြီးကျောင်းရှိ ဘုရားခန်းကို သန့်ရှင်းရေး လုပ်ပါသည်။ ကျောင်းထိုင်ဆရာတော်မှာ ခရီးထွက်နေသဖြင့် မရှိပါ။ ခန်းနေဆရာတော်နှင့် ကျေးရွာလူကြီးများသာ ရှိပါသည်။

ဘုရားခန်းတွင် ဝါးလုံးအခြောက်တစ်လုံး၏ထိပ်တွင် အတက်(၅)ခု ထွက်နေသော ပစ္စည်းတစ်ခုကိုတွေ့ရာ ဝါးလုံးထိပ်တွင် အပေါက်ဖောက်ပြီး စွပ်ထားလေသလားဟုထင်ပြီး သေချာကိုင်တွယ်ရှာဖွေကြည့်ပါသည်။ မည်သည့် အပေါက်မှ မတွေ့ပါ။ သဘာဝ ဝါးလုံးအတိုင်း ထွက်နေသည်ကိုသာ တွေ့ရပါသည်။

**အတက်များ၏ထိပ်တွင် မြွေဦးခေါင်း သဏ္ဍာန်လည်း ရှိပါသည်။ သိန်းငှက် အတောင်ပံ ဖြန့်ထားသည့် ပုံနှင့်လည်း တူပါသည်။**

ကျေးရွာလူကြီးများကိုမေးရာ ဆရာတော်၏ ပစ္စည်းဖြစ်ကြောင်း၊ ဆရာတော်သည် ဤရွာဇာတိ မဟုတ်ဘဲ ကျောက်ပန်းတောင်းဘက်က ဖြစ်ကြောင်း၊ ဤရွာတွင် ကျောင်းထိုင်ဆရာတော် လစ်လပ်သွားသည့်အခါ ရွာက ရွာသူရွာသားများ တိုင်ပင်ပြီး မိမိတို့နှင့် အဆက်အသွယ်ရှိသည့် ကျောက်ပန်းတောင်းမှ ဆရာတော်ကြီးထံတွင် ကျောင်းထိုင်ဆရာတော် တစ်ပါး တောင်းခံရာ ယခု ဆရာတော်ကို ကျောင်းထိုင်ရန် တာဝန်ပေးလိုက်၍ ပင့်လာခဲ့ကြကြောင်း...

ဆရာတော်သည် သီလ၊ သမာဓိ၊ ပညာ ပြည့်စုံလှသဖြင့် ရပ်နီးရပ်ဝေးက ပင့်ဆောင်မှုများပြားကြောင်း၊ ယခုလည်း ဖျာပုံမြို့ကပင့်၍ တရားဟောကြွသွားကြောင်း၊ ဝါးပဒေသာ ပစ္စည်းသည် ဆရာတော် ကျောက်ပန်းတောင်းက ကြွလာကတည်းက ပါရှိလာသည့် ပစ္စည်းဖြစ်ကြောင်း ရှင်းပြပါသည်။

ကျွန်တော်သည် ထူးဆန်းလှသည့် **ဝါးပဒေသာ** (သို့မဟုတ်) **ဝါးမြွေ** (သို့မဟုတ်) **ဝါးသိန်းငှက်**ဟူ၍ အမည်အမျိုးမျိုး တပ်နိုင်သည့် ဂမ္ဘီရပစ္စည်းကို ဘုရားခန်းထဲ၌ပင် အုတ်နံရံကို နောက်ခံထားကာ ဓာတ်ပုံမှတ်တမ်းယူခဲ့ရာ စာဖတ်သူများ တွေ့မြင်ရအောင် မျှဝေဖော်ပြလိုက်ပါသည်။ ကျန်ရှိသည့် ဂမ္ဘီရပစ္စည်းများကိုလည်း အလျဉ်းသင့်သလို ဆက်လက်ဖော်ပြသွားပါမည်။

**မောင်ကံ(တံတားရွာ)**



www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်ကျော်စွာ

မိတ်ဆက်

၁၃၆၀ ပြည့်နှစ် ဟေမန္တရာသီကာလ။

သထုံခရိုင်၊ ပေါင်မြို့နယ်၊ အုတ္တံတားကျေးရွာအနီးရှိ ဆေးမျိုးစုံလင်စွာပေါက်ရောက်သော ကုလားမတောင်ထက်သို့ ဆေးမုဆိုး ကိုသန်းရွှေနှင့်အတူတက်ရောက်ကာ ဆေးပင်များကိုလေ့လာမှတ်တမ်းပြုဖြစ်သည်။

ဆေးမင်းကာင်း၊ ဝိဇ္ဇာဂမုန်း၊ ဂမုန်းသံဃာစင်၊ ဖယောင်းပန်းဂမုန်းအင်၊ ဘိုးတော်သက်ရှည် စသော အစွမ်းထက် ရှားပါးဆေးပင် အတန်များစွာလေ့လာ ရိုက်ကူးနိုင်ခဲ့သည်။

နေစောင်းသောအခါ တောင်ထိပ်ကျောက်ဂူတွင်း သီတင်းသုံးသော **တောင်လျှောက်ရဟန်းတော်** (လူနေအိမ်ခြေမြို့ရွာများကို ရှောင်ရှားကာသောတောင်များ၌သာ လှည့်လည်ကာကျင့်ကြံအားထုတ်သော ရဟန်းတော်) ဦးညာဏအား ဝင်ရောက်ဖူးတွေ့သည်။

ထိုဦးပဉ္ဇင်းမှာ အလိုနည်းလှကာထင်ပေါ်ကျော်ကြားမှုကို ရှောင်ရှားတတ်သည်။ ဓာတ်ပုံရိုက်ကူးသောအခါမှိုက်ခွင့်ပေး၍ ထိုဓာတ်ပုံကို မဂ္ဂဇင်းစာမျက်နှာတွင် ဖော်ပြခြင်း မပြုပါရန်မေတ္တာရပ်ခံတော်မူသည်။


ဦးပဉ္ဇင်းနှင့်အတူ အာဂန္တုဆရာတော်ကြီးတစ်ပါးကိုလည်း ဖူးတွေ့ရသည်။ **ရွှေဘိုခရိုင်၊ ရွာမိသာရွာ၊ ရွှေသိမ်တော်ဘုရားကျောင်းမှ ဆရာတော်ဖြစ်ကြောင်း သိရသည်။** ကုလားမတောင်ထက်တည်မည့် စေတီအတွက် ပန္နက်ချပေးရန် ကြွရောက်တော်မူခြင်းဖြစ်သည်။

F.18A. January, 2014.

ရန်ကင်းလာဘ်ရွှင်စေသည့်

# ဂမုန်းသစ္စာကြောင်

စီရင်နည်း




▲ သစ္စာကြောင်အပင်



www.burmeseclassic.com

www.burmeseclassic.com



◆ ခတ္တာကြောင်အပွင့်များ

လောကီ၊ လောကုတ္တရာ စွယ်စုံ တတ်ပွန်သူဖြစ်လေရာ ဆရာတော် ထံမှ နေအိမ်အတွက် အကာအကွယ် ဖြစ်စေ၍ စီးပွားလာဘ်လာဘ ရွှင်လန်း စေသော ဂမုန်းခတ္တာကြောင် စီရင် နည်းကို မှတ်သားခွင့်ရခဲ့သည်။

အထက်အညာသို့ စာပေတာဝန်ဖြင့် ခရီးကြဲပါက လာရောက်ဖူးတွေ့ပါ မည်ဟု လျှောက်ထားခဲ့သော်လည်း ဆရာတော်ကြီးမှာ နောင်တစ်နှစ် အကြာ ၁၃၆၁ ခုနှစ်၊ ဝါဆိုဦးတွင် တစ်ဘဝခန္ဓာ ငြိမ်းတော်မူသည်ဟု ကြားသိရသဖြင့် ထပ်မံ ဖူးတွေ့ရန် လမ်းဆုံးခဲ့လေသည်။

## ဂမုန်းခတ္တာကြောင် စီရင်ပုံ

ခတ္တာအမျိုးကွဲ သယ်မျိုးမက ရှိသော်လည်း ခတ္တာကြောင်မှာ ကြောင်ကြား ခြင်း၊ သာမန်ခတ္တာများမှ ထူးခြားစွာ ကွဲလွဲနေသဖြင့် ခတ္တာကြောင်ကို အလေးပေးထားခြင်းဖြစ်သည်။ အပင် အရင်းနီ၍ အပွင့်မှာ အနီရောင် အစင်း အကြောင်းများ ပါရှိသည်။

ဆရာတော်ကြီးက လုပ်ရတ်ပညာ ကျွမ်းကျင်သူဖြစ်ရာ ဘင်ဖမ်းနည်း၊ နာဖမ်းနည်း၊ ရွှေငွေနည်းလမ်းများကို ကောင်းစွာ ပိုင်နိုင်ပါသည်။

အခွင့်သာလျှင် လာရောက် လေ့လာနည်းယူနိုင်သည်ဟု ဖိတ်မန္တက ပြုတော်မူသည်။ နေအိမ်အတွက် အစီ အရင် ပြုလိုပါက...

**ခတ္တာကြောင် အမြစ်ဥကို နှံ့သာ ငါးပါးနှင့် အလေးတူ(အမြစ်ဥနှင့် နံ့သာငါးမျိုးပေါင်း အလေးချိန်ကို ယူရသည်။)**ရောကာ ညက်အောင် ကြိတ်ရသည်။ အတောင့်ပြုကာ နေဖြင့် ခြောက်သွေ့အောင် လှန်းပြီးသော် လက်ရာကောင်းသည့် ပန်းပုဆရာထံ ရုက္ခစိုးရုပ်တု ထုလုပ်စေရန် အပ်နှံရ သည်။

ထိုရုပ်တုကို သစ်စေးမံရွှေချခြင်း သုံးကြိမ်သုံးထပ် ပြုလုပ်ပြီးမှ နေအိမ် ဘုရားစင်အနီး ရုက္ခစိုးစင်ပြုလုပ်ထား ရှိကာ အုန်းသီး၊ ငှက်ပျောသုံးဖီး၊ ဆေး လက်ဖက်၊ ကွမ်းယာ၊ ဖယောင်းဆီမီး နံ့သာ စုံလင်စွာ ပြုလုပ်တင်လှူရသည်။ ထမင်းဦးပေါင်း (၁)ပန်းကန်၊ သောက် တော်ရေ(၁)ခွက်ကိုပါ တင်ရသည်။

ထို့နောက် မိမိကိုယ်ကို စင်ကြယ် အောင်(သီလယူခြင်း အပါအဝင်)ပြု၍ အောက်ပါ ဂါထာတစ်ထောင် စုတ်ရ လေသည်။

ဦ မဝိမ ဓောင်က စောင်သွာပ...ရှမူလေ
မူလေ၊ ဒေဝတာ ဒေဝတာ...မိယ ဆောဇနံ



F.18B. January, 2014. စာမျက်နှာ (၁၄၁) သို့

www.burmeseclassic.com

ကျွန်မ အင်းစိန် ဂျိဳဝီအိုင်မှာ ကထိက ဌာနမှူးတာဝန် ထမ်းဆောင်ခဲ့ရတုန်းက ထူးဆန်းတဲ့ အိပ်မက်တစ်ခု မက်ခဲ့ဖူးပါတယ်။ အချိန်ကာလအားဖြင့်တော့ ၁၉၉၃ ခုနှစ်ဆီက ဖြစ်ပါတယ်။

ကျောင်းစီမံခန့်ခွဲရေး အဖွဲ့မှာလဲ အတွင်းရေးမှူးတာဝန် ယူနေရတဲ့ အချိန်ပေါ့။ အဲဒီအချိန်တုန်းက ကျွန်မတို့ကျောင်းရဲ့ ကျောင်းအုပ်ကြီးက ဆရာကြီး ဦးအောင်ဝင်း ဖြစ်ပါတယ်။

ကျွန်မ တာဝန်ယူရတဲ့ ဌာနကတော့ ပလတ်စတစ်နဲ့ ရော်ဘာဌာနပါ။ အဲဒီတုန်းက ကျွန်မ အလွန် အလုပ်များခဲ့ပါတယ်။ ဌာနမှာ ညဘက် ညဥ့်နက်တဲ့အထိ အလုပ်တွေ လုပ်နေခဲ့ရပါတယ်။

ညတစ်ညမှာတော့ ကျွန်မဟာ ဌာနရဲ့ အလုပ်တွေ လုပ်ကိုင်ပြီးလို့ အိမ်ပြန်လာခဲ့ပါတယ်။ ညဥ့်လဲ နက်နေပြီလေ။ ကျွန်မတို့ အင်းစိန်ဂျိဳဝီအိုင်ကျောင်းရဲ့ ကလေးကစားကွင်း အကွေ့နားက သရဲခြောက်တယ်လို့ နာမည်ကြီးပါတယ်။

အရင်ညတွေက ဘာမှ မထူးခြားခဲ့ပေမယ့် အဲဒီညကတော့ ကလေးကစားကွင်း အကွေ့ရောက်တော့ ကျွန်မ ကြက်သီးမွေးညင်းတွေ ထသွားတယ်။ ခေါင်းနားပန်းလဲ ကြီးသွားတယ်။

ကျွန်မဟာ အိမ်ကို ခပ်သုတ်သုတ် လျှောက်လာခဲ့တယ်။ တစ်လမ်းလုံး ကြက်သီးထနေတယ်။ ခေါင်းကြီးနေတယ်။ အဲဒီခံစားမှုက ပျောက်မသွားဘူး။

ဒါနဲ့ ကျွန်မစိတ်ထဲက သိလိုက်ပါပြီ။ **"ငါ့နောက်ကို မကောင်းဆိုးဝါး ပါလာပြီ၊ သတိထားရမယ်"** ဆိုပြီး

အမေမှာကြားခဲ့သည့်

# ဆွမ်းတော်စွန့်စဉ်

ကျင့်ဆောင်ခဲ့သည့်ကျင့်စဉ်

ကောင်းမြင့်မြတ်စိန်



www.burmeseclassic.com

ဆက်လျှောက်လာခဲ့တယ်။

အိမ်အဝင်ဝ ရောက်တော့ အိမ်ထဲက သမီးကို လှမ်းခေါ်ပြီး ရေတစ်ခွက်တောင်းတယ်။ အိမ်အဝင်ဝမှာ ခြေဆေးလိုက်တယ်။ ပါးစပ်ကလဲ "ဖွီဟဲ့၊ ဖွဟဲ့"လို့ ဆိုလိုက်သေးတယ်။

ပြီးတော့ ကျွန်မဟာ ဘုရားခန်းကို ချက်ချင်းသွားပြီး ဘုရားရှိခိုးတယ်။ ပရိတ်တွေ ရွတ်တယ်။ အမျှအတန်း ဝေပေးလိုက်ပါတယ်။ ပြီးမှ ကျွန်မ အိပ်ရာဝင်ခဲ့ပါတယ်။ မနက်လင်းခါနီးတော့ ကျွန်မ အိပ်မက်မက်တယ်။

အိပ်မက်ထဲမှာ မတ်မတ်ရပ်ရပ် ရှည်ရှည်ကြီးလို သတ္တဝါတစ်ကောင်တွေ့ရတယ်။ ကိုယ်ခန္ဓာရယ်လို့ ပြောလို့မရဘူး။ အရည်တွေ အကျိအချွဲတွေ ယိုစီးကျနေတယ်။ အဲဒီသတ္တဝါကြီးက ကျွန်မကို စကားပြောပါတယ်။

'သမီး သမီးဟာ အဘရဲ့ကျေးဇူးရှင်ပါ။ အဘ သမီးကို သတိပေးစရာရှိလို့ လာခဲ့တာပါ'

'အို ကျွန်မ အဘကို မသိဘူး။ ကျွန်မက ဘာလို့ အဘရဲ့ ကျေးဇူးရှင်ဖြစ်မှာလဲ အဘရဲ့'

'ညောင် ဒီလို သမီးရဲ့ သမီး စွန့်ကြဲလိုက်တဲ့ ဘူးသီးဟင်းနဲ့ ကြက်သားကို အဘ စားခဲ့ရတယ်။ သမီးက ဘုရားဆွမ်းတော်တွေစွန့်ပြီး (ကြုံတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေစားစေ )လို့ ဆိုပြီး နေ့တိုင်း စွန့်ပေးတာ မဟုတ်လား'

'ဟုတ်ပါတယ် အဘ၊ သမီး အမေက သင်ပေးခဲ့တာပါ'

'အေး အဲဒီလို စွန့်ပေးတဲ့အတွက် အဘတို့လို ပြိတ္တာဘုံသားတွေ စားနိုင်တာလေ သမီးရဲ့ ကျေးဇူးကြီးပါတယ်။ ဒါကြောင့် အဘက သမီးအတွက် သတိပေးစရာတွေ လာပေးတာ။

သမီးမှာ ရန်သူတွေ ရှိနေတယ်။ အဘနေတဲ့ နေရာနားက လူတွေ



ဖြတ်သွားရင် သမီးအကြောင်းတွေ ပြောသွားကြတာ အဘ ကြားကြားနေရတယ်။ သူတို့ အခွင့်သာတဲ့အခါ သမီးကို နှောင့်ယှက်ကြလိမ့်မယ်။ ချောက်တွန်းကြလိမ့်မယ်။

ဒါပေမယ့် သမီး ဘာမှမပူနဲ့၊ အဘ သမီးကို ကူညီမယ်။ ဂါထာတစ်ပုဒ်လဲ သင်ပေးခဲ့မယ်။ လိုက်ဆို သမီး'

အဲဒီပြိတ္တာကြီးဟာ ကျွန်မကို ဂါထာတစ်ပုဒ် သင်ပေးပါတယ်။ အဓိပ္ပာယ်လဲ မေးကြည့်ခဲ့ပါတယ်။

'အဘ ဂါထာကတော့ရပါပြီ။ အဓိပ္ပာယ်လဲ ပြောပြပါဦး'

'ဂါထာရဲ့ အဓိပ္ပာယ်ကတော့ ကြယ်တွေရဲ့ အလင်းရောင်ဟာ ညအမှောင်ကို ခွင်းပြီး အလင်းဆောင်ကြတယ်။ မြတ်စွာဘုရားရဲ့ တရားအလင်းရောင်ကလဲ သတ္တဝါတွေရဲ့ မသိမှုအမိုက်မှောင်ကိုခွင်းပြီး အလင်းဆောင်တယ်။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်ရဲ့ဘေးရန်အခက်အခဲ အကျပ်အတည်းများ အားလုံးမှ လွတ်မြောက်၍ ချမ်းသာရပါစေလို့ အဓိပ္ပာယ်ရတယ် မှတ်ထားကွယ့်'

အဲဒီအချိန်မှာ ကျွန်မ အိပ်ရာကာ လန့်နိုးသွားခဲ့တယ်။ အချိန်က မနက်ငါးနာရီ ကျော်နေပြီ။ ကျွန်မဟာ အိပ်မက်ကို ပြန်သတိရနေတယ်။

ဟုတ်ပါတယ်။ ကျွန်မကို မလိုတဲ့သူတွေ၊ ပြိုင်နေတဲ့သူတွေ ရှိပါတယ်။ အိပ်မက်ထဲက ပြိတ္တာကြီး သတိပေးခဲ့တာ မှန်ပါတယ်။

ကျွန်မကတော့ ပိုပြီး သတိထားနေရမှာပဲလို့ တွေးလိုက်မိပါတယ်။ အိပ်မက်ထဲက ဂါထာကိုတော့ ပြန်စဉ်းစားလို့ မရတော့ပါဘူး။ အဓိပ္ပာယ်ကိုတော့ မှတ်မိနေခဲ့ပါတယ်။

အဲဒီအိပ်မက် မက်ပြီး ရက်များမကြာခင်မှာပဲ ကျွန်မ ပြဿနာတက်ပါတယ်။ ကျောင်းသားတွေ စာမေးပွဲဖြေတော့ ကျွန်မဟာ စာမေးပွဲအခန်းစောင့်ကြပ်ရတဲ့တာဝန် ကျပါတယ်။

စာမေးပွဲပြီးခါနီး ငါးမိနစ်အလိုမှာ ခေါင်းလောင်းတီးသံ ကြားရပါတယ်။ စာမေးပွဲပြီးဆုံးကြောင်း အသိပေးတဲ့ ခေါင်းလောင်းသံပါ။ အချိန်မစေ့သေးဘဲ ခေါင်းလောင်းတီးလို့ ကျောင်းသားတွေက မကျေနပ်ကြဘူး။ ပူညံပူညံ လုပ်ကြတယ်။

ကျွန်မဟာ ကျွန်မအခန်းကကျောင်းသားတွေကို စာမေးပွဲ ဆက်ဖြေခွင့်ပေးလိုက်ပါတယ်။ ကျန်နေသေးတဲ့ ငါးမိနစ်ဖြေချိန်ပြီးမှသာ ကျောင်းသားတွေဆီက အဖြေလွှာစာရွက်တွေ သိမ်းခဲ့ပါတယ်။ ဒီလိုနဲ့ ကျွန်မဟာ ကျောင်းသားတွေကို ထိန်းခဲ့ရပါတယ်။

ဒါပေမယ့် တခြားကျောင်းသားအချို့ဟာ စာမေးပွဲခန်းက အထွက်မှာ ရေအိုးစင်က ရေအိုးတွေ ရိုက်ခွဲပြီး ဆူဆူညံညံနဲ့ မကျေနပ်ကြောင်း ပြကြတယ်။ အဲဒီအချိန်က ကျောင်းသားတွေကို သိပ်ဂရုစိုက်နေတဲ့ အချိန်ဆိုတော့ သက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းက တာဝန်ရှိသူတွေ ရောက်လာကြတယ်။ မေးမြန်း စစ်ဆေးမှုတွေလဲ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကြတယ်။

အဲဒီကိစ္စမှာ ကျွန်မကြောင့် ဖြစ်တာပါဆိုပြီး အခြားပုဂ္ဂိုလ်တွေက ဝိုင်းပြီး ချောက်တွန်းခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်မက ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်နိုင်တဲ့အတွက် အဖြေမှန်ပေါ်ခဲ့ပြီး ကျွန်မ လွတ်သွားခဲ့တယ်။ ကျွန်မကို ဝိုင်းပြီး ချောက်တွန်းသူတွေပဲ အရေးယူတာ ခံကြရပါတယ်။

အမေ မှာသွားတဲ့စကားကို ကျွန်မဟာ အမြဲ မှတ်သားလိုက်နာပြီး ဆောင်ရွက်ခဲ့တဲ့အကျိုးလို့ပဲ ကျွန်မ ထင်တယ်။ အမေက…

'ငါ့သမီး နေ့စဉ် ဆွမ်းတော်ကပ်လှူပြီး စွန့်တဲ့အခါ သတ္တဝါတွေကို သနားကြင်နာစာနာစိတ်နဲ့ ကျွေးရမယ်။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်ရယ်လို့ မရည်ရွယ်နဲ့။ ပုဂ္ဂိုလ်စွဲပါနေမယ်။ ရည်ရွယ်တဲ့ပုဂ္ဂိုလ်ပဲ စားရမယ်လို့ ကျွေးသလိုဖြစ်နေမယ်။ (ကြုံတဲ့ပုဂ္ဂိုလ် သတ္တဝါစားပါစေ )လို့ ရည်ရွယ်ပြီး စွန့်ကြဲရတယ်။

ဒီမှ ကြက်,ငှက်တွေလဲ စားရမယ်။ ကြက်,ငှက်စားလို့ကျန်တာ ပုရွက်ဆိတ်လို အကောင်လေးတွေလဲ စားရမယ်။ ပြီးတော့ မမြင်အပ်တဲ့ သတ္တဝါတွေလဲ စားနိုင်တယ်။ သိပြီး ကုသိုလ်ရတယ် သမီးရဲ့'

လို့ ပြောခဲ့တယ်။

'တစ်ဦးတစ်ယောက်တည်း ရည်ရွယ်ပြီး စွန့်ကြဲတော့ တစ်ဦးတစ်ယောက်တည်းကို ပေးလှူသလို ဖြစ်မယ်။ ကိုယ်ရတဲ့ ကုသိုလ်ကို ကန့်သတ်ထားသလို ဖြစ်နေမယ်။ **(ကြုံတဲ့ သတ္တဝါတွေစားပါစေ)**ဆိုတော့ အများအတွက်၊ ပုဂ္ဂိုလ်သတ္တဝါတိုင်းအတွက် ဖြစ်သွားတယ်။

မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ၊ ပြိတ္တာတွေဟာ အဲဒီလိုပြောပြီး စွန့်ကြဲမှ စားရတာ သမီးရဲ့ မှတ်ထား မမေ့နဲ့နော်'

လို့လဲ အမေက မှာသွားစရာကောင်းအောင် မှာသွားခဲ့ပါတယ်။

အဲဒီအချိန်ကစလို့ ကျွန်မဟာ ဘုရားဆွမ်းတော်ပွဲတွေ စွန့်ပြီးတဲ့အခါတိုင်း**(ကြုံတဲ့ သတ္တဝါတွေ စားပါစေ)** လို့ ပြောပြီး နေ့စဉ် စွန့်ကြဲခဲ့ပါတယ်။ ဒါကြောင့်လဲ အိပ်မက်ထဲက ပြိတ္တာကြီးရဲ့ သတိပေးစကားကြောင့် ကျွန်မ ဆင်ခြင်နေနိုင်ခဲ့ပြီး ပြဿနာကြီးတစ်ခုကို ဖြေရှင်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

**[တောင်ကြီး အေးသာယာမြို့နယ်**GTI,GTC**နှင့် မှော်ဘီမြို့** GTI, GTC **ကျောင်းအုပ်ကြီးဟောင်း ဆရာမကြီး ဒေါ်တိုးတိုးသန်း၏ ကိုယ်တွေ့ ဖြစ်ရပ်မှန်အား ပြောကြားချက်ကို ဆရာမကြီးပြောတဲ့အတိုင်း ဖော်ပြလိုက်ပါတယ်။]**

**ကောင်းမြင့်မြတ်စိန်**

BURMESE CLASSIC .com

စာမျက်နှာ (၁၃၈)မှ အဆက်

ဘုဉ္စာဟိ။

ဥုံ ဝိဿနိုးကား မနိုးဆိတ်ဆိတ် လေးလ အိပ်၏။ မအိပ်မစက် ငါ့ကြင်ဘက်၊ အသက် ငါ့ကိုမှုဘိလော့၊ ပညာ ငါ့ကိုပေးဘိလော့၊ ဥစ္စာ ငါ့ကိုပေးဘိလော့၊ အိုကြိုင်း အိုကြိုင်းစိုက်။

ထို့နောက် ထိုရက္ခစိုးရုပ်ကို မှန်ပေါင်းချောင်၊ မှန်ဗီရိုငယ် စသည်ဖြင့် လုံခြုံစွာ ထားရှိကာ နေ့စဉ် ထမင်းဦးပေါင်းတစ်ပန်းကန်၊ ရေတစ်ခွက်တင်ကာ အထက်ပါ ဂါထာ(၇)အုပ် ရွတ်ဖတ်ပေးရသည်။

နေ့စဉ်မှန်စွာ မပျက်မကွက် ပြုလုပ်ပေးခြင်းဖြင့်…

မိမိနှင့်တကွ အိမ်တွင်းနေ မိသားစုအားလုံးတို့အား သူတစ်ပါးမကောင်း မကြံစည်နိုင်၊ အနှောင့်အယှက် ဒုက္ခပေးခြင်း မပြုနိုင် စီးပွားလာဘ်လာဘများလည်း ရွှင်လန်းဝေဆာစွာ ဝင်ရောက် ရရှိနိုင်သည်။

ဒုစရိုက်အမှုများ ရှောင်ကြဉ်၍ သီလစင်ကြယ်ပါလျှင် ပြောတိုင်းဆိုတိုင်း အောင်မြင်သည့်အဖြစ်ကိုပါ ရရှိနိုင်ကြောင်း မိန့်ကြားတော်မူခဲ့သည်။ တစ်နေ့လျှင် ဂါထာတစ်ထောင် တတ်နိုင်လျှင် သာ၍ကောင်းသည်ဟု ကြားနာခဲ့ရပေသည်။

**ရေဦးမြို့နယ်၊ ရွာမိဿာကျေးရွာ ရွှေသိမ်တော်စေတီအနီးမှ ဆရာတော်ကြီး ဦးမဟိန္ဒ၏ (၁၄)နှစ်ကျော်ကာလ မပုပ်မပျက် ခြောက်သွေ့သွားသည့် ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုခွင့်ရပြီးနောက် မှတ်တမ်းဟောင်းများမှ ရှာဖွေတင်ပြခြင်း ဖြစ်ပါသည်။**

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# သူတို့ဆီမှာ
# သိသူများမှ အကြံပေးစေချင်



ဆရာဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ်-၂၃၃၊ ၂၉-လမ်း ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

ဆရာခင်ဗျား... ဆရာတို့၏ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသည် ကျွန်တော်တို့ မရှိနွမ်းပါးသူများအတွက် အားဆေးကြီးတစ်ခွက်၊ ရတနာသိုက်ကြီး တစ်ခုပါပဲဆရာ။ ဆရာတို့မဂ္ဂဇင်းမှ ဖော်ပြထားသော ဆေးနည်းများကို အားကိုးအားထားပြု၍ အကျိုးထူးများကိုလည်း ရရှိခံစားရပါသည်။

ကျွန်တော်လည်း သွေးတိုးရောဂါဖြင့် (၉-၇-၂၀၁၃)အင်္ဂါနေ့တွင် ဆေးရုံတက်ခဲ့ရပါသည်။ နောက်တစ်လခန့်ကြာသောအခါ လည်ပင်းတွင် အကျိတ်အဖုတစ်လုံး ပေါ်လာပါသည်။ ဆေးရုံမှ ဆရာဆရာမများက ကင်ဆာဖြစ်နိုင်ကြောင်း ပြောပြ၍ အထူးကုများနှင့်ပြ၍ စစ်ဆေးကြည့်ရန် ပြောဆိုတိုက်တွန်းခဲ့သော်လည်း ငွေကြေး မပြည့်စုံပါသဖြင့် စမ်းသပ်စစ်ဆေးခြင်း မပြုနိုင်ဘဲ သွေးတိုးရောဂါကိုသာ အရင်ကုသရပါသည်။

ဆေးရုံမှ ဆင်းသောအခါ ဆေးရုံမှ ဆရာ ဆရာမများ၏ ညွှန်ကြားချက်အတိုင်း ဆေးများကို သောက်ခဲ့သော်လည်း သိသိသာသာ ထူးခြားလာခြင်း မရှိပါ။ သွေးပေါင်များသည် ကျသွားလျှင် ခဏသာဖြစ်၍ တက်မြဲအတိုင်းတက်နေပါသည်။

ဆေးရုံသို့ အင်္ဂါနေ့နှင့် ကြာသပတေးနေ့တိုင်း သွားရောက်ပြသခဲ့ပါသည်။ ဆေးဖိုးမှာလည်း ငါးရက်တစ်ပတ်လျှင် (၆၀၀၀)ကျပ်ခန့်သာ ရှိသော်လည်း ကျွန်တော်တို့လို နွမ်းပါးသူများအဖို့ ရေရှည်မှာ အကြွေးဝိုင်းလာပါသည်။

ဒီလိုနှင့် နှစ်လကြာသောအခါ ဆီးချိုရောဂါ ရှိမရှိ ထပ်မံ၍ ဆီးနှင့် သွေးကို စစ်ဆေးကြည့်ရပြန်ပါသည်။ သို့သော်လည်း တခြားရောဂါ စစ်ဆေး၍ မတွေ့ရှိပါ။ သွေးတိုးရောဂါတစ်ခုကိုသာ တွေ့ရှိရပါသည်။

ထိုနေ့မှာပဲ (၉-လပိုင်း၊ ၂၀၁၃)တွင် ထုတ်ဝေသော ဆရာ၏ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်လိုက်ရပါသည်။

ထိုအထဲတွင် စာမျက်နှာ(၂၁၅)၌ "ဆီးချိုအတွက် ရုံးပတီသီးအစွမ်း"ဆိုသော ဆောင်းပါးကို တွေ့ရှိရပါသဖြင့် ထိုနေ့ညနေတွင် ရုံးပတီသီးသုံးတောင့်ကို ဖပ်တိ၊ ခေါင်းတိ၍ အပေါက်လေးများဖောက်ကာ ရေကျက်အေးနှင့်စိမ်ပြီး နောက်နေ့နံနက်တွင် သောက်လိုက်ရာ သွေးပေါင်များ သိသိသာသာ လျော့ကျသွားပါသည်။ နောက်ထပ် နှစ်ရက် ဆက်သောက်လိုက်ရာ သွေးပေါင်သည် လုံး၀ ပုံမှန်ဖြစ်သွားပါသည်။

ကုသစရာ မရှိတော့၍ လုံးပါးပါးပြီး ဒုက္ခရောက်နေပြီဖြစ်သော ကျွန်တော့်အား ကယ်တင်ပေးလိုက်သော ဆရာ့မဂ္ဂဇင်းနှင့် ဆောင်းပါးရှင်အား အလွန့်အလွန် ကျေးဇူးတင်လှပါသဖြင့် လက်အုပ်မိုး ရှိခိုးကန်တော့လိုက်ရပါသည်ခင်ဗျား။

ကျွန်တော်၏ လည်ပင်းမှ အကျိတ်အဖုကို ဆေးခန်းတွင် ထပ်မံ ပြကြည့်သောအခါ ကင်ဆာကျိတ်ဟု ပြောဆို၍ အထူးကုများဆီသို့ သွားရောက်ကာ ကုသပါရန် တိုက်တွန်းပြန်ပါသည်။

သို့ပါသော်လည်း ကျွန်တော့်တွင် ငွေကြေး မပြည့်စုံပါသဖြင့် ပြသနိုင်ခြင်း မရှိပါ။ သို့ပါသောကြောင့် ဆရာနှင့် ဆရာ၏ ဆောင်းပါးရှင်များ၊ စာဖတ်ပရိသတ်များမှ ဆေးနည်းကောင်းများရှိလျှင် ရေးသားဖော်ပြပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည် ခင်ဗျား။ ဆရာနှင့် ဆရာ့မဂ္ဂဇင်းအား လည်းကောင်း၊ ဆောင်းပါးရှင်များအား လည်းကောင်း အထူးပဲ ကျေးဇူးတင်ရှိပါသည်။

**နွမ်းပါးသူ ကင်ဆာဝေဒနာရှင်...**

**နိုင်လင်းဇော်(မှာပုံမြို့)**



www.burmeseclassic.com

www.burmeseclassic.com

# ရက်ကောင်းရက်သာရွေးနည်း



ကျိုက်ထို ရန်နောင်မိုး

မြန်မာမှုနယ်ပယ်တွင် ကုသိုလ်ရေးနှင့်ပတ်သက်၍ သော်လည်းကောင်း၊ မင်္ဂလာကိစ္စများနှင့် ပတ်သက်၍သော်လည်းကောင်း၊ ရက်ကောင်းရက်သာကိုရွေးပြီး ပြုလုပ်ကြသည့် အလေ့အထရှိပါသည်။

**"မင်းတို့ ထွက် ရက်ရာဇာ"**ဟု ဆိုရိုးလည်းရှိပါသည်။ ရေမြေသနင်း ပြည့်ရှင်မင်းတို့အတွက်ကား ရက်ကောင်းရက်သာ ရွေးရန်မလို မိမိတို့ပြုဖွယ်ကိစ္စရှိသောနေ့၊ အချိန်သည် ကောင်းသောနေ့၊ ကောင်းသောအချိန်သာဖြစ်ကြောင်း ပြဆိုခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာလူမျိုးများကား အယူလည်း သီးကြသည်။ အကြောက်လည်း ပိုပါသည်။ ဗုဒ္ဓဘာသာဟုဆိုသော်လည်း နတ်လိုလို၊ ဓာတ်လိုလိုနှင့် ဓာတ်ပျက်နေကြသူ ဒုနဲ့ဒေးဖြစ်၏။

ဗုဒ္ဓ၏အဆုံးအမကို သေသေချာချာ သဘောပေါက် နားလည်ခြင်း မရှိကြဘဲ မိရိုးဖလာ ဗုဒ္ဓဘာသာများ ဖြစ်နေကြပါသည်။

လောကတွင် ဘုရား၊ တရား၊ သံဃာ စသော ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာဖြစ်ပြီး မိမိ၏ သီလ၊ သမာဓိ၊ ပညာတို့သာ အားကိုးအားထား ပြုရမည် ဖြစ်ပါသည်။

အမေကျော် ဒွေးတော်လွမ်းပြီး နတ်လိုလို ဓာတ်လိုလိုနှင့် ဟိုမရောက် ဒီမရောက် ဖော်ကန့်လန့်မဖြစ်ကြဖို့ အထူးသတိပြုရမည် ဖြစ်ပါသည်။ ဒါက အလျဉ်းသင့်၍ တင်ပြခြင်းဖြစ်ပါသည်။

ဗုဒ္ဓ၏ အဆုံးမတော်အရ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မည်ဆိုသည်ကို သတိပြုသင့်ပေသည်။

သို့ဖြစ်၍ ကောင်းမြတ်သော မည်သည့်အလုပ်မဆို ပြုလုပ်ရာတွင် ရက်ကောင်းခါကောင်းဖြစ်သည်ကို သိရှိရန် လိုပေသည်။

ဆရာတော်ကြီးတစ်ပါးအား ဒကာများက ဘုရားထီးတော်တင်ရန် နေ့ရက် အချိန်အခါကို လျှောက်ထားရာ…

'ငါရောက်တဲ့နေ့ ထီးတင်မယ်၊ လိုအပ်တဲ့ ပစ္စည်းများ စုံလင်တဲ့အချိန် လုပ်ငန်းစမယ်' ဟု မိန့်ကြားဖူးသည်ကို ကောင်းစွာ မှတ်သားဖူးပါသည်။

သို့ဖြစ်၍ ကောင်းသည့်အလုပ် လုပ်သောရက်သည် ရက်ကောင်း၊ ကောင်းသောအလုပ် လုပ်သောအချိန်သည် အချိန်ကောင်းဟု စွဲမြဲစွာ မှတ်သားထားသင့်ပေသည်။

မြန်မာမှုနယ်ပယ်တွင် လောကီအလိုအရ ရက်ကောင်းရက်သာ ရွေးကြပါသည်။ အများသိရှိကြသည့်အတိုင်း တင်ပြရသော် **ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တု၊ အမြိတ္တစုတ်၊ ရက်တံခွန်** ဟူ၍အကောင်းနှင့်အဆိုး ငါးမျိုးရှိပါသည်။

ရက်ရာဇာမှာ ရက်ကောင်း၊ အမြိတ္တစုတ်နှင့် ရက်တံခွန်မှာ ရက်ကောင်းဖြစ်ပြီး ဝါရမိတ္တုနှင့် ပြဿဒါးမှာ မကောင်းသောရက်ဖြစ်၍ ရှောင်ကြပါသည်။ ဒါလည်း လောကီအလိုအရဆောင်ကြဉ် ရှောင်ကြခြင်း ဖြစ်ပါသည်။

ရက်ရာဇာ စသော ရက်ကောင်းရွေး၍ ကုသိုလ်ကောင်းမှုပြုခြင်း၊ ခရီးသွားခြင်း၊ မင်္ဂလာကိစ္စများ ဆောင်ရွက်သော်လည်း အကောင်းမကြုံ အဆိုးနှင့် ကြုံတာများရှိသကဲ့သို့ မကောင်းသောရက်များတွင် သတိမထားမိ၍ ပြုဖွယ်ကိစ္စများ ဆောင်ရွက်ကြသော်လည်း အဆင်ပြေ ချောမွေ့နေသည်များ လည်း ရှိပါသည်။

ရှေးထုံးများလည်းပယ်၍ မရသလို အစွဲအလမ်း အယူသီးခြင်းလည်း သတိပြုရပါမည်။

ပြက္ခဒိန်တွင် များသောအားဖြင့် ရက်ရာဇာနှင့် ပြဿဒါးရက်များသာ ဖော်ပြထားသည်ကို တွေ့ရပါသည်။ ရှေးက ပြက္ခဒိန်များတွင်မူ ရက်ရာဇာ၊ ပြဿဒါး၊ ဝါရမိတ္တု၊ အမြိတ္တစုတ်ရက်များကို ဖော်ပြလေ့ ရှိကြပါသည်။

ယနေ့ မြန်မာမှုနယ်ပယ်တွင် ဖော်ပြပါရက်များကို ရွေးပြီး ကုသိုလ်ကောင်းမှု အလှူဒါန၊ မင်္ဂလာကိစ္စများ ဆောင်ရွက်လျက် ရှိကြပါသည်။

ရက်ရာဇာကို လင်္ကာအားဖြင့် ဤသို့ မှတ်သားကြပါသည်။

'တန်ခူးသာလျှ၊ ထွန်းပကာဆုန်၊ နယုန်ပွင့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင်တော်သလင်း၊ သီတင်းကျွတ်ဆီမီး၊ အောလီတန်ဆောင်မုန်း၊ သန်းလုံနတ်တော်၊ မိနော်ပြာသို၊ မိုညိုတပို့တွဲ၊ အဝင်တပေါင်း ဆောင်တိုင်းကောင်းသည် ရက်ကောင်းရာဇ ရေတွက်တည်း'

www.burmeseclassic.com

ဟူ၍ ဖြစ်ပါသည်။

**ဥပမာ** တန်ခူးလတွင် သောကြာနှင့် ဗုဒ္ဓဟူးနေ့များသည် ရက်ရာဇာဖြစ်ကြောင်း ဆိုလိုပါသည်။

**ပြဿဒါးရက်ကို လင်္ကာဖြင့်ပြရသော်...**

'တမာ၊ သက်ရင်း၊ အင်ကြင်း၊ ဆူးရစ် လေး
လယှစ် စစ်စစ်မှတ်သား ပြဿဒါး'

ဟူ၍ဖြစ်ရာ ဆိုလိုရင်းမှာ တန်ခူးလတွင် (တမာ) စနေ နှင့် ကြာသပတေး၊ ကဆုန်လတွင် (သက်ရင်း) သောကြာနှင့် ဗုဒ္ဓဟူး၊ နယုန်လတွင် (အင်ကြင်း) တနင်္ဂနွေနှင့် တနင်္လာ၊ ဝါဆိုလတွင် (ဆူးရစ်)အင်္ဂါနှင့် ဗုဒ္ဓဟူးဟူ၍ ပြဿဒါးရက်များ သတ်မှတ်ထားပါသည်။

လေးလတစ်ကြိမ် အစမှ ပြန်ကောက်ရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ဝါခေါင်လတွင်၌ ပြဿဒါးရက်မှာ အစမှ ပြန်ကောက်ရသဖြင့် (တမာ) စနေနှင့် ကြာသပတေး ဖြစ်ပါသည်။

**ဝါရမိတ္တုရက်မှာ** ရက်နှင့်နေ့ နှစ်ခုပေါင်းက (၁၃)ဖြစ်ပါက ဝါရမိတ္တုရက်ဖြစ်၍ ရှောင်ရန်ဖြစ်ပါသည်။

ဥပမာ လဆန်း(သို့မဟုတ်)လဆုတ် (၁၂)ရက် တနင်္ဂနွေနေ့ဖြစ်ပါက ပေါင်းလျှင် (၁၃)ဖြစ်၍ ဝါရမိတ္တုရက် ဖြစ်ပါသည်။ ဤမျှလောက်ဆို ရှင်းပါပြီ။

**အမြိတ္တစုတ်ရက်**မှာ လုပ်ချင်ရာလုပ် အောင်မြင်သည်ဟု အဆိုရှိပါသည်။ **လင်္ကာအရ တင်ပြရသော်...**

'ဇက်ပူး (အက်စ်ဟုဖတ်ပါ) နှစ်ဆယ် သုံးတွင်
ကျားထား၊ စရေကားကြွယ် ငါးရက်နာဂ၊
သတ္တခြင်္သေ့၊ ရှစ်နေဂဠုန်၊ ဆန်းဆုတ်ကြုံ
မှတ်တုံ့ အမြိတ္တစုတ်'

ဖြစ်ပါသည်။ ဆိုလိုသည်မှာ မည်သည့်လဖြစ်စေ...

**လဆန်း၊ လဆုတ် (၁)ရက်နေ့သည်** သောကြာနေ့။

**လဆန်း၊ လဆုတ် (၂)ရက်နေ့သည်** ဗုဒ္ဓဟူးနေ့။

**လဆန်း၊ လဆုတ် (၃)ရက်နေ့သည်** တနင်္လာနေ့။

**လဆန်း၊ လဆုတ် (၄)ရက်နေ့သည်** ကြာသပတေးနေ့။

**လဆန်း၊ လဆုတ် (၅)ရက်နေ့သည်** စနေနေ့။

**လဆန်း၊ လဆုတ် (၇)ရက်နေ့သည်** အင်္ဂါနေ့။

**လဆန်း၊ လဆုတ် (၈)ရက်နေ့သည်** တနင်္ဂနွေနေ့ဖြစ်ပါက အမြိတ္တစုတ်ရက်များ ဖြစ်ပါသည်။

အခြား ကျန်သောရက်များ အမြိတ္တစုတ် မကျတော့ပါ။

**အထူးမှတ်ရန်မှာ** လဆန်း၊ လဆုတ် (၈)ရက်ကျော်က အမြိတ္တစုတ်ရက် မရတော့ကြောင်း သိပါလေ။ စာရှုသူများ မရှုပ်မည်စိုး၍ လဆန်း လဆုတ်ကို ရက်တိုင်းဖော်ပြထားခြင်း ဖြစ်ပါသည်။

ထူးခြားသော ရက်တစ်ရက် ရှိပါသည်။ ယင်းမှာ "**ရက်တံခွန်**"ဖြစ်ပါသည်။ စာရေးသူလည်း မမျှော်လင့်ဘဲ ဤနည်းကို ရခဲ့ပါသည်။

လောကီလောကုတ္တရာ နှံ့စပ်သော **ဆရာကြီး ဦးမောင်ရှိန် (ကွယ်လွန်) (ယက္ကန်းသည်မရွာ၊ ဘီးလင်းမြို့နယ်)** မှ သင်ပြပေးခဲ့ခြင်း ဖြစ်ပါသည်။

ဤဆောင်းပါးဖြင့် ဆရာကြီးအား ကျေးဇူးဆပ် ကန်တော့အပ်ပါသည်။ စာရေးသူအနေဖြင့် ထိုစဉ်က ရက်တံခွန်ဆိုသည်ကို မကြားဘူးခဲ့ပါ။ မြန်မာဗေဒင်ပညာရပ် အတတ်ပညာ၊ အသိပညာများ တိမ်မြုပ်ပျောက်ကွယ်နေသည်များ အများအပြား ရှိဦးမည် ဖြစ်ပါသည်။

**ရက်တံခွန်လင်္ကာမှာ...**

'ကျော်ပစံအေး သာဖြူဆိုသွယ်သေး
မြယ်ပြီး တန်ခူးအစပေး၊ ရက်တံခွန်ခေါ်ဆေး
ဉာဏ်ဖြင့်တွေး မနေ့မှတ်ရှေ့ပေး'

ဖြစ်ပါသည်။

ဆိုလိုသည်မှာ တစ်လလျှင် တစ်နေ့သာ ရက်တံခွန် ဖြစ်ပါသည်။

လင်္ကာအရ...

**တန်ခူးလ**တွင် တနင်္လာနေ့။

**ကဆုန်လ**တွင် ကြာသပတေးနေ့။

**နယုန်လ**တွင် အင်္ဂါနေ့။

**ဝါဆိုလ**တွင် တနင်္ဂနွေနေ့။

**ဝါခေါင်လ**တွင် သောကြာနေ့။

**တော်သလင်းလ**တွင် ကြာသပတေးနေ့။

**သီတင်းကျွတ်လ**တွင် အင်္ဂါနေ့။

**တန်ဆောင်မုန်းလ**တွင် သောကြာနေ့။

**နတ်တော်လ**တွင် သောကြာနေ့။

**ပြာသိုလ**တွင် ကြာသပတေးနေ့။

**တပို့တွဲလ**တွင် ကြာသပတေးနေ့။

**တပေါင်းလ**တွင် တနင်္ဂနွေနေ့

စသည်တို့မှာ တစ်လတွင် တစ်နေ့သာရသော ရက်တံခွန်များ ဖြစ်ပါသည်။

ဆရာကြီး၏ အဆိုအရ အကောင်းဆုံးရက်ဖြစ်ကြောင်း သိရှိမှတ်သားရပါသည်။ ယင်းရက်များတွင် **ဝါရမိတ္တု၊ ပြဿဒါး စသည်တို့ ကျနေသော်လည်း** ရက်တံခွန်က ကျော်လွန် ချေဖျက်ပြီးသားဖြစ်ကြောင်း၊ ဂရုစိုက်ရန် မလိုကြောင်း မိန့်ကြားခဲ့ပါသည်။ သို့သော် ယခုခေတ်တွင် အသုံးပြုရဲကြမည် မထင်ပါ။

နောင်တွင်လည်း အလျဉ်းသင့်သလို နည်းလမ်းကောင်းများ တင်ပြသွားပါဦးမည်။ လောကီပညာရပ် လေ့လာလိုက်စားသူများ တိုးတက်ကြီးပွားကြပါစေ။

**သဗ္ဗေ ဓမ္မာ အနတ္တာ**

**ကျိုက်ထို ရန်နောင်စိုး**

www.burmeseclassic.com

# ဇင်းကျိုက်တောင်တန်းမှ

## ထူးခြားအံ့ဖွယ်စေတီငယ်


မြဒင် (ဇင်းကျိုက်)

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့အတွင်းရှိ ထူးခြားလှသော စေတီတစ်ဆူကို ရေးသားပူဇော်တင်ပြလိုပါတယ်။ ဒီစေတီသမိုင်းရာဇဝင်ကို လိုက်လံရှာဖွေကြည့်တဲ့အခါ ဘယ်လိုမှ ရှာဖွေတွေ့ရှိခြင်းမရှိပါ။

ယနေ့ထိ အသက်ရှင်သန်လျက်ရှိနေသော အဘိုးအဘွားတို့ရဲ့ ပြောဆိုသံကတော့...

'အဘွားတို့ လူမှန်းသိတတ်တဲ့အရွယ်ကတည်းက ဤစေတီက ရှိပြီးသား ဘယ်သူတည်ခဲ့လဲ ဆိုတာကိုတော့ မသိခဲ့ဘူးတဲ့'

တချို့သော အဘိုးတို့ကလဲ ဒီအတိုင်းပဲ အဖြေပေးကြလေတယ်။



▲ ကျိုက်ထီးယိုင်စေတီတော်အား အနီးကပ်ရိုက်ကူးသည့်ပုံ


**စေတီရဲ့ ထူးခြားမှုမှာ** ကျောက်ဖျာပြင်ပေါ်တွင် လူလေးဖက်ခန့် ကျောက်တုံးကြီးတစ်တုံး တည်နေပြီး ယင်းကျောက်တုံးပေါ်တွင် လူနှစ်ဖက်စာခန့် ကျောက်တုံးငယ်တစ်တုံး ဆင့်နေပြီး စေတီတည်ထားပါတယ်။ အဲဒီစေတီရဲ့ အပေါ်တွင် မတ်စောက်တဲ့ ကျောက်ကမ်းပါးယံ ရှိပါတယ်။ အဲဒီ ကမ်းပါးယံမှ ရေများ စီးဆင်းနေပါတယ်။ ရေတံခွန် စမ်းချောင်းကြီး ဖြစ်ပါတယ်။

နွေဦးကာလတွင် စမ်းရေများ ခန်းခြောက်နေပြီး မိုးတွင်းကာလဆိုရင် တောင်ရေများ ဒလဟောကျပေမယ့် စေတီကျောက်တုံးကို ရေများ ရိုက်ခတ်ခြင်းမရှိပါ။

စေတီမှာ ရေတံခွန်ရဲ့ အလယ်တွင် တည်ရှိနေပါတယ်။ စေတီရဲ့ အောက်ခြေတွင် ကျောက်မိုင်းရှိပါတယ်။ ကျောက်တောင်များကို မိုင်းခွဲသော်လည်း စေတီမှာ တုန်လှုပ်ခြင်း မရှိခဲ့ပါ။

နောက်တစ်ချက် ထူးခြားချက်မှာ စေတီ ထီးတော်တင်သောအခါ ထီးတော်မှာ အလိုအလျောက် စောင်းသွားခြင်း ဖြစ်ပါတယ်။ စေတီတော်ရဲ့ ဘွဲ့

www.burmeseclassic.com



▲ ကျိုက်ထီးယိုင်စေတီတော်အား ဘေးတိုက်အနေအထားဖြင့် ရှုမြင်ရပုံ

▼ ကျိုက်ထီးယိုင်စေတီတော်အား အောက်မှ ရှုမြင်ရပုံနှင့် ရေတံခွန်အလှရှုခင်း



အမည်မှာ **"ကျိုက်ထီးယိုင်"**လို့ အမည်တွင် ပါတယ်။

သမိုင်း အထောက်အထား ရာဇဝင်မရှိ မသိပေမယ့် တန်ခိုးကြီးသော စေတီတစ်ဆူ ဖြစ်ပါတယ်။

ဒီစေတီကို ဘယ်သူ တည်ခဲ့သလဲ ဆိုတာလဲ မသိရပါ။

ဒါကြောင့် ဇင်းကျိုက်မြို့သို့ ရောက်လာခဲ့ရင် **"ကျိုက်ထီးယိုင်"**စေတီသို့ လာရောက် ဖူးမြော်နိုင်စေရန် ဓာတ်ပုံနဲ့တကွ ရေးသားတင်ပြလိုက်ပါတယ်။

**ဇင်းကျိုက်မြို့ အကျဉ်းဦးစီး ကျောက်ထုတ်စခန်း တောင်ကုန်းပေါ်မှ "ကျိုက်ထီးယိုင်"စေတီကို လာရောက် ဖူးမြော်ကြပါစို့။**

ဒီစေတီရဲ့ သမိုင်းရာဇဝင်အကြောင်းကိုတော့ ရှာဖွေနေဆဲဖြစ်ပါတယ်။ သိရှိသူများမှ ဖော်ထုတ် ရေးသားပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

***ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ။***

မြခင်(*ဇင်းကျိုက်*)






www.burmeseclassic.com

www.burmeseclassic.com

# ဖေးစွန်ပါတောင်တော်မြှတ်

အတွင်းစခန်းဆီမှ မပန်းဝတ်ရည်မှုံ (၂) ဇာတ်သိမ်း

သာရာနေမျိုး (ဘီအေ)



### ယခင်လမှ အဆက်

မြေကုန်းလျှောလေးအတိုင်း နှစ်ယောက်အတူတူ ဆင်းလာခဲ့ကြသည်။ ကျောက်ဆောင်ကြီးများကြားမှ စီးဆင်းလာသော ချောင်းရိုးလေးသည် အကွယ် ပေသုံးဆယ်လောက်ရှိပြီး အနက်မှာ တစ်တောင့်ထွာလောက်ရှိသည်။

ကျောက်တုံး ကျောက်ခဲလေးများ အပေါ်မှ စီးဆင်းနေသော ချောင်းရည် ဖန်သား၊ မှန်သားကဲ့သို့ ကြည်လင်လှပနေပါသည်။

ချောင်းရိုးလေးဘေးတွင် သဘာဝ အလျောက် ထိုင်ခုံသဖွယ် ဖြစ်နေသော ကျောက်ထိုင်ခုံလေးများ ရှိနေလေသည်။ ထိုင်ခုံရှည်လေးတစ်ခုတွင် နှစ်ယောက်သား ဝင်ထိုင်လိုက်မိ၍ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးမိကြပါသည်။

မယ်မှုံနှင့် ကျွန်တော် လက်တစ်ကမ်းလောက် ကွာနေသဖြင့် သူ့မျက်နှာကို စေ့စေ့စပ်စပ် ကြည့်လိုက်မိပါသည်။

ဘယ်နေရာမှာ မြင်ဖူးထားမှန်းမသိ၊ ရင်းရင်းနှီးနှီး ဆုံဖူးသူတစ်ဦးလို ခံစားမိလာပါသည်။ တွေ့စကလို ကျွန်တော့်စိတ်သည် လေးလံထိုင်းမှိုင်းခြင်းမျိုး မရှိပါ။ ပေါ့ပါးလန်းဆန်း နေလေသည်။

'နာမည်ရင်းက မယ်မှုံပဲလား'

'ပန်းဝတ်ရည်မှုံလို့ ခေါ်ပါတယ်'

'ဒီကိုရောက်တာ ကြာပြီလားဟင်'

'ကြာလှပေါ့'

'မမမှုံလို့ ခေါ်မယ်နော်'

'ခေါ်ပါ ရပါတယ်'

'ကျွန်တော် အခု မမမှုံကို စကားတွေ အများကြီး ပြောချင်နေမိတယ်'

'ပြောလေ ပြောပါ'

'ဘယ်ကစပြီး ပြောရမှန်း မသိဘူးဖြစ်နေတယ်'

'သိချင်တာရှိ မေးပေါ့'

'မယ်မယ်ဘုရားက ပြောတယ်လေ၊ မမမှုံနဲ့ ကျွန်တော်က ပဋ္ဌာန်းဆက်တွေတဲ့ အဲဒါ ရှင်းပြပါဦး'

'သြော် အတိတ်ဘဝက အကြောင်းတွေပါ'

'အဲဒီအကြောင်းတွေ သိချင်တယ် မမမှုံ'

'ပြောပြချင်ပါတယ် ဒါပေမယ့် သေသေချာချာ အစအဆုံး ပြောပြရရင်တို့က မြင်ကွင်းတစ်ခုကို ပြန်လည်မြင် တွေ့ရပြီး ပြောရမှာ။ မင်းတို့ဆီက ရုပ်ရှင်ကြည့်သလိုမျိုးပေါ့နော်၊ ကြည့်ပြီးမြင်ပြီး သိပြီးတော့ ပြောပြရမှာ။

အဲဒီလိုဆိုရင် အရင်ဆုံး တို့ စိတ်ဝေဒနာကို ပြန်ခံစားရပြီပေါ့လေ။ အဟောင်းတွေ အသစ်ဖြစ်ပြီး တို့လဲ ခံစားရပါတယ်။ တို့ခန္ဓာတွေက သတ္တ မဆိုက်သေးဘူးလေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရာရဲ့ လိုရင်းပဲ ပြောပြမယ်နော်'

'ဟုတ်ကဲ့ပါ မမမှုံရယ်'

ထိုအချိန်မှာပဲ လေပြည်အေးလေးက တစ်ချက်တစ်ချက် တိုက်ခတ်လာပါသည်။

'ပုဂံခေတ် ကျန်စစ်သားမင်းကြီး နန်းတက်တဲ့ အချိန်လောက်မှာ မင်းနဲ့တို့ ဆုံတွေ့ခဲ့ကြတယ်လေ။ မင်းက မင်းကြီးရဲ့ (၅၅)ယောက်သော မင်းညီမင်းသားထဲက အငယ်ဆုံးတစ်ယောက်ပေါ့။

တို့က မင်းကြီးရဲ့ မယ်တော် ပဉ္စကလျာဏီ ဒေဝီမယ်တော်ကြီးရဲ့ သစ္စာတော်ခံ အပျိုတော်တစ်ယောက်ပါ။

ကျန်စစ်သားမင်းကြီး လက်ထက်တော်မှာ တို့နှစ်ယောက်အတူတူ အလျှုအတန်းတွေ ပြုခဲ့ဖူးကြပါတယ်။ အဲဒီကစပြီးတော့ မင်းတုန်းမင်းကြီးလက်ထက်တော်မှာ...'

သူ ခေတ္တ စကားကို ရပ်လိုက်ပြီး တသွင်သွင် ကြည်လင်အေးချမ်းစွာ စီးဆင်းနေသော ရေပြင်ကို ငေးကြည့်နေလေသည်။

သူ့မျက်နှာလေးကို အားပါးတရ စိုက်ကြည့်နေမိပြီး လုံးဝ အပြစ်ကင်းစင်၍ ကျက်သရေမင်္ဂလာရှိသည့် မျက်နှာလေးပဲဟု ကျွန်တော် မှတ်ချက်ပြုမိပါသည်။

'မမမှုံ ဆက်ပြောလေ'

'အင်းပါ တို့လဲ ပြန်စဉ်းစားနေတာပါ။ ဆန္ဒမစောပါနဲ့။ မင်းတုန်းမင်းကြီး လက်ထက်တော်မှာ ရွှေစလွယ်ရ စာတော်ဖတ် ဗိုလ်မင်းရောင်ဟာ မင်းဘဝပဲ'

'မမမှုံ အဲဒီတုန်းက ဘယ်ရောက်နေလဲဟင်'



'တို့က သီလရှင် အမေ မယ်ကင်းရဲ့ ကျောင်းမှာ မင်းနဲ့အတူတူ စာသင်ဖူးတဲ့ မပန်းဝတ်မှုံဘဝမှာပါ။ အဲဒီဘဝကနေ အမေမယ်ကင်းရဲ့ ကျေးဇူးတော်ကြောင့် အတွင်းစခန်းကို ရောက်ခဲ့တဲ့ အယောက်(၅၀)ထဲက တစ်ယောက်ပေါ့ကွယ်'

'ဟာ ဒါဆို...ဒါဆို...မမမှုံ အသက် ... အသက်က အများကြီး ရှိပြီပေါ့'

'အေးလေ မင်းက တို့ရုပ်ရည်ကို ကြည့်ပြီး အသက်ကို ခန့်မှန်းနေတာကိုးကွယ့်'

'မသိလို့ပါ မမမှုံရယ်'

'ရပါတယ် ဘဝတွေက သစ္စာမဆိုက် မချင်း သွားနေရတာပဲလေ။ အဲဒီအချိန်တုန်းက မင်းကို အတွင်းစခန်းဝင်ဖို့ တိုက်တွန်းခဲ့ပါသေးတယ်'

'ဟုတ်လား ဘယ်လိုများ ပြောခဲ့တာလဲဟင်'

'မင်းက စာတော်ဖတ် ဗိုလ်မင်းရောင်ဘဝမှာတုန်းက ဖားဖို(လက်ဆွဲဖို)ဖိုထိုးတဲ့ အတတ်ပညာပိုင်းမှာ အဂ္ဂိရတ်ချိုးပဲ။ မင်းဆီမှာ အောင်ခါနီး သတ္တုက္ခတ္တံ့ဓာတ်လုံး ရှိတယ်လေ'

'အဲဒီဓာတ်လုံးက ဘာသုံးလို့ရလဲဟင်'

'သတ္တုက္ခတ္တံ့က အဆိပ်မှန်သမျှ နိုင်တယ်၊ ဆေးကုလို့ ရတယ်လေ'

'အဲဒါ အတွင်းစခန်းနဲ့ ဘယ်လို ပတ်သက်လို့လဲ'

'တို့က သီလရှင် အမေ မယ်ကင်းရဲ့ ခွင့်ပြုချက် ရယူပြီး လုံ့ခွံအမှတ်စဉ် အတိုင်း ကျင်းလိုက်ရင် မင်း ဓာတ်လုံး အောင်ပြီး အတွင်းစခန်း ဝင်ခွင့်ရတာ ပေါ့'

'လုံ့ခွံ ကျင်းဖြစ်လိုက်လားဟင် မမမှုံ'

'မကျင်းဖြစ်လိုက်ဘူး'

'ဟာ... ဘာဖြစ်သွားလို့လဲ'

'အဲဒီအချိန်တုန်းက အကြောင်းတွေကို ကောင်းကောင်းကြီး မှတ်မိပါတယ်လေ။ နန်းတွင်းရေးတွေ မငြိမ်မသက်ဖြစ်နေချိန်ပေါ့...'

သူ တကယ်ခံစားပြီး ပြောပြနေမှန်း ကျွန်တော် ရိပ်မိလိုက်ပါသည်။ မမမှုံ ပြောပြနေသည်များမှာ ကျွန်တော်၏ မျက်လုံးထဲမှာ မြင်ယောင်လာသလိုလို စိတ်မှာ ခံစားရပါသည်။

နှင်းတွေ ပိတ်မှောင်အောင် ကျနေသည့်နေ့ဖြစ်သည်။ ပန်းဝတ်ရည်မှုံ တစ်ယောက် အတွင်းစခန်း မဝင်မီ သီလရှင် အမေ မယ်ကင်းထံ ခွင့်ပန်ပြီး သွားငယ်ချင်းလည်းဖြစ်၊ ကျေးဇူးတော်တွေလည်း ရှိခဲ့သည့် ဘဝရှင် မင်းတရားကြီး ရွှေစလွယ်ရ စာဖတ်တော် ဗိုလ်မင်းရောင်ဆီသို့ အောင်ပြီးသားဓာတ်၏ လုံ့ခွံ(၇)ခွံနှင့်အတူ ရောက်လာခဲ့ပါသည်။

ဗိုလ်မင်းရောင်၏ အဆောင်တော် ရှေ့ရောက်လျှင် အိမ်တော်စောင့် မောင်ဝင်းအောင်ကို...

'မင်းတို့ဆရာ ရှိသလားကွယ့်'

ဟု မေးလိုက်သည်။ အိမ်တော်စောင့်က...

'ဘဝရှင်မင်းတရားကြီး အခေါ်တော် လွှတ်လိုက်လို့ နန်းမတော်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ဆီ သွားပါတယ် သခင်မ'

'ဩော် အေးအေး ပြန်ရောက်ရင် စကြာဒေဝီ မယ်တော်ကြီးရဲ့ စာဖတ်ဆောင်ကို လာခဲ့ဖို့ မပန်းဝတ်ရည်မှုံ မှာသွားတယ်လို့ ပြောလိုက်ပါ'

'ဟုတ်ကဲ့ပါ သခင်မ'

အိမ်တော်စောင့်ကို မှာကြားခဲ့ပြီး မွေးစားမယ်တော်ကြီးဖြစ်သည့် စကြာဒေဝီမယ်ဘုရားထံ နောက်ဆုံး အခစား ဝင်မည်ဟု ရည်ရွယ်ပြီး မယ်တော်ကြီး နန်းဆောင်တော်ရှိရာသို့ လျှောက်လာခဲ့ပါသည်။

အဆောင်တော်ထဲ ရောက်လျှင် မယ်တော်ကြီးကို မတွေ့ရသဖြင့် မယ်တော်ကြီး ဘုရားခန်းဘက်သို့ ခြေသံလုံလုံဖြင့် ညင်ညင်သာသာလေး လှမ်းလာခဲ့သည်။ ဘုရားခန်းထဲတွင် ငြိမ်သက် အေးချမ်းစွာ တရားရှုမှတ်နေသော စကြာဒေဝီမယ်ဘုရားကို ဖူးတွေ့လိုက်ရပါသည်။

ပန်းဝတ်ရည်မှုံ သတိကြီးစွာထား၍ မယ်တော်ကြီး၏ ဘယ်ဘက်ခပ်စောင်းစောင်း တစ်လံအကွာမှနေပြီး ရိုကျိုးစွာ ကန်တော့လိုက်ပါသည်။ စိတ်ညွတ်ပြီး အပြစ်များရှိရင် ခွင့်လွှတ်ပါရန် ဝန်ချတောင်းပန်လိုက်ပါသည်။

မယ်တော်ကြီးက မလှုပ်မယှက် နောက်လှည့်မကြည့်ဘဲ...

'သမီး မပန်းဝတ်ရည်မှုံ သွားနှင့်တော့'

'မှန်လှပါ ဘုရား'

'အေး အေး ရောက်တဲ့နေရာမှာ နှောက်ကို ဓမ္မာရုံလို သဘောထားပြီး သစ္စာတွေ့အောင်ရှာပါ'

'မှန်လှပါ ဘုရား'

'အေး သွားတော့'

မယ်တော်ကြီး နောက်ထပ် ဘာများ မိန့်ကြားမလဲဆိုပြီး ခေတ္တ စောင့်



နေ လိုက်ပါသည်။ ဘာသံမျှ မကြားရမှ ဖြည်းဖြည်းချင်း လက်အုပ်ချီပြီး နောက်သို့ ခြေ(၁၀)လှမ်းဆုတ်၍ အဆောင်တော်အတွင်းမှ ထွက်လာခဲ့ပါသည်။

မယ်တော်ကြီး နန်းဆောင်တော်၏ တောင်ဘက် စာဖတ်ဆောင်တော်ရှေ့ ရှိ မဟော်ဂနီရောင် ညောင်စောင်းထက်တွင် ထိုင်ကာ စာတော်ဖတ် ဗိုလ်မင်းရောင်ကို စောင့်မျှော်နေမိသည်။

မပန်းဝတ်ရည်မှုံ တစ်ယောက် စာပေနှင့် ပတ်သက်လာလျှင် သူ့ကို မေးနေကျပါ။ ဒီနေ့တော့ စာပေနှင့် ပတ်သက်ပြီး မေးမှာမဟုတ်ပါ။ သူ့ကို အလုပ်တစ်ခု မဖြစ်မနေ လုပ်ခိုင်းမည်ဟု စိတ်မှာ အစီအစဉ် ချနေမိပါသည်။

နေထန်းတစ်ဖျား ရောက်တော့မှာပါလား၊ သူ လာမှာလား၊ မလာတော့ဘူးလား ဘယ်တတ်နိုင်ပါ့မလဲ သူ့ကံပေါ့ဟု စိတ်ထဲ တွေးမိစဉ်မှာပဲ ညာဘက် ခပ်လှမ်းလှမ်းက ခြေသံကြား၍ လှည့်ကြည့်လိုက်မိသည်။

ဟုတ်တယ် သူ... လာနေပြီ။

'ပန်းဝတ်ရည်မှုံ စောင့်နေတာ ကြာပြီလား'

'မနက်ကတည်းက'

'ဟာ ဟုတ်လား ဘာတွေ အရေးတကြီး မေးစရာရှိလို့လဲ'

'မေးမလို့ မဟုတ်ပါဘူး'

'ဘာကိစ္စများ ထွေထွေထူးထူး ရှိပါသလဲ'

'ဗိုလ်မင်းရဲ့ သတ္တက္ခတ္တုံဓာတ်လုံးကို အောင်ပြီးသားဓာတ်ရဲ့ လုံ့ခွံနဲ့ ကျင်းလိုက်ရင် ဓာတ်လုံးအောင်ပြီး အတွင်းစခန်း ဝင်ခွင့်ရပြီ။ ဗိုလ်မင်း လိုက်ခဲ့ဖို့ လာခေါ်တာပါ'

ပန်းဝတ်ရည်မှုံ ပြောဆိုနေတာတွေကို သူ သေသေချာချာ နားထောင်ပြီး ငြိမ်နေလေသည်။ ပြီးမှ သက်ပြင်းရှည်ကြီးကို လေးတွဲစွာချ၍...

'မပန်းဝတ်ရည်မှုံ'

သူ တိတိကျကျ ပြောတော့မည်ဆိုလျှင် နာမည်ရှေ့ ''မ''ကိုထည့်ပြီး ခေါ်လေ့ရှိတာ ပန်းဝတ်ရည်မှုံ သိထားသည်။

ဒါကြောင့် သူ့မျက်နှာကို တည့်တည့် ပြန်ကြည့်မိသွားသည်။

'ငါဟာ ဘဝရှင်မင်းတရားကြီးရဲ့ ရွှေစလွယ်ရ စာတော်ဖတ်။ မင်းတရားကြီး သက်တော်ထင်ရှား ရှိနေသရွေ့ ငါ့ဘုရင့်၊ ငါ့နိုင်ငံတော်အတွက် ငါ စာဖတ်နေရဦးမယ်။ မပန်းဝတ်ရည်မှုံ ငါ့ရဲ့ သစ္စာတော်ထမ်းရွက်မှုကို အသိအမှတ်ပြုမယ်ဆိုရင် မင်းပဲ သွားနှင့်လိုက်ပါတော့ မပန်းဝတ်ရည်မှုံ'

'သူ့ရဲ့ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တွေကို မပြင်တတ်မှန်း ကျွန်မသိတယ်လေ။ နှစ်ယောက်သား စကားဆက်မပြောဖြစ်ကြတော့ဘူး။ အတွေးကိုယ်စီနဲ့ နေလိုက်ကြတယ်။

ဒါဟာ သူနဲ့ နောက်ဆုံးတွေ့ဆုံမှု၊ နောက်ဆုံးစကားတွေပါ။ ဒီလောက်ဆို ပြည့်စုံပါပြီနော်'

'ဟုတ်ကဲ့ပါ မမမှုံ'

'ကဲ...ထ...ထ...လာ မင်းကို ပြန်ပို့ပေးဖို့ အချိန်ရောက်ပြီ။ ဟိုးရှေ့နားက သစ်ပင်ကြီးနားရောက်အောင် သွားကြမယ်'

www.burmeseclassic.com

မမမှုံ ညွှန်ပြသော အပင်ကြီးရှိရာသို့ လျှောက်လာပြီး သေသေချာချာကြည့်လိုက်ရာ သက်ရင်းကြီးပင်နှင့် ခပ်ဆင်ဆင်တူလေသည်။

'မင်း အဲဒီအပင်အောက်မှာ သွားထိုင်နေလိုက်တော့'

'ဗျာ'

'မင်းကို ဒီအထိပဲ လိုက်ပို့လို့ရတယ်၊ ဒီအပင်က မေ့ပင်လို့ ခေါ်တယ်ကွယ့်'

သူ ပြောသည့်အတိုင်း အပင်အောက်ကို ဝင်၍ အပင်ခြေရင်းတွင် ထိုင်နေလိုက်သည်။

မမမှုံ မျက်နှာလေးကို ငေးမောကြည့်နေရင်းက အိပ်ချင်သလိုလို ဖြစ်လာသည်။ အားတင်းပြီး ကြည့်လိုက်ရာ သူမ လက်ဝှေ့ယမ်းပြသည်ကို နောက်ဆုံး မြင်တွေ့ရပြီး ကျွန်တော် အမှောင်ထုကြီးအတွင်း ရောက်ရှိသွားပါတော့သည်။

မျက်လုံးဖွင့်မရဘဲ ရောထွေးနေသော အသံများကို ကြားနေရသည်။ အားယူပြီး နားစွင့်လိုက်မှ...

'သွေးပေါင်ချိန်က အပေါ်သွေး (၅၀)၊ အောက်သွေး(၅၀)'

'ခြေဖျားလက်ဖျားတွေက အေးစက်နေတယ်၊ အခြေအနေ ကောင်းပုံမလား ဒေါက်တာ'

'သိပ်လဲ မစိုးရိမ်နေကြပါနဲ့'

အသံများ တိတ်ဆိတ်သွားပြန်သည်။

'အဓိဋ္ဌာန်သက်သက်လွတ် (၁၀၈) ရက်ဝင်ပြီး တရားတစ်ချိန်ကို (၃)နာရီ၊ တစ်နေ့(၄)ကြိမ် တရားထိုင်ခဲ့တာ။ ပြီးခဲ့တဲ့ (၃)ရက်က အောင်မြင်တယ်လို့ သူပြောတယ်'

'အဲဒီနေ့က ငှက်ဖျား စ,တက်တာပေါ့'

'ဟုတ်တယ်။ ကိုခင်မောင်ထွေးဆီမှာ ရေနွေးကြမ်း လာယူရင်း ပြောသွားတာ'

'မနက် (၇)နာရီ တရားစ,ထိုင်တာ တွေ့တယ်လေ'

'နေ့လယ် (၁၂)နာရီမှာ ထမင်းလာမစားလို့ သွားကြည့်တော့မှ လဲနေတာ တွေ့ရတာ။ အခုဆိုရင် (၃)ရက်ရှိပြီပေါ့'

ဒီအသံ... ဒါ ညောင်လေးပင်က သဘော်သား ကိုအောင်ကျော်မြင့် အသံမှန်း ကောင်းကောင်းကြီး မှတ်မိလာသည်။ ရင်ထဲမှာ အရမ်းပူလောင်နေသည်။ တံတွေးမျိုချ၍ မရလောက်အောင် အာခေါင်တွေ ခြောက်ကပ်နေသည်။

'ရေသောက်ချင်လိုက်တာ ရေ...ရေ... ရေ...'

'ဟော့ ဆရာနေမျိုး သတိရပြီလား'

'ရေကို ဂွမ်းလေးနဲ့စွတ်ပြီး ဖြည်းဖြည်းချင်း ညှစ်ချပေးနော် မများစေနဲ့'

'ဟော မျက်လုံးပွင့်လာပြီ'

'ဆရာနေမျိုး သတိရပြီလား'

'အင်း...'

'မသေကောင်း မပျောက်ကောင်း သတိလစ် မေ့မြောနေတာ (၃)ရက်ရှိပြီ'

ဟု ကိုခင်မောင်ရီ(ချစ်တီး)က ကျွန်တော့်လက်များကို ဆုပ်နယ်ပြီး ပြောလေသည်။

သိပ်မကြာလိုက်ပါ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်လာ၍ ကိုထွေး၊ ရဲလင်းနှင့် မောင်ရွှေအိုးတို့က အင်္ကျီဝိုင်းကူလဲပေးသည်။ နာရီဝက်ခန့် ကြာသော် ပုံမှန် လူကောင်းပကတိအတိုင်း ဖြစ်လာပါသည်။ ခင်မောင်ရီ(ချစ်တီး)မှ...

'တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ဆရာ သတိရခါနီး နာရီဝက်လောက်က အမျိုးသမီးတစ်ယောက် ဆရာနေမျိုးအတွက် လက်ဆောင်ဆိုပြီး ဓာတ်လုံးတစ်လုံးနဲ့ နှင်းဆီပန်းအနီရောင်တစ်စည်းလာပေးလို့ ဆရာဘုရားဆောင်မှာ လှူထားလိုက်တယ်။ သူ့နာမည်တောင် ပြောသွားလိုက်သေးတယ်'

'ဟုတ်လား ဘယ်သူတဲ့လဲ'

'မပန်းဝတ်ရည်မှုံတဲ့ဆရာ'

'ဗျာ'

အားလုံးက ကျွန်တော့်မျက်နှာကို ဝိုင်းကြည့်နေကြသည်။ ''ဗျာ''ဆိုသည့် အသံကလွဲ၍ ကျွန်တော် ဘာဆိုဘာမှ မပြောနိုင်တော့ပါ။

စာကြွင်း

**ရွှေစလွယ်ရ စာတော်ဖတ် ဗိုလ်မင်းရောင်သည် မင်းတုန်းမင်းလက်ထက်မှ သီပေါမင်းလက်ထက်တော်အထိ အမှုတော် ထမ်းရွက်ခဲ့သည်။ သားသမီးနှစ်ယောက် ထွန်းကားခဲ့သည်။ သားကြီးအမည်မှာ မောင်ကြီးဖြစ်၍ သမီးငယ်မှာ ဖွားလှမယ်ဖြစ်သည်။**

**၁၂၄၇ ခုနှစ်၊ ပါတော်မူချိန်တွင် ဖွားလှမယ်သည် (၁၂)နှစ်သမီး နန်းတွင်းအပျိုတော်ဖြစ်သည်။ မောင်ကြီးသည် နောင်တစ်ချိန်တွင် ဆာဂျေအေမောင်ကြီး(မြန်မာနိုင်ငံ ဘုရင်ခံချုပ်)၊ ဖွားလှမယ်တွင် သားသမီး (၃)ယောက် မွေးဖွားခဲ့သည်။ မမကြီး၊ သခင်အောင်ညွှန့်၊ သခင်ထွန်းရွှေတို့ဖြစ်သည်။**

**ဦးထွန်းရွှေတွင်သားသမီး (၄) ယောက် မွေးဖွားခဲ့သည်။ နေမြင့်၊ နီနီ၊ သိန်းစိုး၊ ဆရာနေမျိုး(ဘီအေ)။**

**ဆရာနေမျိုး(ဘီအေ)**



www.burmeseclassic.com


www.burmeseclassic.com

ဖုဋ္ဌသဂါထာကို အသုံးများပေမယ့်

# ဖုဋ္ဌသအင်း

ကို တွေ့ဖူးသူ နည်းမှာပါ

ရသဗေဒ္ဒ ကျော်ဝင်းအောင်
(မြည်-ဆည်မြောင်း)



အင်းစမပညာရပ်၏ (၉၉)ရာနှုန်းနီးပါးသည် မြတ်ဗုဒ္ဓ၏ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များကို အများအားဖြင့် ထည့်သွင်း စီရင်ထားသည်ကိုသာ တွေ့မြင်ရဖူးပါသည်။

သို့သော်လည်း အကောင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အဆိုးတရားများကို ပြုလုပ်မည့်သူများသည် သူတစ်ပါးကို ပျက်စီးဒုက္ခရောက်စေရန် ရည်သန်သည့်အလျောက် စီရင်ဆောင်ရွက်ပုံများသည်လည်း ညစ်ပတ်စုတ်ပဲ့သော စကားလုံး အသုံးအနှုန်းများဖြင့် စီရင်ကြသည်ကို စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းရှိ အချို့ ကျေးလက်တောရွာများတွင်ရှိသော အောက်လမ်းဆန်သော ဆရာများ(အဝီစိငရဲတွင် မကျွတ်တမ်းခံရမည့်သူများ) ပြုလုပ်ဆောင်ရွက်သည်ကို တွေ့ရှိရဖူးသည်။

မကောင်းသော ပညာရပ်များသည် အစွမ်းလည်း ထက်ကြပါ၏။ အကုသိုလ်အကျိုးတရားကြောင့် စီရင်ပြုလုပ်သူလည်း တန်ပြန်ဆိုးကျိုး ခံစားသွားရသည်ကိုလည်း မြင်တွေ့ဖူးပါ၏။

ထို့ကြောင့်လည်း မကောင်းသော ပညာရပ်များကို တိုက်ခိုက် နှိမ်နင်းရာတွင် ကောင်းမြတ်သော ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်တော်များကို အသုံးပြု စီရင်ထားခြင်း ဖြစ်နိုင်သည်ဟု စာရေးသူမှ ယူဆမိပါသည်။

ထို့အတူ သိဒ္ဓိ(၁၀)ပါးလုံး ပြီးမြောက်အောင်မြင်စေသော အင်းစမများ ရှိသကဲ့သို့ သိဒ္ဓိတစ်ပါး၊ နှစ်ပါးသာ အောင်မြင်စေသော အင်းစမများလည်း ရှိကြပါသည်။ အနည်းဆုံး သိဒ္ဓိတစ်ပါး လောက်တော့ အောင်မြင်ပြီးမြောက်ကြပါသည်။

ဤအထဲတွင် လူတိုင်းနီးပါး ကလေးအရွယ်မှစပြီး လူကြီးများအဆုံး ကြားဖူးနားဝရှိသော ဗုဒ္ဓအာဏာစက်တော်ဂါထာမှာ မင်္ဂလသုတ်ပရိတ်ထဲမှ ဖုဋ္ဌဿဂါထာတော်ဆိုလျှင် မရရှိကြသူ အလွန် နည်းပါးပါလိမ့်မည်။ လူတိုင်းနီးနီး အလွတ်နှုတ်တိုက် ရရှိကြသည်။

ထိုသို့ ရရှိကြသလို အကျိုးပေးရာတွင်လည်းအမျိုးမျိုး ကွဲပြား ခြားနားလှပါသည်။ ဖုဋ္ဌဿဂါထာသည် သောကပရိဒေဝကို ငြိမ်းအေးနိုင်စေသလို သိန်းသန်းဆုကြီးများကိုလည်း ပေါက်စေသောဂါထာ ဖြစ်သည်။

ထိုအထဲတွင် ဆေးဆုံးဝါးဆုံးသူများကို ယတြာချေရန်အဖြစ် ဖုဋ္ဌဿဂါထာကို ရွတ်ဖတ်စေခြင်းအားဖြင့် အန္တရာယ်အမျိုးမျိုးမှ လွတ်မြောက်ခဲ့သူပေါင်း များစွာလည်းရှိနေကြသည် နောင်လည်း ရှိနေဦးမှာ ဖြစ်သည်။

ထိုဖုဋ္ဌဿဂါထာကို ဂါထာအနေအထားဖြင့်သာ ရွတ်ဖတ်၍ သိသူများကြသော်လည်း မြန်မာ့ဂမ္ဘီရပညာရပ်ဆိုင်ရာ အင်းစမပညာတွင် အသုံးပြုထားသည်ဆိုပါက အံ့သြကြမည်မှာ အမှန်ပင် ဖြစ်သည်။

ဖုဋ္ဌဿဂါထာအင်းမှာ တခြားအင်းများနှင့်မတူဘဲ သိဒ္ဓိ(၃)ပါး အနည်းဆုံး ပြီးမြောက်စေသောအင်း ဖြစ်သည်။ အင်းပုံစံမှာ **ငါးကွက်ပတ်လည်အင်း** ဖြစ်သည်။ အလယ်ကွက်တွင် စီရင်သူ၏ နေ့နံထည့်သွင်းရသည်မှာ ထူးခြားလှသည်။

ထိုသို့ အင်းထူးခြားသလို မင်္ဂလသုတ်ပရိတ်တော်ကြီးမှာလည်း (၃၁)ဘုံရှိ လောကသားများ ကျင့်ကြံနေထိုင်နိုင်ရန် လမ်းညွှန်ပေးထားသော ပရိတ်တော်ကြီးဖြစ်သည်။ ဤသည်ကို ဂမ္ဘီရနည်းအားဖြင့် ဝိဇ္ဇာဓရပညာဖြစ်သော အင်းစမများ စီရင်သောအခါ အတိုင်းမသိသော အစွမ်းထက်သည်မှာ မည်သူမှ ငြင်းမရသောအချက် ဖြစ်သည်။

ထို့ကြောင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်အား ရှေးဟောင်း ဂမ္ဘီရအတတ်ပညာများ ဗဟုသုတ တိုးပွားစေရန်အတွက် ရေးသားဖော်ထုတ်တင်ပြရခြင်း ဖြစ်ပါသည်။

ဖုဋ္ဌဿအင်းကို ယင်းအင်းဆန်ဂါထာနှင့် (၃၇)အုပ်စုပ်ကာ စီရင်ရမည်ဟု ဆိုထားပါသည်။ ဖုဋ္ဌဿအင်းစီရင်နည်းမှာ များပြားကျယ်ဝန်းလှပါသည်။

www.burmeseclassic.com

ယင်းနည်း မြောက်မြားစွာထဲမှ စာရေးသူ မှတ်သားမိသော နည်းကလေးမှာ ဖုဋ္ဌဿအင်းကို သိမ်ဝင်သပိတ်ကွဲ (မြေသပိတ်ကို ဆိုလိုသည်။)တွင် ချပြီး အိမ်မျက်နှာစာတွင် မြှုပ်နှံထားပါက ဘေးရန်ကင်းသည်ဟု ဆိုပါသည်။

အုတ်ကြွပ်တွင် ဖုဋ္ဌဿအင်းကိုချပြီး အိမ်,ကျောင်း,ရွာ,မြို့သစ် တည်ရာတွင် ပါပထောင့်လေးထောင့်တွင် မြှုပ်ထားလျှင် အလွန် စည်ကားတိုးတက်သည်၊ ကျက်သရေရှိသည်၊ လာဘ်လာဘ ရွှင်လန်းသည်၊ ဘုန်းကြီးသည်ဟု ဆိုပါသည်။

မိုင်းကိုင်စက္ကူတွင် ဖုဋ္ဌဿအင်းကို စီရင်ပြီး အိမ်ထောင့်(၄)ထောင့်မှာ ကပ်ထားသော် ဥပဒ်အန္တရာယ်ကပ်ရောဂါများ ကင်းပျောက်ပါသည်။ ထို့အတူ ခရီးသွားလာရာတွင် အိတ်ထဲထည့်ဆောင်သော် ရန်အပေါင်းအောင်နိုင်ပါသည်၊ အကြံအောင်သည်၊ ရန်ကင်းသည်ဟု ဆိုပါသည်။

ယင်းဖုဋ္ဌဿအင်းကို ခေါင်းရင်းဘက် မြင့်ရာတွင်ထားပြီး အိပ်ခါနီးတိုင်း ဖုဋ္ဌဿအင်းဂါထာကို နေ့စဉ် ရွတ်သော် နတ်အပေါင်းတို့ ချစ်ခင်စေပါသည်ဟု ဆိုပါသည်။ **မိမိ၏ အိမ်တံခါး အဝင်ဘက်အတွင်းဘက်မှ ဖုဋ္ဌဿအင်းကို ကပ်ထားပါက သူခိုးဓားပြ မဝင်နိုင်ပါ။**

ဤနေရာတွင် စာရေးသူ ကြားနာဖူးသောစကားတစ်ခု ဆိုပါရစေ။ လောကကြီးတွင် ဖြစ်မြဲဓမ္မတာဖြစ်သော မိမိ၏ ခင်ပွန်းယောက်ျားဖြစ်စေ၊ ဇနီးသားမယားဖြစ်စေ အငယ်အနှောင်းထားကာ မိမိအပေါ် ချစ်ခင်ကြင်နာမှု လျော့နည်းနေပါက စက္ကူတွင် ဖုဋ္ဌဿအင်းကို ချပြီး ထမင်းစားသည့် ပန်းကန်အောက်ကကပ်ပြီး အစာထည့်ကျွေးပါက မိမိ၏ ခင်ပွန်းယောက်ျား၊ ဇနီးသားမယားသည် မိမိကို အလွန်အကြူးချစ်သည်ဟု ဆိုပါ၏။

သို့ပေမယ့်လည်း မိမိက နိုင်လိုတိုင်း၊ နှိပ်စက်လိုတိုင်း စီရင်၍ကတော့ ပင်ပန်းရုံပဲ ရှိမည်ဆိုသည်ကို ကြိုတင် မှာပါရစေ။ ဖုဋ္ဌဿအင်းကို လက်ဖွဲ့ထိုးဆောင်လျှင် ရာဇသဗ္ဗပီယသိဒ္ဓိ ပြီးမြောက်သည်ဟု ဆိုပါသည်။

ဖုဋ္ဌဿအင်း စီရင်ရာတွင် ရက်ထူး ရက်မြတ် နက္ခတ်ခါးပတ် ရွေးချယ်ပြီး ရေချိုးသန့်စင်ပြီးကာ သန့်ရှင်းစင်ကြယ်သော အဝတ်ကိုဝတ်၍ ဘုရားမှာ သောက်တော်ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်၊ ပန်းတို့ကို မိမိတတ်နိုင်ရာ ကပ်လှူပူဇော်ပြီး ငါးပါးသီလခံယူ ဆောက်တည်ကာ စီရင်နိုင်ကြောင်းသိရသည်။

ထို့ကြောင့် စီရင်သူ၏ သီလ၊ သမာဓိ၊ စာရိတ္တသည် ဖုဋ္ဌဿအင်း၏ အစွမ်းထက်မှု အနိမ့်အမြင့် ပါဝါကို တိုင်းတာပါလိမ့်မည်။ ထို့အတူ ဖုဋ္ဌဿ အင်းကဲ့သို့ အစွမ်းထက် ပရိတ်မန္တန် အင်းများကိုလည်း လစဉ်နီးပါး တင်ဆက် ရေးသားနိုင်ရန် ကြိုးစားနေပါ၏ တင်ဆက်နိုင်ရန်လည်း ကြိုးစားပါမည် ဆိုသည်ကို စာဖတ်သူ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းပရိသတ်ကို အသိပေးပါသည်။

ယခုအပတ်တွင် လူသိနည်းသော ဖုဋ္ဌဿအင်းအကြောင်းကို မြန်မာတို့၏ ဂမ္ဘီရနယ်မြေမှ လက်ဆောင် ဗဟုသုတစ်ခုအဖြစ် ရေးသား တင်ပြလိုက်ပါသည်။

မြန်မာတို့၏ ဂမ္ဘီရဆန်သော ပညာရပ်များ၊ မကွယ်ပျောက်စေလိုသော ဆန္ဒများလည်းဖြစ်သည်။ ဖုဋ္ဌဿအင်း ပုံစံနှင့် အင်းဆန်သွင်းပုံကို အောက်တွင် ဖော်ပြထားပါသည်။

* * *

<u>ဖုဋ္ဌဿအင်းဆန်ဂါထာ</u>

| ဖု, | ဋ္ဌ, | ဿ, | လော, | က, | ဓ, | မွေ, | ဟိ, | စိ, | တ္တံ | ယ, | ဿ, | နု, | က, | မွ, |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |

| တိ , | အ , | သော , | ကံ , | ဝိ , | ရ , | ဖံ , | ခေ , | မံ |
|---|---|---|---|---|---|---|---|---|
| ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |

| | | | | |
|---|---|---|---|---|
| ၁ | ၁၄ | ၉ | ၂၀ | ၃ |
| ၂၄ | ၁၉ | ၂ | ၁၅ | ၁၀ |
| ၁၃ | ၈ | (နံ) | ၄ | ၂၁ |
| ၁၈ | ၂၃ | ၆ | ၁၁ | ၁၆ |
| ၇ | ၁၂ | ၁၇ | ၂၂ | ၅ |

အင်းဆန်သွင်းရန် နံပါတ်စဉ်ဇယား

| | | | | |
|---|---|---|---|---|
| ဖု | က | စိ | ဝိ | ဿ |
| မံ | ကံ | ဋ္ဌ | မွ | တ္တံ |
| နု | ဟိ | (နံ) | လော | ရ |
| သော | ခေ | ဓ | ယ | တိ |
| မွေ | ဿ | အ | ဖံ | က |

အင်းဆန်သွင်းပြီး ဖုဋ္ဌဿအင်းပုံစံ

**ရသဂမ္ဘီရ ကျော်ဝင်းအောင်**
*(ပြည်-ဆည်မြောင်း)*



www.burmeseclassic.com

www.burmeseclassic.com

သက်တော်(၁၀၈)နှစ်၊ ဝါတော်(၈၈)ဝါ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

# ကော့ပေါက်ဆရာတော်
# ဘဒ္ဒန္တ ဦးဥတ္တမ

၏ ဖြစ်ရပ်ဆန်းနှင့် ကွင်းဆက်များ (၁)

ခင်ခင်ဝင်း
(မောရဝတီ)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ကော့ပေါက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဦးဥတ္တမအား ကျွန်မသည် ၁၉၉၀ပြည့်နှစ်မှ စတင် ကိုးကွယ်ခဲ့ပါသည်။


ကျွန်မ၏ အလုပ်ဆိုင်နှင့် နီးခြင်း၊ တစ်နေ့သုံးကြိမ် တရားဟောခြင်းကို သွားရောက်နာယူနိုင်ခြင်း၊ အယုတ်အလတ်အမြတ်မရွေး ရောက်ရှိလာသူများကို မေတ္တာထားခြင်း စသည့်အချက်များကြောင့်ဖြစ်သည်။

တရားဟောပလ္လင်တွင် အမြဲထိုင်နေတော်မူပြီး နံနက်(၆)နာရီမှ (၈)နာရီတွင် တစ်ကြိမ်၊ နေ့လယ် (၁၁)နာရီတွင် တစ်ကြိမ်၊ ညနေ (၃)နာရီမှ (၆)နာရီထိ တစ်ကြိမ် တရားဟောဆုံးမပါသည်။

အနန္တောအနန္တ ဘုရားရှိခိုးများ၊ မေတ္တာစာများ၊ ကဗျာများကိုလည်း နှုတ်တိုက်ရအောင် သင်ပေးပါသည်။ မြန်ဆိုခိုင်းပါသည်။


လောကမှာ အမြတ်ဆုံးတရားသည် သဒ္ဓါတရားဟု သင်ပေးပြီး မကြာမကြာ **"လောကမှာ အမြတ်ဆုံးဟာ ဘာလဲ"**ဟု မေးတတ်ပါသည်။

စာတတ်ပေတတ် ဆရာတော်ကြီးဖြစ်သည်နှင့်အညီ တစ်နေ့သုံးကြိမ် တရားဟောပါသည်။ သို့သော် တစ်ခါ




● ဆရာတော်ကြီး၏ သက်တော်(၁၀၇)နှစ်၊ ဝါတော်(၈၇)ဝါ မွေးနေ့ဖိတ်ကြားလွှာ

www.burmeseclassic.com



❀ ဆရာတော်ကြီး၏ သက်တမျှော်သင်္ကန်းစများ

တလေ လေးကြိမ်ဖြစ်သွားသော်လည်း တရားတွေ ဘယ်လိုထပ်နေပါစေ ဘယ်သောအခါမှ တရားနာပရိသတ်များက ပျင်းရိခြင်း မဖြစ်စေရအောင် ဟောကြားတတ်သော အတတ်ပညာမှာ အံ့မခန်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် ဖိုထိုးခြင်းကို ဝါသနာကြီးပြီး ပြဒါးဖြင့် ဖိုထိုးအောင်မြင်ပြီး ပြဒါးသေ ရွှေဖြစ်ခဲ့ပါသည်။ အောင်မြင်ကြောင်း သိပြီးနောက် နောက်ထပ် မဆောင်ရွက်တော့ကြောင်း ပြောပြဖူးပါသည်။

'ဘုန်းကြီး ဒီကျောင်းကို ရောက်ခါစက အင်မတန် ဆင်းရဲတယ်။ ကျောင်းမှာ ဖုန်တွေ အများကြီးပဲ။ ပီးသွေးမှုန့်တွေနဲ့ မည်းနေတယ်။ ဆွမ်းဟင်းမရှိလို့ ရေနဲ့ ထမင်း ဘုဉ်းပေးရတယ်။

ဘုန်းကြီးအသက်ကို ဘုရားသာသနာတော်ကို အပ်နှင်းပြီး ကြိုးစားအားထုတ်ခဲ့တယ်။ ဘယ်ဘက်ကရရင် ညာဘက်က လှူလိုက်တယ်။ ဘုန်းကြီးလက်ထဲမှာ ဘာမှ မထားဘူး။ အခုကြည့်လေ ဘုန်းကြီးမှာ အားလုံးပြည့်စုံနေတယ်။

အဲဒါ ဒါနကုသိုလ်ရဲ့ အကျိုးဆက်ပေါ့။ ဒါကြောင့် မရှိလို့ မလှူ၊ မလှူလို့ မရှိ မဖြစ်စေနဲ့'

ဟူ၍ ဟောပြခဲ့သလို ကိုယ်တိုင် အလှူဒါနပေါင်းများစွာကို ပြုခဲ့သည်။

ကော့ပေါက်ကျောင်းအနီး ပညာရေးကောလိပ်သင်တန်းသူ သင်တန်းသားများကိုလည်း မကြာမကြာ ကြက်သားဟင်းနှင့် ထမင်းကျွေးလေ့ ရှိပါသည်။

လွယ်ကော်စာသင်တိုက် လွယ်ကော်ဆေးရုံသို့ အလှူငွေများ လှူခြင်း၊ ကျိုက်ထီးရိုးဆံတော်ရှင်သို့ ထီးတော်တင်ရန် ရွှေသုံးကျပ်သား၊ ငွေငါးသိန်း ခုနစ်သောင်း လှူတော်မူခြင်း၊ မွေးနေ့နှင့်ရက်ကြီးအခါကြီးများတွင် ဆင်းရဲချမ်းသာမရွေး ထမင်းရည်ချောင်းစီးအလှူကြီးများ ပေးတော်မူပါသည်။ ကောင်းကောင်းလှူလျှင် ကောင်းကောင်း ခံစားတတ်ရကြောင်း အမြဲဆုံးမတတ်သည်။

ဆရာတော်ကြီးသည် မိမိ၏ စိတ်အစဉ်ကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း၊ အာနာပါနကမ္မဋ္ဌာန်းတို့ဖြင့် နာရီမခြား၊ မိနစ်မခြား၊ အစဉ်ရှုမှတ်ပွားများလေ့ ရှိပါသည်။

ဆရာတော် နားနေချိန်တွင် ''ချမ်းသာကြပါစေ'' တဖွဖွ ရွတ်ဆို မေတ္တာပို့နေသံကို တိုးတိုးလေး ကြားနေရပါသည်။ ရှေးသူတော်ကောင်းတို့၏ အကျင့်ကို ကျင့်ကြံနာယူရန် အမြဲ ညွှန်ပြလျက် ရှိပါသည်။

ရှေးသူတော်ကောင်းများ ဆိုသည်မှာ မြတ်စွာဘုရားရှင်လက်ထက် တပည့်သာဝက ရဟန်းရှင်လူများ


F.20B.January, 2014.

www.burmeseclassic.com

www.burmeseclassic.com



သာသနာ့ ရေးရာ ဝန်ကြီး ဌာန

သာသနာရေးဦးစီးဌာနမှ ကြီးမှူး ကျင်းပသော

ဓမ္မာစရိယသန္တိ ပထမပြန် စာမေးပွဲ

[illegible]

ဓမ္မာစရိယ ဆုတံဆိပ်နှင်းသဘင် အလှူခံဖြတ်ပိုင်း။

ရက်စွဲ ၂၈-၁-၁၄

အလှူရှင် အမည် [illegible]

နေရပ် [illegible]

လှူဒါန်းငွေ (၁၈၀၀၀ ကျပ်) ကျပ် [illegible] တိတိကို

လက်ခံရရှိပါသည်။

အလှူခံသူလက်မှတ်

N° 003508

▲ ဆရာတော်ကြီး အလှူခံဖြတ်ပိုင်း

▼ ဆရာတော်ကြီး အလှူခံဖြတ်ပိုင်း



သာသနာ့ ရေးရာ ဝန်ကြီး ဌာန

သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော

ပထမပြန် စာမေးပွဲ

မော်လမြိုင်စာမေးပွဲဌာနတွင် ဖြေဆိုမည့်ကျောင်းတော်များအတွက်

ဆွမ်းစာဝဋ်လှူဒါန်းရန် အလှူခံဖြတ်ပိုင်း။

ရက်စွဲ ၁၁-၅-၂၀၀၃

အလှူရှင် အမည် [illegible]

နေရပ် [illegible]

လှူဒါန်းငွေ (၂၅၀၀၀ ကျပ်) ကျပ် [illegible] တိတိကို

လက်ခံရရှိပါသည်။

အလှူခံသူလက်မှတ်

N° 000382



www.burmeseclassic.com

www.burmeseclassic.com




▲ ဆရာတော်ကြီး၏ နိကာယ်ငါးရပ် ပါဠိတော် စာမေးပွဲအတွက် အလှူတော်

ကျင့်ကြံပွားများ လှူဒါန်းပုံများကို နမူနာယူ၍ နေထိုင်ရန်ဖြစ်ကြောင်း ပြောပြဆုံးမလေ့ ရှိသည်။

လောကီကျင့်စဉ်များအဖြစ် ရှင်သီဝလိဂါထာတော်နှင့် လာဘ်ရွှင်ပုံကို ညွှန်ပြခြင်း၊ သင်ပေးခြင်း ပြုပါသည်။ ရှင်ဥပဂုတ္တ အတ္ထုပ္ပတ္တိကို ဟောကြားပြီး သက်ရှိထင်ရှား တောင်သမုဒ္ဒရာမှ သီတင်းသုံးနေတော်မူသော ရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးသည် လုံးဝ မာနမကြီးကြောင်း ပင့်ဖိတ်လျှင် ကြွတော်မူကြောင်း မိန့်ကြားခဲ့ပါသည်။

အချိန်သည် တန်ဖိုးရှိကြောင်း **''အချိန်တိုင်းမှာ ဥစ္စာကုသိုလ်ပညာကို ထိုထိုရရာသုံး'' ''ချွေတာသုံးစွဲ အကုန်နည်း ဆင်းရဲလွတ်မည်သာ''** စာပိုဒ်များနှင့် တပည့်များကို ဆုံးမတတ်သည်။

ငယ်စဉ်က စာပေလိုက်စားခဲ့၍ အသက်(၁၀၈)နှစ် ရောက်သည့်တိုင် ကျမ်းဂန်ပါဠိ လာရှိသည်များကို အမှားအယွင်းမရှိ အသံချဲ့စက်မလို အောင်မြင်သော အသံတော်ဖြင့် ဟောကြားတော်မူနိုင်လေသည်။

ဒူးခေါင်းမှ ခါးထိ ထိုးထားသော ထိုးကွင်းမင်ကြောင်များ အကြောင်းကို တပည့်များက ''ဆေးထိုးတုန်းက မနာဘူးလား''ဟု မေးကြပါသည်။

'ရှာလုံးကွဲအောင် အော်ဟစ်နာကျင်တာပေါ့။ တို့ မြန်မာတွေရဲ့ ယောက်ျားပီသ သတ္တိကို ထိုးကွင်းထိုးပြီး ဂုဏ်ယူတာ'

ဟု ပြောပြပါသည်။

ဆရာတော်ကြီး၏ အသက်ရှည်နည်း လျှို့ဝှက်ချက်မှာ **မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်ဖွား ဖြစ်သည့်အတွက်** ၅၇=မုန့်တီ၊ ၇၅=ဒံပေါက် ကက်ကင်းရိုက်၍ ယင်းမုန့်တီနှင့် ဒံပေါက်ကို အမြဲ အလှူဒါနပြုပါသည်။

မွေးနံ တနင်္ဂနွေ ဖြစ်သည့်အတွက် အုန်းသီးကို အဆီချက်၍ အမြဲဘုဥ်းပေ ပါသည်။ အုန်းစိမ်းရည်ကို မကြာမကြာ သောက်ပါသည်။

ပြဒါးများ ဆေးရွက်များ ရောစပ်၍ မြေအိုးဖြင့် ပြာချရသော အသက်ရှည်ဆေး ဖော်စပ်ရန် ဆေးဖုတ်သည့် တဲကလေးတွင် ဒါယိကာမတစ်ဦးက ပြုလုပ်ပေးရပါသည်။

ထိုပြဒါးပြာ အသက်ရှည်ဆေးကို များရှည်နှင့်စိမ်၍ ဆရာတော်ကိုယ်တိုင် သောက်သုံးသည့်အပြင် တပည့်များကို လည်း ပြာထုပ်များ ဝေငှသောက်သုံး စေပါသည်။ မကြာမကြာ မြေပဲ(၅)စေ့ မှ(၇)စေ့ခန့် စားသုံးတတ်ပြီး တပည့် များကိုလည်း စားရန် တိုက်တွန်းတ ပါသည်။

မာတ်လုံး ထိုးထားသော လုံးကွဲများ သည် ရောဂါအမျိုးမျိုး ပျောက်ကင်း



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ အနူရောဂါပင် ပျောက်ကြောင်း ပြောကြားသဖြင့် ဓာတ်လုံးခွဲသောလုံ နှင့် ဆရာတော်၏ လုံအချို့ကို ဓာတ်ပုံ ထဲကအတိုင်း ကျွန်မ စုဆောင်းခဲ့ပါသည်။ တစ်ခါမှတော့ အသုံးမပြုရသေးပါ။

တစ်နေ့သောအခါ တရားဟောချိန် မဟုတ်ဘဲ ဆရာတော်ထံ ကျွန်မသွားချင်စိတ် ပေါ်လာပါသည်။ ကျောင်းပေါ်သို့ ရောက်သောအခါ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ စာရေးဆရာတစ်ဦးက ဆရာတော်၏ လက္ခဏာတော်ကို ကူးယူနေသည့်အချိန် ဖြစ်သည်။

ကျွန်မက ဘေးမှာ ထိုင်ကြည့်ရင်း ကျွန်မစိတ်က ထိုစာရေးဆရာထံမှ ဆရာတော်၏ လက္ခဏာကို ကူးယူလိုစိတ် ဖြစ်ပေါ်နေသည်။

ထိုစာရေးဆရာ ပြန်သွားသောအခါ "သွားယူလိုက်လေ"ဟု ကျွန်မ စိတ်ကို သိသလို ဆရာတော်က ပြောပါသည်။

ကျွန်မလည်း ထိုစာရေးဆရာနောက်သို့ အပြေးလိုက်၍ ဆရာတော်ကြီး၏ လက္ခဏာတော် မူရင်းကို ကူးယူခွင့်ပြုရန် တောင်းပန်ရသည်။ မိတ္တူကူးဆိုင်အနီးလည်းဖြစ်၍ ချောချောမောမောပင် ကူးယူခွင့် ရခဲ့သည်။

ထိုစာရေးဆရာအား ကျေးဇူးတင်သည့် အနေဖြင့် ကျိုက္ကမီမြို့နယ်၊ ကဒက်ထောက်ရွာရှိ မြတ်စွာဘုရားဆံတော်များ၊ ဓာတ်တော်များ၊ ဓာတ်တော်ရေပွားများနှင့် ထူးခြားသော ဝါးကျောင်းဆရာတော်သို့ လမ်းညွှန်ပြပေးလိုက်ပါသည်။

ကော့ပေါက် ဆရာတော်ကြီးသည် မျက်လုံးတော်တွင် ပြဒါးဓာတ်များ ကိန်းနေသည်ဟု ကျွန်မ ထင်ပါသည်။ ဆရာတော်၏မျက်စိ မမြင်ကြောင်း



ဆရာတော်ကြီး ဘွဲ့တံဆိပ်တော်ရစဉ်က ပုံတော်

အမြဲပြောပါသည်။

**"သံသေ တစ်ပြည်ဝ၊ ပြဒါးသေ တစ်ဆွေဝ၊ ရှင်အဇ္ဇဂေါဏလဲ မျက်စိပဲ၊ ဆရာတော်လဲ မျက်စိပဲ၊ အတူတူပဲ"**ဟု အမြဲ ပြောပါသည်။

တစ်နေ့သော တရားပွဲတွင် လူများ ကျောင်းပြည့်ကျပ်၍ ကျောင်းအောက်မှာပင် နာကြရပါသည်။


ထိုနေ့၌ ကျွန်မ နောက်ကျသဖြင့် လူများအား တိုးဝှေ့ဝင်ရင်း နောက်ဆုံး ပန်းကန်ဆေးသောနေရာ ရောက်သွားပါသည်။ ဆရာတော် ဆွမ်းဘုဉ်းပေးပြီးလျှင် တစ်လုတ်စာ အမြဲ ချန်ထားတတ်ပါသည်။ ထိုတစ်လုတ်စာ ထမင်းကို ကျွန်မ တစ်ဝက်စား၍ တစ်ဝက်ကို တိရစ္ဆာန်များ စားသုံးရန် စွန့်ပစ်မြဲဖြစ်သည်။

ထိုနေ့က ကျွန်မသည် ဆရာတော် တရားဟောသည်နှင့် ဝေးနေသည့်အတွက် အိပ်ငိုက်နေပါသည်။ ချောင်းဟန့်သံတစ်ချက် ကြား၍ မော့ကြည့်လိုက်ရာ ဆရာတော် မျက်လုံးနှင့် ဆုံမိပြီး ကြက်သီးတဖြန်းဖြန်း ထပါသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ စာရေးသူ ရုသောင်းထားသော ဆရာတော်ကြီး၏ လုံကွဲများ

ဒုတိယအကြိမ်မှာ ဆရာတော်ကြီး ဗောဓိတစ်ထောင်သို့ ကြွတော်မူသော နေ့က ဖြစ်ပါသည်။ ဗောဓိတစ်ထောင် ဆရာတော်နှင့် ကော့ပေါက်ဆရာတော် တို့သည် သူငယ်ချင်းများ ဖြစ်ကြသည်။ ဤနှစ် ဗောဓိတစ်ထောင်ဆရာတော် [illegible] မော်လမြိုင်သို့ကြွလျှင် နောက်နှစ် [illegible] ကော့ပေါက်ဆရာတော်က ဗောဓိတစ် ထောင်သို့ ကြွမြဲဖြစ်သည်။

ထိုနေ့တွင် နံနက်စောစော ဆရာတော် ကားခေါင်းခန်းမှာ ထိုင်နေသည်။ နှုတ်ဆက်ကြသော ပရိသတ်များ များ လွန်း၍ ကျွန်မ နောက်ဆုတ်နေလိုက် သည်။ လူများအားလုံး ရှင်းသွားမှ သွားနှုတ်ဆက်ဖြစ်သည်။ ဆရာတော် မျက်လုံးနှင့်ဆုံပြီး ကြက်သီးဖြန်းဖြန်း ထမိပြန်သည်။

တတိယအကြိမ်မှာ ဆရာတော် ပျံလွန်တော်မူပြီး ဘယ်သူမှ မကြိုက် သော ဓာတ်ပုံတစ်ပုံကို ကျွန်မ ယူခဲ့ သည်။ မျက်ဆန်နှစ်လုံးအလယ်တွင် စုနေသောပုံ ဖြစ်သည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ခင်ခင်ဝင်း(မောရဝတီ)**

## စာရှုသူ သုတေသီနှင့် ဝါသနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခရောင်ခြည်မဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်း။



www.burmeseclassic.com

www.burmeseclassic.com

မာတာဖမ်းစားခံရသော

# သူငယ်တို့ အကျွတ်

အစီအရင်

ဂါမဏိဇော်
(ဝေဒဗီဇ္ဇာဓရ၊ စစ်ကိုင်း)

တစ်နေ့ခင်းလုံး ပူပြင်းခဲ့သော နေမင်းသည် အနောက်ဂေါယာကျွန်းသို့ ငုပ်လျှိုးဝင်ရောက်သွားသည်မှာ နာရီအားဖြင့် (၆)နာရီမျှ ကြာမြင့်ခဲ့ချေပြီ။

ည (၁၁)နာရီဆိုသော အချိန်မှာ ညဥ့်ဦးယံကို လွန်မြောက်ခါနီးဖြစ်၍ ညဥ့်နက်သည်ဟု မဆိုနိုင်သလို စောလည်း မစောလှတော့ပါ။

ကြက်တွန်သံသဲ့သဲ့ ကြားလိုက်ရ၍ သက်ကြီးခေါင်းချချိန် ရောက်ပါပေါ့ဟု တွေးမိပါတော့၏။

သို့သော် အိပ်၍ကား မပျော်နိုင်ပါ။ အဘယ်ကြောင့်ဆိုလျှင် တစ်နေ့လုံး ပူပြင်းခဲ့သော နေ၏ အပူရှိန်သည် ည (၁၁)နာရီခန့်ထိပင် အရှိန်မပြယ်နိုင်သေးဘဲ အိပ်ရာခင်း,ခေါင်းအုံး စသည်တို့ပင် ပူလောင်နေလျက် အိုက်စပ်စပ်ဖြစ်နေသောကြောင့်ပင် ဖြစ်၏။





စစ်ကိုင်းမြို့သည် တည်ငြိမ်ရင့်ကျက်သောအသွင်ကို ဆောင်ကာ ကုန္ဒြေရရဖြင့် ညခရီးကို ဖြတ်သန်း၍ နေပေသည်။

တစ်ခါတစ်ခါတွင် လမ်းပေါ်မှ ကား၊ ဆိုင်ကယ်တို့၏ ဖြတ်မောင်းသွားသောအသံတို့နှင့် အဝေးခပ်လှမ်းလှမ်းဆီမှ ပဌာန်းပူဇော်ပွဲ ပြုလုပ်လျက် ပဌာန်းရွတ်ဖတ်နေသော အသံသဲ့သဲ့တို့သာလျှင် လေထုထဲသို့ တိုးကာဝှေ့ကာနှင့် နိုက်ခတ် သွားလာနေကြပေသည်။

ကျွန်ုပ်သည် တောင်တောင်အီအီ တွေးတောလျက် တဖြည်းဖြည်းနှင့် မျက်လုံးများ မေးဆင်းလာကာ အိပ်မပျော်,တပျော်ဖြစ်လျက် အိပ်သွေးဝင်စအချိန်တွင် နားထဲသို့ ကျွန်ုပ်နာမည်အား ခေါ်ဆိုနေသောအသံကို သိုးသိုးသဲ့သဲ့ ကြားနေရသလို ခံစားနေရလေသည်။

ခေါ်သံကား အဝေးမှ လာသကဲ့သို့ တိုးညင်းစွာ ကြားလိုက်၊ လိုဏ်သံကဲ့သို့ ဗလုံးဗထွေးကြားလိုက်နှင့် နားစည်တွင် အူ၍ နေပေသည်။

ကျွန်ုပ်သည် ရှုပ်ထွေးနေသော အသံတို့နှင့် စိတ်အာရုံတို့ကို အားတင်း၍ စုစည်းလျက် မျက်လုံးကိုဖွင့်၍ နားစွင့်လိုက်သောအခါ...

'ကိုဂါမဏိ...ကိုဂါမဏိ... အိပ်ပြီလား ထ,ပါဦးခင်ဗျ'

ဟု ကျွန်ုပ်အား လှမ်း၍ နိုးခေါ်နေသောအသံနှင့် ကလေးတစ်ယောက် ပြင်းစွာ ငိုကြွေးနေသော အသံတို့ကို ပီသစွာ ကြားရလေတော့၏။

ထိုအခါ ကျွန်ုပ်သည် အိပ်ရာမှ လူးလဲထကာ အိမ်ပြင်သို့ တံခါးပေါက် လှမ်းကြည့်လျက်...

'ဘယ်သူတွေတုန်းဟ ညကြီးမင်းကြီးမှာ ကလေးကလဲ ငိုလှချည့်လား'

ဟု လှမ်း၍ မေးလျှင်...

'ကျွန်တော် ကျော်မြတ်သူပါ ကိုဂါကြီး တံခါးဖွင့်ပါဦး'

ဟု အသံပေး၍ ကျွန်ုပ်သည် ဝင်းတံခါးကို ဖွင့်ပေးသောအခါ ကိုကျော်မြတ်သူနှင့်ဇနီး မပပတို့သည် သမီးငယ်လေးကို ချီပိုးထားလျက် သမီးလေးသည် အသံမတိတ်ဘဲ ငိုနေရှာလေသည်။

'ကဲ...ကဲ... အိမ်ထဲဝင်ကြ ဘာဖြစ်လာကြတာလဲ ပြောပါဦး'


ဟု မေးလျှင် မပပမှ...

'သမီးက ငိုနေတာ ည(၉)နာရီလောက်ကတည်းက အခုချိန်အထိ မတိတ်ဘူးဖြစ်နေတယ်။ အဲဒါ ဦးဂါကြည့်လုပ်ပေးပါဦး'

ဟု ပြောလေသည်။

'ဟ...အရင်ကတည်းက ကော်ဖွဲ့

www.burmeseclassic.com



လုပ်ပေးထားရဲ့ မဟုတ်လား။ နင်တို့ ဘာမှားကြလို့လဲ'

ဟု ကျွန်ုပ်မှ မေးလျှင်...

'ဒီနေ့ ရွှေဆွဲသီးလေးတစ်ခု ဝယ်လာလို့ သမီးရဲ့လည်ပင်းက လက်ဖွဲ့ကိုဖြုတ်ပြီး ဆွဲသီးလေးချိတ်တာ (၂)ခါ၊ (၃)ခါလောက် ဖြုတ်လိုက် တပ်လိုက် လုပ်မိတယ်'

ဟု မပပမှ ပြောလေ၏။

ကျွန်ုပ်သည် ငိုနေသော ကလေး၏ လည်ပင်းမှ လက်ဖွဲ့ကိုကိုင်၍ သေချာကြည့်ရှုရာတွင် လက်ဖွဲ့လိပ်ထားသော ကြေးပြားသည် ကွဲအက်နေသည်ကို တွေ့ရလေတော့၏။

'ကဲ ဒီလက်ဖွဲ့ကတော့ ပျက်သွားပြီ ကိုကျော်မြတ်သူရေ။ ဒီညတော့ ကလေးအငိုတိတ်အောင် လုပ်ပေးလိုက်မယ်'

ဟု ပြောကာ ကျွန်ုပ်သည် အံဆွဲထဲတွင်ရှိသော အပ်ချည်လုံးကိုယူ၍ အပ်ချည်ကြိုးအနည်းငယ်ကို ဖြတ်တောက်ကာ ဘုရားစင်ရှေ့တွင် ထိုင်လျက် ပြုဖွယ်ကိစ္စများကို အစဉ်တကျ ပြုလုပ်လျက် အပ်ချည်ကြိုးကို အထုံး, သုံးထုံး, ထုံး၍ ကလေးငယ်၏ လည်ပင်းတွင် ချည်၍ ပေးလိုက်လေ၏။

ပြီးလျှင် ခေတ္တ စကားစမြည် ပြောကြလေ၏။

'ကိုကျော်မြတ်သူ နက်ဖြန်ကျမှ ကျွန်တော် လက်ဖွဲ့အသစ် လုပ်ပေးပါ့မယ်။ ဒီတစ်ညတော့ စိတ်ချပါ။ ခဏနေ အစဉ်ပြေသွားမှာပါ'

'ဟုတ်ကဲ့ နက်ဖြန်ကျတော့ လာခဲ့ပါ့မယ်။ အခုတောင်မှ ကျွန်တော့်မှာ ထူပူနေတာ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း ပပက ဦးဂါဆီ သွားရအောင် ဆိုလို့'

'ဟုတ်ပ ဦးဂါဆီသွားရအောင်လို့ ကျွန်မကပြောတော့ ညကြီး အားနာစရာ ဘာညာနဲ့ လုပ်နေသေးတယ်။ သမီးကလဲ တအား ငိုနေတာဆိုတော့ ကျွန်မက ဖွတ်ထွက်လာမှ သူက လိုက်လာတာ'

ဟု မပပမှ ပြောလေ၏။

ကျွန်ုပ်တို့ ပြောဆိုနေကြသည်မှာ (၅)မိနစ်ခန့် ရောက်သောအခါတွင် သမီးလေး သီရိရွှန်းလဲ့သည် အမေ့ရင်ခွင်ထဲတွင် အိပ်ပျော်၍ သွားပါလေတော့၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကလေးသူငယ်တို့သည် မာတြာနတ်ဖမ်းစားခြင်း အမှောင့်ပယောဂ ကပ်ရောက်ခြင်းများ အခါအားလျော်စွာ ဖြစ်တတ်ကြပေသည်။

ကျွန်ုပ်သည် ယခု ဖော်ပြခဲ့သော သမီးငယ်လေးတစ်ယောက်သာ ကြုံတွေ့ရသည်မဟုတ်ပါ။ ကလေးသူငယ် အတော်များများကို ကြုံတွေ့ခဲ့ရပေသည်။ လက်ဖွဲ့စီရင်ဖို့ အခွင့်မသာခဲ့လျှင် ယခုကဲ့သို့ အပ်ချည်ကြိုးတွင် ကြိုးထုံး၍ ပြုလုပ်ပေးခဲ့ရပါသည်။

အင်မတန်မှ လွယ်ကူသလို အံ့ဩ လောက်အောင်ပင် အစွမ်းထက်မြ သော အစီအရင်ဖြစ်၍ မည်သူမ မာတြာပယောဂ စသည် ဖမ်းစား သော ကလေးသူငယ်တို့အား ဤအ အရင်ဖြင့် ပြုလုပ်ပေးနိုင်၍ ကလေ သူငယ်တို့ ကျန်းမာချမ်းသာကြစေ စေတနာရှေ့ထား၍ဖော်ပြအပ်ပါသည်

အစီအရင် ပြုလုပ်ပုံ

ကလေးသူငယ်တို့ မာတြာဖမ်းစ ခြင်း စသည်တို့ကြောင့် လွန်စွာ ငိုကြေ ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်း၊ ဖျား ယောင်ယမ်းခြင်း စသည်တို့ ကြုံတွေ့ ရလျှင်...

၁။ သန့်ရှင်းသော အပ်ချည်လုံး တစ်ခုကို ဆောင်ပါ။

၂။ ဘုရားစင်ရှေ့သို့မဟုတ် သန့်ရှင်း မြင့်မြ သောနေရာတွင် ထိုင်ပါ။

၃။ ဘုရားရှိခိုးခြင်း၊ ငါးပါးသီလခံယူခြင်း ပြု

၄။ သူငယ်၏လည်ပင်း ပတ်မိသော ပမာ အပ်ချည်ကြိုး (၇)မျှင် ဖြတ်ပါ။

၅။ အပ်ချည်(၇)မျှင် ပူးပြီးလျှင် ကြိုး ရပါမည်။ ထုံးပုံမှာ ရိုးရိုး မိန်းမချည် ဖြစ်သည် ကြိုးကို ကွင်းထဲ တစ်ဖက်အစ ထည့် ထိုအစကို ယူပြီးလျှင် "အရဟံ,အရ အရဟံ"ဟူ၍ နှုတ်မှ ရွတ်ဆို၍ အစကို ထုံးပါ။ ကြိုးထုံးခြင်းနှင့် ရွတ်ဆိုခြင်း တစ် နက် ပြီးဆုံးစေရပါမည်။

ဤကဲ့သို့ အပ်ချည်တွင် အထုံ သုံးထုံး ထုံးရပါမည်။ ပြီးလျှင် မာတြာ စသည် ဖမ်းစားသော သူငယ်တို့ လည်ပင်းတွင် ချည်၍ပေးပါ။ အံ့ဩ လောက်အောင် အစွမ်းထက်သော အစီအရင် ဖြစ်ပါသည်။

**ဂါမဏိဇော်**
**(ဝေဒဝိဇ္ဇာရေး ကိုင်း)**



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကောင်းမြတ်သစ္စာဆေးခန်း

# ဆရာမ ဒေါ်စီစီ

(တဆ-ဝ၃၈၂၅)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# သွေးတိုးရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

ဖြောင်းမြ မောင်ယဉ်တင့်

အရှေ့တောင်အာရှမှာ သွေးတိုးရောဂါကြောင့် နှစ်စဉ် (၁ဒသမ၅)သန်းခန့် သေဆုံးနေတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ဖော်ထားရှိပါတယ်။ အသက်ကြီးသူ သုံးယောက်မှာ တစ်ယောက်နှုန်းဟာ သွေးတိုးရောဂါ ရှိတတ်ပါတယ်။ နိုင်ငံတိုင်းလိုလိုမှာ အမျိုးသားတွေဟာ အမျိုးသမီးတွေထက် သွေးတိုးရောဂါ ပိုဖြစ်တတ်ပါတယ်။ ဧပြီလ(၇)ရက်နေ့ကို သွေးတိုးရောဂါနေ့လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပါတယ်။

အဲဒီသွေးတိုးရောဂါနဲ့ ပတ်သက်ပြီး ကာကွယ်စောင့်ရှောက်နည်းနဲ့ ကုထုံးတွေကို သိရှိဖို့ စမ်းချောင်းမြို့နယ်ကို ရောက်ရှိတဲ့အခါ သွေးတိုးကျဆေး၊ ဆီးချိုကျဆေး၊ လေးဖက်နာရောဂါသောက်ဆေး၊ လိမ်းဆေးတွေကို ထုတ်လုပ်လျက်ရှိပြီး အထွေထွေရောဂါကုသနေတဲ့ ကောင်းမြတ်သစ္စာတိုင်းရင်းဆေးကုခန်းက ဆရာမဒေါ်စီစီနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာမဒေါ်စီစီက ဓမ္မဝိဇ္ဇာဆရာကြီးဦးကိုးကောင်းနဲ့ ဆရာကြီးဦးမြတ်စံ(မှင်ဖြူ)တို့ရဲ့ တပည့်ဆရာကြီး ဦးလှအောင်(မင်းလှ)ရဲ့ တပည့်ရင်း ဖြစ်ပါတယ်။ ဆေးကုသက် နှစ်(၂၀)ခန့်ရှိနေပြီဖြစ်တဲ့ ဆရာမဒေါ်စီစီနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

❒ **'ဆရာမနဲ့ ဒီတစ်ပတ် တွေ့ဆုံမှာကတော့ သွေးတိုးရောဂါ ကုသ ကာကွယ် စောင့်ရှောက်နည်းတွေကို မေးချင်ပါတယ်။ ခုလတ လူတစ်ယောက်မှာ သွေးတိုးရောဂါ ရှိ၊မရှိ ဘယ်လို သိနိုင်ပါသလဲ'**

❍ 'သာမန်အားဖြင့် သွေးဖိအား ၁၂၀/၈၀ ရှိတတ်ပါတယ်။ သွေးဖိအား ၁၄၀/၉၀ ထက်ကျော်ရင် သွေးတိုးရောဂါရှိပြီလို့ သိပ္ပံဆေးပညာရှင်များနဲ့ တိုင်းရင်းဆေး ပညာရှင်များက သတ်မှတ်ကြပါတယ်'



◆ ဆရာမဒေါ်စီစီ(တဆ-ဝ၃၈၂၅)

❒ **'သွေးတိုးရောဂါ ဖြစ်စေတဲ့ အကြောင်းများကို သိပါရစေ ဆရာမ'**

❍ 'သွေးတိုးရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်(၄)ပါးကို လွန်၊ ယုတ်၊ လွဲ၊ မှား၊ ပြုဖန်များခြင်းကြောင့် သွေးတိုးရောဂါ ဖြစ်ရတာပါ။

ကံသမုဋ္ဌာန်အရ အညောင်းထိုင်မှုများခြင်းကြောင့် လည်းကောင်း၊ စိတ္တသမုဋ္ဌာန်အရ စိတ်ဒေါသကြီးခြင်း၊ စိုးရိမ်ပူပန်သောကများခြင်း၊ စိတ်ဘဝင်မြင့်ကြောင့် လည်းကောင်း၊ အာဟာရသမုဋ္ဌာန်အရ သွေးတိုး၊ သွေးတက်၊ လေတက်စေသော အစားအစာများ၊ ဆီး,ဝမ်း,လေ ချုပ်စေသော အစားအစာများ လွန်ကဲစွာ စားသောက်ခြင်းကြောင့်လည်းကောင်း သွေးတိုးရောဂါဖြစ်ကြတာပါ'

❒ **'သွေးတိုးရောဂါရဲ့ လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

www.burmeseclassic.com

○ 'သွေးတိုး လက္ခဏာများ ကတော့......

(၁) ရှုပ်ဝဖြိုး၍ အသားအသွေးများခြင်း၊

(၂) အသားအရေ နီမြန်း၍ အဖုအထစ်ကြမ်းခြင်း၊

(၃) နှလုံးခုန်များ၍ သွေးတိုးမြန်ခြင်း၊ သွေးလုံးကြီးခြင်း၊

(၄) ခေါင်းရှုပ်၍ သတိမေ့လျော့ခြင်း၊ မူးဝေခြင်း၊

(၅) ရှုပ်လေးလံထိုင်းမှိုင်းခြင်း၊ အားနည်းခြင်း၊

(၆) အသားအရေထူပွခြင်း၊

(၇) မူးနောက်တတ်ခြင်း စတဲ့ လက္ခဏာများဟာ သွေးတိုးရောဂါ လက္ခဏာများဖြစ်ပြီး သွေးအားများသော်လဲ ရှုပ်ပျော့ပြီး ဝါယောဓာတ် အကျဉ်းမိ၍ အထက်သို့ တက်သော လက္ခဏာများ ဖြစ်တတ်ပါတယ်'

❒ **'သွေးအားများပြီး ရှုပ်ပျော့၍ ဖြစ်တတ်သော ရောဂါများကိုလဲ သိပါရစေ'**

○ 'သွေးအားများပြီး ရှုပ်ပျော့၍ ဖြစ်တတ်တဲ့ရောဂါများကတော့...

(၁) လေဖြတ်တတ်ခြင်း၊

(၂) သွေးဝမ်းရောဂါနဲ့ လိပ်ခေါင်းရောဂါ ဖြစ်တတ်ခြင်း၊

(၃) ရူးနောက်တတ်ခြင်း၊

(၄) အတက်ရောဂါ ဖြစ်တတ်ခြင်း၊

(၅) ခေါင်းမူးနောက်သောရောဂါ ဖြစ်တတ်ခြင်း၊

(၆) နှလုံးရောဂါ ဖြစ်တတ်ခြင်း၊

(၇) ရုတ်တရက် ရှောင်တခင် လဲကျ၍ သေဆုံးတတ်ခြင်း

စတဲ့ လက္ခဏာများဟာ သွေးအားများပြီး ရှုပ်ပျော့၍ ဖြစ်တတ်တဲ့ရောဂါများ ဖြစ်ပါတယ်။

အထက်ပါ လက္ခဏာများကို ကြို တင်သိနိုင်တဲ့အတွက် သွေးတိုးရောဂါကို ကာကွယ်ကုသနိုင်ပါတယ်'

❒ **'သွေးတိုးရောဂါဟာ သိတာတေဇော အအေးအကြောင်းခံကာ ဖြစ်တတ်ပြီး ဥဏှတေဇော အပူအကြောင်းခံပြီးလဲ ဖြစ်တတ်သလို သိတာတေဇော၊ ဥဏှတေဇော နှစ်ပါးလွန်ပြီးလဲ ဖြစ်တတ်ကြောင်း သိရပါတယ်။ အဲဒီ လက္ခဏာ(၃)မျိုးကို ခွဲခြားပြီး ပြောပြပေးပါဦး'**

○ 'သွေးတိုးရောဂါဟာ သိတာတေဇော အအေးအကြောင်းခံကာ ဖြစ်တတ်ပြီး၊ ဥဏှတေဇော အပူအကြောင်းခံပြီးလဲ ဖြစ်တတ်သလို သိတာတေဇော၊ ဥဏှတေဇော နှစ်ပါးလွန်ပြီးလဲ ဖြစ်တတ်ပါတယ်။

အဲဒီသိတာတေဇော အကြောင်းခံပြီး ဖြစ်တတ်တဲ့ သွေးတိုးရောဂါလက္ခဏာများကတော့...

(၁) ရှုပ်ဝခြင်း၊

(၂) ရှုပ်လေးလံထိုင်းမှိုင်းခြင်း၊

(၃) ဆီးဖြူခြင်း၊ များခြင်း၊

(၄) ခြေဖျားနွေးခြင်း၊

(၅) ရင် မပူခြင်း၊

(၆) ရေ မငတ်ခြင်း၊

(၇) ချွေးနည်းခြင်း၊ ချွေးမထွက်ခြင်း၊

(၈) စားကောင်းခြင်း၊ အိပ်ပျော်ခြင်း၊

(၉) ဝမ်းအလွန်ချုပ်ခြင်း

စတဲ့ လက္ခဏာများဟာ သိတာတေဇော အကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးရောဂါ လက္ခဏာများ ဖြစ်ပါတယ်။

**ဥဏှတေဇော အကြောင်းခံပြီး ဖြစ်တဲ့ သွေးတိုးရောဂါ လက္ခဏာတွေကတော့...**

(၁) ရှုပ်အလွန် မဝခြင်း၊

(၂) ရှုပ်လေးလံထိုင်းမှိုင်းမှု မရှိခြင်း၊

(၃) ဆီးဝါ၍ နည်းခြင်း၊

(၄) ခြေဖျားအေးခြင်း၊

(၅) ရင်ပူခြင်း၊

(၆) ရေငတ်ခြင်း၊

(၇) အထက်ပိုင်း ချွေးထွက်များခြင်း

(၈) စားကောင်းပြီး အိပ်ပျော်ခြင်း၊

(၉) ဝမ်းချုပ်ခြင်း

တဲ့ လက္ခဏာများဟာ ဥဏှတေဇော အကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးရောဂါ လက္ခဏာများ ဖြစ်ပါတယ်။

**သိတာတေဇော၊ ဥဏှတေဇော နှစ်ပါးလွန်ရောတဲ့ သွေးတိုးလက္ခဏာများကတော့...**

(၁) ရှုပ်ဝခြင်း၊

(၂) အောက်ပိုင်းလေး၍ ထုံကျဉ် ကိုက်ခဲခြင်း၊

(၃) ဆီးမှာ ရုံခါဖြူ၍ ရုံခါဝါခြင်း၊

(၄) ခြေဖျား ရုံခါအေးခြင်း၊ ရုံခါပူနွေး ခြင်း၊

(၅) အောက်ပိုင်း ချွေးမထွက်ခြင်း

(၆) အထက်ပိုင်း ချွေးထွက်ခြင်း အောက်ပိုင်းကလဲ ချွေးထွက်တတ် ခြင်း၊

(၇) ရင်တုန်ခြင်း၊

(၈) ခေါင်းမူးနောက်ခြင်း၊

(၉) ဇက်ကြောတက်ခြင်း၊

(၁၀) နွေ့ညမချွေး ရောဂါတိုးခြင်း

စတဲ့ လက္ခဏာများဟာ သိတာ တေဇော၊ ဥဏှတေဇော နှစ်ပါးလွန် တဲ့ လက္ခဏာများဖြစ်ပြီး အထက် အောက် ဓာတ်(၄)ပါး မညီညွတ်သော သွေးတိုးလက္ခဏာများ ဖြစ်ပါတယ်'

❒ **'သွေးတိုးရောဂါကုထုံးကို ဆက်ပြီး ပြောပြပေးပါဦး ဆရာမ'**

○ 'သွေးတိုးရောဂါ ကုထုံးကတော့...

(၁) သွေးတိုးရောဂါရှင်ကို စိတ်ကြည် လင်၍ စိတ်ချမ်းသာစွာ နေထိုင် ခြင်း၊

(၂) အပူအအေး မျှတစွာ နေထိုင် ခြင်း၊





www.burmeseclassic.com

www.burmeseclassic.com

(၃) ဆီး,ဝမ်း,လေ မချုပ်အောင် ဆောင်ရွက်စေခြင်း၊
(၄) အာကာသပွင့်အောင် ဆေးသောက်,ဆေးလိမ်းစေခြင်း၊
(၅) လေ အောက်သို့ သက်စေရန် ဆေးတိုက်ကျွေးခြင်း၊
(၆) သွေးသက်စေရန် ဆောင်ရွက်ခြင်း

စတဲ့ အကြောင်းအချက်များကို ပြည့်စုံအောင် အာရုံ၊ နေရာ၊ ဆေး၊ ဓာတ်စာတို့နဲ့ ကုသမယ်ဆိုရင် သွေးတိုးရောဂါဟာ သိသိသာသာ ကျဆင်းစေမှာ ဖြစ်ပါတယ်။

သွေးတိုးရောဂါရှိတဲ့ ဝေဒနာရှင်များဟာ တစ်နေ့ မိနစ်(၃၀)ခန့် ပုံမှန်တရားထိုင်ပေးခြင်း၊ ပုံမှန်ဘုရားရှိခိုး မေတ္တာပို့ဆုတောင်းခြင်းများ၊ အမြဲဒွာန် ဘုရားဂုဏ်တော် ပွားများခြင်းတို့ကိုလဲ အဓိကထား လုပ်ဆောင်သင့်ပါတယ်။

အထက်မှာ ပြောခဲ့တဲ့ သွေးတိုးရောဂါဖြစ်တဲ့ အကြောင်းအချက်များကို ရှောင်ကြဉ်ပြီး ကုထုံးအတိုင်း လိုက်နာဆောင်ရွက်ရင် သွေးတိုးရောဂါဟာ ကြောက်စရာမလိုဘဲ သက်တမ်းစေ့နေထိုင်နိုင်မှာ ဖြစ်ပါတယ်'

❒ **'သွေးတိုးရောဂါ ကြိုတင် ကာကွယ်နိုင်တဲ့ နည်းစနစ်ကိုလည်း သိပါရစေ'**

❍ 'သွေးတိုးရောဂါ ကြိုတင်ကာကွယ်နိုင်တဲ့နည်း ရှိပါတယ်။ အဲဒီနည်းကတော့ မနက်စောစော အိပ်ရာမှနိုးတယ်ဆိုရင် ချက်ချင်းမထဘဲ အိပ်ရာထဲမှာ လက်နှစ်ဖက်ကို အပေါ်မြှောက်လိုက်၊ ပြန်ချလိုက် လုပ်ခြင်း၊ လက်နှစ်ဖက်ကို ဘေးဆန့်ထုတ်ပြီး အပေါ်သို့ ပြန်မြှောက်လိုက်လုပ်ပြီး ခြေထောက်ကို ကွေးလိုက်ဆန့်လိုက်လုပ်ခြင်း စတဲ့ မနက်အိပ်ရာထ အိပ်ရာတွင်း လေ့ကျင့်ခန်းကို တစ်မျိုး(၃)ကြိမ်၊ တစ်ကြိမ်ကို (၁၀)ခါ လုပ်ရပါမယ်။

တစ်ကြိမ်လုပ်ပြီးတိုင်း အနားယူပါ။ အဲဒီလို မိနစ်(၂၀)ခန့်လုပ်ပြီးမှ အိပ်ရာမှထပါ။

အိပ်ရာမှထပြီး (၅)မိနစ်ခန့် အနားယူပြီးမှ မျက်နှာသစ်၊ သွားတိုက် လုပ်ခြင်း။ ကိုယ်လက်သန့်စင်ခြင်း ပြုလုပ်ရပါမယ်။

**အထူး သတိပြုရမှာကတော့** အိပ်ရာမှနိုးစဉ် စိတ်ကို ကြည်လင်အောင် ထားရပါမယ်။ ဆီး,ဝမ်း,လေ မှန်အောင် ပြုပြင်နေထိုင်ခြင်း၊ သွေးတိုး စတဲ့ အကြောင်းရင်းများကို ရှောင်ကြဉ်ကာ အိပ်ရာထ နံနက်လေ့ကျင့်ခန်း နေ့စဉ် လုပ်ရင် သွေးတိုးရောဂါကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။

❒ **'ကျေးဇူးတင်ပါတယ် ဆရာမ'**

❍ 'ဆရာမဒေါ်စီစီနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာမ ဒေါ်စီစီ**
**ကောင်းမြတ်သစ္စာတိုင်းရင်းဆေးခန်း**
**ခ်အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်**
ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်
(ရှမ်းလမ်းမှတ်တိုင်ဆိုင်ရှေ့) ရန်ကုန်မြို့။
ဖုန်း–၀၉–၅၁၃၁၆၄၃၊ ၀၉–၈၆၅၁၂၄၂
၀၁–၅၂၃၄၇၈။

**မြောင်းမြ မောင်ယဉ်တင့်**

စာမျက်နှာ (၁၆၄)မှ အဆက်

မှာ...

၁။ နန်းလုံးကြိုင်ပွေး။
၂။ မန်ကျည်းပင်နှီပွေး။
၃။ ထနောင်းပွေး။
၄။ စောင်းလျားပွေး။
၅။ ဗျိုင်းဝါပင်စောက်ပဥ္စင်းပါး။
၆။ ပဲနံ့သာစေ့၊
၇။ ရှားစောင်းကြီးပွေး။
၈။ လက်ဖက်ခြောက်၊

ယင်းဆေး (၈)ပါးအလေးနှင့် အညီမျှသော **ဗျိုင်းဝါပင်စောက်**အား တစ်ပန်ထည့်လျက် အမှုန့်ပြုရမည် ဖြစ်ပါသည်။

ဤသို့ အမှုန့်ပြုပြီးပါက ယင်းအမှုန့်အား လင်ပန်းပေါ်တွင် ယခင် ပြုဒါးခဲကို အတွင်းကထား၍ လေလုံရာဌာနတွင် မီးတိုက်ရပါမည်။

ထိုအခါ အမာခံဆိုက်၍ လာပေလိမ့်မည်။ မမာသေးက ယင်းနည်းအတိုင်း ထပ်ကာထပ်ကာ မီးတိုက်ခြင်းဖြင့် အမာခံကို ရရှိလာလိမ့်မည်ဟု ဆိုပါသည်။

ဤသို့ ရရှိလာသော အမာခံကို တက်လမ်းကိုအသုံးပြုရာတွင် မိမိဉာဏ်ရှိသလို ကြံဆ၍ ထည့်သွင်း အသုံးပြုရပေမည်။

**ပြာရိုက်နည်း**

ပြာရိုက်လိုပါလျှင် ဓာတ်ပွိုလ် အသီး အပွင့်၊ လေးညှင်း၊ ဇော်ကျိုဦးထုပ်၊ ကလောဆန်၊ သစ်ကြံပိုး၊ ထန်းနို့ အစရှိသော (၇)ပါးအား ဆတူ အမှုန့်ပြု၍ အရက်ပြန်နှင့် အစေးပေါက်အောင် နယ်၍လုံး။

ယခင် ပြုဒါးခဲကို အတွင်းကထား၍ ဘေးသားအားလက်လေးသစ် ထူအောင် ပြုလျက် မီးတင်၍ တိုက်ပါက ပြာဆိုက်၍ရကြောင်း၊ အလိုရှိရာကို သုံး၍ရပြီဖြစ်ကြောင်း အဂ္ဂိရတ်သုတေသီအပေါင်းအတွက် အဘ၏စေတနာကောင်းနှင့် စုဆောင်းမိသမျှ နည်းတို့ကို အဘကိုယ်စား၊ အဘကိုယ်ပွားအဖြစ် ဉာဏ်မီသမျှ ရေးသားရင်း ဖော်ထုတ်ပေးလိုက်ခြင်းအပေါ် သုတေသီအပေါင်း နှစ်သောင်းအားရ လက်ခံကြလိမ့်မည်ဟု ယုံကြည်စွာဖြင့် ဤစာမူအား အဆုံးသတ်လိုက်ရပါတော့သည်။

**[အဘ ရောက်ရာဘဝမှ ကျေနပ်နိုင်ပါစေ။]**

**ဗျာပုံ ရည်လွင်အောင်**



www.burmeseclassic.com

www.burmeseclassic.com

အဘပေးထားခဲ့တဲ့

# ပြဒါးမှုလဲခဲနည်းများ

မှာပုံ ရည်လွင်အောင်

စာရေးသူသည် ဤနက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့တွင် အခါအားလျော်စွာပင် ဂမ္ဘီရဆောင်းပါးများ၊ ကိုယ်တွေ့ဖြစ်ရပ်များနှင့်အတူ အဂ္ဂိရတ်ဆောင်းပါးများကို နှစ်ပေါင်းများစွာ ကတည်းကပင် ရေးသားခဲ့သူ တစ်ယောက် ဖြစ်ပါသည်။

ဤသို့ နှစ်ပေါင်းများစွာ ရေးသားခဲ့သော်လည်း ယခုအခါတွင်မတော့ လုပ်ငန်းတာဝန်များ၏ အောက်၌ နှစ်မြုပ်ရင်း စာမရေးဖြစ်ခဲ့သည်မှာ ကြာပြီဖြစ်သည်။

ဤသည်ပင် ကျွန်တော် တာဝန် တစ်ရပ်ကို ထမ်းဆောင်ရန် လစ်ဟင်းမှုတစ်ရပ်အဖြစ် ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်နေမိသည်။

'လူလေးရယ် အဘရဲ့နှစ်ပေါင်းများစွာသော ဆည်းပူးလေ့လာ သင်ယူခဲ့ရတဲ့ နည်းတွေကို အဘ ဆုံးခန်းတိုင်အောင် မလုပ်နိုင်တော့ ချိန်မှာ အဘနဲ့ ဝါသနာတူတွေရဲ့ လက်ထဲကို ရောက်အောင် လူလေးကူညီပါ။

ဒီပညာရပ်တွေကို အဘ ရလာအောင် ဘယ်လောက်အထိ အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ရတယ် ဆိုတာကို လူလေးကို အဘ ပြောပြခဲ့ဖူးပါတယ်။

အဘ ပေးဆပ်မှုတွေ အများကြီးနဲ့ ရင်းခဲ့ရတာပါ။ ဒီအရင်းအနှီးတွေဟာ အဘအတွက် မဟုတ်တော့ပေမယ့် အများအတွက်တော့ ဖြစ်စေချင်တယ်။ လူလေးကူညီပါ။ ရေးသားဖြန့်ဝေပါ'

ဟု တတွတ်တွတ် မှာကြားခဲ့သည့် **အဘဆရာကြီး ဦးသာရင်၏ အမှာစကားကို** ပြန်လည်ကြားလေတိုင်း တာဝန်မကျေသေးသည့် မိမိအဖြစ်ကို မိမိ အားမရသလို ဖြစ်ခဲ့မိသည်မှာ အမှန်ပင် ဖြစ်သည်။

ယနေ့တော့ဖြင့် စာရေးသူသည် အားလပ်သည့် အချိန်ကလေးကိုပင်



အနားယူ အပန်းဖြေမနေတော့ဘဲ အဘပေးခဲ့သည့် မှတ်စုတွေကို တစ်ခုချင်း ပြန်ကြည့်၍ မှတ်မိသမျှတွေကို သရုပ်ဖော်ရင်း ဤအဂ္ဂိရတ်ဆောင်းပါးလေး တစ်ပုဒ်ကို ရေးလိုက်မိခြင်းဖြစ်သည်။

နည်းကား **ပြဒါးမှုလဲခဲသောနည်း** ပင် ဖြစ်သည်။

ဤနည်းကို အဘ မှတ်စုပေးစဉ်က အသေးစိတ်ကို စာရေးသူ နားလည်နိုင်စွမ်းအောင် ရှင်းပြပေးခဲ့ပေမယ့် အချိန်ကာလယန္တရား၏ ဝါးမျိုခဲ့မှုတွေနှင့် အတူ အလုပ်ကြားမှာ လူပ်ရှားရင်း ဝေဝါးခဲ့ရသည့်အတွက် အဘလောက်တော့ သေချာအောင် ရှင်းမပြနိုင်တော့ခြင်းသည် မိမိ၏ အားနည်းချက်ပင် ဖြစ်သည်။

သို့သော် စာရေးသူ၏ မိတ်ဆွေတစ်ဦး ပြောခဲ့သလို "သိသူဖော်စား မသိသူကျော်သွား"၊ "ဉာဏ်ရှည်တူက ယူကြပေရော့" ဆိုသည့် စကားကဲ့သို့ပင် ပညာရှင်ချင်း၊ ပညာရှင်ချင်း တိုင်ပင်နှီးနှော ဖော်ထုတ်ကြမည်ဆိုလျှင်

ဤနည်းတွေသည် အဖိုးတန်နည်း[...] ဖြစ်နိုင်ပေသည်။ စာရေးသူ ရှင်းပြသ[...] ထက် ပို၍ အစွမ်းထက်နိုင်မည် ဖြ[...] သည်။

သို့ကြောင့် ဉာဏ်ရှည်တူတို့ ယူ[...] ကြခြင်းငှာ အောက်ပါ နည်းကလေး[...] နည်းပေးရင်း ရေးသားလိုက်ရပါတော့[...] သည်။

ဤနည်းသည်ကား...

**ပြဒါးမှုလဲခဲသောနည်း**

ဤနည်းကို စီရင်မည်ဆိုလျှင် အည[...] ပုတတ်စာဥ သိထားရပေမည်။ [...] အတူ ဗျိုင်းဝါပင်စောက်ဆိုသေ[...] ရုက္ခမှုပင်များကိုလည်း သိထားသင့်[...] သည်။

ဤ အညာပုတတ်စာကိုရလျှ[...] အညာပုတတ်စာဥ၏ ထိပ်ဝကို ပိုင်[...] အတွင်းသို့ နည်းငယ်ထွင်းပြီး ယင်း[...] သို့ ပြဒါးကို သွတ်သွင်းရပေမည်။

ဤသို့ သွတ်သွင်းပြီးပါက [...] ထိပ်ပိုင်းဖြင့်ပင် ပြန်၍ အဖုံးအုပ်[...] မီးခွေးခွေးပေါ် တင်ပြီးလျှင် အပူ[...] မည်။

ပူလာလျှင် အသစ်တစ်လုံး ပြော[...] ၍ပေးရမည်။ ဤနည်းအတိုင်း (၁[...] ပြောင်းမိလျှင် ကြက်ချေးစု ခဲ[...] ရပေလိမ့်မည်။

ယင်းနောက် **ဗျိုင်းတိုက်**[...]





www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီး
# မင်းယက္ခ

## ၏ ဘဝအတွေ့အကြုံများ ( ၂၃ )

သရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

**ယခင်လမှ အဆက်**

ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်ကျပ်ဖြစ်သည်။ ဆန်နီမိသားစု၊ သိုင်းဆရာ၊ မင်းသမီး၊ လူရွှင်တော်များ စားသောက်ရန် လက်ဖက်ရည်ခွက် (၃၀)ကို ချိုင့်ဆွဲဝယ်၍ ဘိန်းမုန့် သို့မဟုတ် အခြားမုန့်တစ်မျိုးမျိုးကို အခု(၃၀)ဝယ်၍ စားသောက်ကြပါသည်။

မင်းသမီးများ၊ ဆိုင်းဆရာများ၊ လူရွှင်တော်များမှ အငြိမ့်တိုက်နေစဉ် ဝင်ငွေမရှိကြပါ။ မိုးတွင်းကြေးခေါ်၊ အသုံးကြီးခေါ်၊ စရန်ငွေခေါ် ကြိုတင်ငွေကို အငြိမ့်ဆရာက ထုတ်ပေးထားရသည်။

အငြိမ့်ထွက်လျှင် ရသည့် ညကြေးထဲမှ ကြိုတင်ငွေ မိုးတွင်းကြေးကို နုတ်ယူလေ့ ရှိကြပါသည်။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် အငြိမ့်အဖွဲ့သားများ နေ့လယ်ချိန်(အငြိမ့်တိုက်စဉ်) စားသောက်ရန် စေတနာဖြင့် တတ်နိုင်သမျှ ကျွေးမွေးခြင်းသာ ဖြစ်ပါသည်။

သူတို့နှင့် မိသားစုသဖွယ် တပျော်တပါး စားသောက်ရသည်မှာ စိတ်ချမ်းသာစရာတစ်မျိုးပင် ဖြစ်ပါသည်။ အငြိမ့်အိမ်သို့ သွားတိုင်း ကျွန်တော်နှင့် အစဉ်အမြဲ တွဲလျက်ရှိသော သူငယ်ချင်း တင်ဒွေးနှင့် သိန်းဟံတို့ ပါလေ့ရှိပါသည်။ သူတို့ကလည်း ကျွန်တော့်လို အငြိမ့်ဝါသနာအိုးများ ဖြစ်ကြပါသည်။

ထိုစဉ်က သူတို့ အငြိမ့်တိုက်စဉ် ကြက်ခြေနီယိမ်း၊ သူနာပြုယိမ်း၊ မီးသတ်သမားယိမ်း၊ စစ်သားယိမ်းတို့ကို ကျွန်တော်ကိုယ်တိုင် လေ့ကျင့်သင်ကြားပေးခဲ့ဖူးပါသည်။ အမှတ်တရ ပြောရလျှင် ကြက်ခြေနီယိမ်း တိုက်နေစဉ် လက်ထောက်မင်းသမီးမှာ ညာညို ဟု အမိန့်ပေးလိုက်တိုင်း သူ့ဘယ်လက်မှာ ဖြောင့်တန်းမနေဘဲ အကြွေးကွေးနေသောကြောင့် ကျွန်တော်က...

www.burmeseclassic.com

'မင်းကို လက် ဖြောင့်ဖြောင့်တန်း ထားပါလို့ ဘယ်နှခါပြောရမလဲ၊ မင်း လက်ကို ဖြောင့်ဖြောင့် မထားတတ်ဘူးလား'

ဟု ငေါက်လိုက်ရာ မင်းသမီးမှာ ငိုယိုပြီး အိမ်ခန်းတွင်းသို့ ဝင်ပြေးပါတော့သည်။

ကျွန်တော်က ဆန်နီအား ဘယ်လိုဖြစ်တာလဲဟူသော အဓိပ္ပာယ်ဖြင့် လှမ်းကြည့်လိုက်ရာ...

'မင်းကို ပါပြောဖို့ မေ့သွားလို့ကွာ၊ အဲဒီ လက်ထောက်မင်းသမီးက ကားအက်ဆီးဒင့်ဖြစ်ပြီး လက်ကျိုးသွားတာ။ အခု ပြန်ဆက်တော့ တံတောင်ဆစ်ကစပြီး လက်က ကွေးပြီး ကောက်နေတယ်။ လက်ဆန့်လို့မရဘူး။ အဲဒါ မင်းက လက်ကို အတင်း ဆန့်ခိုင်းတော့ ရှက်ပြီး ဝမ်းနည်းပြီး ငိုတော့တာပေါ့ကွာ'

ဟု ပြောလိုက်၍ အဖြစ်မှန်ကို မသိဘဲ လက်ကောက်နေသော မင်းသမီးကို အတင်းလက်ဖြောင့်ခိုင်းခဲ့သော အဖြစ်အပျက်နှင့်လည်း ကြုံခဲ့ရပါသည်။

ပြဇာတ်တွင် ထိုးခန်းကြိတ်ခန်း ပါသော ဇာတ်ကွက်များတွင် ပြဇာတ် မင်းသားနှင့် လူဆိုး(လူကြမ်း၊ ဗီလိန်) လုပ်မည့်သူများကို ဖိုက်တင်ကွက်၊ သိုင်းကွက်များ သင်ပေးခဲ့ရပါသည်။

အငြိမ့်ကနေစဉ် လူဆိုးဗိုလ် လုပ်သူက ကျွန်တော်၏ ကော်လံတွင် သားမွေးပါသော ဂျာကင်နှင့် ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီတို့ကို ငှားရမ်းဝတ်ဆင်ထား၍ ပြဇာတ်မပြီးမချင်း စွပ်ကျယ်ချိုင်းပြတ်နှင့် သူတို့ပေးသော လုံချည်တိုနန့်နန့်ကို ဝတ်ကာ ဆောင်းတွင်း၏ အအေးဒဏ်ကို ကြုံကြိုခံ၍ နေခဲ့ရသော အကြိမ်များကလည်း မနည်းပါ။

ဆန်နီနှင့် တွေ့ဆုံပေါင်းသင်းရသော



ကာလမှာ ရှည်ကြာလှသောကြောင့် အပြည့်အစုံ ဖော်ပြရန် မလွယ်ပါ။ ထို့ကြောင့် သိသာရုံ အကျဉ်းမျှ တင်ပြရခြင်း ဖြစ်ပါသည်။

"**ဆန်နီ ကပွဲသဘင်**" ဇာတ်တိုက်နေပါပြီ။ ဇာတ်တိုက်ပြီးလျှင် မြောက်ဥက္ကလာပမြို့နယ် (အဝင်ဝ၊ ကမ္ဘာအေးဘုရားလမ်း၊ လမ်းဆုံမီးပွိုင့်အနီး)ရှိ "**သဇင်ရုံကြီး**"တွင် ကိုယ့်စရိတ်နှင့်ကိုယ် စင်တင်ရပါမည်။

ပထမဆုံးပွဲချီဖြစ်၍ ပွဲငှားမည့်သူ မရှိသေး။ ထို့ကြောင့် ကိုယ့်ငွေနှင့်ကိုယ် ရုံသွင်းရခြင်းဖြစ်သည်။ ပွဲဦးထွက်ဖြစ်၍ မြတ်ချင်လည်းမြတ်မည်။ ရှုံးချင်လည်းရှုံးမည်။ ပွဲကန်ထရိုက်များကလည်း အကဲခတ်သည့်ပွဲဖြစ်၍ ပွဲဦးထွက်ကောင်းရန် အရေးကြီးပါသည်။

ပွဲဦးထွက်ကောင်းလျှင် ပွဲချီများများ ငှားရ၍ အဆင်ပြေမည်။ နာမည်ကြီးမည်။ ငွေရမည်။ ထို့ကြောင့် ထိုပွဲကို အငြိမ့်ထောင်(ဆရာ)များက အားခဲကြခြင်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်က လိုအပ်သော အရင်းအနှီးကို ဆန်နီအား ထုတ်ပေးခဲ့သည်။ ထိုသို့ ငွေထုတ်ကူညီခဲ့သည်ကို ဆန်နီ၏မိခင်၊ နှမဖြစ်သူ မအုန်းနှင့် ယောက်ဖဖြစ်သူ ရာကျော်တို့ သိရှိကြပါသည်။

လူရွှင်တော် ရာကျော်နှင့် ဆန်နီညီမ မအုန်းတို့ အကြောင်းကိုလည်း အလျဉ်းသင့်၍ တင်ပြချင်ပါသေးသည်။

"ဆန်နီ ကပွဲသဘင်" အငြိမ့်အဖွဲ့ကြီး နယ်သို့ အငြိမ့်ပွဲ ထွက်သွားသောအခါ ယောက်ဖဖြစ်သူ ရာကျော်က ပါသွားသော်လည်း နေ့စေ့လစေ့ မွေးဖွားခါနီး ဖြစ်နေသော မအုန်းမှာ အငြိမ့်နှင့် လိုက်မသွားနိုင်ဘဲ အိမ်မှာ နေခဲ့ရပါသည်။ သူငယ်ချင်း ဆန်နီက...

'တက်ဒီရေ ငါ့အမေနဲ့ငါ့နှမကို စောင့်ရှောက်လိုက်ပါဦးကွာ။ မအုန်းက မီးဖွားခါနီးဖြစ်နေလို့ သူ့ကိုလဲ ဂရုစိုက်ပေးပါကွာ'

ဟု မှာကြားခဲ့သောကြောင့် ဆန်နီတို့အိမ်သို့ နေ့စဉ် ရောက်ပါသည်။ တစ်နေ့ ကျွန်တော် ရောက်သွားခိုက် ရာကျော့်ဇနီး မအုန်းမှာ မီးဖွားချင်ပြီ ဖြစ်၍ ဝမ်းအရမ်းနာလာပြီး တအော်အော် တငိုငိုနှင့် ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်တော်၏ လင့်ရိုဗာ ကားနောက်ဘက်တွင် မအုန်းကိုတင်ကာ သူ့အမေနှင့် အိမ်နီးချင်း မိန်းမကြီး တစ်ယောက်ကို လိုက်ပါစေ၍ ယခင်က ဂျင်မခါနာခေါ် ဗဟိုအမျိုးသမီး သားဖွားဆေးရုံကြီးသို့ ကားကို အမြန်မောင်းလာခဲ့ပါသည်။

သို့သော် သားဖွားဆေးရုံသို့ ရောက်ခါနီး ပြည်လမ်းမပေါ်တွင် မအုန်းမှာ မွေးဖွားခဲ့ပါသည်။

သူတို့အယူကတော့ ကားပေါ်မှာ သားဖွားလျှင် လာဘ်ကောင်းသည်ဟု ပြောကြသော်လည်း လက်တွေ့တွင် နံစော်သော ကားနောက်ခန်းကို ကျွန်တော်လေး ရေဆေးခဲ့ရပါသည်။ ကျွန်တော်နှင့် ဆန်နီတို့သားစုကား ထိုကဲ့သို့ ရင်းနှီးချစ်ခင်ခဲ့ကြပါသည်။

www.burmeseclassic.com

ထိုသို့ ပွဲဦးတွင် တာထွက်ကောင်းစေရန်အတွက် ကျွန်တော်တို့ ပူးပေါင်းကြိုးစားကြရပါသည်။ ဆိုင်းများ၊ တီးလုံး၊ တီးကွက်များကို နိုင်ငံကျော် စိန်ဗိုလ်တင့်က စီစဉ်ပေးပါသည်။

သဇင်ရုံတွင် ဇာတ်တိုက်နေစဉ် စိန်ဗိုလ်တင့်ကိုယ်တိုင် တီးလုံး၊ တီးကွက်များ တီးပြ၍ ကြိုးကြပ်စီစဉ်ပေးခဲ့ပါသည်။ စေတနာမေတ္တာဖြင့် အကူအညီပေးသော နိုင်ငံကျော် ဆရာစိန်ဗိုလ်တင့်၏ ကျေးဇူးတရားကိုလည်း မှတ်တမ်းတင်ရမည်သာ ဖြစ်ပါသည်။

သူငယ်ချင်းဆန်နီ၏ ပွဲဦးတွင် တာထွက် ကောင်းစေရန်အတွက် ကျွန်တော် တတ်နိုင်သော ပညာခွင်ဖြင့် **"တပင်ရွှေထီး အော်ပရာကဇာတ်"** ကို စီစဉ်ပေးခဲ့ပါသည်။

ဇာတ်လမ်းအကျဉ်းမှာ အများသိပြီး ဖြစ်ကြသည့်အတိုင်း တပင်ရွှေထီးသည် မွန်တို့ပိုင်နက် ရွှေမော်ဓောဘုရားတွင် နားထွင်းမင်္ဂလာ ပြုလုပ်သည့် ဇာတ်လမ်းပင် ဖြစ်ပါသည်။

တပင်ရွှေထီးနှင့် မွန်စစ်သည်တို့ တိုက်သည့်ပွဲ။ လူအင်အားများများ လိုမည်ဖြစ်သော်လည်း နည်းနည်းနှင့် ကျဲကျဲ ဝိုင်းနိုင်ရန် စီစဉ်ပေးရပါတော့သည်။

စီစဉ်ပုံမှာ မွန်ဘုရင်ရှေ့တော်တွင် မွန်သူရဲကောင်း စစ်သည်တော်များက သူတို့၏ တစ်ကိုယ်တော် စွမ်းရည်များကို ပြသသော ပြကွက်ဖြင့် စ,ဖွင့်ပါသည်။

ဓားတစ်လက်သမား၊ ဓားနှစ်လက်သမား၊ တုတ်ရှည်သမား၊ တုတ်တိုနှစ်ချောင်းသမား၊ လှံရှည်သမား၊ လှံတိုနှစ်ချောင်းသမားတို့က သူတို့၏ စွမ်းရည်များ၊ ဓားခုတ်လှံထိုး အတတ်များကို ဘုရင့်ရှေ့တော်တွင် ကျွမ်းကျင်စွာ



ကစားပြပါသည်။

ထို့နောက် တပင်ရွှေထီးအား ရွှေမော်ဓောဘုရားတွင် နားထွင်းသော ပြကွက်သို့ပြောင်းသည်။ နားထွင်းအပြီးတွင် မွန်သူရဲကောင်းစစ်သည်တော် ခြောက်ဦးနှင့် တပင်ရွှေထီးတို့ တစ်ယောက်ချင်း ယှဉ်တိုက်ကွက်။ ထို့ကြောင့် လက်နက်(၅)မျိုးကို တစ်ဦးချင်း တတ်မြောက်ကျွမ်းကျင်အောင် လေ့ကျင့်သင်ကြားပေးရပါသည်။

တစ်ကိုယ်တော် ကစားကွက်များကို ကျွမ်းကျင်စွာ တတ်မြောက်ပြီဆိုလျှင် တပင်ရွှေထီးနှင့် တစ်ယောက်ချင်း ယှဉ်တိုက်ကွက်များ လေ့ကျင့်သင်ကြားပေးရသည်။

တစ်ယောက်ချင်း ယှဉ်တိုက်ကွက်များကို ကျွမ်းကျင်လာလျှင် တပင်ရွှေထီးကို မွန်သူရဲကောင်း စစ်သည်တော်(၆)ဦးက ဝိုင်းတိုက်သော အခန်းကို လေ့ကျင့်ပေးရပါသည်။ (၆)ယောက် တစ်ယောက် တိုက်ကွက်သည် တပင်ရွှေထီးအော်ပရာ၏ အဓိကပြကွက်ဖြစ်သည်။

မြန်မာ့သိုင်း ဝိုင်းထွက်ပညာကို ပြသသော ကစားကွက် ဖြစ်ပါသည်။ ထို့ကြောင့် အပြင်းအထန်လေ့ကျင့်သင်ကြားပေးရသည်။ သူတို့ကလည်း ကြိုးစားကြပါသည်။

ထို့ကြောင့် ဟန်၊ မာန်၊ ထန် အပြည့်ဖြင့် စည်းကိုက်ဝါးကိုက် သဘာဝကျကျ သရုပ်ပါပါ ပြသနိုင်ကြပါသည်။ သူတို့၏ ကစားကွက်၊ ပြကွက်တို့ကို ကြည့်ပြီး ကျွန်တော်ကလည်း သဘောကျ ကျေနပ်ပါသည်။ ဇာတ်အဖွဲ့သား(အငြိမ့်အဖွဲ့သား) အားလုံးကလည်း သဘောကျ ကျေနပ်ကြပါသည်။

ဆန်နီမှာ "တပင်ရွှေထီးအော်ပရာဇာတ်"ကို အတော်ပင် သဘောကျအားရကျေနပ်နေသည်။

'ဒီတပင်ရွှေထီး အော်ပရာမှာ သူငယ်ချင်း ကြိုးကြိုးစားစားနဲ့ အပင်ပန်းခံ သင်ပေးတာကို သိပြီးကျေးဇူးတင်တယ်ကွာ။ ဒီအော်ပရာကတော့ လူကြိုက်များမှာ သေချာတယ်။

ငါတို့ အငြိမ့်လောကမှာ ဒီလို ဘယ်သူမှ မလုပ်သေးဘူးကွ။ ဒီတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် တပင်ရွှေထီး အော်ပရာမှာ တိုက်ပွဲခန်းတွေ လုပ်နေတုန်း မင်းကိုလဲ ကြော်ငြာပြီးသားဖြစ်အောင် "သိုင်းမှာ မင်းယက္ခ"ဆိုတဲ့ ရောင်စုံဆလိုက် ထိုးမယ်ကွာ။ အဲဒီ ဆလိုက်အတွက်ကတော့ ငါပဲ အစအဆုံး တာဝန်ယူလုပ်ပေးမယ်'

ဟု အားရဝမ်းသာစွာ ပြောလိုက်ပါသည်။

ဒီလိုနှင့် မြောက်ဥက္ကလာပမြို့နယ် **သဇင်ရုံကြီးတွင်** ဆန်နီ ကပွဲသဘင် (ဝါ) ဆန်နီအငြိမ့်သဘင် ပွဲဦးထွက် ကပါသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com

# နာနတ်ယို

## နာနတ်ဖျော်ရည်နှင့် နာနတ်ရှုလကာရည်ပြုလုပ်နည်း

စာရေးသူ၏အိမ်ရှေ့တွင် နာနတ်သီးများ လာ၍ ရောင်းချနေသော မအေးပုံသည် ညနေ ဆိုင်သိမ်း၍ အိမ်သို့ ပြန်သောအခါတိုင်း မရောင်းရသည့် နာနတ်သီးအနာများကို ပီနံအိတ်ခွံ(မြေ့ရေခွံအိတ်)ဖြင့် ထည့်ပြီး အိမ်သို့ ယူယူသွားသည်။

ထို့ကြောင့် နာနတ်သီးအနာများကို "ဘာလုပ်ပစ်သလဲ"ဟု စာရေးသူမှ မေးမြန်းသောအခါ သူမ၏ ယောက္ခမဖြစ်သည့် ဒေါ်မော်သည် အိမ်တွင် စားသုံးရန်အတွက် ထိုနာနတ်သီးအနာများထဲမှ တချို့ကို နာနတ်ယို ပြုလုပ်ပြီး တချို့ကို နာနတ်ရှုလကာရည်များ ပြုလုပ်၍ထားကြောင်း ပြောပါသည်။

စာရေးသူလည်း နာနတ်ယို၊ နာနတ်ဖျော်ရည်နှင့် နာနတ်ရှုလကာရည် ပြုလုပ်နည်းများကို သိရှိလိုသည့်အတွက် မေးမြန်းကြည့်သောအခါ သူမအနေနှင့် မပြုလုပ်တတ်သောကြောင့် သူမ၏ယောက္ခမထံတွင် ပြုလုပ်နည်းများကို မေးမြန်းခဲ့မည်ဟု ပြောပါသည်။

နောက်နေ့ နာနတ်သီးများ လာ၍ ရောင်းသောအခါ သူမ၏ ယောက္ခမမှ ပြောပြလိုက်သော နာနတ်ယို၊ နာနတ်ဖျော်ရည်နှင့် နာနတ်ရှုလကာရည် ပြုလုပ်နည်းများကို စာရေးသူအား ပြောပြပါသည်။

**နာနတ်ယိုပြုလုပ်နည်းမှာ** နှစ်နည်းရှိကြောင်း ပထမနည်းမှာ နာနတ်သီးများအား အခွံခွာပြီးလျှင် အတုံးသေးသေးလေးများဖြစ်အောင် ဓားဖြင့် နုပ်နုပ်စဉ်း၍ ဒန်အိုး ဒယ်အိုး သို့မဟုတ် စတီးအိုးထဲသို့ ထည့်ကာ သကြားနှစ်သက်လျှင် သကြားထည့်၍ ထန်းလျက်နှင့် ကြိုက်နှစ်သက်လျှင် ထန်းလျက်ထည့်ပြီး ဆားအသင့်အတင့် ထည့်ကာ မီးအေးအေးဖြင့် ကျိုပါ။ နာနတ်သီးဖတ်လေးများ ကြေမွလာသည်အထိ မွှေပေးရမည်။

နာနတ်သီးဖတ်လေးများ ကြေမွပြီး အရည်များ ခန်းခြောက်သွားပါက မီးဖိုပေါ်မှချ၍ အအေးခံထားပါ။ အေးသွားလျှင် ဖန်ဘူး သို့မဟုတ် ပလတ်စတစ်ဘူးများထဲသို့ ထည့်ထားကာ မိမိ စားသုံးလိုသောအချိန်တွင် အရသာရှိသော နာနတ်ယိုကို စားသုံးနိုင်သည်။



ထန်းလျက်နှင့်ကျိုလျှင် အရောင်မှာ ညိုနေပြီး သကြားနှင့်ကျိုပါက အရောင်လှသည်။

**နာနတ်ယိုပြုလုပ်နည်း ဒုတိယနည်း**သည် နာနတ်သီးများအား အခွံခွာပြီးလျှင် နာနတ်သီးများကို လေးစိတ်၊စိတ်ကာ ဒန်အိုး၊ ဒယ်အိုး သို့မဟုတ် စတီးအိုးထဲသို့ လေးစိတ်၊စိတ်ထားသော နာနတ်သီးများကို ထည့်ပါ။

ထို့နောက် နာနတ်သီးများ မြုပ်သည်အထိ ရေထည့်ပြီးလျှင် မီးပြင်းပြင်းဖြင့် ပြုတ်ပါ။

ရေများ ပွက်ပွက်ဆူလာသောအခါ အိုးသန့်သန့်တစ်လုံးထဲသို့ နာနတ်သီးပြုတ်ရည်များကို ငှဲ့ထားကာ ကျန်သော နာနတ်အဖတ်များကို အထက်ပါနည်းအတိုင်း သကြား သို့မဟုတ် ထန်းလျက်ထည့်ပြီး မီးအေးအေးနှင့် ကျို၍ မွှေပေးပါ။

နာနတ်သီးဖတ်များ ကြေမွကာ အရည်များ ခန်းခြောက်သွားလျှင် မီးဖိုပေါ်မှချ၍ အအေးခံထားပြီး အေးသွားသောအခါ ဖန်ဘူးသို့မဟုတ် ပလတ်စတစ်ဘူးများနှင့် ထည့်ထားကာ အချိန်မရွေး စားသုံးနိုင်ပေသည်။

**နာနတ်ဖျော်ရည် ပြုလုပ်နည်း**ကတော့ စောစောက ငှဲ့ထားသည့် နာနတ်ပြုတ်ရည်များကို မီးဖိုပေါ်သို့ ပြန်တင်၍ ကျိုပါ။ ကြာရှည်အထားခံနိုင်ရန်အတွက် ကျောက်ချဉ် အနည်းငယ် ထည့်ပြီး အရည်ကျအောင်ကျိုပါ။

အရည်ကျသွားလျှင် အအေးခံ၍ အေးသွားပါက ပုလင်းခွံ သို့မဟုတ် ရေသန့်ဘူးများထဲသို့ ထည့်ထားကာ မိမိသောက်သုံးလိုသော အချိန်တွင် ရေခဲထည့်ပြီး သောက်သုံးပါက နာနတ်သီး၏ မွှေးကြိုင်၍ အရသာရှိသော သဘာဝ နာနတ်သီးဖျော်ရည် စစ်စစ်ကို သောက်သုံး နိုင်ကြောင်း ပြောပါသည်။

**နာနတ်ရှုလကာရည် ပြုလုပ်နည်း**မှာ နာနတ်သီးကို အတုံးသေးသေးလေးများ တုံးပြီးလျှင် ပုလင်းခွံသို့မဟုတ် ရေသန့်ဘူးခွံများထဲသို့ထည့်ထားရမည်။

နာနတ်သီး အဖတ်လေးများမှ အရည်များ ထွက်လာလိမ့်မည်။ နာနတ်သီးဖတ်လေးများ ကြေမွပြီး အနည်ထိုင်သွားလျှင် အရည်များကို စစ်ယူကာ ပုလင်း သို့မဟုတ် ရေသန့်ဘူးခွံထဲသို့ ထည့်ထားပြီး မိမိစားသုံးလိုသောအချိန်တွင် အဆင်သင့် စားသုံးနိုင်ပြီ ဖြစ်သည်။

**နာနတ်သီးဖတ်လေးများ စိမ်ထားချိန်တွင် ပုလင်းအဖုံးကို လုံအောင်ပိတ်ထားပါက ပုလင်းများ ပေါက်ကွဲ သွားနိုင်သည်။ ထို့ကြောင့် ပုလင်းအဖုံးအား မကြာခဏ ဖွင့်ဖွင့်ပေးရသည်ဟု ပြောပါသည်။**

**နာနတ်ယိုပြုလုပ်နည်း၊ နာနတ်ဖျော်ရည်ပြုလုပ်နည်းနှင့် နာနတ်ရှုလကာရည် ပြုလုပ်နည်းများကို** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲတွင် ဖော်ပြလိုကြောင်း ပြောသောအခါ ခွင့်ပြုသည့်အတွက် နာနတ်ယို၊ နာနတ်ဖျော်ရည်နှင့် နာနတ်ရှုလကာရည် ပြုလုပ်နည်းများကို ရေးသား ဖော်ပြလိုက်ပါသည်။

**ပြုလုပ်နည်းစဉ်များ ပြောပြသော ဒေါ်မော်နှင့် မအေးပုံတို့အား ကျေးဇူးတင်ရှိပါသည်။]**

**မောင်မောင်ထွန်း(ရွာ)**



www.burmeseclassic.com

www.burmeseclassic.com



• အိမ်မဲမြို့ မဟာဓောဓိမြိုင်ကျောင်း
ဆရာတော် ဘဒ္ဒန္တသုမနထေရ်

အိမ်မဲမြို့ လယ်ပေါ်ရုပ် မဟာဗောဓိမြိုင်ကျောင်း ဆရာတော်

# ဘဒ္ဒန္တ သုမန

၏ လက္ခဏာတော်

ဦးသော်ခင်
(တာသီတ)







## ထေရုပ္ပတ္တိ

ဆရာတော်
သည် အိမ်မဲမြို့နယ်၊
ောင်စုကျေးရွာနေ
မည်းတော် ဦးဖိုးရင်၊
ယ်တော် ဒေါ်သန်းစိန်
တို့မှ ၁၃၁၃ ခုနှစ်၊ တန်ခူးလဆန်း
၁)ရက် သောကြာနေ့တွင် ဖွားမြင်
တော်မူခဲ့သည်။

ဆရာတော်သည် ၁၃၃၃ခုနှစ်၊
န်ခူးလဆန်း (၁၀)ရက်နေ့တွင်
ထက်ပိုင်းရပ်ကွက် မင်မူနိုင်တိုက်
ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသ
ကို ဥပဇ္ဈာယ်ပြုပြီး ဦးမြအောင်၊
ဒေါ်အုန်းလှိုင်တို့၏ ပစ္စယာနုဂ္ဂဟကို
ယူကာ မြင့်မြတ်သော ရဟန်းဘဝသို့
ရောက်တော်မူပါသည်။

၁၃၃၄ ခုနှစ်တွင် မြောင်းမြမြို့
ဇ္ဈောတာရုံပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော်ဦးဉာဏိကထံ၌ အခြေခံပရိယတ္တိစာပေများ သင်ယူ၍ ၁၃၃၅ ခုနှစ်တွင် ပန်းတနော်မြို့ မြတောင်ပရိယတ္တိစာသင်တိုက် ဆရာ

www.burmeseclassic.com




တော် ဦးဝိမလဉာဏထံ၌ အငယ်တန်း ပညာ သင်ယူခဲ့သည်။

၁၃၃၇ ခုနှစ်တွင် မြောင်းမြမြို့ နေရှင်နယ်ကုန်း ပဒ္ဓေါတာရုံတိုက်သစ် ဆရာတော် ဦးကုန္တဝံသထံ၌ ပညာသင်ယူခဲ့ပါသည်။

၁၃၄၀ ပြည့်နှစ် အိမ်မဲမြို့ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ ပံ့လွှန်တော်မူ သဖြင့် ယင်းနှစ်၌ပင် ဘုရားကြီးကျောင်းတိုက်၌ သီတင်းသုံးတော်မူခဲ့ပါသည်။

## လက္ခဏာတော်လေ့လာချက်

ဘယ်လက်ဝါးကို ဦးစွာ လေ့လာကြည့်ကြပါစို့။

○ **တနင်္လာထီးရိုး ပါ,ပါတယ်။ (က)**

ဒါကတော့ လူချစ်လူခင်များခြင်း၊ ကြည်ညိုမှုများစေခြင်းရဲ့ ပြယုဂ်ပါ။

○ **ဗုဒ္ဓဟူးထီးရိုး ပါ,ပါတယ်။ (ခ)**

ဒါကတော့ ခက်ခဲနက်နဲတဲ့ အတတ်ပညာများကို ဝါသနာထုံခြင်းနဲ့ ဂမ္ဘီရပညာရပ်များကို တတ်မြောက်ခြင်းရဲ့ အတိတ်ကံပါ။

○ **စနေဂြိုဟ်ခုံအောက် နှလုံးလမ်းကြောင်းထက်၌ သရဖူထွန်းပါတယ်။ (ဂ)**

ဒါကတော့ ဘာသာရေး၊ သာသနာရေးများကို ဆောင်ရွက်ရမယ့် အတိတ်ကံပါ။

ညာလက်ဝါးကို လေ့လာကြည့်ကြပါစို့။

❖ **ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်များပါ,ပါတယ်။ (ဃ)**

ဒါကတော့
ဆေးစွမ်းထက်ခြင်း
ဂါထာမန္တန်
ပရိတ်တော်များစွမ်းခြင်း
ငွေကြေးအလှူခံရလွယ်ခြင်း
လောက
ဓာတ်ပညာများ
တတ်ကျွမ်းခြင်း
အာဝဇ္ဇန်းကောင်းခြင်းရဲ့ ပြယုဂ်ပါ။

❖ **စနေဂြိုဟ်ခုံတွင် ကံသစ်ပင် ပါ,ပါတယ်။ (င)**

ဒါကတော့ ဘာသာရေးလုပ်ငန်းများကို အထူးဆောင်ရွက်ရခြင်း ဘာသာရေးဆိုင်ရာ၊ အကြီးအကဲ ဖြစ်ခြင်း၊ ကံကောင်းခြင်း၊ ဩဇာတိက္ကမကြီးမားစေခြင်းတို့ပါပဲ။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခို ဆိုသကဲ့သို့ပင် ဖြစ်ပါတယ်။

❖ **ကြာသပတေးဂြိုဟ်ခုံတွင် ဇေယျထီးရိုး ပါ,ပါတယ်။ (စ)**

ဒါကတော့ ရည်ရွယ်ချက်အတိုင်းပြီးမြောက်စေတဲ့ ဆန္ဒပြည့် သင်္ကေတ တစ်ခုပါပဲ။

**ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ**

**ဦးသော်ခင်(ဟင်္သာတ)**




www.burmeseclassic.com

www.burmeseclassic.com

### (၈)ဂဏန်း

ရှစ်မြှောင့်ရှိသော **အဋ္ဌဂံ**(Octagon)ပုံတွင် လေးထောင့်ပုံ စတုရန်းနှစ်ခု ပေါင်းစည်းထားခြင်းဖြစ်သည်။

* * *



အဋ္ဌဂံပုံသည် အပြင်ဘက်မှ လေးထောင့်စတုရန်းပုံ ထိန်းကွပ်ထားကာ အတွင်းမှ စက်ဝိုင်းပုံဖြင့် ထောင့်ကန်ပေးထားသည်။

ထို့ကြောင့် (၈)ဂဏန်းသည် ကိုယ်ခန္ဓာအပြင်မှ ဆန့်ကျင်ဘက် အင်အားနှင့် ခန္ဓာအတွင်းရှိ ဝိညာဉ်ပိုင်းဆိုင်ရာ သဘာဝအင်အားစုတို့ ညီမျှစွာ အားပြိုင်ခြင်းသင်္ကေတ ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ကြသည်။

(၈)ဂဏန်း ကိုယ်စားပြုသည်ကား နှီးဆက်သစ်များ အသစ်တစ်ဖန် ပြန်လည် ရှင်သန်ထမြောက်ခြင်း အင်အားစု ဖြစ်သည်ဆို၏။

(၈)ဂဏန်းသည် ကုန်ဆုံးပျောက်ကွယ်သွားပြီဟု ထင်မှတ်ထားသော မျှော်လင့်ချက်များ၊ ဇီဝဓာတ်များ၊ အင်အားရပ်များ ပြန်လည် ရှင်သန်ထမြောက်ခြင်းကို သယ်ဆောင်ပေးကြလေသည်။

ထို့ကြောင့် (၈)ဂဏန်းကို ဘုရားသခင်၏ ရှင်သန်ထမြောက်လာသော ကျေးဇူးတော် သို့မဟုတ် စိတ်အစွန်အတွင်းမှ လောကဓမ္မကို နက်ရှိုင်းစွာသဘောပေါက်သော (ဝိဇ္ဇာ)အသိ၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကြသည်။

# သင်္ကေတများ၏

## ဘာသာစကား(၁၀)

ဟုဂျင်းဇီ

သည်။

အရှေ့တိုင်း တရုတ်ဓလေ့တွင် **တန်ခိုးရှင်ရှစ်ပါး** (Eight Immortal of china)၊ ပါးရှန်း(BāXiāng)၊ လောကကမ္ဘာတည် ဓာတ်ကြီးငါးပါး တည်မှီရာ **ပါးကွာ့**(BāGuà)ခေါ် သမုဒ္ဒာန်(၈)ပါး စသည်ဖြင့် ညွှန်းဆိုကြသည်။


အနောက်တိုင်း အယူအဆကဲ့သို့ပင် စတုရန်းနှစ်ထပ်၊ လေးဂဏန်း နှစ်စုံဖြစ်သည်ဟု ယူဆသည်။ လေးဂဏန်း (၂)ခု ပေါင်းစပ်ထားသဖြင့် သေခြင်း (၄ ဂဏန်း) စုံတွဲတစ်တွဲဟု ယူဆနိုင်လေရာ အခါခပ်သိမ်း ကောင်းမွန်သည့် ဂဏန်းတော့ မဟုတ်ပေ။

သို့သော်လည်း မဟာဘုတ်(၅)ပါး၏အချုပ် သမုဒ္ဒာန်(၈)ပါး ဖြစ်လေရာ နတ်ဒေဝတာများ၏ တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ဆက်နွှယ်သောဂဏန်းဖြစ်သည်။

(၈)ဂဏန်းမှာ အထူးပင် သတိဝီရိယဖြင့် ထိန်းသိမ်းအသုံးချနိုင်ပါက အလွန် အကျိုးများစေသည်။ တောနက်တွင်းမှ မြင်းရိုင်းအား ယဉ်ပါးအောင် လေ့ကျင့်မွေးမြူကာ အသုံးပြုသကဲ့သို့ တူညီလေသည်။

တရုတ်ဗုဒ္ဓဘာသာ အယူအဆအရ သာသနာ့ဘောင်တွင် ရတနာ(၈)ပါး ရှိသည်ကို အစွဲပြု၍ (၈)ဂဏန်းကို မြင့်မြတ်သည့် ဂဏန်းဟုလည်း ယူဆကြသည်။ စုံလင်ခြင်းအနက်ဖြင့်လည်း သုံးကြသည်။

### (၉)ဂဏန်း



**(၃)ကို ဆပွားခြင်း**(၃×၃=သုံးသုံးလီ) ဖြစ်ရာ ကမ္ဘာလောကသုံးပါးကို ကိုယ်စားပြုသည့် သင်္ကေတဖြစ်သည်ဆို၏။ **(လောကသုံးပါး အသေးစိတ် တစ်ခုချင်းကို ရှင်းပြထားခြင်းမရှိပါ။)**

ခုကိန်းချည်းသာရှိသော ဂဏန်းခြေများ အစီအစဉ်တွင် နောက်ဆုံးအဆုံးသတ်ဂဏန်းဖြစ်သည်။ ဂဏန်းဗေဒင်တွင် ပင်ပန်းဆင်းရဲမှုကို ကိုယ်စားပြုသည်။

**ဟေဗြဲရှေး**(Heberews) လူမျိုးများက (၉)ဂဏန်းသည် အမှန်တရား၏ သင်္ကေတ ဖြစ်သည်ဟု ဖွင့်ဆိုကြသည်။

တရုတ်လူမျိုးတို့က ရှည်ကြာခြင်းဟု သတ်မှတ်သည်။ (၉)ဂဏန်း(Jiǔ)နှင့် ရှည်ကြာခြင်း''ကျို''(Jiǔ)တို့ အသံထွက် တူညီသောကြောင့် ဖြစ်သည်။ အထပ်ထပ်အရစ်ရစ် ဖြစ်ပေါ်ဖွံ့တည်ခြင်းကိုလည်း ညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၀)ဂဏန်း

10

ပေါင်းစည်းခြင်း၏ အပြန်ခရီးဟု ဖွင့်ဆိုသည်။ ပြီးပြည့်စုံခြင်းအနက် ဆောင်သည်။ (10)ဟူသော ဂဏန်း ရေးသားပုံအရ လက်ထပ်ထိမ်းမြားခြင်း ကိုလည်း ကိုယ်စားပြုသည့် သင်္ကေတ ဖြစ်သည်။

တရုတ်တို့ကလည်း ပြီးပြည့်စုံခြင်း အနက်ဆောင် သုံးနှုန်းကဲ့သို့ အစစ်အမှန်ဖြစ်ခြင်း၊ ပြည့်ဝခြင်း အဓိပ္ပာယ်ဟုလည်း ယူဆကြသည်။ ကြက်ခြေခတ်ခြင်းကိုလည်း သုံးသည်။ **ဟဲရှီ**(Hé Shí)ဟူသော ဝေါဟာရသည် **စုပေါင်းသင့်မြတ်သောတစ်ဆယ်**ဟု တိုက်ရိုက်အနက် ရှိသော်လည်း ရှိနိုးပူဇော်သည်ဟူသော အဓိပ္ပာယ်ဖြင့် သုံးနှုန်းသည်။

သံလွင်ပင်



သံလွင်ပင်၊ သံလွင်ရွက်၊ သံလွင်သီး စသည် သံလွင်ပင်နှင့် အစိတ်အပိုင်း အားလုံးတို့သည် ငြိမ်းချမ်းရေး၏ သင်္ကေတဖြစ်သည်ဆို၏။

ဤအယူအဆသည် ရှေးဟောင်းရိုမန်လူမျိုးများက စတင်ခဲ့သော်လည်း ဥရောပနှင့် အရှေ့တိုင်းနိုင်ငံအချို့တွင်လည်း သံလွင်ကို ငြိမ်းချမ်းရေးနှင့် ယှဉ်တွဲရှုမြင် အသုံးပြုတတ်ကြလေသည်။

ရေဘဝဲ



ရှေးဟောင်းအဏ္ဏာရီလာ ငါးနဂါးကြီးများကဲ့သို့ နက်နဲလှသော သဘောဆောင်သည့်သင်္ကေတ ဖြစ်သည်။

သူ၏ ပုံသဏ္ဌာန်က ပင့်ကူအိမ်ကဲ့သို့ လက်တံဖြန့် ရစ်ခွေထားသည့်ပုံစံရှိလေရာ စိတ်တန်ခိုး ဣဒ္ဓိပါဒ်ဆိုင်ရာ ဗဟိုချက်နှင့် ရုပ်သိမ်း၍ မရနိုင်သော ဖန်ဆင်းမှု၏ သင်္ကေတဟု အဓိပ္ပာယ်ဖွင့်သည်။

ထာဝရဘုရားသခင် ဖန်ဆင်းရှင်နှင့် ဆက်စပ်သောသင်္ကေတ ဖြစ်သည်။

တရုတ်ဓလေ့တွင်လည်း လျှို့ဝှက်နက်နဲသော သဘောဆောင်၍ **'ခါးပတ်ရှစ်ချောင်းငါး'**ဟုလည်း ခေါ်ဝေါ်ကြလေရာ **ပါးကွာ**ခေါ် သမုဒ္ဒရာန်(၈)ခုနှင့်လည်း ဆက်စပ်သော သင်္ကေတ ဖြစ်လေသည်။

အဘိုးအို



မြင့်မြတ်ခြင်းနှင့် ဦးစီးရှေ့ဆော[...] ဖြစ်ခြင်း၏သင်္ကေတ ဖြစ်သည်။ ဘ[...] ပေးအခြေအနေများစွာ၊ အဖြစ်သ[...] များစွာ ကျော်ဖြတ်ရင်ဆိုင်ခဲ့ပြီးဖြစ်သေ[...] အတွေ့အကြုံရင့် လူသားတစ်ဦး[...] ကိုယ်စားပြုခြင်း ဖြစ်သည်။

**'ဟိုး ရှေးရှေးတုန်းက'**ဟူသေ[...] အချိန်ညွှန်းပုဒ် တစ်ခုလည်းဖြ[...] ထုသားပေသားရှိခြင်း၊ ကျွမ်းဝင်က[...] လည်ခြင်း၊ လုပ်သက် အတွေ့အ[...] သဘာရင့်ခြင်းတို့ ကိုယ်စားပြုသေ[...] အမှတ်အသားလည်းဖြစ်သည်။

တရုတ်ဓလေ့တွင်ကား မိမိထ[...] တစ်ရက်၊ တစ်နံနက်ကြီးသူကို[...] လေးစားရိုသေရှိခိုးလေရာ အဘိုး[...] သည်ကား အလေးအနက်ပြု ရိုသေ[...] သော ကိစ္စများအတွက် အထူးအ[...] အသားဖြစ်သည်။

ဘိုးဘေးကိုးကွယ်မှု အစဉ်အ[...] အရ ယုံကြည်ကိုးစားသော [...] ဒေဝတာများကိုလည်း အဘိုး[...] တင်စားသုံးနှုန်းလေ့ရှိသည်။

**ဥပမာ ။ ။** ဝသုန္ဓရေ ရေမြေ[...] နတ်မင်းကို **ထုတိကုန်း**(Tǔ Dì G[...] ဝသုန္ဓရေဘိုးဘိုး၊ ကောင်းကင်နတ်[...] ကြီး **ယွီဟွမ်းရှန့်တိ**(yù Huáng S[...] Dì)ကိုလည်း **ကောင်းကင်ဘိုး**[...] **ထျန်းကုန်း**(Tiān Gōng)ဟု ခေါ်[...] သုံးနှုန်းကြလေသည်။

သမုဒ္ဒရာ

လွှမ်းမိုးခြယ်လှယ်ခြင်း သ[...] ဆောင် သင်္ကေတဖြစ်သည်။ [...] ပထဝီအနေအထားအရ **သမု[...] သည် ကုန်းမြေ(တိုက်များ၊ [...] များအားလုံး)**ကို ဝန်းရံသိုင်း[...] သောကြောင့်ဖြစ်သည်။ တစ်[...] အားဖြင့်...



www.burmeseclassic.com

www.burmeseclassic.com

ကိုင်တွယ်ထိတွေ့နိုင်သော အစိုင်အခဲ ဒြပ်ထုနှင့် ကိုင်တွယ်၍မရ အကောင်အထည် မဖော်ပြနိုင်သော လေနှင့် ဓာတ်ငွေ့များကဲ့သို့ အရာဝတ္ထုများ၏ ကြားခံနယ်မြေ ပြောင်းလဲဖြစ်တည်မှု အခြေအနေကိုလည်း ဖော်ပြသည်။

အလှမ်းကျယ်လှသော်လည်း အနားသတ်ပမာဖြစ်သည့် ကမ်းခြေရှိ၍ ပုံဖော်၍မရ ရေတွက်၍ မရနိုင်သော ရေပြင်တို့ ပေါင်းစည်းမှုကြောင့် ဖြစ်သည်။

စကြဝဠာကြီး၏ ကြေးမုံပြင်ဟုလည်း ဆိုကြသည်။ စကြဝဠာကြီးအတွင်း၌ ဒြပ်ထု၊ အမှုန်ကလေးများ ပေါင်းစည်းကာ ဂြိုဟ်များ၊ ထိုဂြိုဟ်များ ကွဲကြေပျက်စီးမှုကြောင့် ကွဲပြားပြန့်ကြဲသွားရသည့် ဥက္ကာပျံများ စသည်တို့ ပေါင်းစုပါဝင်နေသကဲ့သို့ သမုဒ္ဒရာအတွင်း၌လည်း တစ်စက်ချင်းကျသော ရေစက်များမှ စုစည်းကာ မြောင်း၊ စမ်း၊ မူး၊ ချောင်း၊ မြစ်၊ ပင်လယ် စသည်တို့ ပြောင်းလဲဖြစ်ပေါ်လာပြီးနောက် သမုဒ္ဒရာ ဖြစ်တည်လာခြင်းကြောင့် ဖြစ်လေသည်။

**(မြန်မာဝေါဟာရတွင် ရေစက်များ စုပေါင်းကာ စီးဆင်းလာသော မြေချိုင့်ရိုးကို မြောင်း၊ ရေများ စိမ့်ထွက်လာရာနေရာကို စမ်း၊ မြောင်းနှင့် စမ်းတို့ထက်ကြီးသော ရေစီးရာလမ်းကို မူး၊ မူးထက်ကြီးသော် ချောင်း၊ ထိုမှ မြစ်၊ ပင်လယ် စသည်ဖြင့် ရေအား စုပေါင်းကြီးမား များပြားလာသည်နှင့်အမျှ လက်ခံသယ်ဆောင်ပေးရသော မြေချိုင့်ရိုးကို ဝေါဟာရများ တပ်၍ ခေါ်ဆိုကြသည်။**

**"မူး"ဟူသော ဝေါဟာရမှာ (၂၁)ရာစုတွင် အတန်ပင် အသုံးနည်းသွားပြီ ဖြစ်သည်။ မူးသည် ချောင်းငယ်ဖြစ်သည်။ မမြင်ဘူး မူးကိုမြစ်ထင်ဟု ဆိုစကားရှိ၏။**

**ဒေသန္တရပဟုသုတ နည်းပါးသူသည် မူး(ချောင်းငယ်)ကိုပင် မြစ်ဟုထင်သည်။(မြစ်ကို မမြင်ဘူးသောကြောင့်ဖြစ်သည်။)ဟု ဆိုခြင်းဖြစ်သည်။ မိမိ ကျင်လည်ကျက်စားရာ အသိုင်းအဝန်း ငယ်ငယ်ကွက်ကွက်ကလေး၌ပင် လူတွင်ကျယ်လုပ်ကာ မိမိကိုယ်ကို အထင်ကြီး မာန်တက်နေသူတို့အား ဆုံးမသတိပေးခြင်းဖြစ်၏။)**

ဘဝရှင်သန်ရေးအတွက် လှုပ်ရှားရုန်းကန်ကြိုးစားနေကြရသော လူ့လောကဖြစ်စဉ်အဖြစ်လည်း သမုဒ္ဒရာကို တင်စားကြသည်။ သမုဒ္ဒရာတွင်းရှိ ရေများသည် သာမန်အားဖြင့် **'ရေ'**ဟုသာ ဆိုသော်လည်း အပေါ်ယံ ရေတိမ်ပိုင်းမှ ရေများသည် လေပြင်၊ မြေပြင်မှလာသော ဒြပ်ထု၊ အညစ်အကြေးများစွာ ပါဝင်မျောပါစိမ့်ဝင်နေကြသည်။

လှုပ်ရှားသောသဘော ရှိသည်။ ရေအောက် မီတာ အတန်များများဆီသို့ ဆင်းသက်ပါက သန့်ရှင်း၍ ငြိမ်သက်သော အလယ်ပိုင်း ရေလွှာသို့ ရောက်ရှိပါမည်။ သက်ရှိသတ္တဝါများ ကောင်းစွာ ရှင်သန်မြူးထူး ပျော်ပါးကြသည်။ နွေးထွေးသောသဘော ရှိသည်။

သမုဒ္ဒရာကြမ်းပြင်အနီး အောက်ဆုံးရေလွှာကား အေးစက်သည်။ သတ္တဝါများ အသက်ရှင်နေထိုင်နိုင်ခြေနည်းပါးသည်။ လျှောင်များ ရေအောက်မြေပြတ် ရွှေ့ကြောင်းများ စတင်ရာနေရာဖြစ်သောကြောင့် ကြောက်မက်ဖွယ်အန္တရာယ် များပြားလှသည်။

ဤသို့ ရှုံးစင်းသော ကွဲပြားမှုအပြင် သမုဒ္ဒရာပြင်အတွင်း နက်နဲသော အရာများလည်း များစွာရှိကြသည်။ အလားတူပင် လောကကြီးအတွင်း၌လည်း မြင်သာသော အခြေအနေ အမျိုးမျိုးအပြင် လျှို့ဝှက်နက်နဲသော ဖြစ်စဉ်များစွာ ပါဝင်ဖြစ်ပျက်နေကြပေသည်။

ထို့ကြောင့် သမုဒ္ဒရာသည် လွှမ်းမိုးခြယ်လှယ်ခြင်း၊ ပြောင်းလဲခြင်း၊ ကျယ်ပြောခြင်းနှင့် သာမန်အားဖြင့် သိရန်ခက်ခဲသော လျှို့ဝှက်များစွာ တည်ရှိနေခြင်း၏သင်္ကေတ ဖြစ်သည်။

**ကျွန်းများကား** (သမုဒ္ဒရာတွင်းရှိ) သမုဒ္ဒရာ၏ ဆန့်ကျင်ဘက်သဘောဆောင်သည်။ အန္တရာယ် များပြွန်းလှသော သမုဒ္ဒရာတွင်း၌ ဘေးလွတ်ကင်းရာ ကွန်းခိုစရာနေရာ ဖြစ်သည်။ ထို့ကြောင့် ကျွန်း၏ သင်္ကေတသဘောသည် သမုဒ္ဒရာ၏ ဖွင့်ဆိုချက်များအား အန်တုဖက်ပြိုင်ခြင်းအနက် ဆောင်လေသည်။

တရုတ်ဓလေ့တွင်လည်း သမုဒ္ဒရာကို ကမ္ဘာလောကဟု တင်စား၍ **စီရှဲဟိုင်**(Sì Hái)**(သမုဒ္ဒရာလေးစင်း)** ဟူသည် **"ကမ္ဘာလောကအနှံ့"**ကို ရည်ညွှန်းသုံးနှုန်းခြင်း ဖြစ်သည်။

ကျွန်းသည်လည်း ထုထောင်းဆောင့်နက်ခြင်း၊ နှောင့်ယှက်ခြင်း အဓိပ္ပာယ်ရသော တောင်(Dão) ဝေါဟာရနှင့် အသံထွက်ချင်း တူညီပေသည်။ ရေးထုံးမှာ ကျွန်း(島)တွင် ပြုလုပ်မှု အနက်ပြလက် သင်္ကေတ(扌) ပေါင်းစပ်ကာ (搗)ဟူ၍ ရေးသားကြ၏။

**ဟူဂျင်းဗီ**

www.burmeseclassic.com

သု–ရှစ်ချက်ဂါထာနှင့်

# သုဂတော့ဂုဏ်တော်များ

အုံကြွယ်





ရုံးပိတ်ရက်နှင့် ဥပုသ်နေ့ တိုက်ဆိုင်သည့်နေ့ တစ်နေ့တွင် သိမ်ကျောင်း ဆရာတော်ထံ သွားရောက်၍ ဥပုသ်သီလ ဆောက်တည်ခဲ့သည်။ မှတ်မှတ်ရရ ထိုနေ့မှာ (၂၀–၅–၂၀၁၂) မြန်မာ သက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ကဆုန်လကွယ်)နေ့ တနင်္ဂနွေနေ့ဖြစ်သည်။

**ထို သိမ်ကျောင်းလေးမှာ ကယား ပြည်နယ်၊ ဖားဆောင်းမြို့တွင်ရှိပြီး ဆရာတော်၏ ဘွဲ့မည်ရည်မှာ ဦးအာဒိစ္စ''**ဖြစ်သည်။

ဆရာတော်မှာ ငယ်ဖြူဖြစ်၍ ယခုအခါ သက်တော်(၆၂)နှစ်၊ ဝါတော်(၄၂) ဝါရှိပြီဖြစ်သည်။ ယခင်က တစ်ပါးတည်း ကေစာဖြင့် တောရဆောက်တည် ကျင့်ကြံခဲ့သူ ဖြစ်သည်။

ဆရာတော်၏ ပရိယတ်၊ ပဋိပတ် ကျင့်ကြံအားထုတ်မှုနှင့် တပည့်ဒကာတို့၏ ကြည်ညိုလေးစားမှုဂုဏ်တို့ကြောင့် နိုင်ငံတော်မှ ၂၀၀၆ ခုနှစ်တွင် ''သဒ္ဓမ္မဇောတိကဓဇ'' ဘွဲ့တံဆိပ်ကို ဆက်ကပ်ခဲ့ပါသည်။

ဆရာတော်ထံမှ (၉)ပါးသီလ ခံယူဆောက်တည်၍ ချီးမြှင့်သည့် တရားတော်များကို နာကြားပြီးနောက် ဆရာတော်၏ ဆုံးမသြဝါဒကို ခံယူခဲ့ပါသည်။

'ဒကာကြီးလဲ ရုံးတာဝန်တစ်ဖက် ထမ်းဆောင်နေရတာမို့ လောဘ၊ ဒေါသ၊ မောဟတွေ မကင်းနိုင်သေးဘူး။ ကောင်းတဲ့စိတ်ကလေးထားပြီး တရားနဲ့အညီ ဆောင်ရွက်ရင် ကုသိုလ်ရပါတယ်။

အလုပ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေ အပေါ်မှာ ကောင်းတဲ့စေတနာထားပြီး လုပ်ကိုင်ဆောင်ရွက်သွားဖို့ ဘုန်းကြီးက မှာချင်တယ်'

ဟု ဆရာတော်က လမ်းညွှန်ခဲ့ပါသည်။

'တင်ပါ့ဘုရား တပည့်တော်လဲ တတ်နိုင်သမျှ တရားနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ် ဘုရား။ ပုထုဇဉ်ပီပီ တစ်ခါတစ်ရံတော့ လောဘ၊ ဒေါသ၊ မောဟ မီးတွေ ဖြစ်တတ်ပါတယ် ဘုရား။

တပည့်တော်တို့အတွက် မီး(၁၁)မီးကို ငြိမ်းစေမယ့် ကျင့်စဉ်များ၊ ဂါထာများကိုလဲ ချီးမြှင့်ပေးပါရန် လျှောက်ထားအပ်ပါသည် ဘုရား'

ဟု ကျွန်တော်က ပြန်လည်လျှောက်ထားခဲ့ပါသည်။

'မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး နှုတ်မြွက်ဟောကြားခဲ့တဲ့ တရားတော်များ၊ ကျင့်စဉ်များ၊ ဂါထာတော်ဆိုတာ အကောင်းချည်းပါပဲ။ ယုံကြည်မှုသဒ္ဓါတရားက အရေးကြီးတာပါ။

ဘုန်းကြီးအခု ချီးမြှင့်ပေးမယ့် ဂါထာကတော့ **''ပုဗ္ဗဏှသုတ်လာ သုရှစ်ချက်ဂါထာ''**တော်ပဲ။ ဒကာတို့လဲ ရပြီး ဖြစ်မှာပါ'

ဟု မိန့်ကြားလျက် အောက်ပါ ''သုရှစ်ချက်'' ဂါထာကို ရွတ်ဖတ် ပူဇော်ပေးခဲ့ပါသည်။

'သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု'

ခက်ခဲသော ပါဠိအသံထွက်

**သုနက္ခတ္တံ** = သုနက်ခတ်တံ
**သုမင်္ဂလံ** = သုမင်ဂလံ



www.burmeseclassic.com

www.burmeseclassic.com

**သုပ္ပဘာတံ** = သုပ်ပဘာတံ
**သုဟုဋ္ဌိတံ** = သုဟုတ်ထိတံ
**သုမုဟုတ္တောစ** = သုမုဟုတ်တောစ
**သုယိဋ္ဌံ** = သုယိတ်ထံ
**ဗြဟ္မစာရိသု** = ဗြမ်မစာရိသု

အနက်

(**ယသ္မိံဒိဝသေ၊** အကြင်နေ့၌။ **တယောသုစရိတဓမ္မေ၊** သုစရိုက်တရားသုံးပါးတို့ကို။ **ပရိပူရေန္တိ၊** ဖြည့်ကျင့်ကြကုန်၏။ **သောဒိဝသော၊** ထိုနေ့သည်။) **သုနက္ခတ္တံ၊** နက္ခတ်အပေါင်း မကောင်းမရှိ အကောင်းအတိသာတည်း။ **သုမင်္ဂလံ၊** အမင်္ဂလာဘယ်ခါမရှိ ကောင်းမြတ်သော မင်္ဂလာအတိသာတည်း။ **သုပ္ပဘာတံ၊** အပြစ်ကင်းခြင်းကောင်းသော မိုးလင်းခြင်းပင်တည်း။ **သုဟုဋ္ဌိတံ၊** သာယာသန့်ရှင်းကောင်းသောအိပ်ရာမှ ထရခြင်းပေတည်း။

**သုခဏော၊** သာယာရွှင်ပျ ကောင်းသောခဏပေတည်း။ **သုမုဟုတ္တောစ၊** မုဟုတ်တိုင်းမှာ အကောင်းချည်းသာတည်း။ (**တသ္မိံဒိဝသေ၊** ထိုသုစရိုက်ကျင့်ရာ နေ့အခါ၌။) **ဗြဟ္မစာရိသု၊** မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူပုဂ္ဂိုလ်တို့၌။ **ယိဋ္ဌံ၊** လှူအပ် ပူဇော်အပ်သော အလှူသည်။ **သုယိဋ္ဌံ၊** အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

'အဓိပ္ပာယ်ကတော့ ကောင်းမြတ်သော အကျင့်ကို ကျင့်သူတွေအဖို့ ကောင်းသော နက္ခတ်ကြုံရမယ်။ ကျက်သရေမင်္ဂလာရှိမယ်။ ကောင်းစွာအိပ်စက်နိုးထ မိုးလင်းရမယ်။ ကောင်းသောအချိန်အခါများသာဖြစ်ပြီး အမြဲတမ်း ကောင်းသောပူဇော်ခြင်းကို ဖြစ်စေပါတယ်လို့ အဓိပ္ပာယ်ရတယ်။

ဒီဂါထာဟာ ဘုရားရှင်ရဲ့ နှုတ်ထွက်



ဟောကြားခဲ့တာမို့ အလွန်တန်ခိုးကြီးလှပါတယ်။ အမြဲမပြတ် ရွတ်ဖတ်သင့်တဲ့ ဂါထာတော်ကြီးပဲကွယ့်'

ဟု ဆရာတော်က အမိန့်ရှိခဲ့ပါသည်။

'မှန်ပါ့ဘုရား မွန်မြတ် အကျိုးရှိလှပါတယ် ဘုရား။ တပည့်တော် အမြဲရွတ်ဆိုနေတဲ့ သုဂတော(၅)ချက် ဂါထာလဲ ရှိသေးတယ်ဘုရား'

ဟု လျှောက်တင်ရာမှာ ဆရာတော်က "ရွတ်ဆိုပြစမ်းပါ"ဟု အမိန့်ရှိတာကြောင့် ကျွန်တော်က...

သုဂတော သုဂတဋ္ဌာနံ
သုဂတော သုန္ဒရမ္ဗိစ၊
နိဗ္ဗာနံ သုဂတောယာတိ၊
သုဂတောတေ နမော နမာ။

အနက်

**သုဂတဋ္ဌာနံ၊** ကောင်းမြတ်သော ဌာနသို့။ **သုဂတော၊** ကောင်းစွာ ကြွတော်မူတတ်သော။ **သုန္ဒရမ္ဗိစ၊** ကောင်းမြတ်သော စကားကိုလည်း။ **သုဂတော၊** ကောင်းစွာ မြွက်ကြားတော်မူတတ်သော။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွမြန်းတော်မူ၏။ **သုဂတော၊** သုဂတဂုဏ်ရှင် မြတ်စွာဘုရား။ **တေ၊** အရှင်ဘုရားအား။ **နမာ၊** ညွှတ်ကိုင်းလျက်။ **နမော၊** ရှိခိုးပါ၏။

ဆိုသည့် သုဂတော(၅)ချက် ဂါထာကို ရွတ်ဆိုခဲ့ရပါသည်။

ဆရာတော်က...

'အေး... သုဂတော(၅)ချက် ဘေးရန်ပျက်၊ သုဂတော(၅)ချက် ကောင်းကျိုးဖက်လို့ ဆိုသဗျ။ ကျေးဇူးရှင် အမရပူရ ဒုတိယ ကျော်အောင်စံထား ဆရာတော်ကြီးဆိုရင် ဒီဂါထာကို မပြတ်ရွတ်ပြီး အဲဒီခေတ်က အလွန်တရာ ဝေးလံသီခေါင်တဲ့ပြင် အန္တရာယ်များလှတဲ့ ကျိုက်ထီးရိုးတောတောင်တို့၊ အလောင်းတော် ကဿပတောင်တော်တို့ကို ရောက်အောင် ဒေသစာရီ လှည့်လည်သွားပြီး တရားကျင့်ကြံအားထုတ်ရင်း ထွက်ရပ်စခန်း မြန်းခဲ့တယ်လို့တောင် ဆိုခဲ့ကြတယ်။

မူရင်း "သုဂတော"ဂုဏ်တော်ရဲ့ အဓိပ္ပာယ်ကိုက ဟုတ်မှန်ကျိုးရှိ မှန်ဘိစကားကိုသာ ပြောဆိုတော်မူ၍ နိဗ္ဗာန်သို့ ကြွတော်မူပါပေသည်လို့ ဆိုထားတာမို့ စကားအရာမှာ အောင်မြင်နိုင်စေတဲ့ အကျိုးထူးကို ရစေတာပေါ့။

ဒကာကြီးက ပြောဆိုလာတာမို့ တစ်လက်စတည်း ဘုန်းကြီး အမြဲရွတ်ဆို ပူဇော်နေတဲ့ **"သုဂတော ဂုဏ်တော် ရှိခိုးဂါထာ"**တစ်ပုဒ်ကိုလဲ ပေးလိုက်မယ်။ **"သုဂတော(၈)ချက် ဂါထာ"**လို့လဲ ခေါ်တယ်'

'တင်ပါ့ဘုရား တပည့်တော်တို့လဲ သိရှိမှတ်သား နာကြားပါရစေဘုရား'

လျှောက်ထားခဲ့ရာ ဆရာတော်မှ အောက်ပါ "သုဂတော(၈)ချက် ရှိခိုးဂါထာ"ကို ရွတ်ပွား ပူဇော်ချီးမြင့်ခဲ့ပါသည်။

သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော လောကနာယကော၊
သုဂတော နာထော လောကေ၊
သုဂတော မာရဝိဇယော၊

www.burmeseclassic.com

သုဂတော သုဂတံ ဌာနံ
သုဂတော သုန္ဒရံပိစ။
သုဂတော နိဗ္ဗာနံ ယာတိ၊
သုဂတော နာမ တေ နမော။

အနက်

**သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူကုန်၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **လောကနာယကော၊** လောက၏ ရှေ့ဆောင်နာယက ဖြစ်တော်မူ၏။ **လောကေ၊** လောက၌။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နာထော၊** ကိုးကွယ်ရာဖြစ်တော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **မာရဝိဇယော၊** မာရ်ငါးပါးကို အောင်တော်မူ၏။

**သုဂတော၊** မြတ်စွာဘုရားသည်။ **သုဂတံ၊** ကောင်းသောသူတို့၏ ကြွသွားရာဖြစ်သော။ **ဌာနံ၊** နိဗ္ဗာန်အရပ်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **သုန္ဒရံပိစ၊** ကောင်းသောနိဗ္ဗာန်သို့လည်း။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတော၊** မြတ်စွာဘုရားသည်။ **နိဗ္ဗာနံ၊** နိဗ္ဗာန်သို့။ **ယာတိ၊** ကြွသွားတော်မူ၏။ **သုဂတောနာမ၊** သုဂတမည်သော။ **တေ၊** အရှင်ဘုရားအား။ **နမော၊** ရှိခိုးပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

ဆက်လက်ပြီး ဆရာတော်က ...

'အဓိပ္ပာယ်ကတော့ ကောင်းသောစကားကို ပြောဆိုတော်မူသော မြတ်စွာဘုရားသည် နိဗ္ဗာန်သို့ ကြွသွားတော်မူပါပေ၏။

ဘုရားရှင်သည် လောကသုံးပါး၏ အကြီးအမှူး ဖြစ်ပါပေ၏၊ အရှင်သခင် ဖြစ်ပါပေ၏၊ ပညာကြီးသူ ဖြစ်ပါပေ၏။ ထိုမြတ်စွာဘုရားရှင် အရှင်မြတ်ကြီးအား ရှိခိုးပါ၏လို့ ဒကာတို့နားလည်အောင် အနက်ကို ချဲ့ပြောလိုက်တာပဲ။

ဒီဂါထာကို ရွတ်ဖတ်သရဇ္ဈာယ်ရင် 'စီးပွားချမ်းသာ' တိုးတက်ပြီး လာဘ်လာဘတွေ ပေါများရစေမယ်၊ ပြောတိုင်းအောင်မယ်၊ အကြီးအမှူးဖြစ်စေမယ်ဆိုတဲ့ အကျိုးထူးတွေကို ရစေတယ်ဗျ။

ဘုန်းကြီးကတော့ ကြီးပွားချမ်းသာ လာဘ်လာဘတွေရဖို့ မဟုတ်ဘဲ နိဗ္ဗာန်ရောက်ကြောင်း တရားအတွက် အမြဲမပြတ် ရွတ်ဆိုနေတာပဲကွယ့်'

ဟု **"သုဂတော(၈)ချက် ရှိခိုးဂါထာ"**၏ အဓိပ္ပာယ်နှင့် အကျိုးသွားကို အမိန့်ရှိခဲ့ပါသည်။

ကျွန်တော်က...

'အရှင်ဘုရား... ကနေ့ ဥပုသ်နေ့ အခါသမယမှာ နဝင်္ဂဥပုသ်ဆောက်တည်နိုင်တဲ့ အကျိုးကျေးဇူးကို ရခဲ့သလို ဘုန်းဘုန်း ဟောပြော ရှင်းပြပေးခဲ့တဲ့ သု(၈)ချက်ဂါထာ၊ သုဂတောဂါထာတွေကို နာကြား မှတ်သားရတဲ့အတွက် အတိုင်းမသိ ကျေးဇူးကြီးလှပါတယ် ဘုရား။

တပည့်တော်တို့လဲ ကောင်းသောစကားများသာ ပြောဆိုပြီး ကောင်းသော အကျင့်အကြံများကိုသာ တတ်စွမ်းသမျှ အားထုတ် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါတယ်ဘုရား'

ဟု လျှောက်ထားရင်း ညနေပိုင်းတွင် တရားနာ သီလဆေး၍ ကောင်းသော ဥပုသ်ရက်ကို ကောင်းမွန်စွာဖြတ်သန်းနိုင်ခဲ့ပါတော့သည်။

အံ့ကြွယ်

စာ
မေး
ပို့
လို့
ရ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၄၄



www.burmeseclassic.com

www.burmeseclassic.com

စာရှုသူ သုတေသီနှင့် ဝါသနာရှင်အပေါင်းတို့ခင်ဗျား...

အင်းပညာရပ်ကြီးမှာ တကယ်လျှို့ဝှက်နက်နဲလှသော ပညာရပ်ကြီး ဖြစ်ပါသည်။ ယခင်ခေတ်အခါက အင်းပညာကျမ်းများ အများအပြား ထွက်ရှိခဲ့ပါသည်။ သို့သော် ၁၉၆၂ ခုနှစ် နောက်ပိုင်း စာပေမူဝါဒများကြောင့် ဤပညာရပ်ကြီးကို တင်ပြခွင့် မရတော့ပါ။


ယနေ့အချိန်ထိ နှစ်ပေါင်း (၅၀)ကျော်မျှ ကြာသွားခဲ့ပါသည်။ ပညာမျိုးဆက်လည်း ပြတ်သွားသလို ဖြစ်သွားပါသည်။ သို့သော် ကံကောင်းထောက်မစွာပင် အင်းပညာရပ်ကြီးအား ပြန်လည်ဖော်ပြခွင့် ရရှိလာပြီ ဖြစ်ပါသည်။

ကျွန်တော်တို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၏ မူဝါဒအတိုင်း တိမ်မြှုပ်ပျောက်ကွယ်နေသော ရှေးဟောင်းပညာရပ်များ၊ နက္ခတ္တပညာများ၊ ဗေဒင်,မဟာဘုတ်,အင်္ဂဝိဇ္ဇာ,ဆန်းပညာရပ်များ၊ ကျင့်စဉ်များ၊ တိုင်းရင်းဆေးပညာရပ်များ၊ ဆေးဖက်ဝင်သီးပင်စားပင်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ သိုင်းပညာရှင်များ၊ ဂမ္ဘီရအသိအတတ်ပညာရှင်များ၊ ပုဂ္ဂိုလ်ထူးများ စသည့် ...စသည်တို့နှင့် ပညာရပ်မျိုးစုံတို့အား နက္ခတ္တရောင်ခြည်မဂ္ဂဇင်း သက်တမ်း(၂၈)နှစ်အတွင်း စွမ်းနိုင်သမျှ ဖော်ထုတ်တင်ပြခဲ့ကြောင်း စာဖတ်ပရိသတ်ကြီး အသိ ဖြစ်ပါလိမ့်မည်။

ယခုလည်း အင်းပညာ စိတ်ဝင်စားသူများအတွက် အခြေခံမှစ၍ ပို့ချပေးရန် ဆရာကြီး ဆရာစော(အင်းတစ်ထောင်)အား မေတ္တာရပ်ခံ အကူအညီတောင်းပြီး ဤကဏ္ဍကို စတင်လိုက်ပါပြီ။ အင်းပညာ စိတ်ဝင်စားသူများကိုယ်စား ဆရာကြီးအား အထူးကျေးဇူးတင်ရှိပါကြောင်း အသိပေးအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



# ပြန့်မှုအင်းပညာ (၁)

ဆရာစော ( အင်းတစ်ထောင် )

'ဦး ကျွန်တော်ရောက်လာပြီ'

'အေး အေး လာဟေ့'

တစ်နေ့ ကျွန်ုပ်၏ တူတော်မောင် မောင်အောင်မျိုး ရောက်လာသည်။ သူသည် အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မသောက်၊ လောင်းကစား ဝါသနာမပါ၊ မိန်းကလေးကိစ္စလည်း ရိုးသော လူပျိုကြီးတစ်ယောက် ဖြစ်သည်။ ဘုရားအလုပ်၊ တရားအလုပ် များလည်း လုပ်သည်။

သူ့အား နံနက်ပိုင်း၌ ဂုဏ်တော် ကွန်ချာ ပုတီး(၉)ပတ်၊ နေ့လယ်၌ တဟီတဟီ ဂါထာတော်ဖြင့် ပုတီး(၃) ပတ်၊ ညဥ့် ဂုဏ်တော်ကွန်ချာဖြင့်ပင် ပုတီး(၉)ပတ်တို့ဖြင့် (၂၇)ရက် အဓိဋ္ဌာန် ဝင်ခိုင်းထားရာ အဓိဋ္ဌာန်ပြီးမြောက်ပြီး နောက်တစ်ရက်ဖြစ်၏။ ဒီနေ့သည် မောင်အောင်မျိုးအား အင်းပညာ စတင် သင်ကြားပေးမည့်နေ့ပင်။

'မနေ့ကပဲ အဓိဋ္ဌာန် အောင်အောင် မြင်မြင် ပြီးသွားပြီဦး'

'ကောင်းပါလေ့၊ ဦးကိုလဲ ကုသိုလ် ကောင်းမှု အမျှဝေပါဦး'

ကျွန်ုပ်၏စကားကြောင့် မောင်အောင် မျိုးတစ်ချက်မျှ ကြောင်သွား၏။ လူချင်း မျက်နှာချင်းဆိုင်ကာ အမျှတောင်းနေ၍ ထူးဆန်းသွားပုံရသည်။

'ကောင်းမှုကုသိုလ်တွေကို အမျှပေး ဝေတာ မျက်ကွယ်မှာရှိနေတဲ့ ဝေနေယျ သတ္တဝါတွေကိုသာ မကဘူးကွယ့်။ မျက်မှောက်မှာရှိနေတဲ့ ပုဂ္ဂိုလ်သတ္တဝါ တွေ အားလုံးကိုလဲ အမျှပေးဝေလို့

www.burmeseclassic.com

ရတယ်။ အခုလို အမျှတောင်းခံသူ ရှိလာရင် ပိုပြီးတောင် ဝမ်းမြောက်ရတယ်။ တောင်းသူရော ပေးသူမှာပါ အကျိုးများတယ်'

'ရှုတ်တရက်မို့ပါဦး... ကျွန်တော် သဘောပေါက်ပါတယ်။ ကျွန်တော် ပြီးမြောက်ခဲ့တဲ့ အဓိဋ္ဌာန်ရက်အတွင်းက ရလာမယ့် ကုသိုလ်ကောင်းမှုအစုစုကို ဦးကိုလဲ ပေးပါတယ်'

'အေးကွယ် သာဓု...သာဓု...သာဓု'

'ဒီနေ့ပဲ စ,သင်ပေးမှာလားဦး'

'အေး စ,ကြတာပေါ့။ တို့ရဲ့ အင်းပညာ မြန်မာတို့မှာသာရှိတဲ့ မြန်မာ့ အင်းပညာဟာ ဟိန္ဒူတို့ဆီက ဗြာဟ္မဏ ဝါဒတွေဆီက ဆင်းသက်လာတဲ့ ပညာ မဟုတ်ဘူး ဆိုတာကို မင်း အရင်ဆုံး မှတ်ထား။ ပြီးတော့ အင်းပညာဆိုတာ အတတ်ပညာတစ်ခု။ စက်မှုပညာ၊ ဆေးပညာ၊ စီးပွားရေးပညာတို့လိုပဲ အတတ်ပညာတစ်ခု။ အယူအဆဝါဒ တစ်ခုမဟုတ်ဘူး။

ဒါကြောင့် မင်းဟာ ထေရဝါဒ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်ရင် ဒီပညာကို တတ်ထားလို့ အခြားဘာသာဝင် ဖြစ်မသွားဘူး။ မင်း ဗုဒ္ဓဘာသာဟာ ဗုဒ္ဓဘာသာပဲ။ အဲဒါကို မင်း ရင်ထဲစွဲအောင် မှတ်ထား'

'ဟုတ်ကဲ့ပါ ဦး'

'တို့ရဲ့ မြန်မာ့အင်းပညာမှာ ပညာရပ် အကိုင်းခွဲ(၃)ခုရှိတယ်။ အဲဒါတွေက **အကွက်အင်းပညာရယ်၊ ပဋ္ဌမံရုပ်–အင်းပညာရယ်၊** ပြီးတော့ **စမ–အင်းပညာရယ်**ဆိုပြီး (၃)မျိုးပဲ'

'ဟုတ်ကဲ့'

'မျဉ်းဖြောင့်တွေသုံးပြီး လေးထောင့်ကွက်ငယ်လေးတွေထဲမှာ ဖူးဉ်းတွေ, သရတွေ, ဂဏန်းတွေ, ဂါထာတွေ သွင်းပြီး ဆောင်ရွက်ရတာက "အကွက်အင်းပညာ"၊ ဗျည်းတွေ,



သရတွေကိုသာ အသုံးပြုပြီး ပုံသဏ္ဌာန် တစ်ခုခုပေါ်အောင် ရေးဆွဲစီရင်ရတာက "ပဋ္ဌမံရုပ်-အင်းပညာ"၊ ဗျည်းတွေ အားလုံး ထဲကမှ ထူးခြားထက်မြက်တဲ့ ဗျည်းအစု အတွဲတွေနဲ့ စီရင်ဆောင်ရွက်ရတာက "စမ-အင်းပညာ" အဲဒီလို (၃)မျိုးရှိတယ်'

'ဟုတ်ကဲ့'

'မင်းကို အရင်ဆုံး သင်ပေးမှာက အကွက်–အင်းပညာပဲ။ ဓမ္မစေတီ မင်းကြီးနဲ့ အဲဒီနောက် ဟားမဲ့ဆရာ တော်တို့ အားပြုအသုံးပြုခဲ့ကြတဲ့ အင်းပညာအမျိုးအစားပဲ။ စောစောက ပြောခဲ့တဲ့ အင်းပညာရပ် အကိုင်းခွဲ (၃)ခုမှာ အရင်းအမြစ်အကျဆုံး အင်းပညာလို့လဲ ပြောနိုင်တယ်။ သဘာဝတရားကနေ ရယူထားတဲ့ သဘောတရားတွေ၊ အယူအဆတွေ၊ သတ္တိတွေ အများကြီး ပါဝင်ဖွဲ့စည်းထားတယ်'


'ဟုတ်ကဲ့'

'အင်းပညာရပ်ကို လေ့လာလိုက်စားသူတစ်ယောက်မှာ အရင်ဆုံး ရှိရမယ့် အရည်အချင်းက **ရတနာသုံးပါးကို ရိုသေ ကိုင်းရှိုင်းမှုပဲ။** ပြီးတော့ အနည်းဆုံး ငါးပါးသီလ လုံခြုံရမယ်။ အနန္တငါးပါးကို ဦးထိပ်ပန်ဆင်နိုင်သူ ဖြစ်ရမယ်။ ခင်ပွန်းကြီး(၁၀)ပါးကို မပြစ်မှားရဘူး။ ပြစ်မှားမိတယ်လို့ သိလိုက်တာနဲ့ ဝန်ချတောင်းပန်နိုင်သူ ဖြစ်ရမယ်။ အဲဒီ အရည်အချင်း ငါးခုနဲ့ ပြည့်စုံတဲ့သူ ဖြစ်ရမယ်။ မပြည့်စုံသေးရင် ပြည့်စုံအောင် ကြိုးစားရမယ်။

ပြီးတော့မှ အင်းပညာရပ်ထဲ ထဲထဲဝင်ဝင် ရောက်ရှိနိုင်အောင် ပညာအားတွေ၊ သမာဓိအားတွေ၊ လုံ့လဝီရိယအားတွေ၊ စရဏအားတွေ လိုလာတယ်။ ပြည့်သည်ထက် ပြည့်အောင် ဖြည့်စွမ်းရမယ်။ ဒါမှ ကိုယ်ရောက်နေတဲ့ အင်းပညာအဆင့်နဲ့ ကိုယ်နဲ့ ပညာနဲ့လူ ဟန်ချက်ညီညီ တိုးတက်အောင် မြင့်နိုင်မယ်။ အခုပြောသမျှ ရင်ထဲရောက်လား'

'ဟုတ်ကဲ့ အရင်ဆုံးရှိရမယ့် အရည်အချင်းတွေရော၊ ထပ်ဆင့်ဖြည့်ရမယ့် အားတွေကိုပါ မှတ်ထားပါပြီ။ ပြည့်စုံအောင်လဲ ကြိုးစားပါမယ်'

'ဒါဖြင့် သင်ခန်းစာ စ,မယ်။ အင်းပညာနဲ့ပတ်သက်ပြီး အခေါ် အပြောလေးတွေက စ,မယ်။ ဒီမှာ ကြည့်...




ပုံဆွဲပြထားတဲ့အတိုင်း အနားလေးဖက်နဲ့ A,B,C,D စတုရန်းပုံ တည်ဆောက်ထားတဲ့ ဖွဲ့စည်းပုံတစ်ခုလုံးကို **အင်းကွက်**လို့ခေါ်တယ်။

အဲဒီ အင်းကွက်မှာ စတုရန်းအကွက်ငယ်လေးတွေ (၉)ကွက်ပါတယ်။ အဲဒီ အကွက်ငယ်လေးတွေကို **အခန်းကွက်**





www.burmeseclassic.com

www.burmeseclassic.com

လို့ ခေါ်တယ်။

ကျွန်တော် တွေ့ဖူးတဲ့ အင်းတွေမှာ အဲဒီလို A,B,C,D အင်္ဂလိပ်စာလုံးတွေ မပါဘူးလို့ ခပ်တိုးတိုး အသံမျိုး ထွက်မလာနဲ့။ မင်းကို နားလည်အောင် ရှင်းပြဖို့ မျဉ်းကြောင်းတွေ၊ ထောင့်တွေ၊ အကွက်တွေကို နာမည်ပေးပြီး ရှင်းပြနေတာ ဆက်ကြည့်...

ABရယ်၊ BCရယ်၊ CDရယ်၊ DAရယ် အဲဒီမျဉ်းကြောင်းလေးကြောင်းကို **အင်းပေါင်**လို့ ခေါ်တယ်။ အင်းကွက်တစ်ခုလုံးကို အနားသတ်ပေးတယ်။

ဆက်ကြည့်... အဲဒီအင်းပေါင်လေးခုရဲ့ အတွင်းပိုင်းမှာ A,B,C,Dတို့နဲ့ လွတ်နေတဲ့ မျဉ်းကြောင်း(၄)ကြောင်းကို တွေ့လား။ အဲဒီ မျဉ်းမျိုးတွေကို **ပဆစ်ပေါင်**လို့ ခေါ်တယ်။ အခြေခံကျကျ သိစေချင်လို့သာ အင်းပေါင်နဲ့ ပဆစ်ပေါင် ခွဲခြားပြီး ပြောပြတာ၊ အဲဒီနှစ်မျိုးစလုံးကို အင်းပေါင်လို့ပဲ အလွယ်သုံးကြတယ်။

နောက်ဆုံးမှတ်ဖို့က ပဆစ်ကွက်လေးတွေထဲမှာ ထည့်သွင်းထားတဲ့ ဗျည်းတွေ၊ သရတွေ၊ ဂဏန်းတွေကို **အင်းဆန်**လို့ ခေါ်တယ်ဆိုတာပဲ။ အဲဒီအထိ မှတ်မိလား'

'မှတ်မိပါတယ် ဦးရဲ့'


'မှတ်မိတယ်ဆိုရင် ပြန်မေးမယ်။ အခေါ်အဝေါ် ဘယ်နှစ်ခု ပြောခဲ့ပြီးပြီလဲ'

'**အင်းပေါင်**ရယ်၊ **ပဆစ်ပေါင်**ရယ်၊ **ပဆစ်ကွက်**ရယ်၊ **အင်းဆန်**ရယ်ဆိုပြီး လေးခု ရှိသွားပြီ'

'ဟုတ်ပြီ အင်းစောင့်ရယ်၊ အင်းရံရယ်ဆိုပြီး ကျန်သေးတယ်။ သက်ဆိုင်တဲ့အခန်းကျမှ ပြောပြမယ်'

'ဟုတ်ကဲ့ပါ ဦး'

'အခု စပြီး အင်းပေါင်ဆွဲတာ ပြောမယ်။ အင်းပေါင်ဆွဲတဲ့အခါ...



၁။ ဘယ်ဘက်ကနေ ညာဘက်ကို မနှေးမမြန် ညီညီမှန်မှန်နဲ့ ဆွဲရမယ်။ ရပ်သွားတာမျိုး မဖြစ်ရသလို၊ နှေးလိုက် မြန်လိုက်လဲ မဖြစ်ရဘူး။ အဲဒီလိုဖြစ်နေရင် မိမိဆောင်ရွက်နေတဲ့ အင်းကွက်အပေါ်မှာ အာရုံစူးစိုက်မှု(သမာဓိ) အားနည်းကြောင်း ပြနေတယ်။ ဒါကြောင့် ညီညီမှန်မှန်လေး ဖြစ်အောင် အထပ်ထပ် လေ့ကျင့်ယူရမယ်။ ဒါ သမာဓိအားထည့်ခြင်းတစ်မျိုးပဲ။

၂။ ပဆစ်ကွက်တွေကို အပြည့်ဆွဲပြီးမှ လိုအပ်တဲ့ ပုံစံရဖို့ ပဆစ်ကွက်လေးတွေကို ပြန်ပြီး ဖျက်တာမျိုးကို ရှောင်ရမယ်။ ဒါမျိုးကို နန်းချီးအင်းတွေမှာ ကြုံရမယ်။ အင်းပေါင်ဆွဲပြီးမှ ပြန်မဖျက်ရအောင် ဆွဲသွားရမယ့် နည်းလမ်းကို ကြိုတင်ပြီး ရှာထားရမယ်။

မိမိရဲ့အင်းကွက်အပေါ်မှာ ပညာအားနဲ့ ဝီရိယအားများ ထည့်ခြင်းတစ်မျိုးပဲ။ အင်းပေါင်ဖျက်တဲ့အခါ သုံးရတဲ့ ဂါထာတွေ၊ အင်းပေါင်ဆက်တဲ့အခါ သုံးရတဲ့ ဂါထာတွေ မရှိမဟုတ် ရှိပါတယ်။

အဲဒါတွေကို အားပြုရင် ပညာအား၊ ဝီရိယအားတွေ လျော့တယ်။ အကောင်းဆုံးက မဖျက်ရအောင်၊ မဆက်ရအောင် လေ့ကျင့်ထားရမယ်။

၃။ အင်းပေါင်တွေ ပဆစ်ပေါင်တွေ ဆွဲတဲ့အခါ ပထမတစ်ကြောင်း ဆွဲပြီးတိုင်း အင်းကွက်ကို (၉၀) ဒီဂရီ ဘယ်ဘက်ကို လှည့်ပေးပြီးမှ ဒုတိယတစ်ကြောင်းကို ဆွဲရတယ်။ တစ်ကြောင်းဆွဲ တစ်ခါလှည့် နောက်တစ်ကြောင်းဆွဲ။ အဲဒီနည်းနဲ့ **အင်းကွက်ပုံစံ**(Frame) ပေါ်လာတဲ့အထိ ဆွဲရမယ်။

ဒီနည်းက ဘယ်ကျမ်းစာအုပ်ထဲမှာမှ မတွေ့ဖူးသေးဘူး။ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀)လောက်က ဦး တာဝန်ကျတဲ့ ရွာတစ်ရွာရဲ့ ရေနွေးကြမ်းဝိုင်းတစ်ဝိုင်းမှာ မိတ်ဆွေတွေ စုမိကြရင်း Subjectsပေါင်းစုံ ပြောဖြစ်ကြတယ်။

ပြောကြဆိုကြရင်းနဲ့ အင်းတွေအကြောင်း ရောက်လာတယ်။ အဲဒီမှာ ဦးနေကျော်ဆိုတဲ့ ဦးရဲ့ လက်ထောက်ဆရာတစ်ယောက်က...

"အင်းပေါင်တွေ ဆွဲတဲ့အခါ အင်းကွက်ကို လှည့်လှည့်ပြီး ဆွဲရတယ်လို့ အင်းဆရာတစ်ယောက်က ပြောဖူးတယ်။ အဲဒါ ဆရာကြီး ဘယ်လိုမြင်လဲ"

လို့ ဦးကို မေးတယ်။

ဦးကလဲ ဖြေပါတယ်။ "**သူ့အယူအဆနဲ့သူ နေမှာပေါ့ဗျာ**"လို့။ အဲဒီတုန်းက ဦးက အင်းပညာရပ်ကို အခုလို နှံ့နှံ့စပ်စပ် မသိသေး၊ ပညာနုသေးတဲ့ အချိန်မို့ စိတ်ထဲမှာ တွေးမိတယ်။

ဘယ်လိုလဲဆိုတော့ "**အင်းပေါင်ဆွဲတာပဲ ဘယ်လိုဆွဲဆွဲပေါ့။ အင်းကွက်ဖြစ်လာရင် ပြီးတာပဲဟာ။ ကြောင်တောင်တောင် အယူအဆတွေ**" အဲဒီလိုပေါ့။ စိတ်ထဲမှာ ကိုယ့်အတွေ့အကြုံလေးနဲ့ ကိုယ့်ဉာဏ်လေးနဲ့ အဲဒီလမ်းညွှန်ချက်ကို လိုက်လို့ မရှိခဲ့ဘူး။

လက်ယာရစ်တွေရဲ့ စွမ်းအားတွေ၊

www.burmeseclassic.com

စကြာသဘောတရားတွေရဲ့ ထက်မြက်မှုတွေကို ဖောက်ထွင်းမြင်လာမှ၊ ကိုယ်တိုင်လဲ တွေ့ကြုံလာမှ အဲဒီ ရေနွေးကြမ်းဝိုင်းက ရလာတဲ့ အင်းပေါင်ဆွဲနည်းရဲ့ အနှစ်သာရကို မြင်တော့တယ်။

အင်းကွက်ကို (၉၀)ဒီဂရီ လှည့်ပြီးမှ အင်းပေါင်ကို ဘယ်ကနေ ညာကို ဆွဲ,ဆွဲသွားတာဟာ လက်ယာရစ်တွေ ဖြစ်ပေါ်စေတယ်။ အကြိမ်ကြိမ် လှည့်လှည့်ပြီး ဆွဲရတော့ လက်ယာရစ်တွေ အကြိမ်ကြိမ် ဖြစ်ပေါ်လာပြီး စကြာတစ်ခုလို အဝန်းအဝိုင်း လှုပ်ရှားမှုရလာတယ်။ ဒါ အနှစ်သာရပဲ။

၄။ အင်းပေါင်များ ဆွဲသားနေစဉ် အတွင်းမှာ အင်းပေါင်များ အတွင်းကို ယုံကြည်မှုခွန်အားတွေ၊ စိတ်ဓာတ်ခွန်အားတွေ သွင်းပေးရတယ်။

အဲဒီမှာလဲ အရှေ့,အနောက် ဆွဲသားစဉ်မှာ ဘယ်ဂါထာ၊ တောင်,မြောက်ဆွဲသားစဉ်မှာ ဘယ်ဂါထာ ဆိုပြီး ညွှန်ပြထားတာတွေ ရှိတယ်။ ဦးရဲ့ အင်းပေါင်ဆွဲနည်းက အရှေ့,အနောက်၊ တောင်,မြောက်တွေ မရှိတော့ အဲဒီဂါထာတွေ မလိုတော့ဘူး။

ဦးပြောမယ့် နည်းက သစ္စာတိုင်ပြီး ဆုတောင်းတဲ့နည်းပဲ။ ဒီနည်းကလဲ စောစောကနည်းလိုပဲ။ ယုံကြည်မှုခွန်အားတွေ၊ စိတ်ဓာတ်ခွန်အားတွေ အင်းကွက်ထဲ အရောက်ပို့ပေးတယ်။ အင်းပေါင်တွေ ဆွဲသားနေစဉ်အတွင်းမှာပဲ ဘုရားကိုအာရုံပြုပြီး...

"ဘုရားတပည့်တော်သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော် ကျေးဇူးတော်များကို အကြွင်းမဲ့ ယုံကြည်ပါ၏။

ဤ မှန်ကန်သော သစ္စာစကားကြောင့် ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်စက်ဝန်းများ၊ သာသနာတော်အား စောင့်ရှောက်ကြကုန်သော သမ္မာဒေဝနတ်အပေါင်းတို့၏ အာဏာစက်ဝန်းများ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်အပေါင်းတို့၏ မေတ္တာစက်ဝန်းများသည် ဘုရားတပည့်တော်၏ ဤအင်းကွက်၌ ထုံမွှမ်းကြပါစေကုန်သတည်း"

အဲဒီလို ကိုယ့်အသံကို ကိုယ်ကြားရတဲ့အထိ နှုတ်ကိုဖွင့်ပြီး ယုံကြည်မှုအပြည့်နဲ့ ဆုတောင်းပြီး အင်းပေါင်တွေ ရေးဆွဲရမယ်။ ပြီးပြီးရော မဟုတ်ဘူး။ ရင်ထဲကလာတဲ့ တကယ့် ယုံကြည်မှု ဖြစ်ရမယ်။

ယုံကြည်ထားတဲ့အတိုင်း ဂုဏ်တော်စက်ဝန်းတွေ၊ အာဏာစက်ဝန်းတွေ၊ မေတ္တာစက်ဝန်းတွေ ထုံမွှမ်းလာနေပြီလို့ ခံစားသိ သိနေရမယ်။

လက်က နူးနူးညံ့ညံ့နဲ့ **တစ်ကြောင်းဆွဲ တစ်ကြိမ်လှည့် နောက်တစ်ကြောင်းဆွဲ**ဆိုတဲ့ လက်အလုပ်ကို လုပ်နေစဉ်မှာ စောစောက ပြောပြတဲ့ ယုံကြည်မှုခွန်အားတွေ ပေးသွင်းတဲ့ စိတ်အလုပ်ကို လုပ်ရမယ်။ **စိတ်အလုပ်နဲ့ လက်အလုပ်ဟာ တစ်သားတည်း ဖြစ်နေရမယ်။**

ဒီလို အင်းပေါင်နည်းက တကယ်လဲ အစွမ်းထက်တာကို တွေ့ရတယ်။ ပြီးတော့ ဗျည်းအင်း, သရအင်း, ဗျည်းသရအင်း, ဂါထာအင်း, ဂဏန်းအင်း ဘယ်လိုအင်းမျိုးဖြစ်ဖြစ် အင်းအားလုံးအတွက် သုံးနိုင်တယ်။ ဗျည်းအင်းဆို ဘယ်လို၊ ဂဏန်းအင်းဆို ဘယ်ဟာ နည်းတွေ ခွဲမှတ်စရာ မလိုတော့ဘူး။


နောက်ထပ် ဦး နှစ်သက်တဲ့ နည်းတစ်နည်း ရှိသေးတယ်။ ဂါထာတွေနဲ့ တည်ဆောက်ထားတဲ့ အင်းတွေမှာ သုံးတာ။ ဘယ်လိုလဲဆိုတော့ ဂါထာတော်ရဲ့ အနက်အဓိပ္ပာယ်ကို နှလုံးသွင်းပြီး အင်းပေါင်သားတာပဲ။ အဲဒီနည်း ထက်တယ်။

အခု ပြောပြခဲ့တဲ့ နည်း(၂)နည်း အင်းပေါင်သားရုံမက အင်းဆန် သွင်းတဲ့အခါမှာလဲ သုံးတယ်။ အ ဆန်တွေ ရေးသွင်းရတဲ့ သင်ခန်း ရောက်ရင် ထပ်မပြောတော့ဘူး။ အ နည်း(၂)နည်းကိုပဲ သုံးရမယ်လို့ မှတ်ထား။

အင်းပေါင် ရေးဆွဲဖို့ လိုက်နာရမယ့် အချက်(၄)ချက်ကို ပြောပြီးပြီ လက်တွေ့ဆွဲကြည့်မယ်။ စောစော အင်းကွက်ကို ပြန်ကြည့်။

**(မောင်အောင်မျိုးအား သင်ပြ က အင်းကွက်ဆွဲမည့် စာရွက်ပေါ် တစ်ကြောင်းဆွဲလိုက်၊ တစ်ခါလှည့် လိုက်၊ နောက်တစ်ကြောင်းဆွဲလို ဖြင့် ကိုယ်တိုင်သင်သည့်မို့ တစ်ကွက် တည်းသာ ဖြစ်သော်လည်း ယခု သို့ စာမျက်နှာများအပေါ်၌ ဖော် ပေးရသောအခါ တစ်ကွက်တည်း ဖြင့် မရတော့ပါ။**

**ဆွဲသားခဲ့ပုံသား အဆင့်ဆင့်ခွဲ ရှင်းပြမှသာ ရှင်းရှင်းလင်းလင်း နားလည်နိုင်ပါမည်။ အင်းပညာ သင်စဦးများ ဖတ်ရှုသာ မဖတ်ကြ ကိုယ်တိုင် ပါဝင်ဆွဲသားကြည့် အင်္ဂလိပ်အက္ခရာများနှင့် ဂဏန်း များသည် စာဖတ်သူများ အဆင့် လိုက် နားလည်စေရန် အသုံးပြုထား ခြင်း ဖြစ်ပါသည်။)**




www.burmeseclassic.com

www.burmeseclassic.com

အလျား(၃)ကွက်၊ အနံ(၃)ကွက် စုစုပေါင်း (၉)ကွက်ရှိလို့ (၉)ကွက်တေရုန်းအင်းလို့ ခေါ်တယ်။ အဲဒီအင်းကွက်မှာ အင်းပေါင်တွေအဖြစ် မျဉ်းဖြောင့်(၈)ကြောင်းရှိတယ်။

တစ်ကြောင်းဆွဲရင် တစ်ဆင့်ပဲ။ အဲဒါကြောင့် အဆင့်(၈)ဆင့်ရှိတယ်။ မျဉ်းဖြောင့်တစ်ကြောင်းကို တစ်ကြိမ်ဆွဲပြီးတာနဲ့ အင်းကွက်ကို (၉၀)ဒီဂရီ လှည့်ပေးရမယ်ဆိုတာ မမေ့နဲ့။ ပြီးမှ နောက်တစ်ကြောင်း ဆွဲရမယ်။


အဆင့်(၁)

ပဆစ်ကွက် တစ်ကွက်ကို (၁)စင်တီမီတာစီ ထားမယ်ဆိုရင် (၃)စင်တီမီတာရှည်တဲ့ ABမျဉ်းကို ဘယ်ဘက်ကနေ ညာဘက်ကိုဆွဲမယ်။ ပြီးတာနဲ့ အဲဒီ ABအပေါ်မှာ (၁)စင်တီမီတာ အကွာအဝေးတိုင်းမှာ အစက်ကလေး တစ်စက်စီ တို့သွားရမယ်။ ပန္နက်ချတယ်လို့ခေါ်တယ်။




အဆင့်(၂)


အဲဒီမျဉ်း ဆွဲပြီးတာနဲ့ အင်းကွက်ကို (၉၀)ဒီဂရီ ဘယ်ဘက် လှည့်ပေးရမယ်။ ပြီးရင် ဒုတိယမျဉ်း BCကို ဘယ်ဘက်ကနေ ညာဘက်ကိုပဲ ဆွဲရမယ်။ ပြီးရင် ပန္နက်ချမယ်။




**(ဤအဆင့် ဆွဲပြီးသောအခါ ရရှိလာသောပုံ ဖြစ်၏။)**

အဆင့်(၃)


စောစောကလိုပဲ (၉၀)ဒီဂရီလှည့် CDကို ဘယ်မှညာသို့ဆွဲ ပြီးရင် ပန္နက်ချ။




**(ဤအဆင့် ဆွဲပြီးသားသောပုံ ဖြစ်ပါသည်။)**

အဆင့်(၄)


(၉၀)ဒီဂရီလှည့် DAကို ဘယ်မှ ညာသို့ ဆွဲပြီး ပန္နက်ချ။




**(ဤအဆင့် ဆွဲပြီးသားသောပုံ ဖြစ်ပါသည်။)**

အဆင့်(၅)


(၉၀)ဒီဂရီလှည့် ပန္နက်နံပါတ်(8)မှ ပန္နက်နံပါတ်(3)သို့ ပဆစ်ပေါင်ဆွဲ။




**(ဤအဆင့် ဆွဲပြီးသားသောပုံ ဖြစ်ပါသည်။)**

အဆင့်(၆)


(၉၀)ဒီဂရီလှည့် ပန္နက်နံပါတ်(2)မှ ပန္နက်နံပါတ်(5)သို့ ပဆစ်ပေါင်ဆွဲ။




**(ဤအဆင့် ဆွဲပြီးသားသောပုံ ဖြစ်ပါသည်။)**

အဆင့်(၇)


(၉၀)ဒီဂရီလှည့် ပန္နက်နံပါတ်(4)မှ ပန္နက်နံပါတ်(7)သို့ ပဆစ်ပေါင်ဆွဲ။




**(ဤအဆင့် ဆွဲပြီးသားသောပုံ ဖြစ်ပါသည်။)**

အဆင့်(၈)

(၉၀)ဒီဂရီလှည့် ပန္နက်နံပါတ်(6)မှ ပန္နက်နံပါတ်(1)သို့ ပဆစ်ပေါင်ဆွဲ။



www.burmeseclassic.com

**(ဤအဆင့် ဆွဲပြီးသားသောပုံ ဖြစ်ပါသည်။)**

ကဲ အင်းကွက်ပုံစံ(Frame) ပေါ်သွားပြီ။အင်းကွက်ရဲ့ မူလထိပ်ဘက် ABကို အပေါ်ဘက် ပြန်ရောက်အောင် (၉၀) ဒီဂရီ ထပ်လှည့်ပြီးတာနဲ့ အင်းဆန်သွင်းတဲ့ အဆင့်ကို ရောက်သွားမယ်။ အခု ဆွဲပြနည်းတဲ့အတိုင်း ဆွဲပြနိုင်မလား'

'ဟုတ်ကဲ့ ကျွန်တော် မှတ်မိပါတယ်။ ဆွဲပြနိုင်ပါတယ်'

'ဒါဖြင့် Practice makes perfectတဲ့။ လက်တွေ့ပါဝင်ဆောင်ရွက်မှ အတတ်ပညာတစ်ခုဟာ ပြီးပြည့်စုံတယ်။ ဦးကို လက်တွေ့ ဆွဲပြပေတော့'

ဤစကားအဆုံး၌ မောင်အောင်မျိုး တစ်ယောက် စိတ်အားထက်သန်စွာဖြင့် အင်းကွက်ဖော်တော့သည်။ (၉၀) ဒီဂရီလှည့်လိုက် တစ်ကြောင်းဆွဲလိုက်ဖြင့် အထစ်အငေါ့ အမှားအယွင်းမရှိ အောင်မြင်စွာ ရေးဆွဲပြနိုင်ခဲ့သည်။


'ဟုတ်ပြီ မင်း သဘောပေါက်သွားပြီ။ နောက်ထပ် အင်းတစ်ကွက်ကို ဆွဲပြမယ်။ နန်းချိုးအင်းလို့ ခေါ်တယ်။ မင်း အခုဆွဲခဲ့တဲ့ စတုရန်းအင်းနဲ့ နှိုင်းစာရင် နည်းနည်းခက်တယ်။

အင်းပေါင်ဆွဲတဲ့အခါ ပဆစ်ကွက်တွေကို မဖျက်ရအောင် အင်းပေါင်ဆွဲနိုင်အောင် ကြိုးစားရမယ်။ အဲဒါ အင်းကွက်အပေါ်မှာ ပညာအား သမာဓိအား ထည့်ခြင်းတစ်မျိုးပဲ။ ကဲ ကြည့် ပဆစ်ကွက် (၁၂)ကွက်ပါတဲ့ နန်းချိုးအင်း'

**(မောင်အောင်မျိုးအား ဆွဲပြခဲ့သော အင်းကွက်ကို ဖော်ပြလိုက်ပါသည်။ အဆင့် တစ်ဆင့်စီခွဲ၍ မပြတော့ပါ။ အင်းပေါင်တစ်ကြောင်း ဆွဲပြီးတိုင်း အင်းကွက်ကို (၉၀)ဒီဂရီ လှည့်ပေးရန် မမေ့ဘဲ ရှေ့တွင်**



**ဖော်ပြခဲ့သည့် အင်းကွက် ဖော်ဆောင်ပုံ အဆင့်ဆင့်အား နားလည်မည်ဆိုလျှင် ယခု အင်းကွက်ကိုလည်း အခက်အခဲမရှိ ရေးဆွဲနိုင်ပါလိမ့်မည်။)**




မျဉ်းဖြောင့်အားလုံး **လက်ဝဲမှ လက်ယာသို့** ဆွဲရန် ဖြစ်ပါသည်။

**ပထမအဆင့်**

ABကိုဆွဲပြီး ပန္နက် 1,2,3ကို ချမည်။

**ဒုတိယအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး ပန္နက်(3)ကို ဖြတ်ကာ CDကိုဆွဲမည်။ ပြီးမှ ပန္နက် 4,5ကိုချမည်။

**တတိယအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး ပန္နက်(5)ကို ဖြတ်ကာ EFကိုဆွဲမည်။ ပြီးမှ ပန္နက် 6,7ကိုချမည်။

**စတုတ္ထအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး ပန္နက်(7)ကို ဖြတ်ကာ GHကိုဆွဲမည်။ ပြီးမှ ပန္နက် 8ကို ချမည်။

**ပဥ္စမအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး HCကိုဆွဲမည်။

**ဆဌမအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး BEကိုဆွဲမည်။

**သတ္တမအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး DGကိုဆွဲမည်။

**အဌမအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး FAကိုဆွဲမည

**နဝမအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး ပန္နက် 8 နှ ကို ဖြတ်ကာ ပဆစ်ပေါင်ဆွဲမည်။

**ဒသမအဆင့်**

(၉၀)ဒီဂရီလှည့်ပြီး ပန္နက် 2 နှ ကို ဖြတ်ကာ ပဆစ်ပေါင်ဆွဲမည်။

ကျွန်ုပ်သည် အထက်ဖော်ပြ အဆင့်များကို မောင်အောင်မျိုးအ ပါးစပ်ကလည်းရှင်းပြ၊ လက်ကလည ဆွဲပြဖြင့် သူ နားလည်သည်အ လက်တွေ့ သင်ပြပေးခဲ့သည်။

ကျွန်ုပ်အလှည့်ပြီးတော့ သူ့အလှ ဖြစ်သွားသည်။ သူကိုယ်တိုင် အ ကွက် ဖော်ဆောင်နိုင်လာသည်အ အကြိမ်ကြိမ် အလေ့အကျင့် ပြုပေ သည်။ မောင်အောင်မျိုးတစ်ယော နန်းချိုးအင်းတစ်ကွက်အား စ သဘောတရားများ၊ လက်ယာရစ်အ များဖြင့် ရေးဆွဲသွားနိုင်ပြီ ဖြစ်ပါသည

'ကဲ မောင်အောင်မျိုး အင်းကွ တွေ ဘယ်လို ဆွဲရတယ်ဆိုတာ မ သိသွားပြီ။ အင်းပေါင် တစ်ကြောင်း မနေ့မမြန်နဲ့ နှုန်းမှန်မှန် ဆွဲသားနိ အထပ်ထပ် လေ့ကျင့်ပါ။ ပြီးရင် ရတ မြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်စက်ဝ တွေ၊ သမ္မာဒေဝ နတ်မြတ်နတ်ကော တွေနဲ့ ပေါက်မြောက်ပြီးသွားကြ ပုဂ္ဂိုလ်အပေါင်းတို့ရဲ့ အာဏာစက် တွေ။ အဲဒီဂုဏ်တော်စက်ဝန်း၊ အာဏ စက်ဝန်းတွေနဲ့ အင်းတစ်ကွက် ထုံမွမ်းနိုင်အောင် အားထုတ်ပါ။ အ တွေဟာ အောင်မြင်ဖို့ ခဲယဉ်းတယ် တဲ့အသံ ပျောက်သွားပါလိမ့်မယ်။ ဒ အတွက် ဒီမှာပဲ နားကြရအောင်

'ဟုတ်ကဲ့ပါဦး ကျွန်တော် ကြိုး မယ်'



www.burmeseclassic.com

www.burmeseclassic.com

'မြန်မာ့ အင်းပညာကို အခြေခံကနေ စ,သင်ပေးတာတွေ မရှိသေးဘူးဆရာ၊ အင်းပေါင်တောင် မဆွဲတတ်ကြသေးသူတွေ၊ အင်းဆန် ဘယ်လို သွင်းကြရမှန်း မသိကြသေးသူတွေ များတယ်။ အခြေခံကနေ သင်ကြားပေးမယ့် အင်းပညာ ဆောင်းပါးတွေ ရေးပေးပါဆရာ'

တစ်နေ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာတည်းချုပ် ဆရာ ဦးကျော်မိုးသိန်းက အထက်ပါအတိုင်း ဖုန်းဆက်လာသည်။ ဟုတ်တော့လည်း ဟုတ်ပါ၏။ ကျွန်ုပ်၏ ပတ်ဝန်းကျင်၌ပင် ကြားနေရ၏။ ကျွန်ုပ် အပါအဝင် ဆောင်းပါးရှင်များ၏ အင်းဆောင်းပါးများသည် အင်းပညာ အခြေခံမျှပင် မရှိသေးသူများအတွက် ဘယ်နေရာကစ,၍ အစကောက်ရမှန်း သိအောင် ဝေးကွာနေ၏။

ဆောင်းပါးရှင်များဘက်က ကြည့်ပြန်တော့လည်း အင်းဆောင်းပါးတစ်ပုဒ် ရေးလိုက်တိုင်း အခြေခံလေးတွေ ပြန်ပြန်ရေးနေရဖို့က မဖြစ်နိုင်။

ထို "အဟ"လေးများကို ပြေလည်စိမ့်သောငှာ အင်းပညာသင်ခန်းစာကို စ,လိုက်ပါသည်။ ဆောင်ရန်ရှောင်ရန် လေးများအပြင် အင်းပညာရပ်ကိုပါ ဆောင်းပါးတစ်ပုဒ်ချင်းအလိုက် ကြေညက်သွားမည်ဆိုလျှင် အင်းပညာ သင်စဦးများအတွက် အင်းကောင်းတစ်ကွက် ကိုယ်တိုင် တည်ဆောက်လာနိုင်သည်အထိ အထောက်အထူ ပြုပါလိမ့်မည်။

တာဝန်ကြီးသည် မှန်သော်လည်း အတတ်နိုင်ဆုံး ကြိုးစားတင်ပြပေးသွားပါမည်။ စာတည်းမှူးချုပ်၏ ဆန္ဒလည်း ပြည့်မြောက်သွားမည် ဖြစ်ပါသည်။

**ဆရာစော(အင်းတစ်ထောင်)**

စာမျက်နှာ (၁၈၄)မှ အဆက်

ပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍ အကျိုးပေးသန်ကာ အမြတ်အစွန်း တိုးပွားနိုင်သည်။



❖ ကြက်နှစ်ဖွား

ကတိစကားမှန်ကန်မှုကြောင့် တံ့ပြန်ကျေးဇူးများ ခံစားရတတ်သည်။ ကျောက်မျက်ရတနာ တွင်းထွက်ပစ္စည်းများ အကျိုးပေးနိုင်သောကာလ ဖြစ်သည်။

အစာအိမ်ရောဂါ၊ သွားနှင့်ခံတွင်း ဆိုင်ရာဝေဒနာများ အတွက် ကြိုတင်စစ်ဆေး ကာကွယ်သင့်သည်။ အိမ်ရှင်မတို့မှာ သားသမီးရတနာ ဝင်ကိန်း ရှိသည်။



❖ ခွေးနှစ်ဖွား

ငွေကြေးအခက်အခဲ ပြဿနာကလေးများ ပြေလည် ရှင်းလင်းသွားမည်။ ကြွက်၊ ခြင်၊ ခြံ၊ ကြမ်းပိုးစသည့် နေအိမ်ဂေဟာ အဖျက်ပိုးမွှားများ အန္တရာယ် ကြိုတင်ကာကွယ်ပါ။

ကြေး၊ သံ၊ ရွှေစသည့် သတ္တုပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေး အကျိုးအမြတ် ရရှိတတ်သည်။ ပို့ရွယ်သူတို့ အချစ်ရေးကံ ပွင့်လင်းသောကာလ ဖြစ်သည်။



❖ ဝက်နှစ်ဖွား

မောင်နှမသားချင်း မိတ်ဆွေရင်းချာများ အတွက် အချိန်ကုန်လူပန်း ကူညီ ဆောင်ရွက်ပေးရတတ်သည်။ ကျန်းမာရေး အထူးဂရုစိုက်သင့်သည်။

အထူးသဖြင့် နှလုံးနှင့် အူသိမ်ဆိုင်ရာ ဝေဒနာများ ခံစားရဖွယ် ရှိသည်။ နေအိမ်ဂေဟာတွင် မီးနှင့် လျှပ်စစ် အန္တရာယ် ကြိုတင်ကာကွယ်ထားသင့်သည်။

ဤလတွင် ကံကြမ္မာ မေးမှိန်နေသူတို့သည် တနင်္ဂနွေနေ့ မွန်းမတည့်မီ အချိန်အတွင်း အချိုရည်(၈)ခွက်ကို မိမိထက် အသက်အရွယ် ကြီးရင့်သူများအား လှူဒါန်းပေးပါ။

အဆိုးများ ပျောက်ကွယ် အတိတ် ကုသိုလ်ကောင်းမှုကံ အကျိုးပေးလာပါလိမ့်မည်။


***ကြံဆောင်သမျှ အောင်မြင်ကြပါစေ။***

**ဟူရျင်းဇီ**

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ဇန်နဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ



ဟူကျင်ဇီ (Hu Jin Zhi)

ဤလတွင်...



✣ ကြွက်နှစ်ဖွား

ရင်ဆိုင်ဖြေရှင်းနေရသော အမှုကိစ္စများ ပြေလည်ပြီးစီးသွားမည်။ ရပ်ဝေးရောက်နေသည့်မိသားစုဝင် အိမ်ပြန်ရောက်လာမည်။

အိမ်ထောင်မိသားစု စုံညီ သိုက်မြိုက်ပျော်ရွှင်ဖွယ်ကာလ ဖြစ်သည်။ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ ဝင်ကိန်းရှိသည်။ သားရှင်ဖခင်တို့ ချွေးမ တောင်းပေးရဖွယ် ရှိ၏။



✣ နွားနှစ်ဖွား

ငွေကြေးအတန်အသင့် ဝင်နိုင်သည်။ စည်းစိမ်တိုးပွားသောကာလဖြစ်သည်။ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ စစ်ဆေးကုသသင့်သည်။

စက်ဘီး၊ အပ်ချုပ်စက်ကဲ့သို့သော စွမ်းအင်မဲ့ စက်ပစ္စည်းများနှင့် ပတ်သက်၍ ငွေကြေးအကျိုးအမြတ် ရရှိနိုင်ကြသည်။ ကိုလူပျို၊ အိမ်ထောင်မဲ့တို့ ဇနီးရကိန်း ရှိသည်။



✣ ကျားနှစ်ဖွား

အတတ်ပညာနှင့်ပတ်သက်၍ နှိမ့်ချပြောဆိုခြင်း ခံရတတ်သည်။ မျက်စိနှင့် အမြင်အာရုံဆိုင်ရာ ရောဂါဝေဒနာများ သတိထားပါ။

သစ်၊ ဝါး၊ ကြိမ်ထည်ပစ္စည်းများနှင့် ပတ်သက်၍ အကျိုးအမြတ် လျော့နည်းဆုံးရှုံးနိုင်သည်။

ဒေါသကို မထိန်းချုပ်နိုင်ပါလျှင် အများများ၏ ပြဿနာများစွာ ရင်ဆိုင်ရတတ်သောကာလ ဖြစ်သည်။



✣ ယုန်နှစ်ဖွား

ကျန်းမာရေး၊ စီးပွားရေး မျက်နှာစာများ၌ အခက်အခဲ ကြုံတွေ့ရပါက ကူညီ ထောက်ပံ့မှုများ အလျှံပြီ ရရှိနိုင်ကြသည်။ မိခင်၏ ဆွေမျိုးသားချင်းများအတွင်း သုမင်္ဂလာ သာရေးကိစ္စများ ပေါ်ပေါက်တတ်သည်။

ပုဆိုး၊ ထဘီ၊ ခါးဝတ်တန်ဆာများ ဝင်ကိန်းရှိသည်။ အထည်အလိပ်များနှင့်ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိနိုင်သည်။



✣ နဂါးနှစ်ဖွား

ငွေကြေးအမြောက်အမြား ပိုင်ဆိုင်ရဖွယ်ရှိသောကာလ ဖြစ်သည်။ ဇိမ်ခံပစ္စည်းများ ဝင်နိုင်သည်။ ဖခင်ဘက်မှ ဆွေမျိုးသားချင်းများ၏ မင်္ဂလာကိစ္စအတွက်လှူအားငွေအားဖြင့် ပံ့ပိုးလုပ်ကိုင်ပေးရတတ်သည်။ ပေးဆပ်ရန်ရှိသော စာရင်းဇယား၊ ကြွေးမြီများလည်း ပြေလည်သွားနိုင်သည်။



✣ မြွေနှစ်ဖွား

အမည် မကောင်းသတင်း ကျော်စောတတ်သည်။ စိတ်မချမ်းမြေ့ဖွယ် သတင်း၊ စကားများ ကြားသိနားထောင်ရကိန်းရှိသည်။ ဆိုးဆေးနှင့် အဖျော်ယမကာတို့ကြောင့် ဖြစ်ရသော ဘေးဥပဒ်များ သတိပြု ကာကွယ်ပါ။

မြစ်ကူးချောင်းခြား ခရီးသွားလာမှုမှ ကျန်းမာရေးနှင့် ငွေကြေးပြဿနာ ပေါ်ပေါက်နိုင်သည်။



✣ မြင်းနှစ်ဖွား

မျှော်လင့်နေသော သတင်းကောင်းများ ကြားရတတ်သည်။ ပြည်ပရောက် မိတ်ဆွေသားချင်းတို့နှင့် အဆက်အသွယ် ရနိုင်သည်။ ငါးပိ၊ ငါးခြောက် ရေထွက်ပစ္စည်းများ အကျိုးပေးသောကာလ ဖြစ်သည်။

အိမ်ဂေဟာသို့ ဂုဏ်သရေရှိ ဧည့်သည် ရောက်လာဖွယ် ရှိသည်။ လုံမပျိုအဖော်မဲ့သူတို့ အိမ်ထောင်ကျကိန်းရှိသည်။



✣ ဆိတ်နှစ်ဖွား

သင်ယူမှတ်သားထားသည့် အတတ် အသိပညာများကြောင့် ငွေကြေး လာဘ်လာဘကလေးများ ဝေဝေဆာဆာ ရရှိနိုင်ကြသည်။

ငွေကြေးသောကပြဿနာ နည်းပါး သောကာလ ဖြစ်သည်။ အူမဆိုင်ရာ ဝေဒနာများနှင့် စည်သွတ်စားသုံးဖွယ် များကြောင့် အစာဆိပ်သင့်ခြင်းတို့ကို သတိထားပါ။



✣ မျောက်နှစ်ဖွား

လုပ်ကိုင်ကြံစည်သမျှ အောင်မြင် များပြားသောကာလ ဖြစ်သည်။ ရင်း မြှုပ်နှံထားသော ငွေကြေးလုပ်ငန်း အကောင်အထည် ပေါ်လာမည်။

အိမ်ခြံမြေ ဝင်ကိန်းရှိသည်။ ထည်မြေထည်ပစ္စည်းများ၊



စာမျက်နှာ (၁၈၃)

www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

အိမ်မဲမြို့ အာထက်ပိုင်းရပ်ကွက်
သီရောမဏိတိုက်ကျောင်းဆရာတော်
သာသနဓဇ ဓမ္မာစရိယ
ဂန္ထဝါစကပဏ္ဍိတ
ဘဒ္ဒန္တပညာဝံသအား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် ၁၃၁၀ ပြည့်နှစ်၊ တဆုန်လပြည့်ကျော် (၁၄)ရက်၊ ကြာသပတေးနေ့၌ ဖွားမြင်တော်မူရာ မဟာဘုတ်အရ ၁–ကြွင်း မဟာဘုတ် ခိုင်ရှင် အဓိပတိဖွားလဲ ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၅ | |
| ၀ | ၃ | ၆ |
| ၄ | ၁ | ၂ |

**၁–ကြွင်း မဟာဘုတ်**

**ကြာသပတေးဂြိုဟ်သည် အဓိပတိဂြိုဟ်တွင် ရပ်တည်နေတဲ့အတွက်...**

* ပညာရေး၌ ရည်မှန်းထားသမျှ ပြီးမြောက်ခြင်း၊
* ပညာရေး၌ ထူးချွန်ခြင်း၊
* အကြီးအကဲ ဆရာတစ်ဆူ ဖြစ်ရခြင်း၊
* ဖြောင့်မတ်သော စိတ်ရှိခြင်း၊
* ဘာသာရေးကို အထူးကိုင်းရှိုင်းတတ်ခြင်း၊
★ မိတ်ဆွေကောင်း ဆရာကောင်းများနဲ့ ဆုံတွေ့ရခြင်း၊
★ ဂုဏ်သိက္ခာကို တန်ဖိုးထားခြင်းတို့ပါပဲ။

**သောကြာဂြိုဟ်သည် ရာဇအိမ်၌ ရပ်တည်နေတဲ့အတွက်...**

✳ စကားပြောကောင်းခြင်း၊
✳ ပြောသမျှစကား အောင်မြင်ခြင်း၊ ဂါရဝတရားနဲ့ နိဝါတတရား ထားရှိခြင်း၊
✳ ကောင်းသတင်းကျော်ခြင်း၊
✳ ဓမ္မကထိကအလုပ်နဲ့ အကျိုးရစေနိုင်ခြင်း၊
✳ ခံ့ခံ့ထည်ထည် နေထိုင်တတ်ခြင်းတို့ပါပဲ။

**တနင်္လာဂြိုဟ်သည် ပုတိအိမ်၌ ရပ်တည်နေသဖြင့်...**

✪ အသုံးအစွဲ စိစစ်ချွေတာခြင်း၊
✪ စည်းစနစ်ကြီးခြင်း၊
✪ ငွေကြေးကို တိတိကျကျ သုံးစွဲတတ်ခြင်းတို့ပါပဲ။

**သို့ရာ၌ တနင်္လာ(ပုတိဂြိုဟ်)နှင့် စနေဂြိုဟ်(အထွန်းဂြိုဟ်) ပက္ခမိသဖြင့်...**

✦ ငွေကြေးနဲ့ ပတ်သက်ပြီး အခက်အခဲ ကြုံတွေ့နိုင်ခြင်း၊
✦ ငွေကြေး ကြန့်ကြာနေတတ်ခြင်းတို့ပါပဲ။

**ဗုဒ္ဓဟူးဂြိုဟ်သည် မရဏအိမ်၌ ရပ်တည်နေတဲ့အတွက်...**

✧ လူအပေါင်းအသင်းများရဲ့ ဒဏ်ကို ခံရခြင်း၊



▲ အိမ်မဲမြို့ သီရောမဏိကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဝံသ

✧ လူလိမ်လူကောက်များနဲ့ ကြုံရခြင်း၊
✧ လေနာရောဂါ၊ အစာအိမ်ရောဂါ ဖြစ်ပွားတတ်ခြင်း၊
✧ ဝမ်းဥပဒ်ပေးတတ်ခြင်း၊
✧ လေပန်ကာခံခြင်း၊ ရေစိမ်ချိုးခြင်း၊ ရေလမ်းခရီးသွားခြင်းကို ရှောင်သင့်ပါတယ်။ ဝက်သား ရှောင်သင့်ပါတယ်။

**စနေဂြိုဟ်သည် အထွန်းဂြိုဟ်ဖြစ်တဲ့အတွက်...**

❑ ဘာသာရေးခေါင်းဆောင် ဖြစ်ရခြင်း၊
❑ ဘာသာ,သာသနာ လုပ်ငန်းများ ဆောင်ရွက်ရခြင်း၊
❑ နိုင်ငံရပ်ခြား ရပ်ဝေးခရီး သွားရခြင်း၊
❑ အလှူအတန်းကြီးများ ပေးရခြင်း၊
❑ လူမျိုးခြားများနဲ့ အကျိုးပေးခြင်း၊

***အေးပါစေ၊ အောင်ပါစေ၊***

**သန်းပညာ**





www.burmeseclassic.com

ကျွန်တော်တို့ရွာမှ ရွာသူရွာသားများသည် ကိုင်းလုပ်ငန်းဖြစ်သော သီးနှံမျိုးစုံ စိုက်ပျိုးကြသော်လည်း အထူးသဖြင့် ငရုတ်နှင့် ဗိုလ်ကိတ်ဖြူပဲကိုသာလျှင် အများဆုံး စိုက်ပျိုးကြပါသည်။

ကျွန်တော်သည် အသက်အရွယ်ထောက်လာ၍ ကိုင်းလုပ်ငန်းကို မလုပ်ကိုင်နိုင်တော့ဘဲ အနားယူကာ မိမိစိုက်ပျိုးသည့် မြေကွက်များကို အချမ်ငှားထားပြီး ဥယျာဉ်ခြံမြေလေးနှင့်သာ နားနားနေနေ လုပ်ကိုင် စားသောက်လျက် ရှိပါသည်။

မိုးလကုန်၍ ပွင့်လင်းရာသီ ရောက်ခဲ့ပါပြီ။ ရွာသားများမှာ ကိုင်းမြေသီးနှံများ စိုက်ပျိုးပြီးသွားကြသည်မှာ (၁) လကျော်ခန့်ရှိပြီ ဖြစ်ပါသည်။


ဆောင်းလရာသီ ဖြစ်သော်ငြားညဘက်နှင့် နံနက်ချိန်များတွင် နှင်းများကျဆင်းခြင်း မတွေ့ရဘဲ အအေးဓာတ်သာ လွန်ကဲနေသည်။ နေ့ဘက်ကျတော့လည်း မိုးသားတွေ အုံ့ပျပျနှင့် အပူရှိန် ကျရောက်မှုက နည်းပါးနေပါသည်။

သဘာဝအရ မိုးလအခါ မိုးရွာမှ၊ ဆောင်းလအခါ နှင်းကျမှသာလျှင် စိုက်ပျိုးသော မိုးစပါးနှင့် ဆောင်းသီးနှံများကို အထောက်အကူ ပြုနိုင်ပေမည်။

ကျွန်တော်သည် မိမိမြေကို အချမ်အငှားလုပ်ကိုင်သော ရွာထဲမှနေသည့် မောင်စံရွှေဖြစ်သူအား သူစိုက်ပျိုးထားသော သီးနှံများ ရှင်သန်ဖြစ်ထွန်းခြင်း မရှိမှာကို တွေးပူနေမိပါသည်။

တစ်နေ့သော နံနက်ပိုင်းတွင် မောင်စံရွှေတစ်ယောက် ကျွန်တော့်အိမ်သို့ ရောက်လာ၍ သူ့ကို ခရီးဦးကြို မေးလိုက်မိသည်။

'မောင်စံရွှေ မင်းစိုက်ပျိုးထားတဲ့



ကိုမောင်ကြော်လှိုင်

(မအူပင်)

# ငရုတ်ပင်စိုက်လျှင်

## သတိပြုစရာ

သီးနှံတွေ ကောင်းရဲ့လား'

မောင်စံရွှေမှာ မျက်နှာရွှင်လန်းခြင်း မရှိရှာဘဲ...

'စိုက်ထားတဲ့ ပဲတွေကတော့ သင့်ပါတယ်။ ငရုတ်တွေစိုက်ထားတာကတော့ မကောင်းဘူး။ အပင်တွေ ထိုင်ပြီး စိုစိုပြည်ပြည် မရှိကြဘဲ ခပ်ကုပ်ကုပ် ဖြစ်နေကြတယ် ဦးရယ်။ ဘယ်လိုမှ ပြုပြင်လို့မရ ဖြစ်နေတယ်'

ကျွန်တော်သည် သူ့စကားကြောင့် စိတ်မကောင်း ဖြစ်သွားမိသည်။ သူက ဆက်ပြောပြသည်။

'ကျွန်တော်လဲဗျာ ငရုတ်ခင်းကို အတော်ဂရုစိုက်ပြီး အစာကျွေးတယ်။ ဆေးဖျန်းတယ်။ ချောင်းထဲက ရေကိုလဲ ရေစုပ်စက်နဲ့ သူ့ရက်ပတ် ရောက်တိုင်း ရေတင်ပေးနေတာပဲ စဉ်းစားလို့ မရအောင် ဖြစ်နေတယ်ဗျာ'

ကျွန်တော်သည် သူ ပြောပြသည်များကို စိတ်ဝင်စားနေမိရင်း...

'မင်းကို ငါ အကြံပြုချင်တယ်။မင်း ရဲ့ ငရုတ်ခင်းကို ရေမပေးဘဲ ရေမတင် ဘဲ နားထားလိုက်ဦးကွာ'

'ဟုတ်ကဲ့ ပြောပါ ဦးရယ်'

'အမှန်တော့ ဒီရက်ထဲမှာ နှင်းကျသင့်တယ် ဆောင်းရာသီဖြစ်ပြီး အခု နှင်းမကျ ရက်ကြာပြီ။ နှင်းမကျဘဲ အအေးဓာတ်သာ များနေတယ်ကွ။ နောက်ပြီး နေ့ဘက်ကျ တော့လဲ မိုးသားတွေ အုံ့ပျပျနဲ့ နေပူရှိန် နည်းနေတယ်။ အဲဒါ သီးနှံပင်တွေအတွက် မကောင်းဘူး။

အခုလို အအေးဓာတ် များနေတဲ့အချိန်မှာ မင်းက ရေတင်ပေးထားမိတော့ ငရုတ်ပင် တွေ အအေးပတ်ပြီး ခံရတာပေါ့။

ငါတို့စိုက်ခဲ့တဲ့ အချိန်တုန်းကလဲ အခု ရာသီမျိုးဖြစ်နေချိန်မှာ ငရုတ်ခင်းထဲ ရေတင်ပေးမိလို့ ငရုတ်ပင်တွေကုပ်ပြီး နှ တဲ့သဘော ဖြစ်ခဲ့ဖူးတယ်။ အဲဒီအ ငရုတ်တစ်သောင်း တစ်ခါတော့ သေ ရင် ရေတင်ဆိုတဲ့ ပြောစကားတောင် ဖြစ်ခဲ့



F.24B. January, 2014.

စာမျက်နှာ (၁၈၉) သို့

www.burmeseclassic.com

www.burmeseclassic.com


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များ အကြောင်း

သရောကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

* * *



ယခုလအတွက် နံပါတ်(၁)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ မြန်မာသက္ကရာဇ် **၁၃၃၅ ခုနှစ်၊ နယုန်လ၊ အင်္ဂါနေ့** မွေးသူ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

မိဘများ ပေးထားတဲ့ သူမရဲ့နာမည် **"စိုးစိုးအေး"**ကို မြန်မာစာလုံးနဲ့ လက်မှတ်ထိုးထားတာ ဖြစ်ပါတယ်။ မူလ မဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဥ်၊ ဝုဒ္ဓိတို့ ချကြည့်ရင်...

* * *

| နံပါတ်– ၁ | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင် | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃* |
| ၁ | ၅ | ၆ |

(နာမက္ခရတိုင်)

| | |
|---|---|
| | ၄ |
| ၃ | ၂ |
| ၁ | ၀ |
| ၆ | ၅ |


(ဝုဒ္ဓိ)

၀ ၁ ၂ ၃ ၄ ၅ ၆

အင်္ဂါ ရာဇဖွားဖြစ်သူကို **အင်္ဂါ + တနင်္ဂနွေ = ရာဇ + မရဏ = ဣဋ္ဌ + အနိဋ္ဌ** နာမည်ပေးညွှန်းပါတယ်။

ဒါ့အပြင် နာမက္ခရတိုင်စဥ်များ၊ ဝုဒ္ဓိများဖြစ်တဲ့အတွက် ဒီနာမည် (၃)လုံးကို လက်မှတ်မထိုးသင့်ပါဘူး။ **"အေး"**ကို မသုံးဘဲ **"စိုး"**တစ်လုံးတည်း လက်မှတ်ပုံသဏ္ဌာန် ကောင်းအောင် ပြုပြင်ထိုးသင့်ပါတယ်။

* * *



**(ပြုပြင်ထိုးသင့်သော လက်မှတ်ပုံစံ)**


လက်မှတ်ပုံက ပွင့်ဖတ်(၃)ခုပါတဲ့ **ပန်းပွင့်ပုံ၊ ယပ်တောင်ပုံ**ဖြစ်လို့ ပရဟိတလုပ်ငန်း ဝါသနာပါသူအတွက် ဒုက္ခသောက အပူများနေသူတွေကို ပျော်ရွှင်ချမ်းမြေ့မှုများစွာ ပိုပေးနိုင်ပါလိမ့်မယ်။

ယခုလအတွက် နံပါတ်(၂)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၃ခုနှစ်၊ တော်သလင်းလ၊ အင်္ဂါနေ့ဖွား** အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

**"ကြည်စိုးလင်း"**ဆိုတဲ့ နာမည်မှ **"ကြည်စိုး"**ဆိုတဲ့ စာလုံးတို့ကို လက်မှတ်ရွေးထိုးထားတာ ဖြစ်ကြောင်း ပြောပြပါတယ်။ မူလ မဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဥ်တို့ ချကြည့်ရင်...

* * *





၂။

* * *



www.burmeseclassic.com

www.burmeseclassic.com

နံပါတ်-၂

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | | |
|---|---|---|
| | *၃ | |
| ၅ | ၁ | ၄ |
| ၂ | ၆ | ဝ |


| | |
|---|---|
| ၅ | |
| ၄ | ၃ |
| ၂ | ၁ |
| ဝ | ၆ |

(နာမက္ခရတိုင်စဥ်)

အင်္ဂါ(အဓိပတိဖွား) ဖြစ်ပါလျက် မရဏဌာနက တနင်္လာနံ အက္ခရာ စာလုံးနဲ့ နာမည် စတင်ပေးထားတာ မကောင်းပါဘူး။ ဒါကြောင့် တနင်္လာနံ အက္ခရာနဲ့ စတင်တဲ့ ထိုးမြဲလက်မှတ် ဟာလဲ ညံ့ပါတယ်။

"ကြည်"ဆိုတဲ့ နာမည်အစ စာလုံးကို လက်မှတ်မထိုးဘဲ "စိုးလင်း"ဆိုတဲ့ နာမည် အလယ်စာလုံးနဲ့ အဆုံးစာလုံးကို တွဲထိုးသင့်တယ်။ **အဓိပတိ + ရာဇ = ဣဋ္ဌ + ဣဋ္ဌ** မွေးနံကို အညွှန့်အုပ်နာမည်လဲ ကောင်း၊ လက်မှတ်လဲ ကောင်းပါမယ်။


* * *



(ပြုပြင်ထိုးသင့်သော လက်မှတ်နမူနာပုံစံ)

၃။

* * *



ယခုလအတွက် နံပါတ်(၃)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုးမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၃၀ ပြည့်နှစ်၊ နတ်တော်လ၊ သောကြာနေ့ဖွား** အမျိုးသားတစ်ဦး ဖြစ်ပါတယ်။

မွေးနံကို အညွှန့်အုပ်နာမည်ပေးရင်းနဲ့အညီ သူ့မိဘများ ပေးထားတဲ့ **"သိန်းတင်"**ဆိုတဲ့ နာမည် (၂)လုံးတွဲကို အင်္ဂလိပ်အက္ခရာနဲ့ လက်မှတ်ထိုးထားကြောင်း သိရပါတယ်။

နာမည်ပေးကောင်းသလား၊ လက်မှတ်မှန်သလားသိဖို့ မူလမဟာဘုတ်ခွင်နဲ့ နာမက္ခရတိုင်စဥ် ချကြည့်ရင်...

* * *

နံပါတ်-၃

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

(မူလမဟာဘုတ်ခွင်)

| | | |
|---|---|---|
| | ၄ | |
| *၆ | ၂ | ၅ |
| ၃ | ဝ | ၁ |

| | |
|---|---|
| ၆ | |
| ၅ | ၄ |
| ၃ | ၂ |
| ၁ | ဝ |


(နာမက္ခရတိုင်စဥ်)

သောကြာ အထွန်းဌာနဖွားသူကို သောကြာအစ စနေအဆုံး မွေးနံကို အညွှန့်အုပ်နာမည်ပေးနည်းဟာ ညံ့ တယ်။ **အထွန်း + ဘင်္ဂ = ဣဋ္ဌ + အနိဋ္ဌ**ဖြစ်လို့ ဘယ်ကိစ္စမဆို အကောင်း အနှောင်းပျက် ဖြစ်တတ်တယ်။ နာမက္ခရတိုင်စဥ်လဲ မှားပါတယ်။

လက်မှတ်ပုံစံကလဲ ခွက်မှောက် သင်္ကေတဖြစ်သလို ငှက်ပျံသင်္ကေတ လဲဖြစ်လို့ အိမ်မှာ ကြာကြာမနေရတတ် ဘူး။ မကြာခဏ ခရီးဝေး သွားလာ လုပ်ကိုင်ရတတ်တယ်။ ငွေကြေးပစ္စည်း ဥစ္စာလဲ မခိုင်မြဲတတ်ဘူး။

ဒီနာမည်မျိုးမှာတော့ ထိုးမြဲလက်မှတ်ကို အထွန်းဌာနက **"သိန်း"**တစ် လုံးတည်း ထိုးသင့်တယ်။ ပြည်ပနိုင်ငံ ခြား သွားလာလုပ်ကိုင်သူဖြစ်လို့ လက် မှတ်ကို အင်္ဂလိပ်အက္ခရာနဲ့ ထိုးပြခြင်း ဖြစ်ပါတယ်။

* * *



(ပြုပြင်ထိုးသင့်သော လက်မှတ်နမူနာ ပုံစံ)


၄။

* * *



www.burmeseclassic.com

www.burmeseclassic.com



ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်တဲ့ ထိုမြဲလက်မှတ်ပိုင်ရှင်ကတော့ **မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်၊ ဝါဆိုလ၊ ဗုဒ္ဓဟူးနေ့ဖွား** အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်။

မူလမဟာဘုတ်ခွင် ချကြည့်ရင်…

* * *

နံပါတ်– ၄

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၂ | |
| *၄ | ၀ | ၃ |
| ၁ | ၅ | ၆ |

**(မူလမဟာဘုတ်ခွင်)**

မိဘများ ပေးထားတဲ့နာမည် "**သူသူ**"ကို မြန်မာအက္ခရာနဲ့ လက်မှတ်ထိုးထားကြောင်း သိရတယ်။ ဗုဒ္ဓဟူးအထွန်းဌာနဖွား ဖြစ်သူကို ပုတိဌာနမှာရှိတဲ့ သောကြာနံသင့် အက္ခရာနှစ်လုံးနဲ့ နာမည်ပေးထားခြင်း ဖြစ်တဲ့အတွက် နေ့သင့်နံသင့် မဟုတ်ပေမယ့် "သောမ"ဖွားကို သောမအက္ခရာအလုံးတွဲနဲ့ နေပူခံ အကျော်အစော နာမည် ပေးထားတာဖြစ်လို့ နာမည်ပေး မှားတယ်လို့ မဆိုနိုင်ဘူး။


ဒါပေမယ့် ပုတိဌာနက သောကြာနံ (ခရီးဂြိုဟ်) နှစ်လုံးဆင့် နာမည်ပေးထားတဲ့အတွက် ဘဝမှာ ခရီးသွားလာ လှုပ်ရှားလုပ်ကိုင်ရမှု များတတ်ပြီး မွေးရပ်ဇာတိမှာလဲ မကြီးပွားတတ်ဘူး။

**လက်မှတ်ပုံသဏ္ဌာန်က** အောက်က အပြိုင်မျဉ်းသင်္ကေတရှိခြင်း၊ လက်မှတ်နောက်မှာ အင်္ဂလိပ်ဂဏန်း (၂) ပါရှိခြင်းတို့ကြောင့် အချစ်ရေး၊ အိမ်ထောင်ရေး၊ အရှုပ်အထွေး အယှဉ်အပြိုင်တွေ ကြုံတတ်တယ်။

လူချမ်းသာ စိတ်ဆင်းရဲ ဖြစ်တတ်လို့ လက်မှတ်ကောင်းတစ်ခု မဟုတ်ဘူး။ "သူ"တစ်လုံးတည်းကို ပုံသဏ္ဌာန်ကောင်းအောင် လက်မှတ်ပြုပြင်ထိုးသင့်တယ်။

လက်မှတ်အောက်က မျဉ်းမသားရဘူး။ ငွေအိတ်ပုံ၊ ပစ်တိုင်းထောင်ပုံ လုလုတည့်တည့်ဆွဲ၊ အညွှန့်နေရာမှာ ပွင့်ဖတ်(၄)ခုပါတဲ့ ပန်းပွင့်သင်္ကေတ ထည့်ပါ။

* * *



**(ပြုပြင်သင့်သည့် နမူနာလက်မှတ်)**

**ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်…***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေသွဲ့)***
**လက္ခဏာဗေဒင်ပညာ့သုတေသီ**

စာမျက်နှာ (၁၈၆)မှ အဆက်

တယ်'

ကျွန်တော့်စကား ပြတ်သွားခိုက်မှာ မောင်စံရွှေက…

'ဟုတ်တယ်ဦးရေ ကျွန်တော်သဘောပေါက်ပြီ။ နှင်းကျပြီး အေးတာထက် နှင်းမကျဘဲ အေးတာက ပိုအေးတယ်။ နွေဘက်မှာလဲ အပူရှိန်သိပ်မရှိတာ မှန်ပါတယ်။ အသီးအပင်တွေလဲ အအေးဒဏ် ခံစားကြရမှာပေါ့။

အဲဒီအချိန်မှာ ကျွန်တော်က ရေတံခင်းကို ရေတင်ပေးမိတော့ အပင်တွေကုပ်ကြတာ ဖြစ်မှာပဲ။ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

မောင်စံရွှေမှာ ကျွန်တော့်အပေါ် ယုံကြည်လေးစားပုံရပြီး မည်သို့ပြုလုပ်ရမည်ကို သိချင်နေသည်။

'မင်း ဒီရက်ထဲမှာ ရေတံခင်းထဲက ပေါင်းမြက်တွေကို ပြောင်အောင်ရှင်းပြီး ရေတံပင်တန်းကြားမြောင်းတွေကို ပေါက်တူးနဲ့ ပေါက်ထားကွာ။ မြေကြီးရဲ့ အအေးဓာတ်ကို ဖွင့်ထုတ်ထားတဲ့ သဘောပေါ့။

နှင်းကတော့ မကျဘဲ မနေပါဘူး။ နှင်းတွေကျပြီး နေပူရှိန် မြင့်လာချိန်မှာ အပင်တွေလဲ ပွင့်လန်း ရှင်သန်လာကြမှာပါ'

ကျွန်တော်က ပြောပြတော့…

'ဟုတ်ပြီဦးရေ ဦးပြောတဲ့အတိုင်း လောလောဆယ် လုပ်ကိုင်ထားရမှာပဲ။ ကျေးဇူးတင်ပါတယ် ဦးရယ်။ နောင်ကိုလဲ ရေတံပင်စိုက်ရင် ဦးပြောသလို ရာသီဥတုအခြေအနေကို ကြည့်ပြီး သတိထား လုပ်ကိုင်ရတော့မှာပဲ'

မောင်စံရွှေတစ်ယောက် ကျွန်တော်နှင့် စကား အနည်းငယ် ဆက်ပြောပြီး ပြန်သွားပါသည်။ ကျွန်တော်သည် မိမိအတွေ့အကြုံအရ ပြောဆို အကြံပြုလိုက်ရ၍ ကျေနပ်နေမိပါတော့သည်။

**ကိုမောင်ကျော်လှိုင်(မအူပင်)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ် မြင်းနှစ်ကာလတွင်

# စာမေးပွဲများ



အောင်မြင်စေဖို့

**မြင်းနှစ်တာကာ (၃၁–၁–၂၀၁၄ မှ ၁၈–၂–၂၀၁၅)**အတွင်း ဖြေဆိုရမည့်ရှိသော အစမ်းစာမေးပွဲ၊ နှစ်ဝက်စာမေးပွဲ၊ အတန်းတင်စာမေးပွဲ၊ အလုပ်ဝင် အရည်အချင်းစစ် စာမေးပွဲ စသည် စသည် စာမေးပွဲ အားလုံးအတွက် အကူအပံ့ ဖြစ်စေမည့် အပြင်အဆင် ဖြစ်သည်။

ဖုတ်,ကင်ထားသော စားဖွယ် တစ်မျိုးကို ရေသန့်တစ်ဘူးနှင့် အတူ လှူဒါန်းရန် ဖြစ်သည်။ စာမေးပွဲ မဖြေမီ သုံးရက်အတွင်း မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်သည်။ မိမိတို့ မွေးနှစ် ပုံရိပ်အရ အောက်ပါအတိုင်းစီစဉ်ပါ။

| ပုံရိပ် | အလှူခံပုဂ္ဂိုလ် | အရပ်မျက်နှာ |
| --- | --- | --- |
| ကြွက် | သက်ကြီးပိုင်းအမျိုးသား | မြောက် |
| ဆိတ်၊ မျောက် | မိခင်အရွယ်အမျိုးသမီး | အနောက်တောင် |
| ယုန် | သက်လတ်ပိုင်းအမျိုးသမီး | အရှေ့ |
| နဂါး၊ မြွေ | သက်လတ်ပိုင်းအမျိုးသား | အရှေ့တောင် |
| မြင်း | သက်ကြီးပိုင်းအမျိုးသမီး | တောင် |
| ခွေး၊ ဝက် | ဖခင်အရွယ်အမျိုးသား | အနောက်မြောက် |
| ကြက် | သက်ငယ်ပိုင်းအမျိုးသမီး | အနောက် |
| နွား၊ ကျား | သက်ငယ်ပိုင်းအမျိုးသား | အရှေ့မြောက် |

ဤတွင် ဥပမာအနေဖြင့် **ကြွက်ပုံရိပ်ရှင်သည်** မြောက်အရပ်ရှိ သက်ကြီးပိုင်း အမျိုးသားတစ်ဦးအား ဖုတ်, ကင်ထားသော စားဖွယ်နှင့် ရေကို လှူဒါန်းရန် ဖြစ်သည်။ အသက်အရွယ် သတ်မှတ်ရာ၌...

| | |
| --- | --- |
| **(၁၆)နှစ်အောက်** | =သက်ငယ်ပိုင်း |
| **(၁၆)နှစ်မှ(၃၀)နှစ်အထိ** | =သက်လတ်ပိုင်း |
| **(၃၀)နှစ်အထက်** | =သက်ကြီးပိုင်း |

မိမိ၏ မိခင် ဖခင်အရွယ်၊ အရွယ်အို အဘိုး,အဘွားများဟူ၍ သတ်မှတ်ပါ။

ဖုတ်,ကင်ထားသော စားဖွယ်ဆိုရာတွင် ယနေ့ခေတ်ကာလ အခက်အခဲ မရှိပါ။

**ကိုရီးယားအကင်ဆိုင်**ဟု အမည်ပေးကာ ထိုင်းနိုင်ငံမှလာသည့် ငါးဖယ်ချောင်း၊ ကြက်သားချောင်း၊ ကြက်ဥကင် စသည့် ဆိုင်ရာ အနံ့အသက်ပါသော ဖန်တီးထားသည့် စားဖွယ်များကို မြန်မာနိုင်ငံ နေရာအနှံ့၌ တွေ့ရသည်။ ယင်းတို့ကို မီးဖိုငယ်တွင် အရသာရည် သုတ်လိမ်းကာ ကင်,ဖုတ် ရောင်းချကြသည်။

ထိုစားဖွယ်များ မရှိသော်မှ ငါးခြောက်ဖုတ်၊ ငါးကင် စသည် စားဖွယ်ကို ရေနှင့် လှူဒါန်းနိုင်ပါသည်။

ကင်,ဖုတ်ထားသော စားဖွယ်ကို တရုတ်စာဖြင့် ( 烤 )**ခေါင်**(Kão)ဟု ရေးသား သုံးနှုန်း၏။

မီးစာလုံး( 火 )နှင့် စာမေးပွဲစာလုံး ( 考 ) ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ရေနှင့် တွဲဖက်လှူဒါန်းသဖြင့် မီး( 火 ) ကို ရေငြိမ်းသတ်ရာ ( 考 )"ခေါင်" ဟူသော စာမေးပွဲသာ ကျန်ရစ်သည်။

ထို့ကြောင့် မိမိတို့ ဖြေဆိုရန်ရှိသော စာမေးပွဲတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ နှလုံးသားရေး အခက် အခဲများ ကင်းရှင်းစွာဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လက်စွမ်းပြ ဖြေဆို အောင်မြင်နိုင်ကြပေမည်။

အလှူခံပုဂ္ဂိုလ်နှင့် အရပ်မျက်နှာမှာ ယခုနှစ် ၂၀၁၄ ခုနှစ်၊ မြင်းစိုးမိုးသည့် နှစ်တာကာလ မိမိတို့ပုံရိပ်အ အထောက်အပံ့ ဖြစ်စေသည့် ပုဂ္ဂိုလ်နှင့် ကံပွင့် လာဘ်ပွင့် အရပ်များ ဖြစ်ကြ သည်။

ယခုနှစ်အတွင်း ဖြေဆိုရမည့် ရှိသ စာမေးပွဲတိုင်းတွင် ကိုယ် စွမ်းဉာဏ် ရှိသမျှ ဖြေဆို အောင်မြင်နိုင်ကြပါစေ


**ထိုင်းလီစု**(*Tai Li Su*)



www.burmeseclassic.com

www.burmeseclassic.com

# နံ့ပေါ်အင်း



နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတိုက်သို့ ဗဟုသုတဖြစ်ဖွယ် စာမူများကို ဝါသနာအရ ရေးပို့ရသည်မှာ အချိန်ကာလ တစ်ခု ကြာခဲ့ပါပြီ။ မြန်မာ့အင်းပညာများနှင့် ပတ်သက်၍ ဗဟုသုတဖြစ်ဖွယ်များကို တင်ပြပေးပါဦးမည်ဟု ကနဦး ကျွန်ုပ်၏ စာမူများတွင် ရေးသားခဲ့ဖူးပါသည်။

သို့ပါသော်လည်း ကျွန်ုပ် အင်းပညာကို လေ့လာလိုက်စားခဲ့သော အချိန်ကာလတစ်ခုတွင် ပယောဂကုအင်း သက်သက်သာ အဓိက အသုံးပြုခဲ့ရခြင်းကြောင့် ထိုပယောဂကုအင်းများ အကြောင်းကို စာရှုသူတို့အား ဗဟုသုတဖြစ်ဖွယ် တင်ပြရန် သင့်မသင့် စဉ်းစားရပေမည်။

ကျွန်ုပ်ထံတွင် အင်းပညာနှင့် ပတ်သက်၍ ပယောဂကု အင်းမှစ၍ ရတနာဒီပံ၊ မဟာဒီပံ၊ ဈေးခေါ်၊ ပီယ၊ ကာယ စသည့် အင်းများ ရှိသော်လည်း ပယောဂကုအင်းမှလွဲ၍ လက်တွေ့ အသုံးပြုခဲ့သောနည်းမှာ သိပ်မရှိပေ။

ဗဟုသုတရစေရန် အလို့ငှာသာ ရွေးကျမ်းစာစောင် အသီးသီးမှ ကူးယူ ကောက်နုတ်ထားခြင်းသာ ဖြစ်ပါသည်။ ယင်းနည်းများ အနက်မှ ယခု တင်ပြပေးမည့် နံ့ပေါ်အင်းမှာ ကျွန်ုပ်ကိုယ်တိုင် အသုံးပြုခဲ့ဖူးသော နည်းတစ်ခု ဖြစ်ပါသည်။ ဉာဏ်ရှိသလို သုံး၍ရသည်ဟု ကျွန်ုပ်၏ ဆရာက ပြောခဲ့ပါသည်။

အဓိကတင်ပြပေးရခြင်း အကြောင်းအရာတစ်ခုကတော့ **၂၀၁၃ ခုနှစ်၊ ဇော်တင်ဘာလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် အေးရွှေ(ဖီးကုန်း)၏ "ကာကကဏ္ဍီနှင့်ကတိုး"** ဟူသော အကြောင်းအရာတွင် ဆေးဖော်စပ်မှုဆိုင်ရာ၌ အစိတ်အပိုင်း တစ်ခုအနေနှင့် ပါဝင်နေသော ဤနံ့ပေါ်အင်းအား

**အစီအရင်**

ကူညီ အားဖြည့်ပေးစေလိုသောကြောင့်လည်း ဖြစ်ပါသည်။

အင်းစီရင်ရာတွင် တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ရမည့် နည်းဥပဒေသများကို နားလည်တတ်ကျွမ်းကြသော ဆရာပညာရှင်များက မကြာခဏ ဆိုသလို ဖော်ပြထားပြီးဖြစ်ရာ ကျွန်ုပ်အနေနှင့် အထူး မဖော်ပြတော့ပါ။

ဤအင်းအား စီရင်ခဲ့သော ရှေးဆရာသမားများနှင့် ဤအင်းအား အစောင့်အရှောက်ပြုသူတို့အား ရည်စူး၍ ဂါရဝ တရားထားကာ ပူဇော်သမှုပြုဖို့ကား ဤအင်းစီရင်သူ၏ တာဝန်ဖြစ်သည် ဆိုသည်ကား မမေ့လျော့အပ်ပေ။

**အင်းအသွားမှာ ရထားသွား** ဖြစ်ပါသည်။ ခုနစ်နေ့၊ ခုနစ်နံ့နှင့် စီရင်ထားသောအင်း ဖြစ်ပါသည်။ အင်းဂဏန်း အဆုံးမှ တစ်ခုတိုးကာ စီရင်ပါ။ ဤအင်းကား ပုံသေမဟုတ်ပါ။

မိမိအလိုရှိသော နေ့နံ့ကို အစပြုကာ စီရင်ရသောအင်း ဖြစ်သဖြင့်လည်း ဉာဏ်ရှိသလို သုံးနိုင်ပါသည်ဟု ကျွန်ုပ် ရေးခဲ့ခြင်း ဖြစ်ပါသည်။

* * *

**ဥပမာအားဖြင့် ။ ။ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့သည် တနင်္ဂနွေနေ့ဖြစ်သည်။**

ထို့ကြောင့် ယင်းနေ့အတွက် နံ့ပေါ်အင်းမှာ အောက်ဖော်ပြပါအတိုင်း

| နေ့ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| အင်းဂဏန်း | > | / | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| နံ့သင့်ဂဏန်း | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |

ဖြစ်ပါသည်။ အင်း စတင်ရေးဆွဲလျှင် ( ✱ )အမှတ် ပြထားသော နေရာမှ စပါ။ အလျား(၈)ကွက်၊ အနံ(၈)ကွက် အင်းဖြစ်ပါသည်။ တနင်္ဂနွေနေ့၏ **နံ့သင့်ဂဏန်း( > )နှင့်** စပါမည်။ ( > )နှင့် စတင်ကာ ရေးဆွဲသည့်အတွက် အင်း၏ ထောင့်လေးထောင့်တွင် ( > )ဂဏန်း ရှိနေရမည်။

စ ✱ →

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |

( / )နှင့် စလျှင် ထောင့်လေးထောင့် ( / )ဖြစ်နေရမည်။ ဆိုလိုသည်မှာ ခုနစ်နေ့၊ ခုနစ်နံ့သင့်ဂဏန်း၊ မည်သည့် ဂဏန်းနှင့် စတင်ကာ ရေးဆွဲပါစေ ထောင့်လေးထောင့်တွင် အစဂဏန်း လေးလုံး တည်ရှိနေရမည် ဖြစ်ပါကြောင်း...။

***ရှင်လန်းချမ်းမြေ့ကြပါစေ။***


**ဦးသိဏ်း**

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလအတွက်
ဓာတ်ကြီးငါးပါး စိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ





ခရစ်နှစ်ဆန်း (တရုတ်ပြက္ခဒိန်) လူနာနှစ်ခန်း မာသဖြစ်သော ဤလတွင် ဖွင့်လှစ်မည့် ထီဆုငွေများအတွက်...

**၉၊ ၆၊ ၃၊ ၀** ဂဏန်းခြေများကို အစီအစဉ်အတိုင်း ပါဝင်စေရန် အထူးပြု ရွေးချယ်သင့်သည်။

တွဲဖက်သင့်သော အက္ခရာဝလီများမှာ **င၊ ဈ၊ ဒ၊ လ** တို့ဖြစ်ကြသည်။ ဂဏန်းတူ၊ ဂဏန်းထပ်များ အလိုရှိပါက အထက်ပါ ဂဏန်း(၄)လုံးအနက် (၂)ခုထက်ပို၍ ပါဝင်သော ထီလက်မှတ်ကို ရွေးပါ။

မိမိတို့မွေးနှစ်အရ ကံအခွင့်အလမ်းကို အသုံးချလိုပါက ဤသို့ ရှာဖွေပါ။

* * * ——————→

**ဥပမာ။ ။ ကြွက်နှစ်တွင်** မွေးဖွားသူသည် (၇)ဂဏန်း၊ ရွှေဝါရောင်၊ အနောက်အရပ်တို့က ကံလာဘ်ပွင့်လင်းစေလိမ့်မည်။ တွဲဖက် စပ်တူထိုးလိုပါက ကြာသပတေးသားသမီးနှင့် တွဲဖက်ပါ။ သောကြာနေ့တွင် ကံစမ်းသင့်သည်။

တည်နေရာ အင်အား၊ ဌာနဗလ အကူအညီရယူလိုပါက ထီလက်မှတ်အရောင်းဆိုင်သည် ပန်းခြံ၊ လွင်ပြင်ကျယ်၊ ကျောက်တုံးကျောက်ဆောင်များ၊ တောင်မြင့်အခြေ၊ ကမ်းပါးထိပ်၊ အကျဉ်းစခန်း၊ မီးသတ်ဌာန၊ ကယ်ဆယ်ရေးစခန်း။

တရားရိပ်သာ၊ စဥ့်အိုးစဥ့်ခွက် မြေထည်ပစ္စည်းအရောင်းဆိုင် သို့မဟုတ် စက်ရုံများအနီး၌ ဖွင့်သောဆိုင်ဖြစ်ပါက ကံထူးကံကောင်းနိုင်ကြသည်။

**ထီကံမြှင့်ယတြာ** ပြုလိုပါက ဖယောင်းတိုင်(၈)တိုင်ကို ရှားစေးသုတ်ပါ။ (ရှားစေးမရနိုင်ပါက အညိုရောင်စက္ကူပတ်ပါ။) တနင်္ဂနွေနေ့ ညနေခင်း အချိန်တွင် မိမိနေအိမ်၏ အနောက်မြောက်ထောင့်အရပ်သို့ သွား၍ စွန့်ပစ်ပါ။

သို့မဟုတ် ဘုရားစေတီတစ်ဆူ၏ အနောက်မြောက်ထောင့်အရပ်၊ ရာဟုဂြိုဟ်တိုင်အနီးမှ ဘုရားကပ်လှူပါ။ မီး မထွန်းညှိပါနှင့်။

ထီနှင့် ကံစမ်းမဲများအတွက် အထူးကံပွင့်ကာ လာဘ်လာဘ ရွှင်လန်းနိုင်ကြသည်။

***ဝှယုင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

## ထက်မင်းကျော်စွာ

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| နွား ကျား | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| နဂါး မြွေ | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| မြင်း | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဆိတ် မျောက် | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ကြက် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ခွေး ဝက် | ၂ | မြေဝါ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |



www.burmeseclassic.com

www.burmeseclassic.com

မဟာဗောဓိတထောင်မှ

# အဖီး(၁၀၈)ဖီးသီးသော ငှက်ပျောပင်


မောင်မောင်လွှမ်း (မုံရွာ)

မုံရွာမြို့၊ ရွှေကျားစတိုးနှင့် ရွှေရတနာဆိုင်မှ ကိုဝင်းအောင်က စာရေးသူအား မဟာဗောဓိတထောင်တွင် ငှက်ပျောပင်တစ်ပင်မှ အဖီး(၁၀၈)ဖီး သီးကြောင်း ကြားသိရသဖြင့် လာ၍ ပြောပါသည်။

သို့နှင့် စာရေးသူလည်း စာရေးသူ သွားလျှင် အတူလိုက်နေကြဖြစ်သည့် နီလာစတိုးနှင့် မင်္ဂလာရွှေမောင်း ရွှေမြန်မာထီဆိုင်မှ ဦးနေဝင်းအား အကျိုးအကြောင်းပြောပြပြီး နှစ်ယောက်သား ဆိုင်ကယ်ဖြင့် ထွက်လာခဲ့ကြပါသည်။

မဟာဗောဓိတထောင်သို့ ရောက်သောအခါ အအေးဆိုင် တစ်ဆိုင်သို့ ဝင်၍ အအေးသောက်ကြရင်း မေးမြန်းကြည့်သောအခါ ထိုလူက ရပ်တော်မူ ရုပ်ပွားတော်ကြီးနှင့် လျောင်းတော်မူ ရုပ်ပွားတော်ကြီးဆီသို့ သွားသောလမ်းတွင်ရှိသည့် **"မဟာဗောဓိတထောင် ဆရာတော်ကြီး ဘဝမှတ်တိုင်ပြတိုက်"နားတွင် စိုက်ထားသော ငှက်ပျောပင်မှ သီးကြောင်းနှင့် သူ့**အထင် ငှက်ပျောဖီးပေါင်း(၂၀၀)ခန့် ရှိလိမ့်မည်ဟု ထင်ကြောင်း ပြောပါသည်။

စာရေးသူတို့လည်း အအေးခွက်အား အမြန်သောက်ပြီး ဆရာတော်ကြီး၏ ဘဝမှတ်တိုင်ပြတိုက်ရှိရာသို့ သွားရောက်ကြပါသည်။




▲ တစ်ပိုင်တည်းမှ အဖီး(၁၀၈)ဖီးသီးသော ငှက်ပျောပင်

'မဟာဗောဓိတထောင် ဆရာတော်ကြီး၏ ဘဝမှတ်တိုင်ပြတိုက်''သည် ကမ္ဘာ့အမြင့်ဆုံး ရပ်တော်မူရုပ်ပွားတော်ကြီးနှင့် လျောင်းတော်မူရုပ်ပွားတော်



▲ ဆရာတော်ကြီး၏ ကြေးရုပ်တု

▼ အသီး(၁၀၀)ဖီးသီးသော ငှက်ပျောပင်





www.burmeseclassic.com

www.burmeseclassic.com

ကြီးဆီသို့ တက်သောလမ်း၏ ဘယ်ဘက်ဘေးတွင် တည်ရှိပါသည်။

စာရေးသူတို့လည်း ဆရာတော်ကြီး၏ ပြတိုက်ထဲသို့ မဝင်သေးဘဲ ငှက်ပျောဖီး (၁၀၈)ဖီးသီးသည့် ငှက်ပျောပင်အား ရှာဖွေကြရာ ပြတိုက်၏ အနောက်မြောက်ထောင့်အရပ်တွင် စိုက်ထားသော ငှက်ပျောပင်တစ်ပင်မှနေ၍ ငှက်ပျောဖီးများ ပြွတ်သိပ်စွာ သီးလျက်ရှိသည်ကို တွေ့မြင်ရပါသည်။


ငှက်ပျောဖီးများမှာ တစ်ဖီးနှင့်တစ်ဖီး ပြွတ်သိပ်နေသောကြောင့် ရေတွက်ရန်ပင် မလွယ်ကူလှပါ။ အသီးများ မြောက်မြားစွာ သီးနေသဖြင့် အလုံးများမှာ သိပ်မကြီးပေ။

စာရေးသူတို့လည်း ငှက်ပျောဖီး (၁၀၈)ဖီးသီးသည့် ငှက်ပျောပင်နှင့် ငှက်ပျောခိုင်တို့အား ဓာတ်ပုံရိုက်ယူလိုက်ပါသည်။ ဓာတ်ပုံရိုက်ပြီးသောအခါမှ ဆရာတော်ကြီး၏ ပြတိုက်ထဲသို့ ဝင်ရောက် ကြည့်ရှုကြသည်။

ဆရာတော်ကြီး၏ ဘဝမှတ်တိုင် ပြတိုက်ထဲသို့ ရောက်သောအခါ အဆောက်အအုံအလယ်တွင် မဟာဗောဓိတထောင် ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒ၏ ကြေးသွန်း ရုပ်တော်မူရုပ်ပွားတော်ကြီးကို ဖူးတွေ့ရပါသည်။

ကြေးသွန်း ရုပ်တော်မူ ရုပ်ပွားတော်ကြီးမှာ ဉာဏ်တော်(၆)ပေခန့်ရှိပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာသို့ လှည့်၍ ရုပ်ပွားတော်လေးဆူကို ပုံစံတူ၊ ဉာဏ်တော်တူ သွန်းလုပ်ပူဇော်ထားသည်ကို ဖူးတွေ့ရသည်။

ပြတိုက်နံရံ ဘေးပတ်လည်တွင် ဆရာတော်ကြီး၏ ဘဝမှတ်တိုင် ဓာတ်ပုံကြီးများနှင့် ပန်းချီကားကြီးတို့ကို



ကမ္ဘာ့အမြင့်ဆုံး ရုပ်တော်မူကြီးနှင့် ဆရာတော်ကြီး၏ ဘဝမှတ်တိုင်ပြတိုက်

ဖူးမြင်ရသည်။

စာရေးသူတို့လည်း ဓာတ်ပုံများနှင့် ပန်းချီကားများကို ကြည့်ရှုပြီးသောအခါ ဆရာတော်ကြီး၏ ကြေးသွန်းရုပ်ပွားတော်ပုံအား ဓာတ်ပုံရိုက်ယူခဲ့ပါသည်။

စာရေးသူတို့ သွားရောက် ကြည့်ရှုသောအချိန်တွင် လူကြီးခရီးစဉ်ရှိနေသည့်အတွက် အဖီး(၁၀၈)ဖီးသီးသော ငှက်ပျောပင်အကြောင်းကို မေးမြန်းရန် အခွင့်မသာသည့်အတွက် ထိုငှက်ပျောမျိုးမှာ မည်သည့်ငှက်ပျောမျိုး ဖြစ်ကြောင်း မသိရှိခဲ့ရပါ။ ထို့ကြောင့် ဓာတ်ပုံများနှင့်သာ ရေးသား ဖော်ပြလိုက်ရပါတော့သည်။

**[မဟာဗောဓိတထောင်တွင် ငှက်ပျောပင် တစ်ပင်မှ အဖီး(၁၀၈)ဖီး သီးကြောင်း ပြောပြသော ကိုဝင်းအောင်အား ကျေးဇူးတင်ရှိလျက်...]**

**မောင်မောင်ထွန်း(မုံရွာ)**



www.burmeseclassic.com

www.burmeseclassic.com

# ထုက္ကန့်သိမ်ပုထိုးတော် မှ

ရွှေးခေတ် ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဇိုင်းလက်ရာများ (၂)

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှ အဆက်

* * *

**ပုံ(၁)** ဒီဇိုင်းလက်ရာမှာ ထုက္ကန့်သိမ် ပုထိုးတော်ကြီး လိုဏ်ပတ်ထဲသို့ ဝင်ဝင်ချင်း ရှေ့တည့်တည့်မှ တွေ့ရှိရသော ကျောက်ဆစ်ရုပ်ကြွမှ ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ ကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေ (၂)လက်မခန့် အကျယ် (၁)ပေ (၂)လက်မခန့်နှင့် ရုပ်ကြွအထူ(၇) လက်မခန့်ရှိပါသည်။ မူလကျောက်ဆစ်လက်ရာ၏ ဗောင်းတော်မှာ မိုးရေ တိုက်စားမှုကြောင့် ပီပြင်မှု မရှိတော့ပေ။ ဗောင်းတော်၏ လက်ဝဲဘက် အနားတွင်သာ ဖောင်းလုံးရွှေးလုံး အနည်းငယ် တွေ့ရှိရပါသည်။

တွေ့ရှိရသော ဖောင်းလုံးရွှေးလုံး အနည်းငယ်ကို အခြေခံ၍ ပုံ(၁) ဒီဇိုင်းလက်ရာတွင် ဗောင်းတော်ကို ရေးဆွဲဖော်ပြထားပါသည်။ ဗောင်းတော်ကို ကြည့်၍ သူ့ခေတ်နှင့် သူ့ရာထူး ခွဲမည်ဆိုပါလျှင် "**အတွင်းဝန် လက်ယာ**" (နောက်တန်း) ရာထူးအဆင့်ရှိသော သူတစ်ယောက်ဖြစ်သည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။

မျက်နှာအနေအထားမှာလည်း မိုးရေ တိုက်စားမှုကြောင့် ချောမွတ်နေပါသည်။ လည်ပင်းမှာလည်း ပုတီးလုံး

ပုံ-၁



ပွင့်ဖတ် အတိုအရှည်များနှင့် ဘယက်ကဲ့သို့ ဖွဲ့စည်းဝတ်ဆင်သည်ကို တွေ့ရှိရပါသည်။

လက်မောင်းရင်းမှာလည်း မောင်းကွပ်အဖြစ် ရွှေးလုံးကလေးများ စီတန်း၍ ဘောင်တစ်ဆင့်ဖြင့် အနားသတ်ထားပါသည်။ တံတောင်ဆစ်တွင်လည်း ပွင့်ဖတ်ငယ်ကလေးများကို စီကုံး၍ ဖောင်းလုံးကလေးတစ်လုံးဖြင့်

အနားသတ်ပြီး ပတ်၍ ဝတ်ဆင်ထား[...]သည်။

လက်ကောက်ဝတ်တွင် ဝတ်ဆ[...] ထားသော လက်ကောက်ပုံစံကိုလည်[...] ပွင့်ဖတ်ကလေးများ ဖောင်းလုံးဖြင့် [...] ကုံး၍ ဝတ်ဆင်ထားသည်ကို တွေ့[...] ပါသည်။ လက်နှစ်ဖက်ကို ဘုရား[...] ကြာဖူးကပ်နေဟန် တွေ့ရှိရပါသည်[...]

ခန္ဓာကိုယ်တွင် ပုဆိုး[...](တ[...]



www.burmeseclassic.com

ကို တစ်ပတ်ရစ်၍ တဘက်စကို လက်ဝဲလက်ယာ ဖြန့်ကား၍ ချထားပါသည်။ တဘက်စအနားကို ဖောင်းတန်းနှစ်ဆင့်ဖြင့် သတ်ထားပြီး တဘက်စအဖျားနှစ်ဖက်ကို ရာဇမတ်ကွက်ဖောင်းများဖြင့် အလှဆင်ထားပါသည်။

ခန္ဓာကိုယ်အောက်ပိုင်းတွင် ပုဆိုးဝတ်ထားသော်လည်း ပုဆိုးအထက်ပိုင်းတွင် တန်ဆာဆင်ထားခြင်း မတွေ့ရှိရဘဲ ပုဆိုးအနားတွင်သာ ဖောင်းနှစ်လုံးကြား၌ လေးထောင့်ကွက် နှစ်ထပ်ကွက်များဖြင့် စီတန်း၍ အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။

ဒေသခံများ အခေါ်ကတော့ (မှင်းကျိုးစိကွက်) မန်ကျည်းစေ့ကွက်စု ခေါ်ကြပါသည်။ ဤပုံဤဒီဖိုင်း လက်ရာ အနေအထားကို လေ့လာကြည့်ခြင်းအားဖြင့် မြောက်ဦးခေတ်လယ် မင်းမှုထမ်းဝတ်ဆင်မှု အစိတ်အပိုင်းတစ်ခုကို လေ့လာသိရှိနိုင်ပါသည်။

* * *

**ပုံ(၂)**ဒီဖိုင်း လက်ရာသည်လည်း ထုက္ကန့်သိမ် ပုထိုးတော်ကြီးဝင်လမ်း လိုဏ်ပတ် လက်ယာဘက်မှ အမှတ် (၅) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေခန့် အကျယ်(၁)ပေ(၉)လက်မခန့်နှင့် ရုပ်ကြွအထူ (၆)လက်မခန့် အသီးသီးရှိပါသည်။ ရုပ်ကြွ၏ ဦးခေါင်းပိုင်း မျက်နှာပြင်တို့မှာ ကျိုးပဲ့သွားသည်ကို တွေ့မြင်ရပါသည်။

အောက်ပိုင်း ပုဆိုးဝတ်ထားသည့် အနေအထားကို ကြည့်ခြင်းအားဖြင့် ယောကျ်ားရုပ်ဟု ပြောနိုင်ပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်လှပြီး ဘယ်ဘက်ပုခုံးပေါ်တွင် တဘက်တင်၍ တဘက်စ အစွန်းနှစ်ဖက်ကို ခန္ဓာကိုယ်၏ လက်ဝဲလက်ယာတွင် ဖြန့်ကား၍ ချထားပါသည်။

လက်နှစ်ဖက်ကိုပူး၍ ဘုရားကန်တော့နေဟန် တွေ့ရှိရပါသည်။ ခါးတွင် ခါးကြိုးပတ်ထားပြီး ရှေ့တွင် ခါးပတ်စကို အပြားလိုက် ချထားပါသည်။

ပုဆိုးတွင် အလှတန်ဆာများ မတွေ့ရှိရတော့ပေ။ ရေတိုက်စားမှုကြောင့် ချောမွတ်ပေပြီ။ သူ့ခေတ်နှင့်သူ ဘုရားကန်တော့နေဟန် တစ်မျိုးဟုသာ ပြောရပါမည်။ အမျိုးသားဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။



ပုံ-၂

***

**ပုံ(၃)** ဒီဖိုင်းလက်ရာသည် ပုထိုးတော်ကြီးဝင်လမ်း လိုဏ်ပတ် လက်ယာဘက်မှ နံပါတ်(၄) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ ကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေခန့် အကျယ် (၁၀)လက်မခန့်နှင့် ရုပ်ကြွအထူ (၆)လက်မခန့် ရှိသည်ကို တွေ့ရှိရပါသည်။ ရုပ်ကြွမျက်နှာ၏ နဖူးဆံစရစ်ထိ ပေါ်လွင်မှုမရှိဘဲ ချောမွတ်နေသည်ကို တွေ့ရှိရပါသည်။

www.burmeseclassic.com




ဆံထုံးခွေ အနေအထားကို ကြည့်ခြင်းအားဖြင့် နှစ်ပတ်ခွေဆံထုံး ထုံးထားသော မိန်းမရုပ်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ရခိုင် ရှေးခေတ် ဆံထုံး ထုံးနည်း ခြောက်ဆယ့်လေးမျိုးထဲတွင် တစ်မျိုးအပါအဝင် ဖြစ်ပါသည်။

**ဤပုံ(၃) မူလကျောက်ဆစ်လက်ရာတွင်**လည်း စဥ့်ရောင် အနည်းငယ် ကပ်ကျန်နေသည်ကို တွေ့ရှိရပါသည်။ မူလက စဥ့်ရောင်စုံများဖြင့် အလှဆင်ခဲ့ပါလိမ့်မည်။

နားရွက်နှစ်ဖက်တွင် နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။ လည်ပင်းတွင် လည်ရစ်သုံးရစ် ပေါ်လွင်လှပါသည်။ တဘက်ကို နောက်ကျောတွင် ရုံထားပါသည်။ ပခုံးနှစ်ဖက်ကိုလည်း ခြုံထားပါသည်။ တဘက်စကို ညာဘက်ရှေ့တွင် ချထားပါသည်။

လက်နှစ်ဖက်တွင် ကြာဖူးတစ်ဖူးကိုင်၍ ကန်တော့နေဟန် တွေ့ရှိရပါသည်။ လက်ကောက်ဝတ်တွင် လက်ကောက်ကွင်းကြီးများ ဝတ်ဆင်ထားပါသည်။ အင်္ကျီစအောက်မှ ခါးကြိုးစနှစ်စ ထွက်၍ ပေါင်ပေါ်တွင် တင်ထားပါသည်။

အင်္ကျီနှင့်ထဘီ နှစ်ခုစလုံးတွင် အချောသာ တွေ့ရှိရပါသည်။ ပုံ(၃) ဒီဖိုင်းလက်ရာကို လေ့လာကြည့်ခြင်းအားဖြင့် မြောက်ဦးခေတ်လယ် အမျိုးသမီး ဝတ်ဆင်ယင်ထုံးဖွဲ့မှု ပုံစံတစ်ခုကို လေ့လာနိုင်ပါသည်။

* * *

**ပုံ(၄)** ဒီဖိုင်းလက်ရာသည်လည်း ထုက္ကန့်သိမ် ပုထိုးတော်ကြီး ဝင်လမ်း လိုဏ်ပတ် လက်ယာဘက်နံရံ အမှတ်(၄၆) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

မူလ ကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေခန့် အကျယ် (၁၀)လက်မခန့်နှင့် ရုပ်ကြွအထူ (၆)လက်မခန့် ရှိပါသည်။ ဆံထုံးအနေအထားကို ကြည့်ခြင်းအားဖြင့် သုံးပတ်ခွေဆံထုံးဟု ပြောရမည် ဖြစ်ပါသည်။

မျက်နှာအနေအထား ကြည်ရွှင်တည်ငြိမ်စွာ တွေ့ရှိရပြီး နားတောင်းဝန်းကြီးများ ဝတ်ဆင်ထားပါသည်။

တဘက်ကို ပခုံးနှစ်ဖက်လုံးအောင် ခြုံထားပြီး တဘက်စကို ခေါက်၍ လက်နှစ်ချောင်းကြားမှချ၍ အဖျားကို ခြေနားတွင် အပြားလိုက် ချထားပါသည်။

လက်နှစ်ဖက်မှာ ကြာဖူး တစ်ဖူးကိုင်၍ ပူဇော်ထားသည်ကို တွေ့ရှိရပါသည်။ လက်နှစ်ဖက်တွင် လက်ကောက်ဝတ် တစ်ဖက် သုံးကွင်းစီ ဝတ်ဆင်ထားပါသည်။ အင်္ကျီနှင့် ထဘီ ပါ အချောသာ တွေ့ရှိရပါသည်။

ထဘီအောက်စတွင် ဖောင်းနှစ်ဆင့်ကြားတွင် ကန့်လန့်ဖြတ် အစင်းကြောင်းများဖြင့် တန်ဆာဆင်ထားပါသည်။

ပုံ(၄)မူရင်း ကျောက်ဆစ်လက်ရာနှင့် ပုံ(၅)ကျောက်ဆစ်လက်ရာ



www.burmeseclassic.com

www.burmeseclassic.com

လက်ဝဲလက်ယာ ချည်၍ ထိုင်နေသောကြောင့် "ဝင်းစားမီးကာ" လင်မယားပုံ ကျောက်ဆစ်ရုပ်ကြွများ ဖြစ်သည် ပြောဆိုနိုင်ပါသည်။ ပုံ(၄) ဒီဖိုင်းလက်ရာသည် "ဝင်းစားမီးကာ" မဟာဆင်ယင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

* * *

**ပုံ(၅)** ဒီဖိုင်းလက်ရာသည် ပုထိုးတော်ကြီး ဝင်လမ်းလိုဏ်ပတ်လက်ယာဘက် နံရံမှ နံပါတ်(၄၇) ကျောက်ဆစ်ရုပ်ကြွကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူရင်း ကျောက်ဆစ်ရုပ်ကြွ အမြင့် (၂)ပေခန့် အကျယ် (၁၀)လက်မခန့်နှင့် ရုပ်ကြွအထု(၆)လက်မခန့် ရှိပါသည်။

ပုံ(၅) ဒီဖိုင်းလက်ရာ ဗောင်းတော် အနေအထားကို ကြည့်ခြင်းအားဖြင့် **"ဝင်းစားမီးကာ"** အမတ်ဒီဖိုင်းရုပ်ဟု ပြောရမည်ပင် ဖြစ်ပါသည်။

ဗောင်းတော်(မကိုဋ်) အနေအထားမှာ ပီပီပြင်ပြင် တွေ့ရှိရပါသေးသည်။ ဗောင်းတော်ကို နှစ်ထပ်ကြာဖတ်ကြားညှပ်ကြာဖတ်နှင့် ဖောင်းလုံးဖြင့် တန်ဆာဆင် ဖွဲ့စည်းထားပါသည်။

မျက်နှာနှင့် နားတောင်းအနေအထားမှာ ပီပြင်မှု မတွေ့ရှိရတော့ပေ။ လက်နှစ်ဖက်မှာ ကြာဖူးကိုင်၍ ပူဇော်နေဟန် တွေ့ရှိရပါသည်။ တဘက်ကို ဘယ်ဘက်ပခုံးပေါ်တင်၍ ညာဘက် ချိုင်းအောက်မှပတ်၍ ရစ်ထားပါသည်။

တဘက်စကို လက်ဝဲလက်ယာ၌ ဖြန့်ကားစွာ ဖြန့်ချထားပါသည်။ တဘက်စအဖျားကို ဆံမြိတ်ကလေးများဖြင့် အလှဆင်ထားပါသည်။ ခါးတွင် ခါးပတ်ကြိုး ပတ်ထားပါ၏။



ပုံ-၅

ရှေ့ပေါင်ပေါ်တွင် အပြားလိုက် ခါးကြိုးစလည်း ဖြန့်ချထားပါသည်။ ပုဆိုးတွင် အဆင်တန်ဆာများ မတွေ့ရဘဲ အချောသာ တွေ့ရှိရပါသည်။

ထုက္ကန့်သိမ်ပုထိုးတော်မှ ကျောက်ဆစ်ရုပ်ကြွများတွင် များသောအားဖြင့် ကြာဖူးကြာပွင့်များဖြင့် ဘုရားပူဇော်ကန်တော့နေကြသည်ကို တွေ့ရှိရပါသည်။ ယခုခေတ်လူငယ်များ အတုယူဖွယ်ပင် ဖြစ်သည်။

ယခုခေတ်လူငယ်များ ကြာပွင့်ကြာဖူးကို ဘုရားတွင် ပူဇော်ကန်တော့ပါက မည်သည့်အရာပဲလုပ်လုပ် ကြာတတ်သည်ဟု ဆိုကြပါသည်။ အမှန်တကယ်မှာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကြာဖူးကြာပွင့်များမှာ အထွတ်အမြတ်ပန်းသာ ဖြစ်ပါသည်။

ဘုရားလောင်း သုမေဓာ သျှင်ရသေ့ ဘုရားဆုပန်သည့် ပန်းမှာလည်း ကြာပွင့်ဖြင့် ဘုရားဆုပန်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင် မြောက်ဦးလူများသည် ဗုဒ္ဓဘာသာ ဖြစ်သည့်အလျောက် ကြာဖူးကြာပွင့်ကို အဓိကထား၍ ပူဇော်ကြခြင်း ဖြစ်ပါသည်။

ဖော်ပြပါ ဒီဖိုင်းလက်ရာများသည် မြောက်ဦးခေတ်လယ်အေဒီ (၁၆)ရာစု ရှေးခေတ်ရခိုင်ရိုးရာ ဝတ်ဆင်ထုံးဖွဲ့မှု ဒီဖိုင်းလက်ရာများပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံ-၅



*အနန္တောအနန္တငါးပါးကို ထာဝရ ဦးထိပ်ပန်ဆင် ကန်တော့လျက်...*

**ပန်းချီထူးလှ**
***(ရွှေဟောင်းသုတေသန)***

မှီငြမ်းချက်

၁။ ကိုယ်တိုင်ကွင်းဆင်းမှုမှတ်စု။

၂။ ထုက္ကန္ဒသိမ်ပုထိုးတော်မှ ဖော်ပြပါ မူရင်းကျောက်ဆစ်ရုပ်ကြွ လက်ရာများ။

၃။ တက်ထွန်းနီ(မြောက်ဦး) မြောက်ဦးမြို့ ထင်ရှားသော ဘုရားများ သမိုင်းအကျဉ်းနှင့် ဘုရားဖူးလမ်းညွှန်အမှတ်(၁)။

၄။ ထူးလှ၊ ပန်းချီ(ရခိုင်းရိုးရာဒီဇိုင်း) ရွှေခေတ်ဟောင်းက ရခိုင်ဆင်ယင်ထုံးဖွဲ့မှု ကျိန်းရိပ်မြေ မဂ္ဂဇင်း။

၅။ ရခိုင်မြန်မာ ပဏ္ဍိတ်ဆရာကြီး ဦးသာထွန်း၊ ရခိုင်ဆင်ယင်ထုံးဖွဲ့မှု စာတမ်း(၁၉၆၇ ခု)။

၆။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီထုတ် မြောက်ဦးလမ်းညွှန်။

၇။ ရမ်းဗြဲတောင်ကျောင်း ဆရာတော် ဦးစန္ဒမာလာလင်္ကာရ ရခိုင်ရာဇဝင်သစ်ကျမ်း။

၈။ မြောက်ဦး ရွှေဟောင်းသုတေသနဌာန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရွှေဟောင်း အဆောက်အအုံ ဘုရားပုထိုးများမှတ်တမ်း။

၉။ ဆရာငမည် ရခိုင်ရာဇဝင်။



# ကင်းကိုက်ဆေး

**မခက်လော**



ကင်းအမျိုးမျိုး ရှိသည့်အနက် ကင်းခြေများ - ကိုက်လျှင် တောတောင် တို့တွင် နေရာအနှံ့ ပေါက်ရောက်နေသော ရခိုင်အခေါ် တောင်ပိန်း ဗမာ အခေါ် ဖျံ့ပင်၊ ဝဥပင် အဥကို တူး၍ ယင်းဥကို ဓားဖြင့် ထက်ခြမ်းခွဲ

**ယင်းဥခြမ်းဖြင့် ကင်းကိုက်သော နေရာအား အစေ့များထွက်လာ အောင်ထိ ပွတ်တိုက်ပေးလိုက်ပါ**

ဆေးမထိုး၊ ဆေးမသောက်ရ ဝေဒနာများ သက်သာပျောက်ကင်း သွားမည်ဖြစ်ကြောင်း စာဖတ်ပရိသတ် များအား မျှဝေလိုက်ပါသည်။

**ဦးရာဇ်မြေ နိုင်ငြိမ်ဟိန်း**




www.burmeseclassic.com

www.burmeseclassic.com

ပတူအုံ့ တုတ်နှင့် ထိုးမိလျှင် (သို့မဟုတ်)

# ပျားပတူ အဆိပ်ဖြေနည်း




ယခုတလော သတင်းဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများတွင် ရေးသားဖော်ပြနေသည့် ရန်ကုန်မြို့တွင် ပတူကောင် အကိုက်ခံရ၍ ဆေးရုံတက်ရပြီး အသက်ဆုံးရသည့် သတင်းများကို ဖတ်ရပြီး စိတ်မကောင်း ဖြစ်ရပါသည်။

တောကြိုအုံကြား မသွားရဘဲ မြို့လယ်ကောင်လို နေရာမျိုးမှာ တောသတ္တဝါများ၏ အန္တရာယ်ပေးခြင်းကို ခံရသည်မှာ "မြို့သား တောရောက် မျက်စိမှောက်" ဆိုသကဲ့သို့ တောသတ္တဝါလေးများ၏ သဘောသဘာဝ အထာကို မကျွမ်းကျင် မသိရှိသောကြောင့် ဤသို့သော ဖြစ်ရပ်များ ပေါ်ပေါက်ရသည်ဟု ထင်ပါသည်။

အကြောင်းမှာ တောသူတောင်သားများသည် သူတို့နှင့် နေ့စဉ်နှင့်အမျှ ထိတွေ့ တွေ့မြင်နေရသော တောနေသတ္တဝါများ၏ အလေ့အထနှင့် အထာကို သိထားသူများ ဖြစ်ကြ၍ အန္တရာယ်ကို ရှောင်ရှားနိုင်ပါသည်။

သို့သော် မြို့သူမြို့သားများမှာတော့ အေးမလည်နှင့် တောသတ္တဝါတို့၏ ထိုးနှက်မှုကို ခံရကာ ဒုက္ခတွေ့ရပေသည်။

ဤသို့ ဖြစ်ရပ်ခြင်းမှာ ယခင် လူသူနေသော နေရာများတွင် လူဦးရေ တိုးပွား များပြားလာရခြင်းကြောင့် မြို့နယ်များ ချဲ့ထွင်ပြီး လူများ နေထိုင်သွားမှု များလာတော့ တောသတ္တဝါလေးများ နေစရာ၊ စားစရာ၊ ပုန်းခိုစရာ၊ နေရာလေးများ ရှားပါးလာခြင်း စသည့် အကြောင်းတရားများအပေါ် အခြေခံနေပါသည်။

သာမန်အနေဖြင့် ပျားမျိုးအနွယ်ဝင်များ ပတူ၊ ပဆုပ်ပနီ၊ နကျယ် စသည့် အင်းဆက်များ၏ ထိုးတုပ်ခံရခြင်းကြောင့် အဆိပ်တက်ပြီး အသက်အန္တရာယ် ထိခိုက်ရခြင်းမျိုးသည် ဖြစ်ခဲလှပါသည်။

ထိုပျားအနွယ်ဝင် အင်းဆက်ကလေးများ၏ သဘောသဘာဝကို နားမလည်ဘဲ သူတို့၏ အသိုက်အမြုံကို ထိခိုက် ဖျက်ဆီးမိခြင်းတို့ကြောင့် အခဲမကျေ အငြိုးတကြီးဖြင့် ကောင်ရေများစွာ ထိုးတုပ်မိလျှင်တော့ လူ၏ ခန္ဓာကိုယ်ထဲသို့ ယင်းတို့၏ အဆိပ်များ များပြားစွာ စုပြုံဝင်ရောက်လာခဲ့မည်ဆိုလျှင် မြွေဆိပ်ကဲ့သို့ ပြင်းထန်ပြီး လူ၏ အသက်အန္တရာယ်ကို သေဆုံးသည်အထိ ဖြစ်ပေါ်စေပါသည်။

သို့သော် မြွေဆိပ်က အချိန်မီလျှင် ဆေးရုံဆေးခန်းများတွင် မြွေဆိပ်ဖြေဆေး ရှိကြ၍ အသက်အန္တရာယ်ကို တားဆီးနိုင်သော်လည်း ပျား၊ ပတူ၊ ပဆုပ်ပနီ၊ ပင့်ကူ ကဲ့သို့သော အင်းဆက်များ၏ အဆိပ်ကို ပြေစေသည့် အဆိပ်ဖြေဆေးတော့ ဆေးရုံဆေးခန်းများတွင် အသင့်မရှိပါ။

အဆိပ်ဒဏ်ကြောင့် လူ့ခန္ဓာကိုယ်က တုံ့ပြန်မှုဓာတ် မြင့်လာခြင်းကို တားပေးသည့် ဆေးအနေဖြင့်သာ ရှိကြပါသည်။

ထို့ကြောင့် ယင်း ပျားအနွယ်ဝင် အဆိပ်ရှိသော အင်းဆက်များ၏ အဆိပ်ဒဏ် ပြင်းထန်လျှင် လူ့အသက်ကို ဆုံးရှုံးမှုနှင့် ကြုံရတတ်ပါသည်။

ဤနေရာတွင် စာဖတ်သူ ပရိသတ်ကြီးအတွက် အထူးသိရှိထားပြီး ဗဟုသုတ ပွားစေရန် လူနှင့် တိရစ္ဆာန်များကို အသေအကျေ အငြိုးတကြီး တိုက်ခိုက်တတ်သော...

၁။ စွန်သတ်ပျား၊ ဝံပျက်ပျား၊ လေးမင်ပျားနှင့်



www.burmeseclassic.com

www.burmeseclassic.com

၂။ မြေအောင်းပတ္တူနှင့် တုတ်ထိုးပတ္တူ(ပဆုပ်ပနီ) များအကြောင်းကို ရှင်းလင်းတင်ပြပါမည်။

## (၁) စွန်သတ်ပျား၊ ဝံဖျက်ပျား၊ လေးပစ်ပျား

အမည်တွေကတော့ နည်းနည်း ဆန်းပြားနေပေမည်။ ဤသို့ အမည်များ တွင်ရခြင်းမှာ တောတောင်များထဲတွင် တောပျားများသည် သဘာဝ အလျောက် မိုးလေဝသ ကင်းစင်ပြီး တောပန်းတောင်ပန်းများ အများဆုံး ဖူးပွင့်ကြသည့် တပို့တွဲ၊ တပေါင်း၊ တန်ခူးလတို့တွင် ပျားများ မျိုးပွားသား ပေါက်ရန်အတွက် တောစိုးသစ်ပင်ကြီးများတွင် တောကြီးပျားများ အုပ်စုဖွဲ့၍ ဆန်ပြာဆန်ကော အဝန်းမှသည် လှည်းဘီးအဝန်း နီးပါးခန့် အုံကြီး ကနားကြီးဖွဲ့ကြပြီး မျိုးဆက်ပွားရေး အတွက် သဘာဝ တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်ကြပါသည်။

ဤသို့ ကြီးမားသော ပျားအုံ၊ ပျားလပို့ကြီးများတွင် ပျားသားလောင်းကောင်လေးများနှင့် ပျားနို့၊ ပျားရည်၊ ပျားသလက်တို့မှာ ပေါများကြွယ်ဝစွာ ရှိနေပေသည်။

ထိုပျားသလက်၊ ပျားလပို့ကြီးများကို အငမ်းမရ ကြိုက်နှစ်သက်ကြသော စွန်ငှက်နှင့် ဝက်ဝံ စသော တောတိရစ္ဆာန်များသည် အလုအယက် ထိုးသုတ်ကိုက်ဖျက်ပြီး စားသောက်ဖျက်ဆီးကြလေသည်။

ထိုအခါ ပျားအုံတွင်ရှိသော ပျားအပေါင်းတို့သည် မိမိတို့၏ သိုက်မြုံကို ဖျက်ဆီးခံရပြီး ပျက်စီးဆုံးရှုံးမှုကြီးစွာ ကြုံကြရသဖြင့် ဒေါသ အငြိုးအတေးကြီးမားစွာ ဖြစ်ကြပြီး ပျားအုံအနီးသို့ ချဉ်းကပ်လာသောလူနှင့် အခြားတိရစ္ဆာန်များကို အသေအကျေ တိုက်ခိုက်ကြပါသည်။

မည်မျှ အငြိုးကြီးသနည်း ဆိုလျှင် ပျားအုပ်ကြီး လိုက်တုပ်၍ ပြေးသောသူသည် ရေထဲဆင်းပြီး ငုပ်နေလျှင်တောင် ရေပေါ်မှာ ပျံဝဲပြီး နာရီနှင့်ချီ၍ စောင့်နေပြီး တိုက်ခိုက်ကြပါသည်။

ထိုသူသည် ရွာထဲသို့ ဝင်ပြေးလာသော်လည်း ရွာထဲအထိ ပျားအုံကြီးမှ လိုက်လာပြီး ထိုးတုပ်ကြသည်အထိ အငြိုးကြီးကြပါသည်။

အလားတူစွာ ကျွဲကျောင်းသား၊ နွားကျောင်းသားများ လေးခွတစ်လက်ဖြင့် တွေ့ကရာ လက်တည့်စမ်း ပစ်ခတ်မှုနှင့် ကြုံရသည့် ပျားအုံရှိ ပျားများသည်လည်း ဒေါသအငြိုး ကြီးမားစွာဖြင့် တိုက်ခိုက်တတ်ကြပါသည်။

အဆိုပါ **'စွန်သတ် ဝံဖျက် လေးပစ်'** ခံခဲ့ရဖူးသော ပျားအုံရှိ ပျားများနှင့် ကြုံရသော "ကံဆိုးသူ မောင်ရှင်" သည် အသက်အန္တရာယ် ပေးသည် အထိ ဖြစ်တတ်ကြပါသည်။ ထိုပျားမျိုးများကို အထူးသတိထားပြီး ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

[အကယ်၍ ကံမကောင်း၍များ အဲဒီလို ပျားအုပ်စုမျိုးနှင့် တွေ့ကြုံလိုက်ရလျှင် "သံချောင်းတောင် အီကြာကွေး" ဖြစ်သွားမည့်ကိန်း ဆိုက်နိုင်ပါသည်။]

## မြေအောင်းပတ္တူ၊ တုတ်ထိုးပတ္တူ(ပဆုပ်ပနီကောင်)

ပတ္တူ မျိုးစိတ်ပေါင်းများစွာ ရှိသော်လည်း လူ၏ အသက်အန္တရာယ်ကို ပေးတတ်သော အဆိပ်ပြင်းသည့် ပတ္တူမျိုးမှာ **(က) မြေတွင်းအောင်းသော ပတ္တူကြီးမျိုး**ပင် ဖြစ်ပါသည်။

ယင်းတို့သည် သားစား ပတ္တူမျိုးနွယ်ဝင်များ ဖြစ်ကြပြီး အခြားပျား မျိုးတို့ကို ပန်းဝတ်မှုံဝတ်ရည်ကို မစားသုံးကြပါ။

ယင်းတို့၏ သဘာဝမှာ တောင် တောင်ခြေ မြေပွသည့် အင်တိုင်းမြေ နေရာများတွင် မြေကြီးထဲတွင် အသိုက် အုံစွဲ၍ အုံကျင်းဖွဲ့ပြီး ကောင်ရေများ ပြားစွာ ပေါက်ပွားကြသည့် အလေ့ ရှိပါသည်။

ယင်းတို့ မြေအောင်းကျင်းမှာ အပေါ်ယံမြေသားကို လက်တစ်လုံး သာသာ ပါးပါးလေး ဖုံးအုပ်ထားပြီး အသိုက်ထောင်ချောက် လုပ်ထားကြပါသည်။

ပါးလွှာသည့် ယင်းကျင်းအပေါ်ယံ မြေသားပေါ်သို့ အကြောင်းမသိသော လူနှင့် တောတိရစ္ဆာန်များ တက်ရောက်နင်းမိပါက ကျင်းအပေါ်ယံ မြေသားမှာ ကျွံကျပြီး ပတ္တူသိုက်ကျင်းအတွင်းသို့ လူနှင့် တောတိရစ္ဆာန်များ ကျွံကျသွားပြီဆိုလျှင် ပြန်လမ်းမရှိတော့ပါ။

နာရီဝက်အတွင်း အရိုးဖွေးဖွေးသာ ကျန်ပါတော့သည်။ ကျင်းထဲမှ သားစား ပျားတူကောင်ကြီးများမှ ဝိုင်းအုံကိုက်ခဲ စားသောက်ပစ်ကြပါသည်။

## (ခ)တုတ်ထိုးပတ္တူ(ပဆုပ်ပနီကောင်)

အဆိပ်ပြင်းသည့် ပတ္တူကောင် နောက်တစ်မျိုး ဖြစ်ပါသည်။ ရွာနီး ဝန်းကျင် သစ်ပင်ချုံပုတ် စသည်တို့ တွင် ပဆုပ်ပနီကောင် ပတ္တူကောင်များ အသိုက်ဖွဲ့၍ နေထိုင်တတ်ကြပါ သည်။

ယင်းတို့သည်လည်း အင်းဆက် ပိုးမွှားများကို ဖမ်းဆီး စားသောက်တတ် သည့် ပျားပတ္တူမျိုးဖြစ်ပါသည်။ သူတို့ အသိုက်သည် မီးပုံးပျံလို လုံး၍ အထဲတွင် အထပ်ထပ်နှင့် အနုပညာ ဆန်လှပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ အမြင်ဆန်းပြားနေသည့် သူတို့အသိုက်ကို အချို့သော လူများက တုတ်၊ ကျောက်ခဲ စသည့်တို့ဖြင့် အကြောင်းမဲ့ ပစ်ခတ်ထိုးဖောက် ဖျက်ဆီးတတ်ကြလေသည်။

ထိုသို့ အသိုက်အမြုံကို ဖျက်ဆီးခြင်း ခံခဲ့ရသော ပတူ(ပဆုပ်ပနီကောင်) လေးများသည် အငြိုးအမှတ်ထားပြီး တွေ့ရာမြင်ရာ အသိုက်နား ကပ်လာသောလူနှင့် တိရစ္ဆာန်တို့ကို သဲသဲမဲမဲ တိုက်ခိုက်တတ်ကြသည်။

သူတို့ ဒေါသဖြင့် အုံလိုက်ကျင်းလိုက် အကိုက်ခံရလျှင် အကိုက်ခံရသည့်လူသည် ပြင်းထန်သည့် အဆိပ်တက်ပြီး အသက်အန္တရာယ် ကြုံတွေ့ရတတ်ပါသည်။

**ပတူထိုးတုပ်၍ အဆိပ်တက်ခဲ့လျှင် ပျားပတူ အဆိပ်ဖြေနည်းများမှာ...**

(က) ရှေးဦးစွာ ပျားပတူ ထိုးတုပ်မိခဲ့သည့် ဒဏ်ရာများထဲတွင် ယင်းတို့၏ အဆိပ်အိတ်နှင့် အဆိပ်ဆူးများ ကျိုးပြီး ကျန်နေတတ်ပါသည်။ ယင်းအဆိပ်အိတ်နှင့် အဆိပ်ဆူးများကို သေချာစွာ ရှာဖွေ၍ အရင်ဦးဆုံး ဖယ်ရှားရှင်းလင်းပစ်ပါ။

ပြီးလျှင် **ဗီနီကာအရည် တစ်ဆ+ရေတစ်ဆ** ရောစပ်ပြီး ကိုက်သည့်နေရာများတွင် **သေချာစွာ ဆုပ်နယ်၍ ဆေးကြောပေးပါ။**

(ခ) အကိုက်ခံသည့် နေရာပေါ်တွင် **မန်ကျည်းစေ့**ကို ကျောက်ပျဉ်တွင် အတွင်းသား အဖြူသားပေါ်အောင်သွေးပြီး ယင်း မန်ကျည်းစေ့အဖြူသားနှင့် ကိုက်သည့် နေရာတွင် ကပ်ထားပါ။ အဆိပ်ကို မန်ကျည်းစေ့က စုပ်ယူ



ပြီး ကပ်နေမည်။ အဆိပ်ရည် စုပ်ယူမှု မန်ကျည်းစေ့မှာ ပြည့်သွားလျှင် ကွာကျလာမည်။

အဆိပ်အရှိန် ရှိနေပြီး နာနေလျှင် မန်ကျည်းစေ့ကို တစ်ဖန် ထပ်၍ ကပ်ထားပေးပါ။

ဤနည်းအတိုင်း ဆက်တိုက် ပြုလုပ်ပေးပါက အဆိပ်ပြေလာမည် ဖြစ်သည်။

(ဂ) **ထိုးတုပ်ခံရသည့် နေရာကများပြီး ခန္ဓာကိုယ်အနှံ့ ဖြစ်နေလျှင် "နနွင်း + ကျောက်ချဉ် + နံ့သာဖြူ"**ကို များများသွေး၍ တစ်ကိုယ်လုံးကို မကြာခဏ လိမ်းပေးပါက အဆိပ်တက်ခြင်း သက်သာလာမည်။

(ဃ) အကယ်၍ အနီးပတ်ဝန်းကျင်တွင် **မရွေ့ရွက်၊ ခရာနီရွက်၊ မဟာကာကြံဆစ် ရွက်များ** စိုက်ပျိုးထားသည်များ ရှိလျှင် ယင်းအရွက်များကို ကြိတ်ခြေ၍ ကိုက်သည့် နေရာများတွင် အရည်ကို လိမ်းပေးပြီး အဖတ်ကို အုံပေးပါ။

ယင်းသတ္တုရည်ကိုလည်း ဟင်းစားဇွန်း (၁)ဇွန်း၊ (၂)ဇွန်းခန့် တိုက်ပေးပါ။

(င) **နန်းတွင်းလျှာပွတ်ဆေး** ကို အလွယ်တကူ ရမည်ဆိုလျှင် ယင်းဆေးကို ကော်ဖီဇွန်း(၁)ဇွန်းခန့် အမှုန့်ပြု၍ (၃/၄)ကြိမ် ရေနွေးပူပူဖြင့် တိုက်ပေးပါ။

(စ) ဝိဇ္ဇာဓရ ရှောင်ချိုး (သို့မဟုတ်) တေဇောဒကချိုးတို့ဖြင့် သံပရာရည်စိမ်ထားသော ဆေးရည်မျိုး ရှိလျှင် ဤနေရာတွင် အလွန် အသုံးတည့် တန်ဖိုးရှိလှပါသည်။

ထိုစိမ်ဆေးရည်ဖြင့် ပျား၊ ပတူ ထိုးတုပ်သည့် ဒဏ်ရာနေရာများတွင် စိမ်ဆေးရည်နှင့် နိုင်နိုင်လိမ်းပေးပါက မကြာမီ အဆိပ်ပြေသွားမည်။

(ဆ) အကယ်၍များ ပျား၊ ပတူ ထိုးတုပ်သည့် ဒဏ်ရာများ ရောင်ကိုင်းပြီး အထိမခံနိုင် နာကျင်နေခဲ့လျှင် မီးကျီးခဲ (၄/၅)ခဲပေါ်တွင် နနွင်းမှုန့်ကို တစ်ခါတင်လျှင် ကော်ဖီဇွန်း(၁)ဇွန်းခန့် တင်၍ နနွင်းမှိုင်းအငွေ့ များများ ထွက်လာအောင် လုပ်ပြီး ယင်းရောင်ကိုင်းနေသည့် နေရာများကို နနွင်းမှိုင်း ခံပေးပါ။

ဤသို့ အနည်းဆုံး နာရီဝက်ခန့် နနွင်းမှိုင်း ခံပေးပါက ချက်ချင်း အရောင်ကျ၍ သက်သာသွားမည် ဖြစ်သည်။

နောက်လတွင် **"ကင်း(၃)ကင်း (၁)ကင်းပြီး"** (သို့မဟုတ်) **"ကင်း အမျိုးမျိုးတို့၏ အဆိပ်ဖြေနည်းများ"** အကြောင်းကို ဆက်လက်ရေးသား တင်ပြပါမည်။

***လူသားအားလုံး အဆိပ်ဘေး အန္တရာယ်မှ ကင်းဝေးကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

နက္ခတ်ရောင်ခြည်မဂ္ဂဇင်း၂၀၀၃

www.burmeseclassic.com

www.burmeseclassic.com



# သံဖိုတောင်က အမေညို (၃)

ရွှေတောင်
ကြည်မောင်မြအေး



ယခင်လမှ အဆက်

အနားကို ရောက်သွားတော့ အမေညို ဆေးကုနေတာပါလား။

သီးကုန်းက မြွေကိုက်ခံရတဲ့လူနာ၊ မြွေပွေးကိုက်တာ။ ဘယ့်နှယ်ဗျာ တမာကိုင်းနဲ့ ရိုက်,ရိုက်ကုရတယ်လို့။ လူနာကဖြင့် ဖက်ကျိုးကျနေပြီ။

မျက်စိထဲမှာ အခုထက်ထိ မြင်ယောင်သေး။ အမေညို ထဘီတိုတိုဝတ်လို့ ညာလက်မှာ တမာကိုင်းကိုကိုင်လို့၊ လူနာရဲ့ ညာဘက်မှာရပ်လို့။ ဘယ်ဘက်လက်နဲ့ လူနာခေါင်းကို အုပ်ကိုင်ထားလို့၊ လူနာက ခြေဆင်းပြီး ထိုင်လို့၊

တမာကိုင်းနဲ့ ခေါင်းကနေ ဖြိုဖြိုပြီး ရိုက်လိုက်တာ၊ လူနဲ့ ဘယ်ညာခြေဖမိုးနဲ့ ခြေမအထိ။ ခြေဆုံးခေါင်းဆုံး အပြန်အပြန်အလှန်လှန် အတန်တန်ရိုက်ချက်။ နှုတ်ကလဲ ဂါထာမန္တန်တွေရွတ်လို့ ဖတ်လို့ မပျက်။

ဖိုးဟာန်မှာ စိတ်ဝင်စားနေတော့ နာရီကိုကြည့်မထားမိ။ စိတ်အထင်မှာ (၁၅)မိနစ်လောက်တော့ ကြာမယ်။

ညာဘက်ဖနောင့်မှာ ခွေးဟပ်သလို အဆွဲခံထားရတဲ့ မြွေပွေးကိုက်ဒဏ်ရာက သွေးတွေ ဖြာဖြာကျဆင်းလာတယ်။ သွေးပုပ်တွေ အမည်းရောင်သန်း စီးစီးကျ။

လူနာက ခေါင်းမော့လို့ စကားစ,ပြောပြီ။ ဘယ်လို ဘယ်လို မြွေကိုက်ခံရပါတယ်ဆိုတဲ့အကြောင်း၊ နောက်သူတောင်းတာက ရေသောက်ချင်တယ်တဲ့။

အမေညိုက တိုက်တယ်။ အုန်းရည်မန်းထားတဲ့ အုန်းရည်။

သောက်လိုက်တာ တစ်ကျိုက် ကျိုက် ပြိုက်ခနဲ။ ကုန်သွားေ... တစ်ခွက် ထပ်တောင်းတယ်။ မပေး... ခဏကြာမှ ထပ်တိုက်မယ်။ ေ... တော့။

မောင်းစည်းလက်ဖွဲ့တစ်လုံး၊ ... ဆေး(၃)တောင့်၊ လိမ်းဆေး(... တောင့် ပေးတယ်။ လိမ်းဆေးတော... သောက်ဆေးတောင့်ထက် ကြီးတယ်... ဆောင်ရန်ရှောင်ရန်တွေ ပြောတယ်...

လူနာက အမေညိုကို ဦးချကန်တော... တယ်။ အမေညိုက ဆုတွေပေးလို... တာ ဝေလို့။ သီးကုန်းကို ပြန်ကြတော့... မယ်။ လှည်းတောင် ပြင်ပြီးပြီ။ အ... အပြန်ခရီး နွားနှစ်ကောင် ခပ်ကြ... ကြော့ ကုန်းမော့မော့အတက်။ ပြီး... အဆင်း လယ်ကွင်းတွေဆီ။

လှည်းပေါ်မှာ လူနာ၊ အမျိုးသား... တစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက်... ကျန်တာက မြေပြင်ကို ခြေတင်... သံဖိုတောင်ကနေ အရှေ့တောင်အ... ဆီ မျက်နှာမူလို့ ချီတက်။ ခပ်သွ... သွက်ကလေး။

မြွေပွေးကိုက်လူနာကို ဇောစိုက်ပြီး... ကြည့်နေတော့ မောင်ဖိုးဟာန်... ဘေးဘီဝဲယာ မကြည့်မိရှာဘူး။

တံပူစားအုပ်စု အစုကြီးရွာက ဦး... မောင်လေး ရောက်နေပါလား။ လာ... နှုတ်ဆက်တယ်။ ဖိုးဟာန်ကို ဦး... မောင်လေးနဲ့ ဖိုးဟာန်တို့က ညီအစ်... ခင်ကြတာ။ သူလဲ ညအိပ်မယ်၊

အဲဒီညမှာ ထူးခြားတာက ...



www.burmeseclassic.com

www.burmeseclassic.com

စားပြီးတာနဲ့ ခဏတစ်ဖြုတ်နေ တောင်ဘက်ကျောင်းဆောင်အပေါ်ထပ်မှာ သံဖိုတောင်မှာ ရှိကြသူအားလုံး ဘုရားရှိခိုးမေတ္တာတွေပို့။ အမျှအတန်းတွေဝေ။ တစ်စုတစ်ဝေးတည်း။ ကျောင်းရှိလူကုန်။

ကကြီးရေး ကသတ်ကက်နဲ့ ရွာဦးဘုန်းတော်ကြီးကျောင်းက ထွက်ခဲ့ရပါတယ်ဆိုတဲ့ အမေညိုပါဠိရွတ်လိုက်၊ မြန်မာပြန်လိုက်၊ ဌာန်နဲ့မာန်နဲ့ ဟန်နဲ့အသံနဲ့ ဟောပြောညွှန်ပြ ဆိုဆုံးမစကားတွေကိုနာခံ။ ရေနွေးလေးသောက်လိုက်၊ တောလက်ဖက်သုပ်ကလေးစားလိုက်၊ စကားတွေ ပြောလိုက်၊ အမေညိုကို သိချင်တာလေးတွေ မေးလိုက်၊ မြန်းလိုက် အဲဒီအခိုက်။

'ပုတီးတစ်ကုံးလောက် လိုချင်လိုက်တာ'

မောင်ဖိုးဟန်က ပြောတယ်။ အမေညိုလဲကြားတယ်။ အကုန်ကြားတယ်။ ကြားအောင်ပြောတာ ညည်းတွားတာ။

ဖိုးဟန် ပြောလိုက်တဲ့ ညည်းညူစကား တချို့များ ကြားတောင်မကြားဘူး ထင်ပါရဲ့ ရေနွေးသောက်မပျက်၊ လက်ဖက်စားမပျက် ပြောလက်စစကားဆက်။ ရုတ်တရက်...

'လူလေး မင်းလိုချင်တဲ့ ပုတီး အဝင်တံခါးပေါက် တံခါးရွက်မှာ ချိတ်ထားပြီ။ သွားယူလိုက်'

အမေညိုပြောစကား ဖိုးဟန် မယုံခေါင်။ ကြောင်တောင်ကြီး ကြည့်နေ။

'အမေပြောတာ မယုံဘူးလား သားရဲ့ သွားယူလေ ကြည့်စမ်း'

အမေညို လက်နှိပ်ဓာတ်မီးနဲ့ ထိုးပြတယ်။ မြင်လိုက်ရတဲ့ မြင်ကွင်းက ကွက်ကွက်ကွင်းကွင်း။ ထင်းခနဲ လင်းခနဲ ပုတီးတစ်ကုံး တွဲလွဲ။

တံခါးအတွင်းဘက် သော့ခတ်ပိတ်တဲ့ မျောက်လက်မှာ ချိတ်ရက် တွဲလောင်းလေး။

မောင်ဖိုးဟန်မှာ အပြေးတစ်ပိုင်း သွားပြီးယူ၊ ချိတ်ကဖြုတ်ပြီး ညာလက်ထဲ ထည့်လိုက်တော့ တစ်တစ်ကလေး။ အလေးချိန်စီး။ ဆင်စွယ်ပုတီး။

ဦးတင်မောင်လေးဆိုတာများ အံ့သြတကြီး အဲဒီပုတီး ဖိုးဟန်လက်ထဲမှာ အခုထက်ထိ စိပ်လို့မညည်း။

ဟိုလွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)ကျော်နီးနီး။

* * *

တစ်ခေါက်ကတော့ သံဖိုတောင်ကို အရောက်နောက်ကျတယ်။ ကားကမမီ။ ခြေကျင်ကြိတ်ရတာကိုး။

မြန်မြန်ရောက်အောင်ဆိုပြီး တောင်စွယ်တွေနဲ့ တောကို ဖြတ်အထွက် မျက်စိလည်။ လျှိုတွေမြောင်တွေထဲ ရောက်။ ချောက်တွေကို ပြန်တက်။ ခက်ခဲတဲ့ခရီး။ ညည်းညူရရော မောလိုက်တာ။ သေတော့မတတ် မတ်တတ်ကလဲ...

ရောက်တော့မယ့် ရောက်တော့ အချိန်ကောင်း။ စားချိန်သောက်ချိန်။ ထမင်းဝိုင်းတောင် ပြင်တော့မယ်။

သံဖိုတောင်ရဲ့ အောက်ဘက် အနောက်တောင်ယွန်းယွန်း သရက်ပင်တွေ ဝန်းရံနေတဲ့ ချေပြောတွင်းကလေး ဆီကိုသွား ရေချိုး အပြန်မှာ ထမင်းဝိုင်းနဲ့တိုး။

ထမင်းဝိုင်းမှာ အစ်မဟန်က ပြောတယ်။

'ထမင်းစားပြီး နေ့ခင်းမှာ ဂမုန်းလိုက်သွားမလို့... လိုက်မလား'

တဲ့။ ဂမုန်းလိုက်တယ်ဆိုတာ ဖိုးဟန် မသိဘူး။ မေးပြီ။

'ဂမုန်းလိုက်တယ်ဆိုတာ ဘာလဲ'

ဆိုတော့...

'ဆေးမြစ်တူးသွားမှာ'

တဲ့။

'နေ့ခင်းကြီးမှာဗျာ'

လို့ ဖိုးဟန်ကဆိုတော့ အမေညိုက...

'နေ့ခင်းကြီးလိုက်မှ ဂမုန်းနက်ကို မိမှာ သားရဲ့'

နေ့မွန်းတိမ်းတာနဲ့ အမေညိုရယ် အစ်မဟန်ရယ်၊ မောင်ခင်ညွန့်ရယ်၊ ဖိုးဟန်ရယ် သံဖိုတောင်ကထွက် မြောက်ဘက်ဆီကို လှမ်းခဲ့ကြပြီ။

ဖိုးဟန်က ဂမုန်းနက် ဘယ်လိုလိုက်မလဲဆိုတာကို သိချင်တာ။ ပျော်လိုက်တာ မပြောပါနဲ့တော့။ နန့်နေတာပဲ။

ကျောင်းဝင်းအပြင်ဘက် ရောက်တော့ တောတိုင်း တောင်တိုင်းက မှိုင်းမှိုင်းညို့ညို့ စို့စို့ဆိုင်းဆိုင်း ရှစ်တိုင်းခွင်ကတော့ အလင်းဆောင်။

ကျောင်းရဲ့ မြောက်ဘက်လှည်းလမ်းတစ်လမ်းကို ဖြတ်ပြီးကူးတော့ အမေညိုက သူ လွယ်လာတဲ့ လွယ်အိတ်အညိုကို ပခုံးက ဖြုတ်ပြီး ဖိုးဟန်ကို ပေးတယ်။

ဖိုးဟန် ဘယ်ဘက်ပခုံးမှာလွယ်။ လက်နှိုက်ကြည့်တော့ ဆေးလိပ်ကြီး(၂)လိပ်။ ပြည်မြို့ နဝင်း မသိန်းတင် ရှမ်းဖက်လိပ် မင်္ဂလာဆောင်မဏ္ဍပ်ဝင်ကြီး(၂)လိပ်။ ဓာတ်ဆီမီးခြစ်က တစ်လုံး ဒါပဲ။ ဘာတစ်ခုမှ အပိုမပါ။

နေပူပူမှာ ရေကဆာ။ ပါမလာတော့ မောဟိုက်ပင်ပန်း။ နွမ်းနွမ်းနယ်နယ်။ ခက်တာက ဂမုန်းနက်လဲ မတွေ့သေး။

နေပူပြင်းတဲ့ သစ်ရိပ်တွေအောက်မှာ ဂမုန်းနက်လိုက်တာ (၁)နာရီကျော်ပြီ။ မတွေ့သေး။ ချွေးတွေမြန်လို့။

www.burmeseclassic.com

အမေညိုက် ကေန်ကေ သိပုံရတယ်။ မောင်ဖိုးဟန်ကတော့ မောနေပြီ။ မချည့်ပြီ။

အင်မပင်ကြီး တစ်ပင်အောက်ကို ရောက်တော့ ကောင်းလိုက်တဲ့ အာဝါသ။ အရိပ်ကကြီးကြီး။ နေရောင်ကို ပိတ်ဆီးကာခြံ လုံလုံလဲလဲ။

'ကဲဟေ့ အင်ပင်အောက်မှာ ခဏ နားမယ်'

အမေညို ဆိုလိုက်တဲ့စကား ကြားရတာ နားဝမှာ နားဝင်ချို။ ကိုယ်စီကိုယ်စီထိုင်ကြ။ ချွေးတွေ သုတ်လိုက်ကြ။ အမေညိုမှာတော့ ချွေးတစ်ပေါက် မမြင်။

ဖိုးဟန်က...

'အမေရယ်...မောလိုက်တာ'

လို့ ပြောတော့...

'သား ဘာစားချင်သလဲ'

တဲ့။

'စားချင်တာက ချိုချဉ်...ချိုချဉ်'

'စားချင်ရင် အိတ်ထဲနှိုက်'


တဲ့။ ဖိုးဟန် စိတ်ကို အိုက်သွားတာပဲ။ မောရတဲ့အထဲ။ အိတ်ထဲမှာ ဘာပါမှာတုန်း ဖိုးဟန်က ငတုံးမှ မဟုတ်တာ။

လွယ်အိတ်ထဲမှာက ရှမ်းဖက်လိပ်ကြီး (၂)လိပ်နဲ့ ဓာတ်ဆီမီးခြစ်။ အဖြစ်သနစ်က ဒါအကုန်။ ဒီပြင် ဘာရှိမှာလဲ။

သူပေးထားတဲ့အိတ်ထဲ လက်နှိုက်ပြီးလဲ ကြည့်ပြီးသား။

မောင်ဖိုးဟန် ပြုံးတယ်။ ပြုံးရာကနေ ရယ်ချလိုက်တယ်။ တဟားဟားနဲ့။ "အမေရယ်"လို့လဲ နှုတ်ကဆိုသေး။ မမဟန်နဲ့ မောင်ခင်ညွန့်တို့တော့ သူတို့နှုတ်က စကားလေးတစ်ခွန်းမှ ထွက်လို့မလာ။

ဖိုးဟန်ကိုသာ မျက်လုံးကြီးတွေ ပြူးပြီး ကြည့်နေကြတယ်။



'အိတ်ထဲကို နှိုက်လိုက်'

လို့ အမေညိုက ထပ်ပြောလိုက်တော့...

စိတ်ပေါက်ပေါက်နဲ့ "ကဲ ဟာ" ဆိုပြီး ဖိုးဟန် လွယ်အိတ်ထဲကို လက်နှိုက်လိုက်တယ်။

လွယ်အိတ်ထဲကို ဘယ်ဘက်လက်ကအဝင် ထိတွေ့မှုက ပျော့တိပျော့ပျောင်း လက်နဲ့ဆုပ်ပြီး အပြင်ထုတ်လိုက်တော့ ဟောဗျာ...

ပဲရေ့ကြက်တူရွေး ချိုချဉ်တွေ လက်တစ်ဆုပ် ပါလာတယ်။

အမေညိုကတော့ နဝင်းမသိနိုးတင် ဆေးလိပ်ကြီးကို ဖွာလို့။ သူ ဘာမှ မသိသလို။

မောင်ခင်ညွန့်နဲ့ မမဟန်တို့ကတော့ ပြူးလို့။ သူတို့နှစ်ယောက် ဒါမျိုးကို အကြိမ်ပေါင်းများစွာ တွေ့ဖူးကြုံဖူးပုံပေါ်တယ်။ ကြည့်ရတာ။

ဖိုးဟန်မှာတော့ ဟိုလူ့ကြည့်လိုက်၊ ဒီလူ့ကြည့်လိုက် မစားဝံ့သေး။ ညာလက်မြှောက်လို့ နှောင့်နှေးကြန့်ကြာရှိနေရှာ။ စားမယ်ကြံတုန်း...

မမဟန်က ချိုချဉ်(၅)လုံးယူတယ် ဆတ်ခနဲ။ မောင်ခင်ညွန့်ကလဲ (၅)လုံး။

တပြုံးပြုံးနဲ့ စားကြပြီ။ ဖိုးဟန်ကလဲ နောက်မကျန်၊ နံ့လိုက်ပြီ၊ ချိုလိုက်တာ နော်... အမောပြေ...ရွှေ။

အမေညိုကို စားဖို့ပေးတော့ "ဟင့်...........အင်း" တဲ့။

နောက်တစ်ခါပေးတော့ ခေါင်းခါ လို့ အတင်းငြင်း ပြောရင်းဆိုရင်း မတ်တတ်ထ။ ဂမုန်းနက်လိုက်ဖို့ ခြေလှမ်းစ၊ ဖိုးဟန်တို့တစ်တွေ နောက် ကလိုက်ကြ။

တွေ့ရလေပြီ ဂမုန်းနက် တစ်အုပ် တစ်မ။

အရွက်ကချွန်းချွန်း။ အပင်အရပ်က ပုပျပ်ပျပ်။ ေအာက်လက်က အရှည် (၃)လက်မလောက်၊ ထိပ်လက်က (၅)လက်မ မရှိတရှိ၊ အရွက်ချွန်းလေး တွေက စိန်နားကပ် ကပ်စီထားသလို အထပ်ထပ်။

တစ်ရွက်ပေါ် တစ်ရွက်ထပ်၊ အရွက် ညွန့်လေးတွေက အပေါ်ထောင်၊ ငိုးတိုး ငုတ်တုတ်၊ မိုးတိုးမတ်တတ်။

အရွက်ရဲ့ကျောဘက်က နီညိုရောင် ပျော့မှာ အစိမ်းရင့်ရောင် ရောနေသလို၊ ရင်ဘတ်မှာတော့ နီညိုရောင်အရွဲ မီးကွင်းဂမုန်းနဲ့ တူသယောင်ယောင် ညီနောင်။

ဂမုန်းနက်ပင်တစ်ပိုက် အားစိုက်ပြီး တူးလိုက်တော့ အမေကရယ်တယ်။ ဂမုန်းနက်ဥက အပင်နဲ့ ကပ်လျက်ကို မြေအဝင်(၃)လက်မလောက်နဲ့ အဝင် လိုက်ဆွဲနုတ်လို့ရပြီ။

ဥလေးတွေက တန်းလန်း။ (၅)ဥ (၆)ဥ အလွန်ဆုံး။ အနည်းဆုံးက (၂)ဥ (၃)ဥ။ အရွယ်က ဆီးစေ့လောက် ဆီးစေ့ထက် နည်းနည်းသာသာ။

မောင်ခင်ညွန့်လဲတူး၊ ဖိုးဟန်လဲတူး နှစ်ဦးသား စုပြီးပေါင်း။

အမေညိုက ကိုဘာဂျိုသတ်



www.burmeseclassic.com

www.burmeseclassic.com

လိုအပ်သလောက်ယူ၊ အပြန်လမ်းကို ခြေလှမ်းလို့ တာစူပြီ။

ကျောင်းပြန်ရောက်တာနဲ့ ဉကြီးတွေကိုခြွေ၊ နေလှန်း ဉကလေးတွေကိုချန် တချို့လဲ မကျန်။

မကျန် ကျန်ကျန် ဂမုန်းနက်ပင်မှန်သမျှ ခြံကာထားတဲ့ မြေကွက်ကလေးမှာစိုက်၊ ရေကလေးလောင်းလိုက်နဲ့ ပစ်ထားလိုက်ပြီ အပင်ပေါင်းများစွာ။ သွပ်သတ်မယ်ဆိုရင် အရန်သင့် ဒီမှာရှာ။

ခြွေယူထားတဲ့ ဂမုန်းနက်ဉတွေကို နေပူပူမှာလှန်း၊ သွပ်ဖမ်းမတဲ့။ သွပ်ကိုမှုတ္တမူနဲ့ သတ်မှာတဲ့။

* * *

သံဖိုတောင်ကို ရောက်ခဲ့တဲ့ နောက်တစ်ခေါက်ကတော့ လပြည့်နေ့ကြီး။ သီတင်းကျွတ်လပြည့်နေ့ကြီး၊ ကားမရှိ ခြေကျင်လျှောက်ခဲ့ရ။ တပည့်တစ်ယောက်လဲပါ။ သူပါ လိုက်ချင်တယ်ဆိုလို့ ခေါ်ခဲ့ရ။ အဖော်လဲရ။

တရုတ်မော်ကနေ သံဖိုတောင်အထိ (၈)မိုင်လောက်တော့ရှိမယ်။ သေချာပေါက်ပဲ။ မလျော့နိုင်။

ဆရာတပည့်နှစ်ယောက် လျှောက်လိုက်ရတာ အမောတကော။ တောင်တွေကိုကျော် တောတွေကိုဖြတ်။

လူပရိသတ်က သံဖိုတောင်မှာ အများကြီး။ စည်ကားနေလိုက်တာ။ တောတွေရဲ့အလယ် တောင်စွယ်ပေါ်မှာ မြနိဗ္ဗာန်ပြာခရမ်း ရောင်စုံယှက်သန်း။ ပန်းခပ်မျှ မျက်စိပသာဒ ရှိလှတယ်။ သီလယူကြမယ့် ဥပုသ်သည်တွေ ကျား,မ။

ကန်တော့ဖွယ် ပစ္စည်းတွေကို ရှေ့မှာချ အမေညိုကိုလဲ ရှိခိုးဦးချ ပေးသမျှ ဆုတွေကိုယူ၊ ကြည်ဖြူတဲ့နှလုံး ပြုံးပြုံးတဲ့ မျက်နှာ။

မကြာပါဘူး။ ရောက်ပြီးခဏ။ ဆရာတော်တစ်ပါးဆီက ရှစ်ပါးသီလ ခံယူကြ။ ဥပေါသထသီလ။

ဖိုးဟန်မှာ အကျင့်တစ်ခုရှိတယ်။ ရှေ့တန်းမှာ မထိုင်၊ နောက်တန်းမှာ ထိုင်တဲ့အကျင့်။ အများသူတကာ ရှေ့မှာ ထိုင်ကြပါစေလေဆိုတဲ့ စိတ်နဲ့။

အခုလဲ တောင်ဘက်ကျောင်းဆောင် အပေါ်ထပ် လှေကားအတက်က တံခါးပေါက်မှာ ကပ်လျက်နေရာယူ။ တပည့် မောင်အောင်ရွှေလဲ ဆရာ မောင်ဖိုးဟန်နဲ့အတူ။

ဆရာတော်က သီလချီးမြှင့်ပြီးတာနဲ့ ရေစက်သွန်းချအမျှဝေ။ ခဏနေပြီး ပြန်လို့ကြွ။ သီးကုန်းကျောင်းဆီ ရှေးရှုပြီ။

အမေညိုက သီတင်းသီလ ဆောက်တည်ကြတဲ့ ပရိသတ်ကို တရားဟောတယ်။ ကကြီးရေးကသတ်ကက်နဲ့ ကျောင်းထွက်ခဲ့ရတဲ့ အမေညို။ ပါဠိလိုဟောလိုက်၊ မြန်မာလိုဟောလိုက်။ တစ်ကျော့စီပြန် အတန်တန် အနက်ဖွင့်။

မြန်မာလိုဟောတာ ထားပါ။ ပါဠိဘာသာစကားနဲ့ အမေညို တရားကိုတော့ မောင်ဖိုးဟန် အံ့သြ။ ဆရာတော်ကြီး တစ်ပါးပါးရဲ့အသံ၊ ဟောကြားနေတဲ့ဟန်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကိုးကွယ်ဆည်းကပ်တဲ့အခါ ယုံကြည်အားထား ကြည်ညိုသဒ္ဓါပွားရမယ့် အချက်တွေကို ဟောပြီ။ တစ်ချက်ပြီး တစ်ချက်။

'တချို့များ ပါးစပ်က ဘုရား ဘုရား။ လက်က ကားရားကားရား ဟိုလူ့ရိုက်ချင်၊ ဒီလူ့ရိုက်ချင် ခေါင်းကွဲအောင် ဘယ်လိုရိုက်ရမလဲ။ မှတ်လောက်သားလောက် ဘယ်နှချက်လောက် ရိုက်ရမလဲ၊ ဘယ်လိုရိုက်ရမလဲ၊ အစီအစဉ်တွေချ ည,ညမှာတောင် မအိပ်နိုင်။ ထ,ထထိုင်ပြီး ရိုက်ဖို့တွေး။ မကောင်းစိတ်တွေ မွေးနေတဲ့အကောင်... ဟိုအကောင်။ နောက်ဆုံးတန်းမှာ ထိုင်နေတဲ့ အကောင်၊ ဖိုးဟန်ဆိုတဲ့ အကောင်'

ဖြောင်းကြီးဗျာ၊ ညာဘက်လက်ညှိုး ငေါက်ငေါက်ထိုးလို့။ ဖိုးဟန်မှာတော့ အရှက်ကွဲပြီ။ လူပရိသတ်အလယ်မှာ ခေါင်းမဖော်နိုင်။ တရားနာပရိသတ်ရဲ့ မျက်လုံးအစုံက ဖိုးဟန်ကိုကြည့်။ လူမိုက်တဲ့ သူခိုးလို မောင်ဖိုးဟန် ခံလိုက်ဟာ။

ဒါပေမယ့် စိတ်ဆိုးတာ စိတ်ကောက်တာ ဖိုးဟန်မှာမရှိ။ ပကတိ ဖြူစင်တဲ့စိတ်ကိုမွေး မောင်ဖိုးဟန်လေး အကျင့်တန် မမှားစေရန် အပြတ်တား။

လမ်းမှန်ရောက်ဖို့ ဖိုးဟန်အမှားကို ထောက်ဆတရားပြတဲ့ အမေညို၊ သားအရင်းလို သဘောထား။ ဆန်ရင်းသားကို နာနာဖွပ်တဲ့ အမေညို။ အို...

အမေညို ပြောမယ်ဆို ပြောစရာ။ ဟောမယ်ဆိုလဲ ဟောစရာ။ အဲဒီအချိန်က မောင်ဖိုးဟန်ဆိုတာ စိတ်ကြမ်းလူကြမ်းခက်ထန်၊ မာချက်ကတော့ အလွန်သန် ရန်သူဆို ဗိုလ်မထား။ တိုက်ပွဲများ ဆက်နေတဲ့အချိန်...၁၉၇၅။

မျက်နှာချင်းဆိုင် တွေ့တွေ့ဆိုင်ဆိုင် ရိုက်ပွဲ(၁၀)ပွဲ ဆင်နွှဲခဲ့ပြီ။ ဖိုးဟန် လူဆိုးလူမိုက်။ စရိုက်ကြမ်း၊ မိုက်ကန်း ဘဝ အမှောင်လွှမ်း။

ဒကာမကြီး ဒေါ်မြရွှေကတော့ စိတ်ပန်းလူပန်း။

ဒါပေမယ့် အမေညိုရဲ့ အဆုံးအမစကားနဲ့ ဖိုးဟန် လက်ယားအောင် ရိုက်ချင်နေသူရဲ့ ဖနီးမယား မျက်နှာကို ထောက်ထားလို့ ဖိုးဟန်တစ်ယောက် လက်အယား ဖျောက်ခဲ့ရတယ်။ ပျောက်လဲ ပျောက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းလေစွ။

သူ့မယားက ဖိုးဟန်အပေါ် မောင်အရင်းနဲ့မခြား စေတနာထားသူ။ ဖိုးဟန် ပြည်မြို့ အ.ထ.က(၁)မှာ ကျောင်းနေခဲ့စဉ်ကာလက ထမင်းတစ်နပ်၊ နှစ်နပ် နပ်ပေါင်းများစွာ ကျွေးမွေးခဲ့သူ ကျေးဇူးရှင်။ ဖိုးဟန် ထောက်ထားရမှာကလဲ ဒီကျေးဇူးတရား။

ဒီနှစ်ချက် ထောက်ထားလို့ ဖိုးဟန်မှာ ရိုက်ချင်တဲ့ လက်အယားကို တရားနဲ့ဖြေဖျောက်။ စိတ်နောက်ကို ကိုယ်မပါ။ အကုသိုလ်ဗလာခတ် စိတ်လွတ်တယ်။

*　*　*

ဆောင်းနှောင်းရာသီ နွေဦးအစ ညတစ်ည။

ဖိုးဟန် သံဖိုတောင်မှာ တစ်ညအိပ်တယ်။ စနေနေ့ရောက်။ ညအိပ်။ တနင်္ဂနွေနေ့ တရုတ်မော်ကိုပြန်။

သံဖိုတောင် အဲဒီည။ စနေနေ့ညဖြစ်ရပ်က အတော်ထူးတယ်။ ညောင်စာရေးက ဦးစိန်တိုးလဲ ရောက်နေတယ်။

ညနေ နေညိုတာနဲ့ သံဖိုတောင်က အမှောင်ဖုံး။ တောင်စွယ်တစ်ခုလုံး။ သစ်တောကြီးတစ်တော။ သစ်ပင်ရိပ်တွေ ထိုးထိုးကျ။ အပြိုင်းပြိုင်းထ။ ကျေးငှက်တွေလဲ အိပ်တန်းပြန်ကြ။

ညအမှောင် မကြီးစိုးမီ မီးတွေထွန်း။ သုံးလောကထွတ်ထား မြတ်ဘုရားကို ဆီမီးပူဇော်၊ အလင်းတိုင်ထွန်း။ နံ့သာတိုင်ထွန်း၊ ရှိခိုးဦးချ၊ မေတ္တာတွေပို့၊ အမျှအတန်းဝေ ပြုပြုသမျှ ဝေနေယျသတ္တဝါ ရကြပါစေ... ရကြစေ။

အမေညိုရဲ့ ဟောပြောညွှန်ပြဆိုဆုံးမစကားတွေကို မှတ်သားနာယူစကားတွေပြောကြ၊ လေတွေ ချနေကြတုန်း အမေညိုက...



'သား အိပ်ချင်ပလား၊ မအိပ်ခင် ဘာစားချင်သေးတုံး'

ည (၇)နာရီကျော်ကျော် (၈)နာရီနီးနီး အချိန်မတော်ကြီး။ ရွာနဲ့မနီး တောကြီးအလယ်။ တောင်စွယ်အကြား ဘယ်လိုနည်းနဲ့ရှာရှာ၊ ဘယ်လိုမှ မရနိုင်တဲ့ အစားအစာ။

အမေညို ဘာကျွေးမှာတုံး။

ဖိုးဟန်က ပြုံးပြီး ပြောတယ်။ လေအေးလေးနဲ့...

'ဒံပေါက် စားချင်တယ်'

အမေညိုက ဖိုးဟန်ကို ပြုံးပြီးကြည့်တယ်။ အကြင်နာပြုံး မိခင်ပြုံး။ ဖိုးဟန် နောက်နောက်ပြောင်ပြောင် ပြောလိုက်တဲ့စကား။ စကားနောက်ကိုတော့ တရားပါသွားပြီ။

မကြာမီ တစ်ခဏ (၁၀)မိနစ်ခန့်မှာ...

'သား မင်းစားချင်တဲ့ ဒံပေါက် တံခါးမှာ ချိတ်လျက်သား ရောက်နေပြီ သွားယူ စားလိုက်'

ဂမုန်းနက်လိုက်စဉ်က ကြက်တူရွေး ချိုချဉ်၊ လိုချင်လှပါတယ်ဆိုတဲ့ ပုတီးတစ်ကုံး၊ အစားချင်ဆုံး ဒံပေါက်၊ ချက်ချင်းရောက်စေ။ ရောက်လဲနေ။

နေရာကထ တံခါးမဆီကိုသွား၊ ပိတ်ထားတဲ့ တံခါးကိုဖွင့်၊ အသင့်ရောက်နေတဲ့ ဒံပေါက်ထုပ် ပူပူနွေးနွေး လက်နဲ့ဆုပ်မိ။

ဦးစိန်တိုးက ဖိုးဟန်ကို ပြုံးပြီးကြည့်တယ်။ ဒီလို ဒံပေါက်မျိုး စားနေကျ ရိုးနေပြီထင်ပ။

ဦးစိန်တိုးနဲ့ မောင်ဖိုးဟန်တို့နှစ်ယောက်သား စားလိုက်ကြတာ။ တက်တက်ပြောင် ဗိုက်တွေကား ကြက်ရင်အုပ် အဖီသား အချဉ်များလဲပါသေး။

တနင်္ဂနွေနေ့မှာ မောင်ဖိုးဟန် ပြန်တော့ အမေညိုက လက်ဖွဲ့တစ်လုံးပေးတယ်။ ကြိုးမပါ။ ကြေးကမ္ဘဝါစာ လက်ဖွဲ့။

'လက်ဖွဲ့လေးတစ်လုံး တယ်လီဖုန်းပေးလိုက်မယ်။ မင်းနှုတ်ကထွက် ဖုန်းဆက်ချင်တာဆက်။ ရုတ်တရက် အမေ ကြားတယ်။ လာမယ်ဆိုရင် ကြိုတင်ပြီး အကြောင်းကြား မင်းလိုတာ 'ဖုန်းဆက် ငါ့သား'

မောင်ဖိုးဟန် ငတုံးငအ။ အသုံးမကျ ဘူး။ တယ်လီဖုန်းကို အသုံးမချတတ်ဘူး။ သံဖိုတောင်ကို လာမယ်ဆိုတာ (၂)ကြိမ်လား ဆက်ဖူးတယ်။ နောက်တော့ ပျောက်သွားတယ်။ ဆန်းဆန်း ပြားပြား ဘယ်ကိုရောက်လို့သွား။

အသေအချာ သိမ်းထားတာ၊ ဘုရားခန်းမှာ ပုလင်းကလေးနဲ့ ထည့်လို့ ပုလင်းအဖုံးမှာ အပေါက်ကလေး တောင်ပါသေး။ လေအေးအေးရှူ။

*　*　*

၁၉၇၅ ခုနှစ်၊ မေလမှာ ဖိုးဟန်အိမ်ကို အာဂန္တုရဟန်းတစ်ပါး ကြွရောက် တော်မူလာတယ်။ ဖိုးဟန်ဒကာမကြီး ဒေါ်မြရွှေရဲ့ အဖေ့ညီအရင်း။ ကြို့ပင် ကောက်မြို့မှာ သီတင်းသုံးတယ်။ ကပ္ပိယတစ်ယောက်လဲ ပါလာတယ်။ ဘယ်ကမှန်းတော့မသိဘူး။


ရွှေလ ဆက်ဖတ်ပါရန်

ရွှေတောင် ကြည်ကောင်အေး



www.burmeseclassic.com

www.burmeseclassic.com




ယခင်လမှ အဆက်

အခြေခံ ကြိုးထုံးနည်း(၈၆)

雪人

Xuǐ Rén

ရှုယ်ရဲန်း

နှင်းလူပုံသဏ္ဍာန်ကြိုးထုံးနည်း

# တရုတ် ကြိုးထုံးပညာ (၈၆)

ဟူကွင်းစီ

သမပိုင်းဒေသ ဖြစ်သောကြောင့် ောင်းအခါတွင် ဆီးနှင်းခဲများ အပုံ ဆပ်လိုက် ဖြစ်အောင် တဖွဲဖွဲကျ ဆင်းလေ့ရှိရာ ထိုဆီးနှင်းခဲများဖြင့် လူ၊ လိုဏ်ဂူ၊ အိမ်၊ မော်တော်ကား စသည်ဖြင့် ပြုလုပ်နိုင်သည်။

ရာသီဥတု ချမ်းအေးလှသဖြင့် အရည်မပျော်ဘဲ ကာလကြာရှည်စွာ တည်ရှိတတ်သည်။ နှင်းလူမှာ ဆီးနှင်းခဲများကို လူပုံသဏ္ဍာန် ပုံထပ်ထားခြင်း ဖြစ်ကာ ကလေးများသာမက အဝေး

www.burmeseclassic.com


ပုံ-၇

တစ်နေရာမှ သံယောဇဉ်ရှိသူအား လည်း ရည်မှန်းပြုလုပ်တတ်ကြသည်။

ထို့ကြောင့် **နှင်းလူပုံသဏ္ဌာန် ကြိုးထုံးကလေးမှာ** ချစ်သူ၊ သံယောဇဉ် ခင်တွယ်သူထံသို့ သတိတရ အမှာစကားပါးခြင်း သဘောဆောင်သည်။

မြန်မာ့ရေမြေ၌ အိမ်ရှေ့တွင် တအာအာ အော်မြည်နေသော ကျီးကန်းအား **"ဆောင်းအမီ ရောက်အောင်သာ လာခဲ့ ခင့်ဆီ"**ဟု တစ်ဆင့်စကား ပြောကြားပေးပါရန် နားပူနားဆာ လုပ်သည်နှင့် ဆင်တူပေသည်။ ကြိုးချည်နည်းကို ကြည့်ကြပါစို့။

**ပုံ(၁)** အရောင်ကွဲ ကြိုးနှစ်ချောင်းဖြင့်'**အသပြာမောင်နှံ**' ကြိုးထုံးနည်းဖြင့် စတင်ချည်ထုံးပါ။

**ပုံ(၂)** **ငြိမ်းချမ်းရေး** ကြိုးထုံးနည်းဖြင့် ဝဲယာ (၈)ချက်စီရအောင် ချည်ထုံးပါ။

**ပုံ(၃)** အောက်ဘက် ကွင်းကို ငြိမ်းချမ်းရေး ကြိုးထုံးနည်းဖြင့်ပင် (၂၅) ကြိမ်မျှ ချည်ထုံးပါ။

ငြိမ်းချမ်းရေး ကြိုးထုံး နည်းဖြင့် အရှည် (၈) စင်တီမီတာခန့် ရအောင် အဖြောင့် ချည်ထုံးထားပါ။ (၁၅)ကြိမ်ခန့် ထုံးရ လိမ့်မည်။ ယင်းကို...

**ပုံ(၄)**ပါအတိုင်း အပေါ် ကွင်း (ကွင်းငယ်)အတွင်း ခွေထည့်ပါ။

**ပုံ(၅)** အရှည် (၂၁) စင်တီမီတာခန့် ရအောင် (၅၀)ကြိမ်မျှ ထပ်၍ထုံးပါ။

**ပုံ(၆)** အောက်ခြေ ကွင်းကြီးတွင်း ထည့်သွင်းပါ။

အလယ်တွင် လိပ်ခြား ဖြစ်အောင် ထုံးချည်ပါ။

**ပုံ(၇)** အရွယ်တော် ကြယ်သီး သို့မဟုတ် ဘော်ကြယ်များ ဖြင့် မျက်စိ၊ နှာခေါင်းများ ပုံဖော်ပြီး နှင်းလူပုံ သဏ္ဌာန်ကြိုးထုံး ရရှိပါပြီ။ အလိုရှိသလို သုံးပါ။

**ဟူဂျင်းဇီ**



F.27B. January, 20

www.burmeseclassic.com

www.burmeseclassic.com



# အိမ်သက် တွက်နည်း

ဗိုလ်မင်း
(မင်းလှ)

စာရေးသူအနေဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် **အိမ်နိမိတ်တွက်နည်းနှင့် အိမ်ဆောက်၊ ကျောင်းဆောက် နက္ခတ်တွက်နည်း**များကို ရေးသားဖော်ပြလိုပါသည်။

၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် စာရေးသူနှင့် ဦးကျော်ညွန့် (ဝေမြဝန်)တို့သည် မိသားစု ပဒေသာပင် နာရေးထောက်ပံ့ကူညီရေးကိစ္စကြောင့် မင်းလှမြို့၏ အရှေ့ ခ.လ.ရ(၁)မှ ဒုအရာခံဗိုလ် ကိုအောင်ကျော်သန်း၏ ဖခင်ကြီး (နာရေး)ကိစ္စတွင် ကူညီပေးရန် သွားရောက်ခဲ့ကြသည်။

ခ.လ.ရ(၁)တည်ရှိရာ စိန်ကန့်လန့်ရွာသို့ ရောက်သွားရာ (အာ.တီ.စီ) ကြီးကြပ်ရေးမှူး ဦးမြင့်စိုး(ငြိမ်း)နှင့် ကြီးကြပ်ရေးမှူး ဦးကျော်သိန်းလှိုင်၊ ခ.လ.ရ(၁)မှ ကိုအောင်ကျော်မြင့်၊ ဒေါ်အေးမြင့် စသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ကူညီထောက်ပံ့ပေးရန် ကိစ္စများ တိုင်ပင်ဆွေးနွေးကြပါသည်။

တိုင်ပင်ဆွေးနွေးမှုကို ဦးမြင့်စိုး၏ ဆောက်လုပ်ဆဲ အိမ်သစ်တွင် ပြုလုပ်ကြရာ စာရေးသူက...

'ကိုမြင့်စိုး ခင်ဗျားအိမ်က တော်တော် ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ထားတာပဲ ထုပ်/လျှောက် ဘယ်နှစ်တောင်ရှိလဲဗျာ'

ဟု မေးလိုက်ရာ...

'ထုပ်(၁၀)တောင်၊ လျှောက်(၁၁)တောင်'

ဖြစ်ကြောင်း ပြောပြပါသည်။

'အိမ်သက် ဘယ်လောက်ရှိလဲဆိုတာ သိလား'

ဟု မေးကြည့်ရာ ကိုမြင့်စိုးက

''မသိ''ဟု ပြောပါသဖြင့်...

စာရေးသူက - ကျောက်ထရံဆရာတော်ကြီး၏ အိမ်သက်တွက်နည်းလင်္ကာကို ရွတ်ပြလိုက်ပါသည်။

လင်္ကာ

တထသိမ့္ ထိုမိတ်စုကို မြှောက်ပြန်နဝ ဘုဗ္ဗာသုံးဆယ် ကြွင်းဝယ်မပျက် အိမ်အသက်တည်။

**“တထသိမ့္ ထိုမိတ်စုကို”** ဆိုသည်မှာ အိမ်၏ ထုပ်/လျှောက် ပတ်လည်ကို မိမိလက်ဖြင့် အတောင်ရေတွက်ပြီး သုံးနှင့်မြှောက်၍ရသော အတောင်အရေအတွက်ကို ဆိုပါသည်။

| | |
|---|---|
| ထုပ်(၁၀)တောင်×၂ | = ၂၀တောင် |
| လျှောက်(၁၁)တောင်×၂ = | ၂၂တောင် |
| ၂၀+၂၂ = ၄၂×၃ | = ၁၂၆တောင် **မိတ်ပုံ** |

**“မြှောက်ပြန် နဝ”** ဟူသည်မှာ (၁၂၆)တောင် မိတ်ပုံကို (၉)နှင့် မြှောက်ရပါမည်။ ပြီးလျှင် **“ဘုဗ္ဗာသုံးဆယ်”** ဟု ဆိုထားသဖြင့် (၃၀)နှင့် စားပါ။ **“အကြွင်းသည် အိမ်အသက်”** ဖြစ်သည်။

ယခု ကိုစိုးမြင့်အိမ်က...

မိတ်ပုံ ၁၂၆ ×၉ = ၁၁၃၄

၁၁၃၄÷၃၀ = (၂၄)ကြွင်းပါသည်။

စားလဒ်ကို မယူရပါ။ အိမ်သက် (၂၄)နှစ် ဖြစ်ပါသည်။ ထုပ်(၁၀)တောင်၊ လျှောက်(၁၁)တောင်ရှိသော အိမ်သည် အိမ်သက်(၂၄)နှစ်ပြည့်လျှင် အိမ်သက်ကုန်ဆုံးသည်။

အိမ်သက်ကုန်ဆုံးသော နေအိမ်များတွင် နေထိုင်ကြလျှင် စီးပွားကျတတ်ခြင်း၊ ကျန်းမာရေး ထိခိုက်မှုရှိခြင်း၊ အပူသောကများရခြင်း၊ လာဘ်ပိတ်ခြင်းများ ဖြစ်နိုင်သည်ဟု ဆရာတော်ကြီးက ပြောပြခဲ့ဖူးပါသည်။

ကိုမြင့်စိုးက...

'ဆရာဗိုလ်ကို ကျွန်တော် တစ်ခု မေးဦးမယ်ဗျာ။ ဒီအိမ်ကို ကျွန်တော် သားစဉ်မြေးဆက် နေနိုင်အောင် ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ထားတာဆိုတော့ (၂၄)နှစ်ပြည့်ရင် ဘယ်လိုလုပ်ရမလဲ ရှင်းပြပါဦးဗျာ'

ဟု ပြောရာ...

စာရေးသူက အိမ်သက်ပြန်ရအောင် ပြုပြင်နည်းလင်္ကာကို ရွတ်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# သတ္တဗိသျှနဝင်းချေနည်း

စောထွန်းအောင်
(မြောက်ဦး)

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း(၇) ရက် အဖိတ်နေ့...

၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၇) ရက် တနင်္လာနေ့...

ထိုနေ့တွင် ကျွန်တော်သည် မြောက်ဦးမြို့နယ် ကင်းချောင်းကျေးရွာသို့ ရောက်ရှိလာ၏။

ကျွန်တော်သည် ရောက်ရောက်ချင်း ကင်းချောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်လေသည်။ ကျောင်းထိုင်ဆရာတော်မှာ **ဘဒ္ဒန္တ ဉာဏုတ္တရ** ဖြစ်လေ၏။

ထိုဆရာတော်နှင့် စကားစမြည် ပြောဖြစ်လေသည်။ ဘဒ္ဒန္တဉာဏုတ္တရမှာ ပုဏ္ဏားကျွန်းမြို့နယ်၊ ဝက်နှုတ်သီးကျေးရွာအုပ်စု မြောင်းကြီးကျေးရွာဇာတိ ဖြစ်လေ၏။

ထိုဆရာတော်မှာ ဝါတော်(၂၉)ဝါ၊ သက်တော် (၄၉)နှစ်ရှိပြီး ဤကင်းချောင်း ဘုန်းတော်ကြီးကျောင်းသို့ ၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း(၉)ရက် ကြာသပတေးနေ့တွင် စ၍ ရောက်ပြီး ကျောင်းထိုင်ခဲ့သည်ဟု သိရပါသည်။

ထိုသို့ အာလာပသလ္လာပ ပြောဆိုနေကြပြီး အတန်ကြာသောအခါ ဆရာတော်က **"သတ္တဗိသျှနဝင်းချေနည်း"** ဂါထာတော်ကို ကျွန်တော့်ကို ပြောပြပါသည်။

ထိုအခါ ကျွန်တော်ကစပြီး...

'ဘုရားတပည့်တော်ကို သတ္တဗိသျှနဝင်းချေနည်းနဲ့ ပတ်သက်ပြီး စာမူတစ်ပုဒ်လောက် ရေးသားခွင့် ပေးသနားတော်မူပါဘုရား'



ဟု လျှောက်ထားခွင့်ပန် လိုက်လေ၏။

ထိုအခါ ဆရာတော်လည်း ကြည်ကြည်ဖြူဖြူနှင့်...

'အေး အေး ဒကာကြီး... ခွင့်ပြုတယ်၊ ခွင့်ပြုတယ်'

ဟု မိန့်ဆိုလိုက်လေသည်။

ထိုအခါ ကျွန်တော်လည်း ကျောင်းပေါ်မှဆင်းပြီး မိမိနေအိမ်(တည်းခိုရာဖြစ်သော ဦးသိန်းကျော်မောင်၊ ကျောင်းအုပ်ဆရာကြီး၊ ကင်းချောင်းအ.မ.က အိမ်)သို့ ပြန်ခဲ့လေ၏။

ထို့နောက် ကျွန်တော်သည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ သတ္တဗိသျှနည်း (သို့မဟုတ်) သတ္တဗိသျှ နဝင်းချေနည်း ဆောင်းပါးကို ရေးဖြစ်လေသည်။

လောက၌ လူသားတစ်ဦးအတွက် နက္ခတ်များ ဆိုးသည်၊ ကောင်းသည်များ လည်းရှိ၏။ အဆိုပါ လူသားအဖို့ နက္ခတ် ဆိုးသည်များ ရှိလာသောအခါ **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**ဖြင့် ကော[...] အောင်လုပ်နိုင်၏။ ယတြာချေနိုင်[...]

တစ်နည်းအားဖြင့် လော[...] မအောင်မြင်နိုင်သည်၊ ဆိုးသည်[...] ရှိလာသည့်အခါ ကျင့်စဉ်နည်း[...] အောင်မြင်နိုင်သည်၊ ကုသနိုင်သ[...] နဝင်းချေနိုင်သည်များ ရှိပါသည်။

ဘုရားဟော ကျမ်းဂန်များ၊ ပိဋက[...] စာပေများတွင် ထိုကျမ်းမစမီ **"န[...] တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**ဟူ၍ ရေးသား[...] ပြခြင်း ပြုကြလေသည်။ ထိုဂါထာ[...] များ မပါသော ကျမ်းဂန်စာအုပ် စာ[...] များဟူ၍ မရှိချေ။

ယင်းမှာ ရှေးက ပညာရှိ ကျ[...] အကျော်အမော်များသည်လည်း ယ[...] ကျမ်းဂန်များ ချောမောစွာ ပြီးစီး[...] အန္တရာယ်အခက်အခဲအပေါင်းမှ [...] မြောက်ပါစေခြင်းအလို့ငှာ ဤ**"န[...] တဿ ဘဂဝတော အရဟတော[...] သမ္မာသမ္ဗုဒ္ဓဿ"** ဂါထာတော်[...] ထည့်သွင်းရေးသား အသုံး[...] ဖြစ်ပါသည်။

ဤဆောင်းပါး ခေါင်းစဉ်၌[...] သူတော်ချင်းချင်း သတင်းလွှေ့[...] ပေါင်းဖက်တွေ့ သတ္တဗိသျှ[...] သို့မဟုတ် သတ္တဗိသျှနဝင်းချေ[...] ဖြစ်ပါသည်။ သတ္တဆိုသည်မှာ ([...] ပြီး ဗိသျှ(ဗီသ) ဆိုသည်မှာ (၂၀)[...] သည်။ သတ္တဗိသျှ ဆိုသည်မှာ [...] ဖြစ်ပြီး နဝင်းဆိုသည်မှာ ([...] (၉)ခါ ဖြစ်ပါသည်။

သို့ဖြစ်၍ နဝင်းချေ[...]ခြင်းဆို[...]



www.burmeseclassic.com

www.burmeseclassic.com

(၉)ကြိမ်၊ (၉)ခေါက်ဖြင့် ယတြာချေနည်း ဖြစ်လေ၏။ ဆိုလိုသည်မှာ နံနက်အိပ်ရာထပြီးလျှင် မျက်နှာသစ်ကာ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" (၉) ကြိမ် (သို့မဟုတ်) (၉)ခေါက် ရွတ်ဆိုပြီး နေ့လယ်(၁၂)နာရီတွင်လည်း ယင်းဂါထာတော်ကို (၉)ကြိမ် ရွတ်ဆိုရပါမည်။ ညအိပ်ရာဝင်ခါနီးတွင်လည်း ယင်းဂါထာတော်ကိုပဲ (၉)ကြိမ် ရွတ်ဆိုရပါမည်။

ယင်းသို့ နံနက်၊ မွန်းတည့်၊ ညနေတို့တွင် (၉)ကြိမ်စီ ရွတ်ဆိုခြင်းဖြင့် (၂၇)ကြိမ် စေ့ပါသည်။ ဤသို့ (၂၇) ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် မကောင်းသော ဘေးဆိုး၊ အန္တရာယ်ဆိုးများကို လွတ်ငြိမ်းချမ်းသာခွင့်ရအောင် ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

ဤမျှမကသေး ဤဂါထာတော်ဖြင့် ပုတီးလည်း စိပ်နိုင်ပါသည်။ ပုတီးစိပ်မည်ဆိုပါက...

**နံနက်အိပ်ရာမှထပြီး "ဘဂဝါ"** ဂုဏ်တော်ဖြင့် ပုတီး(၉)ပတ် စိပ်ရပါမည်။

**နေ့လယ်ပိုင်း "အရဟံ"** ဂုဏ်တော်ဖြင့် ပုတီး(၉)ပတ်၊

**ညနေအိပ်ရာဝင်ခါနီးတွင် "သမ္မာသမ္ဗုဒ္ဓဿ"** ဂုဏ်တော်ဖြင့် ပုတီး(၉)ပတ် စိပ်ရပါမည်။

ယင်းသို့ (၉)ကြိမ်စီ ပေါင်း(၂၇)ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် သတ္တဗီသျှနက္ခတ်(၂၇)လုံး နဝင်းချေနည်း ဖြစ်ပါသည်။

သတ္တဗီသျှနက္ခတ်(၂၇)

သတ္တဗီသျှနက္ခတ်(၂၇)လုံးကို ဖော်ပြရလျှင်...

၁။ အဿဝနီ၊
၂။ ဘရဏီ၊



၃။ ကြတ္တိကာ၊
၄။ ရောဟဏီ၊
၅။ မိဂသီ၊
၆။ အဒြိုဒ်(အဒြ)၊
၇။ ပုနဖုသျှ၊
၈။ ဖုသျှ၊
၉။ အသလိဿ၊
၁၀။ မာဃ၊
၁၁။ ပြုဗ္ဗဖလဂုနီ၊
၁၂။ ဥတ္တရဖလဂုနီ၊
၁၃။ ဟဿတ၊
၁၄။ စိတြ၊
၁၅။ သွာတိ၊
၁၆။ ဝိသာခါ၊
၁၇။ အနုရာဓ၊
၁၈။ ဇေဋ္ဌ၊
၁၉။ မူလ၊
၂၀။ ပြုဗ္ဗာသာဠ်၊
၂၁။ ဥတ္တရာသာဠ်၊
၂၂။ သရဝဏ်၊
၂၃။ ဓနသိဒ္ဓ၊
၂၄။ သတဘိသျှ၊
၂၅။ ပြုဗ္ဗဘဒြပိုဒ်၊
၂၆။ ဥတ္တရာဘဒြပိုဒ်၊
၂၇။ ရေဝတီ

စသည်တို့ ဖြစ်ကြလေ၏။

ဤနက္ခတ်(၂၇)လုံးသည် လူတစ်ဦးအဖို့ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဂါထာတော်ဖြင့် နံနက်၊ နေ့လယ်၊ ည (၉)ကြိမ်စီ ပေါင်း (၂၇)ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်ပေးခြင်းဖြင့် ကောင်းသည်ချည်း ရှိလေသည်။

သျှစ်သောင်း ပုထိုးတော်ကြီးတွင်လည်း ပင်မစေတီတော်ကြီးကို အရံစေတီ(၂၆)လုံးဖြင့် ရံ၍ တည်ထားသည်မှာ သျှင်မြဝါနှင့် မဟာပညာကျော်တို့က ဤသတ္တဗီသျှနက္ခတ် (၂၇)လုံးတို့ကို တည်ထားထည့်သွင်းစီမံထားခြင်း ဖြစ်ပါသည်။

ယင်းတို့မှာလည်း ရခိုင်သူ/ရခိုင်သားများ ဘေး၊ ဥပဒ် အန္တရာယ်ဆိုး ကျရောက်ခြင်းမှ ကယ်တင်နိုင်ရန် ဤပုထိုးတော်ကြီး၌ ဤသတ္တဗီသျှနက္ခတ်(၂၇)လုံးကို ထည့်သွင်းတည်ထားခြင်း ဖြစ်ပါ၏။

ပြီးနောက် သျှင်မြဝါနှင့် မဟာပညာကျော်တို့က **"နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"**(၉)ကြိမ်စီ ပေါင်း (၂၇)ကြိမ် ရွတ်ဖတ်သရဇ္ဈာယ်၍ နဝင်းချေခဲ့သည်ဟု ဆိုပါသည်။

ဤဂါထာတော်ကို ရှေးအထက်ကျော်ကာလမှစ၍ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြကြောင်း တွေ့ရပါသည်။ ဗုဒ္ဓစာပေကျမ်းဂန်များ၊ ပိဋကတ်စာပေများတွင် ဘုရားရှိရာဘက်သို့ မျက်နှာမူလျက် ဝမ်းမြောက်ဝမ်းသာစွာဖြင့် လက်အုပ်ချီလျက် **"နမောတဿ"**ဂါထာတော်ကို ဗြဟ္မာယုပုဏ္ဏား၊ ဇာဏုသောနိပုဏ္ဏား၊ ပသေနဒီကောသလမင်းကြီး၊ သိကြားမင်း၊ ဓနဉ္စာနီပုဏ္ဏေးမတို့က တစ်ပြိုင်တည်း၊ တစ်နေ့တည်း၊ တစ်ချိန်တည်း ရွတ်ဆိုသရဇ္ဈာယ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဥဒါန်းကျူးခဲ့ကြသည်ဟု သိရပါသည်။

**ဤဂါထာတော်ကို**
**ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်**
**ရရှိနိုင်သော အကျိုးကျေးဇူးများ**

ဤဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောက်ပါ အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။

၁။ ငွေကြေးအပေးအယူကိစ္စ၊ ခရီးနှင့်ပတ်သက်သည့်ကိစ္စ၊ ပညာရေးနှင့် ပတ်သက်သည့်ကိစ္စများ မိမိ၏ အသိဉာဏ်များ ပွင့်လင်းခြင်းများ မုချ ကြုံရမည်။

၂။ ရာထူးနှင့် ပတ်သက်သည့်ကိစ္စ၊ စီးပွားတက်ခြင်းကိစ္စ၊ မြေ့ကလေးများ မွေးဖွားခြင်း၊ အလှအပ,လက်ဝတ်ရတနာ ခက်ခဲကြန့်ကြာမှုများ အတိုက်အခံဖြစ်မှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များ မုချ အောင်မြင်ရပါမည်။

၃။ အမှုအခင်း အချုပ်အနှောင် အထက်လူကြီးနှင့် ပတ်သက်၍ ကိုယ်စိတ်ဆင်းရဲခြင်းမှ လွတ်မြောက်တားဆီးနိုင်ခြင်း၊

၄။ ကြွယ်ဝချမ်းသာခြင်း၊ အမှန်အကန်ဖြစ်စေလိုခြင်း၊ မိတ်ဆွေတိုးပွားခြင်း မုချအောင်မြင်ရပါမည်။

၅။ အချစ်ရေးကိစ္စ လင်ကွဲမယားကွဲကိစ္စမှ မုချ ကျော်လွှားနိုင်ခြင်း၊

၆။ အတိုက်အခံကိစ္စ၊ စိန်ခေါ်ယှဉ်ပြိုင်ခြင်းကိစ္စ၊ ပင်လယ်ရပ်ခြားကိစ္စများ ခက်ခဲနေပါက မုချအောင်မြင်ခြင်း၊

၇။ မိန်းမအနှောင့်အယှက်ကိစ္စ စွပ်စွဲချိန်တွင် ကိုယ်တိုင် မဖြေရှင်းရဘဲ သူတစ်ပါးက လာရောက်ပြီး ဖြေရှင်းပေး၍ အောင်မြင်သွားခြင်း၊

၈။ အားသွန်ခွန်စိုက် လုပ်ရမည့် ကိစ္စရပ်များ အလွယ်တကူပြီးဆုံးခြင်း၊ သူတစ်ပါးက လုပ်ကြံ၍ မရခြင်း၊ မကောင်းသော အတတ်ပညာနှင့် ပြုစားခြင်းများ ပပျောက်စေခြင်း၊

၉။ မိမိအပေါ် မကျေနပ်သော ပုဂ္ဂိုလ်များ လာရောက်ပြီး ဝန်ချတောင်းပန်ခြင်း၊ အလိမ်ခံရခြင်း၊ လူပေါင်းမြောက်မြားစွာ လုပ်ကြံ၍ လက်မှတ်ထိုးပြီး တိုင်တမ်းသော်လည်း သူတို့အချင်းချင်း ကွဲပြားမှုမှ မုချ အောင်မြင်သွားပါမည်။

အချုပ်အားဖြင့်ဆိုသော် **“သူတော်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့”** ဆိုစကားအရ သူတော်ကောင်းတို့သည် ကောင်းသော သတင်းစကားကို အပေါင်းအဖော်များအား လက်ဆင့်ကမ်း ဝေငှပေးကမ်းရပါမည်ဟု ဆိုလိုပါသည်။

ယခုလည်း သူတော်ကောင်းဖြစ်သော ပုဂ္ဂိုလ်က ပေးကမ်းလိုက်သော **“သတ္တဗိသျှနဝင်းချေနည်း”** ဂါထာတော်ကို ကျွန်တော်သည် အသက်ထက်မြတ်နိုး တန်ဖိုးထားပြီး နှလုံးသားဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားပါမည်ဟု ကတိပြုပါသတည်း။

**[မြောက်ဦးမြို့နယ်၊ ကင်းချောင်းကျေးရွာ ဘုန်းတော်ကြီး ဘဒ္ဒန္တဉာဏုတ္တရအား ဤဆောင်းပါးဖြင့် ပူဇော်ဂါရဝ ပြုအပ်ပါ၏။]**

**စောထွီးသျှင်** *(မြောက်ဦး)*

ဝန်ခံချက်

မြောက်ဦးမြို့နယ်၊ ကင်းချောင်းကျေးရွာဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၏ ပြောပြချက်များ။

စာမျက်နှာ (၂၁၁)မှ အဆက်

**လင်္ကာ...**

'သေတိုင်များကို တူးကြတစ်ထွာ
ရှာယူမှ ထိုမြေစုကို
သိုမြှုပ်ထား မြေတခြားနှင့်
ဖို့ကြတန်ရုံ သိပြီးတုံမှ
တူးရှုရသည့် ယင်းမြေကြီးကို
ပြုလေကုန်က အိမ်သက်ရှေ'

အိမ်သက်ကုန်ဆုံးသော အိမ်ရဲ့ တိုင်ခြေရင်းမြေကြီးကို တစ်ထွာခန့် တူးပါ။ ရသောမြေကြီးကို သိမ်းထားပါ။ ပြီးလျှင် အခြားမြေကြီးနဲ့တန်ရုံ(တစ် မိုက်ခန့်)ဖို့ပါ။

ပထမ တူးထားသော တိုင်ခြေရင်းမြေကြီးကို ပြန်ဖို့လိုက်လျှင် အိမ်သက် ပြန်ရတယ်လို့ ဆိုထားပါတယ်။

ဒီတော့ ကိုမြင့်စိုးအိမ်ကိုလဲ (၂၄)နာ ပြည့်တိုင်း အိမ်သက်ရအောင် ပြုပြင်ပေးပါ။ ကိုမြင့်စိုးရဲ့ သားမြေး မြစ်တီ ဆွေ(၇)ဆက် မျိုး(၇)ဆက်နေတဲ့ တိုင်အောင် အိမ်သက်ကုန်ဆုံးခြင်း မရှိနိုင်တော့ဘူး'

ဟု ရှင်းပြလိုက်ပါသည်။

စာရှုသူ သူတော်သီများနှင့် (၇)ရက် သားသမီးများအားလုံး မိမိတို့နေထိုင်သော အိမ်များကို အိမ်နိမိတ်ကောင်းခြင်း အဝင်နက္ခတ်၊ အထွက်နက္ခတ် မှန်ကန်ခြင်း၊ အိမ်သက်တွက်နည်းနှင့် အိမ် (ဂေဟာ)များကို အထက်ပါ တွက်နည်း နှင့် ဆောက်လုပ်နေထိုင်မှု ပြုကြ သဖြင့် ဘဝ၏ တိုးတက်အောင်မြင်မှု များရရှိကြစေရန် စေတနာသွန်နှင့် ကျောက်ထရံ ဆရာတော်ကြီး၏ အိမ် သက်တွက်နည်းကို လက်ဆင့်ကမ်း ရေးသားဖော်ပြအပ်ပါသည်။

**[ရသေ့တောင်မြို့နယ် ကျောက် ထရံ ဆရာတော်ကြီး ဦးကောဝိဒ အား ဦးခိုက်ပူဇော်ပါသည်ဘုရား]**

**ဗိုလ်မင်း(မင်းကျ**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ (၃၁)ရက်နေ့အထိ
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ခြည်

## တနင်္ဂနွေ

**စီးပွားရေး** ။ ရွှေပန်းထိမ်လုပ်ငန်း၊ ရွှေအရောင်းအဝယ်လုပ်ငန်း၊ ရွှေ ချည်ကျိုလုပ်ငန်း အကျိုးအမြတ်များမည်။

အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများ၊ အဆောက်အအုံကန်ထရိုက်လုပ်ငန်းများ တိုးချဲ့နိုင်ပါသည်။

ငွေကြေးလဲလှယ်ရောင်းဝယ်မှုလုပ်ငန်းများ သတိထားလုပ်ကိုင်ပါ။

**ဝန်ထမ်းရေးရာ** ။ ဝန်ထမ်းများ အလုပ်များကို ကြိုးစားသလောက် အကျိုးခံစားရလိမ့်မည်။ နေရာကောင်းကို ပြောင်းရလိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ ဝင်ငွေထက်ထွက်ငွေများနေတတ်၍ သတိထားသုံးစွဲပါ။ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးကောင်းမည်။

**အချစ်ရေး** ။ အချစ်ရေး၊ ပညာရေးရောထွေးနေလိမ့်မည်။ ချစ်တော့ ချစ်ပါ။ ပညာရေးကိုတော့ မပစ်ပယ်ပါနှင့်။ ပညာသင်ချိန် ပညာရေး သည်သာ အခြေခံအကျဆုံး ဖြစ်ပါသည်။

**ပညာရေး** ။ တစ်နယ်တစ်ကျေးတွင် ပညာသွားသင်ရမည်။ အထက်တန်းပညာများ သင်ယူခွင့်ရမည်။

**ကျန်းမာရေး** ။ ခြေထောက်ခေါက်ခြင်း၊ နာခြင်း၊ အကြောနာခြင်းများ ဖြစ်တတ်သည်။ အကြောလျှော့ပေးပါ။ လမ်းလျှောက်ပေးပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၈၊ ၁၀၊ ၁၃၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂၊ ၂၅၊ ၂၆၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၃၊ ၅၊ ၉၊ ၁၁၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၃၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၄၊ ၆၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၂၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ငှက်ပျောသီးဖီးကြမ်း (၆)လုံးကို ဘုရားဆွမ်းတော်တင်ပါ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် ငှက်ပျောသီး ဖီးကြမ်းတစ်လုံး စားသွားပါ။

## တနင်္လာ

**စီးပွားရေး** ။ အလုပ်အကိုင်များ တိုးတက်အောင်မြင်မည်။ အိမ်ရာ ကန်ထရိုက်လုပ်ငန်းများ အကျိုးအမြတ်များမည်။ ငွေကြေးများ ဝင်မည်။ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုး အမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ သတ်မှတ်ချိန်ထက် စောပြီး၍ ချီးကျူး ခြင်းခံရမည်။ လုပ်ငန်းသစ်၊ တာဝန်သစ်များ ထပ်မံပေးအပ်လိမ့်မည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေမည်။ ငွေကြေးပြဿနာလည်း ရှိ၊ သားသမီးများအတွက် ငွေကုန်ကြေးကျများမည်။ ခြံမြေ၊ အိမ်ဝင် စရိတ်ရှိသည်။

**အချစ်ရေး** ။ "ချစ်သူ ဝေးဝေးသွားပါနဲ့လားကွယ်" ဟု ဆိုရမလောက်ပင် ချစ်သူ ဝေးဝေးထွက်သွားတတ်သည်။ လက်ထပ်ဖို့ အခွင့်မသာသေး။

**ပညာရေး** ။ ပညာရှာရင်း စီးပွားရှာလိမ့်မည်။ ပညာရေးနှင့် စီးပွားရေး ရောထွေးနေသောကာလဖြစ်ပါသည်။ အဆင့်မြင့်သင်တန်းများ တက် ခွင့်ရမည်။

**ကျန်းမာရေး** ။ သွေးနှင့်ပတ်သက်သောရောဂါ၊ သွေးတိုးရောဂါ ဖြစ် တတ်၍ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၆၊ ၇၊ ၉၊ ၁၂၊ ၁၃၊ ၁၅၊ ၁၈၊ ၁၉၊ ၂၁၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၄၊ ၈၊ ၁၀၊ ၁၄၊ ၁၆၊ ၂၀၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ** ။ ၅၊ ၉၊ ၁၁၊ ၁၅၊ ၁၇၊ ၂၁၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။






**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၆၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ထန်းသီးမုန့်(၃)လုံးကို ဘုရားတွင်ကပ်လှူပါ။ ဆောင်ရွက်ရန်၊ ပြောဆိုရန် ကိစ္စရှိလျှင် ထန်းသီး မုန့် သို့မဟုတ် ထန်းလျက်ခဲနှစ်လုံး စားသွားပါ။

## အင်္ဂါ

**စီးပွားရေး** ။ စီးပွားရေးမှာ လုပ်ချင်တာတွေ စွတ်မလုပ်ပါနှင့်။ စိစစ်၊ စဉ်းစားလေ့လာဖို့လိုသည်။ နိုင်ငံခြားသို့ စီးပွားရေး အတွက် သွားရမည်။ အင်္ဂါနံပစ္စည်း ရောင်းဝယ်သူများ အမြတ်ကြီးလိမ့်မည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းအတွက် ခရီးထွက်ရတတ်သည်။ အထက်လူကြီး၏ဆန္ဒကို လေးစားပါ။

**အိမ်တွင်းရေး** ။ အမြွေးအခေါ် လွဲမှားနေသောကာလဖြစ်၍ စကားပြော ဆင်ခြင်ပါ။ ငွေကြေးအသုံးအစွဲ သတိထားပါ။ သားသမီးများ၏ အချစ်ရေးတွင် ပါဝင်ပတ်သက်ခြင်း မပြုပါ နှင့်။

**အချစ်ရေး** ။ အပြောအဆို၊ အပြုအမူ၊ အနေအထိုင်ဆင်ခြင်ပါ။ ချစ်သူ၏ အထင်လွဲမှု ခံရမည်။ လက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးပါ။

**ပညာရေး** ။ ပညာရေးတွင် မိမိထက် တတ်သိနားလည်သောသူ၊ အတွေ့အကြုံရှိသောသူ၊ လမ်းညွှန်နိုင်သော ဆရာသမားများ၏ အကြံ ဉာဏ်ကိုယူ၍ ပညာရေးတွင် ကြိုးစားပါ။

**ကျန်းမာရေး** ။ ဝမ်းကိုက်ခြင်း၊ ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်းတို့ဖြစ် တတ်၍ အစားအသောက်ကို သတိဖြင့် ရွေးချယ်စားပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၄၊ ၆၊ ၉၊ ၁၀၊ ၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၂၁၊ ၂၂၊ ၂၄၊ ၂၇၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၁၁၊ ၁၃၊ ၁၆၊ ၁၇၊ ၁၉၊ ၂၃၊ ၂၅၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ၄၊ ၈၊ ၁၂၊ ၁၄၊ ၁၈၊ ၂၀၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၄၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ နာနတ်သီး(၃)စိတ်၊ ဘုရားတွင် ကပ်လှူပါ။ သို့မဟုတ် အုန်းသီးစိတ်(၆)စိတ်ဘုရားတွင် ကပ်လှူပါ။ ဆောင်ရွက်ရန် အရေးကိစ္စရှိလျှင် နာနတ်သီး သို့မဟုတ် အုန်းသီး စားသွားပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ရွှေအရောင်းအဝယ်၊ ရွှေလုပ်ငန်းများ ထူးထူးခြားခြား အောင်မြင်မည့်ကာလ ဖြစ်သည်။ ကိုယ်စားလှယ်၊ ပွဲစား၊ အကျိုးဆောင် များ အလုပ်ဖြစ်မည်။ အိမ်ခြံမြေသမားများ အမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်အကိုင်များကောင်းမည်။ အထက်လူကြီး များ၏ ကူညီမစမှုကို ရရှိမည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ အိမ်ထောင်ဘက် စီးပွားရေးကောင်းမည်။ သားသမီးများ နိုင်ငံခြားခရီး အဆင်ပြေမည်။



www.burmeseclassic.com

www.burmeseclassic.com

မိသားစု ခရီးမထွက်ပါနှင့်။

**အချစ်ရေး။** ။ အချစ်ရေးတွင် ပြဿနာပေါ်တတ်သည်။ ချစ်သူ၏ အထင်လွဲခြင်းကို ခံရတတ်သည်။ မိမိက သစ္စာရှိကြောင်း၊ မှန်ကန်ကြောင်း ပြရုံမှတစ်ပါး အခြားမရှိပါ။







**ပညာရေး။** ။ ပညာရေးတွင် အချစ်ရေး ဝင်ရောက် စွက်ဖက်နေတတ်သည်။ ချစ်တာလည်း ချစ်ပါ။ ပညာရေးကိုလည်း မပစ်ပယ်ပါနှင့်။

**ကျန်းမာရေး။** ။သွားနာသွားကိုက် ဖြစ်တတ်သည်။ အမျိုးသမီးများ ဓမ္မတာသွေးနှင့် ပတ်သက်သောရောဂါ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၈၊ ၉၊ ၁၂၊ ၁၄၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၆၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၄၊ ၂၆၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အုန်းထမင်းနှင့် ကြက်သားဟင်းကို ဘုန်းတော်ကြီး တစ်ပါးပါးအား လောင်းလှူပါ။ လိုရာဆုတောင်းပါ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် အုန်းသီး ကြော်စားသွားပါ။

## ကြာသပတေး

**စီးပွားရေး။** ။ လူအများနှင့် စုပေါင်းလုပ်ရသော လုပ်ငန်းများ၊ ရှယ်ယာလုပ်ငန်းများ သတိထားလုပ်ကိုင်ပါ။ အုပ်စုကွဲခြင်း၊ လုပ်ငန်းကွဲခြင်း၊ ရှယ်ယာခွဲခြင်းများဖြစ်တတ်၍ လုပ်ငန်းတွင် အာရုံစိုက်၍ လုပ်ကိုင်ပါ။

**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီးတို့၏ အထင်လွဲခြင်းကို ခံရတတ်သည်။ ဂုဏ်သိက္ခာကျဆင်းတတ်သည်။

**အိမ်တွင်းရေး။** ။ သားသမီးကိစ္စကြောင့် အိမ်တွင်းရေး မသာမယာ ဖြစ်ရတတ်သည်။ ငွေကြေးဂုဏ်သိက္ခာနှင့် ပတ်သက်၍အစွပ်အစွဲ အပြောအဆို ခံရတတ်သည်။ သတိထားပါ။

**အချစ်ရေး။** ။ အချစ်ရေးတွင် အဆင်ပြေပါမည်။ မင်္ဂလာကိစ္စ မထင်မှတ်ဘဲ ဆိုင်းငံ့သွားတတ်သည်။

**ပညာရေး။** ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ နိုင်ငံခြားတွင်ပညာသွားသင်ချင်လျှင် ကြိုးစားပါ။အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး။** ။ အရိုးများ ကိုက်ခဲနာကျင်တတ်သည်။ နားလည်တတ်ကျွမ်းသော သမားတော်များနှင့် တိုင်ပင်ကုသပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၁၈၊ ၂၁၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၆၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဘုန်းတော်ကြီးအား ကြက်ဥကြော်နှစ်လုံး လောင်းလှူပါ။ လိုရာဆုတောင်းပါ။ ဆောင်ရွက်ရန်၊ ပြောဆိုရန် ကိစ္စရှိလျှင် ကြက်ဥကြော်ကို စားသွားပါ။

## သောကြာ

**စီးပွားရေး။** ။ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ၊ အလှကုန်များ၊ အသင့်ချုပ်ပြီး ဝတ်စုံများ၊ အထည်များ ရောင်းအားကောင်းမည်။ အမြတ်အစွန်းများမည်။

ဆန်စပါး၊ ဆေးရွက်ကြီး၊ ဆေးဝါးပစ္စည်းများ ထုတ်လုပ်ရောင်းဝယ်ရေး အကျိုးအမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ အကြီးအကဲတို့၏ အထင်အမြင်လွဲမှ ခံရတတ်သည်။ မိမိဘက်က ရိုးသားမှန်ကန်ကြောင်း သက် ပြပါ။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဦးစီး ကျန်းမာရေး ညံ့တတ်သည် အိုးအိမ်နှင့်ပတ်သက်၍ စိတ်ညစ်စရာ ပေါ်လာတတ်သည် အမွေကိစ္စ ပေါ်တတ်သည်။

**အချစ်ရေး။** ။ အချစ်ရေးတွင် အောင်မြင်မည်။ သို့သော်ချစ် ၏ အထင်လွဲခြင်း ခံရတတ်ပါသည်။ လက်ထပ်ဖို့ စောင့်ပါ

**ပညာရေး။** ။ ပညာရေးနှင့် အချစ်ရေး ရောထွေးနေသည် အချစ်ရေးကြောင့် ပညာရေးကို အပျက်မခံပါနှင့်။

**ကျန်းမာရေး။** ။ ဦးခေါင်းမူးဝေခြင်း၊ အစာအိမ်တွင် အနာဖြစ် တို့ဖြစ်တတ်သည်။ သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၇၊ ၁၀၊ ၁၂၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၄၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၉။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၄၊ ၆၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မိုးရှယ်၊ ဖရှယ် ပုဂ္ဂိုလ်နှစ်ဦးအား ဆီးယို ဆောင်ရွက်ရန် ကိစ္စရှိလျှင် ဆီးယို သို့မဟုတ် ဆီးသီးစားသွားပါ။

## စနေ

**စီးပွားရေး။** ။လုပ်ငန်းများ၊ အလုပ်ရုံများ အောင်မြင်စွာ လုပ်ကိုင် အထည်ချုပ်လုပ်ငန်းများ အစွန်းများမည်။ လျှပ်စစ်ပစ္စည်း၊ စတစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ်အကိုင်များ အောင်မြင်စွာ ပြီးစီး အထက်လူကြီးများ၏ ချစ်ခင်ခြင်းကို ခံရမည်။ ချီးကျူးခံရမည်

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေမည်။ ဒိမ်ထောင် ချစ်မေတ္တာကို ရရှိမည်။ သားသမီးများအတွက် စိတ်ချမ်းသာ

**အချစ်ရေး။** ။ အချစ်ကြောင့် ဂုဏ်သိက္ခာထိခိုက်ခံရတတ် ငွေကြေးအခက်အခဲဖြစ်မှုသည် အချစ်ရေးကို လှုပ်ခတ်လိမ့်

**ပညာရေး။** ။ အဝေးတွင် ပညာသွားရောက်သင်ကြားရလိမ့် ဘဝရှေ့ရေးအတွက်ဖြစ်၍ အချစ်တွေကို ခေတ္တဘေးဖယ်ထား

**ကျန်းမာရေး။** ။ အကြောနာခြင်း၊ ခြေနာခြင်းတို့ ဖြစ်တတ်၍ သွားလျှင် နှမော်နမဲ့ မသွားပါနှင့်။ သတိဖြင့် သွားလာပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၈၊ ၉ ဂဏန်းများများပါအော ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အုန်းယို(၇)ခုကို ဘုန်းတော်ကြီးတစ်ပါးပါးအား လှူပါ။ လိုရာဆုတောင်းပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

ဆရာ ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

## အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ယခု ဆောင်းပါးနှင့်အတူ ဖော်ပြ ပေးလိုက်သော ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက်(၅၀)ခန့် အမျိုးသားတစ်ဦး** ဖြစ်ပါသည်။


ထိုလက်ဖဝါးပုံစံကို လက္ခဏာပညာရှုထောင့်မှ သေချာစွာ ကြည့်ရှုလေ့လာပြီးလျှင် အောက်ပါမေးခွန်းများကို အကြောင်းပြချက်နှင့်တကွ ဖြေပေးပါ။

၁။ ပင်ကိုစီးအားဖြင့် တက်ကြွလုပ်ရှားသူလား။ လေးလံထိုင်းမှိုင်းသူလား အဘယ်ကြောင့်နည်း။

၂။ လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်တွင် လူသိနည်းသူလား၊ လူသိများ ထင်ရှားသူလား အဘယ်ကြောင့်နည်း။

၃။ စီးပွား ဥစ္စာ ရှာ ဖွေရာ တွင် လောဘများ သူလား။ လောဘနည်း သူလား အဘယ် ကြောင့်နည်း။

မိမိတို့၏ အဖြေများကို သီးခြား စာရွက်လွတ်တွင် အကြောင်းပြချက်နှင့်တကွ ရေးမှတ်ပြီးမှသာ လက္ခဏာ ပဟေဠိ အဖြေများနှင့် တိုက်ဆိုင်ကြည့်မည်ဆိုပါက လက္ခဏာပညာ ပိုမို တိုးတက်နိုင်ပါသည်။





ပဟေဠိ အဖြေများကို စာမျက်နှာ(၂၂၀)တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# အနှောင်အယှက်ကင်း



## အေးချမ်းခြင်း ပြည့်ဝစေခဲ့သည့် အောင်ဂါထာ

နတ်မောက် မျိုးနော်

'ဒီလိုရှိတယ် ကိုမျိုး။ ကျွန်တော်ဟာ ဂါထာမန္တန်ရွတ်ပွားတာ လုံးဝ ဝါသနာမရှိဘူး။ အထုံရဖို့ဆိုတော့ ဝေးရောပဲ။

တစ်ခုတော့ ရှိတယ်။ ကျွန်တော်ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝ ဆယ့်နှစ်,နှစ်အရွယ်ကတည်းက ရွတ်ပွားခဲ့တဲ့ သမ္ဗုဒ္ဓေဂါထာကိုတော့ ခရီးသွားရင်,လာရင် (၉)ခေါက်ရွတ်ပွားတတ်ပါတယ်။

ဂဂ်ါဝါလုသဲစုမကပွင့်တော်မူပြီးခဲ့တဲ့ ဘုရားရှင်များကို ရှိခိုးပူဇော်ဦးခိုက်ရာရောက်တယ်လို့ သိနားလည်ထားလို့ပါပဲ။ အဲဒါပဲ ကျွန်တော့်ဘဝမှာ ဂါထာမန္တန် ရွတ်တာဆိုလို့ ရှိပါတယ်။

အခု ကိုမျိုးကို ပြောပြမယ့် ဂါထာကို ရွတ်ပွားဖြစ်တာက ဒီလိုဗျ။

ပြီးခဲ့တဲ့ ငါးနှစ်လောက်က ကျွန်တော့်သားသမီးငါးယောက်မှာ သုံးယောက်က တက္ကသိုလ် တစ်ပြိုင်တည်း နောက်ဆုံးနှစ်၊ ဒုတိယနှစ်၊ ပထမနှစ် ဆိုသလို ကျောင်းထားရတော့ စားဝတ်နေရေး အတော်ကြီး ကသီလင်တ နိုင်ခဲ့ရပါတယ်။

နောက်ဆုံးဗျာ ကုန်ကုန်ပြောရရင် ကြွေး ဆယ်သိန်းလောက် တင်သွားတယ်။ အတိုးတွေပါတွက်ရင် ဆယ့်သုံးသိန်း။ ဆယ့်လေးသိန်းလောက် ဖြစ်သွားတယ်။

တခြား ထုခွဲရောင်းချစရာလဲ မရှိတော့ မြို့လယ်မှာ နေခဲ့တဲ့ ပိုင်းမြေကိုရောင်းပြီး တိုးချဲ့ကွက်သစ်က ပေ(၆၀x၈၀) အိမ်ပိုင်းမြေတစ်ကွက် ပေါချောင်ကောင်းနဲ့ဝယ်ပြီး ရွှေ့ပြောင်းနေထိုင်ခဲ့တယ်။

ပေါချောင်ကောင်းဆိုတာက ဒီလိုဗျ။ အဲဒီ တိုးချဲ့ကွက်သစ်လေးမှာကို ပေခြောက်ဆယ်x ရှစ်ဆယ် မြေတစ်ကွက်ကို သိန်းသုံးဆယ်လောက် ပေါက်ဈေးဖြစ်နေတာကို ဆယ့်ရှစ်သိန်းနဲ့ ရလိုက်တာဗျ။ ဟန်ပြီပေါ့ဗျာ။

ဒါပေမယ့် ဘယ်မှာ ဟန်လို့လဲဗျာ။ ဝယ်ပြီး တစ်လနှစ်လနေမှ အဲဒီပိုင်းမြေဟာ မြေသန့်မဟုတ်ဘူး။ ဒါကြောင့် ဝယ်သူ ဈေးဆိုင်သူ မဲ့နေတာကို ကျွန်တော်က အဟုတ်မှတ်၊ အရချောင်ပြီဆိုပြီး ဝယ်မိတာကိုးဗျ။

ပွဲစားအပြောကောင်း၊ အလျော်ကောင်းတာကို နားယောင်မိပြီး ကျွန်တော် ခံလိုက်ရတာပဲဗျို့။

ဘယ်လို မသန့်တဲ့ပိုင်းမြေ ဖြစ်နေလဲဆိုတော့ အိမ်ပိုင်း အနောက်တောင် (စနေထောင့်)မှာ ငါးပေပတ်လည်လောက် **"အင်းကွက် အင်းမြေ"** ပါနေတယ်ဆိုတာပဲဗျ။ ကျွန်တော်လဲ ဘယ်သိမှာလဲ။

ကဲ"တည်ပြီးသားဘုရား လင်းတနားနား"ဆိုတာ မထူးပါဘူး နေရတော့မှာပဲ။ ကိုယ့်မှာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ဦးထိပ်ပန်ထားတာပဲ၊ ဘာမှ ဖြစ်မှာ မဟုတ်ပါဘူးဆိုပြီး လေးပင်ပတ်လည်အိမ် ဆောက်မိသားစု ခုနစ်ယောက် နေခဲ့တာပဲဗျာ။

မြို့ထဲက ပိုင်းမြေကို ရောင်းခဲ့လို့ သားသမီးတွေ ပညာရေးနဲ့ မိသား

စားဝတ်နေရေး ပြည့်ဝဖူလုံနေ

အပြင် ငွေ သိန်း ရာဂဏန်းကျော်ကျော်

လက်ထဲမှာ ပိုက်နေမိတာပေါ့ဗျာ။

ဘာလုပ်ရကောင်းမလဲ။ ဘဏ်မှာ

အပ်ထားပြီး အတိုးထုတ်စားမလား

အရောင်းအဝယ် ထ,လုပ်ရမလား

ဟိုတွေး ဒီတွေး ကျွန်တော်တွေးသ

သားသမီးတွေကလဲ စက်ပူထွက်ချင်

တဲ့သူနဲ့ မလေးရှား အလုပ်သွားလုပ်ချင်

တဲ့သူ၊ ရန်ကုန်က ကုမ္ပဏီတစ်ခု

ရှယ်ယာဝင်ပြီး အလုပ်လုပ်ချင်တဲ့သူ

သူတစ်လူ ငါတစ်မင်း ဖြစ်လာတယ်

အိမ်ဦးနတ် ကျွန်တော့်အပေါ်

လေးစားချစ်ခင်မှု လျော့ပါးလာတယ်

ငွေထုပ်ကြီးပိုက်ပြီး ဘာမှ တိုးပွားအောင်

မလုပ်တတ်ဘူး။ မျောက်အုန်းသီး

ဖြစ်နေတာ ဘာညာဘာညာနဲ့

မယားကအစ ဆိုလာတယ်ဗျ။

ပြောရရင် ကျွန်တော့်အိမ်

ဟိုအရင်ကလို မရှိအေးအေး၊ ရှိအေး

အေးဆိုတာမျိုး အေးချမ်းသာယာ

မရှိတော့ဘူး။ ပူလောင်ပူညံ ဖြစ်လာ

တယ်။ သမီးက တစ်မျိုး၊ သားကတစ်

ဇနီးမယားက တစ်လမ်း၊ စိတ်သဘော

ထားတွေ ကွဲလွဲပြီး အိမ်ပူရေဆာ ဖြ

လာတယ်။

ကျွန်တော်ကလဲ ကျောပူတာ

ခံချင်တာ၊ နားပူတာ မခံချင်

ရပ်ကွက်ထိပ်က မြို့မရိပ်သာဘုန်း

ကျောင်းသွားပြီး ဘုရားရှိ,တရ

www.burmeseclassic.com

သံဃာရိပ်မှာ ခိုနေလိုက်တာပေါ့ဗျာ။

ခုနစ်ရက်တောင် မကြာပါဘူး။ သားကြီးနဲ့သမီး နင်ပဲ,ငါပဲ ရိုက်မောင်း ပုတ်မောင်း ရန်ဖြစ်လို့ ရပ်ကွက်ထဲက နာယက လူကြီးတွေကကို လာပြီး ဖျန်ဖြေရတယ်ဆိုပြီး ဖနီးသည်က ကျောင်းလိုက်ခေါ်လို့ ကျွန်တော် အိမ်ပြန်ရောက်ရပါရော။

ကျွန်တော် ဆင်ခြင်သုံးသပ်ရပြီလေ။ ကျွန်တော့်မိသားစုဟာ အိမ်ထောင်သက် နှစ်,သုံးဆယ်အတွင်း တစ်ခါမှ ဆူဆူပူပူ မဖြစ်ဖူးဘူး။ သားသမီးငါး ယောက်ဟာလဲ ကြီးသူငယ်သူ အထက်အအောက် လေးစားရိုသေ ချစ်ချစ်ခင်ခင် အေးချမ်းစွာ နေလာတာဗျ။

ခုမှ ရပ်သိရွာသိ အိမ်ပူရေဆာဖြစ်နေတာဟာ ဒီဝိုင်းမသန့်လို့ အင်းကွက်ပါနေတယ်ဆိုတဲ့ အနှောင့်အယှက်ပဲ ဖြစ်ရမယ်လို့ တထစ်ချ တွက်ဆမိတယ်။

ဘာလို့လဲဆိုရင် တစ်ရက်ခြား၊ နှစ်ရက်ခြား ဆိုသလို ကျွန်တော့်အိမ်မိသားစုမှာ ထမင်းပွဲပြင်ရင် ဟင်းခန်းကန် လွတ်ကျကွဲတာမျိုး၊ နောက်ဆုံး သောက်ရေအိုးစင်မှာ ရေသောက်ရင်တော့ ရေအိုးဖုံးပန်းကန်၊ သောက်ခွက် လွတ်ကျတာမျိုး။

ဘုရားညောင်ရေအိုး ပန်းလဲရင်း ညောင်ရေအိုး လွတ်ကျ၊ ည,ညဆိုရင် အိမ်ဝန်းထရံကို တစ်စုံတစ်ဦးက တုတ်နဲ့ လာရိုက်သလို အသံတွေ ကြားနေရတာမျိုးတွေ ကြုံနေရလို့ပါပဲဗျ။

နောက်ဆုံး **မြို့မရိပ်သာက ခန်းမေ့ဆရာတော် ဦးဗာကုလဆီသွားလျှောက်ထားမိတယ်။** ဆရာတော်က နောက်နေ့မနက်မှာ အိမ်ကိုကြွလာပြီး ကျွန်တော့်အိမ်ဝိုင်း အနောက်တောင်ထောင့်က ငါးပေပတ်လည်လောက်



အင်းကွက်မြေနေရာလေးကို ကြည့်တယ်။ ပြီးတော့ အိမ်ပေါ်ဘုရားခန်းကို ကြွပြီး မိန့်တော်မူတယ်။

'အကာကြီး လောကမှာ မေတ္တာလက်နက်ဟာ အစွမ်းအထက်ဆုံးပါပဲ။ အင်းကွက်အစောင့်ဟာ သူပိုင်နက်နေရာ ပျောက်သွားမှာ စိုးရိမ်မှာပေါ့။

ဒီတော့ အကာကြီးတို့ ဒီမှာ မနေနိုင်အောင်၊ မနေချင်အောင်၊ မနေရဲအောင် အမျိုးမျိုးသော အနှောင့်အယှက်တွေ ပေးနေမှာပဲ။

ဒီတော့ ဒီလိုလုပ်ပါ။ အင်းကွက် မြေနေရာလေးကို သီးခြားခြံဝန်းလေး ခတ်ပေးထားပြီး မေတ္တာပို့ပါ။ သင့်အင်းကွက်ကို သီးခြားပိုင်းခြားပြီး အပိုင်စား ပေးပါတယ်။

သင့်အင်းကွက်မြေနေရာကို တစ်လက်မမျှ မကျူးကျော်ပါ။ မစော်ကားပါ။ မနှောင့်ယှက်ပါ။ ကျွန်ုပ်မိသားစုကိုလဲ မနှောင့်ယှက်ပါနဲ့။ ကူညီမစပါ။ ကျွန်ုပ် ပို့သသော မေတ္တာကို ခံယူပါ။ သင်တို့ပြန်မည့် မေတ္တာဓာတ်ကိုလဲ အကျွန်ုပ်တို့မိသားစု ခံယူပါမည်ဆိုပြီး မေတ္တာပို့ပါ။

ပြီးရင် နေ့စဉ် ဘုရားစင်မှာ ပန်းညှိုးရင် အသစ်လဲ၊ ရေချမ်း ဆွမ်း အလင်းတိုင်နံ့သာတိုင်များ ပူဇော်ပါ။ ဒီအောင်ဂါထာကိုလဲ (၂၇)ခေါက် ရွတ်ပါ။

ပြီးရင် မေတ္တာပို့ အမျှဝေပါ။ ဘုရားရှေ့မှာ ရွတ်ပွား မေတ္တာပို့ပြီးရင် ဒီအင်းမြေကွက်ဆီလာပြီးလဲ အောင်ဂါထာကို (၉)ခေါက် ရွတ်ပွား၊ မေတ္တာပို့ပါဆိုပြီး အောင်ဂါထာကို ရေးပေးပြီး ပြန်ကြွသွားတယ်။

ဆရာတော်ဦးဗာကုလ မိန့်တော်မူတဲ့အတိုင်း တစ်သဝေမတိမ်း တစ်မိသားစုလုံး လိုက်နာ ဆောင်ရွက်ခဲ့တယ်။ သုံးလအတွင်းမှာပဲ စင်္ကာပူသွားချင်တဲ့သား၊ မလေးရှားထွက်ချင်တဲ့သားတွေဟာ သူတို့အဆက်အသွယ်နဲ့သူတို့ အလုပ်သွားလုပ်ခွင့် ရသွားကြတယ်ဗျာ။

ကုမ္ပဏီမှာ ရှယ်ယာဝင်လုပ်ချင်တဲ့ သမီးလဲ ဒီမြို့နယ်ထဲမှာပဲ ကျောင်းဆရာမ အလုပ်ရလို့ အလုပ်ဝင်ရတယ်ဗျာ။ တစ်အိမ်လုံးလဲ အေးချမ်းသာယာပြီး စိတ်ရောကိုယ်ပါ လန်းဆန်းလာခဲ့ကြရပါတယ်ဗျာ။ အဲဒီအချိန်ကစပြီး ကျွန်တော့် တစ်မိသားစုလုံး ဒီအောင်ဂါထာကို နေ့စဉ်မပျက် ရွတ်ပွားခဲ့ကြတာ 'ခုဆိုရင် ခုနစ်နှစ်ရှိခဲ့ပါပြီ။ တစ်မိသားစုလုံးလ အောင်ဂါထာကို အထုံရနေကြပါပြီ။

ဂါထာမန္တန်ရဲ့အစွမ်း အထုံရအောင်, ရအောင် ရွတ်ပွားရင် အထူးထူးသော အကျိုးကျေးဇူးအထူးတွေ အောင်မြင်ရရှိစေတယ်ဆိုတာ ယုံမှားသံသယ မဖြစ်ကြပါနဲ့။

မိမိတို့ အားသန်ရာ ယုံကြည်ရာ ဂါထာမန္တန်များကို စိုက်လိုက်မတ်မတ် အထုံပါရမီရအောင် ရွတ်ပွားပေးကြပါ။ ဘယ်တော့မှ အကျိုးမယုတ်ပါဘူး ဆိုတာ ပြောချင်တာပါပဲ ကိုမျိုးရာ။

ဆရာတော်ဦးဗာကုလ ချီးမြှင့်တဲ့ အောင်ဂါထာဟာ တိုတို လွယ်လွယ်လေးပါ။ ဒါပေမယ့် အကျိုးကျေးဇူးက အနန္တ ကျယ်ဝန်းများလှပါတယ်ဗျာ။

ကျွန်တော့်မိသားစုမှာ လက်တွေ့ အနှောင့်ယှက်ကင်း အေးချမ်းခြင်း ပြည့်ဝစေခဲ့တာ ထင်ရှားတဲ့ သာဓကပါပဲဗျာ။

အောင်ဂါထာ

သု,နက္ခတ္တံ သု,မင်္ဂလံ၊
သု,ပ္ပဘာတံ သု,ဟုဋ္ဌိတံ။

www.burmeseclassic.com

သု,ခဏော သု,မုဟုတ္တော စ၊
သု,ယိဋ္ဌံ ဖြုဟ္မစာရိသု။

ခက်ခဲသော ပါဠိအသံထွက်

**သုနက္ခတ္တံ** = သုနက်ခတ်တံ
**သုမင်္ဂလံ** = သုမင်ဂလံ
**သုပ္ပဘာတံ** = သုပ်ပဘာတံ
**သုဟုဋ္ဌိတံ** = သုဟုတ်ထိတံ
**သုမုဟုတ္တောစ** = သုမုဟုတ်တောစ
**သုယိဋ္ဌံ** = သုယိတ်ထံ
**ဗြဟ္မစာရိသု** = ဗြန်မစာရိသု

အနက်

(**ယသ္မိံဒိဝသေ၊** အကြင်နေ့၌။ **တယောသုစရိတခမ္မေ၊** သုစရိုက်တရားသုံးပါးတို့ကို။ **ပရိပူရေန္တိ၊** ဖြည့်ကျင့်ကြကုန်၏။ **သောဒိဝသော၊** ထိုနေ့သည်။) **သုနက္ခတ္တံ၊** နက္ခတ်အပေါင်း မကောင်းမရှိ အကောင်းအတိသာတည်း။ **သုမင်္ဂလံ၊** အမင်္ဂလာဘယ်ခါမရှိ ကောင်းမြတ်သော မင်္ဂလာအတိသာတည်း။ **သုပ္ပဘာတံ၊** အပြစ်ကင်းခြင်းကောင်းသော မိုးလင်းရခြင်းပင်တည်း။ **သုဟုဋ္ဌိတံ၊** သာယာသန့်ရှင်းကောင်းသောအိပ်ရာမှ ထရခြင်းပေတည်း။ **သုခဏော၊** သာယာရွှင်ပျ ကောင်းသောခဏပေတည်း။ **သုမုဟုတ္တောစ၊** မုဟုတ်တိုင်းမှာ အကောင်းချည်းသာတည်း။ (**တသ္မိံဒိဝသေ၊** ထိုသုစရိုက်ကျင့်ရာ နေ့အခါ၌။) **ဗြဟ္မစာရိသု၊** မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ ပုဂ္ဂိုလ်တို့၌။ **ယိဋ္ဌံ၊** လှူအပ် ပူဇော်အပ်သော အလှူသည်။ **သုယိဋ္ဌံ၊** အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

*[ဤဂါထာတော် ပါဠိအနက်... နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း... တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦး... အောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒိမြန်... ဂုဏ်ထူး)၊ ဒီဃဘာဏကထက–ဒီဃနိကာယ... ကောဝိဒ(နိကာယဝိပုလ)]မှ ဖြန်ဆို... ပါသည်။]*

အနက်မြန်မာပြန်မှာ သိထားရန်... ဖြစ်ပါသည်။ မိတ်ဆွေတစ်ဦး၏ ကိုယ်... တွေ့လက်တွေ့ဖြစ်ရပ်မှန် ပြောပြချက်... ကို မူရင်းမပျက် ရေးဆက်တင်ပြအပ်... ပါသည်။

သာယာအေးမြ ရှိကြပါစေ

**နတ်မောက် မျိုးနော်**

စာမျက်နှာ (၂၁၇)မှ အဆက်

**လက္ခဏာပဟေဠိ အဖြေများ**

**၁။ ပင်ကိုဗီဇအားဖြင့် တက်ကြွ လှုပ်ရှား လုံ့လဝီရိယ ကြီးမားသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် သာမန်ကြည့်ရုံမျှနှင့်ပင် လက်ချောင်းတို၊ လက်ဖဝါးရှည်ကျယ် (တေဇော+ဝါယော) လက်အမျိုးအစားဖြစ်ကြောင်း သိနိုင်သည်။

**(က)အက္ခရာ**

**၂။ လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်တွင် လူသိများထင်ရှားသူဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်သူကြွယ်အောက် နှလုံးလမ်းကြောင်းအပေါ် တနင်္ဂနွေဂြိုဟ်ခုံမှာ အောင်မြင်ရေးလမ်းကြောင်း ထင်ရှားရှိခြင်းကြောင့် ဖြစ်သည်။


**(ခ)အက္ခရာ**

**၃။ စီးပွားဥစ္စာ ရှာဖွေရာတွင် လောဘများသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ဦးခေါင်းလမ်းကြောင်း အဆုံးပိုင်းမှာ ခက်ရင်းနှစ်ခွကွဲပြီး လမ်းခွဲတစ်ခုကား နှလုံးလမ်းကြောင်းရှိရာ အပေါ်ဘက်သို့ ကော့ထောင်တက်နေခြင်းကြောင့် ဖြစ်သည်။

**(ဂ)အက္ခရာ**

* * *




**အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်**

**ဆရာကြီး ဦးအောင်မြိုင်**
**(ဉပဒေဘွဲ့)**
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# ကြက်မ တွန်ခြင်းနှင့်

ပတ်သက်၍ ပြောပြလိုသည်မှာ

မောင်ပယ်ဟိန်း
(အင်းတော်)



ကြက်မ,တွန်ခြင်းနှင့် ပတ်သက်၍ ယေ်စဉ်ဘဝကတည်းက တစ်ယောက်စကား၊ တစ်ယောက်နားဖြင့် ကြားဖူးခဲ့ပါသည်။ ကိုယ်တိုင်ကိုယ်ကျ မတွေ့ဘူးခဲ့ပါ။

စာရေးသူ ကသာမြို့ ဝါးရုံကုန်းရပ် (ယခု ရပ်ကွက်-၇)တွင် ဒေါ်မဲဒုတ်အိမ်ဝင်း၌ စာရေးသူ၏ အမိအဖများ လက်ဖက်ရည်ဆိုင် ဖွင့်ခဲ့ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် တောမှ ကြက်ရောင်းသူများ ကြက်ခြင်းကြီးခြင်းငယ်ဖြင့် ဦးစိန်ချောင်၊ ဒေါ်အောင်ခင်တို့အား လာရောင်းပါသည်။ ဒေါ်အောင်ခင်တို့မှာ ကသာမြို့ဈေးထဲတွင် ကြက်သားရောင်းသူလည်း ဖြစ်ပါသည်။

အဆိုပါက, ကြက်လာရောင်းကြသည့် အချိန်မှာလည်း နေဝင်ရိုးရီသီအစ်ကို မသိတသိအချိန် ဖြစ်သည်။ ကြက်ခြင်းကြားမှအထုတ် ကြက်တစ်ကောင် စာရေးသူတို့ဆိုင်အတွင်း ဝင်ရောက်လာပြီး ခုတင်အောက် လူဝင်မရသည့် ချောင်ထဲဝင်ပြီး ဝပ်လာပါသည်။

စာရေးသူတို့လည်း အစကမသိ။ ကြက်သမားများ လိုက်ရှာကြသော်လည်းမတွေ့။ နောက်ရက်မှ ကြက်အနက်မ၏နားတွင် အဖြူရောင်ဆွတ်ဆွတ် နှစ်ဖက်ပါနေပါသည်။

စာရေးသူတို့မှာ ကြက်မမွေးပါ။ သေတွင်းမှ လွတ်မြောက်လာသည့် ကြက်မကလေးမို့ မွေးထားရာ ဥချိန်တိုင်သောအခါ ဥပြီး (၆၅)လုံးထိ ဥပါသည်။ ဝပ်လည်း မဝပ်ပါ။

အဆိုပါ ကြက်ကလေးမှစပြီး နောက်ထပ် ကြက်မများ ဝယ်ပြီး ထပ်မွေးပါသည်။ အဆိုပါ ကြက်အနက်မကလေးမှ စတည်ပြီး ကြက်ကောင်ရေများလာပါသည်။

ကံပေးသည်ဟု ဆိုရမည်လားမသိ။ စာရေးသူကို အမိအဖများ ရှင်ပြုပေးနိုင်ခဲ့သည်။ စီးပွားလည်း တက်လာခဲ့ပါသည်။ တစ်နှစ်ကျော် နှစ်နှစ်ကြာသည်အထိ ကြက်အနက်မမှာ အသက်ရှင်လျက်ရှိလာပါသည်။

နောက်တွင် ကြက်အနက်မမှာ ခေါင်းရင်းပိုင်း အိမ်ရှေ့ရပ်မှနေပြီး တွန်သံ(၃)ကြိမ်မက ကြားကြရာ အချို့ကလည်း မထားသင့်ကြောင်း၊ ဘုန်းကြီးကျောင်းသို့ စွန့်သင့်ကြောင်း၊ သတ်စားသင့်ကြောင်း အမျိုးမျိုး ပြောလာကြပါသည်။

အဆိုပါ အကျိုးပေးသည့် ကြက်အနက်မလေးကို သတ်ပြီးစားသည့်နောက်တွင် တစ်စတစ်စ စီးပွားရေးကျလာခြင်း၊ အိမ်တွင်းရေး အဆင်မပြေလာခြင်းများ ကြုံလာခဲ့ရသည်။

**နောက်မှသိရသည်မှာ နံနက်စောစော ဖြစ်စေ မွန်းမတည့်မီအထိ ကြက်မ တွန်လျှင် သခင်အား အားပေးသည်ဟု လည်းကောင်း၊ မွန်းတည့်ပြီးနောက် ပိုင်း တွန်ပါက သခင်ကို ဆုတ်ယုတ်စေ သည်ဟုလည်းကောင်း သိလာရပါ သည်။**

နောက်တစ်ကြိမ် ကြက်ထပ်မွေးပြန်ရာ ကြက်မတစ်ကောင် တွန်လာပြန်ပါသည်။ ဒီတစ်ကြိမ်တွင် သူ့ကို ကောင်းစွာကျွေးမွေးပြီး ဘုန်းကြီးကျောင်းသို့ လှူလိုက်ပါသည်။ ကောင်းစွာစွန့်ပစ်ခြင်းကြောင့် အခြေအနေ မဆိုးခဲ့ပါ။

စာရေးသူ သတိထားမိသည်မှာ ကြက်မများ တွန်ကြခြင်းကို လေ့လာကြည့်ပါက အသက်အရွယ် အိုလာသည့် ကြက်မဖြစ်ခြင်း၊ ကြက်ကလေးတွေ အရွယ်ရောက်လာသည့်အခါ ကလေးတွေကို တွန်ပြဟန်၊ သင်ပြဟန် ရှိမည်။ ထိုကြက်မများ တွန်ကြသည်ကို တွေ့ရပါသည်။

ကြက်ဖများလို တွန်သံမျိုး မဟုတ်ဘဲ မရွယ်ရောက်စ ကြက်ဖငယ်များ အတွန်သင်စပုံစံမျိုးသာ ကြက်မများ တွန်ကြသည်ကို တွေ့ရပါသည်။ အတော်ရှားပါးသည့် ဖြစ်ရပ်ဖြစ်ပါ


(စာမျက်နှာ (၂၂၄) သို့)

www.burmeseclassic.com


www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (ရုပ်

ထက်မြင့်ကျော်စွာ





❂ ကြေးမုံ(ကြည့်မှန်)ကို မြင်မက်ခြင်းကား တိုးပွားမည့်လက္ခဏာ ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက ကြေးမုံ ရသည်ဟု မြင်မက်လျှင်...**

မိတ်ဆွေအပေါင်းအသင်း တိုးပွား၍ ပေါင်းသင်းဆက်ဆံရေးနယ်ပယ် ကျယ်ပြန့်လာမည်။

✤ **အိမ်ရှင်မ ဇနီးသည်က ကြေးမုံ ရသည်ဟု မြင်မက်လျှင်...**

ခင်ပွန်းသည်မှာ တစ်ပါးသော မိန်းကလေးကို ချစ်ခင် သံယောဇဉ် တွယ်နေမည်။

✤ **လူပျို၊ အိမ်ထောင်မဲ့က မြင်မက်လျှင်...**

ပရဟိတ အများအကျိုးဆောင်ဖြစ်မည်။

✤ **အပျို၊ အိမ်ထောင်မရှိသူက မြင်မက်ပါက...**

စွဲစွဲနစ်နစ် ချစ်ရမည့်သူ မရှိ၊ အချစ်စိတ်ကြောင့် စိတ်လှုပ်ရှား ပုံ့လွင့်နေတတ်သည်။

[(小女怀春)(Xiǎo nǚ huái chūn) **"ရှောင်းနွီဟွိုင်ချွန်း" မိန်းမပျိုလေး ချစ်မြတ်နိုးစိတ်ကို ရင်ဝယ် သိုသိပ် ထားသည်ဟု အဓိပ္ပာယ် သက်ရောက်သော်လည်း အပျိုဖော်ဝင်စအရွယ် ချစ်စိတ်ကြိုက်စိတ်များ အလိုအလျောက်ဖြစ်ပေါ်လာခြင်း၊ ဆယ်ကျော်သက်အရွယ် စိတ်ကစားခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။]**

✤ **ကုန်သည်က မက်လျှင်...**

ဈေးကွက် ကျယ်ပြန့်လာမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ တိုးပွားတတ်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

ပညာရေး ထိခိုက်နိုင်သည်။ **(စိတ်ဝင်စားဖွယ်၊ ဝါသနာပါရာလုပ်ငန်း၊ ဘာသာရပ်များ များပြားလာခြင်းကြောင့် မူလရည်ရွယ်ချက်ဖြစ်သော ကျောင်းသင်ခန်းစာများ ထိခိုက်နိုင်ခြင်း ဖြစ်သည်။)**

✤ **ခရီးသည်က မြင်မက်လျှင်...**

ခရီးကြာရှည်မည်။

✤ **နေထိုင်မကောင်းသူ ဝေဒနာရှင်က မြင်မက်ပါက...**

ရောဂါအခြေအနေ ပိုမိုဆိုးရွားလာမည်။

❂ ကြေးမုံအရောင်လက်သည်ကို (နေရောင်သို့မဟုတ် အလင်းရောင်ထိုးသဖြင့် ရောင်ပြန်ဟပ်ခြင်း) မြင်တွေ့ရပါက အလိမ်အညာ အတုအပ သတိပြုပါ။

✤ **အမျိုးသားဖြစ်သူ မြင်မက်ပါက...**

လိမ်ညာ လှည့်ဖျားတတ်သူနှင့် ရင်းနှီးကျွမ်းဝင်ရှိရတတ်သည်။

✤ **အမျိုးသမီးက မြင်မက်ပါလျှင်...**

လှည့်ဖျားဝါကြွား၍ အခွင့်အရေးယူသူကို သတိပြုပါ။

✤ **ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

ရေလိုက်လွဲ၍ စာမေးပွဲကျတတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်ပစ္စည်း အတုအပ သတိထားပါ။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာသုံးပစ္စည်းများ သတိထားဝယ်ယူပါ။

✤ **နာမကျန်းဖြစ်သူက မြင်မက်ပါက...**

ဆေးဝါးတုပ၊ မှားယွင်းမှုကြောင့် ဝေဒနာတိုးပွားမည်။

✤ **ခရီးထွက်နေစဉ် မြင်မက်ပါက...**

စမ်းတဝါးဝါးနှင့် လမ်းစပျောက်နေတတ်သည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပင်ပန်းသည်သာ အဖတ်တင်



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်း ပြန်မရနိုင်ပါ။

◎ ကြေးမုံရုပ်တွင် မိမိပုံရိပ်ကို မြင်ရသည်ဟု မက်လျှင်...

✤ **အိမ်ထောင်ရှိသူ ဖနီးသည် ဖြစ်ပါက...**

ခင်ပွန်းသည်အား အသည်းနှစ်အောင် ချစ်ရလိမ့်မည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ဇနီးအတွက် မနာလို ဝန်တိုမှုများ ဖြစ်ပေါ်ခံစားရမည်။

***(ဇနီးအတွက် သဝန်ကြောင်ကာ ပြဿနာပေါ်တတ်သည်။)***

✤ **နာမကျန်းဖြစ်သူက မြင်မက်ပါက...**

ရောဂါသက်သာနိုင်သည်။ သို့သော် တာရှည်ဦးမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်စည်စီးဆင်းမှု နှောင့်နှေးမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

ရာသီဥတု မမှန်ကန်၊ အခက်အခဲကြုံတတ်သည်။

◎ လက်အတွင်းမှ ကြေးမုံ အောက်သို့ လွတ်ကျကွဲပျက်သည်ဟု မြင်မက်လျှင်ကား ကံဆိုးမိုးမှောင်ကျခြင်း ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားလုပ်ငန်း ပျက်ပြားတတ်သည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**


ခင်ပွန်းနှင့် အကြီးအကျယ် ပြဿနာတက်နိုင်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

မိန်းမများအကြား အရှက်တကွဲ အကျိုးနည်း ဖြစ်ရကိန်းရှိသည်။

✤ **အပျိုက မြင်မက်လျှင်...**

ရောဂါသည် ယောကျ်ားနှင့် လက်ဆက်ရဖွယ်ရှိသည်။



✤ **ကုန်သည်က မြင်မက်လျှင်...**

ရန်သူဖျက်၍ စီးပွားပျက်နိုင်သည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံဖျက်ပိုးမွှားရောဂါနှင့် ရာသီဥတုအဖျက်များကြောင့် သီးနှံ မဖြစ်ထွန်းနိုင်ပါ။

✤ **ကျောင်းသူကျောင်းသားက မြင်မက်ပါက...**

စာမေးပွဲကျတတ်သည်။

✤ **ခရီးသွားနေစဉ် မြင်မက်က...**

ခိုးသားဓားပြဘေး ကြုံဆုံရဖွယ်ရှိသည်။

◎ ကိုယ်ခန္ဓာပေါ်တွင် ဆူးစူးမိသည်။ (ခွန်ထက်သော အရာတစ်ခုခု ထိုးမိသည်။)ဟု မြင်မက်ပါက အောင်မြင်ကြီးပွားမည့်နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ရှင် အမျိုးသားက မြင်မက်လျှင်...**

ဥစ္စာစီးပွား တိုးတက်၍ သုခပြည့်စုံမည်။

✤ **ဇနီးဖြစ်သူက မြင်မက်လျှင်...**

ကိုယ်လေးလက်ဝန်ရှိ၍ သားသမီးရတနာတိုးပွားမည်။

✤ **လူပျိုက မြင်မက်ပါက...**

နူးညံ့သိမ်မွေ့သော အရည်အချင်းနှင့် ပြည့်စုံသည့် သတို့သမီးနှင့် ဖူးစာဆုံမည်။

✤ **အပျိုက မြင်မက်ပါက...**

တောင်းရမ်းစပ်ဟပ်သူ ပေါ်ပေါက်မည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ အခက်အခဲမရှိ အောင်မြင်မည်။

✤ **ဝန်ထမ်းလုပ်သား ဖြစ်ပါက...**

ရာထူးလုပ်အားခ တိုးတက် မြင့်မားနိုင်သည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

ဆေးဝါးသမားကောင်းတွေ့၍ သက်သာပျောက်ကင်းမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ငွေကြေးအမြတ်အစွန်း တိုးပွားမည်။

✤ **တောင်သူလယ်သမားက မြင်မက်ပါက...**

ကောက်ပဲသီးနှံ အထွက်တိုးမည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ချောမောအဆင်ပြေစွာ ရောက်ရှိမည်။

✤ **ပစ္စည်းပျောက်၊ လူပျောက်စဉ် မြင်မက်ပါက...**

အိမ်ပြန်ရောက်နှင့်နေပါပြီ။

✤ **ကိုယ်ဝန်ဆောင်မိခင် ဖြစ်ပါလျှင်...**

ကျန်းမာဝဖြိုးသော ရင်သွေးကို အောင်မြင်စွာ မွေးဖွားနိုင်လိမ့်မည်။

✤ **ဆရာဝန်ဆေးသမားက မြင်မက်ပါက...**

ဒေသတွင်း ကူးစက်ရောဂါများ ဟန့်တား တိုက်ဖျက်နိုင်မည်။

✤ **အဝေးရောက်နေသူကို မျှော်လင့်နေစဉ် မြင်မက်ပါက...**

မြန်မကြာ(ယနေ့ပင်) ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com

လာမည်။

❂ ခြေဖဝါးမှ ဆူးကို ဆွဲနုတ်ရသည်ဟု မြင်မက်လျှင်ကား သောကပရိဒေဝများ၏ ကင်းလွန်းမှုဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

မိတ်ဆွေသားချင်း၊ အလုပ်ခွင်အတွင်း စိတ်ညစ်ပူပန်ဖွယ် ပြဿနာများစွာ ကြုံတွေ့ရလိမ့်မည်။

✤ **အိမ်ရှင်မက မြင်မက်ပါက...**

မိသားစုဝင်များအတွက် သောကပရိဒေဝမီး ကြီးစွာ တောက်လောင်နိုင်သည်။

✤ **လူပျိုက မြင်မက်ပါလျှင်...**

စားဝတ်နေရေး ဘဝရပ်တည်မှု လွန်စွာ ခက်ခဲလိမ့်မည်။

✤ **အပျိုက မြင်မက်လျှင်...**

ချစ်သူ၊ ရည်မှန်းထားသူနှင့် ကွေကွင်းရဖွယ် ရှိသည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေပိုင်ဆိုင်မှု ပြဿနာပေါ်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အခွန်အခ၊ အမှုပြဿနာများစွာ ရင်ဆိုင်ရကိန်းရှိသည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခရီးစဉ် မအောင်မြင် ဆုံးရှုံးမှုများစွာဖြင့် လှည့်ပြန်ရတတ်သည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဤတောင်က ကျော်နိုင်ဖွယ် မမြင်ပေ။

[(归天)(Gūi Tiān) **"ကွေးထျဲန်း"ဟူသော ဝေါဟာရသည် တိုက်ရိုက်အားဖြင့် ကောင်းကင်ပြန်သည်ဟု အဓိပ္ပာယ်ရသည်။ အနောက်ဘက် ကောင်းကင်ခေါ် တမလွန်လောကသို့ ပြန်ခြင်း၊ ဘဝတစ်ပါးသို့ ကူးပြောင်းခြင်းကို ရည်ညွှန်း သုံးစွဲသည်ဖြစ်ရာ မြန်မာ့ဓလေ့ဝေါဟာရအနေဖြင့် ဤဝေဒနာမှ ကျော်လွန်နိုင်ခြင်းမရှိ။ ဤတောင်မှ မကျော်နိုင်ပါဟု သုံးစွဲထားခြင်းဖြစ်ပါသည်။**]

✤ **ပစ္စည်းပျောက်စဉ် မြင်မက်ပါက...**

ပြန်မရတော့ပါ။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်ကား...**

မုချပင် စာမေးပွဲကျလိမ့်မည်။

❂ အမျိုးသားက ဇနီး သို့မဟုတ် ချစ်သူ၏ ခြေဖဝါးမှ ဆူးကို နုတ်ထွင်ပေးရသည်ဟု မြင်မက်လျှင်ကား ထိုဇနီး၊ ချစ်သူ၏လမ်း... စွန့်လွှတ်ခြင်းကို ခံရကိန်းရှိသည်။

❂ သူတစ်ပါး(တစ်စုံတစ်ယောက်) ဆူးစူးသည်ကို မြင်မက်ရပါက မိမိ၏ရှေ့မကြာသော အနာဂတ်ကာလတွင် အခက်အခဲ ပြဿနာများ ပေါ်ပေါက်တော့မည်ဟု သတိပေး... ဖြစ်လေသည်။

ထက်မင်းကျော်စွာ

စာမျက်နှာ (၂၂၁)မှ အဆက်

သည်။

တစ်ဖက်က ထူးခြားဖြစ်စဉ် ဖြစ်သလို တစ်ဖက်ကကြည့်လျှင်လည်း သဘာဝတရားအရ ကြက်ဖများကသာ တွန်ကြ... ရသည်ဖြစ်ရာ ကြက်မများတွန်ခြင်းမှာ သဘာဝကို ဆန့်ကျင်သည်ဟူ၍ကြောင့် မကောင်းဟုလည်း ပြောကြပါသည်။

**အကောင်းဆုံး မြင်မြင်ခြင်းမှာ ပရိတ်ရေဖြင့် ကြက်မအား ပက်ဖျန်းခြင်း၊ ဘုန်းတော်ကြီးကျောင်းသို့ လှူဒါန်းခြင်းဖြင့် ညီ... အဆိုးများကို ပြေပျောက်စေနိုင်ပါသည်။**

နေ့စဉ် ဘုရားရှိခိုးခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်းဖြင့်လည်း အဆိုပါ အနိဋ္ဌာရုံဖြင့်များ မဖြစ်စေခဲ့ပါ။

စာရေးသူမှာ ကြက်မ,တွန်သည့် ကြက်မျိုး အကြိမ်ကြိမ် မွေးခဲ့သော်လည်း ဆိုးဝါးသည့် ဘေးဒုက္ခအန္တရာယ်အမျိုးမျိုး... မတွေ့ရပါ။

ဤဆောင်းပါးကို ရေးသားရခြင်းမှာ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၁၃ ခုနှစ်၊ ဧပြီလထုတ်၊ အမှတ်(၃၂၁) စာမျက်နှာ(၃၈)၌ ဆောင်းပါးရှင် မြမြဝင်း(တောင်ငူ)၏ ဆောင်းပါးကို ဖတ်ရှုရသဖြင့် စာရေးသူ၏ ကိုယ်တွေ့... ကို ရေးသားတင်ပြလိုက်ရပါသည်။**

စကားချပ်တစ်ခုအဖြစ် တင်ပြလိုသည်မှာ ကြက်မ,ဥသော ဥမှာ အမြွာဖြစ်လျှင်ဖြစ်စေ၊ ဝပ်သည့်အခါ တစ်ဥတည်းမှ နှစ်ကောင် ပေါက်လျှင်ဖြစ်စေ... လွန်စွာမှ အကျိုးစီးပွား ဖြစ်ထွန်းကြောင်း စာရေးသူ၏ဘဝတွင် လက်တွေ့ ဖြစ်ခဲ့ရပါသည်။

**အာယု ဝဏ္ဏော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com



ကိုသက်ရှည်

ဘူမိရုပ် မြေစာချ

# မြေတကျေးသည့် ကျောက်ပြား နှင့်

ထူးခြားဖြစ်ရပ်ဆန်း

အုတ်တသိန်းကန် တည်ရှိနေရာ နေရာမှာ ယာမြေကွင်း အမှတ်(၂၄၃၃) ကွင်းဖြစ်သည်။ ထိုကွင်းနေရာ မြစ်ရေ သွင်းစီမံကိန်း ပေါ်လာပြီးနောက် အနီး ရှိ သဲတောယာမြေများအချို့ မြေနဲ့ မြေစေးမြေကွက်တို့ ရေရရှိကာ စပါး နှင့် အခြားသီးနှံများ တစ်နှစ်လျှင် နှစ်သီးစား၊သုံးသီးစား စိုက်ပျိုးရရှိနေ သည့် ကွင်းနေရာလည်း ဖြစ်သည်။

အုတ်တသိန်းကန်ကွင်းမှာ ရှေးက ကန်ကြီး ပတ်လည်နေရာတို့မှာ လောက်တော၊ ဆီးတော၊ ဂျုတ်တော ချောင်း၊ တမာ၊ နဘူးတော အတိပင် ဖြစ်သည်။ မြေကလည်း မြေနဲ့မြေစေး ဖွတ်ချေးမြေလိုဖြစ်ကာ ရှေးက မိုးရေ ကိုသာ အဓိကထားကာ စိုက်ပျိုးရ သည့်ကာလ။

ထိုမြေတို့တွင် နွားစာပြောင်း၊ ကုလားပဲ၊ နှမ်း စသည်တို့ကိုသာ အဓိကထား စိုက်ကြဲရသည့် မြေများ လည်း ဖြစ်သည်။ အုတ်တသိန်းကန်၏ မြောက်ဘက်တွင်လည်း ကပ်လျက် ခလောက်တော၊ တမာပင်၊ ဆီးပင်နှင့် ရှားပင်တို့ စုရုံးကာ ပေါက်နေသည့် ဉယျာဉ်ခြံအမည်ရှိသော တောအုပ်

www.burmeseclassic.com

နေရာလည်းရှိသည်။

ထိုနေရာကလေး ပတ်ဝန်းကျင်မှာ ယနေ့ကာလ ဥယျာဉ်ခြံအမည်နှင့် လိုက်အောင်ပင် မြစ်ရေတင် ရေရှိကာ သရက်ပင်၊ မာလကာပင်၊ အုန်းပင်၊ ရှောက်၊ သံပရာ၊ ပိန္နဲ စသည် စားပင် သီးပင်တို့ ဖြစ်ထွန်းလျက် ဝေဝေဆာဆာလည်းရှိကာ ဥယျာဉ်ခြံမြေ အမည်နှင့် လိုက်ဖက်စွာပင် ရှိပါသည်။

အုတ်တသိန်းကန်ကွင်းဟု အမည်တွင်ရခြင်းကလည်း ပုဂံခေတ် ကောဇာသက္ကရာဇ် ၅၅၃ ခုနှစ်တွင် နန်းတက်တော်မူသည့် နရပတိစည်သူမင်းကြီး လက်ထက် စာကြိုလှာဘုရားကြီး တည်ထားကိုးကွယ်စဉ်ကာလ ဘုရားတည်ရန် အုတ်တို့အား ထိုကန်ထိုနေရာမှာပင် အုတ်အများဖုတ်၍ စာကြိုလှာဘုရားကြီးတည်ရာ ဥယျာဉ်ကျေးရွာသို့ အုတ်များအား လက်ဆင့်ကမ်း သယ်ယူခဲ့သည့်နေရာလည်း ဖြစ်သည်။

စာကြိုလှာဘုရား တည်ရာ ဥယျာဉ်ရွာနှင့် အုတ်တသိန်းကန်၊ ပုသိမ်ကန်ကြီးများ ခရီးတာ(၅)မိုင်ကျော် ဝေးကွာသည့်နေရာတွင် တည်ရှိကာ အုတ်များ လက်ဆင့်ကမ်းကာ သယ်ယူရာ လမ်းတစ်လျှောက်အား ယနေ့တိုင် မင်းလမ်းဟောင်း၊ မြင်းလမ်းဟောင်းဟု ခေါ်တွင်လျက် ရှိပါသည်။

ထိုလမ်းအကျယ်မှာလည်း ရှေးကာလ ပေတစ်ရာကျော် ကျယ်ဝန်းသည့် လမ်းမြေရိုးယာပင်ဖြစ်ကာ ဆင်၊ မြင်း၊ ရထားတို့ သွားလာနိုင်သည် အထိ ကျယ်ဝန်းပါသည်။

သို့သော် မျက်မှောက်ကာလ ယာမြေချဲ့ထွင် လုပ်ကိုင်သူတချို့မှ မိမိတို့ နီးစပ်ရာ ယာမြေထိပ်တိုက် ချဲ့ထွင် လုပ်ကိုင်လာကြသဖြင့် မင်းလမ်းဟောင်းနေရာ အချို့နေရာတို့တွင် လမ်းမြေနေရာပင် ပျောက်လျက် မြင်တွေ့ရပါသည်။

အုတ်တသိန်းကန်၊ ပုသိမ်ကန်နှင့် ဆက်နွယ်လျက်ရှိသည့် မြောက်ဘက်ကပ်လျက်ရှိသည့် ဥယျာဉ်ခြံမြေကလည်း ရှေးယခင်ကာလ တမာပင်၊ ထနောင်းပင်၊ ဇောင်းချမ်း၊ ခံတက်၊ ဆီးပင်၊ ခလောက်ပင်တို့နှင့် ပြည့်ကျပ်လျက်ရှိကာ ယာမြေကေဖွဲ့လျှင် ကေ(၂၅)၊ ကေ(၃၀)ဝန်းထက်မနည်း ကျယ်ဝန်းသည့်နေရာ ဖြစ်သည်။

ထိုဧရိယာအတွင်း ရှေးက ယာမြေလုပ်ကိုင်ခြင်း မရှိပေ။ မြေက မြေစေးမြေနဲ့ ဖွတ်ချေးမြေတို့ဖြစ်ကာ ထွန်ရေးခက်သည့် မြေအမျိုးအစားဖြစ်ကာ ပြောင်းမြေ၊ ကုလားပဲ မြေစိုက်ကြ၍သာ ရသည်။

သို့သော် ရှေးယခင်က ယာမြေလုပ်ကိုင်ခြင်းမရှိ သစ်ပင်သစ်တော ချုံနွယ်ပိတ်ပေါင်းတို့နှင့် ထူထပ်စွာ ပေါက်လျက်ရှိသည့်နေရာ ဖြစ်သည်။

ထိုဥယျာဉ်ခြံမြေအတွင်း လွန်ခဲ့သည့် နှစ်ပေါင်း(၉၀)ကျော် (၁၀၀)နီးပါးအချိန် ဦးစိန်ဆိုသူတစ်ဦး ခြံတွင်း နေထိုင်ကာ သွားခဲ့သည်။ ဦးစိန်မှာ ခြံတွင်း နွားအုပ်များ မွေးမြူကာ သူ၏ မိဘများ လက်ထက် အဆက်ဆက်ကပင် နေထိုင်ခဲ့ခြင်းဖြစ်သည်။

နွားအုပ်တို့အား ခြံတွင်းမှာပင် လှည့်ပတ်ကာ ကျောင်းထားသည်။ ခြံစည်းရိုးပတ်ပတ်လည်ကလည်း လူမဆိုထားနှင့် ခွေးဝင်ပေါက်ပင် လွယ်လွယ်ဝင်ထွက်၍ မရအောင်ပင် ချုံနွယ်တော၊ ခလောက်ပင်၊ ဆူးရစ်ပင်တို့နှင့် ပြည့်ကျပ်ကာ လုံခြုံသည့်နေရာလည်း ဖြစ်သည်။

ဦးစိန်မှာ ခြံတွင်း နွားများ မွေးမြူထားသလို ကိုက်တတ်သည့် ခွေးများကိုလည်း မွေးထားသည်။ ခြံတွင်း လူစိမ်းသူစိမ်း အဝင်မခံ ဝိုင်းဝန်းကိုက်ကြသဖြင့် မည်သူမှ ခြံနားမကပ်ဝံ့ပေ။

ထို့နည်းတူ နွားတို့ကလည်း လူတစိမ်း မမြင်ဘူး၊ မတွေ့ဘူးသဖြင့် လူစိမ်းတို့ ခြံတွင်း ဝင်လာလျှင်လည်း ဝိုင်းဝန်းကာ လိုက်ဝှေ့တတ်သည်။ ထို့ကြောင့် ခြံတွင် မည်သူမျှ မဝင်ဝံ့ မကပ်ရဲကြပေ။

ခြံမြေ၏ အလယ်ဗဟို မကျတကျ နေရာတွင် သစ်တောသစ်ပင်နှင့် ယနေ့တိုင် စိမ်းစိမ်းညို့ညို့ ရှိနေသည့် မြေနေရာ ကွက်လပ်တစ်နေရာ ရှိသည်။ အကျယ်ဝန်းကား ကေဝက် နီးပါး ကျယ်ဝန်းသည်။

ယခင် ဦးစိန်တို့မိသားစု နေထိုင်သွားခဲ့သည့်နေရာ ဖြစ်သည်ဟု ဆို၏။ မည်သူမှ ယာမြေတိုးချဲ့ထွင် လုပ်ကိုင်ခြင်း မပြုဝံ့ကြပေ။ သစ်ပင်တို့အားလည်း မခုတ်လှဲဝံ့ကြပေ။

နေရာကလည်း ပုသိမ်ကန်ကြီး၏ မြောက်ဘက် ကန်ဦးထိပ်(၁)ဖာလုံ အကွာတွင် ရှိလျက် ဘေးပတ်လည် နေရာတို့မှာ ယာမြေလယ်မြေတို့ ချဲ့ထွင် လုပ်ကိုင်လျက်ရှိသည်။

ထိုနေရာသစ်တော ညို့ညို့အတွင်း **အလျားနှစ်တောင်နီးပါး မြက်အကျယ် တစ်တောင့်ထွာ၊ ထု ခြောက်လက်မမှာ အရင်းပိုင်းတွင် ရှိကာ အဖျားပိုင်းမှာ လေးလက်မခွဲ၊ ငါးလက်မ ထုရှိသည့်** ပြောင်ချောနေသည့် ကျောက်ပြားတစ်ချပ် ရှိနေသည်။

ကျောက်ပြားရှိနေရာ ဝန်းကျင်သို့ စာရေးသူ မကြာခဏဆိုသလို ဖြတ်သွားဖြတ်လာ ရောက်ဖြစ်သည်။ ထိုကွင်းဧရိယာအတွင်း စပါးစိုက်ကေ အနည်းငယ် ရှိနေခြင်းကြောင့်လည်း





www.burmeseclassic.com

www.burmeseclassic.com



အထက်ဘက် ရေမြောင်း ရေလိုက်ရင်း ထိုသစ်တောအနီး ဖြတ်သွားဖြတ်လာ သွားဖြစ်သည်။ ထင်းခွေမြက်ရိတ် ရောက်ဖြစ်သည်။

သို့သော် ကျောက်ပြားရှိနေတာ အများသူငါ ပြောနေကြသော်လည်း ကိုယ်တိုင် ဂဃနဏ သေချာမကြည့်ရှု မလေ့လာမိခဲ့ပေ။

ကျောက်ပြား တည်ရှိနေသည်ကပင် ခပ်ဆန်းဆန်းဟုပင် ဆိုရမည်။ ထိုနေရာဒေသတစ်ဝိုက် ထိုကဲ့သို့ ပြောင်ချောနေသည့် သဲကျောက်ပြားကောင်းကောင်းကို အနီးနား (၁)မိုင်(၂)မိုင် ပတ်ဝန်းကျင်မှာပင် ရှာ၍မတွေ့နိုင်။

ထိုကျောက်ပြားအား ဘယ်အရပ်ဘယ်ဒေသမှ ရွှေ့ပြောင်း သယ်ယူလာခဲ့ခြင်းအားလည်း မည်သူမှ သေချာသိရပေ။ အနီးနားဝန်းကျင် ပတ်လည်နေရာတို့မှာ မြေနုံမြေစေးဖွတ်ချေးမြေ၊ သဲတောယာမြေများဖြစ်ကာ ထိုကျောက်ပြားမျိုး တစ်တောင်ပတ်လည်ပင် ရှာ၍ မတွေ့နိုင်သည့် နေရာဖြစ်သည်။

ကျောက်ဖျာကျောက်ပြား အကြောင်း ကိုယ်တိုင် ကိုယ်တွေ့ကြုံခဲ့ရပြီး ပြောပြသူက ကိုဖိုးဇော်ပင် ဖြစ်သည်။ ဒီနေရာဒီကျောက်ပြား ရှိနေခဲ့တာ သူတို့လည်း အရင်ကတော့ လုံးဝ သတိမထားမိကြ။ ဒီနေရာတစ်ဝိုက်မှာက ပုသိမ်ကန်ကြီးနှင့်ကလည်း ကပ်လျက်ရှိနေတာ ဖြစ်၍ နွားကျောင်းထင်းခွေ ရောက်ဖြစ်သည်။

နွားကျောင်းသူတို့ကလည်း နွားကျောင်းရင်း ထင်းခွေကြနှင့် သူတို့မှာ အမေ့ကိုယ်စီ ပါလာတတ်ကြသည်။ နွားကျောင်းသားများ နွားကျောင်းရင်း၊ ထင်းခွေကြရင်း တစ်ခါတစ်ရံ ဓားကျသွား အပြုတ်နည်းတာနှင့် ကြုံရသည့်အခါ နွားကျောင်းသား ထင်းခွေကြသူများ ထိုကျောက်ပြားမှာ သွားကာ ဓားသွေးတတ်ကြသည်။

ကိုဖိုးဇော် ပြောပြတာက ဓားသွေး၍ကတော့ တအားစား တအားပြတ်သည့် ကျောက်ပြားဟု ဆိုသည်။ တအားစားသည် ဆိုခြင်းကား ဓားသွေးရာတွင် ဓားသွားအား ကျောက်က စား၍ ဓားပြတ်လွယ်တာ ပြောပြခြင်းဖြစ်သည်။

ကျောက်ပြားမှာ ဓားသွေး၍ ကောင်းမှန်းသိရတော့ ကိုဖိုးဇော်တို့ ထိုကျောက်ပြားအား မိမိတို့ အိမ်သယ်ယူဖို့ အကြံက ဖြစ်ပေါ်လာသည်။

ဒါလောက် ဓားသွေး၍ ပြတ်သည့် ကျောက်ပြား အိမ်မှာ သယ်ယူထားပြီး ဓားသွေးရလျှင် ဘယ်လောက်ကောင်း မလဲဟု စိတ်ကူးအတွေးတို့ ပေါက်လာကာ လမိုက်ညတစ်ညမှာ အိမ်ထမ်းယူဖို့ တိုင်ပင်ကြသည်။

အိမ်ရောက်မှ ကျောက်ပြားအား ထုခွဲပြီး ဝေယူကြပြီး ဓားသွေးကျောက် လုပ်မည့် ရည်ရွယ်ချက်ပင်။ အခြားမည်သည့် ရည်ရွယ်ချက်မှ မပါ။

ကိုလှထွန်း၊ ကိုဖိုးဇော်၊ ကိုရဲမောင်၊ ကိုမောင်ပုတို့ လေးယောက် ကိုရဲမောင်နှင့် ကိုမောင်ပုတို့ကလည်း သားအဖနှစ်ယောက်၊ ကိုလှထွန်း, ကိုဖိုးဇော်တို့ကလည်း သားအဖနှစ်ယောက် နှစ်ယောက်တစ်တွဲစီ ကျောက်ပြားအား ထမ်းပိုးယူငင်ရန်အတွက် ထွန်တံအသစ် နှစ်ချောင်း လက်ညှိုးလုံးအရွယ်ရှိသည်။ ပလတ်စတစ်ကြိုးခွေတစ်ခွေနှင့်အတူ ည(၁၀)နာရီကျော် (၁၁)နာရီအချိန် လေးယောက်သား ရွာမှ ထွက်လာခဲ့ကြသည်။

အချိန်က နွေရာသီဖြစ်၍ လယ်ယာပြင်မှာ မိုးလရာသီကဲ့သို့ ရေမြောင်းရေဗွက်တို့ မရှိချိန်ဖြစ်၍ ခြေခင်းလက်ခင်းသာသည်။ လေးယောက်သား ကျောက်ပြားအား ကြက်ခြေခတ် ချိုပိုးကာ ထမ်းယူကြမည့်အကြံ ဖြစ်သည်။

နွေဦးပေါက်စဆိုတော့ လေကလည်း လေပြည်လေညင်းကလေး ဝှေ့ရမ်းတိုက်ခတ်လျက်ရှိသည်။ သစ်တောထဲ ရောက်ချိန်မှာတော့ လူသံ အသံဗလံတို့မှာ ဆိတ်ငြိမ်လျက်ရှိပြီး တစ်ချက်တစ်ချက် ဖီးကွက်အော်သံ၊ လင်ကောင်ပိုးငှက်တို့ အော်သံကလွဲ၍ အခြား အသံဗလံတို့ကား တိတ်ဆိတ်လျက် ရှိနေသည်။

ကျောက်ပြားအနီးသို့ ရောက်လျှင် ကျောက်ပြားအား မာတ်မီးခပ်အုပ်အုပ်ထိုးကာ ကျန်သုံးယောက်က ပါလာသည့် ပလတ်စတစ်ကြိုးနှင့် ကြက်ခြေခတ် ချည်နှောင်ကာ ထွန်တံနှစ်ချောင်း လျှိုသွင်းရန် ကြိုးကွင်းအားလည်း သေချာချည်နှောင်လိုက်သည်။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လေးယောက် တစ်ဖက်နှစ်ယောက်စီ ထွန်တံတို့လျှိုကာ ပြိုင်တူထမ်းလိုက်ကြသည်။

ကျောက်ပြားမှ ကြွတော့ကြွသည်။ မြေကြီးနှင့် လွတ်အောင် မထမ်းနိုင်။ လူလေးယောက်မှ ဒယီးဒယိုင်နှင့် ပြိုတော့မလို၊ လဲတော့မလိုနှင့် ခြေလှမ်းတို့ကမမှန် ချည်ထားသည့် ကြိုးမှာလည်း ဖျိုးဖျိုးဖျစ်ဖျစ်မြည်ကာ လူတွေလည်း ဒရွတ်ဆွဲရင်းယိုင်ထိုးကာ မောဟိုက်ကာသွားသည်။ ကျောက် ပြားက ရွေ့တော့ရွေ့သည်။ (၁၀) တောင်လောက်ပဲ ရွေ့သည်။

နောက်တစ်ချီ တစ်ခါထပ်ပြီး ထမ်းတော့ ကျောက်ပြားက လုံးဝမရွေ့တော့ အရင်တစ်ခါလို ဒယီးဒယိုင်ပင် ကြွကာ မလာတော့။

နောက်ဆုံးတော့...

'ဟေ့ကောင်တွေ ဒီပုံအတိုင်းဆိုရင် ရွာရောက်အောင်သယ်ဖို့လဲ မလွယ်ဘူး။ အခြေအနေသိပ်မကောင်းဘူး။ ကျောက်ပြားယူတာ မကြိုက်ဘူးနဲ့တူတယ်။ သူ့နေရာသူ ပြန်ထားရင် ကောင်းမယ်'

ဟု ဆိုကာ ပြောပြီး ကိုဖိုးဇော်နှင့် ကိုမောင်ပုတို့ ချည်ထားသည့် ကြိုးတို့အားဖြေကာ နှစ်ယောက်သား ကျောက်ပြားအား လက်ပွေ့ထိုးကာ မူလနေရာရောက်အောင် ပို့ပေးကြသည်။

ထိုသို့ ပြန်ပို့သည့်အခါ လေးယောက်သား ကြိုးနှင့်ခတ်ကာ ဖျစ်ဖျစ်မြည်အောင် ထမ်းရသည့် ကျောက်ပြားမှာ နှစ်ယောက်တည်းနှင့် နေရာအရောက် ပြန်ပို့သည့်အခါ ပေါ့ပေါ့ပါးပါးအား မစိုက်ရဘဲနှင့် သူ့အလိုအလျောက်ပင် ရောက်သွားခဲ့သည်။ သို့သော် ချည်ထားသည့် ပလတ်စတစ်ကြိုးမှာလည်း ကြိုးလွန်းတို့ ပေါက်ပြဲကာ သွားခဲ့ရသည်။

ကျောက်ပြားအား လူလေးယောက်ထမ်း၍မရသည့် အဖြစ်အား ကိုရဲမောင်က မကျေမနပ် ဖြစ်လျက်ရှိသည်။

'ဒီကျောက်ပြား လူနှစ်ယောက်ထမ်းရင်တောင်ရတဲ့ ကျောက်ပြား လူလေးယောက်ထမ်းတာ မကြွချင်အောင် လေးနေတာ နောက်နေ့ည သိကြရောပေါ့ကွာ'

ဟု ဆိုကာ ကြုံးဝါး၍ ပြန်လာခဲ့ကြသည်။

နောက်နေ့ည ဆက်၍ ကိုရဲမောင်နှင့်အတူ လေးယောက်သား ကျောက်ပြားရှိရာ ထွက်လာခဲ့ကြပြန်သည်။ "ဒီလောက်လေးပြီး သယ်မရတဲ့ ကျောက်ပြား သိကြရောပေါ့ကွာ" ဟုဆိုကာ သူ့အိမ်က ပေါင်တူကြီးအား ထမ်းကာလာခဲ့ခြင်း ဖြစ်သည်။

ကျောက်ပြားအား ပေါင်တူနှင့် ခွဲကာ နှစ်ဦးခွဲဝေ ထမ်းယူကြမည်ဖြစ်သည်။ ကျောက်ပြားအနီး လေးယောက်သား ရောက်သွားချိန် ကိုရဲမောင်က အနီးနား ဘေးပတ်ဝန်းကျင်တစ်ဝိုက် လှည့်ဘာသံ အသံဗလံတို့အား ခေတ္တနားစွင့်လိုက်သည်။ အသံဗလံတို့ကိုမူ မကြားရ။

အနောက်ရမ်းလေကလည်း တ... ဟူး တိုက်ခတ်နေချိန်အား အ... ကောင်းယူကာ ကျောက်ပြားအ... အလယ်တည့်တည့် နေရာဆီ မှ... ကာ ပေါင်တူနှင့် တအ... ထုချလိုက်သ...

"ဒုတ် ဖြောင်း" ဟူသည့် အသံ... နှင့်အတူ ကျောက်ပြားလ... မီးပွင့်ကာ ထွက်သွား၍ ဘေး... လူတွေလည်း နား... မတတ် ကြားလိုက်ရသ...

သို့သော် ကျောက်ပြားကြီးကား လုံ... ကွဲအက်ခြင်း မရှိခဲ့ပေ။ ထိုအခိုက်အတ... ပင် ဘေးပတ်ပတ်လည် ဝန်းကျင်နေ... အနှံ့ ဘယ်ဆီက ခွေးတွေ ဟောင်... အူကြသည် မသိသူမှ မဝေခွဲနိုင်တော့... ခွေးအူသံတွေ ခွေးဟောင်သံ... ပွက်လောရိုက်ကာ ဆူဆူညံညံ ကြ... သည်နှင့် လေးယောက် ဖနောင့်... တင်ပါး တစ်သားတည်း ကျအောင်... ခြေဦးတည့်ရာ စွတ်၍ ပြေးလာရတော့... သည်။

နောက်ဆုံးမှာတော့ ကိုရဲမောင်... ဖြစ်သည်။ သူက တူကြီးက တစ်... ထမ်းရသည်ဖြစ်၍ နောက်ဆုံး ကျန်... ခဲ့သည်။ နောင်တွင်လည်း ထိုကျော... ပြားအား သယ်ယူဖို့ စိတ်ကူးနှင့်တော... မပြစ်မှားဝံ့ကြတော့ပေ။

နောက်ရက်များမကြာမီ ကျော... ပြားကြီးအနီး ရောက်ရှိချိန် ခြိ... ဒေါ်အေးစိန်က...

'ဟော ကျောက်ပြားကြီး နေရာရွေ့သွ... ဘယ်သူတွေ ရွှေ့ပစ်သလဲ မသိ... ကျောက်ပြားကြီးက အစကတည်း... သယ်လို့ မရလို့ ထားပစ်ခဲ့တဲ့ကျောက်... ဟု ပြောဆိုသံ ကြားရသည်။

ကျောက်ပြားမှာ ပေါင်တူနှင့် တအ...

www.burmeseclassic.com



← ခမဲပြင်ဘိုဘိုကြီးဇာတ်နန်းရှိ နှယ်ခမ္ဘုံ

# ထူးကတွေ့ တွေ့တော့

မောင်ကံ (တံတားဦး)

ပြောချင်ပြချင်

## [ ၁ ]

### ကျောက်နဂါးကြီးကို လေ့လာခြင်း

ကျွန်တော်၏ ဝန်ထမ်းဘဝတွင် တွေ့ကြုံခဲ့ရသော ထူးခြားသည့် ကိစ္စရပ်များကို အလျဉ်းသင့်သလို ရေးသားဖော်ပြခဲ့ရာ ယခုအကြိမ်တွင် ကျွန်တော် **ကချင်ပြည်နယ်တွင်** တာဝန်ထမ်းဆောင်စဉ်က တွေ့ခဲ့ရသော **ကျောက်နဂါးကြီး** အကြောင်းကို ရေးသားဖော်ပြပါမည်။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် တာဝန်ထမ်းဆောင်စဉ်က လုပ်ငန်းတာဝန်အရ ပူတာအိုမြို့၏ အရှေ့တောင်ဘက်ရှိ မချမ်းဘောမြို့လေးသို့ ရောက်ခဲ့ပါသည်။ မချမ်းဘော ဆိုသည်မှာ သဘာဝအလှများနှင့် ပြည့်စုံပြီး အေးချမ်းသာယာလျက်ရှိသော တောင်ပေါ်မြို့လေးဖြစ်ကြောင်းကို မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များတွင် လည်းကောင်း၊ ရေဒီယို၊ TVများတွင် လည်းကောင်း ကြားဖူးမြင်ဖူး၍ နေရာမရောက်ဘူးသေးသော်လည်း မစိမ်းလှသည့် မြို့လေး ဖြစ်ပါသည်။

အေးချမ်းသာယာလှသော တောင်ပေါ်မြို့လေးကို တာဝန်ဖြင့် ရောက်ရှိရာ ဝမ်းသာမှုတွေ အပြည့်နှင့်ပင် ပူတာအိုမှ ထွက်လာပြီးနောက် မချမ်းဘောအဝင် မလိခကြိုးတံတားကို မြင်ရသည်နှင့်ပင် မလိခမြစ်၏ အလှ၊ တောတောင်သဘာဝအလှ၊ ကြိုးတံတားအလှတို့ကို ပေါင်းစပ်တွေ့လိုက်ရာ နာမည်ကြီးသလောက်ပင် လှပါပေသည်ဟု ဝန်ခံမိပါတော့သည်။

မချမ်းဘော၏ လှူသိများသော **ဂူဘားရိပ်သာတွင်** ခေတ္တနားပြီး လုပ်ငန်းရှိရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လုပ်ငန်းများသွားရောက် ဆောင်ရွက်ပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး (ယခု မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး) က မြို့ပြင်ရှိ ထူးခြားသော ကျောက်နဂါးကြီးကို လိုက်ပြမည်ဟု ဆိုသဖြင့် သုံးဘီးယာဉ်ဖြင့် မြို့ပြင်သို့ ထွက်ခဲ့ကြပါသည်။

မြို့အထွက် မဝေးလှသည့်နေရာတွင် ကျောက်နဂါးကြီးက **မလိခမြစ်ကမ်းခြေကို အမြီးပိုင်းထောက်ပြီး**



www.burmeseclassic.com

www.burmeseclassic.com

**တောင်ကုန်းပေါ်တွင် ကိုယ်လုံးတင်ကာ မတ်တတ်အနေအထားဖြင့်** တွေ့ရပါသည်။ ခန့်မှန်းအရှည် ပေ(၇၀) ခန့်ရှိမည်ဟု ထင်ပါသည်။ ကိုယ်လုံးအကျယ် (၁၅)ပေခန့်ရှိမည်ဟု မှန်းပါသည်။

ပေကြိုး မပါ၍ လည်းကောင်း၊ တောင်ကုန်းပေါ်သို့ တက်ရာတွင် အခက်အခဲ အနည်းငယ်ရှိ၍ လည်းကောင်း သေချာစွာ မတိုင်းခဲ့ရပါ။ အမြီးပိုင်းရှိသည့် မြစ်ကမ်းခြေသို့ မဆင်းနိုင်ခဲ့သော်လည်း ကိုယ်လုံးနှင့် ခေါင်းပိုင်းရှိသည့် တောင်ကုန်းပေါ်သို့မူ ရအောင်တက်ပြီး ကြည့်ခဲ့ရပါသည်။

အတူပါလာသော မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောက်နဂါးကြီး၏ ဒဏ္ဍာရီဆန်သောဖြစ်စဉ်ကို ပြောပြသည်မှာ လွန်ခဲ့သော နှစ်အတန်ကြာက မလိခမြစ်အတွင်း၌ နဂါးကြီးတစ်ကောင် ရှိခဲ့ကြောင်း၊ မြစ်တွင်း သားငါးများနှင့် ကုန်းနေ တောတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ကြောင်း...

တစ်နေ့တွင် သီလစောင့်ထိန်းသော အဘွားအိုတစ်ဦးသည် မြစ်ကမ်းခြေတွင် ထင်းခွေနေပြီး မြေးဖြစ်သူ အမျိုးသမီးငယ်မှာ မြစ်ကမ်းတွင် ရေချိုး၊ အဝတ်လျှော်နေကြောင်း၊ ထိုအချိန် မြစ်အတွင်းမှ နဂါးကြီး ရုတ်တရက်ပေါ်လာပြီး မိန်းမပျိုအား ကိုက်ချီကြောင်း...

မြေးဖြစ်သူ၏ အော်သံကြောင့် အဘွားအိုသည် မြစ်ကမ်းသို့ ကြည့်ရာ မြေးဖြစ်သူကို နဂါးကြီး ကိုက်ချီသွားသည်ကို တွေ့ရသဖြင့် လွန်စွာ စိုးရိမ်ပူပန်လှပြီး နဂါးကြီးကို အော်ဟစ်ခြောက်လှန့်သော်လည်း မြေးဖြစ်သူကို မလွှတ်သဖြင့် ရုတ်တရက် သတိရကာ မိမိ၏ သီလစင်ကြယ်မှုကို တိုင်တည်ကာ မြေးငယ်ကို ကယ်တင်ပေးပါရန် တောစောင့်နတ်၊ တောင်စောင့်နတ်၊ သိကြား၊ ဗြဟ္မာတို့အား အော်ဟစ်အကူအညီတောင်းရာ သိကြားမင်းသည် မိန်းမပျိုကို လွှတ်ပေးရန် အမိန့်ပေးသော်လည်း နဂါးကြီးက မလွှတ်ပေးဘဲ ရေထဲမှ တောထဲသို့ တက်ပြေးလေသည်။

ထိုအခါ သိကြားမင်းသည် အမိန့်ပေး၍ မရသော နဂါးကြီး၏ အမြီးပိုင်းကို ဝရဇိန်လက်နက်ဖြင့် (၁)ချက်ပစ်ရာ နဂါးကြီးက မိန်းမပျိုကို လွှတ်မပေးဘဲ တောင်ကုန်းပေါ်သို့ ဆက်တက်နေပါသည်။

သိကြားမင်းက ဒုတိယအချက်ကို နဂါးကြီးကိုယ်ပိုင်းကို ထပ်ပစ်ရာတွင်လည်း နဂါးကြီးက မိန်းမပျိုကို လွှတ်မပေးပါ။ သိကြားမင်းက တတိယအချက် နဂါးကြီး၏ ခေါင်းပိုင်းကိုပစ်ရာ နဂါးကြီးသည် တောင်ကုန်းပေါ်သို့ ဆက်မတက်နိုင်တော့ဘဲ တောင်ကုန်းကို တက်လျက်နှင့်ပင် ဇီဝိန်ချုပ်ကာ မိန်းမပျိုကို လွှတ်လိုက်၍ မိန်းမပျို အသက်ချမ်းသာရခဲ့ပါသည်။ နဂါးကြီးမှာ ကွယ်လွန်ပြီးနောက် ကျောက်ရုပ်ဖြစ်ခဲ့သည်ဟု ဆိုပါသည်။

အဘွားအို၏ သီလစင်ကြယ်မှုကိုလည်း ဒေသခံများက ချီးကျူး၍ မဆုံးသလို မလိခမြစ်အတွင်း၌ နဂါးကြီးရန်မှ ကင်းဝေးကြသဖြင့် ဒေသခံများ ဝမ်းသာ ရွှင်မြူးကြရပေသည်။

ဤကဲ့သို့ ဖော်ပြရခြင်းမှာ မချမ်းဘောမြို့အထွက်တွင် ကျောက်နဂါးကြီးရှိကြောင်းသာ ရေးလျှင် မပြည့်စုံပါသဖြင့် ကျောက်နဂါးကြီးဖြစ်ပေါ်လာပုံကို ဖော်ပြခြင်း ဖြစ်ပါသည်။

ဒါလောက်နှင့် ပြီးလိုက်လျှင် ရသော်လည်း မပြီးနိုင်သေးပါ။ အရာရာကို စိတ်ဝင်စားတတ်သော ကျွန်တော့်အကျင့်အတိုင်း ကျောက်နဂါးကြီး၏ အထက်ပိုင်းသို့ တောင်ကုန်းကို တွယ်ဖက် တက်ခဲ့ပါသည်။

နဂါးကြီး၏ ကိုယ်လုံးသည် (၁၅)ပေ ပတ်လည်လောက်ရှိ၍ လူတက်ပြီး လမ်းလျှောက်၍ ရသဖြင့် ကိုယ်လုံးပေါ်သို့ တက်ပြီး လမ်းလျှောက်ပါသည်။ နဂါးကြီး၏အနီးတွင် ကျောက်ဟူ၍ မရှိဘဲ မြေသား တောင်ကုန်းများသာ ရှိရာ ထူးခြားလှပါသည်။

နဂါးကြီး၏ ခါးလယ်ပိုင်းတွင် သိကြားမင်း ဝရဇိန်လက်နက်နှင့် ပစ်ထားသည်ဟူသော နေရာ၌ **ကွဲအက်နေသော ဖြတ်ပိုင်းတစ်ခု ရှိပါသည်။**

ဆက်လက်၍ တက်ခဲ့ရာ ခေါင်းပိုင်း၌ **ကွဲအက်နေသော ဖြတ်ပိုင်းတစ်ခုမှာလည်း ဝရဇိန်လက်နက်ဒဏ်ရာ** ဟု ပြောပါသည်။ အမြီးပိုင်းတွင်လည်း ကွဲအက်ဖြတ်ပိုင်းတစ်ခု ရှိသည်ဟု ပြောပါသည်။ ဆင်းမကြည့်နိုင်ခဲ့ပါ။


ခေါင်းပိုင်းတွင် ဖယောင်းတိုင်မီးများ ထွန်းထားသည့် အကြွင်းအကျန်များကို တွေ့ရာ ဒေသခံများက မီးလာထွန်းကြကြောင်း၊ အန္တရာယ်ကင်းရန်နှင့် လိုအင်ဆန္ဒပြည့်ဝရန် ဆုတောင်းခြင်းတို့ ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောပါသည်။

ဦးခေါင်လန်ဒီးက ကျောက်နဂါးကြီးကို ဓာတ်ပုံရိုက်သော်လည်း ကိုယ်လုံးမှာ ရှည်လျားမတ်စောက်သည့် အနေအထားဖြစ်ခြင်း၊ နွေရာသီဖြစ်၍ ကိုယ်လုံး၏ အချို့နေရာများတွင် ကိုင်းပင်များ အုပ်နေခြင်းကြောင့် ရရှိသည့် ဓာတ်ပုံမှာ ဖော်ပြလောက်အောင် မပီပြင်ပါ၍ ဖော်ပြခြင်း မပြုနိုင်တော့ပါ။

မချမ်းဘောမြို့သို့ အခြေအနေ ညီညွတ်၍ ရောက်ခဲ့ပါက မြို့မြောက်



www.burmeseclassic.com



အုန်းကုသိနာရုံရှိ ဇူဇကာပုဏ္ဏားပုံ

ဘက်အထွက်ရှိ ထူးခြားလှသော ကျောက်နဂါးကြီးကို မဖြစ်မနေ သွားကြည့်ကြပါရန် အသိပေးအပ်ပါသည်။

## [ ၂ ]

## ခမဲပြင်ဘိုးဘိုးကြီး မင်္ဂလာကန်တော်မှ ထူးခြားသည့် နွယ်ပင်

ဆက်လက်ပြီး ထူးခြားသော ဂမ္ဘီရ ပစ္စည်းတစ်ခုကို ဖော်ပြပါမည်။ မရောက်သည်မှာ နှစ်အတော်ကြာပြီ ဖြစ်သော ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ **ခမဲပြင်ဘိုးဘိုးကြီး ရေလယ်နတ်ကျွန်း**ကို ရောက်ခဲ့ပါသည်။

လွန်ခဲ့သော (၁၉၈၉–၁၉၉၀) ပြည့်နှစ်များက ခမဲပြင် ဘိုးဘိုးနတ်နန်း ဘက်စုံတည်ဆောက်ရေးများ လုပ်ခဲ့စဉ်က ကျွန်တော်သည် ကဝမြို့နယ်တွင် တာဝန်ကျနေသောကြောင့် နတ်နန်း၏ ဘက်စုံပြုပြင်မှုများကို ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ဖူးပါသည်။

နောက်ပိုင်း ကျွန်တော် ပြောင်းရွှေ့သွားပြီးနောက် ခမဲပြင်သို့ မရောက်တော့ပါ။ ယခုမူ အကြောင်းညီညွတ်၍ နေရာဟောင်းကို တစ်ခေါက် ပြန်လာကြည့်ပါသည်။

နှစ်ပေါင်း(၂၀)ကျော်ပြီဖြစ်၍ ဘိုးဘိုးကြီးနတ်နန်း၏ တိုးတက်မှုများမှာ အများအပြားပင်။ ယခင် ကွန်ကရစ်တံတားအသေးမှ ရေလယ်ကျွန်းသွားရန်မှာ အခက်အခဲရှိနေ၍ ကွန်ကရစ်တံတားအနီးတွင် ကားကူး သံမဏိတံတားတစ်ခု ဆောက်နေရာ နောင်တွင် ရေလယ်ကျွန်းထိ ကားများ သွားနိုင်တော့မည်ဖြစ်၍ အားရစရာပင်။

ဘိုးဘိုးကြီးနတ်နန်း ရေလယ်ကျွန်း (၁)ခုလုံးကို လှည့်လည်ကြည့်ရှုရာ ဖြူဖွေးသောရေပြင်၊ စိမ်းစိုသော စပါးခင်းများကြောင့် လွန်စွာ ကြည်နူးမိပါသည်။ ယခင်ကလည်း အကြိမ်ကြိမ် ရောက်ရှိသော်လည်း ကြည့်၍ မရိုးနိုင်သလို ယခုလည်း ဘယ်နှစ်ကြိမ်ကြိမ် သွားသွား ကြည်နူးလျက်ပင်။ လှည့်လည်ကြည့်ရှုရင်း မင်္ဂလာကန်တော်ကို ကာရံထားသော သံဆန်ကာပေါ်တွင် ထူးခြားပစ္စည်းတစ်ခုကို တွေ့ရပါသည်။

လုံးပတ် (၃)လက်မ ပတ်လည်ခန့်ရှိပြီး ခန့်မှန်းအရှည် (၆)ပေခန့်ရှိသော နွယ်ပင်သည် ထူးခြားစွာ မြွေ(၁)ကောင် ခေါင်းထောင်နေသကဲ့သို့ လှလှပပ ရှိနေသည်ကို တွေ့ရပါသည်။ စိတ်ဝင်စားတတ်သူမို့ အနီးကပ် ကြည့်ရှုလေ့လာခဲ့ပါသည်။

**ထူးခြားသည်မှာ နွယ်ပင်၏ ထိပ်ပိုင်းသည် မြွေ(၁)ကောင် ဦးထောင်ကဲ့သို့ မျက်လုံး၊ ပါးစပ်၊ နှာခေါင်းတို့ ပီပြင်နေခြင်းပင် ဖြစ်ပါသည်။ ထိုပြင် နွယ်ပင်သည် မြွေ(၁)ကောင် တွန့်လိမ်နေသကဲ့သို့ ကြွကြွလေး ရှိနေသည်မှာ ကြည့်၍ပင် ကောင်းလှပါသည်။**

ထူးခြားသော ပစ္စည်းဖြစ်ခြင်း

www.burmeseclassic.com

ကြောင့် ပါရှိလာသော ကင်မရာဖြင့် ဓာတ်ပုံမှတ်တမ်းတင်ခဲ့ရာ အများပြည်သူ ကြည့်ရှုနိုင်အောင် ဖော်ပြလိုက်ပါသည်။ ကဝမြို့နယ်၊ ခမဲပြင် ဘိုးဘိုးကြီး ရေလယ်ကျွန်းနတ်နန်းသို့ ရောက်ရှိပါက သတိထားကြည့်ရှုနိုင်ရန် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။

ထို့ပြင် ခမဲပြင်နတ်နန်းသို့ ရောက်ရှိခဲ့ပါက ဆက်လက်ဖူးမြော်နိုင်ရန်အတွက် အုန္တဲ့ကျေးရွာအထွက်တွင် ရှိသော ကုသိနာရုံတန်ဆောင်းသို့ သွားရောက် ကြည့်ရှုစေလိုပါသည်။ အုန္တဲ့ကုသိနာရုံမှာ အနည်းငယ် ချောင်ကျ၍လည်းကောင်း၊ နတ်ပိုင်းဆိုင်ရာ, ဂိုဏ်းပိုင်းဆိုင်ရာ မဟုတ်သဖြင့်လည်းကောင်း သိသူ နည်းပါးပါသည်။

**တကယ်တော့မူ အုန္တဲ့ကုသိနာရုံသည် ကျွန်တော် ရောက်ဖူးသော မန္တလေး ကုသိနာရုံ အောင်လံကုသိနာရုံ စစ်ကိုင်း ကုသိနာရုံတို့မှ ရုပ်တုများထက် လွန်စွာ လက်ရာမြောက်ကာ အနုစိတ်ကျနလှသဖြင့် မြန်မာမှုကို မြတ်နိုးသူများ မြန်မာမှု လက်ရာကို သင်ယူ လေ့လာလိုသူများ သွားကြည့်သင့်သောနေရာ ဖြစ်ပါသည်။**

လွန်ခဲ့သော နှစ်(၉၀)ခန့်က လွန်စွာချမ်းသာသော မိသားစုက ဆောက်လုပ် လှူဒါန်းခဲ့သည်ဟု သိရှိရပါသည်။ အုန္တဲ့ကုသိနာရုံတွင် ရုပ်လုံးရုပ်ကြွ အကြီးအသေး ရာပေါင်းများစွာ ရှိရာ ဓာတ်ပုံမှတ်တမ်း အများအပြား တင်ခဲ့သော်လည်း စာမျက်နှာ အခြေအနေကြောင့် သာမန်ရုပ်လုံးများကို မဖော်ပြတော့ဘဲ ဝေဿန္တရာဇာတ်တော်မှ ဇူဇကာ ပုဏ္ဏားက သားတော် ဇာလီ နှင့် သမီးတော် ကဏှာတို့ကို သစ်ပင်အောက်တွင် အိပ်စေပြီး ယင်းကမူ ကျားရဲ၊ဘီလူးရန် ဘေးကင်းရန်အတွက် သစ်ပင်ပေါ် တက်အိပ်နေသည့် ပန်းပုရုပ်မှာ ကြည့်နေရင်းပင် ဇူဇကာပုဏ္ဏားကို ရိုက်ပစ်ချင်စိတ် ပေါ်လာသည်ထိ လက်ရာမြောက်လှပါသည်။ ဓာတ်ပုံဖြင့် ဖော်ပြပါသည်။

သုဝဏ္ဏသာမနှင့် အခြား ဇာတ်တော်ပေါင်းစုံ ရုပ်ကြွများလည်း အများအပြားရှိရာ ကြည့်ရှုလေ့လာ၍ မကုန်နိုင်ပါ။ ခမဲပြင်မှ ကားဖြင့် သွားလျှင် (၁၀)မိနစ်ခန့်သာ ကြာသည်ဖြစ်ရာ အလွန်နီးပါလျက် မသိ၍ မရောက်မည်စိုးသောကြောင့် ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

အုန္တဲ့ရွာလယ်တံတားကို ကျော်လျှင် ရွာသူရွာသားများအား ကုသိနာရုံ ရှိသည့်နေရာကို မေးမြန်းပါက အလေးထားပြီး လမ်းညွှန်ပြပါလိမ့်မည်။

မောင်ကံ(တံတားရွာ)

စာမျက်နှာ (၂၂၈)မှ အဆက်

ကုန်လွှာကာ ထုလိုက်သော်လည်း လုံးဝ မကွဲမအက်ဘဲ ကျောက်ပြား၏အလယ်တူ ထုသည့်နေရာ အနည်းငယ် ပွန်းပဲ့ကာ ခွက်ရာအနည်းငယ်သာတွေ့ရပါသည်။

အုတ်တသိန်းကန်၊ ပုသိမ်ကန် အနီးနားဝန်းကျင်ကား ဘုမ္မိရုဏ် အစောင့်အရှောက်တို့ အလွန်ကြီးသည့်နေရာ လည်းဖြစ်သည်။ ထိုကျောက်ပြားပေါ်တွင် ရှေးက လယ်ယာမြေ လုပ်ကိုင်သူတို့က ထမင်း၊ ဝက်သားဟင်းများနှင့် နှစ်စဉ်တင်မြှောက်ကျွေးမွေး ပသလေ့ရှိသည်ဟု ကိုထွန်းဦး ပြောပြ၍ သိရှိရပါသည်။

အုတ်တသိန်းကန် ဝန်းကျင်တွင် စောင့်ရှောက်သည့် ဘုမ္မိရုဏ်အစောင့်အရှောက်တို့မှာ ငန်းတော်ကျားမြွေ အမျိုးနွယ်တို့ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အနီးနားဝန်းကျင်တစ်ဝိုက် မြွေကြီးများအား မကြာခဏ တွေ့ရှိရခြင်း ဖြစ်ကြောင်း သိရပါသည်။

ထိုကွင်းတစ်ဝိုက် လယ်ယာမြေ လုပ်ကိုင်သူတို့အနေနှင့် ကွင်းပိုင်နယ်ပိုင် ဘုမ္မိရုဏ်အစောင့်အရှောက်တို့အား အဦးအဖျား လက်ဖက်၊ ကွမ်းယာတို့နှင့် တင်ပသကာ လယ်ယာလုပ်ငန်း ခွင်ဝင်ခြင်း၊ မေတ္တာပို့ အမျှအတန်းပေးဝေခြင်းတို့ ပြုလုပ်ခြင်းဖြင့် အန္တရာယ်ကင်း ဘေးကင်းနိုင်ကြမည် ဖြစ်ပါသည်။

ထိုဘုမ္မိရုဏ် မြေစာချ မြေစာကျွေးသည့် ကျောက်ပြားမှာ ယနေ့တိုင် ထိုတောကွင်းအတွင်း ရှိနေပါသည်။ ထိုဖြစ်ရပ်တွင် ကိုယ်တွေ့ကြုံသူများလည်း ကိုရဲမောင်မှလွဲလျှင် ယနေ့တိုင် သက်ရှိထင်ရှား ရှိနေကြပါသေးသည်။

ကိုသက်ရှည်

စာမူပို့လိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၁၄၄



www.burmeseclassic.com

www.burmeseclassic.com

# နတ်လွှင့်ခံရသော ဦးဘတင်

အေးချမ်းအောင်
(ရမည်းသင်း)



နတ်ဝှက်သော၊ နတ်လွှင့်ခံရသော သူများအကြောင်း မြန်မာနိုင်ငံအရပ်ရပ်မှ အဖြစ်အပျက်များကို စာအုပ်တွေထဲ၌ မကြာမကြာ စာရေးသူ ဖတ်ဖူးပါသည်။

နတ်ဝှက် နတ်လွှင့်ခြင်းကို ကလေးများသာ ခံကြရပြီး လူကြီးများကိုမူ နတ်ဝှက် နတ်လွှင့်ခံရသည်ကို စာရေးသူ ဖတ်ခဲ့ဖူးသော စာအုပ်တွေထဲ၌ မတွေ့မိဟု ထင်ပါသည်။

ယခု စာရေးသူ တင်ပြမည့် အကြောင်းသည်လည်း နတ်လွှင့်ခြင်းကိုခံရသော လူတစ်ယောက် အကြောင်းပင် ဖြစ်ပါသည်။ စာရေးသူ ဖတ်ခဲ့ဖူးသလို ကလေးကို ဝှက်ခြင်းမျိုး မဟုတ် အသက်(၄၅)နှစ်အရွယ် လူကြီး တစ်ယောက်ကို နတ်လွှင့်ခံရခြင်းပဲ ဖြစ်ပါသည်။

(...)ကျေးရွာမှ နာရေးကိစ္စ စာရေးသူကို အကြောင်းကြား၍ သွားရောက်ခဲ့သည်။ သေဆုံးသူမှာ ဦးဘတင် အသက်(၉၅)နှစ် ဖြစ်သည်။ သူကြီး

www.burmeseclassic.com

ရောဂါနှင့် သေဆုံးခြင်း ဖြစ်လေသည်။

ဦးဘတင်သည် မွေးလာစဉ်ကတည်းက သေဆုံးသွားသည့်အထိ စကား မပြောတတ်ပါ။ နှုတ်က စူးစူး ဝါးဝါးအသံနှင့်အတူ လက်ဟန်ခြေဟန် အမူအရာများဖြင့် သူ ပြောချင်သော စကားများကို ပြောဆိုလေ့ ရှိသည်။

ငယ်စဉ်က မိဘများ၏ သင်ပြပေးမှုကြောင့် စာရေးတတ်ဖတ်တတ်သည်။ ပါးစပ်က စာကို အသံထွက် ဖတ်မပြတတ်ပေမယ့် စိတ်ကနေ ဖတ်,ရေးပြနိုင်လေသည်။

ဦးဘတင်၏ နာရေးကိစ္စတွင် လူအတော်များများ စိတ်ဝင်တစား ပြောနေကြသော စကားဝိုင်းတွင် စာရေးသူဝင်ထိုင်တော့ ဦးဘတင်အကြောင်း ပြောနေသော တစ်ဝက်တစ်ပျက်စကားများဖြစ်၍ စိတ်ဝင်စားသွားမိပြီး သူငယ်ချင်းဖြစ်သူ ချစ်မောင်ကို ဤအကြောင်း မေးကြည့်တော့...

'ဩော်... ငါ့အဘိုးအကြောင်းလား ဒီလိုကွ...ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀) မင်းတို့ ငါတို့တောင် မမွေးကြသေးဘူး။ အဲဒီတုန်းက အဘိုးကြုံခဲ့တဲ့အကြောင်းတွေကို အဖေ၊ အမေတို့က ပြန်ပြောပြလို့ သိရသလို အဘိုးကိုလဲ ကလေးဘဝက ငါ ခဏခဏ မေးကြည့်ခဲ့ဖူးတယ်။

သူ ဖြစ်ခဲ့တာတွေက ပုံပြင်လိုပဲကွ။ ငါ မေးတိုင်းမေးတိုင်း စိတ်ရှည်လက်ရှည်နဲ့ စာရေးပြောပြသလို လက်ဟန်ခြေဟန် အမူအရာတွေနဲ့ ပြောပြခဲ့တာကွ။ ခုထိ မြင်ယောင်နေသေးတယ်။

အခု အဘိုး နာရေးမှာလဲ အဘိုးရဲ့ အမှတ်တရတွေကို လူတွေက သတိတရ ပြန်ပြောနေရကြတာ၊ မင်းက သိချင်တယ်ဆိုတော့ ပြောပြမှာပေါ့။

အဘိုး ဦးတင်က ငါ့အဖေရဲ့ဦးလေး ဆိုတာ မင်းသိပါတယ်။ အဘိုးက မွေးလာစဉ်ကတည်းက စကား မပြောတတ်ဘူး။ သူ့ကို မေးတာပြောတာတွေ တစ်ဖက်လူကို လက်ဟန်ခြေဟန် အမူအရာနဲ့ ပြောပြတတ်တယ်။ သူ ပြောတာတွေ နားမလည်နိုင်တဲ့သူဆိုရင် ကျောက်သင်ပုန်းပေါ် စာရေးပြောပြလေ့ရှိတာ မင်းသိပါတယ်။

ငါတို့အဘိုးရဲ့ အဖေက ယုန်လိုက်အရမ်းဝါသနာပါတယ်။ သူ့သားဖြစ်တဲ့ အဘိုးဦးဘတင်ကလဲ စကားမပြောတတ်ပေမယ့် သူ့အဖေလိုပဲ ယုန်လိုက်ဝါသနာကြီးတယ်။ စကားမပြောတတ်တော့ ကျောင်းမနေရဘူး။

သူ့အဖေ တောလည်သွားရင် ငယ်ငယ်ကတည်းက လိုက်နေကျဆိုတော့ အဘိုးဦးဘတင်ဟာ တောလဲကျွမ်းတယ်။ ယုန်ထောင်, ကြောင်ထောင် အစရှိတဲ့ မုဆိုးအငယ်စားအလုပ်တွေကို ငယ်ငယ်လေးကတည်းက ကျွမ်းကျင်နေသူလဲ ဖြစ်တယ်။

တောလည်သွားရင် အခြားလူဘယ်တော့မှ မခေါ်ဘူး။ သားအဖနှစ်ယောက်တည်းပဲ တို့ရွာရဲ့ အနောက်ဘက်က အလယ်ရိုးမ အဖျားဖြစ်တဲ့ ကုန်းတန်းတွေမှာ ယုန်တို့၊ ချေ(ဂျီ)တို့ သမင်ဆိုတာတွေက အဲဒီတုန်းက သိပ်ပေါသတဲ့။

သားအဖနှစ်ယောက် ဒူးလေးတို့ ယုန်ထောင်ပိုက်တို့ထမ်းပြီး ခွေးသုံးကောင်နဲ့ မကြာမကြာ တောလည်ထွက်လေ့ရှိတယ်။ တောလည်ထွက်တိုင်း မရဘူး ဆိုတာကို မရှိဘူးတဲ့။

မိုးတွင်းဆို မိုးရွာတဲ့နေ့တွေ နေ့ခင်းဘက်မှာ မိုးရွာထားတော့ သားကောင်ခြေရာကောက်လိုက်ကြတယ်။ ညဘက် တောလည်ထွက်ရင် နေ့ခင်းဘက်မှာလို ခြေရာကောက်လိုက်လို့ မရဘူး။ ကိုယ်လိုက်မယ့်တော[...]ဘယ်လို သားကောင်တွေ စားလေ့[...]သလဲလို့ သားကောင် စားတတ်လေ့[...]တဲ့ စားကျက်တွေမှာ သွားလေ့လာ[...]တော့မှ ညမှာ သားကောင်ပြေးထွက်[...]သွားနိုင်တဲ့ဘက်ကနေ ပိုက်တို့ ညွှတ်တို့ကွင်းတို့ ထောင်ပြီး လိုက်တယ်။

အဲဒီမှာ စည်းဆိုတာ သားပြီး[...]ထောင်ရတာ။ နေ့ခင်းဘက်ထောင်ရင် စည်းကို သစ်ကိုင်းအစို စည်းသားလို့ရပေမယ့် ညဘက်မှာဆိုရင်တော့ သစ်ကိုင်းခြောက်လေးတွေချ စည်း[...]သားရတယ်။

အဲဒီလို မဟုတ်ဘဲ ညစည်းကို သစ်ကိုင်းအစိုတွေနဲ့ စည်းသားထားမယ်ဆိုရင် သားကောင် မတိုးတော့ဘူး။ ဘာပြုလို့လဲဆိုတော့ သစ်ကိုင်းအစိုနံ့ ရသွားရင် မှုမှန် အခြေအနေ မဟုတ်ဘူးဆိုတာ သူတို့က သိတယ်။

ပိုက်နားရောက်မှ နောက်လှည့် ပြန်ပြေးသွားတတ်တယ်။ နေ့ခင်းဘက်မှာကတော့ သားကောင်တွေက ညဘက်မှာလို သိပ် သတိမထားတတ်ကြဘူး။ များသောအားဖြင့်သာ သစ်ကိုင်းခြောက်နဲ့သာ စည်းသားကြတာများတယ်လို့ အဘိုးက ပြောပြတယ်ကွ။

ညဘက် တောလည်ရင် သားကောင်ဆင်းစားတဲ့ စားကျက်မြေနဲ့ နှစ်ဖာလုံပိုပို သုံးဖာလုံလောက်ကနေ နေ့ခင်းကတည်းက သားထားတဲ့ စည်းမှာ ပိုက်ထောင်ရတယ်။ နေ့ခင်းဘက်မှာ သားကောင်ခြေရာ အဓိကထားလိုက်ပေမယ့် ညဘက်မှာတော့ ခွေးတွေကိုပဲ အားကိုးရတယ်။

တစ်ယောက်က စည်းမှာ ပိုက်ထောင်ပြီးပြီဆိုရင် အချက်ပြလိုက်တာ[...] အိမ်ကတည်းက ကြိုးနဲ့ ဆွဲလာတဲ့ ခွေးတွေကို စားကျက်ထဲ လွှတ်လိုက်[...]



www.burmeseclassic.com

www.burmeseclassic.com

တယ်။ တောလည်နေကျ ခွေးတွေဆို တော့ သူတို့က သိနေပြီးသား။ ကြိုးက လွှတ်လိုက်ပြီဆိုတာနဲ့ စားကျက်ထဲ သားကောင် လှည့်ရှာကြတာပေါ့။

သားကောင်နံ့ရလို့ တွေ့ပြီဆိုရင် ခွေးတွေ အိုင်လိုက်ကြတာပေါ့။ သားကောင်က ရှေ့ကပြေး၊ ခွေးတွေက အိုင်ပြီးနောက်က လိုက်တာပေါ့။ နားလည်နေတဲ့ ခွေးတွေဆိုတော့ သူတို့ကိုလွှတ်တဲ့ နေရာနဲ့ ထောင်ထားတဲ့ပိုက်နေရာ ဘယ်နေရာဆိုတာ ခွေးတွေက သိတယ်။

သားကောင်က ပိုက်ထောင်ထားတာ ဝင်တိုး၊ အဲဒီမှာ ပိုက်စောင့်ဖြစ်တဲ့ အဘိုးဦးဘတင်က မိတဲ့သားကောင်ကို ပိုက်ထဲက ရိုက်ယူ။ ယုန်ရရင် ယုန်၊ နားရွက် နှစ်ခုဖြစ်စေ ခွေးတွေကို ဝေကျွေးသတဲ့။ ယုန်ရဲ့ ဝမ်းတွင်းသား လှွင့်ပစ်ရတာတွေ အရေခွံကအစ ခွေးတွေက သိပ်ကြိုက်တာဆိုပဲ။

ယုန်ထောင်ရင် ပိုက်ကို စောင့်ကို စောင့်ရတယ်။ ပိုက်ကို ခွေးက အရင် ရောက်ပြီး ပိုက်ထဲက ယုန်ကို ချီယူသွားစားပစ်လေ့ရှိတာ ခွေးတိုင်းပဲတဲ့။ ယုန်လိုက်သွားရင် အဘိုးဦးဘတင်က အမြဲ ပိုက်စောင့်တာဝန်ပဲတဲ့'

စာရေးသူကို သူငယ်ချင်းချစ်မောင်က ထိုကဲ့သို့ ပြောပြနေစဉ် မိန်းကလေးတစ်ဦး ရေနွေးပွဲ လာချပေး၍ စကားစ ပြတ်သွားလေသည်။ ခပ်လှမ်းလှမ်းတွင် ရှိနေသော စာရေးသူတို့အရွယ် လူသုံးဦးလည်း ရောက်လာကြသည်။ သူငယ်ချင်းချစ်မောင်က ရေနွေးငှဲ့ပေးရင်းက...

'ရေနွေးသောက်ကြဦး သူတို့ကတော့ အခု ငါပြောနေတဲ့ အဘိုးအကြောင်းတွေ သိနေကြပြီးသား။ စကားပြန်ဆက်ရရင် တစ်ရက်မှာတော့



သားကောင်တွေပေါတဲ့ ရွာနဲ့ အတော်ပဲဝေးတဲ့ တောင်ကုန်း တွေဆီသားအဖ နှစ်ယောက် မနက်ကတည်းက အဲဒီတောဆီ သွားကြတယ်။

အရင်က အဲဒီတောကို ယုန်လိုက်သွားခဲ့ဖူးတာ အကြိမ်ကြိမ်ပဲ။ ဒီတစ်ခါတော့ အဲဒီတောကြီးရဲ့ အတွင်းပိုင်းရောက်တဲ့အထိ တောသွားလည်တာ။ ယုန်ကလဲ ပေါမှပေါ။ တောကကြမ်းတယ် ဆိုတာတော့ သူတို့ သိပြီးသားပေါ့။

နေမဝင်ခင် ပိုက်တွေထောင်ပြီးတော့ ပါလာတဲ့ ထမင်းထုပ်တွေ စားသောက်ပြီးတာနဲ့ ခွေးတွေပါ ကျွေးမှောင်ရောင် တော်တော်သန်းပြီဆိုတော့ အဘိုးဦးဘတင်က ထောင်ထားတဲ့ ပိုက်တွေဆီ ပိုက်စောင့်ထွက်သွားတယ်။

အဘိုးဦးဘတင်တို့ အဖေကလဲ လုံလောက်တဲ့ အမှောင်နဲ့ အချိန်ရောက်ပြီ ပိုက်စောင့်ကနေ အချက်ပေးပြီဆိုတာနဲ့ ခွေးသုံးကောင်ကို စားကျက်ထဲ လွှတ်လိုက်တယ်။

ခွေးတွေဟာ ယုန်နံ့ရတာနဲ့ ပိုက်တန်းတွေဘက် ခွေးတွေ အိုင်လိုက်သွားတော့ သေချာပေါက် ပိုက်ကိုယုန်တိုးမယ်ဆိုတာ သိနေသော အဘိုးဦးဘတင်အဖေဟာ ခြေလှမ်းသွက်သွက်နဲ့ လိုက်သွားတယ်။

ပိုက်တန်းဆီရောက်တော့ ပိုက်တွေအားလုံးပြုတ်နေပြီး ယုန်လဲမမိ၊ အဘိုးဦးဘတင်ကိုလဲ မတွေ့ရ။ ဘယ်ရောက်နေသလဲ အသံပြုတော့လဲ ပြန်ထူးသံမကြားရ။ သူ့သားရှိရင် လေချွန်သံနဲ့ ပြန်အသိပေးလေ့ ရှိပေမယ့် ဘာသံမှ ပြန်မကြားရဘူး။

အဲဒီတော့ အိတ်ထဲက ငါးထောင့်ထိုး ဓာတ်မီးကြီးကိုထုတ် ဟိုဒီရှာကြည့်တော့လဲ မတွေ့ရ၊ ခွေးတွေကို အချက်ပေးခေါ်လိုက်တော့ တစ်ကောင်ပြီး တစ်ကောင် သူ့နား ရောက်လာကြတယ်။

အဲဒီညတစ်ညလုံး အဘိုးဦးဘတင်ရဲ့အဖေက သူ့သားကို လိုက်ရှာပေမယ့် မတွေ့ရဘူး။ မိုးလင်းတော့လဲ အိမ်မပြန်နိုင်။ အဲဒီနေ့တစ်နေ့လုံး တောထဲလှည့်ရှာတာပေါ့။ ညနေစောင်းတော့ ထမင်းကလဲဆာ၊ ခွေးတွေက အိမ်ပြန်ချင်လို့ တအီအီ ပူဆာနေပြီဆိုတော့ စိတ်လျှော့ ရွာပြန်ခဲ့ရတယ်။

အဘိုးဦးဘတင် အဖေဟာ သူ့သား ပျောက်ခြင်းမလှ ပျောက်သွားတာ ဘယ်လိုမှ သူ နားမလည်နိုင်အောင် ဖြစ်နေတယ်။ ဒီတောကို သူနဲ့ အကြိမ်ကြိမ် တောလည်ခဲ့ဖူးတယ်။ ညအချိန်ပဲ တောမလည်ဖူးတာ ပိုက်စောင့်ဟာ ပိုက်နားမှာ ရှိနေရမှာ ဒီကောင် ဘယ်လိုဖြစ်ပြီး ပျောက်သွားရတာလဲ အစရှိသဖြင့် သူ့သားနဲ့ပတ်သက်ပြီး အမျိုးမျိုးတွေးရင်း အိမ်ပြန်လာခဲ့တာပေါ့။

နောက်နေ့တွေမှာ တစ်ရွာလုံး ထွက်ပြီး အဘိုးဦးဘတင်ကို တောင်ရှာကြတာပေါ့။ ရှာလို့လဲမတွေ့၊ ဘယ်မှလဲ


www.burmeseclassic.com

www.burmeseclassic.com

သတင်းမကြားရ။ လတွေသာ ရှာရင်း ကြာသွားခဲ့တယ်။ သတင်းအစအန လေးတစ်ခုတောင် မရတော့ ကြာတော့ လဲ အကြောင်းတစ်ခုခုနဲ့ သေသွားပြီလို့ ရွာကလူတွေဟာ ထင်ကြေးအမျိုးမျိုးနဲ့ ပြောဆိုနေကြတယ်။

ပြောစရာက ဖြစ်နေပြီလေ။

*   *   *

(၆)လလောက်ရှိတော့ အဘိုးဦးဘ တင်ကို မထင်မှတ်ဘဲ ရိုးမတောကြီး တစ်နေရာ လူတစ်ဖက်မက ကြီးတဲ့ ကုလားအော်ပင်ကြီးရဲ့ ခြေရင်းမှာ ထိုင် နေတဲ့ အဘိုးဦးဘတင်ကို အရင်က ရွာမှာ တောအတူလည်ခဲ့ဖူးတဲ့ တစ်ရွာ တည်းသား ဦးသင်းမောင် သွားတွေ့ တာနဲ့ ပြန်ခေါ်လာပြီး သူ့မိဘတွေဆီ ပြန်ပို့ပေးလိုက်တယ်။

ဦးသင်းမောင်က မိန်းမရပြီးတော့ သူ့မိန်းမအရပ်ကို လိုက်နေတာ။ သူ ကလဲ တောလည့်ဝါသနာပါသူဆို တော့ အဲဒီအရပ်မှာ တောလည်ရင်း အဘိုးဦးဘတင်ကို တွေ့တာ။

အဘိုး ဦးဘတင် ပျောက်သွားတဲ့ နေရာနဲ့ ပြန်တွေ့တဲ့နေရာဟာ မိုင်(၆၀) ကျော်ဝေးတဲ့ ရိုးမရဲ့ တောနက်ကြီး တစ်နေရာပေါ့။ အဘိုးဦးဘတင် တော လည်ရင်း ပျောက်သွားတာကိုလဲ ဦးသင်းမောင်က သိထားပြီးသားလေ။

အဘိုးဦးဘတင် ပြန်ရောက်လာပြီ ဆိုတော့ တစ်ရွာလုံးက အုံသြဝမ်းသာ ကြတာပေါ့။ ဘယ်လိုဖြစ်ပြီး ပျောက် သွားတာလဲလို့ ဝိုင်းမေးကြတာပေါ့။ အဘိုးဦးဘတင်က သူဖြစ်ခဲ့တာတွေကို စာနဲ့ ရေးပြောပြတယ်။

ယုန်ထောင်ပိုက်တွေ ထောင်ထား တဲ့နေရာ သူရောက်လို့ တစ်နာရီ လောက်ရှိတော့ သူ့အဖေကို ခွေးလွှတ် ဖို့ အချက်ပေးလိုက်တယ်ဆိုရင်ပဲ



ထောင်ထားတဲ့ ပိုက်တွေကို ဘယ် ကနေ ရောက်လာတယ်မသိတဲ့ လူ မည်းကြီးနှစ်ယောက်က ယုန်ထောင် ပိုက်တွေကို ခြေထောက်နဲ့ ကန်လှဲ ပစ်လိုက်ကြတာ ဝိုးတဝါးအလင်းရောင် ထဲမှာ မြင်နေရတယ်တဲ့။ လူမည်းကြီး တွေက သူ့ကိုယ်ထက် သုံးဆလောက် ကို ကြီးသတဲ့။

သူ အံ့အားသင့် ကြည့်နေတုန်းမှာပဲ လူမည်းကြီးနှစ်ယောက်ဟာ သူ့နား ရောက်လာကြပြီးတော့ သူ့လက် မောင်းကို တစ်ဖက်တစ်ချက်စီ မြှောက် ကိုင်ပြီး ခေါ်သွားတယ်။ ဘယ်လိုမှ ရုန်းလို့ မရဘူးတဲ့။

သူ့ကို ဆွဲခေါ်သွားတာ ဘယ် လောက်မြန်သလဲဆို လေတိုက်နေ သလို လှစ်ခနဲ လှစ်ခနဲ တောတွေ တောင်တွေဟာ တရိပ်ရိပ် ကျန်ခဲ့ သတဲ့။ လူမည်းကြီးတွေက ဘာစကား မှတော့ မပြောကြဘူး။ တော်တော် ညဥ့်နက်တော့ သစ်ပင်ကြီးအောက်မှာ သူ့ကို ချပေးတယ်။

ဗိုက်ဆာနေမှန်းသိတော့ လူမည်း ကြီးတစ်ယောက်က ထွက်သွားပြီး ခဏနေတော့ သစ်သီးတွေ ယူလာ သတဲ့။ သစ်သီးတွေကို လူမည်းကြီးက လက်ထဲ ဆွဲထည့်ပေးတယ်။

အဲဒီအသီးတွေစားလို့ မပြောပေ မယ့် သစ်သီးတွေရဲ့ အမွှေးနံ့က မစားဘဲ မနေနိုင်အောင်ဖြစ်ပြီး စား သတဲ့။ ရေဆာနေတာတွေလဲ ပြေသွား သတဲ့။

အစကတော့ သူ ကြောက်ပေမယ့် ကြာတော့လဲ အကြောက်တွေ ပြေသွား ပြီး ဗိုက်ထဲက အစာရောက်သွားတာနဲ့ အိပ်ချင်စိတ်တွေ ဖြစ်လာတော့ မထိန်း နိုင်တော့ဘဲ အိပ်ပျော်သွားရောတဲ့။

မနက်လင်းလို့ အိပ်ရာက နိုးတော့ ညကအဖြစ်တွေ ပြန်သတိရပြီး ဟိုဒီ သူ ကြည့်ပေမယ့်ညက လူမည်းကြီး တွေ မတွေ့ရတော့တာနဲ့ အဲဒီနေရာ က အမြန်ထွက်သွားဖို့ သတိရသွား တယ်။

ခြေလှမ်း ဆယ်လှမ်းလောက်ပဲ သွားမိကာ ရှိသေးတယ်။ ဟောခနဲ ချုံကြီးထဲက ငန်းမြွေကြီး ထွက်လာပြီး ရှေ့တည့်တည့်မှာ ပါးပျဉ်းကြီးထောင် လို့နေတာ တွေ့လိုက်တာနဲ့ ဘာမှ စဉ်းစားမနေတော့ဘဲ နောက်ဘက် လှည့်ပြေးတာပေါ့။

အဲဒီမှာလဲ ဇရာမမြွေကြီးတစ် ကောင်က သူပြေးမယ့်ဘက်မှာ ကန့်လန့်ကြီးတွေ့လိုက်ရတော့ ရပ်ပြီး တခြားဘက်တွေ ကြည့်လိုက်ပြန်တော့ လဲ ဆင်ကြီးတစ်ကောင်နဲ့ ကျားကြီး တစ်ကောင်က တစ်ဖက်စီကနေ သူ့ကို ရပ်ကြည့်နေတာ တွေ့လိုက်ရပြန်တော့ ဘယ်မှ ပြေးမရတော့ဘဲ အနီးမှာရှိနေ တဲ့ သစ်ပင်ကြီးပေါ်တက်ဖို့ ကြိုးစား တာပေါ့။

သစ်ပင်ကြီးက သိပ်ကြီးမားလွန်းပြီး ပြောင်ချောနေတော့ ဘယ်လိုမှ တက် လို့ မရဘူးတဲ့ ထူးဆန်းတာက အဲဒီ သစ်ပင်ကြီးဟာ ကုလားအော်ပင်ကြီး တဲ့ကွ။

ပြေးလို့လဲမရ၊ ပုန်းရှောင်လို့လဲ မရတဲ့အဆုံး သစ်ပင်ကြီးရဲ့ခြေရင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

မျက်စိစုံမှိတ် ဘုရားတရားပဲ စိတ်ထဲက ရွတ်ဆိုနေရတော့တယ်တဲ့။

ဘုရားတရားစာတွေ ရွတ်ဆိုနေရင်းက အတော်ကြာတော့ မရဲတရဲ မျက်စိဖွင့်ကြည့်လိုက်တော့ မလှမ်းမကမ်းမှာရှိတဲ့ တောကောင်တွေ မတွေ့ရတော့ဘူးလို့ ပြောပြတယ်။

အဲဒီနေရာက ထွက်သွားမယ်လုပ်တိုင်းမှာတော့ တောကောင်တွေက ပေါ်,ပေါ်လာတယ်တဲ့။ ညဘက်ဆိုရင် လူမည်းကြီးတွေက ရောက်လာကြတယ်။ သစ်သီးမျိုးစုံတွေ ယူလာကြတယ်။ အဲဒီနေရာမှာ (၆)လကျော်လုံးလုံး ဘယ်မှလဲ မသွားရဲ လူမည်းကြီးတွေ ယူလာတဲ့အသီးတွေ စားပြီး နေရတယ်။

ညတိုင်း လူမည်းကြီးတွေက လာစောင့်သလို နေ့ဘက်မှာ တောကောင်တွေက (၆)လကျော်လုံးလုံး စောင့်တာပဲတဲ့။

သူ့ကို ဆွဲခေါ်လာတဲ့ လူမည်းကြီးတွေဟာ လူမဟုတ်တာတော့ သေချာတယ်။ ဘာလဲဆိုတာတော့ သူခန့်မှန်းမရဘူးတဲ့။ ညတိုင်း လူမည်းကြီးတွေနဲ့ အတူနေရတော့ ကြောက်စိတ်တွေ မရှိတော့ဘဲ လူမည်းကြီးတွေကို လက်နဲ့ ထိကိုင်ကြည့်မယ်လို့ စိတ်ကူးတိုင်း သူ့လက်တွေဟာ လှုပ်မရဘူးတဲ့ကွ။ လူမည်းကြီးတွေဟာ တစ်ခါမှလဲ စကားပြောတာ လုံးဝ မရှိဘူးတဲ့။

သူတွေးမိတာတစ်ခုတော့ ရှိသတဲ့ကွ။ ပိုက်စောင့် သူသွားတော့ လမ်းမှာ အိမ်သာသွားချင်တာနဲ့ သစ်ပင်ကြီး တစ်ပင်အောက်မှာ သွားခဲ့တယ်။ အပေါ့အပါးသွားပြီး အဲဒီနေရာက ထသွားတော့ ခလုတ်တိုက်လို့ လဲမယ်ဖြစ်တာနဲ့ စိတ်တိုတိုနဲ့ စိတ်ထဲက ဆဲမိခဲ့သတဲ့။ သေချာ ပြန်တွေးကြည့်တော့ အဲဒီသစ်ပင်ကြီးဟာ ညောင်မုတ်ဆိတ်ပင်ကြီးလို့ ပြောပြတယ်။



သူအပေါ့အပါးသွားခဲ့တဲ့ အပင်ကြီးမှာရှိတဲ့ ရုက္ခစိုးနတ်မင်းကြီးက မကျေနပ်လို့ဖြစ်တာလားဆိုပြီး ဘုရား တရား အောက်မေ့ရင်း အမြဲတောင်းပန်နေမိသတဲ့။ အဘိုး ဦးဘတင် တွေးသလို ရွာကလူတွေကလဲ နတ်မကြိုက်လို့ နတ်လွှင့်တာလို့ ယုံနေကြတယ်။

ကံကောင်းလို့ ဦးသင်းမောင်နဲ့ တွေ့ရလို့ ရွာပြန်ရောက်လာတာ'

'နေပါဦး စောစောက မင်းပြောတော့ နေ့ဘက်မှာ တောကောင်တွေ စောင့်နေကြတာဆို ဘယ်ရောက်ကုန်ကြလို့လဲ'

သူငယ်ချင်းချစ်မောင် စကားက မရှင်းမရှင်းကြီးဖြစ်၍ ဖြတ်မေးလိုက်သည်။

'ဒါတော့ ငါ မပြောတတ်ဘူး။ ငါ ပြောနိုင်တာကတော့ အဘ ဦးဘိုးတင် (၆)လကျော် ဘယ်ကိုမှ မသွားရဘဲ နေခဲ့ရတဲ့ ကုလားအော်ပင်ကြီးရဲ့ အသီးတွေဟာ မစပ်ဘဲ ချိုနေသတဲ့။ နေ့ခင်းဘက်မှာဆို ကျေးငှက်တွေ လာစားသောက်ကြတာ ဆူညံနေတာပဲတဲ့။

အဘိုး ဦးဘတင် ရွာပြန်ရောက်လာပြီးတဲ့နောက် သူ့အဖေရော၊ သူပါ တောလည်တာတို့၊ ယုန်လိုက်တာတို့ လုံးဝ မလုပ်တော့ဘဲ ဘုရား၊ တရား အလုပ်ကိုပဲ လုပ်တော့တယ်'

'မင်းဘကြီး နေခဲ့ရတဲ့ ကုလားအော်ပင်ကြီးဟာ သိပ်ကြီးလွန်းတော့ ယုံနိုင်စရာလဲ မရှိသလို အံ့သြစရာကောင်းနေတယ်။ အလွန်ကောင်းပါတယ်ဆိုတဲ့ တောင်ပေါ်မြေမှာတောင် ကုလားအော်ပင်ဟာ နှစ်တွေကြာလာမှ လက်ကောက်ဝတ်လောက်ပဲရှိတာ ငါ မြင်ဖူးပါတယ်။ မင်း ဘကြီးနေခဲ့ရတဲ့ ကုလားအော်ပင်က ကြီးလွန်းလှသကွ'

ဟု ပြောလိုက်တော့...

'အဘိုး နေခဲ့ရတဲ့ ကုလားအော်ပင်ကြီးဟာ တကယ့်ကုလားအော်ပင်ကြီးဆိုတာကို အဘိုးကိုတွေ့လို့ ပြန်ခေါ်လာခဲ့တဲ့ ဦးသင်းမောင်ကိုယ်တိုင်ကကို ပြောတာ...

ဒါပေမယ့်ကွ အဲဒီလောက်ကြီးတဲ့ ကုလားအော်ပင်ကြီး ရှိတယ်ဆိုတာ ဦးသင်းမောင် ပြောပြလို့ သူ့ကို အသကလူတွေ အထူးအဆန်းဖြစ်ပြီး သွားကြည့်ကြတယ်။ ဦးသင်းမောင်က လမ်းပြပေါ့။ သူသွားခဲ့တဲ့ တောတောင်တွေထဲ နေရာနှံ့အောင် ပြန်ရှာပေမယ့် လဲ အဲဒီကုလားအော်ပင်ကြီးကိုတော့ မတွေ့ရတော့ဘူးတဲ့ သူငယ်ချင်း'

ဟု သူငယ်ချင်း ချစ်မောင်က သူ့စကားကို အဆုံးသတ်လိုက်လေသည်။

**မှတ်ချက်** ။ ။ **ဖြစ်ရပ်မှန်အား ရေးဖွဲ့ပါသည်။**

**အေးချမ်းအောင်(ရမည်းသင်း)**

www.burmeseclassic.com

# ပေဟ္သာသုတ်၏အရှုံး

ဦးမင်းသိ (မြဝတီ)



၁၉၈၁ ခုနှစ် ကျွန်တော် ခမရ(၅)တွင် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ ကျွန်တော်တို့ တပ်မ(၄၄) လက်အောက်ခံ တပ်ရင်းများသည် ကရင်ပြည်နယ် တစ်ခွင် ပြုပြစ်အောင် စစ်ဆင်ရေး ဆင်နွဲလျက်ရှိ၏။

ရှေ့တန်း တပ်မ(၄၄)သည် လေးကေတွင် ရှေ့တန်းဌာနချုပ် ဖွင့်၍ ကွပ်ကဲ အုပ်ချုပ်လျက်ရှိ၏။

ရှေ့တန်းခမရ(၅)သည် ပျဉ်းမပင်ဆိပ်တစ်ဝိုက် တာဝန်ယူရချိန် စစ်ကြောင်း(၁)ရုံးနှင့် တပ်ခွဲ(၅) လက်နက်ကြီးတပ်ခွဲသည် ပျဉ်းမပင်ဆိပ်စခန်းတွင် အခြေပြု၍ စစ်ကြောင်း(၂)နှင့် ကျန်တပ်ခွဲများသည် ပျဉ်းမပင်ဆိပ် နယ်မြေတစ်ဝိုက် နယ်မြေ ထိန်းသိမ်းလှုပ်ရှားလျက်ရှိ၏။

ကျွန်တော်တို့တပ်မ(၄၄)၏ တပ်ရင်းများ ကရင်ပြည်နယ်တွင် စစ်ဆင်ရေးဝင်ရောက် ဆင်နွှဲခဲ့သည်မှာ (၂)နှစ်ကျော်ပြီ ဖြစ်သည့်အလျောက် ထိုဒေသရှိကြက်,ဝက်ကအစ စားဖွယ်ဟင်းလျာများ ရှားပါးစ ပြုနေပါပြီ။

ကျွန်တော်တို့ အခြေစိုက်စခန်းများတွင် ကြက်,ဘဲ,ဝက်များ မွေးနေကြရပါသည်။ ပျဉ်းမပင်ဆိပ်စခန်းတွင် ရာသီစားပင်များပင် စိုက်ထားပါ၏။ တောပစ်ခြင်း၊ သားငါး ရှာဖွေစားသောက်နေရပါသည်။

တစ်နေ့ တပ်ရင်းမှူးကြီး၏ တပည့်ကျော် တပ်ကြပ်အောင်တင့် ပျဉ်းမပင်ဆိပ်ချောင်းအတွင်း ရေသွားချိုးရာမှ ပြန်အလာတွင် ကျွန်တော့်ဆီ ရောက်လာပြီး...

'ဆရာကြီး ဒီမှာတွေ့လား ငါးရံ့နှစ်ကောင် ကျွန်တော် ဖမ်းလာတယ်။ ချောင်းထဲမှာ ငါးတွေ အများကြီးပဲ'

ဟု ပြောရင်း လာကြပါသည်။

'မင်း ဝယ်လာတာလား၊ သူများ ဖမ်းပေးလိုက်တာလား'

'ဆရာကြီးက ကျွန်တော့် အတော်တော် အထင်သေးတယ်။ ကျွန်တော် ငါးတော့ ဖမ်းတတ်ပါသေးတယ်။ ရေချိုးရင်း ဟိုနိုက်ဒီစမ်းနဲ့ ဖမ်းမိလာတာ'

ငါးတွေ ကြည့်လိုက်တော့ ငါးဆယ်သားလောက်ရှိ၏။ အရှင်တွေ ကျွန်တော် စိတ်ဝင်စားသွားပြီး...

'မင်းနေရာက ဝေးလား'

'မဝေးပါဘူး။ စခန်းအထွက် ရွာထိပ်မှာပါ'

အင်း...ကျွန်တော် စဉ်းစားနေမိ၏။

'ဆရာကြီးက ဘာလုပ်ချင်လို့လဲ'

'ငါ ငါးမိုင်းခွဲမလို့'

'ဆရာကြီးအကြောင်း သိလို့ ကျွန်တော် လာပြောတာ'

'ကဲ အောင်တင့် အဝတ်အစားသွားလဲ။ မင်း လက်ဖြောင့်တပ်စိတ်ကရဲဘော်(၃)ယောက်လောက်ခေါ်ခဲ့၊ ငါ သွားကြည့်မယ်။ ရဲဘော်တွေ ငါ့မိနတ်အီကွတ် မင်း အစုံနဲ့ခေါ်ခဲ့၊ တပ်ရင်းမှူးကြီးမေးရင် ငါ ရွာသွားစရာရှိလို့



www.burmeseclassic.com

www.burmeseclassic.com

လိုက်သွားရမယ်လို့ သတင်းပို့ခဲ့'

ထိုအချိန်က ထိုဒေသတွေမှာ ရန်သူက အနီးကပ်ရှိနေ၏။ တစ်ယောက်တည်း၊ နှစ်ယောက်တည်း သွားရှုမရပါ။ အဖွဲ့ငယ် တစ်ဖွဲ့လောက်ဖြင့် သွားလာ လှုပ်ရှားရပါသည်။

သိပ်မကြာလှပါ။ အောင်တင့်တို့ အဆင်သင့် ဖြစ်သောအခါ ကျွန်တော်လည်း တပ်သား ဖိုးအောင်ခေါ်ပြီး သွားကြည့်ကြ၏။

ကောင်းလိုက်သည့် မြင်ကွင်း ချောင်းက သုံးခွဆုံ နွေကာလ ရေနည်းနေချိန် ရေကလည်း သိပ်မစီးလှ။ အင်းသဖွယ်ဖြစ်နေ၏။ အောင်တင့်ပြောတာမှန်ပါသည်။ ငါးငယ်လေးတွေ ပွက်သည်ကိုပင် တွေ့ခဲ့ရ၏။ ကျွန်တော် ကျေနပ်သွားပါပြီ။

နောက်တစ်နေ့မှာတော့ ကျွန်တော် တပ်ရင်းမှူးကြီးနှင့် သွားတွေ့ပြီး...

'တပ်မှူး ကျွန်တော် ငါးမိုင်းခွဲချင်တယ်'

ဟု သတင်းပို့လိုက်ရာ...

'ငါ့ကို ညကတည်းက အောင်တင့် ပြောပြလို့ သိပြီးပြီ။ မင်း ဖြစ်ပါ့မလား'

'ဖြစ်ပါတယ် တပ်မှူး။ ကျွန်တော် ဘီအီးခင်မောင်ဝင်းကို ခေါ်သွားမှာပါ' (ခင်မောင်ဝင်းဆိုသူက ဘီးအီးတပ်မှ မိုင်းတာဝန်ခံ။)

'လုံခြုံရေးတော့ လိုမယ်ကွ။ နေရာက ဝေးလား'

'မဝေးပါဘူး ကျွန်တော် သွားကြည့်ပြီးပါပြီ။ ကိုက်(၂၀၀၀)ကျော်လောက်ပါ။ ရွာထိပ် မရောက်တရောက်ပါ'

'အေး ငါ တပ်စုတစ်စု လုံခြုံရေး ထည့်ပေးလိုက်မယ်။ ငါးကောက်မယ့် ရဲဘော်တွေကတော့ မင်းနဲ့ အောင်တင့် စီစဉ်ကြ။ ရေကူးတတ်တဲ့ ရဲဘော်တွေ ရွေးခေါ်သွား'

'ကျွန်တော် ဝန်ထမ်း(ပေါ်တာ)တွေ ခေါ်သွားပါ့မယ်'

'ကောင်းတယ် ဗိုလ်မှူးမြသန်း ခေါ်ခိုင်းလိုက်'

ဗိုလ်မှူးမြသန်း ရောက်လာတော့...

'ကိုမြသန်းရေ ခင်ဗျားတပည့် ငါးမိုင်းသွားခွဲမလို့တဲ့ဗျာ။ အဲဒါ ခင်ဗျား ဦးစီးပြီး တပ်စုတစ်စုနဲ့ လုံခြုံရေးလိုက်ပေးလိုက်ပါ။ ကလေးတွေ စိတ်မချလို့ပါ'

'ကောင်းပါပြီခင်ဗျာ။ ကျွန်တော် သေသေချာချာ ဆောင်ရွက်ပါ့မယ်။ စိတ်ချပါ တိုက်ကင်းထွက်တဲ့ သဘောမျိုးလုပ်ပါ့မယ်'

ဤသို့ဖြင့် ကျွန်တော်တို့အဖွဲ့ ချီတက်ခဲ့ကြပါသည်။ ရေမှုဆိုး တံငါ ကျော်ကြီးများ၊ ငါးများ ပျော်စံရာ ချောင်းဆုံသို့။

မိုင်းခွဲမည့် နေရာရောက်တော့ ဗိုလ်မှူးမြသန်းသည် တပ်စုကို စနစ်တကျ နေရာချပေးပါ၏။ သူကတော့ အရိပ်ကောင်းသော သစ်တစ်ပင် အောက်တွင် ဓာတ်ဘူးငယ်လေးဖြင့် ရေနွေးကြမ်း ထိုင်သောက်နေပါသည်။

မိုင်းစစ်သည် ခင်မောင်ဝင်း တစ်ယောက် မိုင်းတစ်လုံး ပြင်ဆင်ပြီးသောအခါ "ဆရာကြီး ကြည့်ပါဦး"ဟု ပြောပြီး ကျွန်တော့် လှမ်းပေး၏။

'ခင်မောင်ဝင်းရာ မင်းလုပ်နေတာ ငါမြင်နေတာပဲ။ ဘာမှ မလိုပါဘူး'

ဟု ပြောပြီး ချောင်းတွင်းသို့ ပစ်ချလိုက်ရာ ကွဲပါပြီ။

'ရှူး'

ရေလှိုင်းလေးထကာ မီးခိုးတန်းလေး အပေါ်တက်လာ၏။

'ခင်မောင်ဝင်းရေ နောက်တစ်လုံး မင်းပဲ ပစ်ချလိုက်'

ခင်မောင်ဝင်း လုပ်ပြန်ပါပြီ။ နောက်တစ်လုံး ပစ်ချလိုက်ပါပြီ။ ကွဲပါပြီ ပထမမိုင်းတိုင်း "ရှူး"ခနဲ။

'ခင်မောင်ဝင်းရေ ဘယ်လိုဖြစ်တာလဲ'

'မသိတော့ပါဘူး ဆရာကြီး'

'ပေး ပေး ငါလုပ်မယ်'

ဆိုပြီး ကျွန်တော် ယူလုပ်ပါသည်။ စနစ်တကျရယ်ပါ။ ပစ်ချလိုက်ပါပြီ။ တတိယမိုင်း ကွဲပြန်ပါပြီ ထုံးစံအတိုင်း။ "ရှူး"ခနဲနှင့်အတူ ရေလေးများ ပလုံစီပြီး တစ်ထွာလောက်ရှိ ငါးနုသန်းလေးတစ်ကောင် ပေါ်လာ၏။

ရဲဘော်တစ်ယောက် ဆင်းကောက်ပြီး ကျွန်တော့် လာပေး၏။

'ငါက ဘာလုပ်ရမှာလဲ၊ ဆောင့်ကန်လိုက်ရ'

ဟုပြော၍ ဟောက်လိုက်မိ၏။ အမှန်က မိုင်းမကွဲ၍ စိတ်တိုနေခြင်းပါ။ ထိုရဲဘော်လေးက ကျွန်တော့်ကို အလွန်ခင်မင်သူလေးပါ။

'ဖိုးအောင် ပစ္စည်းတွေသိမ်း ပြန်မယ်'

တစ်လမ်းလုံး ကျွန်တော် မည်သူနှင့်မှ စကားမပြောပါ။ စခန်းပြန်ရောက်တော့ တပ်ရင်းမှူးကြီးက...

'မိုင်းသံမကြား ဘာမကြားနဲ့ ဘာများဖြစ်နေကြလဲဆိုပြီး စိတ်ပူလို့ တပ်စုတစ်စု အဆင်သင့် လုပ်ခိုင်းထားတယ်။ ဘယ်လို ဖြစ်ကြတာလဲ'

ဟု ဆီးမေးပါသည်။

'ကျွန်တော် မိုင်း(၃)လုံးခွဲတယ် တပ်မှူး။ တစ်လုံးမှ မကွဲဘူး'

'ဟေ ဘယ်လိုဖြစ်တာလဲ ဒီချောင်းမှာ အစောင့်အရှောက်တွေများ ရှိလေရော့လားကွ၊ ကိုမြသန်းရေ စဉ်းစားစရာပဲ။ အေးပေါ့လေ မိုင်းမကွဲတော့လဲ ဘာတတ်နိုင်မှာလဲ ကဲ...နားကြ'

ဟု ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့လည်း ကိုယ့်အဆောင်လေးများဆီ ကိုယ်ပြန်ခဲ့ကြ၏။



ညနေ (၅)နာရီလောက်မှာ ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးကျော်ဝင်းနှင့် ကျွန်တော် အဖျော် ယမကာလေး မှီဝဲနေချိန် ဗိုလ်မှူးမြသန်း ရောက်လာပြီး…

'သြော် ဗိုလ်ကျော်ဝင်းနဲ့ ဗိုလ်ညိုတို့ မိုင်းခွဲလို့ ရလာတဲ့ ငါးကြော်တွေ မြည်းပြီး ငြိမ့်နေကြတယ်ပေါ့လေ။ ကိုယ့်လဲ ကျွေးပါဦး'

ဟု ပြောရာ…

'မိုင်းမကွဲလို့ မင်းညို စိတ်တိုနေတဲ့ ကြား ဗိုလ်မှူးက လာနောက်နေပြန်ပြီ'

ဟု ဗိုလ်ကြီးကျော်ဝင်းက ပြောလိုက်ရာ…

'အေး… ဒီလိုကွ ဗိုလ်ကျော်ဝင်းရေ ငါလဲ အခုပဲ တပ်ရင်းမှူးကြီးကို သွားတွေ့ပြီး အကျိုးအကြောင်း ပြောပြပြီး တောင်းပန်ခဲ့ပြီးပါပြီကွာ။ အခု ဗိုလ်ညိုကို တောင်းပန်ဖို့ လာတာပါ'

'ဗိုလ်မှူး ဘယ်လို… ဘယ်လို… ဖြစ်လာတာလဲ ဗိုလ်မှူးပြောတာ ကျွန်တော် သဘောမပေါက်ဘူး'

"ဒီလိုကွ ဗိုလ်ကျော်ဝင်းရ ဗိုလ်ညိုတို့ ငါးမိုင်းခွဲနေတုန်း ငါ သစ်ပင်ရိပ်မှာ ထိုင်ပြီး ရေနွေးသောက်ရင်း "မေတ္တာသုတ်" ရွတ်နေမိတယ်ကွာ။ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူတဲ့ မေတ္တာသုတ္တန်ရဲ့ တန်ခိုးအာနုဘော် ဒီလောက် ကြီးမားတယ်ဆိုတာ ငါ မစဉ်းစားမိခဲ့ဘူးကွာ။ ဗိုလ်ညိုတို့ခွဲတဲ့ မိုင်းတွေ မကွဲတာ ငါ မေတ္တာသုတ် ရွတ်နေလို့ပဲဆိုတာ ငါ အခုမှ စဉ်းစားမိတယ်။

မေတ္တာသုတ်ဟာ ဝေနေယျ သတ္တဝါအပေါင်းရဲ့ ဘေးအန္တရာယ်ကို ကာယ်တင်နိုင်စွမ်းရှိတယ်ဆိုတာ ငါ အခုမှ သိတော့တယ်ကွာ။ ငါလဲ စိတ်မကောင်းတော့ဖြစ်မိတယ်။ ဗိုလ်ညို ငါ့ကို ခွင့်လွှတ်ပါကွာ'

'ဗိုလ်မှူးရယ် ကျွန်တော့်ကို ဒီလောက်ပြောပြီး တောင်းပန်စရာလိုလို့လား ဗိုလ်မှူးရာ၊ ကျွန်တော်က ကျွန်တော်တို့ အသုံးမကျလို့ မိုင်းမကွဲတာဆိုပြီး ကိုယ့်ကိုယ်ကိုယ် စိတ်တိုနေတာပါ'

ထိုအခါ ဗိုလ်မှူးမြသန်းက…

'အေး ဒါလိုဆိုလဲ ပြီးတာပါပဲကွာ'

ဟု ပြော၍ ထပြန်သွားပါ၏။

ထိုအချိန်တွင် ဗိုလ်ကြီးကျော်ဝင်းက…

'ဗိုလ်မှူးပြောသွားတာ ဖြစ်တော့လဲ ဖြစ်နိုင်တယ်ကွ။ ငါးတွေ ရှိတာတော့ သေချာတယ်နော်'

ဟု ပြောလာ၏။

'သြော်… ဗိုလ်ကြီးရယ် ကျွန်တော် မြစ်ဝကျွန်းပေါ်သားပါ။ ရေမြင်ရင် ငါးရှိ မရှိ သိပါတယ်'

'မင်းက အချင်းချင်း ကပ်ကြွားနေပြန်ပြီ။ ဒါဆို ဒီလိုလုပ် မနက်ဖြန် ထပ်သွားပြီး ထပ်ခွဲမယ်ကွာ။ တပ်ရင်းမှူးကြီးကို တို့နှစ်ယောက်သွားပြီး ခွင့်တောင်းကြမယ်'

'ကျွန်တော်တော့ ထပ်ပြီး ခွင့်မတောင်းရဲတော့ဘူး။ ဗိုလ်ကြီး ထပ်ခွဲချင်ရင် ဗိုလ်ကြီးဟာ ဗိုလ်ကြီး ခွင့်သွားတောင်းပါ'

'ဒါ ငါ့တာဝန်ထားလိုက်စမ်းပါကွာ'

မင်းတပ်ရင်းမှူးကြီး ခွင့်ပြုမှာပါ'

နောက်တစ်နေ့မှာတော့ ကျွန်တော်တို့ ကွန်မန်ဒိုတပ်စုတစ်စုဖြင့် သို့တက်ကြပြန်ပါပြီ။

နေရာရောက်တော့ ကျွန်တော် နှီးဆီခွက်တစ်ခွက်ဖြင့် မိုင်းတစ်လုံး ပြုလုပ်၍ လွှတ်ချလိုက်ရာ…

'အုံး… ဂျိမ်း'

မြေပါ တုန်သွားပါ၏။

ရေပြင်ပေါ် ငါးတွေ ဖွေးခနဲ ပေါ်လာပါတော့သည်။ အချိန်(၁၀)ကျော် ရရှိခဲ့ပါသည်။

မေတ္တာသုတ်၏ တန်ခိုးအာနိသင်ကို ၁၉၈၁ ခုနှစ်က ကိုယ်တွေ့ကြုံခဲ့ရသည်ကို ရေးသား တင်ပြပါသည်။

**မှတ်ချက်**

ဗိုလ်မှူးမြသန်းသည် လူပျိုကြီးပါ။ တပ်မတော်မှ အငြိမ်းစားယူပြီး ပြည်မြို့တွင် နေထိုင်လျက် ပြည်ရွှေစာရံဘုရားကြီးတွင် ဂေါပကအဖွဲ့ တာဝန်ထမ်းဆောင်ရင်း မိခင်အိုကြီးအား လုပ်ကျွေးသမှု ပြုနေကြောင်း ကြားသိရပါသည်။

ကျွန်တော့်ကို ညီငယ်တစ်ဦးသဖွယ် ချစ်ခင်ပြီး ၁၉၇၉ ခုနှစ် စတင်တွေ့ဆုံသည်မှစ၍ ကျွန်တော့်အား နာမည်အပြည့်အစုံမခေါ်ပါ။ "ဗိုလ်ညို"ဟု ခေါ်ပါသည်။ ဗိုလ်မှူးနှင့် မိခင်ကြီး ကျန်းမာ ချမ်းသာကြပါစေ။

ဦးမင်းညို (မြဝတီ)



www.burmeseclassic.com

www.burmeseclassic.com

မောင်ရွှေဝန်း

# မြေပဲအမြုတေ

## နှင့်

### ဖြစ်ရပ်ဆန်း



ကျွန်ုပ် ယခု ရေးသားဖော်ပြမည့် အကြောင်းအရာသည် အညာဒေသတွင် အပါအဝင်ဖြစ်သည့် မြေလတ်မြို့ ကလေးတစ်မြို့တွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာ ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူတို့၏ အမည်နာမများကို လွှဲပြောင်းရေးသားမှ သင့်တော်မည် ဖြစ်သည့်အတွက် လွှဲပြောင်းရေးသားပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းချစ်သူများသို့တင်ပြလိုက်ခြင်းဖြစ်ပါကြောင်း...

ထိုမြေလတ်မြို့ကလေး၏ အရှေ့ဘက် ဆယ်မိုင်ခန့်အကွာတွင် အဖြစ်အပျက်၏ ဇာတ်လိုက်ကျေးရွာလေး တည်ရှိပြီး ရွာသူရွာသားများ၏ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာလုပ်ငန်းပင် ဖြစ်သည်။

တစ်နေ့ ထိုရွာလေးရှိ ကိုမောင်ရှိန်၏ အိမ်၌ ထူးဆန်းသော ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်ခဲ့သည်။ အဖြစ်အပျက်ကား ကိုမောင်ရှိန်တို့ မိသားစုသည် လယ်မှ ထွက်ရှိသော မြေပဲများထဲမှ မြေပဲအချို့ကို အိမ်၌ လိုအပ်သည့်အခါ အသုံးပြုရန် အခွံနွှာနေကြစဉ် သမီးငယ် အခွံနွှာသည့် မြေပဲတောင့်ထဲမှ မြေပဲစေ့တစ်စေ့မှာ ထူးခြားနေကြောင်း တွေ့ရှိရလေသည်။

ထိုမြေပဲစေ့လေး၏ သဏ္ဍာန်မှာ သွေးထားသည့် ကျောက်တစ်ပွင့်ကဲ့သို့ အဝန်းအဝိုင်း ညီညာလှပကာ ကြည့်ကောင်းနေလေသည်။

ကိုမောင်ရှိန်၏ စိတ်၌ ထိုထူးခြားနေသော မြေပဲစေ့လေးကို ကိုင်တွယ်ကြည့်ရှုရင်း တစ်စုံတစ်ခုကို စဉ်းစားနေလေသည်။

ခဏအကြာတွင် ဆုံးဖြတ်ချက်တစ်ခုချကာ သူ၏ အစ်ကိုကြီး နေထိုင်ရာ ရွာတောင်ပိုင်းသို့ သွား၍ မြေပဲစေ့လေးရရှိပုံ ဖြစ်စဉ်ကို ပြောပြလေ၏။ ကိုမောင်ရှိန်၏အစ်ကိုကြီး ဦးမောင်ထိန်

www.burmeseclassic.com

မှာ ဗဟုသုတ အတန်အသင့်ရှိသူ ဖြစ်သောကြောင့် ထိုမြေပဲစေ့လေးအား စမ်းသပ်မှုပြုလေရာ တူနှင့်ထု၍ မကွဲခြင်း၊ မီးမလောင်ခြင်း စသည်တို့ကို တွေ့ရလေသည်။

ဤမြေပဲစေ့လေးသည် အမြုတေဖြစ်ကြောင်း၊ တန်ဖိုးရှိသည့်အတွက် မိမိ သိမ်းဆည်းထားမည်ဖြစ်ကြောင်း... နောင်တစ်ချိန်တွင် သူတို့ညီအစ်ကိုအတွက် အကျိုးရှိလာနိုင်ကြောင်း ပြောပြရာ ကိုမောင်ရှိန်၏ သဘောတူညီမှုရ၍ ဦးမောင်ထိန်မှ ထိုပစ္စည်းလေးအား လုံခြုံစွာ သိမ်းဆည်းထားလေ၏။

ဤအဖြစ်အပျက် ဖြစ်ပေါ်ပြီး ခြောက်လခန့်အကြာတွင် ဦးမောင်ထိန်ထံသို့ ဧည့်သည်လေးဦး ရောက်ရှိလာကာ မြေပဲစေ့ အမြုတေလေးအား ကြည့်လိုကြောင်းနှင့် နှစ်မြိုက်သဘောကျပါက သူတို့အား ရောင်းချစေလိုကြောင်း ပြောလာလေ၏။

ဦးမောင်ထိန်လည်း မြို့ပေါ်မှ သူ၏ မိတ်ဆွေ ဦးဝေမြိုင်နှင့် ပါလာသည့် ဧည့်သည်များအား ထိုမြေပဲစေ့ အမြုတေလေးကို ထုတ်ယူပြလေ၏။ ဧည့်သည်များကား ဦးမောင်ထိန်၏ ခွင့်ပြုချက်ဖြင့် စမ်းသပ်မှုအမျိုးမျိုး လုပ်ကြည့်ကာ မြေပဲစေ့အမြုတေလေးကို သဘောကျလျက် ရှိနေတော့၏။

ဦးမောင်ထိန်မှ မိမိသည် ဤမြေပဲ အမြုတေလေးအား တန်ရာတန်ကြေးရလျှင် ရောင်းချမည်ဖြစ်ကြောင်း၊ ထိုသို့ ရောင်းချရာတွင် မိမိကိုယ်ကျိုးအတွက် အဓိကမထားဘဲ ရွာဦးမှ သာသနိက အဆောက်အအုံများကို ပြန်လည် ပြုပြင်ရန် အဓိက ရည်ရွယ်ကြောင်း ပြောပြပါသည်။

ဦးမောင်ထိန်၏မိတ်ဆွေ ဦးဝေမြိုင်မှ ဤမိတ်ဆွေများသည် မန္တလေးမြို့မှ



သူ၏ အသိမိတ်ဆွေများဖြစ်ကြောင်း၊ သည့်ဘက်မှ ဦးမောင်ထိန်မှလည်း မိမိ၏ ပြောမနာဆိုမနာ မိတ်ရင်းဖြစ်သည့်အတွက် သင့်တော်ရာကြေးဖြင့် ရောင်းချစေလိုကြောင်း စကားထောက်လာလေသည်။

ပြောကြဆိုကြရင်း သိန်းနှစ်ဆယ်ဖြင့် အရောင်းအဝယ်တည့်မည့် အခြေသို့ ဆိုက်လာလေရာ ဧည့်သည်များမှ နောက်ဆုံး စမ်းသပ်သည့် အနေဖြင့် သေနတ်နှင့် သုံးကြိမ် စမ်းလိုကြောင်း ပြောလာရာ သဘောတူညီမှု ရကြလေ၏။

ဦးမောင်ထိန်၏ အိမ်ရှေ့မြေကွက်လပ်တွင် ကျောမှီပါသည့် သစ်သားကုလားထိုင်တစ်လုံးချကာ ထိုကုလားထိုင်၏ ကျောမှီပေါ်၌ မြေပဲစေ့အမြုတေအား ငွေဖြင့် ကွပ်ထားသည့် လက်စွပ်လေးကိုတင်ကာ ငါးပေ အကွာခန့်မှ သေနတ်နှင့် ပစ်ကြည့်လေတော့၏။

"ဒိုင်း"ဆိုသော အသံကြားရလေမည်လားဟု စိုးရိမ်စိတ်ဖြင့် ဘေးမှ ရပ်ကြည့်နေသူတို့မှာ "ချောက်"ဟူသော အသံသဲ့သဲ့ကိုသာ ကြားကြရလေ၏။

ဧည့်သည်တို့၏ မျက်နှာများပေါ်တွင် ဝမ်းသာမှုတို့ အထင်းသား ပေါ်လွင်နေကြ၏။

သေနတ်နှင့် နောက်တစ်ချက် စမ်းရန်အပြုတွင် ဦးမောင်ထိန်ထံမှ "ခဏနေပါဦး"ဆိုသည့် အသံထွက်လာသဖြင့် ဦးဝေမြိုင်နှင့် ဧည့်သည်များ၏ အကြည့်များသည် ဦးမောင်ထိန်ဆီသို့ ရောက်ကုန်ကြလေ၏။

'ဘာဖြစ်လို့လဲ ဦးမောင်ထိန် စည်းကမ်းအတိုင်း သုံးကြိမ်စမ်းဖို့ သဘောတူပြီးသားပဲ။ ဘာပြောစရာ ရှိလို့လဲ'

ဟု ဦးဝေမြိုင်မှ မေးလေရာ ဦးမောင်ထိန်မှ စဉ်းစားဟန်ပြုပြီး...

'ခဏနေဦးဗျာ ဒီပစ္စည်းလေးဟာ ကျွန်တော်ပိုင်တာ မဟုတ်ဘူး။ ကျွန်တော့်ညီပိုင်တဲ့ ပစ္စည်းဆိုတော့ သူ့ကိုခေါ်ပြီး သဘောတူ၊မတူမေးမှ သင့်တော်မယ်လေဗျာ'

ဟူ၍ ပြောလာလေ၏။

ပစ္စည်းဝယ်မည့်သူများမှာ စိတ်ဘဝင် မကျလှသော်လည်း ဦးမောင်ထိန်၏ ဆန္ဒကို လိုက်လျောလိုက်ကြလေသည်။

မိနစ် နှစ်ဆယ်ခန့်အကြာတွင် ကိုမောင်ရှိန် ရောက်ရှိလာကာ...

'အစ်ကိုကြီးခေါ်လို့ လာတာ ဘာကိစ္စ ရှိလို့လဲ'

ဟု မေးပါသည်။

ဦးမောင်ထိန်မှ အကျိုးအကြောင်း ရှင်းပြသည့်အဆုံး...

'ဟာ ဘယ်ဖြစ်ပါ့မလဲ၊ ဒီကိစ္စ ဒီလိုဆိုရင် ကျွန်တော့်ကို ပြောဆိုတိုင်ပင်မှပေါ့။ အစ်ကိုကြီး သဘောတစ်ခုတည်းနဲ့လုပ်တာ ကျွန်တော် လက်မခံနိုင်ဘူး'

ဟူ၍ ဖြစ်လာလေတော့၏။

နောက်ဆုံး အကျိုးဆက်ကား တစ်ဦးလျှင် သိန်းနှစ်ဆယ်စီ ပိုင်ဆိုင်မှုဖြစ်မည့် အနေအထားမျိုး ဖြစ်လာချေပြီ။ ဝယ်လက်(ပစ္စည်းဝယ်ယူမည့်သူများ)ဘက်ကလည်း ဒီပစ္စည်းကို



www.burmeseclassic.com

www.burmeseclassic.com



လက်မလွှတ်ချင်။

ကုန်ကုန်ပြောကြပါစို့ရဲ့၊ သိန်းလေးဆယ်ဖြင့် ဈေးတည့်ကြလေသည်။

ဘေးမှ ကြည့်နေကြသည့် လူအုပ်သည်လည်း များသည်ထက် များလာချေပြီ။

'ကဲ...ကဲ...ကျွန်တော်တို့ ဈေးတည့်ပြီးပြီ။ စမ်းစရာရှိတာ ဆက်စမ်းမယ်ဗျာ'

ဟု ဝယ်လက်မှ ပြောလာသည့် စကားအဆုံးတွင် ဦးမောင်ထိန်မှ...

'ခင်ဗျားတို့ လုပ်စရာရှိတာ ဆက်လုပ်ပါ။ ဒါပေမယ့် ငွေတော့ ပြထားပါ'

ဟု ဆိုလေရာ...

'ကဲဗျာ ဦးဝေမြိုင် ခင်ဗျား မိတ်ဆွေယုံအောင် ကျွန်တော်တို့ အိတ်ကို ဖွင့်ပြလိုက်ပါဗျာ'

ဟု ဝယ်လက်ဘက်မှ အသက်ကြီးကြီးပုဂ္ဂိုလ်က ဝင်ပြောလိုက်သည်။

ဦးဝေမြိုင်က အနက်ရောင်သားရေအိတ်ကြီးတစ်လုံးအတွင်းမှ ငွေများကို ဦးမောင်ထိန်တို့ ညီအစ်ကိုနှစ်ယောက် မြင်သာအောင် ဖွင့်ပြီး သေချာအောင်ကြည့်ရှု စစ်ဆေးခိုင်းလိုက်သည်။ ဦးမောင်ထိန်တို့ညီအစ်ကိုလည်း ငွေကြေးအင်အားကို တွေ့မြင်ပြီး ဖြစ်သဖြင့်...

'ကဲ ကဲ စမ်းတော့ဗျာ'

ဟု ဦးမောင်ထိန်ဆီမှ စကားသံထွက်လာသည့်အဆုံးဝယ် သေနတ်ပြောင်းလေး လက်စွပ်ဆီသို့ တည့်မတ်စွာ ချိန်တွယ်နေသည်ကို ပတ်ဝန်းကျင်ရှိ လူအားလုံး အသက်ပင် မရှူဝံ့ဘဲ အာရုံစိုက် ကြည့်နေကြလေသည်။

သေနတ်မောင်းခလုတ်ကို ဆွဲညှစ်လိုက်သည်ကို မြင်လိုက်ကြရသည့် အဆုံးဝယ်...

'ဒိုင်း'

ပေါက်ကွဲသံကို ကြားလိုက်ကြရသည်။ သို့သော် လက်စွပ်လေးကာ နေရာမရွေ့။ ကြည့်နေကြသူအားလုံး အံ့သြမဆုံးကြ။

ငြိမ်သက်နေရာမှ တစ်ယောက်တစ်မျိုး ပြောလာကြတော့သည်။

ချိန်သားမကိုက်၍ ကျည်လွဲသွားတာ ဖြစ်နိုင်သည်ဟု ဆိုသည့်သူကဆို၊ အမြှုတေ၏ အစွမ်းကြောင့် ကျည်လွဲသည်ဟု ထင်သူကထင် ဖြစ်လာကုန်ကြပြီ။

သူတို့အားလုံး လက်စွပ်လေးကို ဝိုင်းကြည့်ကြတော့မှ အမှန်တကယ် အံ့သြဖွယ်ရာကို တွေ့မြင်ကြရတော့သည်။

လက်စွပ်လေးသည် နေရာမရွေ့ ငြိမ်သက်စွာ ရှိနေသော်လည်း မြေပဲစေ့အမြှုတေလေးကား လက်စွပ်ကွင်းလေးထဲတွင် မရှိတော့။ ဘယ်ဆီရောက်သွားလေပြီမသိ။

တစ်ယောက်တစ်မျိုး ထင်ရာမြင်ရာ ပြောဆိုဝေဖန်ကြလေပြီ။

ဝယ်လက်တို့၏ မျက်နှာများပေါ်တွင် အံ့သြ တွေဝေရိပ်ကို မြင်တွေ့ကြရသည်။

ဦးမောင်ထိန်နှင့် ကိုမောင်ရှိန်တို့၏ မျက်နှာများ၌ ဝမ်းနည်းယူကြုံးမရသည့် အသွင်သဏ္ဌာန်ကို ထင်ရှားစွာ တွေ့ရလေသည်။

အနီးပတ်ဝန်းကျင်တွင် ပိုက်စိပ်တိုက် ရှာဖွေကြည့်ကြသော်လည်း မြေပဲအမြှုတေလေးကို အစအနပင် ရှာမတွေ့ကြတော့။

ဒီမှာပင် မြေပဲအမြှုတေ အရောင်းအဝယ်ကိစ္စလည်း လက်စတုံးပြီး ပြတ်သွားချေပြီ။

ထင်ကြေးအမျိုးမျိုး ပေးနေကြသည့် ပရိသတ်လည်း တဖြည်းဖြည်း ဝေး၍သွားကြလေပြီ။

ဦးဝေမြိုင်နှင့် ဝယ်လက်များလည်း ဦးမောင်ထိန်နှင့် ကိုမောင်ရှိန်တို့ ညီအစ်ကိုနှစ်ယောက်ကို နှုတ်ဆက်ကာ ပြန်ကြချေပြီ။

ဇာတ်လမ်းကား ဤနေရာတွင် ပြီးပြီဟု ပြောနိုင်သော်လည်း တကယ့်ဇာတ်ဝင်ခန်းကို ကခဲ့ကြသော ဦးမောင်ထိန်နှင့် ကိုမောင်ရှိန်တို့ ညီအစ်ကိုနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ စကားမဆိုနိုင်ကြတော့ချေ။

ဤနေရာတွင် စာဖတ်သူတို့အား ကျွန်ုပ်ဘက်မှ ရှင်းပြရန်အကြောင်းတိုက်ဆိုင်လာပြီဖြစ်၍ ရှင်းပြပါမည်။

ပထမအကြိမ် စမ်းသပ်၍ ကျည်မထွက်လျှင် ကြေးနှစ်ပြန်တင်ရန် ယခင်ကတည်းက ဇာတ်တိုက်ထားကြသော ဦးမောင်ထိန်နှင့် ကိုမောင်ရှိန်တို့ ညီအစ်ကို၏ လောဘဇာတ်ကွက်ကလေးကို စာရှုသူတို့အား ပြောပြရန် ကျွန်ုပ်၌ တာဝန်ရှိသည့်အတွက် ဤစကားကို ဆိုရခြင်း ဖြစ်ပါသည်။

ကျွန်ုပ် ပညာရလိုက်သည်မှာ **"ထိုက်တန်သည်"** ဆိုသော စကားလုံးလေးသည် သူ့အား အသုံးချသူ၏ ဆန္ဒအရသာ ရွက်ဆောင်ပေးတတ်ကြောင်းပင် ဖြစ်ချေ၏။

**မောင်နေဝန်း**

www.burmeseclassic.com

ပန်းကရော် ကျော့ဦး

# ရေတိမ်နစ်သူ



အရပ်ဒေသကို လိုက်၍ တောစည်း၊ တောင်စည်း၊ လှစည်း၊ နတ်စည်း စသည်တို့ ရှိကြသည်။ အရပ်ဒေသ သဘောကို မလေ့လာ မသိနားမလည်၍ လည်းကောင်း၊ ပရလောကကို မယုံ ကြည်ဘဲ မထီမဲ့မြင် ကျင့်သုံး နေထိုင် လုပ်ကိုင်မိကြ၍ လည်းကောင်း မမျှော်လင့်ဘဲ အမှားတွေ့တတ်ကြရသည့် အဖြစ်များ ရှိခဲ့ကြသည်ကို ကိုယ်တွေ့ဖြစ်သော အတွေ့အကြုံတစ်ခုအား ဗဟုသုတအဖြစ် တင်ပြပါသည်။

* * *

အောက်ကျွန်းရွာလေးသည် ရွှန်းမြသာယာသည့် လရောင်အောက်တွင် အေးချမ်း တိတ်ဆိတ် ငြိမ်သက်လျက် ရှိနေပါသည်။

အချိန်က သက်ကြီးခေါင်းချချိန်နီးပါးခန့် ရှိပြီ။ ဘကြီးညိုမှာ အိပ်ရာထဲ မဝင်သေးဘဲ ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်နေမိခိုက် ကွင်းထဲမှ တက်လာဟန်ရှိသော လူငယ်များ၏ စကားပြောသံများကို ကြားနေရသည်။ ရွာထဲဝင်လာသော လူငယ်များမှာ တဖြည်းဖြည်း အိမ်ရှေ့သို့ ရောက်လာကြပြီး…

'မင်းတို့ ရွာထဲသွားနှင့်ကွာ၊ ငါ လိုက်လာခဲ့မယ်။ ဘကြီးညိုအိမ် ခဏ ဝင်လိုက်ဦးမယ်'

'အေး အေး မြန်မြန် လိုက်ခဲ့နော်'

အိမ်ရှေ့မှ ပြောသံတွေကို ကြားလိုက်ရပြီး လူငယ်တစ်ယောက် ဘကြီးညိုအိမ်ထဲ ဝင်လာသည်။ ဝင်လာသူမှာ သူ့တူ သာမောင် ဖြစ်မည်ကို ဘကြီးညိုက ခန့်မှန်းပြီးသား ဖြစ်သည်။

သာမောင်က ဘကြီးညို ကုလား... နားတွင် ဝင်ထိုင်လိုက်ပြီး ဖယော... တိုင်မီး အလင်းရောင်နှင့် ... ထောက်ကို ထုတ်ပြရင်း...

'ကန်တော့ ဘကြီးညိုရယ်၊ ဦးလှ...



www.burmeseclassic.com

www.burmeseclassic.com



မှာ ငါးဆင်းစမ်းရင်း ငါးကျည်းစူးတယ်လို့ ထင်တာပဲ။ အောင့်လဲ အောင့်နေတယ်။ ပို ပြီးတော့လဲ ရောင်လာသလိုပဲ။ ဘကြီးညိုကို ပြချင်လို့ ဝင်လာတာ'

ဘကြီးညိုက ကြည့်လိုက်တော့ သာမောင့်ခြေဖမိုးမှာ ရောင်ရမ်းနေသည်ကို တွေ့လိုက်ရသည်။ ဘကြီးညိုက သာမောင်ကို ဘာမှ မေးမြန်းခြင်းမပြုဘဲ ကုလားထိုင်ပေါ်မှ ဆင်းပြီး သေသေချာချာ ကြည့်သည်။ ခြေဖဝါးစောင်းမှာတော့ သွေးစို့နေသည်။ ဒဏ်ရာပေါက်ကလေး နှစ်ပေါက်လည်း တွေ့ရသည်။

'မင်း ခြေထောက် ဖြစ်နေတဲ့ကိစ္စက မပေါ့ဘူးကွ။ ငါးကျည်းစူးတယ် ဆိုပေမယ့် ပြောလို့ မရဘူး သိပ်မရိုးဘူး။ ဒီည တစ်ညလုံး စောင့်ကြည့်ပြီး ကုမှ ဖြစ်မယ်။ ငါ့အိပ်မှာပဲ အိပ်ပေါ့'

ဘကြီးညို စကားကြောင့် သာမောင်မှာ သူ့ခြေထောက်ကို သူ ပြန်ကြည့်ကာ စိုးရိမ် ကြောက်လန့်သွားပုံရသည်။

'ကုပေး ကြည့်ပေးပါ ဘကြီးညိုရယ်၊ ဘကြီးညိုပဲ အားကိုးရှိပါတယ်။ ပထမတော့ ကျွန်တော့်ခြေထောက် မပြောပလောက်ဘူး ထင်လို့ပါ။ ဘကြီးညိုဆီ ဝင်ပြပြီးရင် အိုင်ထဲ ပြန်သွားမလို့ပါ။ ခုတော့ ပြန်သွားလို့ ဘယ်ဖြစ်တော့မလဲ။ ဘကြီးညိုအိမ်မှာပဲ အိပ်ပါ့မယ်'

ဘကြီးညိုက သာမောင့်ခြေထောက်ကို ဆေးတွေ လူးပေးသည်။ ဆေးထိုးစုတ်နှင့်လည်း သူ့ခြေထောက်ကို လေး,ငါးချက်မျှ ပေါက်ပေးသည်။

သာမောင်က ဘကြီးညိုကို ယုံကြည်အားကိုးသည်။ ဘကြီးညိုထံ မြွေကိုက်ခံရသူတွေ လာရောက် ကုသကြသူ မှန်သမျှ ဘကြီးညိုက ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့သည်။ ရွာနီးချုပ်စပ်တစ်ဝိုက်မှာတော့ ဘကြီးညိုအား မြွေကုဆရာတစ်ယောက်အဖြစ် အသိအမှတ်ပြုနေကြသည်။

ဘကြီးညိုက သူ့အိပ်ရာ ဘေးတွင် သာမောင် အိပ်ဖို့အတွက် အိပ်ရာခင်းပေးသည်။

'အိပ်ရာပေါ်မှာ လှဲနေလို့ ရတယ်။ မသက်သာရင်လဲ ပြော၊ အိပ်ချင်ရင်လဲ အိပ်လိုက်ပေါ့။ ဘာမှ စိတ်မပူနဲ့'

_ သာမောင် ထိုင်လျက်က ဖင်ရွှေ့သွားပြီး ဘကြီးညို ခင်းပေးသည့် အိပ်ရာပေါ်မှာ လှဲချလိုက်သည်။

ဘကြီးညိုက သာမောင့်ခြေထောက် အခြေအနေကို စောင့်ကြည့်ရင်း ရေနွေးကြမ်းသောက်လျက် ထိုင်နေမိသည်။

(၁၅)မိနစ်ခန့် ကြာတော့ သာမောင် အိပ်ပျော်သွားသည်ကို အကဲခတ်မိ၍ ဘကြီးညိုက ထိုင်နေရာမှ ထကာ သာမောင့်ကိုယ်ပေါ်ကို စောင် တစ်ထည် လွှမ်းခြုံပေးပြီး သာမောင့်အိပ်ရာဘေးရှိ သူ့အိပ်ရာပေါ်သို့ လှဲချခဲ့လေသည်။

အိပ်ရာထဲ ရောက်နေသော်လည်း ဘကြီးညို အိပ်မပျော်ပါ။ ကိုင်းမြေကွင်းလယ်ရိုးထိပ်ရှိ အိုင်မကြီးကို လာရောက် ပက်ကြသည့်ကိစ္စကို သူ့စိတ်ထဲ မကျေနပ်သလို စိတ်မကောင်း ဖြစ်နေမိသည်။

ညနေစောင်းမှာ သူ တစ်ယောက်တည်း ကိုင်းထဲက ပြန်လာခိုက် အိုင်စပ်မှာ ကူဘိုတာ ရေစုပ်စက်တစ်လုံးနှင့်အတူ လူငယ် လေး,ငါးယောက်ကို တွေ့ခဲ့သည်။ **လူငယ်တွေထဲမှာ မြပင်ရွာက ဖိုးလူလှ၏ သားတစ်ယောက်လည်း ပါသည်။** သာမောင်ကတော့ ထိုနေရာကို နောက်မှ ရောက်သွားသူ ဖြစ်မည်။

အိုင်ကို လာပက်ခြင်းမှာ စီးပွားရေးထက် အပျော်တမ်းသဘောမျိုးလည်း ဖြစ်ပုံရသည်။ အိုင်က ဖိုးလူလှ၏ ဦးပိုင်မြေထဲမှာရှိသည့်အိုင် ဖြစ်သည်။ အိုင်ပက်သည့်ကိစ္စမှာ ထိုအိုင်နှင့် သက်ဆိုင်သည့် ဖိုးလူလှသားက ဦးဆောင်ပြီး လာရောက်ခြင်း ဖြစ်မည်။

အိုင်ကြီးထဲရှိ ရေတို့မှာ နွေရာသီရောက်သော်လည်း ခန်းခြောက်ခြင်း မရှိ။ အိုင်ရေက မိုးဥတုနှင့် ဆက်နေသည်။ ဒီအိုင်ကြီး ရှိနေ၍ ပတ်ဝန်းကျင်အနီးအနားမှာ အလုပ်ဆင်းနေကြသည့် ကိုင်းသမားများနှင့် တိရစ္ဆာန်များနားခို သောက်သုံးနိုင်ကြသည်။

လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းက အိုင်ပက်ခြင်း၊ ငါးဖမ်းခြင်း မပြုခဲ့ကြ။ **ထိုအိုင်ကို မပက်ခဲ့ကြသည့်အကြောင်းကလည်း ရှိသည်။ အိုင်ကိုပက်လျှင် ဒီနယ်မြေ ဒီကွင်းထဲက ဆိုင်ရာပိုင်ရာတွေက မနှစ်သက်ကြ။ ကွင်းထဲမှာ ငါးမီးဖုတ်ခြင်း၊ ဟင်းချက်ခြင်းပင် လက်မခံ။ သူတို့ မကြိုက်၊ မနှစ်သက်သည့်**



www.burmeseclassic.com

www.burmeseclassic.com

**အခြား အမှားအယွင်း၊ အပြော အဆို အပြုအမူတွေကိုလည်း သည်းမခံကြပေ။**

အိုင်နှင့် ပတ်သက်သည့် အကြောင်းတွေကို အိုင်ပက်သည့် လူငယ်တွေ မသိရှိကြသည်လား၊ သို့တည်းမဟုတ် ဂရုမစိုက်၊ အယုံအကြည် မရှိကြသည်လား မသိ။

ဘကြီးညိုတစ်ယောက် အိုင်နှင့် ပတ်သက်သည့် အကြောင်းကို တွေးတောရင်း သူ့ရင်ထဲမှာ စိုးရိမ် ပူပန်စိတ်တွေ ဖြစ်နေမိပါတော့သည်။

* * *

ညက ဘယ်အချိန်မှာ အိပ်ပျော်သွားသည် မသိ။ ဘကြီးညို အိပ်ရာက နိုးတော့ မိုးစင်စင် လင်းပြီ။ သာမောင်မှာ သူ့ထက် စောစောနိုးပြီး အိပ်ရာက ထသွားဟန် ရှိသည်။ အိပ်ရာထဲမှာ မတွေ့ရတော့။ သူ့ခြေထောက်လည်း သက်သာ ပျောက်ကင်းသွားပုံ ရသည်။

ဘကြီးညိုက အိပ်ရာမှ ထပြီး ရေနွေးအိုး တည်သည်။ အိမ်ရှေ့မှာ တံမြက်စည်းလှည်း၊ သစ်ပင်တွေ ရေလောင်းနှင့် နာရီဝက်သာသာ အချိန်ကုန်သွားခဲ့သည်။

သူ အိမ်ပေါ် ပြန်တက်ပြီး ရေနွေးကြမ်း သောက်နေချိန်မှာ သာမောင် တစ်ယောက် သူ့အိမ်ကို ပြန်ရောက်လာပြီး...

'ဘကြီးညို သတင်းကြားပြီးပြီလား။ ညက အိုင်လာပက်တဲ့အထဲမှာ ပါလာတဲ့ မြပင်ရွာက လူငယ်တစ်ယောက် အိုင်မှာ လုပ်ကိုင်နေရင်းက ရုတ်တရက် အော်တယ်၊ အောင့်တယ်ဖြစ်ပြီး သတိမေ့သွားလို့ ရွာပြန်ပို့တော့ အိမ်တောင် မရောက်ဘူး လမ်းမှာ ဆုံးသွားတယ်လို့ ပြောတယ်'

'အို ဖြစ်မှ ဖြစ်ရလေကွာ၊ သနားပါ



တယ်'

သာမောင်ထံမှ ကြားရသည့် သတင်းကြောင့် ဘကြီးညို စိတ်မကောင်း ဖြစ်သွားရသည်။

သာမောင်က ဆက်ပြောသည်။

'သူများတွေ ပြောနေကြတာ ကြားရတာကတော့ အိုင်ပက်ရင်း အမှားရှိလို့ ဖြစ်တာတဲ့။ ဒီကောင်တွေ အိုင်မှာ ငါးတွေလဲ မီးဖုတ်စားကြတယ်။ ညဦးပိုင်းက ကျွန်တော်နဲ့အတူ ပြောပြီး ရွာထဲက လာဝယ်သွားတဲ့ ကြက်လဲ ကွင်းထဲမှာ သတ်ပြီး ချက်တယ်။ နောက်ပြီး သောက်သောက်စားစားနဲ့ ကွင်းထဲမှာ မလေးမစား ပြောမှားဆိုမှားတွေလဲ ရှိကြတယ်လို့ ပြောသံ ကြားတယ်'

သာမောင်က ပြောပြတော့ ဘကြီးညိုမှာ ခေါင်းတဆတ်ဆတ် ညိတ်ကာ နားထောင်ရင်း သူ့ရင်ထဲ မချမ်းမြေ့ ဖြစ်နေရသည်။

'တော်သေးတာပေါ့ ဘကြီးညိုရယ်၊ ညက ကျွန်တော် ပြန်မသွားဖြစ်တော့လို့။ ဒါမျိုးက ကံနိမ့်တဲ့လူ ဖြစ်နိုင်တယ် မဟုတ်လား။ ဘကြီးညိုကို ဘယ်လို ကျေးဇူးတင်ရမှန်း မသိတော့ဘူး'

ဘကြီးညိုက သာမောင်မှာ တုန်လှုပ်ခြောက်ခြားနေဆဲ ရှိနေဟန်ကို ကြည့်ပြီး...

'အေးပေါ့ကွာ၊ အခု ဖြစ်သွားတဲ့ ကိစ္စတွေကို အကြားအမြင် ဗဟုသုတယူပြီး သတိထားပေါ့။ ဒီလို အလုပ်မျိုးဆိုတာ ကိုယ့်ထက်ကြီးတဲ့လူတွေကို မေးမြန်း စုံစမ်း လုပ်ကိုင်သင့်တာပေါ့။ မသွားသင့်တဲ့နေရာ၊ မလုပ်သင့်တဲ့ အလုပ်တွေကို ကြိုတင် သိရှိပြီး ရှောင်ကြဉ်နိုင်တာပေါ့ကွာ'

'ဟုတ်ကဲ့ပါ၊ ကျွန်တော်က ဘကြီးညိုကို အမြဲ လေးစားနေသူပါ။ အားလဲ ကိုးပါတယ်။ ကျွန်တော့်ကိုလဲ အမြဲ ဆုံးမသွားပါ။ ဘကြီးညို ပြောတဲ့စကားကို အမြဲ နားထောင် လိုက်နာသွားပါမယ်'

သာမောင်က ထိုင်နေရာမှ ပုဆစ်တုပ် ပြင်ထိုင်လျက် ဘကြီးညိုကို ကန်တော့ပြီး ပြန်သွားလေသည်။

အမှန်တော့ ညက သာမောင် ဘကြီးညိုအိမ်ကို ရောက်လာပြီး သူ့ခြေထောက်ကို လာပြတော့ **ခြေထောက်မှာ ငါးကျည်းစူးထားခြင်း ဖြစ်သည်ကို ဘကြီးညိုလည်း သိရှိ နားလည်လိုက်သည်။**

ခြေထောက်မှာ စိုးရိမ်စရာ မရှိ။ သာမောင်ကို အိုင်ပက်သည့်နေရာ ပြန်မသွားစေလို၍ သာမောင်အား သူ့ခြေထောက်ဖြစ်တဲ့ ကိစ္စကို စိုးရိမ်ကြောက်လန့်အောင် ပြောပြီး ဘကြီးညိုက သူ့အိမ်မှာ တစ်ညတာ ထိန်းသိမ်းထားလိုက်ခြင်း ဖြစ်သည်။

ဘကြီးညိုမှာ သာမောင်အတွက် ကိုယ်၏ စောင့်မခြင်း၊ နှုတ်၏ စောင့်မခြင်း ဆိုသလို ကာကွယ် ထိန်းသိမ်း စောင့်ရှောက်လိုက်နိုင်သော်လည်း အိုင်လာပက်ကြသည့်သူတွေထဲမှာ ပါလာသည့် မြပင်ရွာမှ လူငယ်လေးတစ်ယောက် ရေတိမ်နစ်ရသည့် အဖြစ်မျိုး ရောက်သွားရသည့်အတွက် နှမြောဝမ်းနည်းခြင်း ဖြစ်နေရပါတော့သည်။

**ပန်းတနော် ကျော့မိုး**



www.burmeseclassic.com

www.burmeseclassic.com



# အိမ်ကို ဖွတ်တက်ခြင်း

အတွေ့အကြုံ

အောင်သန်းလင်း

ကျွန်ုပ်၏ အသက်(၆) နှစ်သား အရွယ်ခန့်က ဖြစ်လေသည်။ ကျွန်ုပ်၏ မိဘများနေအိမ်နှင့် ဘေးချင်းကပ်လျက်တွင် အမေဘက်မှ တော်စပ်သော ကြီးတော်၏နေအိမ် ရှိပါသည်။ အိမ်က တော့ ထရံကာ၊ ဝါးကပ် မိုး မြေစိုက်အိမ် ဖြစ်ပါသည်။

တစ်နေ့တွင် ကြီးတော်၏ အိမ်သားများ လှုပ်လှုပ်ရှရှ ဖြစ်နေကြသည်။ အိမ်ထဲကို ဝင်ပြေးသူကပြေး ပြေးထွက်လာသူကထွက် လုပ်နေကြသည်။ ကျွန်ုပ်သည် အဖြစ်အပျက်ကို ကောင်းစွာ သဘောမပေါက်သဖြင့် အမေကို မေးကြည့်သည်။

'သူတို့အိမ်မှာ ဘာဖြစ်နေကြတာလဲ အမေ'

'အိမ်ကို ဖွတ်တက်လို့တဲ့ သားရဲ့'

'ဖွတ်တက်တော့ ဘာဖြစ်လဲ၊ သူတို့က ဖွတ်ကို ဖမ်းပြီး သတ်စားမလို့လား'

'ဖွတ်က မမိလိုက်ပါဘူးကွာ။ ထွက်ပြေးသွားပြီ။ ဖွတ်တက်တယ်ဆိုတာက အတိတ်နိမိတ်မကောင်းဘူး။ ဖွတ်တက်ခံရတဲ့အိမ်က ဆင်းရဲတတ်တယ်။ အဲဒါကြောင့် သားရဲ့ကြီးတော်စိတ်မကောင်း ဖြစ်နေတယ်'

ကြီးတော်သည် တစ်သက်လုံး ပဲပြုတ် ရောင်းစားသွားရသည်။ ကြီးတော်၏ယောက်ျား ဦးထိန်မောင်သည် ရုံးမှဝန်ထောက် (မြို့နယ်ဦးစီးမှူး)၏ မင်းစေ၊ ရုံးစေဝန်ထမ်းဖြစ်သည်။

သားသမီး(၉)ယောက် ရှိခဲ့ရာ တစ်သက်တာလုံး ဘဝကို ခက်ခဲစွာ ဖြတ်သန်း သွားခဲ့ရသည်ကတော့ ကျွန်ုပ်၏ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့သည်။ သားသမီး များပြားသော်လည်း အားမကိုးရ၊ အထောက်အကူ မရခဲ့ပေ။ ကြီးတော်ကား ကွယ်လွန်ခဲ့ပြီ။

ကြီးတော်၏ယောက်ျား ဦးထိန်မောင်သည် ပင်စင်စားဘဝ အသက် (၉၅)နှစ်ခန့်ရှိပြီး ဆင်းရဲစွာ အသက်ရှင်နေဆဲ ဖြစ်သည်။ သမီးတစ်ယောက်သည် မုဆိုးမဘဝဖြင့် အမေ၏ လက်ငုတ်လက်ရင်းဖြစ်သော ပဲပြုတ်သည့် အလုပ်ကိုလုပ်ရင်း အတူနေလေသည်။

* * *

**၂၀၁၃ခုနှစ် ကာလ...**

မန္တလေး၊ အမရပူရ(တောင်မြို့)တွင် မမိုးမိုးအောင်နှင့် ဖိုးသံချောင်းတို့ မောင်နှမသည် အဖိုးကြီး၊ လူပျိုကြီး ဘဝဖြင့် မိဘများမရှိကြတော့ပြီးနောက် ကျန်ရစ်သောအိမ်တွင် နေထိုင်ကြပါသည်။ မမိုးမိုးအောင်ကား အသက်(၄၀)နှစ်ကျော် ဖိုးသံချောင်းကား အသက်(၃၀)နှစ်ကျော်ခန့် ရှိသည်။

မမိုးမိုးအောင်၏ ကုန်စုံဆိုင်ကလည်း ရောင်းမကောင်း၊ ကြွေးကျ၊ ကြွေးဆုံးနှင့် အရင်းပြုတ် ဆိုင်ပိတ်ရမည့်ဆဲဆဲ ဖိုးသံချောင်း၏ ကြက်မွေးမြူရေးကလည်း ကြက်ဥဈေး,ကျ၊ ကြက်စာဈေး တက်သဖြင့် အခက်ကြုံနေရပြန်လေသည်။

သူတို့မောင်နှမသည် အလွန်ရိုးသားပြီး အေးအေးဆေးဆေး နေထိုင်တတ်ကြလေသည်။ အိမ်ထောင်ရေးကို မစဉ်းစားဘဲ တစ်ဦးကိုတစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ရပ်တည်နေကြလေသည်။

ထိုသို့ အလုပ်အကိုင် အဆင်မပြေဖြစ်နေကြစဉ် တစ်နေ့တွင် အိမ်ထဲသို့ ဖွတ်သတ္တဝါက ဆိုက်ဆိုက်မြိုက်မြိုက် ဝင်လာသည်နှင့် ကြုံလိုက်ရသည်။

မမိုးမိုးအောင်သည် ဖွတ်ကို တွေ့မြင်လိုက်သဖြင့် မောင်လေးဖိုးသံချောင်းကို အော်ခေါ်ပြီး လက်ညှိုးထိုးပြလိုက်သည်။ မျက်နှာကတော့ မကောင်းပေ။ ကုန်းဘောင်ခေတ်နှောင်းပိုင်း စာဆိုတော် ဦးပုည၏ ရေသည်ပြဇာတ်ထဲတွင်...

'ထမင်းရက်ချန်၊ ရေရက်မှန်နှင့် ကပ်ကျန်မွဲတေ၊ ဖွတ်ဘိုးအေများကို'

ဟု ရေးသားခဲ့သည်လည်း ရှိလေသည်။ ဖိုးသံချောင်းက...

'မမ ဆွဲကြိုး ခဏဖြုတ်ပေးပါ'

ဟု မမိုးမိုးအောင်၏ ရွှေဆွဲကြိုးကို တောင်းသည်။ ထို့နောက် ဖိုးသံချောင်းသည် သူ၏ လည်ဆွဲကိုလည်း ချွတ်၍ ရေခွက်ထဲမှ ရေထဲမှာ နှစ်လိုက်သည်။ ထိုရေဖြင့် ဖွတ်ကြီးကို ပက်ဖျန်းရင်း...

'ဇေတိကကြီးရေ မင်းကို ရှုရည်



www.burmeseclassic.com

www.burmeseclassic.com

ငွေရည်ပက်ဖျန်းပြီး ငါတို့ ကြိုဆိုပါတယ် ကွာ။ ငါတို့မောင်နှမကို ဆင်းရဲကင်းပျောက် ချမ်းသာရောက်အောင် ကူညီပါကွာ'

ဟု ဖိုးသံချောင်းက ပြောလိုက်သည်။

ဖွတ်ကြီးလည်း ဖိုးသံချောင်း ပက်ဖျန်းလိုက်သော ရေကို လျှာထွက်ပြီး အနည်းငယ်သောက်ပြီးမှ အိမ်နောက်ဘက်ကို အေးဆေးစွာ ထွက်ခွာသွားလေသည်။

'မမရယ်၊ စိတ်ထဲမှာ ဘာမှ သောက ပွားမနေပါနဲ့။ ကျွန်တော်တို့ နေထိုင်တာကိုက ကပ်ကျော်ကွက်သစ်လေ။ မကောင်းတဲ့ ဘေးဆိုးကြမ္မာကို ကပ်ပြီး ကျော်သွားရမယ်လို့ ဒီကောင်ဇောတိကကြီး (ဖွတ်ကြီး)က နိမိတ်လာပြတာဗျ။ ပြောနေကြပါတယ် ကျွန်တော် အောင်ဘာလေထီ သွားထိုးလိုက်ပါဦးမယ်'

ဖိုးသံချောင်း စက်ဘီးတစ်စီးဖြင့် ထွက်သွားသည်ကိုကြည့်ရင်း မမိုးမိုးအောင် ပြုံးလိုက်မိသည်။ ကံအကြောင်း သင့်သွားသည်ဟု ဆိုရမည် ထင်ပါသည်။ ဖိုးသံချောင်းထိုးခဲ့သော ထီ(၅) စောင်တွဲသည် တွတ်ဝင်သဖြင့် ငွေ (၁၀)သိန်း ရလိုက်လေသည်။

အဖေဆုံးစဉ်က တင်ရှိခဲ့သော အကြွေးသုံးသိန်းကို ရွာက ဘဒွေး ဦးပေါက်ကျော်ထံ သွားရောက်ပေးဆပ်နိုင်သည်ကား အမှန်ပင် ဖြစ်တော့သည်။

**စာကြွင်း။ ။ နာမည်များကို ပြောင်းလဲ ရေးထားပါသည်။**

**အိမ်ကို ဖွတ်တက်ခြင်း၏ ကောင်းဆိုးနိမိတ်နှင့် ကြုံကြိုက်ခဲ့သော် ပြုလုပ်သင့်သောဓာတ်ဆင်၊ ယတြာ၊ ဂါထာ၊ မန္တန် အစီအရင်များကို သိရှိသူများ ဖော်ထုတ်ကြပါကုန်။**

**အောင်ဆန်းလင်း**

## သွေးတိုး (သို့မဟုတ်)
# လေငန်းကာကွယ်ဆေး



ကာကွယ်ခြင်းသည် ကုသခြင်းထက် အကျိုးများပါသည်။ သို့သော် လူအများသည် ရောဂါကို ကြိုတင် ကာကွယ်ရန် မေ့လျော့နေတတ်၏။ ရောဂါဖြစ်လာမှသာ ငွေကုန်ကြေးကျခံကာ အသက်ကို လုယူတတ်ကြပါသည်။

သို့သော် အဆင်ပြေခဲလှပါသည်။ ထို့ကြောင့် ရောဂါမလာမီက ကြိုတင် ကာကွယ်ရန် အလွန်လိုအပ်ပါသည်။

အချို့ဆေးများသည် **''အစာလည်း ဆေး၊ ဆေးလည်းအစာ''** ဖြစ်ပါသည်။ ထို့အတူ ရေဆာ၍ ရေသောက်ရာတွင်လည်း ရေအစား ကြိုချက်ထားသော ဆေးရည်ကို သောက်ရပါမည်။ သောက်ဖြစ်ရန် အရေးကြီးပါသည်။

**(၁-၅-၂၀၁၂)နေ့က** ရန်ကုန်မြို့ ကမာရွတ်ရပ်ကွက်သို့ နာရေးကိစ္စတစ်ခုဖြင့် ရောက်ခဲ့သည်။ အသုဘ သင်္ဂြိုဟ်ပြီးသောညတွင် ရောက်လာသော ဧည့်သည်များနှင့် စကားပြောမိပါသည်။

စပ်မိစပ်ရာ ပြောကြရင်း ကျန်းမာရေးအကြောင်း၊ ဆေးအကြောင်း၊ ဝါးအကြောင်း ရောက်သွားပါသည်။

ရန်ကုန်မြို့မှပင် မျက်မှန်နှင့် အသက်(၈၀)ခန့် ဆရာကြီးတစ်ယောက်မှာ ဗဟုသုတစုံလင်ပုံရပါသည်။ သူ ပြောပြသော သွေးတိုး (သို့မဟုတ်) လေငန်း ကာကွယ်နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ကွမ်းရွက် (၅)ကျပ်သားခန့် (သို့မဟုတ်) ကွမ်းရိုး(ကွမ်းရွက်အညှာရိုး) လက်တစ်ဆုပ်စာခန့်ကို ရေစင်စွာဆေးပါ။

သန့်ရှင်းသော အိုးတစ်လုံးဖြင့် ရေသုံးပုလင်းခန့်နှင့် ပြုတ်ပါ။ ကွမ်းရွက်၊ ကွမ်းရိုး နူးနပ်သွားပါက အအေးခံ၍ အရည်များကို စစ်ယူကာ ရေသန့်ပုလင်းခွံနှင့် ထည့်ထားပါ။ ရေသန့်နှစ်လုံးခန့် ရပါမည်။

ထိုပြုတ်ရည်ကို ရေအစား သောက်နိုင်ပါသည်။ တစ်ရက် တစ်ပုလင်းခန့် ကုန်အောင် သောက်ပေးပါ။ သွေးတိုး၊ လေငန်းမဖြစ်အောင် ကာကွယ်နိုင်ပါသည်။

ဆေးနည်း ပြောပြသော နေရပ်, အမည်နာမ မသိ၊ မမေးလိုက်ရသော ဆရာကြီးအား အထူးကျေးဇူးတင်ပါသည်။

***အားလုံး ကျန်းမာ၊ ချမ်းသာကြပါစေ။***

**ဦးသန်းစိုး *(ချောင်းနက်)***



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲထွန်း
(တဿာတ)

မလုပ်ကောင်းကုန်း

# သပြေပင်ကြွင်းသခိုက

ပလွေသံ

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့လေးသည် အညာဒေသ၏ အငွေ့အသက်များ ထုံမွမ်းစွာဖြင့် အေးချမ်းသာယာသော မြို့လေးတစ်မြို့ ဖြစ်၏။ ဒေသခံတို့သည် ထန်းလုပ်ငန်း၊ ဆီးသီးလုပ်ငန်းများဖြင့် အသက်မွေးကြသော်လည်း အများစုမှာ နွေကာလသဲချောင်းများတွင် ကြက်သွန်စိုက်ခြင်း၊ ယာကွက်များပေါ်တွင် ပဲအမျိုးမျိုးနှင့် နှမ်းစိုက်ခင်းများ စိုက်ပျိုးခြင်းတို့ဖြင့် ဘဝများကို ငြိမ်းချမ်းစွာ တည်ဆောက်နေကြသူများ ဖြစ်ကြသည်။

ထိုလူတန်းစားထဲတွင် ဦးကြီးရွှေတစ်ယောက်လည်း အပါအဝင် ဖြစ်သည်။ ဘိုးဘွားပိုင် ယာကွက်များပေါ်တွင် မြေပဲနှင့်နှမ်းများ စိုက်ပျိုး၍ ရသမျှနှင့် တင်းတိမ်ရောင့်ရဲခဲ့သည်။ နှမ်းထွက်ကောင်းသည့်နှစ်များတွင် နှမ်းဆီဖြင့် မြို့ဦးစေတီတွင် ဆီမီးတစ်ထောင်စသည်ဖြင့် ပူဇော်ခြင်းဖြင့် ကုသိုလ်ယူကြသည်။

နတ်မောက်မြို့နှင့် ဒီးဒုတ်ရိုးအကြားတွင် မလုပ်ကောင်းကုန်းဟူသော မြေတစ်ကွက်ရှိ၏။ ထိုမြေကွက်သည် ကျတ် (ပရဆောကဘားတစ်မျိုး)များနေကြသည်ဟုဆို၍ မည်သူမျှ သွားရောက်၍ ယာခင်းလုပ်ကိုင်ခြင်း မရှိသဖြင့် ထိုကုန်းကို **မလုပ်ကောင်းကုန်း** ဟူ၍ ဒေသခံများက အမည်ခေါ်ဝေါ်ခဲ့ကြသည်။

ထို မလုပ်ကောင်းကုန်းတွင် ကြီးမားသော သပြေပင်ကြီး တစ်ပင်ကလည်း ရှိသဖြင့် သပြေကွင်းဟုလည်း ခေါ်ကြသည်။ ထိုသပြေပင်ကြီးဆီမှ ညအချိန်လူခြေတိတ်ချိန်များတွင်ကလေးငိုသံနှင့် ပလွေသံများကို ဒေသခံများက ကြားရလေ့ရှိသည်ဟု ဆို၏။

ထိုမလုပ်ကောင်းကုန်းသည် မြေဩဇာကောင်းသဖြင့် ယာခင်းလုပ်ကိုင်ပါက သီးနှံများ အထွက်ကောင်းသည့်အတွက် အချို့က အရဲစွန့်၍ သွားရောက် လုပ်ကိုင်ကြဖူးသည်။

ထိုသို့ သွားရောက် လုပ်ကိုင်မည်ဆိုပါက အဝင်တစ်ကြိမ်၊ အထွက်တစ်ကြိမ် ကျွေးရသည်။ ကျွေးသည့်အခါ အမဲအူဟင်းများချက်၍ ဖက်ခင်းပြီး ညအချိန် ဖိတ်ခေါ်ကျွေးရသည်။ နံနက်မိုးလင်း၍ သွားကြည့်လျှင် ဖက်ပေါ်တွင် ပြောင်တလင်းခါနေတော့သည်။

ယာခင်းများ သီးနှံအထွက်ကောင်းသော်လည်း လူတိုင်း မလုပ်ရဲကြပေ။ သူ့စည်း ကိုယ့်စည်း ထားရသည်။ အမှောက်အမှား တစ်စုံတစ်ရာ ပြုလုပ်မိပါက အခြောက်အလှန့်များပြီး ထွက်ပြေးရတော့သည်။ တဖြည်းဖြည်း ထိုမလုပ်ကောင်းကုန်းတွင် ယာခင်းလုပ်မည့်သူ မရှိသဖြင့် ဖုန်းဆိုးမြေများ အသွင်ရှိသည်။

www.burmeseclassic.com

'အဖေ ကျွန်တော် မလုပ်ကောင်းကုန်းမှာ ယာသွားလုပ်မယ်ဗျာ'

ဦးကြီးရွှေသည် သူ့ယာခင်းတွင် သီးနှံအထွက်နည်း၍ အားမရ၊ မြေဆီမြေနှစ်ကောင်းသော မလုပ်ကောင်းကုန်းသို့ ယာခင်းသွားလုပ်ရန် အဖေဖြစ်သူကို တိုင်ပင်ခဲ့သည်။

'ဟကောင်ရဲ့...ဒီဒေသမှာ ဘယ်သူမှ မလုပ်ရဲတဲ့ သပြေကွင်းမှာ သွားလုပ်မယ်ဆိုတော့ စဉ်းစားပါဦးကွာ။ တော်ကြာ ပြန်ပြေးလာရပါဦးမယ်'

အဖေက စိုးရိမ်စိတ်ဖြင့် ပြောသော်လည်း ဦးကြီးရွှေက သူ၏ ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ပြီး ဖြစ်သည်။ ထို့နောက် လှည်းတစ်စီးပေါ်တွင် ကိုင်းထွန်ကိရိယာများတင်ပြီး ဇနီး ဒေါ်အေးမြကိုခေါ်၍ မလုပ်ကောင်းကုန်းဟုခေါ်သော သပြေကွင်းဆီသို့ ဦးတည်ပြီး လှည်းမောင်းထွက်ခဲ့သည်။ လှည်းထွက်ခါနီးတွင် ဖခင်ဖြစ်သူကို ကန်တော့ခဲ့ကြသည်။

*　*　*

'ကဲ...ဒီသပြေကွင်းမှာနေတဲ့ မိတ်ဆွေအပေါင်းတို့၊ ကျွန်ုပ်တို့ဇနီးမောင်နှံ ဒီကွင်းမှာ ယာလုပ်ပါ့မယ်။ ကျွန်ုပ်တို့ စားရသလို သင်တို့ကိုလဲ ကျွေးမွေးပါ့မယ်။ သင်တို့ကိုလဲ မနှောင့်ယှက်ပါဘူး။ ကျွန်ုပ်ကိုလဲ ကူညီပါ'

ဦးကြီးရွှေသည် ရောက်သည့်နေ့မှာပင် တဲတစ်လုံးထိုးပြီး သတ်သတ်မှတ်မှတ် အိမ်သာကိုပါ ဆောက်ခဲ့သည်။ ထိုကုန်းမြေတွင် အပေါ့အပါးသွားခြင်း၊ ဆဲဆိုခြင်းများကို ရှောင်ရှားကြရသည်။ သို့မဟုတ်ပါက ထိုသူသည် ထိတ်လန့်ချောက်ချားဖွယ်ရာတစ်ခုခုကို မြင်တွေ့ရလေ့ရှိသည်။

တစ်ခါက လူတစ်ယောက်သည် သပြေပင်ပေါ်တက်၍ သပြေကိုင်းကို ခုတ်၏။ ဓားတစ်ချက် ခုတ်လိုက်တိုင်း သပြေပင် သစ်ခေါင်းအတွင်းမှ "အမယ်လေးတော့"ဟု တစ်ခွန်း အော်၏။

နောက်တစ်ချက် ထပ်ခုတ်ပြန်ရာ "အမယ်လေးတော့"ဟူသော အော်သံကို ထပ်ကြားရပြန်သည်။ ထိုသူလည်း သပြေပင်ပေါ်မှ ဆင်း၍ ရွာသို့ တစ်ချိုးတည်း လစ်လေတော့သည်။

ဦးကြီးရွှေတို့ လင်မယားနှစ်ယောက် သူ့စည်းကိုယ့်စည်း ခြား၍ ယာခင်းကို ရှင်းလင်းပြီး ပထမနှစ် မြေပဲနှင့်နှမ်း စိုက်ပျိုးခဲ့ရာ တော်တော် အထွက်များခဲ့သည်။

သို့သော် ကုန်းယောင်ယောင်နေရာလေး ကွက်၍ ဘာမှ စိုက်ပျိုးမရဘဲ ဖြစ်နေ၏။ ဦးကြီးရွှေဇနီးကလည်း သူတို့ချက်သည့် ဟင်းဖြင့် တစ်ပန်းကန်ခူးခပ်ပြီး သပြေပင်ခြေရင်းတွင် နေ့စဉ်မပျက်မကွက် သွားရောက် ကျွေးလေ့ရှိသဖြင့် သူတို့ကို မခြောက်မလှန့်ဘဲ မိတ်ဆွေအဖြစ် သတ်မှတ်ထားဟန်တူခဲ့သည်။

ယခု ထိုမြေကွက်နေရာ သီးနှံများ ဘယ်လိုပင်စိုက်စိုက် မဖြစ်ထွန်းဘဲရှိနေသည့်အတွက် ဦးကြီးရွှေတို့ စဉ်းစားရခက်နေသည်။

'ကဲ...မိန်းမ၊ ငါ ဦးလေးသန်းရွှေ သွားခေါ်ဦးမယ်။ ဦးလေးတော့ သိမှာပဲ၊ နင်နေရဲတယ်မို့လား။ ငါ မိုးမချုပ်မီ ပြန်လာခဲ့မယ်'

ဦးကြီးရွှေ ခမောက်ဆောင်း၍ ထွက်သွားပြီး သိပ်မကြာလိုက်။ သပြေပင်ကြီးဆီမှ လွမ်းဆွတ်ဖွယ်ရာ ပလွေသံကို ကြားနေရသည်။

အညာနွေသည် ပူပြင်းလှသော်လည်း လေတဖြူးဖြူး ဝေ့ရင်း တိုက်ခတ်နေသဖြင့် အပူဒဏ်ကို သက်သာစေခဲ့သည်။ ယာခင်းတစ်ခွင် ရင့်မှည့်နေသော နှမ်းပင်များကို မြင်ရသည်။ ရိတ်သိမ်းခါနီးလုပြီ ဖြစ်သည်။

ဦးကြီးရွှေဇနီး ဒေါ်အေးမြသည် သပြေပင်ကြီးဆီသို့ လှမ်းကြည့်လိုက်ပြီး...

'ကဲ... ဒီဒေသမှာနေတဲ့ ပုဂ္ဂိုလ်အပေါင်းတို့ ဒီနှစ် နှမ်းအထွက်ကောင်းရင် မြို့စေတီမှာ ဆီမီးတစ်ထောင် ပူဇော်ပြီး သင်တို့ကိုလဲ အမျှပေးဝေပါ့မယ်။ အကျွန်ုပ်တို့ကိုလဲ စောင့်ရှောက်ပါ'

ဟူ၍ နှုတ်မှ ရွတ်ဆိုနေမိသည်။ သပြေပင်ကြီးဆီမှ ပလွေသံက ဆက်လက် ကြားနေရဆဲဖြစ်၏။

ညနေစောင်းတွင် ဦးကြီးရွှေနှင့် ဦးလေးသန်းရွှေတို့ ရောက်လာကြသည်။ ဦးလေးသန်းရွှေသည် အထက်လမ်းဆရာကြီးတစ်ဦးဖြစ်ပြီး သီလမြဲသူ၊ လူသူတော်ကောင်းကြီးအဖြစ် ဒေသခံများက အသိအမှတ်ပြုထားကြသည်။

ရောက်လျှင်ရောက်ချင်းပင် ဦးသန်းရွှေက ယာကွင်းထဲ လိုက်ကြည့်သည်။ ထိုစိုက်ပျိုးမရသော ယာကွက်နေရာ အရောက်တွင် သေသေချာချာ စူးစိုက်ကြည့်သည်။

'မင်းဟာက သူတို့နေရာနဲ့ လွတ်မှ မလွတ်တာကိုကွာ၊ ဘယ်စိုက်ပျိုးလို့ရမလဲ။ မင်းကံကောင်းနေလို့သာ သူတို့က စိုက်ခင်းကိုပဲ ဖျက်ပြီး သတိပေးတာ'

ဦးလေးသန်းရွှေက ဘာကြောင့် သီးနှံများ စိုက်ပျိုးမရသည့်အကြောင်းကို ဦးကြီးရွှေကို ရှင်းပြလိုက်သည်။

'အဲဒါဆို...ဘယ်လိုလုပ်ရင် ကောင်းမလဲ - လုပ်ပေးဦး ဆရာကြီးရယ်'


ဦးကြီးရွှေက အားကိုးတကြီး အကူအညီတောင်းခံသည်။

'ကဲ...ကဲ ဒီညတော့ ရှိစေ။ ငါ မနက်ကျမှ လုပ်ပေးမယ်။ ဒီည စီစဉ်



www.burmeseclassic.com

www.burmeseclassic.com



စရာလေးတွေ လုပ်ကြတော့ပေါ့'

နှစ်ဦးသား တဲသို့ ရောက်သည်နှင့် ညစာ စားသောက်ပြီး အိပ်ရာဝင်ကြသည်။ ဆရာကြီးဦးလေးသန်းရွှေက ပရိတ်တရားတော်များ ရွတ်ဖတ်၍ အမျှပေးဝေနေသံက မလုပ်ကောင်း သပြေကွင်းတစ်ခုလုံး ပျံ့လွင့်နေသည်။

နံနက်စောစော ဦးကြီးရွှေက ဒီးဒုတ် ရိုးရွာသို့သွား၍ လိုအပ်သည်များ ဝယ်သည်။ ထို့နောက် ဖက်ကတော့ ကိုးခု ထိုးပြီးနောက် ထမင်း၊ ထန်းလျက်၊ ငါးပိကောင်များ ထည့်ရသည်။ ထိုဖက်ကတော့ကိုးခုကို ယူဆောင်၍ ယာခင်းစပ်တွင် ချ၍...

'ကဲ...အသင်တို့ ဝလင်အောင်စားပါ။ ကျွေးမွေးပါတယ်။ ပြီးရင် ဒီနေရာက နေအိမ်ပြောင်းရပါ့မယ်။ ဒီယာစိုက်ခင်းကိုလဲ အထွက်တိုးအောင် ကူညီပေးကြပါ။ အလှူကြီးပေးတဲ့အခါ အသင်တို့ကို ဖိတ်ကြား ကျွေးမွေးပါ့မယ်'

ဆရာကြီးသန်းရွှေသည် ဖက်ထုပ်ကတော့များကို ကျွေးမွေးရင်း ပါးစပ်မှလည်း တိုင်တည် ပြောဆိုနေသည်။

ခဏအကြာတွင် သစ်ကိုင်းတစ်ကိုင်းကို ခုတ်၍ ဦးကြီးရွှေကို ရှေ့မှ ဆွဲခိုင်းသည်။ နှုတ်မှလည်း အောက်ပါအတိုင်း ရွတ်ဆိုခဲ့သည်။

'အသင်ပုဂ္ဂိုလ်တို့ ကျွန်ုပ်တို့မှ စေတနာမေတ္တာထား၍ ကျွေးမွေး လှူဒါန်းခဲ့ပြီ။ ယခု အသင်တို့ကို ကျွန်ုပ် နေရာပေးမည်။ ကျွန်ုပ် ခေါ်ဆောင်ရာသို့ လိုက်ပါကြရန် မေတ္တာရပ်ခံပန်ကြားပါသည် အို...ပုဂ္ဂိုလ်အပေါင်းတို့'

အစတွင် သစ်ကိုင်းသည် ပေါ့ပေါ့ပါးပါး ဆွဲ၍ရသော်လည်း ခဏအကြာတွင် ဆွဲ၍ မရ၊ လေးလာသည်။ ဦးကြီးရွှေ အားစိုက်ဆွဲရသည်။ ဆရာကြီးဦးသန်းရွှေ ကူဆွဲရသည်။ ယာခင်းနှင့် မလှမ်းမကမ်းတွင် ထုံးဖုတ်ထားသော ကျင်းဟောင်းတစ်ခု ရှိသည်။ ထိုနေရာရောက်သည်နှင့် သစ်ကိုင်းကို ချလိုက်တော့သည်။

'ကဲ...အသင်ပုဂ္ဂိုလ်တို့ ဒီနေရာမှာ နေကြပေတော့၊ အသင်တို့ကိုလဲ ကျွန်ုပ်၏ ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ အားလုံး ကြားကြားသမျှ အမျှ...အမျှ... အမျှ ယူကြပါကုန်လော့'

ဆရာကြီးဦးသန်းရွှေ၏ အမျှဝေသံ အဆုံး သပြေပင်ကြီးဆီမှ ပလွေသံ သည် လေအသင့်တွင် ပီသကြည်မြစွာ ကြားလိုက်ရသည်။

* * *

ထိုအဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် မြေပဲနှင့်နှမ်း ရိတ်သိမ်းချိန် ရောက်ရှိခဲ့သည်။ ထိုနှစ်က ပဲနှင့်နှမ်းတို့ မကြုံစဘူး ထူးကဲစွာ အထွက်ကောင်းကြသည်။

ယာခင်းသိမ်းချိန်တွင် ဦးကြီးရွှေတို့ လင်မယားသည် ပစ္စည်းများ လှည်းပေါ်တင်ပြီး ပြန်ချိန်တွင် လူသံ၊ စကားပြောသံများကြား၍ နောက်သို့ လှည့်ကြည့်မိသည်။ ယာတဲတစ်ဝိုက် လှုပ်ရှားနေသော ဝိုးတဝါးပုံရိပ်များကို တွေ့ရသည်။ ဦးကြီးရွှေတို့ကလည်း လက်ပြနှုတ်ဆက်ရင်း ထွက်ခွာလာခဲ့သည်။

'အလှူကျရင် လာဖိတ်မယ်။ အားလုံး လာကြပါနော်'

ဦးကြီးရွှေက နွားများကို ကြိမ်တို့မောင်းနေရာမှ နောက်သို့လှည့်ပြီး ပြောလိုက်သည်။

ဦးကြီးရွှေတို့အိမ်သည် နတ်မောက်မြို့နှင့်မနီးမဝေး ကိုယ်ပိုင်ဆိုင်သော ယာခင်းစပ်တွင်ရှိသည်။ ဆွေမျိုးသားချင်းများ စုပေါင်းနေကြသော အိမ်စုများဖြင့် သာသာယာယာရှိသည်။ ညီညီညွတ်ညွတ်ဖြင့် ဘာသာရေးကိုင်းရှိုင်းကြသူများ ဖြစ်ကြသည်။

ထိုနှစ်က နှမ်းအထွက်ကောင်း၍ နှမ်းဆီ တော်တော်များများ ရလိုက်သည်။ မြေပဲကလည်း ဈေးကောင်းရခဲ့သည်။

'အဖေ ကျွန်တော်တို့ ဆီမီးတစ်ထောင်လှူရင်းနဲ့ ဆွမ်းလေးကျွေးရအောင်ပျား။ ပြီးတော့ မလုပ်ကောင်းယာခင်းက ကျွန်တော့်မိတ်ဆွေတွေကိုလဲ ဖိတ်မယ်'

အဖေနှင့် ဆွေမျိုးသားချင်းများက သဘောတူကြသည်။ ဝိုင်းကူကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် မြို့ဦးစေတီတွင် နှမ်းဆီ ဆီမီးခွက်တစ်ထောင်ဖြင့် မီးပူဇော်ခဲ့ကြသည်။

ထိုကုသိုလ်ကောင်းမှုကို တစိမ့်စိမ့်ကြည့်၍ ဦးကြီးရွှေတို့လင်မယား ကုသိုလ်ပွားရသည်။ ယင်းတို့ စွန့်စွန့်စားစား သွားရောက်၍ ယာလုပ်ကိုင်ရာ မလုပ်ကောင်းယာခင်းဆီက မိတ်ဆွေများကိုလည်း အမျှအတန်း ဝေခဲ့ကြပါ၏။

www.burmeseclassic.com

ဆီမီးတစ်ထောင် မီးပူဇော်ရင်း မနက်ဖြန် အရုဏ်ဆွမ်းနှင့် အလှူစီစဉ်ရန်အတွက် အိမ်သို့ ပြန်ခဲ့ကြသည်။ အိမ်ရောက်သည်နှင့် ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမတစ်စုတို့ ဝိုင်းဝန်း ချက်ပြုတ်ကြသည်။ အသံချဲ့စက်ကိုလည်း ဖွင့်ကြသည်။

ထိုအချိန် ဦးကြီးရွှေမှ မိုက်ဖြင့် အလှူဖိတ်ကြားသံကို ကြားလိုက်ရသည်။

'ဦးကြီးရွှေတို့မိသားစုက ဖိတ်ကြားအပ်ပါတယ်။ မိတ်ဆွေသင်္ဂဟအပေါင်းတို့ခင်ဗျား... အထူးသဖြင့် မလုပ်ကောင်းကုန်းသပြေပင်ကွင်းက ပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျား မနက်ဖြန် အလှူပွဲသို့ ဆွမ်းစားကြွရောက်ပါရန် အလေးအနက် ဖိတ်ကြားအပ်ပါသည် ခင်ဗျား'

အသံချဲ့စက်မှ အလှူမင်္ဂလာဗျောစည်သံနှင့်အတူ ဖိတ်ကြားထားသော မိတ်ဆွေအပေါင်းအသင်းတို့က ဦးကြီးရွှေအလှူသို့ တဖွဲဖွဲ လာရောက်ကြ၏။ ထမင်းသုံးဆောင်ပြီး ပြန်သွားကြ၏။

သို့သော်လည်း ပရိသတ်တို့က ဝင်လာမစဲ ဖြစ်နေသည်။ တိုင်းတာပြီး ချက်ပြုတ်ထားသည်များ မလောက်မင မှာ အလှူရှင်က စိုးရိမ်နေမိသည်။

တစ်သုတ်ပြီး တစ်သုတ် ဝင်လာကြသူများမှာ မျက်နှာစိမ်းတွေ များသည်။ ယင်းတို့သည် ထမင်းများ စားသောက်ပြီးနောက် မြို့ထဲဝင်သောလမ်းသို့ မသွားဘဲ ဒီးဒုတ်ရိုးရွာလမ်းအတိုင်း ပြန်ထွက်သွားကြသည်ကို တွေ့ရသည်။

သို့သော် ထိုသူများမှာ ဒီးဒုတ်ရိုးရွာမှ လူများမဟုတ်ကြောင်း ဦးကြီးရွှေ သိလိုက်ပါပြီ။ ဦးကြီးရွှေသည် ခေါင်းတညိတ်ညိတ်ဖြင့် ပြုံးပျော်ကျေနပ်နေ၏။



အကြောင်းမူကား သူဖိတ်ကြားလိုက်သော မလုပ်ကောင်းက မိတ်ဆွေများ အလှူသို့ လာရောက်ခဲ့သည်ကို သိလိုက်သောကြောင့် ဖြစ်ပါသည်။ ချက်ပြုတ်ထားသော ထမင်းဟင်းများမှာလည်း မကုန်နိုင်၊ ကျွေးမွေးလောက်ငခဲ့သည်ကိုလည်း အံ့ဩဝမ်းသာနေမိသည်။

ဦးကြီးရွှေတို့လင်မယား ထို မလုပ်ကောင်းကုန်းယာမြေတွင် သုံးနှစ်သုံးမိုး လုပ်ခဲ့ပြီး စီးပွားအသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နှစ်တိုင်းလည်း လှူဖြစ်သည်။ လှူတိုင်းလည်း မလုပ်ကောင်းကုန်းမှ ပုဂ္ဂိုလ်များ လာကြသည်။

တစ်နှစ်တွင် ဒီးဒုတ်ချောင်း ရေကြီး ရေလျှံခဲ့သည်။ ထိုရေသည် မလုပ်ကောင်းယာခင်းကို အလယ်မှ တိုက်စားပြီး သဲချောင်းလေးတစ်ခု ဖြစ်ပေါ်ခဲ့၏။ သပြေပင်ကုန်းသာ ထီးထီးကျန်ရစ်ခဲ့သည်။ ဦးကြီးရွှေလည်း ထိုနှစ်မှစ၍ မလုပ်ကောင်းယာမြေပေါ်တွင် ထွန်ယက်စိုက်ပျိုးခြင်း မရှိခဲ့တော့ပေ။

* * *

အချိန်ကာလတို့သည် တဖြည်းဖြည်း ရွေ့လျားနေကြသည်။ သဘာဝတို့သည်လည်း ပြောင်းလဲခဲ့ကြပြီ။ ဦးကြီးရွှေလည်း အသက်အရွယ်ကြီးရင့်လာသဖြင့် နတ်မောက်မြို့ပေါ်တွင် သားသမီး မြေးမြစ်များနှင့်အတူ ချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည်။

တစ်နေ့တွင် ဖြစ်သည်။ ဒီးဒုတ်ရိုးရွာသို့ မသွားမဖြစ် သွားရမည့်ကိစ္စတစ်ခုပေါ်လာသည်။ ဦးကြီးရွှေသည် မြေးဖြစ်သူကို လှည်းဆင်ခိုင်းပြီး ထွက်လာခဲ့သည်။ ဟိုအရောက်တွင် သပြေပင်ကြီးကို လှမ်းမြင်ရသည်။ ''ဪ... ဒီနေရာမှာ ငါ့မိတ်ဆွေတွေကို သတိရပါတယ်''ဟု စိတ်ထဲက တွေး၍ လွမ်းဆွတ်နေသယောင် ခံစားမိခဲ့သည်။ တဖြည်းဖြည်း လှည်းသည် သပြေပင်ကြီးနှင့် နီးလာသည်။

ထိုအချိန်တွင် လွမ်းဆွတ်ဖွယ်ရာ ပလွေသံကို ကြားလိုက်ရသည်။ သပြေပင်ကြီးထက်ဆီမှ သပြေခက်တို့၏ လှုပ်ခတ်သံကိုလည်း ကြားနေရသည်။ ဦးကြီးရွှေသည် သပြေပင်ကြီးဆီသို့ ကြည့်ပြီး...

'ငါလဲ သတိရပါတယ်ကွာ။ ငါရဲ့ ကောင်းမှုတွေကို အားလုံးအတွက် အမျှပေးဝေပါတယ်။ အမျှ...အမျှ...အမျှ ယူနိုင်ကြပါစေကွာ'

ဦးကြီးရွှေ၏ အမျှဝေသံ အဆုံးတွင် ပလွေသံကို ပို၍ ကျယ်လောင်စွာ ကြားလိုက်ရသည်ဟု ထင်လိုက်မိပါသည်။

**မှတ်ချက်။ ။ ယနေ့ အသက်(၈၇) နှစ်ရှိပြီဖြစ်သော နတ်မောက်မြို့မှ အဘဦးရွှေကြီး၏ ကိုယ်တွေ့ ပြောပြချက်ကို ခံစားရေးသားပါသည်။**

**ရဲရဲထွန်း(ဟင်္သာတ)**



www.burmeseclassic.com

www.burmeseclassic.com

**“လောင်မီးကျရေ”**အကြောင်း သိသူနည်းပါသည်။ စာရေးသူကိုယ်တိုင် လက်တွေ့ သိမြင်ခဲ့ရမှုနှင့် သက်ကြီးစကား သက်ငယ်ကြား ဆိုသလို လေ့လာ မှတ်သားခဲ့ရသည်များ တင်ပြလိုက်ပါသည်။

မှတ်မှတ်ရရ **လွန်ခဲ့သည့် (၁၂)နှစ်ခန့်**က စာရေးသူသည် ရွာမှ ဦးကြီး၊ ဦးလေး၊ အစ်ကိုဝမ်းကွဲများနှင့်အတူ ရိုးမတောထဲသို့ ဝါးခုတ်လိုက်သွားခဲ့ဖူးပါသည်။

သက်ငယ်ပျစ်ရန်၊ ဝါးထရံ ရက်လုပ်ရန်၊ ဝါးကပ်များပြုလုပ်ရန် နှီးချောဖျာရက်ရန်အတွက် မိမိနေအိမ်များတွင် အသုံးပြုရန်ဖြစ်ပြီး ရောင်းရန် မဟုတ်သောကြောင့် အတတ်စွမ်းနိုင်ဆုံး ဝါးတုတ်တုတ်ခိုင်ခိုင် ဖြောင့်ဖြောင့်စင်းစင်း ဝါးရင့်ဝါးမာများ ရွေးချယ်ယူကြပါသည်။


စုပေါင်း ဝိုင်းဖွဲ့သွားခြင်းဖြစ်၍ နွားလှည်း ဆယ်စီး ဖြစ်ပါသည်။ ဝါးခုတ်သွားလျှင် ရိုးမအတက်အဆင်းများနှင့် အသွားအပြန် သုံးရက်သာ ကြာပါသည်။

အခြားသူအားလုံးမှာ ဝါးခုတ်ရန် သက်သက်ဖြစ်ပြီး စာရေးသူမှ ဝါးပျို့ကြောင်သျှူးပုံနှင့် ဇော်ဂျီဦးထုပ် လိုချင်၍ ဖြစ်ပါသည်။

**(ဇော်ဂျီဦးထုပ်အကြောင်း လွန်ခဲ့သည့် သုံးနှစ်ခန့်က နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်းကြီးတွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)**

ဦးကြီး ဦးဘအောင်မှ...

‘လိုက်ခဲ့ပါကွာ မင်းလိုချင်တဲ့ ဝါးပျို့နဲ့ ဇော်ဂျီဦးထုပ်တွေ ပေါပါတယ်။ ကြောင်သျှူးပုံဆိုတာတော့ မလွယ်ဘူးကွ’



နတ်မြောက် လမြင့်သစ်

# လောင်မီးကျရေ

# ကျောင်းရှားလေ

ဟု ဆိုပါသည်။

တကယ်ပင် တောခပ်နက်နက်တွင် ဇော်ဂျီဦးထုပ်နှစ်လုံးပင် ရခဲ့ပါသည်။ ဝါးပျို့များ တွေ့သော်လည်း သစ်ပင်ပေါ်တက်ရန်၊ ခုတ်ယူရန် အလွန် ခက်ခဲမြင့်မားလွန်းသဖြင့် “မြင်သာမြင်ရ မကြင်ရ မောင့်မှာ”ဆိုသလို မချင့်မရဲနှင့် ထားရစ်ခဲ့ရပါသည်။

ရိုးမတောင်ခြေနှင့် စာရေးသူတို့ရွာမှာ(၁၈)မိုင်ခန့်ဝေးပါသည်။ ထိုမှ ရိုးမပေါ်သို့ သုံးမိုင်ခန့် ရောက်သောအခါ ဦးကြီးဦးဘအောင်မှ...

‘ကဲဟေ့ ဒီနေရာ ခြေခင်းလက်ခင်းသာတယ်။ နောက် ခုနစ်မိုင်၊ ရှစ်မိုင်လောက်မှ ဝါးကောင်းဝါးသန့် စိတ်ကြိုက်ဝါးရွေးခုတ်လို့ရမှာ နွားတွေလဲ ပန်းပြီ၊ နေလဲပူပြီ လှည်းစခန်းချမယ်’

ဟု ဆိုသဖြင့် လှည်းဝိုင်းဖွဲ့ကာ ရပ်နားပြီး နွားများ အစာကျွေးရန်၊ လူများစားရန် ပြင်ဆင်ချက်ပြုတ်လုပ်ကြပါသည်။

ထို့နောက် နွားကျွေးရန်၊ လူရေချိုး

www.burmeseclassic.com

ဆေးကြောရန်အတွက် အနီးပတ်ဝန်းကျင်သို့ ရေရှာထွက်သူ ထွက်ပါသည်။ (သောက်ရန်ရေမှာ ပလတ်စတစ်ဘူးကြီးများနှင့် ရွာမှ ထည့်သိုပါခဲ့ပြီး ဖြစ်ပါသည်။)

'ကိုကြွက်သိုးနဲ့ ကိုပေလုံး ရေရှာသွားမှာမဟုတ်လား၊ ခင်ဗျားတို့ပဲ သွားပါ။ ခင်ဗျားတို့နှစ်ယောက်က ရေရှာပိုင်ပါတယ်။ ကျုပ်တို့ စားကောင်းအောင် ချက်ပြုတ်ထားပါ့မယ်။ စိတ်ချသွားပါ'

'ဟော့...ဟော့...ပေလုံးတို့ နေဦး အဘလဲ လိုက်မယ်။ မင်းတို့ချည်း ရေရှာရင် ပြီးခဲ့တဲ့ နှစ်ကလို ရေမှားမှာစိုးလို့ အဘပါ လိုက်မယ်'

ကိုကြွက်သိုး၊ ကိုပေလုံးတို့မှ ရေရှာထွက်ရန် ပြင်ဆင်ချိန်တွင် ဦးကြီးဦးဘအောင်မှ သူပါ လိုက်မည်ဟု ဆိုကာ ထလိုက်ပါသည်။ စာရေးသူလည်း ဦးကြီးနှင့်အတူ လိုက်ခဲ့ပါသည်။

လိုက်ရသည့် အကြောင်းမှာ **"ပြီးခဲ့တဲ့ နှစ်ကလို ရေမှားမှာစိုးလို့"** ဟူသောစကားကို စိတ်ဝင်စားမိပြီး မည်သို့ မှားသောရေလည်း သိချင်သဖြင့် လမ်းတစ်လျှောက်တွင် ဦးကြီးထံ စပ်စုမေးမြန်းရန် ဖြစ်ပါသည်။

ဦးကြီးကို ယခုကဲ့သို့ အကြောင်းတိုက်ဆိုင်စွာ မေးမြန်းလျှင် သေချာဂန ဖြေပြောသော်လည်း တမင်တခုတ်တရ မေးလျှင် "မသိပါဘူးကွာ"ဟု ဘူးခံတတ်သောကြောင့် ဖြစ်ပါသည်။

လှည်းဝိုင်းမှခွာ၍ တစ်ခေါ်လောက်ဝေးဝေး ရောက်သောအခါ ဦးကြီးမှ...

'ငါ့တူ ဘာလို့ လိုက်လာတာလဲ ပင်ပန်းအောင်ကွာ။ လှည်းဝိုင်းမှာ နားနားနေနေ နေတာမဟုတ်ဘူး။'

ဟု စာရေးသူကို ပြောပါသည်။

'ဟို...ဟို ဦးကြီး စောစောကပြောတဲ့...'

'ဦးကြီး သိတာပေါ့ကွာ၊ ငါ့တူ ဘာသိချင်တယ်ဆိုတာ။ ရေမှားတယ်ဆိုတာ ဘယ်လိုရေလဲ၊ ဘယ်လိုမှားတဲ့ရေလဲဆိုတာ မေးချင်လို့ မဟုတ်လား'



'ဟီး...ဟီး...ဟီး...ဟုတ်...ဟုတ်ပါတယ် ဦးကြီး။ အဲဒါလေး ပြောပြပါ။ နောင် တစ်ချိန်ချိန်မှာ ကျွန်တော် စာရေးဖို့ အကြောင်းအချက်တစ်ခု ဖြစ်ချင်ဖြစ်လာမှာမို့ပါ။ ပြောပြပါနော် ဦးကြီး'

'အေးပါကွာ အေးပါ ပြောပါ့မယ်။ နေဦးကွ လက်တွေ့ တွေ့မှာပါ။ လက်တွေ့ပြပြီး ပြောမယ်'

ဤသို့ဖြင့် ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ခန့် လျှောက်မိသောအခါ သုံးယောက်ခုတင်လုံးစာ ကျောက်ရေအိုင်လေးတွေ့ပါသည်။ ရေမှာ ကြည်စိမ်းနေပါသည်။

ဦးကြီးမှ ကျွန်တော်၊ ကိုပေလုံးနှင့် ကိုကြွက်သိုးကို လက်ကာပြပြီး သူတစ်ယောက်တည်း ရေအိုင်လေးဆီ သွား၍ ရေကို လက်ခုပ်နှင့်ယူ၍ နမ်းကြည့်သည်။ လျှာဖျားနှင့် တို့ကြည့်သည်။

ထို့နောက် ရေများကို လက်ခုပ်နှင့်ယူ၍ အထက်မှအောက်သို့ ဖြည်းဖြည်းချင်း သွန်ချကြည့်သည်။ ပြီး ကျွန်တော်တို့သုံးယောက်ကို လက်ယပ်၍ လှမ်းခေါ်သဖြင့် ရေအိုင်လေးဆီ သွားလိုက်ကြသည်။

'ဒီရေအိုင်လေးထဲက ရေဟာ "လောင်မီးကျ ရေ"တွေပဲကွ။ ဒီရေကို နမ်းကြည့်ရင် ပြာ သင်းနေမယ်။ လျှာဖျားနဲ့ တို့ကြည့်ရင် ငန်မ လို ခါးမလိုလို သက်နေမယ်။ မြောက်ပြ လေထဲမှာ သွန်ကြည့်ရင် မီးခိုးနုရောင် သ နေလိမ့်မယ်။

လောင်မီးကျရေဆိုတာ သေချာတယ် ဒီရေမျိုးကို သောက်မိရင်၊ ချိုးမိရင်၊ သုံးစွဲမိရ ဒုက္ခရောက်မယ်။ ရောဂါရမယ်။ အနာတွေ ပေါက်မယ်။ ဖျားနာမယ်။

ဒီရေထဲက ငါးဖားတွေ အနာကျမယ်ကွ အဲဒါ လောင်မီးကျရေပဲ။ လောင်မီးကျရေ သောက်မိတဲ့ ကျွဲနွားတိရစ္ဆာန်နဲ့ လူတွေဟာ ချက်ချင်း မသေတောင်မှ ဝမ်းတွင်းကလီစာ အူသိမ်းအူမတွေမှာ ရောဂါ ရတတ်တယ်ကွ ကြပ်ကြပ် သတိထားရမယ့် ရေပဲ'

ဦးကြီးဦးဘအောင်မှ ကျွန်တော် တို့ကို သေချာရှင်းပြ ပြောဆိုပါသည်။ သို့သော် ကျွန်တော် သိချင်နေသည် မှာ ဘာကြောင့် လောင်မီးကျရေဟု ခေါ်ဆိုရသည်ကို သိချင်နေမိသဖြင့် ဦးကြီးကို စကားတန်ရှည်ကာ မေးမိ ပါသည်။

'ဦးကြီး ဟို... လောင်မီးကျရေဆို တာ...'

'အေး...ငါ့တူ သိချင်မှာပဲ။ ကြွက်သိုး ပေလုံးကတော့ ပြီးခဲ့တဲ့နှစ်က ရှင်းပြပြီးဖြစ် သိပြီးသားနေမှာ။ ဒီလို ငါ့တူရ လောင်မီးကျ ရေဆိုတာ ဒီအနီးပတ်ဝန်းကျင်မှာ သဘာ တောမီးလောင်မယ်။ တောမီးငြိမ်းသွားချိန် ပြာပုံတွေ ကျန်ခဲ့မယ်။

မိုးရွာချတဲ့အခါ အဲဒီ တောမီးလောင်ထား တဲ့အကျွက်ကို ရေဖြတ်စီးပြီး ဒီရေအိုင် လာဝင်မယ်။

အဲဒီတောမီးလောင်ပြီး ဝင်လာသမျှ ဟာ လောင်မီးကျရေပဲကွ။ အလွန်အ ကြီးတယ်။ တောသတ္တဝါတွေလဲ သော ရင် မှုမိုင်း ရောဂါရကြတဲ့အထိ ဖြစ်တ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

အချို့တောသတ္တဝါတွေဟာ ရေမသောက်ခင် နမ်းလိုက်ကြည့်လိုက်နဲ့ လုပ်တာဟာ လောင်မီးကျရေ ဟုတ်,မဟုတ်၊ သောက်လို့ရတဲ့ရေ ဟုတ်,မဟုတ် သူတို့သဘာဝအသိနဲ့ လေ့လာဆုံးဖြတ်တာကွ။ ရှင်းပြီလား'

'ရှင်းပါပြီ ဦးကြီး ရှင်းပါပြီ'

ထိုသို့...ထိုသို့... လွန်ခဲ့သည့်(၁၂) ခန့်ကပင် လောင်မီးကျရေနှင့် သက်၍ ကျွန်တော် စာရေးသူ က်တွေ့သိမြင် ဗဟုသုတ မှတ်ယူ ခဲ့ရပါသည်။

*　*　*

ပြီးခဲ့သည့် ငါးနှစ်ခန့်က ကျွန်တော့် အိမ်အရှေ့ဘက် တစ်လမ်းကျော်မှ (း)ခွဲစက်တွင် ပေါ့ဆမီး လောင်ပါ ည်။

အလုပ်သမားများနှင့် ရပ်ကွက် မီးသတ်၊ လုပ်သားပြည်သူတို့ တ်စွာ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် ၏ သုံးပုံတစ်ပုံခန့်သာ မီးလောင် ခံရပြီး မီးကို လူက နိုင်လိုက်ပါ ည်။

ငြိမ်းသတ်ပြီးသောအခါ ဆီးခွဲစက် ်ကို အအေးဓာတ်ပေးသည့် ရေစည်နှစ်ဆယ်ခန့် အုတ်ကန်ထဲမှ ရေများမှာ အငွေ့တထောင်းထောင်း ထပူလောင်နေပါသည်။

နောက်တစ်နေ့ မီးလောင်ပျက်စီးသော အပိုင်းကို ပြင်ဆင်ရန် ရှင်းလင်းပြီးနောက် အလုပ်သမားများသည် ယခင်နေ့က ပူလောင်နေပြီး ယနေ့ အေးမြနေသော အုတ်ကန်ကြီးထဲမှ ရေများကို သူတစ်လှည့် ကိုယ်တစ်လှည့် ဆိုသလို ခပ်ယူရေချိုးကြပါသည်။ ထိုစဉ် ရပ်ကွက်နာယက အဘဦးစံသိန်း ရောက်လာပြီး...

'ဟေ့ကောင်တွေ...ဟေ့ကောင်တွေ အဲဒီရေကို ဆက်မချိုးနဲ့ အကုန်သေကုန်တော့မှာပဲ။ ကာလသားသမီးတွေ ဘာဗဟုသုတမှလဲ မရှိဘူး။ ဒီ မနေ့က မီးလောင်ထားတဲ့ လောင်မီးကျရေတွေကွ။ ဖျားနာကုန်တော့မှာပဲ။ သွားကြ သွားကြ တခြား ရေကောင်း ရေသန့်ချိုးချေကြ"

ဟု ဆူပူငေါက်ငမ်း ဆုံးမလွှတ်ပါသည်။

**[အဘဦးစံသိန်းမှာ စစ်ပြန် တပ်ကြပ်ကြီးတစ်ဦးဖြစ်ပြီး အသက် (၇၃)နှစ်ရှိပါပြီ။ အလွန်ပင် ကျန်းမာကြံ့ခိုင်ပြီး အသံသြဇာလည်း ကောင်းပါသည်။]**

အလုပ်သမား လေး,ငါးယောက်မှာ လောင်မီးကျရေကို ချိုးပြီးသွားကြပြီ။ ကျန် အလုပ်သမား ဆယ်ဦးခန့်မှာ အဘဦးစံသိန်း တားမြစ်သဖြင့် အခြားသို့ ထွက်သွားကြသည်။ တကယ်ပင်...

တကယ်ပင် နောက်နေ့တွင် လောင်မီးကျရေချိုးမိသော အလုပ်သမား ငါးယောက်လုံး ဆေးရုံတွင် အတွင်းလူနာအဖြစ် သုံးယောက်၊ ပြင်ပလူနာအဖြစ် နှစ်ယောက် အပြင်းအထန် ဆေးကုသမှု ခံယူကြရပါသည်။(သေဆုံးပျက်စီးခြင်း မရှိကြပါ။)

လောင်မီးကျရေသည် တကယ်ပင် ကြောက်စရာ ကောင်းလှပါတကားဟု စာရေးသူ ကျွန်တော် မှတ်ချက်ပြုမိရပါတော့သည်။

သို့အတွက်...

ရှေးထုံးလည်း မပယ်နှင့် ဆိုသလို စာရေးသူ လက်တွေ့သိမြင် ဗဟုသုတ မှတ်သားထားသော "လောင်မီးကျရေ" အကြောင်း ဝေးစွာ ရှောင်ရှားသင့်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**(လောင်မီးကျရေကဲ့သို့ပင် ရှောင်ရှားသင့်ပြီး ခြေလေးချောင်း တောသတ္တဝါ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ မြင်း တို့ကို ဒုက္ခပေးတတ်သည့် ရေတစ်မျိုးမှာ "ဖက်ဆွတ်ရေ"ခေါ် "ဖက်သွပ်ရေ"ဖြစ်ပါသည်။ ထို"ဖက်သွပ်ရေ"အကြောင်း အလျဉ်းသင့်ပါက ဆက်လက် တင်ပြရေးသားပါဦးမည်။)**

***ဗဟုသုတ တိုးပွား၍ အကျိုးကျေးဇူးများကြပါစေ။***

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

# မိမိဝန်းကျင်ရှိ အနိုင်ဓာတ်များ

အနာညှော်ဝင်၍ တက်လျှင်

လွန်ခဲ့သော နှစ်(၂၀)ကျော်ကာလ ကပါ။

ဗိုလ်ကြီးကျင်မောင် (မော်ကွန်းဝင် ပထမဆင့်)၏ စေတနာမူလတန်း ကျောင်းကလေး၌ မူလတန်းကျောင်း သားများအား လှူမှုဝန်ထမ်းဌာနမှ ကျောင်းသုံးစာအုပ်များ ပေးအပ်သော အခမ်းအနား ပြီးဆုံးသောအခါ လူမှု ဝန်ထမ်းအရာရှိမှ…

'ဗိုလ်ကြီး ကျွန်တော့်မှာ သွေးတိုးလဲ ရှိတယ်။ အခုလဲ ခြေနုတ်လက်နုတ် (ခြေရုတ်လက်ရုတ်)တွေ လေးလာပြီ ကျွန်တော် လေဖြတ်မှာ စိုးပါတယ်'

ဟု ပြောလေလျှင် ဗိုလ်ကြီးကျင် မောင်မှ…

'မကြောက်ပါနဲ့ဗျာ… ကျုပ်တို့အမျိုးက လေဖြတ်သေတဲ့ အမျိုးဗျ။ အဲဒါ မြန်အောင် ဆရာတော်ကြီးက မြန်မာပြက္ခဒိန်လ လဆန်း တစ်ရက်နေ့ ရောက်တိုင်း ရောက်တိုင်း အမှတ်ထားပြီး ဝတ်မပျက် ရှောက်ညွှန့် (၉)ညွှန့် စားစေခိုင်းလို့ ကျုပ်တို့ တစ်မျိုးလုံး လေဖြတ် မသေတော့ဘူးဗျို့'

ဟု ပြောသံကို မှတ်သားခဲ့ရဖူးပါ သည်။

ယခုလည်း ရှောက်ရွက်၏ အသုံး တည့်ပုံကို တွေ့ရပြန်ပါပြီ။

ကျွန်တော် မြို့အနောက်ဘက် ကန်ရှေ့ရွာ ရှစ်မျက်နှာဘုရား၌ အာနာပါနသသတိပဋ္ဌာန် ကမ္မဋ္ဌာန်းကို အဓိဋ္ဌာန်ဝင်နေစဉ် အချိန်က ဖြစ်ပါ သည်။

ဘုရားရင်ပြင်ပေါ်၌ ရွာဗိန္ဒောဆရာ ဓမ္မ မိတ်ဆွေကြီး ဦးဘသီးနှင့် မိမိ ဝန်းကျင်ရှိ ဓာတ်တို့၏ ဗျာပါရစိုက် ထုတ်မှုမရှိဘဲ အနိုင်ဓာတ်သဖွယ် ဓာတ်ပြုပုံနှင့် ဓာတ်တို့၏ သူ့သဘော သူဆောင်သည့် သဘာဝများကို ဆွေး နွေးနေကြစဉ်…

'ဆရာသီး ရွာထဲက ကောက်စိုက် စည်းခေါင်း မဘောက်တူ အနာညှော် ဝင်ပြီး တက်နေလို့ ဆရာ လိုက်ကြည့်ပါဦး'



ဟု လာခေါ်ပါသဖြင့် ကျွန်တော် ရော ဆရာဦးဘသီးပါ သွားကြည့်ရပါ သည်။

ဒေါ်ဘောက်တူမှာ သူ၏အိမ် အောက်ထပ် လေကြောင်းကျ လေ သာသော နေရာတွင် အနာညှော်ဝင်ပြီး လက်,ခြေတို့ ကွေးကောက်ကာ တက် နေပါသဖြင့် ဘေးမှ ပိုင်းနှိပ်နေသည်ကို တွေ့ရပါသည်။

ထိုအခါ ဆရာဦးဘသီးမှ မဘောက် တူကို ကြည့်ပြီး…

'အအေးပတ် အနာညှော်ဝင်ပြီး တက်နေ တာကိုး။ ကဲ ကဲ ရှောက်ရွက် လေး,ငါးရွက် ခူးခဲ့ နောက် မီးဖိုချောင်က ဇရုတ်ကောင်း စိမ်းနည်းနည်းနဲ့ ရောစိုစိုထောင်းပြီး အရည် တိုက်လိုက်'

ဟု မဘောက်တူ၏ ဘေးနားရှိ တူမများကို ခိုင်းလိုက်ပါသည်။

ရှောက်ရွက်နှင့် ငရုတ်ကော ဝမ်းထဲရောက်သည်နှင့် မကြာ မဘောက်တူ အတက်ပြေသွာ တော့သည်။

ကျွန်တော်မှလည်း မိမိဝန်းကျ အနိုင်ဓာတ်တွေ ရှိပါပကောလာ ဓာတ်၏ ဆန်းကြယ်ပုံကို တွေ့ တော့သည်။

**အောင်လှသန်း(မင်းဘူး)**



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ဖြင့်
## လမ်းလျှောက်ခဲ့သူ

သိုလေးငယ်
(လယ်တော်)

နှစ်ခြိုက်စွာ အိပ်ပျော်နေရင်း အိပ်မက် မက်ကာ လမ်းထလျှောက်သူများကို စာရှုသူများ သိဖူးကြားဖူးကြမည် ဖြစ်ပါသည်။

တချို့သူများတွင် ငယ်စဉ်အရွယ် ကလေးဘဝများတွင်သာ ထိုသို့ ဖြစ်ပေါ်တတ်ပြီး အသက်ကြီးလာသည့်အခါ တဖြည်းဖြည်းဖြင့် အလိုလို ပျောက်ပျက်သွားတတ်၏။ တချို့မှုလည်း အသက်အရွယ် ကြီးရင့်ချိန်ထိ မပျောက်ပျက်ဘဲ ရှိနေတတ်ပါသည်။

ထိုသူများသည် အိပ်ပျော်နေရင်း အိပ်မက် မက်ကာ အိပ်ရာမှထ၍ အိမ်ထဲတွင်ဖြစ်စေ၊ အိမ်အပြင်ဘက်သို့ ဖြစ်စေ ယောင်ယမ်းကာ လမ်းထလျှောက်တတ်ပြီး အလိုလို အိပ်ရာထဲသို့ ပြန်လည် ဝင်အိပ်တတ်၏။

ထိုသို့ လမ်းထလျှောက်နေကြသော်လည်း သာမန်လူများ အိပ်ပျော်နေစဉ် အိပ်မက် မက်နေသကဲ့သို့ပင် အိပ်ရာမှ မနိုးဘဲ ရှိနေတတ်ပါသည်။

ထို့ပြင် အိပ်ပျော်နေရင်း အိပ်မက် မက်ကာ စကားပြောသူများလည်း ရှိကြပါသည်။ ထိုသူများမှာ နေ့ခင်း၌ လှုပ်ရှားသွားလာပြောဆိုခဲ့သမျှကို ညအိပ်ပျော်နေစဉ် အိပ်မက်မှသည် အပြင်သို့ အသံထွက်၍ ပြောဆိုခြင်းဖြစ်သည်။

**ထိုသူများသည် မိမိတို့၏ လျှို့ဝှက်ထားသော အကြောင်းအရာများကိုမူ မည်သည့်အခါမှ မပြောဆိုတတ်ကြ**ဟု စာအုပ်များတွင် ဖတ်မှတ်ဖူး၏။

ဤသို့ဖြင့် လွန်ခဲ့သော (၁၀)နှစ်ကျော်ကာလက စာရေးသူကိုယ်တိုင် တွေ့ရှိဖူးသော အိပ်မက်ဖြင့် လမ်းထလျှောက်ခဲ့သူတစ်ဦး၏ အကြောင်းကို ဝေငှတင်ပြလိုပါသည်။

www.burmeseclassic.com



ထိုသူမှာ အမြဲတမ်း အိပ်မက် မက်ကာ လမ်းထလျှောက်တတ်သည့် အကျင့် ရှိသူမဟုတ်ပေ။ အသက်(၆၅) နှစ်ကျော်အရွယ် ရှိသူဖြစ်၍ **ထို (၆၅) နှစ်ကျော် သက်တမ်းအတွင်း ထိုတစ်ကြိမ်သာ အိပ်မက်ဖြင့် လမ်းထလျှောက်ခဲ့ခြင်း ဖြစ်ပေသည်။**

ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်စဉ်တစ်ခုဖြစ်၍ စာရှုသူများအား အရသာတစ်မျိုး ပေးစွမ်းနိုင်မည်ဟု ယုံကြည်မိပါသည်။

ထိုသူ၏ အမည်မှာ ဦးဆံနီဖြစ်ပြီး စာရေးသူတို့ရွာနှင့် ရွာနီးချုပ်စပ်ရွာတွင် နေထိုင်ပါသည်။ စာရေးသူတို့မိသားစုနှင့် ရင်းနှီးသူတစ်ဦးဖြစ်ပြီး စာရေးသူတို့အိမ်သို့ မကြာခဏ အဝင်အထွက် ပြုတတ်ပါသည်။

ဦးဆံနီတွင် မိသားစုမရှိပါ။ တစ်ဦးတည်းနေထိုင်ခြင်း ဖြစ်ပါသည်။ ဦးဆံနီ အသက်(၅၀)ကျော်အရွယ်တွင် ဇနီးသည် ဆုံးပါးသွားပြီး သားသမီး မထွန်းကားသော ဦးဆံနီတို့ ဇနီးမောင်နှံတွင် ဇနီးဆုံးပါးသွားသောအခါ ဦးဆံနီတစ်ယောက်တည်း ကျန်ရစ်ခဲ့ခြင်း ဖြစ်ပေသည်။

ရွာ၌ ဆွေမျိုးဉာတကာလည်း မရှိသဖြင့် အားကိုးစရာမရှိပါ။ ရပ်ရွာက ကြည့်ရှုစောင့်မှုဖြင့် တစ်ကိုယ်တည်း ကိုယ့်ဝမ်းကိုယ် ကျောင်းရသူဖြစ်ပေသည်။

အသက်(၆၅)နှစ်ကျော် အရွယ်ရှိပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းနေဆဲဖြစ်သည်။ ဆံပင်ဖြူရုံမှလွဲ၍ ဇရာလက္ခဏာများ တစ်ခုမှ မဖောက်ပြန်သေးပေ။ အသားညိုညို အရွယ်ပိန်ပိန်ဖြင့် လွန်စွာ ကျန်းမာသန်စွမ်းသူဖြစ်သည်။

ဦးဆံနီ အသက်မွေးဝမ်းကျောင်းပြုသော အလုပ်မှာ ရှမ်းရိုးမတောင်စောင်းတွင် အလေ့ကျပေါက်သော(စိုက်ပျိုးထားခြင်းမဟုတ်သော) ထင်းရှူးပင်များမှ ထင်းရှူးဆီများကို ခုတ်၍ ရွာအနီး လှည့်လည် ရောင်းချခြင်းဖြစ်သည်။ သစ်ခါတလေ ထင်းရှူးဆီများသောအချိန်၌ မြို့ဈေးသို့ပါ သွားရောက်ရောင်းချတတ်သည်။

ဤသို့ဖြင့် တစ်ခုသော မိုးရာသီ၏ နေ့တစ်နေ့၌ ဦးဆံနီသည် ထုံးစံအတိုင်း ထင်းရှူးခုတ်ရန် ရိုးမတောင်ခြေသို့ သွားခဲ့၏။ မိုးဖွဲလေးများ အနည်းငယ် ကျနေသော်လည်း စားဝတ်နေရေးအတွက်မို့ မနေသာဘဲ သွားရပါသည်။

အနည်းငယ် ခြောက်သွေ့သည့် ထင်းရှူးဆီများကို ရွေးခုတ်ရင်း မှိုများပါ တွေ့သဖြင့် ပျော်ရွှင်စွာ အိမ်သို့ပြန်ခဲ့လေသည်။

များလှသော မှိုများနှင့် ထင်းရှူးဆီများကြောင့် ဦးဆံနီ ရွာထဲ လိုက်လံမရောင်းချတော့ဘဲ မြို့ဈေးသို့ သွားရောက် ရောင်းချရန် ဆုံးဖြတ်လိုက်၏။

ဤသို့ဖြင့် ညနေပိုင်း၌ ရလာသော မှိုများကို သုတ်သင်ဆေးကြော၍ နှီးများဖြင့် လှလှပပ သီထားလိုက်သည်။ ထင်းရှူးဆီများကိုလည်း အနေတော် ခုတ်ထစ်၍ အစည်းငယ်များ စည်းထား၏။

အားလုံး ပြီးစီးသော် ထင်းရှူးဆီများကို အောက်မှ မှိုများကို အပေါ်မှထား၍ **ရှမ်းတောင်း(ခွဲတောင်းအရွယ်ရှိပြီး ဝါးနှီးဖြင့် ရက်လုပ်ကာ အနားနှစ်ဖက်တွင် လက်ကိုင်ကိုင်း တပ်ထားသောတောင်း)**ထဲသို့ သပ်သပ်ရပ်ရပ် စီထည့်လိုက်သည်။

မှိုနှင့် ထင်းရှူးဆီများမှာ ရှမ်းတောင်းနှင့် နှစ်တောင်း အပြည့် ရရှိလေသည်။ ထိုတောင်းနှစ်တောင်းကို ထမ်းပိုးဖြင့် လျှိုထမ်းရန် ထမ်းပိုးပါ အဆင်သင့် ပြုလုပ်ထားလေသည်။

ဈေးသို့ သွားရောက် ရောင်းချရန် အဆင်သင့် ပြင်ဆင်ထုပ်ပိုးပြီးသော် တစ်ကိုယ်တည်း ထမင်းဟင်းချက်၍ ရေနွေးကြမ်းဖြင့် မြိန်ရှက်စွာ စားသောက်ကာ စောစောစီးစီး အိပ်ရာဝင်ခဲ့တော့သည်။

ရွာနှင့်မြို့မှာ (၄)မိုင်ကျော်မျှ ဝေးသောကြောင့် နံနက်ခင်း လင်းကြက်တွန်ချိန်ကတည်းက ထသွားမှသာ ဈေးသို့ လူမကွဲမီ ရောက်မည်ဖြစ်ပေသည်။ ထို့ကြောင့် ဦးဆံနီတစ်ယောက် ဈေးသို့ လူမကွဲမီ ရောက်နိုင်ရန်အတွက် နံနက်စောစော နိုးရန် သတိကြီးစွာထား၍ အိပ်စက်လိုက်ပါတော့သည်။

လင်းကြက်တွန်ချိန် ရောက်ပြီဟု ဦးဆံနီ သိလိုက်သည်။ ထို့ကြောင့် ကမန်းကတန်း အိပ်ရာမှ လူးလဲထ၍ မျက်နှာပင် မသစ်ဘဲ အရန်သင့် ပြင်ဆင်ထားသော ရှမ်းတောင်းနှစ်တောင်းကို ထမ်းပိုးဖြင့်ထမ်း၍ နေအိမ်မှ ထွက်လာခဲ့တော့သည်။ ပတ်ဝန်းကျင်မှာ လင်းလာက်နေသဖြင့် လမ်းကို ကောင်းကောင်း မြင်တွေ့ရပါသည်။


ဤသို့ဖြင့် ဦးဆံနီတစ်ယောက် (၄) မိုင်ကျော်ခရီးကို မောမှန်းမသိ လျှောက်လာရင်း လမ်းခရီး တစ်ဝက်မျှ ကျော်





www.burmeseclassic.com

www.burmeseclassic.com



လွှန်လာခဲ့ပြီဖြစ်သည်။ ယခင်နေ့များက မိုးရွာထားသဖြင့် ရေတင်နေသော လမ်းဘေးချိုင့်ခွက်ထဲမှ ရေဖြင့် ခြေထောက်ဆေးလိုက်သေးသည်။

ထို့နောက် ဦးဆံနီ တစ်ယောက်မြို့သို့ ရောက်လိုဇောဖြင့် ခြေလှမ်းများကို သွက်သွက်လှမ်း၍ ဆက်လက် ခရီးဆက်ခဲ့ပြန်ပါသည်။

လမ်းလျှောက်နေရင်း ဦးဆံနီ တစ်ယောက် တစ်စုံတစ်ခုကို မတင်မကျ ဖြစ်သလို ခံစားရသော စိတ်ကလေး ဝင်ရောက်နေသည်။ သို့သော် ထိုစိတ်ကို အဖြေရှာ၍ မရနိုင်ခဲ့ပေ။

ဤသို့ဖြင့် တဖြည်းဖြည်း လျှောက်လာရင်း မြို့သို့ နီးကပ်လာလေသည်။ ဈေးသို့ရောက်ရန် အနည်းငယ် ဆက်လက် သွားရဦးမည် ဖြစ်ပေသည်။

ဈေးသို့ ရောက်ခါနီးချိန် ဖြစ်သော်လည်း ပတ်ဝန်းကျင်၏ အလင်းဓာတ်က ဦးဆံနီအိမ်မှ စ,ထွက်လာစဉ်သကဲ့သို့ပင် အရှေ့အရပ်၌ နေမင်းကြီးကလည်းထွက်ဖို့ အရိပ်အယောင်ပင် မတွေ့ရသေး။

ဈေးသို့ အစောရောက်ပြီဟူသော အသိဖြင့် ဦးဆံနီ ဝမ်းသာသွားသည်။ ဤသို့ဖြင့် တဖြည်းဖြည်း လျှောက်လာရင်း ဈေးသို့ ရောက်ရှိချိန်ဝယ် တစ်စုံတစ်ခုနှင့် တိုက်မိသဖြင့် ဦးဆံနီ မျက်လုံးနှစ်လုံးကို ဖွင့်လိုက်၏။

ထို့နောက် မြင်လိုက်ရသော မြင်ကွင်းကြောင့် ဦးဆံနီတစ်ယောက် လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားရသည်။

ဦးဆံနီ မြင်တွေ့လိုက်ရသော မြင်ကွင်းကား မိမိခေါင်းဖြင့် တိုက်မိခဲ့သည့် သော့ခတ်ထားသောဈေးတံခါး၊ လူတစ်ယောက်မှ မရှိဘဲ နီဝါရောင် ဖျော့ဖျော့ မီးသီးတစ်လုံးသာ ထွန်းထားသော မြို့မဈေးဆိုင်းဘုတ်။

ထို့နောက် တစ်ချက်တစ်ချက် ဆိုင်ကယ်သံ၊ ကားသံမှလွဲ၍ ဆိတ်ငြိမ်နေသော မြို့၏ ညဥ့်သန်းခေါင်ကျော်အချိန်နှင့် လှပစွာ လင်းထိန်နေသော မြို့၏ လမ်းမီးတိုင်များ။

ထိုအခြင်းအရာများကြောင့် ဦးဆံနီ တစ်ယောက် လိပ်ပြာလွင့်မတတ် ကြောက်ရွံ့သွားရခြင်းဖြစ်သည်။ ထို့နောက် ဦးဆံနီသည် မိမိ အိပ်မက်မက်ကာ လမ်းလျှောက်၍ ဈေးသို့ လာခဲ့ခြင်းဖြစ်မည်ကို သိရှိခဲ့ပါသည်။

မိမိ ဖြစ်ခဲ့သည့် အခြင်းအရာများကို ပြန်လည်တွေးမိရင်း ဘုရား တ,ကာ ကြက်သီးဖျန်းဖျန်း ထခဲ့ရပြန်ပါသည်။

စောစောက မိမိကိုယ်တိုင် အိပ်ပျော်နေရင်း ခံစားမိသော မတင်မကျဖြစ်မိစိတ်၊ လကွယ်ညဖြစ်သော်လည်း သဲသဲကွဲကွဲ မြင်နိုင်သော ပြောင်းလဲမှု မရှိသည့် အလင်းရောင်များသည်လည်း အိပ်မက် မက်နေသောကြောင့်သာ ဖြစ်ပေမည်ဟု သိရှိခဲ့ရသည်။

ထိုသို့ ဖြစ်ပေါ်ခဲ့သော အိပ်မက်ဖြင့် လမ်းလျှောက်ကာ ဈေးရောက်ခဲ့ခြင်းသည် ဈေးသို့ အစောထ၍ သွားရမည်ဟူသော စိတ်အစွဲဖြင့် အိပ်ပျော်ခဲ့သောကြောင့် ဖြစ်ပေမည်။

အံ့ဩစရာ အဖြစ်အပျက်များကြောင့် ဦးဆံနီတစ်ယောက် စိတ်ကို ငြိမ်အောင်ထိန်းကာ သတိကပ်၍ ကြောက်စိတ်ကို ဖျောက်ဖျက်ခဲ့ရပါတော့သည်။

ဈေးသို့ အစောကြီး ရောက်ခဲ့၍ တစ်မျိုး စိတ်အေးရပါ၏။ သို့သော် ဈေးဖွင့်မည့်အချိန်ကို အချိန်အတော်ကြာအောင် စောင့်ရပေဦးမည်။ ယခုမှ လပြည့်ကျော်(၁၂)ရက်၏ အရွယ်အစားမလှသည့် လမင်းကြီးက အရှေ့ဘက် ကောင်းကင်ယံ အနားစွန်းတွင်သာ ရှိသေး၏။

ထို့ကြောင့် ဦးဆံနီတစ်ယောက် ထမ်းလာသော တောင်းနှစ်လုံးကို သော့ခတ်ထားသည့် ဈေးတံခါးဘေးတွင်ချကာ ငုတ်တုတ်ထိုင်၍ ကြောက်စိတ်များကို ဖျောက်ကာ ဈေးဖွင့်မည့် အချိန်ကို စောင့်လိုက်ရပါတော့သည်။

**မှတ်ချက်။ ။ ကာယကံရှင် ဦးဆံနီ၏ ပြောပြချက်အား ဆီလျော်အောင် ရေးဖွဲ့ခြင်း ဖြစ်ပါသည်။**

**(ဤအကြောင်းအရာအား ပြောပြခဲ့သော ဦးဆံနီ(ကွယ်လွန်)အား ဤစာစုဖြင့် ဦးညွှတ်ဂါရဝပြုပါသည်။)**

***စာရှုသူများအား အစဉ်လေးစားလျက်...***

ညီလေးငယ်(လယ်တော်)



www.burmeseclassic.com

www.burmeseclassic.com



ရွှေဗျော်မြေ မောင်ကြည်သိန်း

# ရွှေတောက ပရလောကသား

**ခုနှစ်က ၁၉၈၅ ခုနှစ်၊ တရုတ်မှော်ရွာနဲ့ တွင်းမြဲ ရွာကြားမှာ ရွှေထွက်လို့တဲ့။**

ဒီသတင်းကြားတော့ စာရေးသူ ရွှေဝယ်ထွက်ဖို့ လုပ်တယ်။ လက်ထဲလဲ ငွေက တစ်သိန်းတောင် မပြည့်။ ဒါပေသိ အကြောင်းမဟုတ် ဒီတုန်းက ရွှေ (၁)ကျပ်သားမှ (တစ်သောင်း နှစ်ထောင်)ဖြစ်တဲ့ အချိန်အခါ။

ဟုတ်ပြီ။ ရှိတာလေးနဲ့ ရအောင်ဝယ်မယ်ဆိုပြီး ရန်ကုန်ကနေ ရွှေတောင်၊ ရွှေတောင်မြို့နားက **ထန်းကုန်း**မှာဆင်း ရွာကစောင့် တွေ့ပြီ။ မိုးချိုထောင်ကားတဲ့။ ချက်ပလက်ကား(Cherolet) ကား စစ်ကြိုကားလက်ကျန် ကားကြီး လူ(၅၀)လောက်တော့ အပျော့ပါ။

ရန်ကုန်က ဝယ်လာတဲ့ ဖားဖိုလေးထဲ ဓာတ်ဆီအပြည့်ဖြည့်တယ်။ အကူကောင်လေး အေးလွင်ကို တစ်နေ့ (၅)ကျပ်နဲ့ ခေါ်ထားတယ်။ ငါးကျပ်ဆိုတော့ မနည်းဘူးလား မမေးနဲ့။ ဒီတုန်းက ရွှေဈေးက တစ်သောင်းနှစ်ထောင် ထမင်းအဝစား (၁.၅၀)ပြား ရန်ကုန်–ပြည်(၂၅)ကျပ်တည်း။ ခုချိန်(၄၅၀၀)ကျပ် ကွာလှချည့်လား။ ဒါက ခေတ်ကိုး။

စာရေးသူ ရွှေတောထဲဝင်ပြီး လေ့လာတယ်။ ရွှေကို ဒီလို ကျင်တယ်ဗျ။ ရွှေရှိမယ်ထင်တဲ့ မြေဝယ်၊ ပေါက်ပြားနဲ့ ပေါက် စုပုံထား။ လှည်းနဲ့သယ်၊ ရေရှိတဲ့ နေရာရောက်ရင် စုပုံထား မျှောလောင်းတော့မယ် ကြည့်ထား။

မျှောလောင်းတယ်ဆိုတာ သစ်သားဇလားမှာ အောက်က သံဆန်ကာကွက် ရိုက်ထား။ ကျလာတဲ့ သဲ,သံ,ရွှေမှုန်တွေကို သစ်သားမြောင်းထဲ အလွယ်ကျအောင် (၄၅)ဒီဂရီ စောင်းသွားပေး။

အဲဒီပေါ်မှ ဂုန်နီအိတ်၊ ဒါမှမဟုတ် တဘက်ခင်း၊ ဒီတဘက်ပေါ်မှာ သံ,သဲ, ရွှေမှုန်တွေကို အင်တုံကြီးထဲ ခါပြီး လှုပ်ဆေး၊ ရရင် ပြဒါးထည့်ပြီး နယ်ပေတော့၊ ဖြူနေတဲ့ ရေတွေ နီလာပြီလား။ နီလာရင် ရပ်ထား။ ပြီးရင် အမွှေးတိုင် ထွန်း ဆုတောင်းပေ့ါ။ ရွှေများများရပါစေပေ့ါ။

ရွှေအပါကောင်းရင် တောင်းငယ် (၅၀) လောင်းပြီးရင် (၁–ရွေးလောက်) ရတယ်။ တစ်ပဲကို ရွေးကြီး(၄)ရွေး၊ ရွေးသေး(၈)ရွေး တစ်ကျပ်ကို (၁၂၈) ရွေး။ ဒါပေသိ ရွှေတောမှာ (၁၂၀)ရွေးနဲ့ ဝယ်ရတယ်ဗျာ။ ဒီတော့ သူလျှော့၊ ကိုယ်လျော့ပဲဗျို့။ တစ်ခါတစ်ရံ ကလေးတွေ ကောက်သင်းကောက်ရတဲ့ ရွှေးလေးတွေ မပြည့်ရင် ဆန်စေ့နဲ့ ယူရတယ်။

ဆန်(၆)စေ့ (၁)ရွေး။ ဒီတော့လဲ



www.burmeseclassic.com

www.burmeseclassic.com

စပါးမှည့်ချိန် လယ်ထဲက စပါးစေ့အစိုတွေရှူး ဆန်(၆)စေ့ရရင် (OK)ပြီပေါ့။

မဟုတ်တာ လုပ်တာမဟုတ်ဘူး။ (၁၂၀)ရွှေး ကာမိအောင် လုပ်ရတယ်ဗျ။ ဝယ်ရတာကလဲ တစ်ခါတလေ စျေးဦး မပေါက်ဘူး။ တစ်ခါတလေ (၁)ပဲ (၂)ပဲ ဝယ်ရတယ်။ ဒါဆို ကိုယ့်အတွက် (၃)ရွှေးတော့ ကျန်တာပေါ့။ ခုန ပြောသလို ရွှေးကိုက်အောင်လို့ပါ။

'ကိုရင်ကြည်သိန်း ဒီတစ်ခေါက် နောက်ကျလိုက်တာ ဘယ်စျေးတွေ ပေါက်တုံး'

'ဒီနေ့ ပေါက်စျေး တစ်သောင်းနှစ်ထောင် အစ်ကိုရေ၊ ရောင်းမယ်ဆိုပြောဆန်လိုလဲ ကြို့ဝယ်ပေးထားမယ်လေ'

'အေးကွယ် ကျေးဇူးပါပဲ'

'ကိုကြည်သိန်း အပြန်ဝင်ခဲ့ပါဦး မှာစရာရှိလို့'

ခေါ်တဲ့သူက မနှင်းဆီ။

'ဟုတ်ကဲ့ပါ'

'ကိုကြည်သိန်း မနက်လာရင် ငွေ (၂၀၀)ကျပ်လောက် ဆွဲလာခဲ့ပါလား။ ကျွန်မပိုက်ဆံ ကိုထွန်းဝေ စျေးသွားလို့ ဆန်ဝယ်ဖို့ နည်းနည်းလိုနေတယ်။ ပြီးတော့ ကိုစန်ရွှေ မြန့်အောင်က သူ့အမေဆီ သွားချင်လို့တဲ့'

'ရပါတယ် ပေးရမှာပေါ့။ ရွှေဖမ်းရင်ကျွန်တော့်ရောင်းဗျာ'

'ဟာ မဟုတ်တာဘဲ ကိုကြည်သိန်းမှ မရောင်းရင် ဘယ်သူ့ ရောင်းမှာလဲ'

'ဒါနဲ့ ကိုထွန်းဝေ ဘယ်သွားတာတုံး'

'သူ့တို့ မင်္ဂလာဆောင် သွားတာတဲ့။ မနက်ဖြန်တော့ ရောက်ကောင်းပါတယ်'

လပြည့်ညမို့ လမင်းကြီးက ထိန်ထိန်သာနေတယ်။ တောထဲတောင်ထဲက လေပြေလေညင်းနဲ့အတူ တောစံပယ်နံ့ သင်းပျံ့လာတယ်။



'တော့ ကိုစန်ရွှေ ကျုပ် အလေးသွားမလို့ လိုက်ခဲ့ပါဦး'

'နှင်ကလဲဟာ ခုမှ ဘာကြောက်နေတာတုံး'

'ကျုပ် တစ်ယောက်တည်းမို့ပါ။ မလိုက်ချင်လဲ နေခဲ့ပါတော်။ သူ့ခေါ်ရင် ဒီလိုချည်းပဲ'

'ဟဲ ဟဲ နှင်းဆီရာ အလကားစတာပါ။ လိုက်ခဲ့ပါမယ် ရှေ့ကသွား'

ရွှေတောထဲမှာ အပေါ့အခင်းသွားရင် တဲနဲ့ ခပ်လှမ်းလှမ်း ချုံတိုးရတယ်။ တဲဆိုတာကလဲ ကြီးကြီးမားမား မဟုတ်ပါဘူး။ ဖြစ်သလိုဆောက်၊ ဖြစ်သလိုစား၊ ဖြစ်သလို အိပ်ရတဲ့ ဘဝသမားတွေပါဗျာ။

'ကဲ ကဲ ကိစ္စပြီးရင် ပြန်ကြမယ်'

'ဒီနေ့မှ ပဲဟင်းနဲ့ စားမိတယ်။ နောက်တစ်ခါ မလာရအောင် တစ်ခါတည်း သွားထားမှတော့်'

လရောင်အောက်မှာ နှစ်ယောက်သား တဲဆီ ပြန်လာခဲ့တယ်။ ကိုထွန်းဝေ တဲရှေ့ရောက်တော့...

'ကိုစန်ရွှေ ဟိုမှာကြည့်စမ်း၊ ကိုထွန်းဝေကြီး ဘယ်တုန်းက ရောက်နေလဲ မသိဘူးတော့်'

'ဟာ ဟုတ်ပါ့ကွာ၊ လှမ်းနှုတ်ဆက်ဦးမှ'

'ဗျို့ ကိုထွန်းဝေ ဘယ်တုန်းက ရောက်လဲဗျ၊ အညာလက်ဆောင် ဘာပါလဲဗျို့၊ ပုံးရည်ကြီးပါရင် တစ်ထုပ်တော့ ပေးဗျို့၊ ကျုပ်က သိပ်ကြိုက်တာ'

'ကိုစန်ရွှေ ကိုထွန်းဝေက ဘာမှလဲ ပြန်မပြောဘူး။ အညာက ပြန်လာမှ သွေးကြီးနေလိုက်တာ တကတည်းမှပဲ။ မနက်မှ တွေ့ဦးမယ် ဟွန့်'

တဲထဲရောက်တော့ (၁၁)နာရီထိုးပြီ။ ခြင်ထောင်ထဲလဲ ဝင်ရော ရွာထိပ်ဆီမှ စူးစူးဝါးဝါး ခွေးဟောင်သံ ကြားလိုက်တယ်။

'အူ အူ အူ ဝုတ် ဝုတ် ဝုတ်'

ခွေးဟောင်သံက တဖြည်းဖြည်း နီးကပ်သထက် နီးလာတယ်။ တဲပတ်ချာလည် — လှမ်းဟောင်နေတယ်။ ကိုထွန်းဝေ အပ်ထားတဲ့ ပြဒါးပုလင်းလေးက ရေခွက်ထဲမှာ ရှိနေတယ်။ မကြာဘူး...

'ဂလောက်...ဂလောက်...ဂေါက် ...စွိ...ရှဲ...ဂလောက်...ဂလောက်'

လက်နဲ့ နှိုက်နေသံ ကြားရတယ်။

'တော့ ကိုစန်ရွှေ ခွက်ထဲက ပြဒါးပုလင်း နှိုက်နေတယ်နော်။ ကြည့်စမ်းပါဦး သူခိုးများလား'

'အေးဟ သေချာကြည့်ဦးမယ်'

'ဟာ ဘာကြီးပါလိမ့်၊ မည်းမည်းကြီး ဝိုးတိုးဝါးတား မီးခိုးငွေ့လိုပဲ'

'ဟော နှိုက်နေပြန်ပြီတော့'

'အေးဟ ပေးစမ်း မီးခြစ်နဲ့ ဖယောင်းတိုင်'

'ရော့ ရော့ ဒီမှာလေ'

မနှင်းဆီ လက်တွေတုန်နေပြီး အေးစက်နေတယ်။

'နှင်းဆီ ဘာမှ မကြောက်နဲ့ငါရှိတယ်။ ဘုရားစာရွတ် ကြားလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါတော်'

ဖယောင်းတိုင် မီးက တော်တော်နဲ့ ထွန်းမရ လင်းလာလိုက်၊ လှူမှတ်သလို ဟုတ်ခနဲငြိမ်း၊ အပုပ်နံ့ကြီးကလဲ ခြင်ထောင်ထဲ ‌ဝှေ့ပြီးဝင်လာ ခွေးတွေကလဲ ပတ်ချာလည်လှည့် ဟောင်နေတုန်း။

'တုံ တုံ တုံ တုံ'

ရွာဦးကျောင်းက အုန်းမောင်းတောင် ခေါက်နေပကောလား။

'ဟင်း တစ်ရေးမှလဲ မအိပ်ရသေးဘူး။ မိုးစင်စင် လင်းနေပြီ'

'ဟဲ့ စန်ရွှေနဲ့ နှင်းဆီ မထသေးဘူးလား။ ညက ကိုထွန်းဝေကြီးတစ်ယောက် အညာမှာ အသတ်ခံရလို့တဲ့'

'ဟင်'

တစ်လုံးတည်း ရေရွတ်သူက မနှင်းဆီ။

'ဟုတ်ရဲ့လားတော် ညကမှ သူ့တဲရှေ့မှာ မားမားကြီးရပ်နေတာ တွေ့ရသေးတယ်'

'သူ့တူနဲ့ စကားများတာတဲ့ တူကဓားနဲ့ထိုးလို့ နေရာတင် ပွဲချင်းပြီးရောတဲ့'

'ဟာ ဟုတ်ပြီ ညက ကိုယ်ယောင်ပြတာလဲ သူပဲ။ ပြီးတော့ သူအပ်ထားတဲ့ ပြဒါးပုလင်းနှိုက်တာလဲ သူပဲဖြစ်မယ်။ တစ်ညလုံး မအိပ်ရပါဘူး အရီးလေးထွေးခင်ရာ။ အပုပ်နံ့ကလဲ တလှိုင်လှိုင်၊ ပုလင်းနှိုက်သံကလဲ တဂျောက်ဂျောက်နဲ့ ဘယ်မှာအိပ်ရလို့ ရလို့တုံး'

'အင်း...သူနေခဲ့တဲ့နေရာ၊ သူထားခဲ့တဲ့ပစ္စည်း။ သူ့တဲကို စွဲလမ်းပြီး ချက်ချင်းပြန်လာတာနေမှာပေါ့။ စွဲလမ်းမှုသမုဒယ သံယောဇဉ်ဆိုတာ အတော်ခက်သားကိုး'

'အဲဒါပဲ ကိုကြည်သိန်းရေ အဖြစ်ကတော့ မနှစ်ကနဲ့ မတူဆိုသလိုပဲ သူပေးရမယ့်အကြွေးတွေ၊ သူကျန်ခဲ့တဲ့ကလေးတွေအတွက် ရင်လေးပါတယ်တော် သူဆီက ရဖို့ရှိတဲ့ မျှောလောင်းတဲ့ အလုပ်သမားခလဲ မပေးရသေးဘူးတဲ့'

'ကိုကြည်သိန်း ကိုထွန်းဝေဆီမှာ ပြဒါးဖမ်းထားတဲ့ ရွှေလုံးလေး လာဝယ်ပါတဲ့'

'ဪ... အေးလာခဲ့မယ်'

စာရေးသူလဲ ဖားဖိုလေးဆွဲပြီး သူ့တဲအရောက်သွားတယ်။

ညီလေး ကြည်ဌေးရော အေးလွင်ဝိုင်းကူပြီး ရွှေဖမ်းတယ်။ ရွှေနဲ့ ပြဒါးလုံးထားတာလေးကို သွပ်ပြားပေါ်မှာတင်၊ အကြမ်းပန်းကန်လေးအုပ်၊ မီးနဲ့ အောက်က အပူပေးတော့ ရွှေစားထားတဲ့ ပြဒါးတွေက တဖျစ်ဖျစ်နဲ့ ပေါက်ထွက် ပန်းကန်လုံးမှာကပ်၊ သွပ်ပြားပေါ်မှာ **ဝိတောက်ပန်းရောင်** ရွှေခဲလေး ကျန်၊ ဒါကို စာရေးသူက လုံ့ထဲထည့်၊ လက်ချားထည့်ပြီး လက်ဆွဲဖားဖိုလေးနဲ့ ထိုး ရွှေအရည်လည်၊ ဇီးကွက်မျက်လုံးလိုဝိုင်းနေ၊ ဒါကို ဇာဂနာလေးနဲ့ညှပ် ရေထဲထည့် ရှဲလို့မြည်၊ အဝတ်လေးနဲ့ပွတ်၊ ချော်စင်အောင် သေချာပွတ် ရွှေချိန်ခွင်ပေါ်တင် ချိတ်လိုက်ပြီ (၁)ပဲ (၃)ရွေးတဲ့။ ကျသင့်ငွေ ရှင်းပေးကလေးတွေ၊ မိန်းမတွေက မျက်ရည်စက်လက်။

'ဒီကလေးအတွက် အပိုမုန့်ဖိုး (၅၀) ကျပ်ပါ ယူပါဗျာ'

'အေးပါကွယ် သာဓု သာဓု သာဓု'

ကိုထွန်းဝေအတွက် သပိတ်သွတ်ကြတော့မယ်။ တွင်းမြို့ရွာက ဆရာတော်ရှေ့ယ်၊ တရုတ်မှော်က ဆရာတော်ရှယ် ပေါင်း(၂)ပါး ရေစက်ချမယ်ပေါ့။

'ကိုထွန်းဝေရေ ကျုပ်တို့ ရှင့်အတွက်ရေစက်ချ အမျှဝေပါတယ်တော် ရောက်ရာဘုံဘဝကနေ သာဓုခေါ်နိုင်ပါစေ ကျေးဇူးရှင်ကြီးရယ်၊ အားလုံး အားလုံး...အားလုံး ကြား...ကြားသမျှ အမျှ...အမျှ...အမျှ... ယူတော်မူကြပါကုန်လော့'

'သာဓု...သာဓု...သာဓု'

အမျှဝေနေစဉ် အပုပ်နံ့ကြီး ထောင်းခနဲထပြီးတော့ တောစံပယ်နံ့သင်းပျံ့ပျံ့လေး ရလာတယ်။

တောပန်း တောင်ပန်းလေးတွေက ပွင့်နေဆဲ မွှေးနေဆဲပါ။

ကိုထွန်းဝေတစ်ယောက် ကောင်းရာသုဂတိ ရောက်ပါစေတော့ရယ်လို့။

'ဪ...ရွှေတောမှာ အသေစောတဲ့ ကိုထွန်းဝေရေ ရောက်ရာဘုံဘဝမှာ ချမ်းသာသုခ ရပါစေရယ်လို့'

***စာဖတ်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။***

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့်သရဲ

# နပန်းပွဲ

ဆရာသန်းဒေါင်
(နဘဲတာန်)



မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ ဖြစ်သည်။ ဝမ်းတွင်းမြို့နယ်၏ မြောက်ဘက်ရှိ လက်ပတ်ကုန်းရွာကလေးတွင် ဦးလူပုဆိုသော လူတစ်ယောက် ရှိလေသည်။

ဦးလူပုဟု ဆိုသည့်အတိုင်း အမည်နှင့် လိုက်အောင်ပင် အရပ်က ပုပုနှင့် အလွန်ခွကျသော စကားများကို ပြောဆိုတတ်သည်။ "လူပုစိတ်တို"ဟု အဆိုရှိသည့်အတိုင်း လူပုသလောက် မဟုတ်မခံ စိတ်ဓာတ်တော့ ရှိသည်။ လုပ်ရဲကိုင်ရဲသည်။ ထစ်ခနဲဆို လက်က ရှေ့ဆုံးက ပါတတ်သည်။ ထို့ကြောင့်လည်း ဦးလူပုမှာ လူအများ၏ ရွံကြောက်ကြီး ဖြစ်နေရလေသည်။

တစ်နေ့တွင် ဦးလူပုမှာ မိမိ၏ လယ်ကွက်များကို ကြည့်ရှုရန်အတွက် ဓားမတစ်ချောင်းကို ခါးတွင် ထိုးကာ စားရေရိက္ခာ ထမင်းထုပ်အပြည့်အစုံနှင့် ရွာ၏အရှေ့ဘက်ရှိ သံလမ်းကို ဖြတ်ကျော်ကာ မိမိလယ်တောရှိရာသို့ ထွက်ခွာလာခဲ့ပါသည်။

မိမိ၏ လယ်တောသို့ ရောက်သောအခါ ပေါင်းရှင်းစရာ ရှိသည်များကို ရှင်းလင်းပြီးနောက် ထမင်းထုပ် ဖြေစားကာ အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်တွင် မောမောနှင့် အိပ်ပျော်သွားတော့သည်။

တစ်ရေးနိုးသောအခါ ညနေ နေပင်အတော် စောင်းနေလေပြီ။ ထို့ကြောင့် ဦးလူပုသည် ဓားမကို ခါးတွင်ထိုးကာ ထမင်းထုပ်ကို ထမ်းလျက် ပြန်လာစဉ် ဦးထွန်းသောင်၏ တဲကုန်းသို့ ရောက်သောအခါ ဦးထွန်းသောင်က သူ၏ တဲ အတွင်းမှ ထွက်လာပြီး...

'ဟေ့ကောင် လူပု လာလေကွာ၊ မင်းကလဲ ငါ့တဲကို မလာတာ အတော်ကြာပါပေါ့လား'

ဟု မေးသဖြင့် ဦးလူပုက...

'အေးကွာ ငါ့နှမတစ်ယောက် နေမကောင်းလို့ ဝမ်းတွင်းဆေးရုံမှာ သွားစောင့်ပေးနေရလို့ အခုမှပဲ ဒီဘက်ကို လာဖြစ်တော့တယ်'

ဟု ပြန်ဖြေရာ ဦးထွန်းသောင်က...

'အေး ဒီနေ့ မင်းလာတာနဲ့ အတော်ပဲ၊ ငါ ဖိုးနီတဲက ထန်းရည်နှစ်မြူ ယူထားတယ်၊ ကြွက်သုံးကောင်လဲ ကြော်ထားတယ်'

ဟု ဆိုသဖြင့် ဦးလူပုက...

'ဟာ ဒါဆို အတော်ပဲပေါ့ကွာ။ ငါကလဲ ထန်းရည်မသောက်ရတာ အတော်ကြာနေပြီ'

ဟု ဆိုကာ သူငယ်ချင်းနှစ်ယောက် သောက်ရင်းစားရင်း စကားပြောရင်းဖြင့် တဖြည်းဖြည်း မှောင်စပင် ပျိုးလာခဲ့လေပြီ။

ထိုသို့ သောက်နေကြစဉ် ဦးထွန်းသောင်က...

'ဟေ့ကောင် လူပု စပ်ရွာက ငါးထိုးတဲ့ကောင်ကလေးနှစ်ယောက် တို့ရွာ အရှေ့ဘက်က သံလမ်းပေါ်မှာ ရထားကြိတ်လို့ဆိုကွ'

ဟု မေးလိုက်ရာ ဦးလူပုက...

'အေး ဟုတ်တယ်ကွ၊ ဒီကောင်တွေ

www.burmeseclassic.com

ဦးနှောက်မရှိဘူးကွာ'

ဟု ဆိုသဖြင့် ဦးထွန်းသောင်က...

'ဟေ ဘာဖြစ်လို့လဲကွ'

ဟု ပြန်မေးလိုက်ရာ ဦးလူပုက...

'မင်း စဉ်းစားကြည့်လေကွာ အိပ်စရာရှားလို့ သံလမ်းပေါ်မှာမှ သွားအိပ်ရတယ်လို့။ တကယ် အိပ်ရေးပျက်လို့ အိပ်ချင်နေတယ်ဆိုလဲ အွန့်ရာယ်ကင်းတဲ့ ဒိပြင်နေရာတွေမှာ သွားအိပ်ပေါ့။ အခုတော့ သံလမ်းပေါ်ကိုမှ သွားအိပ်တာ သေတာတောင် နည်းသေးတယ်'

ဟု ပြောလေသည်။ ထိုအခါ ဦးထွန်းသောင်က...

'ဒါဆို အဲဒီနားလေးက မခြောက်ဘူးလားကွ'

ဟု မေးရာ...

'ဟာ ခြောက်လွန်းလို့ရွာထဲကလူတွေ ညနေပိုင်းဆို ဒီဘက်ကို မလာရဲဘူး'

ဟု ဦးလူပုက ပြန်ဖြေရာ ဦးထွန်းသောင်က...

'မင်းကော မကြောက်ဘူးလား'

မေးရာ ဦးလူပုက ရယ်မောပြီး...

'ဟော့ကောင် ထွန်းသောင် လူပု သမိုင်းတစ်လျှောက်မှာ ကြောက်တယ်ဆိုတာ မရှိသေးဘူး'

ဟု ပြောသဖြင့်...

'အေးပါကွာ ဒါဆိုလဲ ပြီးတာပါပဲ။ မင်း မပြန်ရဲရင်လဲ ငါနဲ့အတူ ဒီတဲမှာပဲ အိပ်လို့ ပြောမလို့ပါ'

ဟု ဦးထွန်းသောင်က ပြောရာ ဦးလူပုက...

'ရပါတယ်ကွာ။ ငါ ပြန်ရဲပါတယ်'

ဟု ဆိုကာ ရွာသို့ ပြန်လာခဲ့လေတော့သည်။

သူ ပြန်လာသောအချိန်မှာ ည (၈) နာရီခန့်ပင် ရောက်ရှိခဲ့ပေပြီ။ လကလည်း မသာသဖြင့် ညမှာ အလွန် မှောင်လှသည်။ တစ်ခါတစ်ရံ လေတိုးသဖြင့် ထန်းတော မည်းမည်းကြီးများဆီမှ တဝုန်းဝုန်း၊ တဖြန်းဖြန်းနှင့် ထန်းလက်



ရိုက်ခတ်သံများကို ကြားရသည်မှာ အသည်းထိတ်စရာကောင်းလှသည်။

ညဉ့်ငှက်များ၏ အော်သံကို ကြားလိုက်ရသည်မှာ ထိတ်လန့်စရာ ကောင်းလှသည်။ ထိုသို့ ရှိနေစဉ် ရထားကြိတ်ခံထားရသော သံလမ်းနေရာသို့ ရောက်လာသောအခါ ငုတ်တုတ်ကြီး ထိုင်နေသော မည်းမည်းသဏ္ဌာန် လူ တစ်ယောက် ထိုင်နေဟန်ကို မြင်လိုက်ရသဖြင့် ဦးလူပုတစ်ယောက် ကြက်သီးမွေးညင်းများ ဖြန်းခနဲ ထသွားမိသည်။

လန့်ပြီး မအော်မိစေရန် စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်ရလေသည်။ ဦးလူပုမှာ ပင်ကို သတ္တိကောင်းသော်လည်း ယခုကဲ့သို့ မကြာသေးမီကာလက ရထားကြိတ်ခံထားရသော ဤလိုနေရာမျိုးတွင် ညအခါ ကာလလည်း ဖြစ်ပြန်၊ လကလည်း မသာ၊ မှောင်နှင့်မည်းမည်းထဲတွင် တစ်ယောက်တည်း ဖြစ်နေသဖြင့် အခက်တွေ့နေရသလို စိုးရိမ်စိတ်များ ပင် မသိမသာ ဝင်လာသည်။

သူ့တွင် အားကိုးစရာ ဟူ၍ ခါးတွင် ထိုးထားသော ဓားမတစ်ချောင်းသာ ပါလာလေသည်။ ညဉ့်ကလည်း အတော်နက်လာပြီဖြစ်သဖြင့် ခါးတွင် ထိုးထားသော ဓားမကို လက်ထဲတွင် တင်းတင်း ဆုပ်ကိုင်ကာ သံလမ်းပေါ်သို့ တက်လာရာ ယခင်က တွေ့မြင်ခဲ့ရသော ငုတ်တုတ်ထိုင်နေသည့် မည်းမည်းသဏ္ဌာန်ကြီးမှာ သံလမ်းပေါ်တွင် မရှိတော့ဘဲ ပျောက်သွားပြန်သည်။

ထိုအခါ ဦးလူပု၏ စိတ်ထဲတွင်...

'ငါ ဒီနေ့ ထန်းရည်သောက်တာ များသွားလို့ မျက်စိအမြင်တွေ မကြည်မလင် ဖြစ်ပြီး ဝေဝါးနေတာ ဖြစ်မှာပါ'

ဟု တွေးနေမိသည်။

ထိုသို့ တွေးပြီး လျှောက်လာရာ ရွာနား ရောက်ခါနီးပြီ ဖြစ်သဖြင့် အားတက်လာကာ ရွံ့ဖွက်များ ထနေသော ရှည်လျားလှသည့် မြောင်းတစ်ခုကို ဖြတ်၍ ကူးနေစဉ် ရွံ့ဖွက်အိုင် အလယ်လောက် အရောက်တွင် သူ၏ နောက်ကျောဘက်မှ အရိပ်မည်းမည်းကြီး ပေါ်လာပြီး သူ့အား ဝင်၍ နပန်းလုံးလေတော့သည်။

ထိုအခါ ဦးလူပု ပခုံးပေါ်မှ ထမင်းထုပ် ရွံ့ဖွက်ထဲ ပြုတ်ကျသွားကာ ဦးလူပုနှင့် သရဲမှာ သူတစ်ပြန် ကိုယ်တစ်ပြန် နပန်းလုံးနေကြလေရာ နောက်ဆုံးတွင် ဦးလူပု မောပန်းလာကာ လက်ထဲတွင် ကိုင်ထားသော ဓားမနှင့် သရဲကို ခုတ်လေရာ သရဲမှာ အခုတ်ခံရလေလေ ကြီးလာလေလေ ဖြစ်နေသဖြင့် ဦးလူပုမှာ ထိတ်လန့်အံ့သြကာ ကြောက်ရွံ့စိတ် ဝင်လာမိသည်။

ထိုသို့ ရှိနေစဉ် သရဲက သူ့အား ကိုင်ပေါက်လိုက်သဖြင့် အောက်သို့ လဲကျသွားရာ စိတ်တိုတိုနှင့် သရဲ၏ ခြေထောက်ကို ဓားမနှင့် လက်ပြန် တွက်ခုတ်ချလိုက်ရာ ထိုသရဲမှာ ရွံ့ဖွက်ထဲ ပုံလျက်သား ခွေလဲကျသွားပါတော့သည်။

ထိုအခါမှ ဦးလူပုမှာ ကြောက်ကြောက်နှင့် ရွံ့ဖွက်ထဲမှ ကုန်းရုန်းထကာ ကျကျန်နေသည့် ထမင်းထုပ်ကိုပင် မကောက်အားတော့ဘဲ ဖနောင့်နှင့် တင်ပါး တစ်သားတည်းကျအောင် ရွာထဲသို့ ထွက်ပြေးလာပါတော့သည်။

မှတ်ချက်

**ဘကြီး ဦးလူပု၏ ပြောပြချက်များကို ပြန်လည် တင်ပြခြင်း ဖြစ်ပါသည်။**

**ဆရာသန်းဆောင် (နဒီကန်)**



www.burmeseclassic.com

www.burmeseclassic.com



# တန်ခိုးပြမိသူ

သစ္စာ

ဘုန်းတော်ကြီး ဦးဥက္ကံသသည် ကျိုက်ထီးရိုးတောင် တောင်ခြေရွာကလေးတွင် သီတင်းသုံးတော်မူလျက်ရှိသည်။ အနီးအနားရှိ ကျေးရွာများမှ ဒကာ၊ ဒကာမများသည် ဦးဥက္ကံသကို ကြည်ညိုလေးစားကြပါသည်။

ဆရာတော်ကြီးသည် ငယ်စဉ်က ပရိယတ္တိစာပေများကို သင်ကြားတတ်မြောက်ခဲ့၍ တရားဟောကောင်းသူဖြစ်သည်။ သက်တော်ကြီးရင့်လာသော အခါ အဂ္ဂိရတ်ပညာရပ်ကို ဝါသနာထုံသူ ဖြစ်လာခဲ့လေသည်။ တစ်နေကုန်လိုလို ဖိုထိုးနေတတ်သည်။ ဖွဲကြီးလွန်းသည်။

မီးသွေးမှုန့်များ၊ ပြာများကို သူ၏ ပါးကျဲစွာ ပေါက်ရောက်နေသော ခေါင်းတုံးရှိ ဆံပင်များထဲသို့ မဝင်နိုင်အောင် ခမောက်ကြီးတစ်လုံးအား ဆောင်းထားခဲ့သည်။

ခေါင်းကို မှန်မှန် မတုံးသောကြောင့် ဆံပင်များသည် လက်နှစ်သစ်မကရှည်လျားနေသည်။ သက်တော်မှာ (၆၀)ကျော်ခန့်ရှိပြီး ကျန်းမာသွက်လက်သည်။ ဆွမ်းစားချိန်မှလွဲလျှင် ဖိုရုံထဲတင်သာ အလုပ်များနေတတ်သည်။

ဝါတွင်းကာလ ဥပုသ်ရက်များတွင် ဒကာ၊ ဒကာမများသည် ဥပုသ်သီတင်းဆောက်တည်ကြရန် ကျောင်းသို့ရောက်လာလေ့ ရှိသည်။ ဘုန်းတော်ကြီးကို ဖိုရုံထဲမှ သွားပင့်ကြရသည်။

ဆရာတော်သည် ဖိုရုံထဲမှ သင်္ကန်းတော်ကို ဖိုသီဖတ်သီ ယမ်းပြီး ကျောင်းသို့ ကြွလာသည်။ သီလပေးသောအခါတွင် ဆောင်းထားသော ခမောက်ကို မချွတ်ဘဲ သတိမေ့၍ သီလပေးသည်။ ဒကာ၊ ဒကာမများက မလျှောက်ဝံ့သောကြောင့် ပြုံးစိစိနှင့် သီလယူကြသည်။

ဆရာတော် ဦးဥက္ကံသကို ဦးသက္ကတို့အိမ်သို့ ကြွလာသောကြောင့် ဖူးတွေ့ခွင့်ရခဲ့သည်။ ဆရာတော်၏ မျက်နှာ ရိပ်တွင် တစ်စုံတစ်ရာ ခံစားနေရသည်ဟု ထင်မိသည်။ မျက်နှာတော်အသွင်မှာ တည်ကြည်ငြိမ်သက်သော်လည်း လန်းဆန်းတက်ကြွမှု ပျောက်ကွယ်နေကြောင်း ဦးသက္က ခန့်မှန်းကြည့်မိသည်။

ဦးသက္ကတို့ နေထိုင်ရာ ညောင်လေးပင်မြို့၊ ကြားတောရလမ်းသို့ ကြွလာတော်မူရခြင်းမှာ ဆရာတော် ဦးဥက္ကံသ၏မိတ်ဆွေ ပုစွန်မြောင်းရွာမှ သီရိစန္ဒာကျောင်းဆရာတော်ကြီး ဦးစန္ဒောဘာသနှင့် ပတ်သက်နေသည်။

ဆရာတော် ဦးစန္ဒောဘာသနှင့် ဦးဥက္ကံသတို့မှာ ဂန္ဓာရီလမ်းလျှောက်သူ မာတ်လုံးထိုးဖက်များ ဖြစ်ကြသည်။ ဦးစန္ဒောဘာသ (ပုစွန်မြောင်းဆရာတော်ကြီး)သည် ဦးသက္က၏ ငယ်ဆရာဖြစ်၍ ညောင်လေးပင်သို့ ကြွရောက်တော်မူလာခိုက် ဦးသက္ကတို့အိမ်သို့ ဝင်ရောက် ချီးမြှင့်တော်မူခြင်း ဖြစ်သည်။

ဦးသက္ကတို့ မိသားစုသည် ဆရာတော်ကြီးနှစ်ပါး ဆွမ်းဘောဇဉ်များကို ရိုသေစွာ ဆက်ကပ်လှူဒါန်းကြသည်။ မိမိတို့ တတ်စွမ်းသမျှ နဝကမ္မဝတ္ထုငွေများကိုလည်း ပစ္စည်းလေးပါးအလို့ငှာ လှူကြပါသည်။

ပုစွန်မြောင်းရွာနှင့် ညောင်လေးပင်မြို့တို့သည် (၄)မိုင်ခန့် ဝေးပါသည်။ ကျိုက်ထီးရိုးသို့ ပြန်ကြွတော်မူမည့် ဦးဥက္ကံသကို ပုစွန်မြောင်းရွာမှ ဦးစန္ဒောဘာသက လိုက်ပို့တော်မူခြင်း ဖြစ်သည်။

ဦးသက္ကတို့ မိသားစုသည် မရှုပ်လင့်ဘဲ ဆရာတော်ကြီးနှစ်ပါးကို ဆွမ်း

www.burmeseclassic.com

ကပ်လှူခဲ့ရခြင်းဖြစ်ရာ မိုးကျအလှူကလေးဖြစ်၍ ကြည်နူးမဆုံး ဖြစ်နေလေသည်။

ဆွမ်းဘုဉ်းပေးပြီးသော် ဆရာတော်ကြီးနှစ်ပါးတို့သည် အချိုပွဲများကို သုံးဆောင်တော်မူရင်း စကားစမြည်ပြောကြသည်။

'ဒီက ဒကာကြီး မောင်သက္ကလဲ အင်္ဂရိတ်ပညာ ဝါသနာပါတယ်ဗျ'

ဆရာတော်ဦးစန္ဒောဘာသ၊ ဦးသက္ကကို ကျိုက်ထီးရိုးဆရာတော် ဦးဥက္ကံသနှင့် မိတ်ဆက်ပေးလေသည်။

ဦးဥက္ကံသ ဆရာတော်ကြီးသည် ဦးခေါင်းတော်ကို တဆတ်ဆတ်ညိတ်တော်မူလိုက်ပြီးမှ မိန့်တော်မူသည်မှာ...

'အေး... ဒကာကြီးက အင်္ဂရိတ်ပညာ ဝါသနာပါတယ်ဆိုတော့ ကျုပ်ရဲ့အကြောင်း နည်းနည်းပါးပါးတော့ ပြောပြခဲ့ပါဦးမယ်။ ကျုပ်ဟာ ဖိုထိုးတယ်။ ပုတီးလဲ မှန်မှန်စိပ်တယ်ဗျ။ ဖိုထိုးတာမှ တော်တော်ကြာအောင် ဖွဲကြီးကြီးနဲ့ ထိုးခဲ့တာလေ။ နောက်ဆုံးမှာတော့ ဓာတ်လုံးအောင်သွားခဲ့တယ်ပေါ့ဗျာ။

ဒကာ၊ ဒကာမတွေကတော့ ကျုပ်ဓာတ်လုံးအောင်တဲ့အကြောင်း ဘယ်သူမှ မသိကြပါဘူး။ ဓာတ်လုံးအောင်ပေတဲ့ အချိန်ကာလတစ်ခုကို စောင့်ဆိုင်းဖို့ ကျုပ်ဆရာအရှင်က မိန့်ကြားတော်မူခဲ့တာကြောင့် အေးအေးဆေးဆေးပဲ စောင့်နေခဲ့တယ်။ ဒီလိုနဲ့ ထွက်ရပ်လမ်းကို မြန်းဖို့ လပိုင်းလောက်သာလိုတော့တဲ့ အချိန်ကို ရောက်လာတယ်။

အဲဒီမှာ ပြဿနာက ပေါ်လာခဲ့တယ်ကွယ့်။

ဘာလဲဆိုတော့ **"မခံချင်စိတ်"** တို့ **"မာန်စိတ်"** တို့ပေါ့ ဒကာရယ်...



"အရှင်ဘုရား ဓာတ်လုံး မအောင်သေးဘူးလား"

"ဓာတ်လုံးထိုးပြီး အချိန်တွေ ဖြုန်းခဲ့တာ နှမြောစရာ ကောင်းလိုက်တာ"

"ဘာမှလဲ ထူးမလာပါဘူး။ အလကားအလုပ်တွေ"

"ဓာတ်လုံး ထိုးတုန်းကလဲ အသည်းအသန်"

"ငြိမ်ချက်သား ကောင်းတော့လဲ သူ့အပြင် မရှိဘူး"

"ဟန်ပုံ မပေါ်ပါဘူးဗျာ"

ဆိုတဲ့ ဒကာ၊ ဒကာမတွေရဲ့ စကားသံတွေက ကျုပ် နားထဲကို ဟိုကတစ်ပေါက်၊ ဒီကတစ်ပေါက် ရောက်ရောက်လာကြတာကိုး။ တစ်ယောက်တစ်မျိုး အဖိုးအခ မကုန်တိုင်း ဝေဖန်ရေးလုပ်နေကြတာတွေများတော့ ကျုပ်စိတ်ထဲမှာ ကသိကအောက် ဖြစ်လာတယ်ဗျ။

ဒါနဲ့ တစ်နေ့မှာ ကျုပ်ဟာ ကျုပ်ရဲ့ ကျောင်းအနီးမှာရှိတဲ့ တောင်ကျစမ်းချောင်းကလေးတစ်ခုကို ဒကာ၊ ဒကာမတွေကို ချိန်းဆိုလိုက်မိတယ်။

"အေး မင်းတို့တစ်တွေ ငါ ဘယ်လိုပုဂ္ဂိုလ်လဲဆိုတာ သိချင်ရင် ငါ ရေချိုးဆင်းတဲ့အခါ ရေချိုးဆိပ်ကို လာခဲ့ကြ"

လို့ ပြောလိုက်မိတယ်။

ရွာသားတချို့လဲ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ရေချိုးဆိပ်မှာ လာပြီး စောင့်နေခဲ့ကြတာပေါ့ဗျာ။

ကျုပ်ဆိုတဲ့ ကောင်ကလဲ ဘာပြောကောင်းမလဲ၊ ဓာတ်လုံးကို ပါးစောင်မှာ ငုံပြီး ရေပေါ်မှာ လမ်းလျှောက်ပြတယ်။ ပြီးတော့ တင်ပျဉ်ခွေ ထိုင်ပြတယ်။ ကဲ မှတ်ကရော။ ငါကွပေါ့ဗျာ။ ဒီမှာတင် ဒကာ၊ ဒကာမတွေဟာ တော်တော်ဖြုံသွားပြီး ကျုပ်သတင်းလဲ ကြီးသွားပါလေရောလား။

အဲဒီနေ့ညနေပိုင်း ကျောင်းပြန်ရောက် ထုံးစံအတိုင်း ဘုရားရှင်ကို ကြည်ညိုရှိခိုးပြီး ပုတီးပတ်တွေ ပွားများနေတုန်း ည(၉)နာရီကျော်ကျော်လောက်မှာ ကျုပ်ကို အစစအရာရာ သွန်သင်ပြသ နည်းလမ်းပေးတော်မူခဲ့တဲ့ ဝိဇ္ဇာမိုရ် ဆရာအရှင် ဆရာတော်ကြီး ကျုပ်ရှေ့မှာ ဘွားခနဲ ကြွတော်မူလာတယ်။ ပြီးတော့...

"ကိုယ်တော်ဟာ တော်တော်ခက်တဲ့ ရဟန်းပဲ။ သာမန်လူပြိန်းတစ်ယောက်ဆိုရင်တော့ ကိုယ်တော့်ကို မပြောလိုပါဘူး။ ခုဟာက ဘုရားသားတော် သင်္ကန်းတော်အရေ ခြုံထားတဲ့ ပုဂ္ဂိုလ်တစ်ပါးက ဘာမဟုတ်တဲ့ ကိစ္စလေးတွေကို သည်းမခံနိုင်ဘဲ ကိုယ့်လုပ်ငန်း မအောင်မြင်ခင်မှာ အစွမ်းပြခဲ့တာကိုး။

ဝိဇ္ဇာဆိုတာ လျှို့ဝှက်ရတယ်။ မာန မကြီးရဘူး။ ကိုယ်တော်က ဝိဇ္ဇာဓာတ်ကို အဝိဇ္ဇာဓာတ် ဖုံးနေတာကိုးဗျ။ ပုထုဇဉ်သတ္တဝါ ဒကာ၊ ဒကာမတွေဟာ ဘာမှ သိတတ်ကြသူများ မဟုတ်ဘူးကွယ့်။ သနားစရာကောင်းတဲ့ သတ္တဝါတွေလေ။ သနားရမယ့်လူကို မသနားဘဲ သူတို့ကို တန်ခိုးပြချင်တာကိုး





www.burmeseclassic.com

www.burmeseclassic.com

ကောင်းပုံဗျာ။

စိတ်တန်ခိုးဆိုတာ ဘယ်မှာရှိလဲ၊ သိလား။ ခန္ဓာထဲမှာ ရှိတယ်ကွယ့်။ ဓာတ်လုံးဆိုတာက ဟိတ်ဓာတ်နဲ့ ဆက်သွယ်ပေးတဲ့ ကိရိယာပဲ။ ဓာတ်တစ်လုံးမှားရင် တောင်တစ်လုံးခြားသတဲ့။ တောင်ခြားတယ်ဆိုတာ ဘဝနဲ့ရင်းနှီးပြီး ခံစားရတာမျိုးလေ။

မသိလို့ နားမလည်လို့ တန်ခိုးကို အသုံးချမိရင် အဲဒီ အသိမှား အတွေးမှားကြောင့် ဒဏ်ခံရသေးတယ်။

သိသိကြီးနဲ့ လွဲမှားတဲ့ မာနကြောင့် လုပ်မိပြီဆိုရင်တော့ ကိုယ့်ကိုယ်ကိုယ် ဒိုင်းနမိုင်းနဲ့ ဖောက်ခွဲလိုက်သလိုလိုပဲ ဆိုတာကို သဘောပေါက်ထားပါ။ ပြောရရင် တို့များ ခန္ဓာထဲမှာ ရှိနေတဲ့ မနောဓာတ်ဆိုတာ ဒိုင်းနမိုက်ထက် ပိုပြင်းထန်တယ်။

ကိုယ်တော့်ရဲ့ ခန္ဓာကိုယ်ကို ဒိုင်းနမိုက်နဲ့ ဖောက်ခွဲရင် တစ်စစီ ဖြစ်သွားမယ်။ ဒိုင်းနမိုက်ဆိုတာက တစ်ဘဝမှာ တစ်ခါသာ ပေါက်ကွဲပျက်စီးနိုင်တယ်။ အဇ္ဈတ္တမာနတို့ မခံချင်စိတ်တို့ဆိုတာက သံသရာနဲ့ ချီပြီး ပျက်စီးပေါက်ကွဲသွားခြင်းမျိုးလေ။ ဒီအထိ ကိုယ်တော် မိုက်လိမ့်မယ်လို တို့က မထင်ခဲ့ဘူးဗျ”

ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးဟာ ကျုပ်ကို အသေးစိတ် ပြောပြ ဆုံးမတော်မူခဲ့ပါတယ်။ ကျုပ်ဟာ ဘာလုပ်ရမှန်း မသိအောင် ဆောက်တည်ရာမဲ့ ဖြစ်နေခဲ့တယ်။

“သည်းခံတော်မူပါ ဘုရား”

လို့ တုန်တုန်ယင်ယင်နဲ့ လျှောက်ထားလိုက်မိပါတယ်။

“ဟား…ဟား…ဟား ဒါဟာ သည်းခံလို့ရတဲ့ ကိစ္စမျိုးမဟုတ်ဘူးကွယ့်။ ကိုယ်တော်ကြီးရဲ့အပြစ်ကို ကိုယ်တော်ကြီး ခံပေဦးတော့ဗျာ။ မှန်းကိုယ်တော်ရဲ့ ဓာတ်လုံးရော”

ကျုပ်ဟာ ပါးစောင်ထဲမှာ ငုံထားတဲ့



ဓာတ်လုံးကို ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးရဲ့ လက်တွင်းကို ရိုရိုသေသေ ဆက်ကပ်လိုက်ပါတယ်။

“ကိုယ်တော် အတွင်းစခန်းဝင်ဖို့ (၂၅)ရက်ပဲ လိုတော့တဲ့ အချိန်မှာ (၂၅)နှစ်ကြာအောင် စောင့်ပေဦးတော့’

ဆိုပြီး ကျုပ်ရဲ့ ဓာတ်လုံးကို သိမ်းတော်မူသွားခဲ့ပါတယ်။ ကျုပ် အခု ဒဏ်ခတ်ခံနေရတာ (၁၅)နှစ် ရှိခဲ့ပါပြီ’

ဟူ၍ ရှည်လျားစွာ ရှင်းပြတော်မူပါသည်။

‘အေး…အဲဒါပဲပေါ့၊ ကိုယ်က သူများပေါ်မှာ ဩဇာလွှမ်းမိုးဖို့ မိမိကိုယ်ကျိုးအတွက် လုပ်လိုက်တယ် ဆိုတာဟာ အဖျက်စွမ်းအား အလွန် ကြီးမားတယ်။ တကယ်ဆိုရင် မိမိက သူများကို ဩဇာလွှမ်းမိုးနိုင်တာ မဟုတ်တော့ဘဲ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးတူးဖြိုလိုက်တာနဲ့ အတူတူ ဖြစ်သွားတာပေါ့’

ပုစွန်မြောင်းရွာအနီး ဦးစန္ဒောဘာသ ဆရာတော်ကြီးက ဝင်ရောက်မိန့်တော်မူခဲ့ပါသည်။ ဆက်၍…

‘အပေါ်ယံသဘောနဲ့ ကြည့်ရင် တန်ခိုးစွမ်းအင်ဆိုတာ အောင်မြင်ရေးအတွက် အလွယ်ဆုံးလမ်းလို့ ထင်နေကြတယ်။ အာရုံယူ တွက်ချက်ဟောပြောတာနဲ့ ဘဝကို တည်ဆောက်နေကြတာကို မကောင်းဘူးလို့တော့ မပြောလိုပါဘူး။ အတွက်ကို အခြေခံလွန်းပြီး ပြုမူကြရင်တော့ ဆင်းရဲဒုက္ခရောက်ခြင်းကို ဦးတည်သွားရတယ်။

ဒီလိုပဲ သိဒ္ဓိမဟိဒ္ဓိတန်ခိုးနဲ့ ကိုယ်ကျိုးရှာနန်းတင်တယ်ဆိုတာ ဒုက္ခရောက်ဖို့သာ ရှိနေတတ်တယ်။ ရှေးပညာရှိတွေက တန်ခိုးသိဒ္ဓိနဲ့ ပတ်သက်လာရင် “စိန်ကျောက်ပမာ လျှို့ဝှက်ရာ၏”လို့ ဆုံးမခဲ့ကြတယ် မဟုတ်လား’

ဟု မိန့်တော်မူလေသည်။

ထိုစကားဝိုင်းသည် ဦးသက္ကအတွက် အဖိုးမဖြတ်နိုင်သော တန်ခိုးစွမ်းအင်ဆိုင်ရာ သင်ခန်းစာ ယူစရာ စကားဝိုင်းတစ်ခု ဖြစ်ခဲ့သည်။

ဂန္ဓာရီလမ်းလျှောက်သူ၊ စိတ်မနောဆိုင်ရာ လေ့ကျင့်နေသူများအတွက် အရေးကြီးသော မှတ်သားစရာများ ဖြစ်နေခဲ့သည်။

ကျိုက်ထီးရိုးဆရာတော်ကြီးက…

‘အေး…အလုပ် လုပ်ရင် လူတွေကို ကြောက်ပါ။ လူတွေဟာ တရားဓမ္မတို့ စိတ်တန်ခိုးတို့အတွက် ကြောက်စရာကောင်းတဲ့ အခြေအနေတွေကို ဖန်တီးတတ်ကြတယ်။ သတိကြပ်ကြပ်ထားပြီး ရှောင်ဖို့လိုတယ်ကွယ့်။ မိမိလိုရာစခန်း ရောက်ဖို့ ဘုန်းကြီးကို နမူနာယူပြီး ကြိုးစားပါ’

ဟူ၍ မိန့်တော်မူလေသည်။

ဆရာတော်ကြီး နှစ်ပါးသည် ကျိုက်ထီးရိုး ခရီးစဉ်အတွက် ကားချိန်နီးပြီ ဖြစ်သောကြောင့် ဦးသက္ကတို့ မိသားစုကို နှုတ်ဆက်ကန်တော့ခံတော်မူပြီး ထွက်ခွာသွားတော်မူကြလေသည်။

“**မခံချင်စိတ်**”ဟူသည် တန်ခိုးပြမိသူ ကျိုက်ထီးရိုးဆရာတော်ကြီးအတွက်သာမဟုတ် လူတိုင်းအတွက် ကောင်းကျိုး မပေးနိုင်ပုံကို ဦးသက္က တွေးမိလေသည်။

***မေတ္တာစိတ်နှင့်…***

**သမ္မုဇ္ဇ**

**နဂ္ဂဟ္ဂုရောင်ခြည်မဂ္ဂဇင်း၂၆ရ**

www.burmeseclassic.com

www.burmeseclassic.com



ထီလာကျော်

# ကူညီသူ ဘယ်သူလဲ

ညွှန့်မောင်သည် သူငယ်ချင်းများနှင့် မော်လမြိုင်ဘက်သို့ ဘုရားဖူးထွက်ခဲ့သည်။ ယောက်ျားလေးတွေချည်း ဖြစ်သည်။ မိန်းမသား တစ်ဦးတစ်ယောက်မှ မပါပေ။ မော်လမြိုင်တစ်မြို့တည်း မဟုတ်။ မြို့စုံ ဘုရားဖူးရန် ထွက်လာခြင်းဖြစ်သည်။

သုံးညအိပ် လေးရက်ခရီး ဖြစ်သည်။ ရန်ကုန်က စ,ထွက်ထွက်ချင်းမှာတော့ ညဘက်ဖြစ်သည်။

လူ များများစားစား မဟုတ်သဖြင့် ဟိုင်းလတ်ကားလေးဖြင့်သာ ထွက်ခဲ့ကြသည်။ ည(၂)နာရီလောက်မှာတော့ (အမှန်တော့ နံနက်နှစ်နာရီပါ။) လမ်းခုလတ်တွင် ကားပျက်သွားသည်။ ကားစပယ်ယာနှင့် ဒရိုင်ဘာတို့ ကြိုးစားပြင်သော်လည်း မရ။ ပစ္စည်းအသစ်လဲမှ ရတော့မည်။

ကားစပယ်ယာနှင့် အဖော်တစ်ဦးတို့ နီးစပ်ရာမြို့ ပစ္စည်းဝယ်ရန် ထွက်သွားသည်။ ဘယ်နည်းနှင့်ဖြစ်ဖြစ် မိုးမလင်းမီ ပြန်မရောက်နိုင်။ မြို့နှင့်လည်း အလှမ်းဝေးသည့်အပြင် မြို့ရောက်လျှင်သော်မှ ဆိုင်တွေက ဖွင့်မည်မဟုတ်။

ညွှန့်မောင်နှင့် အပေါင်းပါတို့သည် စိတ်ပျက်လက်ပျက်နှင့် ကျန်ခဲ့ကြသည်။ သောက်တတ်သူ မြကြီးကတော့ ယမကာလေး မှီဝဲနေသည်။ ကျန်သူများကို အားနာ၍ ထင်သည် တစ်နေရာတွင် ခွက်ပုန်းခုတ်နေသည်။

ရာသီဥတုကတည်း အတော်လေးအေးသည်။ အနီးရှိ ထင်းခြောက်များ ရှာကာ မီးမွှေးပြီး လှုံနေကြသည်။ ထိုစဉ် (၃)ဖာလုံခန့်အကွာ တစ်နေရာ၌ မီးလင်းလာသည်။ မီးရောင်တွေ့သော ကမ္ဘာဦးလူသားတွေလို ဝမ်းသာသွားသည်။

အကူအညီ တစ်ခုမဟုတ် တစ်ခု ရတန်ကောင်းရဲ့ တွေးတောကာ ညွှန့်မောင်တို့တစ်သိုက် ထွက်လာခဲ့ကြသည်။ ကားနားတွင် ဒရိုင်ဘာ၊ ယမကာဘဲ မြကြီးနှင့် ထွန်းသန်းတို့ သုံးဦးသာ ကျန်ခဲ့သည်။

မီးလင်းရာသို့ ဦးတည်ထွက်လာရာ အနီးသို့ရောက်ခဲ့ပါပြီ။ တိုက်ပုတစ်လုံးကို တွေ့ရသည်။ သေသေချာချာ ကြည့်လိုက်တော့ ဆေးခန်းတစ်ခုဖြစ်နေသည်။ စောစောက မီးရောင်လင်း

www.burmeseclassic.com



လာခြင်းသည် လူနာ ရောက်နေခြင်း ဖြစ်သည်။

အထဲတွင် ဆရာမ၊ လူနာ(ယောကျ်ား) တစ်ဦးနှင့်လူနာအနီး မိန်းမတစ်ဦးတို့ကိုသာ တွေ့ရသည်။ လူနာသည် ဝေဒနာ အပြင်းအထန် ခံစားနေရပုံရသည်။

အော်ဟစ် ညည်းညူနေသည်။ ဆရာမသည် လူနာကို ဆေးတစ်လုံး ထိုးပေးလိုက်သည်။ ဘာဆေးရယ် တော့ မသိ။ မကြာမီ အိပ်ပျော်သွား တော့သည်။

ညွန့်မောင်သည် "ဆရာမ... ဆရာမ"ဟု ထပ်ကာထပ်ကာ ခေါ် လိုက်သည်။ ပြန်ထူးသံ ထွက်ပေါ် မလာပေ။ ဆရာမက သမ္မုဒ္ဒေဆိုနေ သလို လူနာစောင့်ဟု ထင်ရသူ အမျိုး သမီးကတော့ ၂၄ ပစ္စည်း ရွတ်နေသည်။ သူတို့ ကြောက်နေကြကြောင်း သူတို့၏ မျက်နှာတွင် အထင်းသား တွေ့ရ သည်။

ညွန့်မောင်သည် ထပ်မံ၍ ခေါ်ပြန် သည်။ ထူးသံ ထွက်မလာ။

'ကျွန်တော်တို့ လူကောင်းတွေပါ။ ကားပျက် လို့ လာပြီး အကူအညီတောင်းတာပါ။ လူဆိုး သူခိုး ဓားပြတွေ မဟုတ်ရပါဘူး'

ဟု ပြောပြပါသည်။ အတန်ကြာမှ ပျပျငှာငှာ စကားပြောပြီး တံခါးဖွင့်ပေး တော့သည်။

'ဟုတ်ကဲ့ ဝင်ပါရှင် ကျွန်မတို့ကလဲ မိန်းမသားတွေချည်းမို့ ကြောက်နေမိ လို့ပါ။ စိတ်မရှိပါနဲ့'

ညွန့်မောင်တို့သည် အထဲဝင်ထိုင် လိုက်သည်။ ခဏကြာတော့ ကော်ဖီ ပူပူနွေးနွေး လာတိုက်သည်။ ညွန့်မောင် ကြိုက်သည့် ကော်ဖီမစ်တော့ မဟုတ်။ ဘလက်ကော်ဖီဖြစ်သည်။

သိပ်မကြာလိုက်။ ထမင်းကျွေးပြန် သည်။ ထမင်းပူပူ၊ ဟင်းပူပူမို့ ယခု ချက်ချင်း စီမံရမှန်း သိသာလှသည်။ ဝတ်မရှက်ဆိုတာ ဒါမျိုးထင်ပါရဲ့။ ညွန့်မောင်တို့တစ်သိုက် အားရပါးရ စားလိုက်တာ ဖွန်းတွေ၊ ပန်းကန်တွေပဲ ကျန်တော့တယ်။

'ရှင်တို့ကို ကြည့်ရတာ ကားမှာ ကျန်ခဲ့တဲ့ သူတွေအတွက် စိတ်ပူနေပုံရတယ်။ ဘာမှ မပူနဲ့ သူတို့ကို ထမင်းသွားကျွေးလိုက်ပါ့မယ်။ ရှင်တို့ ဒီမှာ အေးအေးဆေးဆေး အိပ်ကြ ပါ'

ဟု ဆိုကာ စောင်တွေ၊ ခေါင်းအုံး တွေ လာချပေးသည်။ ပြောပြီးတော့ ဆေးခန်းတံခါးကို ပိတ်လိုက်ကြသည်။

'ကျွန်မတို့ကတော့ ဟိုဘက်အိမ်မှာ အိပ်မယ်'

ဟု ဆိုကာ ထွက်သွားကြတော့ သည်။ ညွန့်မောင်တို့တစ်သိုက် နွေးနွေး ထွေးထွေးနှင့် တစ်ခဏအတွင်းမှာပင် အိပ်ပျော်သွားကြသည်။

အိပ်ရာက နိုး၍ ကြည့်လိုက်တော့ ဘာအဆောက်အအုံမှ မရှိပါ။ စောင် တွေ၊ ခေါင်းအုံးတွေလဲ အတောင် ပေါက်ပြီး ပျံသွားလေသလားပဲ။ ဘာ ဆိုဘာမှ မရှိ။ ညွန့်မောင်တို့ ခေါင်းအုံး အိပ်နေသည်ကား သစ်သားတုံးငယ် တွေသာ ဖြစ်နေပါသည်။ မိုးလည်း လင်းနေပြီမို့ ကားရှိရာသို့ ပြန်ခဲ့ကြ သည်။

ကားမှာ ကျန်ခဲ့သူ (၃)ယောက် ကတော့ ပုဆိုးလေးတွေခြုံကာ ကွေးနေကြသည်။ ညွန့်မောင်တို့ နိုးတော့မှ ထကြတော့သည်။ ကားဒရိုင်ဘာက ပြောသည်။

ညတုန်းက ကော်ဖီတွေ တိုက်ကြောင်း၊ ထမင်းပူဟင်းပူတွေ လာရောက်ပေးကြောင်း၊ စောင်, ခေါင်း အုံးတွေပါပေး၍ အိပ် ကောင်းကောင်း နှင့် အိပ်ကြရာ ယခုမှ နိုးကြောင်း ပြောပါတော့သည်။

နံနက်(၇)နာရီကျော်ကျော်မှ ကား ပစ္စည်းဝယ်သူတို့ ပြန်ရောက်လာပြီး ပစ္စည်းအသစ်လဲကာ ခရီးဆက်နိုင်ကြ တော့သည်။

ဤဖြစ်ရပ်လေးသည် ဆန်းကြယ် သည်တော့ အမှန်ပင် ဖြစ်သည်။ ဘုရား ဖူးတွေမို့ ကူညီသည်ဟု ဆိုရမည်လား။

ဤသို့ဆိုလျှင် သူမတို့ထံ ရောက်စဉ်က ဘာကြောင့် သမ္မုဒ္ဒေ ၂၄ ပစ္စည်းတွေ ရွတ် ကြသနည်း။

ကော်ဖီတွေ၊ ထမင်းဟင်းတွေက ဆာလောင်မှုကို ပြေစေသည့်မှာလဲ ဘာ ကြောင့်ပါနည်း။ စောင်မပါဘဲ လေဟာပြင်မှာ အိပ်နေပါလျက် ဘာကြောင့် အနွေးဓာတ် ရရပါသနည်း။

မည်သို့ဆိုစေကာမူ **လောကတွင် သိပ္ပံနည်းပညာနှင့် တိုင်းတာ၍မရ သော ဂမ္ဘီရဆန်းကြယ်မှုများ ရှိနေ သည်ကတော့ အမှန်ပင် ဖြစ်ပါ သည်။** မည်သို့မျှ ငြင်း၍မရနိုင်ပါ။

စာရှုသူကော ဘယ်လို ယူဆပါ သလဲ။ သိရှိတွေ့ကြုံခဲ့ရလျှင် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းကြီးမှ တစ်ဆင့် တင်ပြပေးပါဦး...။

**ထီလာကျော်**

www.burmeseclassic.com



ကျွန်တော် ကြုံတွေ့ဖူးသော

# ရှေးဟောင်း ဓား တစ်လက်

မောင်ဒို (တောင်ငူ)

စာရေးသူသည် ဤဓားအကြောင်းကို ရေးဖို့ရန် ယခင်နှစ်တွေကတည်းက ဓားပိုင်ရှင်ဖြစ်သူကို ရှာဖွေနေမိပါသည်။ ပိုင်ရှင်ခွင့်ပြုလျှင်တော့ ဓာတ်ပုံလေးနှင့်တကွ တိတိကျကျ ပြဖို့ရန် စိတ်ကူးထားခဲ့ပါသည်။

(၂၈-၇-၁၃)နေ့မှာတော့ စာရေးသူသည် အလုပ်သိမ်းပြီးအပြန် ပန်းပဲကျေးရွာအတွင်းရှိ တူမလေး မသီတာထံမှာ စာအုပ်ဝင်သိမ်းပါသည်။ မသီတာတို့ အိမ်ရှေ့တွင် ဆိုင်ကယ်လေး ထောက်ခဲ့ပြီး နောက်ပိုင်းကို ခြေကျင်ပြန်လှည့်ပါသည်။

အကြောင်းမှာ မသီတာတို့နှင့် ခြံခြင်းကပ်ရှိ ဒေါ်ခွဲ့နေအိမ်ရှေ့ရှိ အိမ်ဈေးဆိုင်တွင် စာရေးသူ လွန်စွာ တွေ့ချင်နေသော လူတစ်ယောက်မှာ အိမ်ရှင်နှင့် စကားထိုင်ပြောနေသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် ဖြစ်ပါသည်။

စာရေးသူက စတင်၍...

'ဟာ ကိုကျော်ဇော ခင်ဗျားနဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲ။ ကျွန်တော် သိချင်တာလေးတွေ မေးချင်လို့ပါ'

ဟု စကားစ နှုတ်ဆက်ပြီး နှစ်ယောက်သား စကားတွေ ထိုင်ပြောကြသည်မှာ မိုးစုပ်စုပ်ချုပ်မှပဲ လူချင်းခွဲဖြစ်ပါတော့သည်။

ကိုကျော်ဇောနှင့် စကားပြောဖြစ်သည့် ထူးဆန်းသည့် အကြောင်းအရာများထဲမှ သင့်တော်မည့် အကြောင်းအရာလေးများကို နောင်အလျဉ်းသင့်သလို ထပ်မံမေးမြန်းပြီး တစ်ပုဒ်ချင်း ဆက်လက် ရေးသား တင်ပြပေးပါမည်။

ယခု စာစုမှာတော့ ရှေးဟောင်းဓားတစ်လက်အကြောင်းကိုသာ သူသိသမျှ ပြောကြားပေးသွားခြင်းကို စာရေးသူ သိထားသည်များနှင့် ပေါင်းစပ်၍ ရေးသား တင်ပြပေးပါမည်။

* * *

လွန်ခဲ့သော (၄၅)နှစ်ခန့်(၁၉၆၇/၆၈) ခုနှစ်ခန့်က စာရေးသူ (၂၀)နှစ်သားအရွယ် တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝက ဖြစ်ပါသည်။

စာရေးသူနှင့် ညီဝမ်းကွဲတော်စပ်သူ မောင်ထွန်းဝင်းတို့သည် တောင်ငူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com

များအဖြစ် ကြက်ခြေနီ လူမှုရေးလုပ်ငန်းများကို တာဝန်ထမ်းဆောင်လျက် ရှိကြပါသည်။

ထိုကာလ၏ ကျောင်းနားရက် နေ့တစ်နေ့မှာ မြို့လုံးကျွတ် သန့်ရှင်းရေးလုပ်အားပေးပွဲ ပြုလုပ်ပါသည်။ သက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ ဦးဆောင်ပြီး ရပ်ကွက်သူ ရပ်ကွက်သားများ၊ ဌာနပေါင်းစုံများ၊ ဝန်ထမ်းပေါင်းစုံ၊ ကျောင်းပေါင်းစုံ စသည်ဖြင့် အဖွဲ့အစည်းပေါင်းစုံ လုပ်အားပေးကြသည်။

ထိုအထဲတွင် မီးသတ်တပ်ဖွဲ့ဝင်နှင့် ကျွန်တော်တို့ ကြက်ခြေနီတပ်ဖွဲ့ဝင်များလည်း ပါဝင် လုပ်အားပေးကြပါသည်။


ကျွန်တော်တို့ တပ်စိတ်အဖွဲ့ကတော့ ဒုတပ်ကြပ် ကိုကျော်ဇော ဦးဆောင်ပြီး တောင်ငူမြို့၏ မြောက်ဘက်အစွန်ရှိ ရှေးဟောင်းမြို့ရိုးကုန်းကြီး၏ ဘေးဘက်တွင်ရှိ ဝါးပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းရန် တာဝန်ကျပါသည်။

မြို့ရိုးဟောင်းကြီး၏ မြောက်ဘက်ပိုင်းအောက်ခြေတွင် ကျုံးကြီး ရှိပါသည်။**(ယင်း မြို့ပတ်ကျုံးကြီးအား ယခုတိုင် ထိန်းသိမ်းထားဆဲ ရှိနေပါသည်။)**

စာရေးသူက သစ်ပင်များ ခုတ်ထွင်ရှင်းလင်းရန်အတွက် မိမိအိမ်က ဓားမကြီးတစ်ချောင်း ပါလာပြီး ဝါးနက်ရုံမှ ဝါးပင်များကို ခုတ်ထွင် ရှင်းလင်းပါသည်။

အခြား တပ်ဖွဲ့ဝင်များကလည်း ကျားမနိုင်ပင်များနှင့် ချုံနွယ်များကို ကိုယ်စီကိုယ်င ခုတ်ထွင်ရှင်းလင်းလျက် ရှိနေကြပါသည်။

ထိုသို့ ဝါးပင်များ ခုတ်ရာတွင် စာရေးသူ၏ ဓားမကြီးမှာ ခုတ်ရဖန်များလာတော့ ဓားသွားများ လိပ်တာ



ပဲ့တာတွေ ဖြစ်လာပါသည်။ ဓားပဲ့သွား၍ အမေဆူမှာ စိုးသည်နှင့် ဝါးခုတ်ခြင်းကို ရပ်တန့်၍ သူများ ခုတ်ပြီးသားများကို ဆွဲယူပုံပေးနေပါသည်။

ထိုသို့ ပြုလုပ်ပေးနေစဉ်မှာပဲ ကျွန်တော်တို့တပ်ဖွဲ့ထဲမှ တပ်သားကိုလှဦးမှာ သူ၏ တစ်တောင်သာသာ ငှက်ကြီးတောင်ဓားရှည်လေးနှင့် မနုမရင့် ဝါးပင်တွေကို ပေါ့ပေါ့ပါးပါး ခုတ်နေလိုက်သည်မှာ ပိုင်းခနဲ ပိုင်းခနဲ ပြတ်ကျသွားသည်ကို မြင်တွေ့နေရပါသည်။

စာရေးသူလည်း ထိုမြင်ကွင်းကို အံ့ဩလှစွာဖြင့် ကိုလှဦးနားကို သွားကြည့်မိပါသည်။ ကိုလှဦးမှာ မျက်စိအားနည်းသဖြင့် မျက်မှန် တပ်ထားသူတစ်ဦးဖြစ်ပြီး လွန်စွာ ပြုံးရွှင်ဖော်ရွေသူလည်း ဖြစ်ပါသည်။ စာရေးသူက…

'ဟကောင် လှဦးရ… မင်းဓားက ကောင်းလှချည့်လား ဝါးပင်တွေကို ခုတ်လိုက်ရင် ပိုင်းခနဲ ပိုင်းခနဲ နေတာပဲ။ ဓားလေးကြည့်တော့ သေးသေးလေးနဲ့ ပြတ်လှချည့်လား ဘာဓားများတုန်းကွာ'

ဟု မေးမိရာ ကိုလှဦးက သူ့ဓားလေးကို ထိုးပြရင်း…

'ဒီမှာလေကွာ ရဲဝင်းရ၊ ဒီဓားဟာ ရှေးတုန်းကဓားပဲ။ မသွေးဘဲနဲ့ကို ပြတ်တာ။ အခုလိုမျိုး ဝါးကို မပြောနဲ့ သံ သံချောင်းလဲ ပြတ်တယ်။ မင်း မယုံရင် မင်းဓားမကြီးပေး ငါ ခုတ်ပြမယ်'

ဟု စာရေးသူကို ပြောပါသည်။ စာရေးသူက…

'ဟာ မလုပ်ပါနဲ့ မောင်ရင်ရာ၊ ဝါးပင်တွေခုတ်လို့ ပဲ့ကုန်ရတဲ့အထဲ မင်းဓားနဲ့ခုတ်ပြလို့ ထပ်ပဲ့ကုန်ရင် အမေဆူတော့မှာ။ ယုံပါတယ်ကွာ ပြပါဦး မင်းဓား'

ဟု ဆိုကာ စာရေးသူက တောင်းကြည့်မိပါသည်။

စာရေးသူလိုပဲ ဒုတပ်ကြပ် ကိုကျော်ဇောနှင့် ကိုထွန်းဝင်း၊ အခြားသူများလည်း တောင်းကြည့်ကြပါသည်။ ဓားမှာ ပကတိ အသွားများတွင် ပဲ့ရာလေး တစ်ခုပင် မရှိပါ။

ကိုင်ကြည့်တော့မှ ထူးခြားသော အရာများကို သေသေချာချာ မြင်တွေ့ရသဖြင့် ပိုမိုအံ့ဩရပါသည်။ တစ်တောင့်ထွာခန့်ရှိ ဓားလေးသည် သံရောင်ရှိပြီး အဖျားဘက်တွင် ဖြက်(၁၅)လက်မခန့်ရှိပြီး အရင်းဘက်ကို အနည်းငယ် သေးသွားပါသည်။

ဓားဦးချွန်ဖြစ်ပြီး ငှက်ကြီးတောင်ဓားပုံစံဖြစ်သည်။ ငွေလက်ကိုင်ရိုးဖြစ်ပြီး အမင်းနှင့် တစ်ဆက်တည်းရှိကာ အမင်းက ဓားအရင်းအပေါ် လက်မဝက်ခန့်ဖုံးပါသည်။

ထူးခြားသည်မှာ ဓားအသွား၏ လက်မဝက်ခန့် နေရာမှစ၍ ဓားပြားတစ်ပြင်လုံး ဇာတ်ကြီးဆယ်ဘွဲ့မှ ဇာတ်တော်အရုပ်များကို ဓားပြားနှစ်ဖက်စလုံးတွင် ထွင်းလုပ်ထားခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

စာရေးသူ မှတ်မိသလောက် ပြောရလျှင် ဝေဿန္တရာ ဇာတ်တော်ကြီးနှင့် ဝိဓူရဇာတ်တော်ကြီးတို့ကို မားပြားတစ်ဖက်စီတွင် တွေ့ရှိရပါသည်။

လက်ကိုင်ရိုးမှာလည်း ထွင်းလုပ်ထားသည်များ ပါရှိပါသည်။ မားအိမ်ကို မေးကြည့်တော့ အိမ်မှာ ထားခဲ့ကြောင်း၊ မားအိမ်မှာလည်း ငွေမားအိမ်ဖြစ်ပြီး ဤလိုမျိုး ပုံတော်များ ပါရှိကြောင်း ပြောပြပေးပါသည်။

ကိုလှဦး၏ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက ကိုင်ဆောင်ခဲ့သော ဤထူးခြားသည့် မားကလေးသည် သာမန်မားတော့ မဟုတ်တန်ရာ တောင်ငူမင်းဆက်များထဲက တစ်ဦးဦး ကိုင်ဆောင်အသုံးပြုခဲ့သည့် နန်းစဉ်မား ဖြစ်လိမ့်မည်ဟု စာရေးသူ ဆင်ခြင်သုံးသပ်မိပါသည်။ **(ဤသည်မှာ ယခုအသတ်အရွယ်မှသိသည့် အသိဖြစ်ပါသည်။)**

ကိုလှဦးကို ယခုအချိန်မှာ ထပ်မတွေ့ချင်သော်လည်း ကိုကျော်ဇော၏ ပြောကြားချက်အရ ကိုလှဦးတို့ မိသားစုမှာ နိုင်ငံခြားတွင် ရောက်နေကြောင်း သိရှိရပါသည်။

ကိုလှဦး၏ နေအိမ်ကိုလည်း ရောင်းချပြီးသွားပြီ ဖြစ်ကြောင်း ကိုကျော်ဇောက ပြောပြပေးပါသည်။ ကိုလှဦးနှင့် ကိုကျော်ဇောတို့မှာ တစ်ရပ်ကွက်တည်းသားများ ဖြစ်ကြပါသည်။

စာရေးသူအနေနှင့်ကတော့ ရှေးဟောင်းအမွေအနှစ် တစ်ခုဖြစ်သည့် ဤထူးခြားသည့် မားလေးသည် ကိုလှဦးထံမှာသော် လည်းကောင်း၊ တခြား မိသားစုဝင်များထံမှာသော် လည်းကောင်း ရှိနေခဲ့ပါလျှင် **နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ထပ်မံရေးသားဖော်ပြပေးဖို့ တိုက်တွန်းရင်း ရေးသားလိုက်ရပါကြောင်း...။**

**[ဤစာစု ဖြစ်မြောက်ရေးအတွက် ကိုကျော်ဇောကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။]**

ဇေနွှာမိုး(တောင်ငူ)

# ပြဒါးခတ်လုံး ကောင်းကောင်း

## လုပ်ကြရအောင်



အဂ္ဂိရတ် ဝိဇ္ဇာသနာရှင်များသည် သွပ်ခတ်လုံး၊ ဆေးဒန်းခတ်လုံး၊ မင်းလေးပါးခတ်လုံး၊ ပြဒါးခတ်လုံး အမျိုးမျိုးကို လုပ်ဆောင်ကိုင်တွယ်ချင်ကြသည်။

ကိုင်တွယ်ချင်ကြသော်လည်း အချိန်ကုန် လူပန်း၍ ခတ်လုံးကောင်းကောင်း မရကြပါ။ သွပ်, ပြဒါးတို့မှာ တော်ရုံ အပူချိန်ဖြင့် ထွက်တတ်၍ စိတ်ရှည်ရှည်ဖြင့် နည်းမှန်မီးမှန်ဖို့ လိုပါသည်။

ထို့ကြောင့် နည်းကားမခက်၊ မီးကားခက်၏ဟု ဆိုကြသည် ထင်ပါသည်။ အမှန်မှာ နည်းခက်သကဲ့သို့ မီးလည်း လွယ်ကူမည် မဟုတ်ပါ။ စာရေးသူ တင်ပြမည့် ပြဒါးဖမ်းနည်းမှာ စိတ်ရှည်ဖို့နှင့် ဖွဲ့ရှိဖို့တော့ လိုပါသည်။

**ပြုလုပ်ရန်နည်းမှာ...**

ပြဒါး (၅) ကျပ်သားကို နာထုံပေါ်တွင် တင်ခဲပါ။ အမာခဲ မရလျှင်လည်း ဖြစ်ပါသည်။ အများအခေါ် ကြက်ချေးစု ရလျှင် ဖြစ်ပါသည်။

ထို့နောက် အနေတော် မြေအိုးတစ်လုံးတွင် စောင်းလျားရွက်၊ အသီးများကို ရေဖြင့် ရောထည့်ပြီး မီးပေါ်တင်ပါ။ ပြဒါးကြက်ချေးစုကို အဝတ်စဖြင့် ထုပ်၍ မြေအိုးထဲတွင် မှန်ထုပ်ဆွဲပြီး မီးမှန်မှန်ဖြင့် (၂၄)နာရီခန့် ပြုတ်ပါ။

ပြုတ်ပြီး ပြဒါးကို အခြောက်ခံပါ။ လုံနံပါတ် (၈) လောက်တွင် ပြဒါးပြုတ်ပြီးသားကိုထည့်၍ မီး အနေတော်ပေးပါ။ မီးမပြင်းစေရ။

ယမ်း (၃၀) ကျပ်သားကို အမှုန့်ထောင်းပြီး လုံထဲသို့ လေးရွေး၊ ငါးရွေးခန့် စ,ပေါက်ပါ။ ယမ်းအခဲလေးများမှာ မီးလောင်လွယ်စေ၍ အမှုန့်ထောင်းခြင်းဖြစ်ပါသည်။ ယမ်း (၃၀) ကျပ်သား ကုန်အောင် ဖြည်းဖြည်းချင်း ပေါက်ပေးပါ။

ယမ်းကုန်လျှင် လက်ချားမီးပေါက်ထည့်၍ မီးမှန်မှန်ဖြင့် တစ်နာရီခွဲခန့် ဆက်ထိုးပါ။ ပြီးလျှင် အအေးခံပြီး ခွဲကြည့်ပါက ပြဒါးမီးထိုးခံ တစ်ကျပ်ခွဲသားခန့် ရပါပြီ။

ယင်းပြဒါးကို ချော်နှစ်ရန် လိုပါသည်။ လက်ချားကို အရည်ချော်ကျက်အောင် ချက်၍ ပြဒါးခတ်သားကို ညှပ်ဖြင့် နှစ်ထည့်ပါ။ မီးဆက်မဆွဲပါနှင့်။ ချော်ခဲလောက်ပြီဖြစ်မှ မီးမှန်မှန် ဆက်ဆွဲပါ။ ဤကဲ့သို့ နှစ်လုံခန့် ဆက်ထိုးလျှင် ဖြူဖွေးသန့်စင်သော ပြဒါးခတ်လုံး ရပြီ ဖြစ်ပါသည်။

ဤပြဒါးခတ်လုံးကို မိမိ ဉာဏ်ရှိသလို လက်ဝဲ, လက်ယာ ဆက်သုံး၍ ရပြီဖြစ်ကြောင်း ရေးသား တင်ပြလိုက်ပါသည်။

ဇေယျတု သဗ္ဗ မင်္ဂလံ

ဦးမောင်(ရွှေညောင်)



www.burmeseclassic.com

www.burmeseclassic.com



# သခွတ်ပင် သံသရာ

ဘင်ပင် သန်းဌေး

သခွတ်ပင်ရွာကလေးသို့ အလုပ်
ခွတစ်ခုဖြင့် ရောက်စဉ် မမျှော်လင့်
ဘဲ ကျောင်းနေဖက် သူငယ်ချင်း
အောင်မြင့်နှင့် ဆုံရလေသည်။

'ဟေ့ကောင် သန်းဌွေးအောင်၊ မင်း
ရေးတဲ့ စာတွေကို ဂျာနယ်၊မဂ္ဂဇင်းတွေ
မှာ ဖတ်ရတယ်။ ဝမ်းသာတယ်ကွာ
ဆက်ပြီး ကြိုးစား။ ဒါနဲ့ မင်းကိုစာရေး
စရာ ကုန်ကြမ်းတစ်ခု ပြောရဦးမယ်'

'ဟေ့ ပြောစမ်းပါဦး မင်းရဲ့ ကုန်
ကြမ်းဆိုတာက...'

'အခု မပြောသေးဘူး။ ငါ့ရဲ့အဘွား
ဒေါ်စိန်ချစ်နဲ့ တွေ့ပေးမယ်။ သူက
ကိုယ်တွေ့ ကြုံရတဲ့သူဆိုတော့ ပိုပြီး
တိတိကျကျ သိရတာပေါ့'

သူငယ်ချင်း အောင်မြင့်ရဲ့ ကျေးဇူး
ကြောင့် အဘွား ဒေါ်စိန်ချစ်၏အိမ်သို့
ရောက်ခဲ့၏။ အိမ်ရှေ့ ကွပ်ပျစ်ပေါ်
တွင် အဘွား ဒေါ်စိန်ချစ်နှင့်အတူ





www.burmeseclassic.com

www.burmeseclassic.com

အသက် (၈၀)ကျော်ခန့်ရှိသော အဘိုးအိုတစ်ဦးကိုပါ တွေ့ရ၏။

'အဘွား ဒါ ကျွန်တော်နဲ့ ကျောင်းနေဖက် သူငယ်ချင်း သန်းဋ္ဌေးအောင်လို့ ခေါ်တယ်။ သူက စာရေးဆရာ။ အဘွားငယ်ငယ်က ကြုံခဲ့ရတဲ့ ဇာတ်လမ်းကို နားထောင်ချင်လို့တဲ့'

'အေး နားထောင်ချင်တော့လဲ ပြောပြရမှာပေါ့ကွယ်။ အဘွားငယ်ငယ် (၁၈)နှစ်သမီးတုန်းကပေါ့'

*　　*　　*

မစိန်ချစ် လာမယ့် ပြာသိုလကွယ်နေ့ညမှာ ရွာနောက်က သခွတ်ပင်အောက်က စောင့်နေမယ်။ ခိုးရာလိုက်ဖို့ လာခဲ့ပါ။

**လှအောင်**

ကိုလှအောင်ထံမှ ခိုးရာလိုက်ဖို့ ချိန်းဆိုသော စာတိုတိုကလေးကို ဖတ်ရင်း မစိန်ချစ် ရင်တွေ ခုန်လာ၏။ ကိုလှအောင်နှင့် မေတ္တာမျှခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီ။ ခါတိုင်းလည်း ရွာနောက်က သခွတ်ပင်ကြီးရဲ့အောက်မှာ လူကြီးတွေအလစ် ညပိုင်း ခိုးခိုးပြီးတွေ့နေကျ။ ကိုလှအောင်က တစ်ရွာသားဆိုတော့ လယ်ကွင်းပြင် တစ်ခုကို ဖြတ်သန်းပြီး လာရ၏။ လူကြီးတွေက မစိန်ချစ်ကို ရွာထဲမှ လူတစ်ယောက်နှင့် ပေးစားမည် ဖြစ်လာသောအခါ ချစ်သူနောက်သို့ ခိုးရာလိုက်ပြေးရန် အခြေအနေ ဖြစ်လာ၏။ ခိုးရာလိုက်ရတော့မယ်ဆိုတော့ ချစ်သူနှင့် ပေါင်းဖက်ရမှာမို့ ပျော်မိသလို မိဘတွေနှင့် ခွဲရမှာကို တွေးရင်း ရင်မောမိသည်။

ပြာသိုလကွယ်နေ့ည၊ လူကြီးတွေအားလုံး အိပ်မောကျနေကြချိန် မစိန်ချစ် အဝတ်ထုပ်ကလေးကို ပိုက်ကာ အိမ်ပေါ်မှ ဆင်းခဲ့၏။ အမှောင်ထုထဲတွင် ရွာနောက်က သခွတ်ပင်ရှိရာသို့



တဖြည်းဖြည်း လျှောက်လာခဲ့၏။ ကြောက်စိတ်နှင့်တွေးလျှင် ကြောက်မက်ဖွယ်ကောင်းလှသော်လည်း အချစ်ဟူသော စိတ်တို့က သတ္တိတို့ကို တိုးပွားစေသည်။

'သခွတ်ပင်အောက်မှာ ကိုလှအောင် ရှိနေမှာပဲ ဘာကြောက်စရာရှိတာ မှတ်လို့'

အမှောင်ထဲတွင် လျှောက်ခါစက ဘာကိုမှ မမြင်ရ။ ကြာတော့ မျက်စိက အမှောင်ကို ကျင့်သားရလာ၏။ ပြီးတော့ ဒီလမ်းကသွားနေကျဆိုတော့ အခက်အခဲ မရှိလှပေ။ မစိန်ချစ် သခွတ်ပင်အောက်သို့ ရောက်လာ၏။

'ကိုလှအောင်'

လေသံတိုးတိုးဖြင့် ခေါ်ကြည့်၏။

'ဟော'

'ရှင် ရောက်နေတာ ကြာပြီလား'

'အေး'

'ကျွန်မတို့ ဘယ်ကို သွားကြမှာလဲ'

'ဟိုးက မီးရောင်လေး မြင်နေရတဲ့ ဆီကို သွားကြမယ်'

မစိန်ချစ်တစ်ယောက် ချစ်သူရဲ့ လက်တွဲ ခေါ်ငင်မှုကို စောင့်စားနေသော်လည်း တစ်ဖက်က...

'အချိန်မရှိဘူး၊ ရှေ့က သွား'

ဟု ဆိုသောကြောင့် အဝေးဆီ မီးရောင်နေရာသို့ သွားရလေ[...] လမိုက်သော ညအမှောင်တွင် ကြ[...] ရောင်များ၏ အလင်းရောင်ဖြင့်[...] အားတင်းကာ လျှောက်ရတော့သ[...] ရိုးပြတ်တောကို ဖြတ်ရ၏။ ကန်သ[...] များကို ကျော်ရင်း လဲတော့မလို ဖြစ်[...]

'ခဏလောက် နားရအောင်လား [...] အောင်ရယ်။ ကျွန်မ ခြေထောက်တွေ [...] ပါ'

'မနားနဲ့။ သွား သွား'

မြင်နေရသော မီးရောင်မှာ နီး[...] နှင့် အလွန် ဝေးကွာလှ၏။ လမ်းခ[...] ခေတ္တ နားကြရန် ပြောတိုင်း လက်[...] ဘဲ မြန်မြန်သာ သွားခိုင်းနေ၏။ ကို[...] အောင် ခါတိုင်းဆိုလျှင် ထိုသို့မဟု[...] ပေ။ ချစ်သူ၏အလိုကို လိုက်[...] သည်။ ချစ်စကားတွေကိုလည်း စိ[...] ပတ်ကုံး ပြောတတ်သည်။

ဒါလည်း အကြောင်းရှိလို့ ဖြစ်[...] လေဟု တွေးရင်း လျှောက်လှမ်းနေ[...] နောက်မှ မြင်းခွာသံသဲ့သဲ့ကို ကြာ[...] ရ၏။ မြင်းခွာသံက နီးလာလေ [...] ချစ်ကို မြန်မြန်သွားခိုင်းလေ ဖြစ်သ[...] ကြာတော့ မစိန်ချစ်၏ ခြေထောက်[...] မလှမ်းနိုင်တော့ပေ။ မြင်းခွာသံ[...] လည်း အလွန် နီးကပ်လာ၏။

'ကိုလှအောင် ကျွန်မ ခြေထော[...] ဘယ်လိုမှ မလှမ်းနိုင်တော့ဘူး။ န[...] မယ်'

ထိုစဉ် မြင်းစီးလာသော [...] တစ်ဦးက မစိန်ချစ်အား မြင်းပေါ်[...] ဆွဲ၍တင်လိုက်၏။ မစိန်ချစ်[...] မောပန်းခြင်း၊ ထိတ်လန့်ခြင်း[...] အတူ သတိလစ်ကာ မြင်းပေါ်[...] သွားလေ၏။

'ဗျို့ အဘ၊ အဘ'

'ဟော'

'အဘတို့များ နေနိုင်လိုက်[...]





www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရွာထဲကလူ ပါသွားတာတောင် သိဘူးလား'

'အေးကွာ အဘလဲ မသိလိုက်ဘူး။ မင်းပဲ အိမ်ရောက်အောင် လိုက်ပို့ပေးလိုက်ပါ'

စကားပြောသံများကြောင့် မစိန်ချစ် သတိရလာ၏။ သူ ဘယ်ကိုရောက်နေတာလဲ။ မကြာခင်အချိန်မှာပင် မြင်းက အပြေးရပ်သွား၏။

'ဆင်းတော့ ကလေးမ။ နောက်ဆို သခွတ်ပင်အောက်ကို ရှောင်။ အဲဒီမှာနေတဲ့ကောင်က အယုတ်တမာ။ ကဲ ငါ သွားတော့မယ်'

ကြယ်ရောင်အောက်မှာ မြင်းစီး၍ ထွက်ခွာသွားသောပုဂ္ဂိုလ်ကို ကြည့်၍ မစိန်ချစ် အံ့သြနေမိ၏။ ပို၍အံ့သြမိတာက မိမိနေအိမ်သို့ ပြန်ရောက်နေခြင်း ဖြစ်သည်။

*   *   *

'အဘွားပြောတဲ့ ဇာတ်လမ်းထဲမှာ ရှုပ်ထွေးတဲ့အချက်တွေ ပါတယ်။ ကိုလှအောင်က ဘာဖြစ်လို့ မစိန်ချစ်ကို ရအောင်ခိုးမပြေးတာလဲ'

'တကယ်တော့ ကိုလှအောင်က အဲဒီညက ချိန်းထားတဲ့ သခွတ်ပင်အောက်ကို မလာဖြစ်ဘူးကွယ့်'

'အဘွားပြောတော့ ကိုလှအောင်က သခွတ်ပင်အောက်က စောင့်ပြီး မီးရောင်ဆီကို သွားခိုင်းတယ်ဆို'

'အဲဒီညက သခွတ်ပင်အောက်က စောင့်တဲ့သူက ကိုလှအောင် မဟုတ်ဘူး။ ပရလောကသား'

'ဗျာ! ဘယ်လို... ပရလောကသားက ခိုးပြေးတာ'

'ဟုတ်တယ်၊ ပရလောကသားက သခွတ်ပင်မှာ နေတာ။ အဘွားနဲ့ ကိုလှအောင်တို့ရဲ့ ဇာတ်လမ်းကို ဒင်းက သိနေတော့ ပုံမှားရိုက်ပြီး ခိုးတာ



ပဲပေါ့'

'အဲဒါဆိုရင် အဘွားရယ် မြင်းနဲ့လိုက်ပြီး ကယ်တဲ့သူရယ် အဘလို့အခေါ်ရတဲ့သူရယ်က ဘယ်သူတွေလဲ'

'ဒါကတော့ **အဘွားတို့ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်တွေ**ပဲပေါ့ကွယ်'

'အဘွားတို့ ချစ်သူနှစ်ဦး ပြန်လည်ပေါင်းဆုံကြသေးလား'

အဘွားမှာဘာမျှပြန်မပြောဘဲ ချိုင့်ချိုင့်ကလေး ပြုံးနေ၏။ အနီးတွင် ထိုင်နေသော အဘိုးက...

'အဘရဲ့နာမည်က ဦးလှအောင်ပါ။ ချစ်သူနှစ်ဦး ပေါင်းဆုံ ကြလို့ သားသမီးမြေးတွေတောင် ရနေကြပါပြီ'

'ကျွန်တော့်မှာ ဇာတ်က ပေါင်းမှ ပေါင်းပါ့မလားလို့ စိတ်ပူလိုက်ရတာ အဘိုးရယ်။ ဒါနဲ့ **သခွတ်ပင်ကြီးရော ရှိသေးလား**'

'မရှိတော့ဘူးကွ။ လွန်ခဲ့တဲ့ အနှစ်(၄၀)လောက်က လေမုန်တိုင်းကြောင့် လဲပြီး ထင်းဖြစ်သွားပြီ'

'ဒီအပင်မှာနေတဲ့ ပရလောကသား ရှေ့ပ်တော့ ဘယ်ကိုပြေးမယ် မသိဘူး'

ကျွန်တော့်စကားကြောင့် အဘိုးနဲ့ အဘွား ဟက်ဟက်ပက်ပက် ရယ်ကြ၏။

'အဲဒီ ပရလောကသားက လူဖြစ်နေတာ ကြာပြီပေါ့ မောင်ရင်ရယ်'

'ဘယ်မှာ လူဖြစ်တာလဲ အဘ'

'ဒီရွာမှာပဲ'

'အဲဒီလူကို တွေ့ချင်လိုက်တာ အဘရယ်။ ဘယ်သူတဲ့လဲ'

'ဘယ်သူကမလဲ၊ မင်းသူငယ်ချင်း အောင်မြင့်ပေါ့ကွ'

'ဗျာ! အောင်မြင့်က ပရလောကသား လူဝင်စား'

'ဟုတ်တယ်၊ သူကို သန္ဓေယူခါနီးမှာ မိခင်ဖြစ်သူကို အိပ်မက်ပေးသတဲ့။ အောင်မြင့်ကိုယ်တိုင်လဲ စကားပြောတတ်တဲ့အရွယ်ကစပြီး ဘဝဟောင်းကို မှတ်မှတ်ရရ ပြန်ပြီးပြောနိုင်ခဲ့တယ်'

'ကျွန်တော် ဒီအကြောင်းတွေကို စာရေးမယ်။ အဘတို့၊ အဘွားတို့က ခွင့်ပြုပါ'

'ခွင့်ပြုပါတယ်။ တကယ်တော့ အဘတို့ အပါအဝင် သတ္တဝါတွေအားလုံးဟာ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးသရွေ့ သံသရာမှာ စုန်ချည်တစ်ခါ ဆန်ချည်တစ်လှည့်နဲ့ ကျင်လည်ရဦးမှာပါ။ သံသရာဝဲဂယက်ကြမ်းကနေ ထွက်မြန်းပြီး **မြတ်နိဗ္ဗာန်ကို ရောက်အောင် ကျင့်ကြံအားထုတ်ဖို့ လိုတဲ့ အကြောင်း**ကို မင်းရဲ့စာမှာ ပါအောင် ရေးကွာ'

'ဟုတ်ကဲ့ပါ အဘ၊ အဘဆန္ဒအတိုင်း ဖြစ်အောင်ရေးပါမယ်'

သခွတ်ပင်သံသရာ ဇာတ်လမ်းကား အဆုံးသတ်၍သွားလေပြီ။ ဘဝသံသရာဇာတ်လမ်းတို့သည်ကား ရှည်လျား၍နေကြလေဦးတော့မည်တည်း။

**အင်ပင် သန်းဆွေ**



www.burmeseclassic.com

ကိုယ်တွေ့ ဖြစ်ရပ်ဆန်းနှင့်

# သရေဟာကံ့ အမွှမ်း

အုံ့မခန်း

ဘုန်းမြတ်ကျော် (မနုဖြူ)



ကျွန်တော်သည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို နှစ်ရှည်ကြာ ငှားဖတ်ခဲ့သူ တစ်ဦး ဖြစ်ပါသည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တွင် ဘုရားရှင်၏ ဂုဏ်တော်၊ ပရိတ်တော်၊ ဂါထာတော်၊ မန္တန်တော်များ၏ အစွမ်းထက်မှုနှင့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်း များ၊ တစ်ဆင့်ကြား ဖြစ်ရပ်ဆန်းများ အကြောင်း ဖော်ကျူး ရေးသားထား သည်များကို ဖတ်ရှုခဲ့ရပါသည်။

ကျွန်တော့်မှာလည်း ကိုယ်တွေ့ ဖြစ်ရပ်ဆန်း များနှင့် ကြုံတွေ့ခဲ့ဖူးသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် စာဖတ် ပရိသတ်များအား ရေးသား တင်ပြလိုက်ပါရစေ။

ကျွန်တော် ရေးသားတင်ပြမည့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းသည် ရိုးစင်းကောင်း ရိုးစင်းနေပါမည်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်လည်း ဖော်ပြပြီးကောင်း ပြီးနေပါသည်။ သို့သော် မဖတ်မိဘူးသေးသူများလည်း ရှိနေ လိမ့်ဦးမည်ဖြစ်၍ ရေးသားတင်ပြ လိုက်ရခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်(၂၀)ကျော်လောက် က ကျွန်တော်၏အိမ်တွင် ဗီဒီယို ပြစက်တစ်လုံးထောင်ကာ အငှားလိုက် ပြခဲ့ပါသည်။

တစ်နေ့ ကျွန်တော်တို့ နေထိုင်သော မြို့၏ အရှေ့မြောက်ဘက်ကမ်းရှိ ရွာ တစ်ရွာမှ အလှူတွင် ဗီဒီယိုပြလိုသဖြင့် လာရောက်ငှားပါသည်။ ကျွန်တော် လည်း ဗီဒီယိုပြစက်နှင့်အတူ လာရောက် ငှားရမ်းသူ၏ ရွာသို့ လိုက်သွားခဲ့ပါသည်။

ရေတစ်တန်၊ ကုန်းတစ်တန် သွားရ သောကြောင့် ရွာကို နေစောင်းမှ ရောက် သွား၏။ ရွာကို ရောက်ရောက်ချင်း အလှူရှင်၏ အိမ်ရှေ့ရှိ မဏ္ဍပ်ထဲတွင် ဗီဒီယိုပြစက်ကို နေသားတကျ စီစဉ် ချထားလိုက်ပြီး ရေမိုးချိုးပါသည်။ နောက် အလှူရှင်နှင့်အတူ နှစ်ယောက် သား ညစာ စားကြပါသည်။

ကျွန်တော်သည် ငယ်စဉ် ကလေး ဘဝကတည်းက မိဘများ၊ သွန်သင် ပေးထားသည့်အတိုင်း၊ ထမင်းစားတိုင်း ထဲ ဝင်ရောက်ထိုင်လိုက်သည်နှင့် မျက်စိ စုံမှိတ်ပြီး ရတနာသုံးပါးကို အာရုံပြုကာ သရဏဂုံသုံးပါးအား အနုလုံ ပဋိလုံ သုံးခေါက် ရွတ်ဆိုလိုက်၏။ နောက် အနန္တောအနန္တငါးပါးကို ဦးချပြီးမှ စားပါ သည်။

ကျွန်တော်တို့ စားသောက်နေစဉ် အတွင်း အမျိုးသမီးတစ်ဦး ငါးကြင်းကြော် ဟင်းတစ်ပန်းကန် လာပေးပါသည်။ ငါးကြင်းကြော်မှာ ပူပူနွေးနွေးနှင့် အနံ့ ကလေး သင်း၍ နေပါသည်။

ကျွန်တော်သည် ငယ်စဉ်ကတည်း က ငါးကြော်ကို အလွန် ကြိုက်နှစ်သက် ခဲ့သူဖြစ်၍ လာရောက် ချပေးသွားသော ငါးကြင်းကြော် ပူပူနွေးနွေးကို ဖဲ့ယူ စားသောက်လိုက်ပါသည်။

ငါးကြော်မှာ တစ်ခြမ်း ကုန်သွား သဖြင့် တစ်ဖက်ကို လှန်လိုက်ပြီး ထပ်မံ ဖဲ့ယူလိုက်ပါသည်။ ထိုစဉ် ပူပူ နွေးနွေး ရှိနေသော ငါးကြင်းကြော်ထဲမှ လှုပ်လှုပ် ရွရွ သွားနေသော လောက်ကလေးများ ကို တွေ့လိုက်ရပါတော့သည်။ ဤသို့ တွေ့လိုက်ရသောကြောင့် ကျွန်တော် သည် ဖဲ့ယူထားသော ငါးကြော်ကို ပန်းကန်ထဲတွင် ပြန်ချထားလိုက်ပါသည်။

စာမျက်နှာ (၂၈၀) သို့

www.burmeseclassic.com



◄ နဂါးရုံဘုရား အုတ်မြစ်ချစဉ် တွေ့ရသော နဂါးပုံရိပ်

ရွှေသမင်တောင်မှ

# နဂါးပုံရိပ်

သီပေါမြို့တွင် ခေတ္တ နားနေခိုက် ''ရင်ကျန်''စားသောက်ဆိုင်မှ ကိုအားတီနှင့်အတူ နေ့လယ်ခင်း လက်ဖက်ရည်သောက်ချိန်တွင် သာသနာပြု ပုဂ္ဂိုလ် ဦးမြင့်မောင်ကိုလည်း တွေ့လိုက်ရသည်။

'အစ်ကိုရေးတဲ့ သီပေါ ရွှေသမင်တောင်က နောင်တော်ကြီးစေတီနဲ့ ထူးခြား ဓာတ်ပုံအကြောင်း ဆောင်းပါးကို ဖတ်ရပါတယ်'

'မမျှော်လင့်ဘဲ ရုတ်တရက် ထွက်လာရတာမို့ ဦးမြင့်မောင်အတွက် စာအုပ်တောင် မယူလာရဘူး'

'ရပါတယ်။ အမှတ်တရဆိုပြီး ကျွန်တော် တစ်အုပ် ဝယ်ထားပါတယ်'

'စေတီတော် ထီးတင်ပြီးလောက်ရောပေါ့'

'ထီးတော်တင်ပြီးလို့ ဗုဒ္ဓဟူးအရပ်မှာ နဂါးရုံ ရုပ်ပွားတည်ဖို့ ပန္နက်လိုင်းတူးရာမှာ ထူးခြားမှုတွေ တွေ့ရတယ်။ နဂါးခေါင်းလို အငွေ့အရိပ်ကြီး ထင်ထင်ထင်ရှားရှား ပေါ်လာသဗျာ'

'ဓာတ်ပုံမှတ်တမ်း မရှိဘူးလား'

'ရှိတယ် အငွေ့တန်းပေါ်နေတယ်'


သို့ဖြင့် ဦးမြင့်မောင်၏ နေအိမ်သို့ လိုက်ပါလာကာ ဓာတ်ပုံ မှတ်တမ်းများကို လေ့လာကြည့်သည်။

'ဖြစ်ပုံက ဒီလိုဗျာ မန္တလေးက လုပ်ငန်းရှင် အမျိုးသမီးတစ်ဦး ဘုရားလာဖူးတယ်။ သူက နဂါးဘ၀က လာတယ်လို့ ခဏခဏ အိပ်မက်,မက်တယ်။ အခု နောက်ဆုံး အိပ်မက်မှာ မကြာခင် နဂါးဘ၀ကို ပြန်ရတော့မယ်ဆိုပြီး လူတစ်စုက အတင်းဆွဲခေါ်သတဲ့။ ရှုန်းရင်းကန်ရင်းနဲ့ တောင်ထိပ်တစ်ခုပေါ် ရောက်လာတယ်။

အဲဒီမှာ စေတီတစ်ဆူ မြင်ရတော့ ပုဆစ်ဒူးတုပ်ပြီး တပည့်တော်မကို ကယ်တင်တော်မူပါလို့ ရှိခိုးတောင်းပန်မိတယ်။ အဲဒီအချိန်မှာ လန့်နိုးလာပြီး အိမ်သားတွေကို ပြောပြတော့ မြေအနေအထားက သီပေါမြို့ ရွှေသမင်တောင်နဲ့ တူတာကို သိရတယ်။ အခု ရောက်လာတော့ အိပ်မက်ထဲက အတိုင်း တူညီနေတာကို ပြောပြတယ်။

ဒီတော့ သူ့အစွဲအလမ်းကလေး ပျောက်ပါစေတော့ရယ် လို့ ဆရာတော်

◄ သီပေါမှ ဦးမြင့်မောင်




စာမျက်နှာ (၂၈၀) သို့

www.burmeseclassic.com

အမေပြောသည်

# အရွှမ်းယောက် ဂမုန်း



ရှေမြေ ကျော်ဝေ

စာရေးသူတို့အဘိုး အမေ၏ဒေါ်ကြီး ယောက်ျား ဦးဘသော်သည် ဂမုန်း စိုက် ဝါသနာပါသူတစ်ဦးဟု အမေ ပြော၍ သိခဲ့ရသည်။ သူတို့နေထိုင်သော မိုးမခ ရွာဦးကျောင်းတွင် ပန်း အလှပင်များနှင့် သီးပင်စားပင်၊ ဂမုန်း ပင်များကို အဘဦးဘသော်မှ ဦးဆောင်ပြီး စိုက်ပျိုးရာတွင် ရှင်သူငယ်ဂမုန်း များကို ဦးစားပေးပြီး စိုက်ပျိုးသည်ဟု သိရှိရသည်။

ရှင်သူငယ်ဂမုန်းအမျိုးအစား (၇) မျိုးရှိသည့်အနက် ရှင်သူငယ်အဝါ သည် ရှင်သူငယ်ဂမုန်းအများစုထဲတွင် အလွန် တန်ခိုးကြီးသော ဂမုန်းရှင် သူငယ်ဟု ရှေးရေးဂမုန်းကျမ်းများတွင် ဖော်ပြပြီး အရွက်ပုံသဏ္ဌာန်မှာ ငှက် ပျောရွက်ကဲ့သို့ ပျော့ပျောင်းပြီး သက်နုံး အသွေးရောင်ကဲ့သို့လည်း ဝါရွှေရောင် အဆင်းရှိပြီး ကိုရင်လေးတစ်ပါး ငုတ် တုတ်ထိုင်နေသည့်အလား ထင်မှတ် စရာ အပင်ဆန်းဖြစ်သည်။

**ဘုရားတန်ဆောင်းဝင်၊ တသင်တိုက် ကျောင်းနှင့် လူတို့နေထိုင်သော တိုက် တာအိမ်ခြေ အဆောက်အအုံများတွင် စိုက်ပျိုးလျှင် ထေးရင်အောက်တွင်စိုက်ပျိုးမှ သိဒ္ဓိပြည့်ပြီး စီးပွားလာဘ်လာဘ တိုးတက် သည်ဟု အဆိုရှိကြသည်။**

အဘဦးဘသော်သည် ရှင်သူငယ် ဂမုန်း(၆)မျိုးကို စိုက်ပျိုးထားသော် လည်း သူအလိုရှိဆုံး ဂမုန်းရှင်သူငယ် အဝါကို မရရှိသေးပါ။

၁။ ရှင်သူငယ်အဖြူ။
၂။ ရှင်သူငယ်အညို၊
၃။ ရှင်သူငယ်အနီ၊
၄။ ရှင်သူငယ်အကျား၊
၅။ ငှက်ပျောရှင်သူငယ်အကြီး၊
၆။ ငှက်ပျောရှင်သူငယ်အသေး

ဟူ၍(၆)မျိုးတို့သည်လည်း သိဒ္ဓိအသီးသီး ရှိကြပါသည်။

ထိုသိဒ္ဓိဝင် ဂမုန်းပင်များကို နွယ်နီရိုးရွာမှ သူငယ်ချင်းဖြစ် သူ ဦးထွန်းညွှန့်ထံမှ ရရှိသည်ဟု အဘက ပြောပါသည်။ ဦးထွန်းညွှန့်ဆို သူက တစ်နှစ်လျှင် (၂)ကြိမ် တောင်ရိုး သို့ ဝါးခုတ်သွားရာတွင် ယူဆောင်လာ သော ဂမုန်းဝါသနာရှင်တစ်ဦးပါ။

အဘဦးဘသော်နှင့် အဘ ဦးထွန်း ညွှန့်တို့သည် တစ်နေ့တွင် လှည်း တစ်ယောက် တစ်စီးဖြင့် တောင်ရိုးသို့ ဝါးခုတ်ရန် သွားကြသည်။ အဘဦးဘ သော်သည် ဝါးခုတ်ခြင်းထက် ဂမုန်းရှာ ဖို့က သူ၏စိတ်တွင် ထက်သန်နေပေ သည်။

တောင်ရိုးသွားပြီး ဝါးခုတ်၊ ဆေးမြစ် ရှာ၊ သစ်ခွတက်၊ ဂမုန်းရှာသူတို့က လည်း ဒုနှင့်ဒေး၊ အတောတော အရွာ ရွာမှ လူများတို့သည် သူ့အုပ်စုနှင့်သူ အဖွဲ့လိုက် တစ်စုတစ်စည်း နေထိုင်ကြ သည်။

ရိုးမတောင်ပေါ်တွင် နေထိုင်ပြီး စည်းချ၍ ညအိပ်ရသကဲ့သို့ သားရဲ တိရစ္ဆာန်များရန်မှ အကာအကွယ် အဖြစ် ဝါးများကို မီးရှို့၍ မီးလင်းဖိုများ ထားကြရသည်။

ဝါးပေါက်ကွဲသော အသံများဖြင့် လည်း သစ်၊ ကျား၊ ဆင်၊ တောခွေး တို့၏အန္တရာယ်ကို ခြောက်လှန့် ကာ ကွယ်ရသည်။

အဘဦးဘသော်နှင့် အဘဦးထွန်း ညွှန့်တို့ စခန်းချသော တောင်ကမူ၏ အထက်တွင် သုံးရက်လ၏ မလင်း တလင်း အလင်းရောင်အောက်တွင် ကိုရင်လေးတစ်ပါး ငုတ်တုတ်ထိုင်နေ သည့်သဏ္ဌာန် သစ်ပင်အုပ်ကို တွေ့ သောအခါ အဘထွန်းညွှန့်က အဘ ဘသော်ကို လက်ကုတ်ပြီး တိုးတိုးလေး ဖြင့်...

'ဟေ့ ကိုဘသော်၊ ဟိုတောင်ကမူ ပေါ်ကို ကြည့်လိုက်စမ်း။ ခင်ဗျား အဲဒီ ငုတ်တုတ်လေးကို ဘာလို့ထင်သလဲ'

'ဟာ ကိုထွန်းညွှန့်ကလဲ အဲဒါ ကိုရင်လေးဗျ။ မဟုတ်မှလွဲရော ကိုရင် လေးတစ်ပါး ဒီတောင်ပေါ်မှာ လာပြီး တရားထိုင်တာ ဖြစ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ဘူးဗျ ကိုဘသော်၊ ခင်ဗျားကို ကျွန်တော် အသင့်ဆောင်လာခိုင်းတဲ့ ရှင်သူငယ်ပရိတ်ရေနဲ့ ခြင်းကြားတစ်လုံးကော ပါခဲ့လား'

'ပါ,ပါတယ်ဗျာ။ ဘာလဲ အဲဒါ ကျွန်တော်တို့ကို သရဲခြောက်တာလား'

'သရဲခြောက်တာတော့ မဟုတ်ဘူးဗျ။ လာ ကျွန်တော့်ကို ပရိတ်ရေပုလင်းပေး၊ ခင်ဗျားက ကျွန်တော် ကိုရင်လေးကို ပရိတ်ရေနဲ့ လောင်းလိုက်တာနဲ့ ခင်ဗျားက အသင့်ကိုင်ထားတဲ့ ခြင်းကြားနဲ့ အုပ်လိုက်၊ အုပ်ပြီးတာနဲ့ ကျွန်တော်တို့ ကိုယ့်နေရာကိုယ် ပြန်နေကြမယ်။ ခင်ဗျားကို ကျွန်တော် မနက်လင်း အရုဏ်ချိန်ကျမှ အဖြေပြမယ်'

ဟု ပြောဆိုပြီး နှစ်ယောက်သား ခြေသံလုံလုံဖြင့် သွားခဲ့ရာတွင် အတွေ့အကြုံ ရင့်ကျက်သော ဦးထွန်းညွန့်က ကိုရင်လေးသင်္ဃာန်အနားသို့ ရောက်သွားသောအခါ ငှက်ပျောပင်သင်္ဃာန် အပင်တစ်ပင်ကိုသာ တွေ့ရှိရသဖြင့် အသင့်ယူဆောင်လာသော ပရိတ်ရေပုလင်းဖြင့် အပင်ပတ်ပတ်လည် လောင်းပြီး ဦးဘသော်က ငှက်ပျောပင် အသေးပုံသင်္ဃာန် အရွက်စိမ်းစိမ်းပင်ကို ခြင်းကြားကြီးဖြင့် အုပ်၍ ထားခဲ့လေသည်။

နံနက် အရုဏ်တက်ချိန်တွင် ဦးထွန်းညွန့်နှင့် ဦးဘသော်တို့နှစ်ဦးသည် သံတူးရွင်းကို ယူဆောင်ပြီး ညဦးယံက အုပ်ထားခဲ့သော ခြင်းအောက်မှ ငှက်ပျောပင်ကို တူးကြရာတွင် ရွှေဝါရောင်အဆင်းနှင့် ပြည့်စုံပြီး အလွန်မှ လှပသော ဂမုန်းရှင်သူငယ် အဝါပင်ကို ရရှိကြလေသည်။ ဦးထွန်းညွန့်က...

'ကဲ သူငယ်ချင်းဘသော်၊ မင်းလိုချင်တဲ့ ရှင်သူငယ်ဂမုန်းအဝါအပင်ဆိုတာ ဒါပဲ။ မင်းနဲ့



ထိုက်လို့ မင်းရတာ၊ မင်းနေတဲ့ မိုးမခကျောင်းမှာ ရှင်သူငယ်ဂါထာပရိတ် ရွတ်ပြီး စိုက်ပေတော့ကွာ'

ဟု ပေးလေသည်။ အဘဦးဘသော်သည် အဘဦးထွန်းညွန့်ပေးသော ဂမုန်းပင်ကို အထက်မှအောက်သို့ သေချာစွာ ကြည့်ပြီး...

'ကျေးဇူးတင်ပါတယ် သူငယ်ချင်း။ ငါ တောင်ရိုးက ဝါးကို ခုတ်ရတာထက် ဂမုန်းပင်ကို ရလို့ ငါ လိုက်လာရကျိုးနပ်ပါပြီကွာ။ ကဲ တို့လဲ ဝါးတွေ ပြည့်စုံ ဖူလုံကြပါပြီ။ မနက်ဖြန် မနက် ရွာကို ပြန်ကြတာပေါ့ကွာ'

---

**ရှင်သူငယ်ဂမုန်း စိုက်ပျိုးရာတွင်**

**ရွတ်ဆိုရသော ရှင်သူငယ်ပရိတ်**

---

သိရည္ဓိ (မေ) ဗုဒ္ဓသေဋ္ဌော၊
သာရိပုတ္တော စ ဒက္ခိဏော။
ဝါမအံသေ မောဂ္ဂလာနော၊
ပုရတော ပိဋကတ္တယံ။
ပစ္ဆိမေ (မမ) အာနန္ဒော၊
စတုဒ္ဒိသာ ဒိဏ္ဏာသဝါ။
သမ္ဗုဒ္ဓာ လောကပါလာ စ၊
တုန္နာ ဒေဝါ သ,ဗြဟ္မကာ။
ဓေတေသံ အာနုဘာဝေန၊
သဗ္ဗေ ဘယာ ဥပဒ္ဒဝါ။
အနေကာအန္တရာယာပိ
ဝိနဿန္တု အ,သေသတော။

ဤ ပရိတ်ကို **ရှင်သူငယ် သို့ မဟုတ် ပါဏာသဒိသဂါထာတော်ကြီး** ဟုလည်း ဆရာအချို့က ခေါ်ဆိုကြပါသည်။

ရှင်သူငယ်ဂမုန်း၏ အကျိုးထူးပုံကို အနည်းအကျဉ်း ဖော်ပြပါဦးမည်။ မိုးမခကျောင်းဝင်း၏ ခေါင်းရင်းဘက် ခြံစည်းရိုးတွင် ရှင်သူငယ်အဝါဂမုန်းကို အဘသည် စိုက်ပျိုးထားပါသည်။

ဆရာတော်ဦးရာဇိန္ဒသည် ညစဉ်စကြံလမ်းလျှောက်ရာတွင် မေတ္တာပို့များ ရွတ်တတ်သလို ခြံဝင်းအတွင်းတွင် သမ္မာဒေဝနတ်များကိုလည်း စောင့်ရှောက်ကြပါရန် တိုင်တည်၍ မေတ္တာအမျှများ ပေးဝေလေသည်။

တစ်နေ့သော လကွယ်ညသန်းခေါင်ယံအချိန်တွင် လက်နက်ကိုယ်စီနှင့် ဓားပြ (၇)ယောက်တို့သည် ကျောင်းခြံအတွင်းသို့ ဝင်ရန်အမျိုးမျိုး ခြံအဝင်ဝကို ရှာကြပါသော်လည်း မတွေ့ကြရပါ။ ခြံစည်းရိုးပတ်ပတ်လည်တွင် အလွန်လုံခြုံသော ခြံစည်းရိုးများသည် အခိုင်အမာ ပိတ်ထားခြင်းကိုသာ တွေ့ရှိရပြီး ကျောင်း၏ ခေါင်းရင်းဘက် ခြံစည်းရိုးဘေးတွင် ကိုရင်လေး (၂)ပါး ငုတ်တုတ်ထိုင်ပြီး အချိန်မတော် စာအံနေသည်ကို မြင်တွေ့ခဲ့ကြသဖြင့် ဓားပြကြီးဖြစ်သူက...

'ဟေ့ကောင်တွေ၊ ခြံပေါက် မတွေ့ရင် အချိန်ကုန်မခံကြနဲ့၊ ဟို ကိုရင်လေး နှစ်ပါးကို ဖွင့်ခိုင်း၊ ဖွင့်မပေးရင်း ပစ်သတ်လိုက်ကွာ'

ဟု အမိန့်ပေးလေသည်။ ကျောင်းဝင်းအတွင်းတွင် ရှိသော ခွေးများသည်လည်း တစ်ကောင်မှ မဟောင်ပါ။

ကိုရင်လေးနှစ်ပါးကို ခြံခါးဖွင့်ခိုင်းသော်လည်း ကိုရင်လေးများက ဖွင့်

www.burmeseclassic.com

မပေး အရေးမလုပ်ကြပါ။

ကိုရင်လေးများကို သေနတ်နှင့် ပစ်ပါသော်လည်း ကျည်က မထွက်။ လုပ်သေနတ်များ ဖြစ်ကြသဖြင့် သူတို့ ဒေါကန်ပြီး မိုးပေါ် ထောင်ပစ်လိုက်သောအခါမှ တဒိုင်းဒိုင်းဖြင့် ဆက်လက်မြည်ဟည်းသွားသော အချိန်အခါတွင် ကင်းလှည့်၍လာကြသော ပြည်သူ့စစ်များနှင့် ရွာခံလူတစ်စုတို့၏ ဝိုင်းဝန်းဖမ်းဆီး၍ လိုက်ကြခြင်းဖြင့် နံနက်(၅)နာရီ အချိန်အခါတွင် ဓားပြများကို ဖမ်းမိလေတော့သည်။

အမေပြောသည် ရှင်သူငယ်ဂမုန်းနှင့် ပရိတ်၏ ကျေးဇူးကြီးမားပုံကို စိုက်ပျိုးသူတို့ မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ကြသလို စာရေးသူလည်း ဒီဆောင်းပါးနှင့်အတူ ခံစားမိပါသည်။

ဂမုန်းစိုက်ဝါသနာပါသူများကို ရှင်သူငယ်အဝါ ကိုရင်လေးဂမုန်းကိုတော့ အထူးစိုက်ပျိုးသင့်ပါသည်။ စိုက်ပျိုးရာတွင် သန့်ပြန့်သော မြေ၊ အိုး၊ ပရိတ်ရေတို့နှင့် အထူးလေးစားပြီး စိုက်ကြပါ။

ရှင်သူငယ်ပရိတ်ကို ကိုးခေါက်မရွတ်မီ ရှေးဦးစွာ သရဏဂုံသုံးပါးကို သုံးကြိမ်ရွတ်ပြီး နံနက် (၉) နာရီတိတိ အချိန်မှာ ရှင်သူငယ်ပရိတ်ကို(၉) ခေါက် ရွတ်ပါ။ စိုက်ပျိုးသည့်နေ့မှာ လပြည့်နေ့ ဖြစ်ရပါမည်။ နေ့(၇)ရက်တွင် မည်သည့်နေ့မဆို စိုက်ပျိုးနိုင်ပါသည်။

အဓိကအကျဆုံးကတော့ လပြည့်နေ့ နံနက် (၉) နာရီ ပရိတ် (၉) ခေါက်ရွတ်ပြီးစိုက်ရန်သာ ဖြစ်ပါသည်။

***ရှင်လန်း ချမ်းမြေ့ကြပါစေ။***

**ရောမြေ ကျော်ဝေ**

စာကိုး

**မိခင်ကြီးပြောပြသော ရှေးဖြစ်နောက်ကြောင်း အဘ၏ ကိုယ်တွေ့။**

**တန်ခိုးကြီးသော ဂမုန်းပင်များ– ဆရာက။**

စာမျက်နှာ (၂၇၆)မှ အဆက်

ယင်းအဖြစ်အပျက်ကို အတူ ထမင်းစားနေသော အိမ်ရှင် တွေ့မြင်သွားပါသည်။ အိမ်ရှင်မှာ မျက်နှာတစ်ချက်ပျက်သွားပြီး ကျွန်တော့်ကို တောင်းပန်စကား ဆိုလေတော့သည်။ ကျွန်တော်လည်း အိမ်ရှင်အား စိတ်မကောင်း မဖြစ်ဖို့ရန် ပြန်လည် နှစ်သိမ့်ခဲ့ပါသည်။

ယင်းအဖြစ်အပျက်နှင့် ကြုံတွေ့လိုက်စဉ်ခဏ၌ အမေ့ပြောစကားများကို ပြန်ကြားယောင်လာမိပါသည်။

'ဘယ်ကိုပဲသွားသွား၊ ဘယ်မှာပဲစားစား၊ ဘာကိုပဲစားစား ရတနာမြတ်သုံးပါးကို အာရုံပြုပြီး သရဏဂုံသုံးပါးကို အနုလုံ၊ ပဋိလုံ သုံးခေါက်ရွတ်၊ အနန္တောအနန္တငါးပါးကို ဦးချပြီးမှစား။ ကိုယ့်အပေါ် မကောင်းတဲ့ အတတ်ပညာရပ်တို့နဲ့ စီရင်ပြီး ကျွေးရင် မထိနိုင်ဘူး။ မစားမိနိုင်ဘူး။ စီရင်ထားရင် မူလ ပြန်စေတယ်။

မူလ ပြန်တယ်ဆိုတာ တစ်ဖက်က စီရင်ထားကြောင်း သရုပ်ပေါ်တယ်လို့ မှတ်ထား။ ကြားလား။ အမေ့သားတို့ သမီးတို့ အဲဒီနည်းက ရှေးဆရာတော် သံဃာတော်ကြီးတွေ လမ်းညွှန်ပြသပေးခဲ့တာ' ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်သည် ဗီဒီယို ပြသပေးရင်း ရတနာမြတ်သုံးပါး၊ အနန္တောအနန္တငါးပါးနှင့်တကွ သရဏဂုံသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို တစိမ့်စိမ့် ခံစားရင်း ပီတိဖြစ်နေပါတော့သည်။

**ဘုန်းမြတ်ကျော်**
**(ဓနုဖြူ)**

စာမျက်နှာ (၂၇၇)မှ အဆက်

သံဃာတော်တွေနဲ့ လျှောက်ထားတိုင်ပင်ပြီး ရွှေသမင်တောင် နောင်တော်ကြီးစေတီမှာ အခုန်းငှက်ပျော ကန်တော့ပွဲပြင် သရဏဂုံတည်ပြီး **ဘုရားရှင်ရဲ့ တပည့် သာဝက ဥပါသကီဖြစ်တာကြောင့် မည်သူမှ နှောင့်ယှက် တားဆီးခေါ်ငင်ခြင်းမရှိစေရ၊ သူ့အသက်တာ ရှိသရွေ့ ရတနာသုံးပါးကို ဆည်းကပ်ပြီး နေထိုင်နိုင်ပါစေလို့ သစ္စာပြု ဆုတောင်းပေးတယ်။**

အဲဒီအချိန်မှာ တောင်ခိုးလိုလို မြူလိုလို အငွေ့တန်းကြီးက နဂါးတစ်ကောင်ပုံစံဖြစ်လာ တယ်။ အမျိုးသမီးက ဘုရားကို လက်အုပ်ချီပြီး နောက်ပြန်တဖြည်းဖြည်း ဆုတ်သွားတဲ့အခါ နဂါး( အငွေ့တန်း )ကလဲ တဖြည်းဖြည်း ဆုတ်သွားတယ်။

ကန်းတော့စွန်းရောက်တော့ အငွေ့တန်းလဲ ပျောက်ကွယ်သွားတယ်။ အဲဒီနောက်မှာ အမျိုးသမီးက စိတ်ကျဉ်းကျပ်ခြင်း၊ စိုးရိမ် ထိတ်လန့်ခြင်းတွေ ပျောက်ကွယ်ပြီး ကြည်လင် လန်းဆန်းမှုကို ခံစားရတယ်လို့ ပြောပြပါတယ်'

ဦးမြင့်မောင် ပြသော ဓာတ်ပုံများတွင် ဘုရားအာရုံပြုသူအမျိုးသမီးတစ်ဦးသာ ထ,ထိုင်,နောက်ဆုတ် ရွေ့လျားမှုကွဲပြား၍ ကျန်လူများ ဝန်းကျင်ပုံစံများ တူညီနေသဖြင့် ဓာတ်ပုံတစ်ပုံကိုသာ မှတ်တမ်းပြု ရိုက်ကူးခဲ့ပါသည်။

လူမှုရေးအရ အမျိုးသမီး၏ အမည်၊ လုပ်ငန်း၊ နေရပ်လိပ်စာတို့ကို မဖော်ပြ နိုင်သည်ကို ခွင့်လွှတ်ကြစေလိုပါသည်။

**[မြန်မာနိုင်ငံ အချို့နေရာများတွင် နဂါးမြင်တွေ့ရသူများ (ဥပမာ ကျိုက်ထီးမှ ဦးမြင့်သိန်း) ရှိသော်လည်း ဓာတ်ပုံမရိုက်ထားသဖြင့် မဖော်ပြနိုင်ခဲ့ပေ၊ ယခုတစ်ကြိမ်တွင် တိုက်ဆိုင်သဖြင့် နဂါးပုံရိပ်ကို ထပ်ဆင့် မှတ်တမ်းပြု တင်ပြနိုင်ခြင်း ဖြစ်သည်။]**

**ခရီးသည်သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခိုင်

အဘိုးနှင့် ထူးဆန်းသော

# ဒိဗ္ဗစက္ခု ဆင်း

လက်ကိုင်ပဝါ

F.36A. January, 2014.

'မောင်လှမြင့်ရေ ငါ့သား အဘိုးဆီ ခဏလာခဲ့ဦးကွာ'

ကျွန်ုပ်အား ခေါ်လိုက်သူမှာ အခြားသူမဟုတ် ကျွန်ုပ်၏အဘေး (ကျွန်ုပ်အမေ၏ အဘိုး) ဖြစ်ပါသည်။ ကျွန်ုပ်သည် အဘိုးကို မမီလိုက်သော်လည်း အဘိုး၏ အဖေဖြစ်သော အဘေးကိုတော့ ကောင်းစွာ မီလိုက်ပါသည်။ ကျွန်ုပ်တို့ အမေ၏ အဖေမှာ သူတို့ငယ်စဉ်ကပင် ဆုံးပါးသွားခဲ့သဖြင့် ကျွန်ုပ်မှာ အဘိုးကို မမီလိုက်ဘဲ အဘေးကိုသာ မြင်တွေ့ခွင့် ရခဲ့ခြင်း ဖြစ်ပါသည်။

ထိုစဉ်ကာလ (၁၉၆၆–၆၇)ဝန်းကျင်

www.burmeseclassic.com

က ကျွန်ုပ်သည် ခြောက်တန်း ကျောင်းသားမျှသာရှိသေးပြီး နွေရာသီ ကျောင်းပိတ်ရက် ဖြစ်သဖြင့် အဘိုးတို့နေထိုင်ရာ ရွှေကျင်မြို့သို့ ကျွန်ုပ်၏အဘွားဖြစ်သူ ဒေါ်သန်းနှင့်အတူ အလည်အပတ် ရောက်ရှိနေခဲ့ပါသည်။

ရွှေကျင်မြို့ ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့တစ်မြို့ဖြစ်ပြီး စည်ကားသိုက်မြိုက်လှသော နှစ်စဉ်ကျင်းပလေ့ရှိသည့် နိုင်ငံကျော် သီတင်းကျွတ် မီးထွန်းပွဲတော်ကြောင့် လူသိများ ထင်ရှားလှသောမြို့ ဖြစ်ပါသည်။ ယခုခေတ်ထိတိုင်လည်း ရွှေကျင်မြို့၏ မီးထွန်းပွဲတော်မှာ ကျော်ကြားထင်ရှား နေဆဲပင်။

ထိုစဉ်က ကျွန်ုပ်တို့ မိသားစုမှာ ဝေါမြို့တွင် နေထိုင်ကြပါသည်။ ဆွေမျိုးများနှင့် အနေဝေးသဖြင့် အနေမစိမ်းစေရန် အမေ့ဘက်မှ ဆွေမျိုးများရှိရာ ထို ရွှေကျင်မြို့သို့ ကျောင်းပိတ်ရက်များတွင် ရံခါဆိုသလို ကျွန်ုပ်တို့ သွားလည်တတ်ကြလေ့ ရှိခဲ့ပါသည်။

ရွှေကျင်ရောက်လျှင် အဘိုးတို့အိမ်နှင့် နောက်ကျောချင်း ကပ်လျက်ရှိသည့် ကျွန်ုပ်၏ အဘွားလေးတော်သောအိမ်တွင် တည်းခိုလေ့ရှိပါသည်။ အဘွားလေးတို့အိမ်သည် ရွှေကျင်ချောင်းဘက်ကမ်း လမ်း၌ရှိပြီး ချောင်းဘက်သို့ မျက်နှာမူထားပါသည်။ အဘွားလေးတို့အိမ်နှင့် ချောင်းသည် နီးသဖြင့် ရေချိုးရင်း ရေကူး၍ ဆော့ကစားချင်သော ကျွန်ုပ်သည် ချောင်းထဲ၌သာ ရေသွားချိုးလေ့ ရှိပါသည်။

ရေချိုးလျှင် ကျွန်ုပ်၏ ဦးလေး တစ်ဝမ်းကွဲ ကိုဖိုးထောင် (ခေါ်) ကိုဝင်းမြင့် (သစ်တောဦးစီးဌာန ညောင်လေးပင်မြို့)နှင့်အတူ ရေချိုးလေ့ရှိပြီး ဆော့ရင်း



ကစားရင်း နှစ်ယောက်သား ချောင်းထဲမှ တော်တော်နှင့် မတက်တော့ပါ။ ဦးလေးတော်သော်လည်း သူနှင့် ကျွန်ုပ်မှာ အသက် သိပ်မကွာသဖြင့် ဦးလေးဟု မခေါ်ဘဲ ကိုဖိုးထောင်ဟုသာ သူ့ကို ကျွန်ုပ်က ခေါ်လေ့ရှိပါသည်။

နွေရာသီဆို ရွှေကျင်ချောင်းရေမှာ ကြည်စိမ်းနေပြီး ချောင်းမှ လှမ်းကြည့်လိုက်လျှင် စိမ်းစိုညို့မှိုင်းနေသော တောတန်းတောင်တန်းများကို လှမ်းမြင်နေသဖြင့် ရွှေကျင်ချောင်းကလေးနှင့် နောက်ခံ တောတန်းတောင်တန်းတို့မှာ သဘာဝ ပန်းချီကားတစ်ချပ်ပမာ အလွန် သာယာလှပလှပါသည်။

ထို့ကြောင့် ချောင်းကလေးထဲ ဆင်းပြီးလျှင် ကျွန်ုပ်သည် ပျော်လည်းပျော် စိတ်ထဲလည်း များစွာ ကြည်နူးခြင်း ဖြစ်ခဲ့ရပါသည်။ ကျွန်ုပ်မှာ ရွှေကျင်မြို့တွင် ဧည့်သည်မျှသာ ဖြစ်သဖြင့် အခြား သူငယ်ချင်း အပေါင်းသင်းလည်း မရှိလေသောကြောင့် ဤဦးလေးဖြစ်သူ ကိုဖိုးထောင်သာ ကစားဖော် ကစားဖက် ဖြစ်နေရပါသည်။

ထိုနေ့က ညနေပိုင်း ရေမိုးချိုးပြီးနောက် ကိုဖိုးထောင်နှင့် ကျွန်ုပ်တို့ တူအရီးနှစ်ယောက် အဘိုးတို့၏ အိမ်အောက်တွင် ကစားနေကြစဉ် အဘိုးက အိမ်အပေါ် ပြတင်းပေါက်မှ ခေါင်းပြူ၍ လှမ်းခေါ်လိုက်ခြင်း ဖြစ်ပါသည်။ အဘိုး၏အိမ်သည် တစ်ထပ်အိမ်မြင့်ကြီးဖြစ်သောကြောင့် အဘိုး၏ အိမ်အောက်တွင် ကျွန်ုပ်တို့ မကြာခဏ ကစားကြလေ့ ရှိပါသည်။

'ဟုတ်ကဲ့အဘိုး လာပါပြီ'

'ကျွန်တော်ကော လာခဲ့ရမှာလား အဘ'

(ကိုဖိုးထောင်တို့ကမူ အဘဟုသာ ခေါ်ကြပါသည်။)

'ဟေ... အေး... မင်း မလိုဘူး။ မောင်လှမြင့် တစ်ယောက်ပဲလာခဲ့'

ကျွန်ုပ် အိမ်ပေါ်ရောက်သွားသောအခါ အဘိုးသည် ဘုရားခန်းထဲ၌ ထိုင်ပြီး ကျွန်ုပ်ကို စောင့်နေပါသည်။ ကျွန်ုပ်အဘိုး၏အမည်မှာ ဦးထွန်းမောင် ဖြစ်ပါသည်။ မြန်မာသမားတော်ကြီး ဦးထွန်းမောင်ဟု ဆိုလျှင် ထိုစဉ်ကာလက ရွှေကျင်တစ်မြို့လုံးနှင့် နယ်တောရွာများပါ အဘိုးကို ကောင်းစွာ သိကြပါသည်။

လူအများ သိကြသည်က အဘိုးသည် တိုင်းရင်းဆေးဆရာကြီး (ထိုခေတ်အခေါ် ဗိန္ဒောဆရာကြီး)ဟုသာ။ သို့သော် အဘိုးသည် ထူးဆန်းသော ဂန္ဓာရီဝိဇ္ဇာမယ ပညာရပ်များကို ကျွမ်းကျင်နှံ့စပ် တတ်သိသော ဝိဇ္ဇာယာနအတတ်ပညာရှင်ကြီးတစ်ဦး ဖြစ်သည်ကိုတော့ မသိကြပါ။

မသိကြသည်မှာ မဆန်းလှပါ။ အကြောင်းမူ အဘိုးသည် သူ ဝိဇ္ဇာမယ ပညာရပ်များကို တတ်ကျွမ်းသည့် အဖြစ်ကို လူသိမခံဘဲ အေးအေးထိုင် ပိရိလှသောကြောင့်တစ်ကြောင်း၊ ရိုးရိုး





www.burmeseclassic.com

www.burmeseclassic.com

သွေးရိုးသားရိုး ရောဂါများကိုသာ ကုသပြီး ပယောဂရောဂါများကို လုံးဝ ကုသပေးခဲ့ခြင်း မရှိသောကြောင့် တစ်ကြောင်း ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ် ထင်ပါသည်။

ထို့အပြင် အဘိုးသည် အကျင့် စခန်းအထိ တက်လှမ်းရန် ကြိုးစားခဲ့ သောကြောင့် အနှောင့်အယှက် မများ စေရန် သိုသိုသိပ်သိပ် နေခဲ့သည်ဟု လည်း ကျွန်ုပ် ထင်ပါသည်။ ကျွန်ုပ် မှတ်မိသရွေ့ ဆိုပါလျှင် အဘိုးသည် "မဟာကောဏ္ဍည ထွက်ရပ်ဂိုဏ်းဝင်" တစ်ဦး ဖြစ်သည်ဟု မှတ်သားမိခဲ့ဖူးပါ သည်။

အဘိုးကို အများက ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရှင်ကြီးမှန်း မသိကြ သော်လည်း သိကြသူများလည်း ရှိပါ သေးသည်။ သူတို့ကား ယုတ်ညံ့သော လောကီပညာရှင်များပင် ဖြစ်ကြပါ သည်။ (ဤသည်မှာ အဘိုး တစ်ခါ တစ်ရံ စိတ်လိုလက်ရ ရှိသည့်အခါ ပြောပြချက်နှင့် ကျွန်ုပ်၏ ကိုယ်တွေ့ ဖြစ်ရပ်အချို့ကြောင့် ပြောပြနိုင်ခြင်း ဖြစ်ပါသည်။)

ကျွန်ုပ်သည် အဘိုး (အဘေး) ထိုင် နေသည့် ဘုရားခန်းသို့ တန်းတန်း မတ်မတ်ပင် သွားလိုက်ပါသည်။ ထို့ နောက် အဘိုးရှေ့ မလှမ်းမကမ်းတွင် ထိုင်နေလိုက်ပါသည်။ အဘိုးသည် ထိုစဉ်က အသက် (၈၀)ခန့်ရှိပြီး သွား များ မကောင်းတော့သောကြောင့် အံပုံ တပ်ထားရပါသည်။

ထိုအချိန်က အဘိုးသည် ပိတ်ဖြူ စင်ကြယ် ထက်,အောက်ဝတ်ထားပြီး ပိတ်ဖြူပဝါဖြင့်ပင် ခေါင်းပေါင်းထားပါ သည်။ အဘိုးသည် အသားလတ်၍ ပိန်ရှည်ရှည် အရပ်အမောင်းနှင့် မျက်နှာ



ပုံ လေးထောင့်စပ်စပ်ကျပြီး နှုတ်ခမ်း ပါး၏။ ကိုယ်သွင်ပြင်မှာ အိုဟန်ပေါက် သော်လည်း အသံကမာတုန်း။ ထူထဲ သော မျက်ခုံးများအောက်မှ မျက်လုံး အစုံတို့က စူးရှတောက်ပြောင်နေဆဲပင်။

ဘုရားကျောင်းဆောင်ရှေ့ ဘုရား ကန်တော့ပွဲနှင့် အဘိုး၏ ဂိုဏ်းတော် ကန်တော့ပွဲများတွင် အမွှေးတိုင်များနှင့် ဖယောင်းတိုင်မီးများစွာကို ထိန်နေ အောင်ထွန်းထားပြီး အမွှေးရနံ့များမှာ မွှေးကြိုင်ချိုအီ ပျံ့လွင့်နေ၏။

'ကိုင်း... ငါ့မြေး အဘိုး အလုပ်, လုပ်စရာ ရှိတယ်။ ငါ့မြေးက အဘိုးကို အကူအညီပေး ရမယ်။ အဘိုး အခုလုပ်မယ့်ကိစ္စကို ငါ့မြေးပဲ ကူညီနိုင်မယ်။ ဖိုးထောင်တို့နဲ့ လုပ်လို့မရဘူး။ သူက ဘုရား, တရား သိပ်မပြုဘူး။ ငါ့မြေးက တော့ ဘုရား,တရား ပြုတယ်။ ငယ်ငယ်ရွယ် ရွယ်နဲ့ ပုတီးစိပ် တရားထိုင်နေတာဆိုတော့ ငါ့မြေးနဲ့မှပဲ အဘိုး အလုပ်,လုပ်လို့ရမယ်။ အဲဒီတော့ အခု ငါ့မြေး ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူ ပြီးတော့ ဂုဏ်တော်ကိုးပါး ပုတီးစိပ် ကွာ'

ဟုတ်ပါသည်။ ကျွန်ုပ်သည် ထို အသက်အရွယ် (၁၁)နှစ်၊ (၁၂)နှစ်သား လောက်ကပင် ပုတီးစိပ်၊ တရားထိုင် ခြင်းများကို ပြုလုပ်နေပါပြီ။ ထိုသို့ ဘုရား, တရားအလုပ်ကို ငယ်ငယ်ရွယ်ရွယ်နှင့် လုပ်သဖြင့် အဘိုးက သူ၏ မြေး,မြစ်များထဲတွင် ကျွန်ုပ်ကို အတော်ပင် သဘောကျခဲ့ပေသည်။

ကျွန်ုပ် အတန်ငယ် အရွယ်ရောက် ပါက သူ့ပညာအမွေများကို ကျွန်ုပ်အား ပေးခဲ့မည်ဟု ပြောရှာ၏။ (သို့သော် ကျွန်ုပ် အရွယ်ရောက်လာသောအခါ အဘိုးသည် လူ့လောကတွင် မရှိတော့ ပါ။ ထို့ကြောင့် ကျွန်ုပ် အပါအဝင် ဘယ်သားသမီး မြေးမြစ်တို့မှ သူ့ပညာ အမွေကို ဆက်ခံခွင့် မရလိုက်ကြပါ။)

'ငါ့မြေး စိတ်ကို ငြိမ်နေအောင်ထား။ ဘုရား နိမိတ်ရုပ်ပုံပေါ်အောင် သေသေချာချာ အာရုံ စူးစိုက်ပြီး ပုတီးကို ဖြည်းဖြည်းမှန်မှန်စိပ် လူကလေး'

အဘိုး ခိုင်းစေသည့် ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူ ဆောက်တည်ပြီး နောက် ကျွန်ုပ် ဂုဏ်တော်ပုတီး စ၍ မစိပ်ခင် အဘိုးက ညွှန်ကြား ပြောဆို နေခြင်းပင် ဖြစ်ပါချေသည်။ ကျွန်ုပ် ပုတီးစိပ်ခြင်း ကိစ္စပြီး၍ ဘုရားကို ဦးချ လိုက်ပြီး မျက်စိဖွင့်၍ ထိုင်ချလိုက်သော အခါ အဘိုးသည် ကျွန်ုပ်ဘေးနားတွင် ကပ်လျက် လာရပ်လိုက်သည်။

အဘိုး၏ လက်ထဲတွင် အဝတ်ဖြူ ပိတ်စတစ်ခုကို ခေါက်လျက် ကိုင်ထား သည်ကိုလည်း တွေ့လိုက်ရပါသည်။ ထို့နောက် အဘိုးသည် သူ့ရှေ့ မလှမ်း မကမ်းရှိ ဂိုဏ်းတော် ကန်တော့ပွဲဘက် သို့ လက်ထဲက ကိုင်ထားသော ပိတ်ဖြူ စနှင့် လက်အုပ်ချီလျက် မျက်နှာမှုကာ တတွတ်တွတ်နှင့် အတန် ရွတ်ဖတ်နေ ပါသည်။

ထို့နောက် သိပ်မကြာမီ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သို့ လှည့်လိုက်ကာ သူ့လက်ထဲက ပိတ်ဖြူစလေးကို ဖြန့်လိုက်ပါသည်။ ထိုအခါ ကျွန်ုပ် မြင်လိုက်ရသည်ကား ယင်းပိတ်ဖြူစလေးသည် တစ်ပေ ပတ်လည်ခန့်ရှိ လေးထောင့်ပုံ ပိတ်စလေး ဖြစ်ပြီး ထိုပိတ်စပေါ်တွင် ဘုရားရုပ်ပုံစမျာ၊ အင်းကွက်များနှင့် ဂါထာမန္တန်များ ရေးဆွဲထားသည်ကို တွေ့လိုက်ရပါသည်။

'ဒီမယ် ငါ့မြေး ဒါလေးကို "ဒိဗ္ဗစက္ခုအင်းလက်ကိုင်ပဝါ"လို့ ခေါ်တယ်။ ဒီအင်းလက်ကိုင်ပဝါနဲ့ကြည့်ရင် လူသာမန်တွေရဲ့ ရိုးရိုး ပကတိမျက်စိနဲ့ မတွေ့မမြင်နိုင်တာတွေကို မြင်ရတယ်။ အရင်ကတော့ ဒီအင်းလက်ကိုင်ပဝါနဲ့ အဘိုး သိချင်တာတွေကို အဘိုးရဲ့ ယုံကြည်စိတ်ချရတဲ့ တပည့်တစ်ယောက်နဲ့ ကြည့်ခိုင်းခဲ့တယ်။

အခု သူက တခြား တစ်နယ်ကို ထွက်သွားပြီး ဆေးသွားကုစားနေပြီဆိုတော့ ဒီအင်းလက်ကိုင်ပဝါကို မစမ်းရ မသုံးရတာ ကြာပြီ။ အဘိုးကိုယ်တိုင် ဘာလို့မကြည့်လဲဆိုတော့ ဒီအင်းလက်ကိုင်ပဝါနဲ့ ကြည့်နေစဉ်အတွင်းမှာ အနှောင့်အယှက်တွေ ပေါ်လာတတ်တယ်။ အဲဒီလို ပေါ်လာခဲ့ရင် အဘိုးကို ကူညီပေးမယ့် အာဏာပိုင် ဆရာတစ်ယောက်ယောက် အနားမှာ ရှိမှဖြစ်မှာ။ ဒါကြောင့် ငါ့မြေးကို ကူညီခိုင်းရတာ။

ပြီး ဒီအင်းလက်ကိုင်ပဝါကို သီလ, သမာဓိ မရှိတဲ့သူ၊ ဘုရားဂုဏ်, တရားဂုဏ် မသိတဲ့လူတွေကြည့်ရင် ဘာမှ မမြင်ရဘူး။ ဒါကြောင့် ဘုရား,တရားမြဲတဲ့ ငါ့မြေးကို အဘိုးက ဒီအင်းလက်ကိုင်ပဝါနဲ့ ကြည့်ခိုင်းမလို့ပဲ ငါ့မြေး ဘုရားကို အာရုံပြုပြီး မျက်စိမှိတ်လိုက်၊ လက်အုပ်လဲချီထား။ အေး... ဟုတ်ပြီကွယ့်'

'ဟုတ်ကဲ့ပါ အဘိုး'

အဘိုး ပြောသည့်အတိုင်း ကျွန်ုပ်က လက်အုပ်ချီ၍ ဘုရားကို အာရုံပြုကာ မျက်စိမှိတ်ထားလိုက်၏။

'ငါ့မြေး စိတ်ကို ငြိမ်ငြိမ်ထား။ ဘာမှ မကြောက်နဲ့။ ကြောက်စရာ လန့်စရာတွေ တွေ့ခဲ့ရင် အဘိုးတစ်ယောက်လုံး ရှိတယ်။ ဘာမှ မပူနဲ့'

ဤသို့ဖြင့် အဘိုးသည် ကျွန်ုပ်၏ မျက်နှာကို မျက်စိများပေါ်မှအုပ်၍ အင်းလက်ကိုင်ပဝါဖြင့် စည်းထားလိုက်ပါသည်။ ထို့နောက် ဂါထာမန္တန်များကို အတန်ကြာ တီးတိုးရွတ်နေပြီးနောက် မကြာမတင်တွင်...

'အို... အင်းစောင့်ဂိုဏ်းအပေါင်းတို့ အထင်အရှား ပြပါလော့။ ဂိုဏ်းချုပ် ဘိုးတော်ကြီးများနှင့်တကွ အင်းဝိဇ္ဇာကြီးများ စောင်မ ကူညီတော်မူကြပါ'

ကျွန်ုပ်၏မျက်နှာကို အင်းလက်ကိုင်ပဝါဖြင့် စည်းထားသောကြောင့် မူလက မျက်စိထဲတွင် ဘာမျှမမြင်ရ အမှောင်အတိသာ။ သို့သော် အဘိုးက အထက်ပါအတိုင်း ရွတ်ဖတ် တိုင်တည်လိုက်သောအခါ၌ကား ကျွန်ုပ်၏ မျက်စိများသည် ရိုးတိုးရွတ ဖြစ်လာပြီး မျက်စိထဲ၌လည်း အဖြူ, အနီ အစက်အပြောက်ကလေးများ ပြေးနေသည်ကို မြင်လာရ၏။ ထိုစဉ် အဘိုးက...

'ငါ့မြေး အာရုံ မပျံ့စေနဲ့။ မျက်စိရှေ့ကိုပဲ သေသေချာချာ အာရုံစူးစိုက်ကြည့်ထား။ တဖြည်းဖြည်း ပေါ်လာလိမ့်မယ်'

ကျွန်ုပ်လည်း ဘာတွေများ တွေ့ရမလဲဟု သိချင်လွန်းသောကြောင့် စိတ်ကို အတတ်နိုင်ဆုံး ငြိမ်ငြိမ်ထားကာ မျက်စိရှေ့တည့်တည့်ကိုသာ အာရုံ စူးစိုက်ကြည့်နေလိုက်၏။ သို့နှင့် တဖြည်းဖြည်း အဖြူ, အနီ အစက်အပြောက်ကလေးများ လျော့ပါး ပျောက်ကွယ်လာပြီး အလင်းရောင် ခပ်မှိန်မှိန်လေး ပေါ်လာ၏။

ထိုအလင်းရောင် ခပ်မှိန်မှိန်နှင့် မြင်ကွင်းထဲတွင် အမှိုက်ပုံများကို မီးရှို့သောအခါ ထွက်လာသော မီးခိုးငွေ့များလို အခိုးအငွေ့များ ပေါ်နေ၏။ သို့နှင့် ကျွန်ုပ်လည်း ဆက်လက်၍ စူးစူးစိုက်စိုက် ကြည့်နေရာက ရာ



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် အခိုးအငွေ့များ လွင့်စဉ်ပျောက်ကွယ်သွားပြီး မြင်ကွင်းထဲတွင် သစ်ပင်ကြီးငယ်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် နေရာတစ်ခုကို ရေးတေးတေး စ,မြင်လာရ၏။ ထို့နောက်မှ ထိုနေရာသည် ရွာတစ်ရွာ ဖြစ်နေကြောင်း သိလိုက်ရပေသည်။ ထိုရွာ၏ ထိပ်တွင် အလွန်ကြီးမားသော ညောင်ပင်ကြီးတစ်ပင်ကို တွေ့ရ၏။

ရုတ်တရက် ကြည့်လိုက်ရာ ထိုညောင်ပင်ကြီးတွင် လင်းဆွဲများ၊ ငှက်များလို အကောင်ငယ်များဖြင့် ပြွတ်သိပ်နေသည်ကိုလည်း တွေ့ရပြန်လေသည်။ သို့သော် သေသေချာချာ ကြည့်လိုက်မှ ထိုအကောင်ငယ်လေးများမှာ ငှက်များ၊ လင်းဆွဲများ မဟုတ်ဘဲ အရုပ်ဆိုး အကျည်းတန်သော ပုံပျက်ပန်းပျက် လူပုံများ ဖြစ်နေကြသည်ကို တွေ့ရပေသည်။

အချို့မှာ ခေါင်းက ကြီးလွန်းလှပြီး ကိုယ်လုံးလေးများက ခပ်သေးသေး၊ အချို့က ကိုယ်လုံးကြီးက ကြီးပြီး ခေါင်းကသေး၊ အချို့ဆိုလျှင် မျက်နှာတွင် ပါးစပ်ပေါက် သေးလွန်း၍ ပါးစပ်ပါသည်ဟုပင် မထင်ရ။ ဤသို့မြင်ရမှ နာနာဘာဝများဖြစ်မှန်း သိခဲ့ရပေတော့သည်။ ကြောက်စရာ ပုံစံအမျိုးမျိုးနှင့်ဖြစ်၍ တစ်ယောက်တည်းဆိုလျှင် ကြည့်ရဲစရာ မရှိချေ။

'အေး... အေး၊ 'ဟုတ်ပြီ။ ငါ့မြေးရပြီ'

အဘိုးက သို့ကလို ရပြီဟု ပြောလိုက်စဉ်တွင် ကျွန်ုပ်၏ ခေါင်းထဲသို့ ရွှေကျင်ဘုရားကြီးအကြောင်း ဝင်ရောက်လာပါသည်။ ထိုသည်နှင့် တစ်ပြိုင်နက်တည်းတွင် ထိုဘုရားကြီးရှိ ရွှေကျင်တစ်နယ်လုံး ဖိမ့်ဖိမ့်တုန်နေအောင် ကြောက်ရွံ့ရှိသေနေကြသော **"ကိုကိုကြီး"** နှင့် **"မမကြီး"** ဟူသော နတ်ဘီလူးမောင်နှမတို့ကိုလည်း သွား၍ သတိရမိပြန်ပါသည်။

ရွှေကျင်မြို့ရှိ ထိုဘုရားကြီးဟုခေါ်သော စေတီတော်ကြီးမှာ **"အရှေ့မဟာဗုဒ္ဓဘုရား"** ဟုလည်း အမည်တွင်ပြီး **"ဆံတော်ရှင် မဟာဗုဒ္ဓဘုရားကြီး"** ဟုလည်း ဘွဲ့တော် ရှိပါသေးသည်။ ထိုစေတီတော်ကြီးကို ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိစဉ် ဝါတော် (၉) ဝါအရ မဟာသက္ကရာဇ် (၁၁၂) ခုနှစ်တွင် **ကလိင် ကုန်းတော်မြတ်ပေါ်၌ "သိဂ်ါလ"** ရသေ့ကြီးက တည်ထားခဲ့၏။

ထိုဘုရားကြီးတွင် ယခု ကျွန်ုပ်ပြောခဲ့သကဲ့သို့ "ကိုကိုကြီး" နှင့် "မမကြီး" ဟုခေါ်သော နတ်ဘီလူးမောင်နှမနှစ်ယောက် ရုပ်တုကြီးများ ရှိကြပါသည်။ (ထိုနတ်ဘီလူး မောင်နှမ၏ နတ်သမိုင်းကိုမူ ကျွန်ုပ် မသိပါ။) ထို နတ်ဘီလူးမောင်နှမမှာ လွန်စွာ တန်ခိုးကြီးကြသည်ဟု ဆိုပါသည်။

စစ်အတွင်း ဖက်ဆစ်ဂျပန်ခေတ်တွင် တစ်နေ့သ၌ ကျွဲရိုင်း (ခေါ်) စစ်လေယာဉ်က ဘုရားကြီး ကုန်းတော်ပေါ်သို့ ဗုံးကြဲချသောအခါ ဘုရားကုန်းတော် အထက်ကောင်းကင်၌ မမကြီးဟု ယူဆရသော နတ်ဘီလူးမ ပေါ်လာပြီး ပဝါနှင့် ယမ်းလိုက်ရာ ဗုံးများ ဘုရားပေါ်သို့ မကျဘဲ လွဲချော်၍ ဝေးရာသို့ ကျသွားခဲ့သည်ဟု ထိုစဉ်က သိမီလိုက်သော လူကြီးများ ပြောကြကြောင်း ကျွန်ုပ်၏ အဘွားက ပြောပြခဲ့ဖူးပါသည်။

ထိုနတ်ဘီလူးရုပ်ကြီးများ ရှေ့တွင် ရပ်ပြီး မဖွယ်မရာ မချေမငံပြောလျှင် ဆုံးမတတ်ကြောင်း၊ ရိုသေစွာ ဂါရဝပြု၍ ဆုတောင်းလျှင် ဆုတောင်းပြည့်၍ ကူညီစမတတ်ကြောင်း ယုံကြည်ကြပါသည်။

ရွှေကျင် နယ်သူနယ်သားများ အားလုံး ထိုနတ်ဘီလူးများကို ပမာမခန့် မလေးမစား မပြုဝံ့ကြ။ ရိုသေလေးစား ချစ်ခင်ကြကြောင်း တွေ့ရပါသည်။ ကျွန်ုပ်လည်း ထိုနတ်ဘီလူးရုပ်ကြီးများကို လွန်စွာ စိတ်ဝင်စားမိပြီး ဘုရားကြီးသို့ သွားသည့်အခါ ထိုနတ်ဘီလူးမောင်နှမ ရုပ်တုကြီးများကို ငေးကြည့်နေမိတတ်ပေသည်။

သို့နှင့် ဤသို့ တန်ခိုးရှိသော ထူးဆန်းသည့် ဒိဗ္ဗစက္ခုအင်းပဝါကို အသုံးပြုခွင့်ရစဉ် ဤအင်းပဝါတန်ခိုးဖြင့် ကိုကိုကြီး၊ မမကြီးတို့ကို မြင်ရလေမလားဟု စူးစူးစိုက်စိုက် အာရုံပြုကြည့်လိုက်မိပါသည်။

ထိုသို့ ကျွန်ုပ် အာရုံပြုလိုက်သည်နှင့် ကျွန်ုပ်၏အမြင်တွင် ဝင်းခနဲ အလင်းရောင်တစ်ချက် လက်သွားပြီး ရွှေကျင်ဘုရားကြီးပုံတော် ပေါ်လာ၏။ ဘုရားကြီး၏ ရင်ပြင်တော်တွင် ပိတ်ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com

ကြယ်ဝတ် ပုဂ္ဂိုလ်အချို့၊ ရသေ့အချို့တို့ တရားဘာဝနာများ ပွားများ အားထုတ်နေကြသည်ကို တွေ့ရပါသည်။

ကျွန်ုပ်သည် ဘုရားကို အာရုံဖြင့် ဖူးမြော်လိုက်ပြီး ကိုကိုကြီး၊ မမကြီးတို့ကို တွေ့ရန်သာ စိတ်ဇောကပ်နေမိပါသည်။ ထိုအခါ ကျွန်ုပ်၏ အမြင်အာရုံသည် ဘုရားတစ်ဖက် ချိုင့်ဝှမ်းတောတန်းထဲရောက်သွားပြီး ဖြုန်းခနဲ မှောင်ကျသွားကာ တစ်ဖန် တောက်ပသော လျှပ်စစ်လက်သလို အလင်းတန်းကြီး ပေါ်လာပြီးနောက် ခန်းမကျယ်ကြီးတစ်ခုကို မြင်လိုက်ရပါသည်။

ထို ခန်းမကျယ်ကြီးထဲတွင်ကား အလွန် ကျက်သရေရှိလှသော အမျိုးသမီးကြီးတစ်ယောက်သည် သလွန်ညောင်စောင်းကဲ့သို့သော အရာတစ်ခုပေါ်တွင် ထိုင်နေ၏။ ထိုင်မသိမ်းအင်္ကျီနှင့် ရှေးနန်းတွင်းသူများလို ဝတ်စားထားပြီး ဒေါင်းမြီးကွက် ဘယက်ကြီးတစ်ခုအား ဆွဲထား၏။

မျက်နှာမှာ အနည်းငယ် မေးလေးထောင့်ကျဟန် ရှိသော်လည်း မျက်နှာထား ပြေပြစ်လှပြီး မျက်တောင်များက ကော့ပျံနေကာ မျက်လုံးများက စူးရှ၍ ဝိုင်းစက်တောက်ပလျက် အရောင်များ လက်နေသကဲ့သို့ပင် မျက်ခုံးများကလည်း စင်ရော်တောင်ကွေးမျိုးဖြစ်၍ နက်မှောင်နေကာ နှာတံပေါ်ပေါ် မဟာနဖူးနှင့်မို့ မဟာဆန်သော အလှပိုင်ရှင်ဟု ဆိုပါချေမည်။

ဆံပင်ကို ဖားလျားချထားပြီး ခေါင်းပေါ်တွင် သရဖူကဲ့သို့ ခေါင်းစွပ်တစ်ခုကို ဆောင်းထား၏။ အသက်အရွယ်မှာ (၃၀)ဝန်းကျင်ခန့် ရှိမည်ထင်ပါသည်။ သူမ၏ သလွန်ညောင်စောင်းအောက်



တွင် နန်းတွင်းသူများကဲ့သို့သော မိန်းမပျိုအချို့ ကျုံ့ကျုံ့ကလေးတွေ ထိုင်နေကြ၏။

ဤနေရာတွင် ခက်သည်ကား ကျွန်ုပ်သည် သူတို့၏ အရောင်အဆင်းများကို အတိအကျ ပြန်မပြောနိုင်ခြင်းပင်။ အကြောင်းမူကား သူတို့ကို ကျွန်ုပ် မြင်နေရသည်မှာ အဖြူ၊ အမည်း ရုပ်ရှင်ကားကို ကြည့်နေရသလို ဖြစ်နေသောကြောင့်တည်း။ အကယ်၍မူများ မူလ အဝတ်အစား၊ အရောင်အသွေး၊ ကိုယ်ရေကိုယ်သား ပင်ကိုအတိုင်းကို မြင်နိုင်ခဲ့ရပါမူကား ယခု ကျွန်ုပ် ပြောပြနေသည်ထက် ပို၍ လှပကျက်သရေရှိပေလိမ့်မည်ဟု ထင်ရပါသည်။

သူမသည်ကား ကျွန်ုပ် အလွန်တွေ့မြင်လိုခဲ့သော ''မမကြီး''ဟုခေါ်သည့် နတ်ဘီလူးမကြီးဖြစ်ကြောင်း စိတ်ထဲက အလိုလို သိလိုက်ရပါသည်။ ဘုရားစောင်းတန်းတွင်ရှိသော မမကြီး ရုပ်တုက တကယ့် ပီဘိနတ်ဘီလူးမကြီးအသွင် ဖြစ်လေသော်ငြား ယခု ကျွန်ုပ် တွေ့မြင်နေရသော မမကြီးကား နတ်မိမယ်တစ်ပါးပါတကား။

သူမကို ကျွန်ုပ် အသေအချာငေးကြည့်နေမိစဉ် သူမသည် ကျွန်ုပ်ကို လှမ်းကြည့်လိုက်၏။ သူမသည် ကျွန်ုပ်ကို မြင်နေရပုံ ပေါ်ပါသည်။ သို့မဟုတ် ကျွန်ုပ် ကြည့်နေသည်ကို သိနေသည်လည်း ဖြစ်နိုင်ပါသည်။

'သားတော်လေးက ဘုရား၊ တရား ကြည်ညိုတယ်။ မယ်မယ်တို့ကိုလဲ ဂရုစိုက်လေးစားတယ်။ အဲဒါကြောင့် မယ်မယ်က သားတော်လေးကို ချစ်လို့ရယ်၊ အင်းစောင့် အထက်ပုဂ္ဂိုလ်တွေကို လေးစားလို့ရယ် (အတိုး၏ အင်းလက်ကိုင်ပေါ်အစောင့်များကို ပြောသည်ဟု ထင်ပါသည်။)...

အဲ့ဒါကြောင့် မယ်မယ်က သားတော်လေးကို အတွေ့ခံတာပါ။ ဘုရား၊ တရား အလုပ်ကိုလဲ ဆက်လုပ်ပါ။ မယ်မယ်တို့ကိုလဲ အမျှပေးဝေပါ။ မယ်မယ်တို့ သိုက်ဘုရားကိုလဲ အဲဒီကနေ လှမ်းဖူးလိုက်နော်'

သူမသည် ကျွန်ုပ်ကို စူးစူးစိုက်စိုက် လှမ်းကြည့်နေရာမှ ကျွန်ုပ်နားထဲတွင် ထိုသို့ ပြောနေသည်ကို ကြားနေရခြင်း ဖြစ်ပါသည်။ သူမက ကျွန်ုပ်ကို နှုတ်ဖြင့် ပြောနေခြင်း မဟုတ်ပါ။ စိတ်က သူ့အလိုလို ကြားနေသိနေခြင်းမျိုး ဖြစ်ပါသည်။ စိတ်ချင်း ဆက်သွယ်ပြောခြင်း (Telepathy)မျိုး ဖြစ်နိုင်ပါသည်။

အထက်ပါအတိုင်း ပြောရင်း သူမ လက်ညှိုးညွှန်ပြသော နေရာသို့ ကျွန်ုပ် လှမ်းကြည့်လိုက်သောအခါ ကျောက်မျက်ရတနာများ စီခြယ်ထားသော ပလ္လင်တစ်ခုပေါ်တွင် မကိုဋ်စလွယ်များဖြင့် မင်းမြောက်တန်ဆာ ငါးပါး ဆင်ယင်ထားသော ဘုရားဆင်းတုတော်ကို ဖူးတွေ့လိုက်ရပါသည်။

ဘုရားဆင်းတုတော်မှာ ဥာဏ်တော် သိပ်ကြီးလှသည် မဟုတ်ပါ။ အလွန်ဆုံး တစ်ပေခွဲခန့်သာ ရှိပါလိမ့်မည်။ ကိုယ်တော်တစ်ခုလုံး ရွှေသားအတိ ထုလုပ်ထားလေဟန်ရှိပြီး ကျောက်မျက်ရတနာမျိုးစုံတို့ဖြင့် ... နေအောင်



www.burmeseclassic.com

www.burmeseclassic.com

တပ်ဆင် ပူဇော်ထားပါသည်။

ဘုရားရှင် ရုပ်ပွားမျက်နှာတော်မှာ အလွန် အသက်ဝင် သပ္ပာယ်လှပြီး မျက်ခုံးတော် နှစ်သွယ်ကြား ဥဏ္ဏာလုံ မွေရှင်တော်နေရာတွင် တောက်ပနေသော အလုံးလေး တစ်လုံး ဌာပနာထားပါသည်။ **(ထိုအရာမှာ ပြဒါးရှင်လုံး ဖြစ်သည်ဟု နောင်အခါ အဘိုးက ပြော၍ သိရပါသည်။)**



ထို ဘုရားဂန္ဓကုဋိတိုက်ခန်းတွင်း၌ လည်း ရွှေကြုတ်ကြီးများ၊ ရှေးကျသော ပုံစံရှိ အိုးကြီးအိုးငယ်များကိုလည်း တွေ့ ရပါသေးသည်။ အားလုံး ရွှေ, ငွေ, ကျောက်မျက်ရတနာများ အပြည့်နှင့် ပင်။

ကျွန်ုပ်သည် ဝမ်းမြောက်ပီတိတွေ ဖြစ်လျက် ဘုရားကို စိတ်က ရည်စူး၍ မနောအာရုံဖြင့် အားရပါးရ ဖူးလိုက်ပါ သည်။ အပြန်တွင်လည်း ကျွန်ုပ်သည် လက်အုပ်ချီမိပါသည်၊ ထိုသည့်ခဏ၌ ဖြုန်းခနဲ အမှောင်ကျသွားပြီး ဘာမျှ မမြင်ရတော့ချေ။

'အဘိုး ဘာမှ မမြင်ရတော့ဘူး။ အမှောင်ကျသွားပြီ'

'အိမ်း... အိမ်း၊ ငါ့မြေး တော်ပြီ... တော်ပြီ၊ ရပြီ'

ထို့နောက် အဘိုးသည် ကျွန်ုပ် မျက်နှာမှ ဒိဗ္ဗစက္ခု အင်းလက်ကိုင်ပဝါ ကို ဖြေ၍ ရုပ်သိမ်းလိုက်ပါသည်။ ကျွန်ုပ် က ဘုရားကို ဦးခိုက် ရှိခိုးလိုက်ပါသည်။ ပြီးသောအခါ အဘိုးက ဓာတ်လုံး တစ်လုံးအား ရေစိမ်ပြီး ကျွန်ုပ်ကို တိုက် ပါသည်။

'အင်း... ငါ့မြေးက ဘုရား, တရား အလုပ်တွေ လုပ်လေ့ရှိတဲ့သူဆိုတော့ အထက်ပုဂ္ဂိုလ်ကြီးတွေနဲ့ မမကြီးကို တောင် တွေ့ရပြီး သိုက်ဝင်ဘုရားလဲ ဖူးလိုက်ရသေးတယ်။ ငါ့မြေး ပါရမီလဲ ကောင်း မမကြီးတို့နဲ့လဲ ပဋ္ဌာန်းဆက်ရှိ လို့ပေါ့ကွာ။ တချို့ဆိုရင် ဒီအင်း လက်ကိုင်ပဝါနဲ့တောင်မှ အောက်နတ် တွေလောက်ပဲ မြင်နိုင်တယ်။ အထက် ပုဂ္ဂိုလ်တွေနဲ့ မမကြီးတို့လို အဆင့်မြင့် တန်ခိုးကြီးတဲ့ နတ်ကြီးတွေကို မမြင်နိုင် ဘူး။

ငါ့မြေးကို အဘိုး တစ်ခု မှာထား လိုက်မယ်။ ဒီနေ့ ငါ့မြေး တွေ့ကြုံခဲ့ရ တာတွေရယ်၊ အဘိုးမှာ ဒီလို "ဒိဗ္ဗစက္ခု အင်းလက်ကိုင်ပဝါ" ရှိတယ်ဆိုတာ တွေကို ဘယ်သူ့ကိုမှ ပြန်မပြောနဲ့နော်။ မသူတော်တွေနား ရောက်သွားရင် အန္တရာယ်ရှိတတ်တယ် လူကလေး ကြားလား'

'ဟုတ်ကဲ့ပါ အဘိုး'

ဤအဖြစ်အပျက်သည် အလွန် ကြာ မြင့်ခဲ့သောကာလကဖြစ်၍ ယခုဆိုလျှင် နှစ်ပေါင်း (၄၅)နှစ် ကျော်ကျော်ခန့် ကြာညောင်းခဲ့ပေပြီ။ ကျွန်ုပ်ကို ပညာ အမွေ ပေးခဲ့ချင်သည်ဆိုသော အဘိုး ကွယ်လွန်ချိန်၌ ကျွန်ုပ်တို့မိသားစုသည် ဖခင်ကြီးက အစိုးရဝန်ထမ်း ဖြစ်သဖြင့် အဝေးရပ်သို့ ရောက်နေကြပါသည်။

အဘိုး ကွယ်လွန်ပြီး တစ်ပတ်ဆယ် ရက်ကျော်မှ ကျွန်ုပ်တို့ထံ အဘိုး ကွယ် လွန်ကြောင်း ကြေးနန်းစာ ရောက်၏။ ထိုစဉ်က ဆက်သွယ်ရေးစနစ်များက အားနည်း ကြန့်ကြာလှပေစွ။

အဘိုး ကွယ်လွန်ပြီးနောက် အဘိုး၏ ထူးဆန်းသော ဒိဗ္ဗစက္ခု အင်းလက်ကိုင်ပဝါသည်လည်း ဘယ်ကိုရောက်သွားသည်၊ ဘာဖြစ်သွားသည်မသိ။

အဘိုး တစ်ခါက ကျွန်ုပ်အား ပြောခဲ့ ဖူးသလို အထက်ပုဂ္ဂိုလ်တွေကပဲ သိမ်း သွားသလား၊ သို့တည်းမဟုတ် အဘိုး ကိုယ်တိုင်ပင် မသမာသူများ လက်ထဲ ရောက်သွားမည် စိုးရိမ်၍ ဖျောက်ဖျက် ပစ်ခဲ့သလား ဆိုသည်ကိုတော့ အဘိုးမှ တစ်ပါး မည်သူမျှ သိနိုင်မည် မဟုတ်ပါ ချေတကား။

**(ကွယ်လွန်သူ အဘိုး (အဘေး) ဖြစ်သူ ရွှေကျင်မြို့၊ မန်ကျည်းတန်း ရပ်မှ မြန်မာသမားတော်ကြီး ဦးထွန်းမောင်အား ဤစာဖြင့် ကန် တော့အပ်ပါသည်။ ဤကဲ့သို့သော "ဒိဗ္ဗစက္ခု အင်းလက်ကိုင်ပဝါ" အစီ အရင်မျိုး နားလည်တတ်ကျွမ်းသော သူများ ရှိပါကလည်း ဖော်ထုတ်ပေး ကြပါရန် မေတ္တာရပ်ခံ တောင်းဆို အပ်ပါသည်။)**

**သတ္တဝါအပေါင်း ချမ်းသာ ကြောင်း တောင်းဆုပြုပါသည်။**

မေတ္တာများဖြင့်...

**ကျော်စံရှိန်**



www.burmeseclassic.com

www.burmeseclassic.com



# လူကို အကူအညီတောင်းသော

**ပရလောကသား**

ကျွန်ုပ်သည် အထက် ချင်းတွင်းဒေသ ရွှေမှော်များတွင် ရှိနေစဉ် ကာလအတွင်း ပရလောကသားများက လူကို ဝင်မှီတွယ်ပြီး အကူအညီတောင်းသည့် ဖြစ်ရပ်နှစ်ခု ကိုယ်တွေ့ကြုံခဲ့ရသဖြင့် ဗဟုသုတအဖြစ် တင်ပြလိုက်ပါသည်။

ရွှေမျှောတိုက်ခြင်း လုပ်ငန်းသဘောမှာ ရွှေရနိုင်သော အင်း (ရေချိုင့်)ကြီး အတွင်း မျှောမော်တော်များကို ဆုံသမျှ သွင်း၍ တန်းစီ မောင်းစေရပါသည်။ မျှောမော်တော်တစ်စီးလျှင် မိသားစုနှင့် လုပ်သား၊ လူဆယ်ဦးထက် မနည်း ရှိပါသည်။ မော်တော်သေးလျှင် မိသားစုဝင်များ နီးရာသောင်ခုံတွင် တဲထိုးပြီး နေကြရပါသည်။

ပထမဖြစ်စဉ်မှာ ဆွဲလဲမှော်တွင် ဖြစ်ပါသည်။ တန်းခေါင်းဆောင် ဦးအောင်ကြည်စိုး၏ မျှောတန်းတွင် ဖြစ်ပါသည်။ မောက်ခလောက်ရွာနှင့် နီးပြီး မြစ်အနောက်ဘက်ကမ်းနှင့် ကိုက်တစ်ရာခန့်သာဝေး၍ တောတောင်နှင့်လည်း နီးပါသည်။ တစ်နေ့ ညနေ ငါးနာရီခန့်အချိန် မျှောမော်တော်တစ်စီးမှ အမျိုးသမီးတစ်ဦးကို နာနာဘာဝ ဝင်မှီတွယ်ပါသည်။

မည်သူမည်ဝါဖြစ်ကြောင်း မေးကြရာ ဝင်မှီတွယ်သည့်ပုဂ္ဂိုလ်က...

'သူ ဒီအနီးအနားမှာနေရကြောင်း သူ့ဘဝသည် ဒုက္ခဆင်းရဲရောက်၍ ဒီဘဝက ကျွတ်လွတ်ချင်သဖြင့် အလှူအတန်းပြုပြီး အမျှပေးဝေပေးပါ'

ဟု ပြောပြီး ထွက်သွားပါသည်။ တန်းခေါင်းဆောင်က မယုံကြည်သဖြင့် ဂရုမစိုက်ဘဲ နေလိုက်ပါသည်။ တစ်ပတ်အကြာတွင် ထိုပုဂ္ဂိုလ်ပင် ဒုတိယအကြိမ် ဝင်မှီတွယ်ပြီး ယခင်အတိုင်း အလှူအတန်းလုပ်၍ အမျှဝေပေးရန် ပြောပြီး ထွက်သွားပါသည်။

ဦးအောင်ကြည်စိုးက သဘောပေါက် နားလည်ပြီး မျှောပိုင်ရှင်များနှင့် ညှိနှိုင်းတိုင်ပင်၍ အလှူငွေစုပြီး ဘုန်းကြီးသုံးပါးပင့်၍ လှူဖွယ်ပစ္စည်းများ လှူဒါန်း၊ ရေစက်ချကာ အမျှပေးဝေလိုက်ပါသည်။ ထို့နောက် ဝင်မှီတွယ်ခြင်း မရှိတော့သဖြင့် ထိုပုဂ္ဂိုလ် ကျွတ်သွားပြီဟု မှတ်ယူရပါသည်။

ဒုတိယဖြစ်စဉ်မှာ **တုံဟဲရွှေမှော်တွင်** ဖြစ်ပါသည်။ တုံဟဲရွာ ဘုန်းကြီးကျောင်းနှင့် ကိုက်နှစ်ရာခန့်ဝေးသော မျှောတန်းတွင် ဖြစ်ပါသည်။ တန်းခေါင်းဆောင်က ဦးအောင်နိုင်ဝင်းဖြစ်ပြီး မျှောမော်တော် (၁၂)စီး ရှိပါသည်။

ထိုအထဲမှ မိသားစုတစ်စုက မော်တော်ပေါ် မနေလောက်၍ နီးရာသောင်ခုံပေါ်တွင် တဲထိုး၍နေပါသည်။ တဲထိုးပြီး ငါးရက်မြောက်နေ့တွင် ညနေ ငါးနာရီခန့်အချိန် တဲထိုးနေသော မိသားစုထဲမှ အလုပ်သမ အမျိုးသမီး တစ်ဦးကို ပရလောကပုဂ္ဂိုလ် ဝင်မှီတွယ်ပါသည်။

တန်းခေါင်းဆောင်က မည်သူမည်ဝါဖြစ်ကြောင့် ဝင်မှီတွယ်ရကြောင်း မေးရာ **သူမသည် ရေနစ်သေခဲ့ပြီး ပရလောကသားဖြစ်နေကြောင်း၊ တဲထိုးထားသောနေရာသည် သူ့နေရာဖြစ်ကြောင်း၊ သူ နေစရာမရှိတော့၍ တဲဖယ်ပေးရန်** ပြောပြီး ထွက်သွားပါသည်။

တန်းခေါင်းဆောင်က တဲကို အခြားတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်စေခဲ့ရာ နောက်ထပ် ဝင်မှီတွယ်ခြင်း မရှိတော့ကြောင်း သိရပါသည်။ ဝင်မှီတွယ်သည့် တစ္ဆေသည် သူ့နေရာ သူပြန်ရသွား၍ ကျေနပ် စိတ်ချမ်းသာသွားသည်ဟု မှတ်ယူရပါသည်။

လောကတွင် အလားတူ ဒုက္ခဆင်းရဲခံစားနေကြရသော မမြင်အပ်သည့် ပုဂ္ဂိုလ်များအတွက် မေတ္တာပို့ခြင်း၊ စွန့်ကြဲခြင်း၊ အမျှပေးဝေခြင်းဖြင့် ကူညီနိုင်ကြပါစေ။

*ကာယစိတ္တ သုခနှစ်ဖြာ ပြည့်စုံကြပါစေ။*

**မောင်စေတနာ**



www.burmeseclassic.com

www.burmeseclassic.com

# ပိတောက်ခင်းရှာမှ အဘာစံ နှင့်

သေရွာပြန် မောင်ဆန်းမင်း

အပိုင်း ၀၆



ဦးသေမိန္ဒ (အဘာစံ)

စာတည်းချုပ် မှာကြားလိုက်သော တွေ့ဆုံကြည့်ညို လေ့လာဖွယ် ပုဂ္ဂိုလ် သုံးဦးအနက် ကျောက်ဆည်နယ်မှ ပုဂ္ဂိုလ်နှင့် တောင်တွင်းကြီးနယ်မှ ပုဂ္ဂိုလ်တို့အား ပူဇော်ကြည်ညိုခွင့် မရလိုက်သော်လည်း အာသေဝနပစ္စယော ရှေးဖြစ်ဖူးသည်ကို အကြောင်းပြု၍ နောင်ဖြစ်လိမ့်နိုး မျှော်ကိုးမှုကြီးစွာဖြင့် နောက်ဆုံးတစ်ဦးရှိရာ တောင်ငူနယ်သို့ ခရီးဆက်ခဲ့လေသည်။

တောင်ငူမြို့ ရန်ကုန်–မန္တလေး အဝေးပြေးလမ်းမပေါ်ရှိ မဟာသမ တိုင်းရင်းဆေးခန်းသို့ ရောက်ရှိသော အခါ ဆရာ ဦးကျော်မြင့်က သူ၏ သွက်လက်ပေါ့ပါးသည့် ဟန်အမူအရာ အတိုင်း ဝမ်းမြောက်စွာ ကြိုဆိုနှုတ်ဆက်သည်။

'ဆရာ နယ်လှည့်တာဝန်နဲ့ လာတာပေါ့နော်'

'ဟုတ်ပါတယ်။ သောင်ကုန်းကျေးတောက ဆရာတော်ကြီးရဲ့ ကမ္မဋ္ဌာန်းနည်းလမ်းတွေ တစ်စိတ်တစ်ဒေသ ဖော်ထုတ်ဖို့ ရည်ရွယ်တာရယ်။ ဆရာနဲ့ မတွေ့ရတာလဲ ကြာပြီမို့ တွေ့ချင်တာရယ်ကြောင့် ဆိုပါတော့'

'ကျွန်တော်တို့ မဆုံဖြစ်ကြတဲ့ နှစ်တွေအတွင်း တောင်ငူမှာ ထူးခြားမှုတွေ အတော်များများ ရှိခဲ့တယ်။ ဥပမာ မုန်တိုင်းကြောင့် မိုးသည်းရွာတော့ တောင်ငူလဲ ဘယ်လွတ်မှာတုံး၊ အဲဒီအချိန်မှာ အရေးကြီးတဲ့ အခမ်းအနားတစ်ခု ဖွင့်ဖို့ရှိတယ်။ မိုးလေဝသနဲ့ ဇလဗေဒကို ဆက်သွယ်မေးမြန်းကြည့်တော့ တောင်ငူမြို့ပေါ်မှာ အနီလိုင်းကလေး ရှိနေလို့ မိုးလွတ်ဖို့ မရှိဘူးလို့ ပြန်ဖြေတယ်။

မိုးထဲရေထဲမှာတော့ ဘယ်လိုမှ ကျင်းပလို့ မဖြစ်ဘူး။ ဒါပေမယ့် ဆရာတော်နှစ်ပါးက မိုးတားပေးလို့ အခမ်းအနား ပြီးမြောက်အောင်မြင်သွားတယ်။ အခမ်းအနားပြီးပြီးချင်းပဲ သဲသဲမဲမဲ ရွာချလိုက်တာဗျာ'

'အဲဒီ ဆရာတော်နှစ်ပါးနဲ့ တွေ့ခွင့်

www.burmeseclassic.com

ရနိုင်မလား'

'ရတယ်။ ကျွန်တော်ကိုယ်တိုင် လိုက်ပို့ပေးပါမယ်။ လေသာကျောင်း ထိုင်ဆရာတော်နဲ့ သူ့နောင်တော် ဒုလ္လဘ ဦးပဋ္ဌင်းတို့ပါ။ ဒီထက် ထူးခြားတာရှိသေးတယ်။ သရက်ပင်မောင်နှမ ရွာမှာ ကလေးအသုဘတစ်ခု ချလာတယ်။ သရဏဂုံတင် စတဲ့ လုပ်စရာကိစ္စတွေပြီးတော့ ခေါင်းတလားကို သယ်၊ တူးထားတဲ့ မြေကျင်းထဲချဖို့ ပြင်နေကြတယ်။

ဒီအချိန်မှာ ခုနက ကျွန်တော်ပြောတဲ့ နောင်တော် ဦးပဋ္ဌင်း၊ အဲဒီအချိန်မှာ လူဝတ်နဲ့ပေါ့လေ၊ ဦးမောင်ဖဲတဲ့။ ကျွန်တော်တို့က အဘဖဲလို့ပဲ ခေါ်ကြတယ်။ သူရောက်သွားပြီး ကလေးကို အသက်ရှင်အောင် သူ ကုပေးနိုင်တယ်လို့ဆိုတယ်။

လူတွေက လက်မခံဘူး။ သေပြီး သုံးရက်ကြာမှ မြေမြှုပ်ဖို့ ပြင်ကြတာပဲ။ မဖြစ်နိုင်တာ ဘာညာပေါ့။ ဒီတော့ အဘဖဲက ကျေးရွာအုပ်စု ဥက္ကဋ္ဌဆီ သွားပြောတယ်။ အကျိုးမထူးပါဘူး။ နောက်ဆုံး သရဏဂုံတင်တဲ့ ရွာဦးကျောင်းဆရာတော်ဆီ ချဉ်းကပ် လျှောက်ထားရတယ်။ သြဇာတိက္ကမ ထိရောက်တာ ဆရာတော်ပဲ ရှိတော့တာကိုး။

ဆရာတော်ကလဲ ပထမတော့ ငြင်းတယ်။ သေပြီပဲ ဒကာကြီး အကျိုးမရှိတာ မလုပ်ချင်ပါနဲ့ နားချတယ်။ ဒီကလေး အသက်ပြန်မရှင်လာရင် တပည့်တော် အသက်နဲ့ရင်းပြီး အလျော်ပေးပါမယ်လို့ ရဲရဲကြီး အာမခံ လျှောက်တင်တော့၊ အင်း စမ်းကြည့်တာ အရှုံးမရှိပါဘူးဆိုပြီး ကလေးကို ပြန်ခေါ်၊ ရွာတွင်း အဝင်မခံလို့ ဘုန်းကြီးကျောင်း



မှာပဲ ကုပေးရတယ်။

ပထမဦးဆုံး ဂါထာတစ်ပိုဒ်မန်းတော့ မျက်လုံးမျက်တောင် လှုပ်လာတယ်။ ဒုတိယဂါထာ မန်းမှုတ်ပြီးတဲ့အခါ ကလေးမိခင်ရဲ့ လက်ထဲက ခေါ်လို့မရတော့ဘူး။ လူတွေလဲ အုန်းအုန်းကျွက်ကျွက်နဲ့ပေါ့။ ဆရာတော်က ကြိမ်လုံးရိုက် ငေါက်ငမ်းပြီး ပြန်ခေါ်လာ။ သုံးပိုဒ်ပြည့်အောင် မန်းမှုတ်တော့မှ ကလေး ပကတိကောင်းသွားတယ်။ အဲဒီကလေး အခုအထိ ရှိသေးတယ် သရက်ပင်ရွာမှာ။ တောင်ငူနဲ့ သိပ်မဝေးဘူး ဆရာ'

ဆရာ ဦးကျော်မြင့်ကပင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူသည့် တည်းခိုခန်းသို့ လိုက်ပို့ပေးကာ သောင်ကုန်းခရီးအတွက် ဆိုင်ကယ်တက္ကစီ ရှာဖွေပေးခဲ့သည်။ တောင်ငူတွင် စာတည်းချုပ်ပေးအပ်သော တာဝန်များ လုပ်ဆောင်ပြီးစီးသောအခါ ဆရာ ဦးကျော်မြင့်က လေသာကျောင်းသို့ ခေါ်ဆောင်သွားသည်။

တောင်ငူမှ သံတောင်ကြီးမြို့သို့ အထွက်လမ်းတွင်ရှိသည့် လေသာကျောင်းသို့ ရောက်သော် ဆရာတော်အတွက် ဆွမ်းချိုင့်ကို အပ်နှံကာ ကိုးခန်းဘုရားအား ဦးစွာ ဖူးမြော်သည်။ ထို့နောက် အနီးရှိ ပျဉ်ထောင်ကျောင်းတွင်း ဝင်ရောက်ပြီး ဦးခေမိန္ဒ(အဘဖဲ) အား ကန်တော့တွေ့ဆုံသည်။ တောသူတောင်သားပီပီ အနေအထိုင် ရိုးသား၍ အပြောအဆို ပွင့်လင်းသူတစ်ဦး ဖြစ်သည်။

'ပြောရမယ်ဆိုရင် ဒီလို အခြေအနေထိ ပြောင်းလဲရပုံကို စရမှာပဲ။ ကျုပ်အသက် (၃၁)နှစ်အရွယ်မှာ အဟဲ... ပြောရတော့မယ်။ ရှက်နေလို့လဲ မရပါဘူး။ ကျုပ်က အမူးသမား၊ ဖဲသမားပျာ။ အဲဒီအချိန်မှာ အိပ်မက် မက်တယ်။ ''ငါ့သား အချိန်တန်ပြီ။ အဘ မင်းကို စောင့်ရှောက်မယ်''ဆိုပြီး လက်ဝါးမှာ စမတွေ ရိုက်၊ ဆေးတွေလဲ တိုက်သွားတယ်'

'ဘယ်သူကလဲ ဦးပဋ္ဌင်း'

'**အင်းဝမင်းခေါင်ကြီးပါ။** ပုပ္ပားအောင်မင်းခေါင် မဟုတ်ဘူးနော်'

ဦးခေမိန္ဒက အဘ(အင်းဝမင်းခေါင်ကြီး)နှင့် စတွေ့ရပုံကို ဤသို့ ပြောပြသည်။

### ဘဝတစ်တွေ့ စတွေ့ရာဝယ်

ဒီတစ်ချီ ဖဲဝိုင်းတွင် အတန်ပင် မြိုးမြိုးမြက်မြက် ရလိုက်သဖြင့် ကိုမောင်ဖဲတစ်ယောက် အိမ်အပြန်လမ်း၌ စက်ဘီးနင်းရသည်မှာ မြေကြီးနှင့်ထိသည်ဟုပင် မထင်ရချေ။

'အင်း အိမ်မပြန်ခင် ဘီအီးတစ်လုံးလောက် ဝင်ဟဲသွားဦးမှ'

ဟူသော အတွေးဖြင့် အရက်ဆိုင်ရှိရာသို့ ကွေ့ဝင်ရာ လမ်းထိပ်တွင် ကိုးရိုးကားရား အဘိုးကြီးတစ်ဦးနှင့် ပက်ပင်းတိုးလေသည်။ ရှုံ့ဖိနပ်စီးထားသော်လည်း တစ်ဖက်ကအနီ တစ်ဖက်က





www.burmeseclassic.com

www.burmeseclassic.com

အစိမ်းရောင် ဖြစ်နေသည်။ ထမ်းထားသော ငှက်ပျောခိုင်မှာ အစိမ်းတစ်ဝက်၊ အမှည့်တစ်ဝက်နှင့် လက်ချောင်းများမှာ နူ၍ ရိရွဲနေသည်။ မျက်နှာမှာလည်း ကြည့်မကောင်းလှ၊ အနာဖု အနာဖေးသွေးပြည် ပွစာကြဲနေသည်။

'လူလေး ဒါ ပိတောက်ခင်ရွာ မဟုတ်လား'

'ဟုတ်တယ်လေ။ အဘိုးကြီးက ဘယ်သွားမှာလဲ'

ကိုမောင်ဖံမှာ အဘဟု ခေါ်ရန်ပင် ဝန်လေးရလောက်အောင် ရွံရှာဖွယ် အတိနှင့် ဖြစ်သည်။

'ငါ့သားဆီ သွားမလို့ပါ။ ငါ့ကို စက်ဘီးနဲ့ တင်ခေါ်သွားပါလား'

အဘိုးအိုက ပြောပြောဆိုဆိုပင် စက်ဘီးနောက် ကယ်ရီယာခုံပေါ်သို့ နောက်ပြန် တက်ထိုင်လေသည်။ ကိုမောင်ဖံက အားပုံက်၍ နင်းပါသော်လည်း စက်ဘီးက ရှေ့သို့မသွားဘဲ နောက်ပြန် ရွေ့နေသည်ဖြစ်၍ ထိတ်လန့်တကြား အားကုန်ရုန်း၍ နင်းတော့သည်။

သို့သော် စက်ဘီးမှာ နောက်ပြန်ရွေ့လျက် အနေအထားနှင့်ပင် ကိုမောင်ဖံ၏ အိမ်ရှေ့သို့ ရောက်လာသည်။

'ကဲ ငါ့သားအိမ်တော့ ရောက်ပြီ'

'ဗျာ ဒါ ကျွန်တော့်အိမ်လေ'

'အေးလေ မင်းက ငါ့သားပဲ'

အဘိုးအိုက ကိုမောင်ဖံအိမ်တွင် ထမင်းစားသောက်ပြီး နှပ်၊ တံတွေးများ ရောပွမ်းနေသည့် စားကြွင်းကို ကျွေးသည်။ ကြောက်လန့်သဖြင့် ကြိတ်မှိတ် စားသောက်ရသည်။ သို့သော် ဆိုးရွားသော အနံ့အသက် အရသာမရှိသည်ကို တွေ့ရသည်။

အဘိုးအိုပြန်သွားပြီး နောက်ပိုင်း



တွင် ထပ်မံ ဆုံတွေ့ရမည်စိုးသဖြင့် သတိထား ရှောင်ရှားခဲ့သည်။ သို့သော် ပုံစံအသွင်အမျိုးမျိုးဖြင့် မကြာခဏ ဆုံတွေ့ရလေသည်။ ထို့နောက်တွင် ကိုမောင်ဖံသည် အဘိုးအိုအား ခင်တွယ်မိကာ ပြောသမျှ နာခံ၍ လုပ်ကိုင်ဖြစ်တော့သည်။

သွားလေရာတွင် လိုက်ပါ၍ ညွှန်ကြားထိန်းမတ်ပေးသည်။ ထိုအဘကို ကိုမောင်ဖံတစ်ယောက်သာ ပကတိ လူသားအသွင် မြင်ရကြားရသော်လည်း အခြားသူများက မမြင်ရ မကြားရဟု ဆိုလေသည်။

နာမကျန်း ဖြစ်နေသူများတွေ့လျှင် ဆေးတောင့်ပေး၍ တိုက်ခိုင်းသည်။ ဂါထာများ သင်ပေး၍ မန်းမှုတ်စေသည်။ လူတိုင်းကိုမူ မဟုတ်ချေ။ ကယ်မ,သင့်သူကိုသာ ကုသကယ်မ,စေခြင်းဖြစ်သည်။ ဤသို့ဖြင့် စားမှုဝတ်မှု အတန်အသင့် အဆင်ပြေလာသော်လည်း ဖဲရိုက်၊ အရက်သောက်သည့် မူလစရိုက်ကိုကား မဖျောက်နိုင်သေးပေ။

ထိုမှ (၁၂)နှစ်ခန့်အကြာ ကိုမောင်ဖံ အသက် (၄၃)နှစ် (၁၃၅၉ ခုနှစ်)တွင် သရက်ပင်မောင်နုမရွာမှ မြေမြှုပ်လုဆဲ ကလေးကို အသက်ရှင်အောင် ကယ်တင်ပေးခဲ့သည်။ ထိုစဉ်က အဖြစ်အပျက်ကို ဦးပဥ္စင်းက ဤသို့ ပြောပြသည်။

'အဲဒီတုန်းက အဘဖံက ဘာကြောင့် မသေဘူးဆိုတာ သိရသလဲ'

'ကျုပ် ဘာမှ မသိပါဘူး။ အဘက ဟောဟိုမှာ ကလေးတစ်ယောက် မသေသေးဘူးကွ မြေမြှုပ်တော့မယ်။ သွားကုချေလို့ ခိုင်းတာ။ နောက်ဆုံး ဘယ်လိုမှ ပြောလို့မရဘူးဆိုတော့ မင်း အသက်နဲ့လဲမယ်လို့ အာမခံကွာတဲ့။ ဘယ့်နှယ် ရွံ့မိတာပေါ့။ အတင်းခိုင်းတာနဲ့ လုပ်ရတာ။

ဂါထာစုတ်တော့လဲ အဘက တစ်လုံးချပေး၊ ကျုပ်က တစ်လုံးလိုက်ရွတ်၊ ဒီလိုလုပ်ခဲ့တာပဲ။ နောက်ဆုံး အသက်ပြန်ရှင် ပြန်သတိရလာတော့ နာမည်ပြောင်းပေးလိုက်ကွာ။ အင်္ဂါသားဆိုတော့ မောင်ဆန်းမင်းလို့ပေးတဲ့၊ အခုဆိုရင် သရက်ပင်မောင်နုမရွာမှာ သေရွာပြန် မောင်ဆန်းမင်းလို့မေးရင် လူတိုင်းသိပါတယ်'

ယခုအခါ အဘဖံသည် ဦးခေမိန္ဒ အဖြစ် ဒုလ္လဘသင်္ကန်းဆီး၍ ကျောင်းတိုက်အတွင်း တည်ဆောက်ပူဇော်မည့် ဉာဏ်တော် (၅၂)တောင် အမြင့်ဆောင်သော **'ဝိဇ္ဇာသိဒ္ဓိ ကမ္ဘာ့မဏ္ဍိုင်ပြည် တော်အေးစေတီ'** ပွင့်ထွန်းရေးအတွက် ကာရကသာဝကတစ်ဦး အနေဖြင့် အမိဋ္ဌာန်ဝင် အားထုတ်နေကြောင်း သိရလေသည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com



ချစ်သိုင်

# ဝရုံကြီး ပေးခေါ်စေရုံသော

နှတ်ပြိတ္တာမကလေး

ကျွန်ုပ် ငယ်စဉ်အခါက ကျွန်ုပ်တို့ ရွာတွင် နှတ်ပြိတ္တာမလေး တစ်ယောက် ရှိခဲ့ဖူးပါသည်။ အဆိုပါ နှတ်ပြိတ္တာမကို ပိုင်ဆိုင်ထားသော အိမ်ရှင် ဦးကံလှမှာလည်း ထို နှတ်ပြိတ္တာမလေးကို လိုလားခြင်း မရှိပါ။

ဘိုးစဉ်ဘောင်ဆက်ကတည်းက ရှိခဲ့ခြင်းသာ ဖြစ်ပါသည်။ မောင်းထုတ်၍လည်းမရ၊ ဘယ်မှာ သွားထားရမှန်းလည်း မသိနှင့် မတည့်အတူနေဘဝဖြင့် နေခဲ့ရခြင်းသာ ဖြစ်ပါသည်။ သူ၏ အသက်အရွယ်မှာ (၇)နှစ်၊ (၈)နှစ် လောက်ရှိမည်ဟု ခန့်မှန်းရပါသည်။

ကျွန်ုပ်တို့ရွာ၏ တောဓလေ့အရ သူ့ခြံဝိုင်းအထဲက အသီးအနှံများကို ကိုယ်ကဝင်ပြီး ခူးစားသလို၊ ကိုယ့်အိမ်ခြံဝိုင်းထဲတွင်ရှိသော အသီးအနှံများကိုလည်း သူများက ဝင်ပြီး ခူးစားကြသည်သာ။ အိမ်ရှင်ရှိသည့်အခါ ခွင့်တောင်းပြီး ခူးစားကြသည်။ မရှိသည့်အခါ ဒီအတိုင်း ဝင်ပြီး ခူးစားကြပါသည်။ ဤသည်မှာ ခိုးစားခြင်း မဟုတ်ပါ။

ထိုမျှသာမကသေး။ ကျွဲ၊ နွား သွားရှာရင်း အိမ်အပြန်တွင် မည်သည့် မြေပဲခင်းကိုပဲတွေ့တွေ့၊ အိမ်ပြန်ရောက်လျှင် ပြုတ်စားရန် မြေပဲများ၊ ပြောင်းဖူးများကို ဒီအတိုင်းဝင်ပြီး နှုတ်ယူကြသည်။ ခူးဆွတ်ကြသည်။ ဟင်းချက်စရာ အသီးအနှံများတွေ့လျှင် ထိုနည်းတူပင်။

မိမိအိမ် တစ်ခါစားအတွက် ဝင်ပြီး ခူးစားကြသည်။ အခင်းပိုင်ရှင်ကလည်း မငြိုငြင်သလို ဆွတ်ခူးယူသူတို့ကလည်း ခိုးယူသည်ဟု မခံယူကြပါ။ လမ်းကြုံ၍ စားချင်သည့် အသီးအနှံများ[illegible] သဘောရိုးဖြင့် ဆွတ်ခူးစားသည်ဟုသာ ခံယူကြပါသည်။

သို့သော် ကျွန်ုပ် တင်ပြလိုသော



www.burmeseclassic.com

www.burmeseclassic.com

နတ်ပြိတ္တာမကလေးရှိသည့် နေအိမ်၏ ခြံဝိုင်းအထဲတွင်ရှိသော အသီးအနှံနှင့် အခင်းထဲတွင်ရှိသော အသီးအနှံများကိုမူ မည်သည့် လူကြီးသူမများကမှ ဝင်ပြီး မဆွတ်ခူးကြပါ။

နားမလည်သော ကလေးသူငယ်များက ဝင်ပြီး ဆွတ်ခူးစားမိပြီဆိုလျှင် ဗိုက်အောင့်ဗိုက်နာ ဖြစ်တော့သည်။ သေမတတ် လူးလိမ့်ပြီး အော်ဟစ် ငိုယိုကြရတော့သည်။

အဆိုပါ ဗိုက်အောင့်နေသော ဝေဒနာကို မည်သည့်ဆေးဆရာမှ ကု၍မရပါ။ ဤကဲ့သို့ ဖြစ်လာပြီဆိုလျှင် နတ်ပြိတ္တာမအား ပိုင်ဆိုင်ထားသော အိမ်ရှင် ဦးကံလှက လာပြီး ဆန်စေ့ အနည်းငယ်မျှကို ပါး၍ လက်ထဲကို ထွေးချကာ ဗိုက်အောင့်နေသော ကလေးငယ်၏ ရင်ဘတ်နှင့် ဗိုက်ပေါ်သို့တင်ပြီး လက်ဖြင့် သပ်ချပေးမှသာ ပျောက်ကင်းချမ်းသာရာ ရတော့သည်။

ကလေး သူငယ်များကလည်း အမှတ်မရှိကြပါ။ မိဘများက မည်သို့ပင် ကြိုတင်ပြီး တားမြစ် ပြောဆိုထားကြစေကာမူ အခုပြော အခုမေ့ ဆိုသလို ဖြစ်ကြသည်။ ထိုအခါ ဦးကံလှ၏ နေအိမ်ဝင်းအတွင်းတွင် ရှိနေသော မာလကာသီးများကို သွားခူးစားကြပြန်သည်။ ဗိုက်အောင့်ဗိုက်နာ ဖြစ်ပြန်သည်။ မိဘများက ဦးကံလှအား ပြေးပြီး ခေါ်ကြရပြန်သည်။

ဦးကံလှမှာလည်း နေအိမ်တွင် အချိန်ပြည့် နေရသည်မဟုတ်။ လယ်ထဲ အခင်းထဲ သွားရသေးသည်။ အလုပ်လုပ်နေရင်း တန်းလန်းနှင့် ရွာထဲရှိ ကလေးသူငယ်များ ဗိုက်အောင့်ဗိုက်နာကိစ္စကို ပြန်ပြန်ပြီး ဖြေရှင်းနေရသည့် သူ၏ဒုက္ခမှာလည်း မသေး



လှပါ။

အဆိုပါ နတ်ပြိတ္တာကလေးမကို လည်း အိမ်ရှင်ဖြစ်သူ ဦးကံလှက ကလေးသူငယ်များအား ဗိုက်အောင့်ဗိုက်နာဖြစ်အောင် မလုပ်ဖို့ ပြောခဲ့ဖူးပေါင်းလည်း မနည်းတော့ပါ။ သို့သော်လည်း နတ်ပြိတ္တာမက လိုက်နာခြင်း မရှိ။ ထိုနတ်ပြိတ္တာမကြောင့် ဦးကံလှမှာလည်း ရွာသူရွာသားများအပေါ် အားနာ၍ မဆုံးနိုင်အောင် ဖြစ်နေရပါသည်။

သို့သော်လည်း ရွာသားများက ဦးကံလှအပေါ် နားလည် ခွင့်လွှတ် ပေးကြပါသည်။ အကြောင်းမူ တင်ပြခဲ့သည့်အတိုင်း အဆိုပါ နတ်ပြိတ္တာမကလေးကို သူကိုယ်တိုင် လိုလိုလားလားဖြင့် တမင်တကာ သွားခေါ်ပြီး မွေးမြူထားခြင်းမဟုတ်၍ ဖြစ်ပါသည်။

ဘိုးစဉ်ဘောင်ဆက်ကတည်းက ရှိနေခဲ့၍သာ သူ့အနေဖြင့် မချစ်သော်လည်း အောင့်ကာနမ်းဘဝဖြင့် ရပ်တည်နေရကြောင်း တစ်ရွာလုံးက သိကြပါသည်။

အဆိုပါ နတ်ပြိတ္တာမကလေးအား မည်သို့မျှ ပြောဆို ထိန်းသိမ်း၍မရသော အခါ ကျွန်ုပ်တို့ရွာအလယ်က **အရှင်ကြီးနတ်စင်အား ပေါက်ပေါက်ဆုပ်နှင့် ငှက်ပျောရွက်ဖြင့် လိပ်ထားသော ရွက်လုပန်းဖြင့် သွားပြီး အပ်ရသည်။** ဦးကံလှက...

'အရှင်ကြီးခင်ဗျား။ ကျွန်တော့်အိမ်တွင် ရှိနေသော နတ်ပြိတ္တာမလေးသည် ပြောမရ ဆိုမရ ထိန်းသိမ်း၍မရပါသဖြင့် အရှင်ကြီးမှ ခေါ်ယူ ထိန်းသိမ်းပေးစေလိုပါသည်ခင်ဗျား။ ကျွန်တော်မှ အရှင်ကြီးနတ်အား ဤ နတ်ပြိတ္တာမကို အပ်နှံပါသည်ခင်ဗျား။ ဆုံးမပေးတော်မူပါ ခင်ဗျား'

ဤကဲ့သို့ အရှင်ကြီးနတ်အား သွားပြီး အပ်ထားလိုက်လျှင် ဦးကံလှ၏ အိမ်ခြံဝိုင်းအတွင်းတွင်ရှိသော ဟင်းသီးဟင်းရွက်များအပြင် အခင်းတွင်ရှိနေသော အသီးအနှံများကိုပါ မည်သူက ခူးစားခူးစား ဘာမှ မဖြစ်တော့ပါ။

သို့ပါသော်လည်း အဆိုပါ နတ်ပြိတ္တာမအား အရှင်ကြီးနတ်ဆီ သွားအပ်ပြီး တစ်လ, တစ်လခွဲခန့်ကြာသော အခါ အိမ်ရှင်ဖြစ်သူကို မကြာခဏ အိပ်မက်ပေးကာ ပြန်လာခေါ်ဖို့ သနားစဖွယ် ပူဆာပြန်တော့သည်။

"အဖေရေ သမီးကို ပြန်လာခေါ်ပါတော့။ အရှင်ကြီးနတ်က သမီးကို လုံးဝ အနားမပေးဘူး၊ သန့်ရှင်းရေး လုပ်ခိုင်းတယ်၊ သောက်တော်ရေ လဲခိုင်းတယ်၊ ထမင်းလဲ ကောင်းကောင်း မစားရဘူး၊ သမီး သေရပါတော့မယ်။ နောက်တစ်ခါ သူများကို ဗိုက်အောင့်ဗိုက်နာဖြစ်အောင် မလုပ်တော့ပါဘူး"


စသည်ဖြင့် အိပ်မက်ထဲက အသနားခံပြန်တော့သည် ဆို၏။

ဦးကံလှကလည်း သနားမိပြန်၏။ ထိုအခါ ပေါက်ပေါက်ဆုပ်နှင့် ငှက်ပျောရွက်ဖြင့် ထည့်လိပ်ထားသော ရွက်လု



www.burmeseclassic.com

www.burmeseclassic.com



ပန်းဖြင့် အရှင်ကြီးနတ်စင်အား သွားပြီး...

'အရှင်နတ်မင်းကြီး ခင်ဗျား။ ကျွန်တော့်သမီးကို ပြန်ပေးပါတော့။ ကျွန်တော်ကပဲ ဆက်ပြီး ထိန်းသိမ်းပါတော့မယ် ခင်ဗျား'

ဟု ပြောပြီး ပြန်တောင်းရသည်။

နတ်ပြိတ္တာအား ပြန်တောင်းပြီးသော် တစ်လ, နှစ်လလောက်တော့ ငြိမ်နေသေးသည်။ ပြီးသော် သူ၏ ပင်ကိုဗီဇအတိုင်း ဦးကံလှ မိသားစုတို့၏ နေအိမ်ခြံဝိုင်းအတွင်းရှိ အသီးအနှံများနှင့် အခင်းထဲရှိ အသီးအနှံများကို မည်သူမဆို လာပြီး ဆွတ်ခူးစားသောက်မိပါက ထုံးစံအတိုင်း ဗိုက်အောင့်ဗိုက်နာဖြစ်အောင် လုပ်ပြန်တော့သည်။

ဤကဲ့သို့ဖြင့် ဦးကံလှ လက်ထက် မတိုင်မီကတည်းကပင် အရှင်ကြီးနတ်အား သွားအပ်လိုက်၊ သနားပြီး ပြန်ခေါ်လိုက်ဖြင့် နှစ်ပေါင်း အတန်ကြာသည်အထိ သံသရာလည်ခဲ့ရသည်မှာ ယခုချိန်ထိပင် ဖြစ်တော့သည်။

နတ်ပြိတ္တာကလေးဘက်က ကြည့်လျှင် အိမ်ရှင်၏ ပစ္စည်းများကို ကာကွယ်စောင့်ရှောက်ပေးခြင်း ဖြစ်သည်မှာ မှန်သော်လည်း ကျွန်ုပ်တို့ တောရွာ၏ ဓလေ့မှာ တင်ပြခဲ့သည့်အတိုင်း ခိုးစားခြင်းမဟုတ်၊ စားချင်၍ ယူစားကြခြင်းသာ ဖြစ်ပါသည်။ ဤသည်ကိုပင် နတ်ပြိတ္တာမကလေးက သူခိုးမဟုတ်သူများကို သူခိုးလို သဘောထားကာ ပညာပေး ဆုံးမနေပါတော့သည်။

တကယ်တော့မူ ဦးကံလှတို့အနေဖြင့် အဆိုပါ နတ်ပြိတ္တာမအား (၇) ရက် တစ်ခါ၊ တစ်လ တစ်ခါ၊ တစ်နှစ် တစ်ခါ အစရှိသည်ဖြင့် ငွေကုန်ကြေး ကျခံပြီး အသားငါးတို့ဖြင့် ကျွေးထားရသည်လည်း မဟုတ်ပါ။ သူ့စရိတ်သူစားပြီး ဦးကံလှတို့၏ ပစ္စည်း ဥစ္စာများကို အခမဲ့ လာရောက် ထိန်းသိမ်းစောင့်ရှောက်ပေးနေခြင်းသာ ဖြစ်ပါသည်။

ကိုယ့်ထမင်း ကိုယ်စားပြီး ကြီးတော်နွားအား အလကား လာကျောင်းပေးနေရသော နတ်ပြိတ္တာမှာ အိမ်ရှင်၏ အထူး ကျေးဇူးတင်ခြင်းကို မခံရသည့်အပြင် အရှင်ကြီးနတ်အား မကြာခဏ အအပ်ခံရပြီး အရှင်ကြီးနတ်၏ မညှာမတာ စေခိုင်းနှိပ်စက်မှုကိုပင် ခံနေရသေးသည်။

ဤကဲ့သို့ ခံနေရသော်လည်း အမှတ်မရှိ သူ့အလုပ်ကို သူဆက်လုပ်နေ၏။ ဒုက္ခမျိုးစုံကို လည်စင်းခံပြီး သူတစ်ပါး၏ ပစ္စည်းဥစ္စာကို ကာကွယ်ပေးနေပါသည်။ **ဘယ်ဘဝက ဝဋ်ကြွေးကို အခုမှ လာရောက်ပြီး ပေးဆပ်နေရပါသနည်း။**

နောင်သောအခါ ဦးကံလှတို့ မိသားစုများက အလှူအတန်းတွေ မကြာခဏ ပြုလုပ်ပြီး နတ်ပြိတ္တာမကလေးကိုလည်း အမျှအတန်း ပေးဝေကြသည်။ ဤကဲ့သို့ ပြုလုပ်ပေးသောအခါ တစ်ညတွင် ဦးကံလှအား...

'သမီး ဒီမှာ မနေတော့ပါဘူး။ တကယ်တော့ သမီးဟာ အဖေ အမေ အဘိုး အဘွားတို့ဆီမှာ နေချင်လို့ လာနေရတာ မဟုတ်ပါဘူး။ တစ်ချိန်သောအခါက အဖေ အမေ အဘိုး အဘွားတို့ဆီမှာ တင်ရှိခဲ့ဖူးတဲ့ ဘဝရဲ့ ဝဋ်ကြွေးတစ်ခုကြောင့် အခုလို နတ်ပြိတ္တာ ဘဝနဲ့ ပစ္စည်းတွေကို ကာကွယ်ပေးရင်း ပေးဆပ်နေခဲ့ရတာပါ။

အခုတော့ ဒီဝဋ်ကြွေးကလဲ ကျေခဲ့ပါပြီ။ သမီးကို ပေးဝေတဲ့ အမျှအတန်းတွေလဲ ရပါတယ်။ သမီးလဲ ကောင်းရာမွန်ရာ ဘဝကို သွားပါတော့မယ်'

ဟု အိပ်မက်ပေးလေသည်။

အဆိုပါ အိပ်မက်ကို ပေးပြီးသည့် နောက်ပိုင်းတွင် ရွာက ကလေးသူငယ်များက သူတို့ခြံဝိုင်းအတွင်း၌ အသီးအနှံများကို သွားရောက် ဆွတ်ခူးကြသော်လည်း ဗိုက်အောင့်ဗိုက်နာခြင်းများ မဖြစ်ကြတော့ပါ။

မည်သို့ပင်ဖြစ်စေကာမူ အဆိုပါ နတ်ပြိတ္တာမကလေး အိပ်မက်ပေးပြီး အခြား ဘုံဘဝသို့ ပြောင်းသွားသောအခါ အိမ်ရှင် ဦးကံလှတို့ မိသားစုများနှင့်အတူ ကျွန်ုပ်တို့ တစ်ရွာလုံးက ဝမ်းသာမဆုံးနိုင်အောင် ဖြစ်ခဲ့ရပါတော့သည်။

***ရှင်လန်း ချမ်းမြေ့ကြပါစေ။***

**ချစ်ဆိုင်**

www.burmeseclassic.com



သိုသစ်ဦး
(မာန်အောင်)

ပုလဲငုတောင်ခြေရင်းက

# ဒါပါမက်ယ်ဆဲက ဆေးဝိဇ္ဇာ

ကြာတော့ အတော်ကြာခဲ့ပါပြီ။ အချိန်ကာလအားဖြင့် မသိရသော်လဲ လွန်ခဲ့သော နှစ်ပေါင်း(၄၀)ကျော် ဝန်းကျင်အချိန်ခန့်က ဖြစ်သည်ဟု သိရှိရပါတယ်။ စာရေးသူတို့ရဲ့ ဆားချက်ရွာမှာ အလွန် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ဖူးပါတယ်။

စာရေးသူ ငယ်စဉ်တောင်ကျေးကလေးဘဝ အချိန်တုန်းက ထိုဖြစ်ရပ်ဆန်းကြယ်မှုအကြောင်း အဘိုးအရွယ်၊ အဒေါ်အရွယ်စတဲ့ ရှေးမီနောက်မီ လူကြီးသူမတွေရဲ့ ပံ့ပြင်သဖွယ် ပြောပြခဲ့တာတွေကို အကြိမ်ကြိမ် ကြားသိခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ဘာမှမသိသေးတဲ့ ကလေးဘဝအရွယ်ဆိုတော့ အမှုမဲ့ အမှတ်မဲ့ နေခဲ့ပါတယ်။ ဒါပေမယ့် ယခုလို အသက်(၄၀)အရွယ်သို့ ရောက်ရှိလာပြီဆိုတော့ ထိုစဉ်က ကြားသိခဲ့ရတဲ့ အကြောင်းအရာ အချက်အလက်တွေ အားလုံးကို ပြန်လည်လို့ ကြားယောင်၊ မြင်ယောင်လာပါတယ်။

ရေးချင်တဲ့စိတ်၊ တင်ပြချင်တဲ့ဆန္ဒတွေက တဖွားဖွား ဖြစ်ပေါ်လာပါတယ်။ ကိုယ့်အရပ်၊ ကိုယ့်ဒေသရဲ့ ဆန်းကြယ်မှုများကို စာရှုသူများအား သိစေချင်သော စေတနာမွန်ဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တစ်ဆင့် တင်ပြလိုက်ပါတယ်။

*　*　*

ပုလဲငူတောင်ကြီးသည် **မာန်အောင်ကျွန်းကြီး၏ တောင်ဘက်စူးစူးအရပ်တွင် တည်ရှိပြီး** အလွန်မြင့်မား မတ်စောက်သော တောင်ကြီးဖြစ်ပါသည်။ ထို ပုလဲငူတောင်ကြီးသည် ဆားချက်ရွာနှင့် ပလင်ရွာ ရွာနှစ်ရွာ၏ အလယ်၌ တည်ရှိနေပါသည်။ ထို့ကြောင့် ယင်းရွာ နှစ်ရွာစလုံးမှ ရွာသူရွာသားများသည် ထိုတောင်ကြီးများ အားကိုးအားထားပြုပြီး တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။

ထို ပုလဲငူတောင်ကြီး၏ ခြေရင်း၌ **''မြို့တောင်''**ဟု အမည်တွင်သော တောင်သေးလေးတစ်လုံး ရှိပါသည်။ အဝေးမှကြည့်လျှင် စိမ်းစိမ်းညို့ညို့ လွမ်းမောဖွယ်ရာ ခံစားရပါသည်။ ထိုမြို့တောင်၌ ဆေးဝိဇ္ဇာများ နေထိုင်သည်ဟု လူအများ ပြောနေကြသည်ကို အမြဲလိုလို ကြားနေရပါသည်။

ထို့ကြောင့် ရွာသူရွာသားများ ထင်းခုတ်၊ ဝါးခုတ်သွားလျှင် အထူး သတိ



ထား၍ သွားရပါသည်။ ထိုတောင်ထဲ၌ အပေါ့အလေး သွား၍မရ။ ဆဲရေးတိုင်းထွာသောစကားများ မပြောဆိုရ။ အကယ်၍ ပြောမိဆိုမိ လုပ်ခဲ့မိလျှင် ဘေးအန္တရာယ် တစ်မျိုးမျိုးနှင့် တွေ့ကြုံရပါသည်။

ကိုမောင်လှသည် ဆားချက်ရွာသား တစ်ဦးဖြစ်သည်။ လယ်လုပ်ငန်းကို လုပ်ကိုင်သူတစ်ဦးလည်း ဖြစ်သည်။ သို့သော် ကိုမောင်လှသည် အများနည်းတူ သန်သန်မြန်မြန် မဟုတ်။ သူမှာ ကိုယ်လှနာဟုခေါ်သည့် အမော အပန်းမခံနိုင်သော ရောဂါတစ်မျိုးကို အလူးအလဲ ခံစားနေရသူတစ်ဦးဖြစ်သည်။

အလုပ်သွားလျှင် လိုရာသို့ မရောက်ခင် လမ်းတစ်ဝက်၌ ရပ်တန့်ပြီး အမောဖြေပြီးမှသာ လိုရာခရီးသို့ ဆက်သွားရပါသည်။ သူ၏ ခန္ဓာကိုယ် တစ်ကိုယ်လုံးမှာ သွေးမရှိ။ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူ့ရောဂါကို ဆေးဆရာအမျိုးမျိုးဖြင့် ကုသခဲ့သော်လည်း သက်သာပျောက်ကင်းခြင်း မရှိခဲ့။

တစ်နေ့မှာတော့ ကိုမောင်လှတစ်ယောက် သူ့နွားများကို မောင်းနှင်ပြီး ရွာ၏အနောက်ဘက် ပုလဲငူတောင်ကြီး၏ခြေရင်း သူ၏ နွားစားကျက် (ရခိုင်တိုင်းရင်းသားအခေါ် နွားကျောင်းကွင်း)မှာ နွားတွေကို လွှတ်ထားပြီးလျှင် သူက ညောင်ပင်ကြီးအောက်က ကွပ်ပျစ်ပေါ်မှာ အိပ်နေလိုက်သည်။

ကိုမောင်လှတစ်ယောက် မှေးခနဲ အိပ်ပျော်သွားသည့်အချိန်မှာ အိပ်မက်လိုလို၊ တကယ်လိုလို ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားသော အသက်(၇၀)ဝန်းကျင်ခန့်ရှိ အဘိုးကြီးတစ်ဦး သူ့အနားမှာ လာရပ်သည်ကို မြင်တွေ့လိုက်ရသည်။ အဖြူရောင် တဘက်ကို ဦးခေါင်းမှာ ပေါင်းထားပြီး သူ့အား တစ်စုံတစ်ခုကိုပေးကာ ပါးစပ်ကလည်း စကားတွေပြောပြီး မှာကြားနေသည်။

'ငါ့မြေးကို အဘိုး လိုက်ရှာနေတာကြာပြီ။ ငါ့မြေးက ဒီမှာလာပြီး အိပ်ပျော်နေတာကိုး။ ကဲ…ကဲ…ငါ့မြေး ဘာမှ အားမငယ်နဲ့တော့။ အဘိုး ဆေးတောင့်ပေးခဲ့မယ်။ ဒီဆေးတောင့်ကို မင်း စားလိုက်။ မင်းရောဂါ ချက်ချင်း ယူပစ်သလို ပျောက်သွားစေရမယ် ရော့'

ဟု ဆိုကာ သူ၏ လက်ထဲသို့ ဖန်ပုလင်းသေးသေး တစ်လုံးကို ထည့်ပေးပြီး ထွက်ခွာသွားလေတော့သည်။

အချိန် မည်မျှကြာသွားသည်မသိ။ ကိုမောင်လှတစ်ယောက် အိပ်နေရာမှ လန့်နိုးလာသောအချိန်မှာတော့ ထို ပုဂ္ဂိုလ်ကြီးကို အရိပ်အယောင်တောင် မမြင်ရတော့။ သူ၏စိတ်ထဲမှ ပုဂ္ဂိုလ်ကြီးအား ဦးချကန်တော့လိုက်ပါသည်။ ထို့နောက် သူ့လက်ထဲမှ ဖန်ပုလင်းလေးကို အသေအချာကြည့်ပြီး အဖုံးကို ဖွင့်လိုက်လေသည်။ မွှေးလိုက်သည့်ရနံ့ သင်းကြိုင်ပြီး လှိုင်နေအောင် အမွှေးနံ့တွေက ပုလင်းထဲမှ လှိုင်လှိုင် ထွက်လာသည်။

ကိုမောင်လှသည် ဆေးတောင့်အား စူးစမ်းသလိုမျိုး အသေအချာ ကြည့်လိုက်သည်။ ထို့နောက် ဆေးတောင့်ကို

(စာမျက်နှာ (၂၉၉) သို့



www.burmeseclassic.com

www.burmeseclassic.com



မြလေးကျော်

# ညတစ်ညဉ့်

## တွေ့ကြုံခဲ့ရသည့် အဘိုးနှင့် အဘွား

BURMESE CLASSIC .com

အချိန်မှာ ကျွန်တော်၏ အသက် (၂၆)နှစ်၊ (၂၇)နှစ်လောက်ခန့်က ဖြစ်ပါသည်။

ကျွန်တော်တို့ လယ်သမားများသည် ထိုအချိန်ကာလတုန်းက စပါးများ ရိတ်သိမ်းပြီး စပါး၊ ပဲ စသော သီးထပ် သီးညှပ် စိုက်ပျိုးခြင်း စသော စိုက်ပျိုးခြင်းများ မရှိသေးပါ။

စပါးများ ခြွေလှေ့၊ ဝမ်းစာများကို သွင်း၍ နတ်တော်လကုန်လောက်ဆိုလျှင် တလင်း(သလင်း)များ သိမ်းပြီးသောအချိန်များ ဖြစ်နေပါပြီ။ ထိုတလင်းများ ပြီးစီးသည်နှင့် ကျွန်တော်တို့ရွာ၏ ရှေ့စူးစူးတွင်ရှိသော ပဲခူးရိုးမတောင်တန်းကြီးဆီသို့ အိမ်သုံးဝါး၊ ထင်းများ အစရှိသည်တို့ကို ကိုယ်စီကိုယ်စီ တက်ရောက်ပြီး ဝါးခုတ်ခြင်း၊ ထင်းခုတ်ခြင်းတို့ကို လုပ်ကြရပါသည်။

တစ်နေ့တွင် ကျွန်တော်၏ လှည်းအပါအဝင် လှည်းလေးစီးတွင် လူရှစ်ယောက်ဖြင့် ထင်းတိုက်၊ ထင်းခုတ်ရန်အတွက် ကျွန်တော်တို့ရွာ၏ အရှေ့တွင်ရှိသော ပဲခူးရိုးမတောင်ပြာပြာကြီးဆီသို့ လှည်းများကို ဦးတည်၍ မောင်းနှင်ခဲ့ပါသည်။

တစ်ရွာပြီးတစ်ရွာ ဆက်ကာဆက်ကာဖြင့် လှည်းများကို မောင်းနှင်လာခဲ့ရာ ညနေငါးနာရီထိုး အချိန်လောက်တွင် စပါးကြီးအိုင်ရွာ၊ ဘုတရာရွာ၊ ရွာနှစ်ရွာ၏ကြား လှည်းလမ်းကို မောင်းနေဆဲ ဖြစ်ပါသည်။

ကျွန်တော်တို့၏ လှည်းအုပ်ထဲမှ အသက်ကြီးဆုံးဖြစ်သူ ကျွန်တော်၏ အစ်ကိုမှ အားလုံးကို လှမ်းမေးလိုက်သောအသံ ကြားလိုက်ရပါသည်။

'ဟေ့ကောင်တွေ ဒီနေရာမှာ နွားကျောင်းရင်း ထမင်းစားကြမလား'

ဟု လှမ်း၍ မေးသောအခါ...

'စားမနေတော့ပါဘူး အစ်ကိုရယ်၊ နေလဲအေးနေမှပဲ။ အိပ်တဲ့နေရာရောက်မှပဲ အေးအေးဆေးဆေး ထမင်းစားကြတာပေါ့'

ဟု အားလုံးက ပြောလိုက်သောကြောင့် လှည်းများကို ထိုရွာများမှ တစ်ဆင့် ဆက်လက်၍ မောင်းနှင့်ကြပါသည်။

www.burmeseclassic.com

မောင်းရင်း မောင်းရင်းနှင့်ပင် လေးဆယ့်ငါးမိနစ်ခန့် မောင်းမိသော အခါ တစ်ထွာ၊ တစ်တောင်၊ တစ်တောင့် တစ်ထွာခန့်မျှရှိသော ကြဲစိုက်ပျိုးပြီး ခါစ ကြံခင်းများ၏ ကြားတွင်ရှိသော လှည်းလမ်းအတိုင်း မောင်းနှင်နေကြပါသည်။



နွားလှည်းများကို ဆက်လက်၍ မောင်းနေရင်း နှင့်ပင် အချိန်မှာ ညနေ နေဝင်ဖျိုးဖျ အချိန် ဖြစ်လာပါပြီ။ ကျွန်တော်တို့ မောင်းနေကျ လမ်းသည်လည်း ထို လမ်းပင် ဖြစ်ပါသည်။

ယခုမှ ဒီလမ်းသည် မောင်းရင်းနှင့် ပင် တစ်စတစ်စ မှေးမှိန်လာပြီး နောက် ဆုံး လမ်းစ လုံးလုံး ပျောက်၍သွားပါ သည်။ ဒီလမ်းသည် အခေါက်ခေါက် အခါခါ မောင်းဖူးနေကျသော လမ်း ဖြစ်၍ လမ်းမှားနိုင်စရာအကြောင်း မရှိပါ။ ထိုအခါ ကျွန်တော်တို့၏ အစ်ကို မှ…

'ဟော့ကောင်တွေ လမ်းစ တဖြည်း ဖြည်း ပျောက်သွားပြီကွ၊ တို့ လမ်းများ မှားလာသလား'

'ဟာ မမှားဘူး အစ်ကိုရဲ့ အခါတိုင်း မောင်းနေတာလဲ ဒီလမ်းပဲ။ နောက်နားမှာ ကျွန်ရစ်ခဲ့တဲ့ လမ်းကလဲ လှည်းလမ်း ဖုံနေပြီ ဒီနေရာရောက်မှ လမ်းစ ဘယ်လို ပျောက် သွားတာလဲ မသိဘူး'

ဟု ပြောဆိုနေကြပြီး လှည်းပေါ်မှ မတ်တတ်ရပ်၍ ထကြည့်သူကကြည့် ဖြစ်နေကြပါသည်။ လမ်းစ တွေ့လို တွေ့ငြားဖြင့် လှည်းတွေကို ကြံခင်းတွေ ထဲမှဖြတ်၍ လမ်းရှိမည် ထင်သည့် နေရာကို မနားမနေ မောင်းနေကြပါ သည်။

သို့သော် ဘာလမ်းစမှ မတွေ့ရဘဲ တော်တော်ကြာကြာ မောင်းမိတော့ ပထမရောက်သည့် နေရာကို ပြန် ရောက်လာကြပြန်ပါသည်။

အချိန်သည်ကား မိုးချုပ်စအချိန် ဖြစ်ပါသည်။ လဆန်း(၄)ရက်လောက် ဖြစ်၍ ကြယ်ရောင်ကလေးများဖြင့် မြေပြင်ဆီသို့ မှုန်ဝါးဝါးလေး မြင်နေရ သည်။ လှည်းတွေကိုတော့ ကြံခင်း၊ ခယောင်းခင်းတွေကြားထဲ ဖြတ်သန်း ပြီး မောင်းနေကြပါ၏။

နောက်များ မကြာမီအချိန်လောက် တွင် ကြံခင်းများမှ လွန်မြောက်ပြီး ငရုတ်ခင်း၊ ပဲတောင့်ရှည်ခင်းနှင့် ခရမ်း ချဉ်ခင်းတို့ကို ဖြတ်နင်း၍ မောင်းလာ ရာ ခဏလောက်အကြာတွင် သက်ငယ်မိုးများ မိုးထားသော တဲအိမ် ကလေးဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ဦးတည်၍ ရောက်ရှိသွားပါတော့သည်။

တဲကလေးထဲတွင်တော့ မီးတိုင် ကလေး ထွန်းထားသည်ကို မြင်ရ၏။ မီးရောင်ကတော့ မှုန်ဝါးဝါးမျှသာ။

ထိုတဲကလေးနှင့် မလှမ်းမကမ်း လောက်တွင် လှည်းများကို ရပ်လိုက် ကြကာ လှည်းအောက်သို့ ဆင်းကြ ပြီး…

'ဟာ တို့တော့ တဲရှင်တွေနဲ့ တွေ့ရင် တော့ အပြောခံရတော့မှာပဲ။ ဘယ်လို လုပ်ကြမလဲ'

'ဖြစ်လာပြီးမှတော့ ဘယ်တတ်နိုင် ပါ့မလဲ၊ သူတို့ကို သွားပြီး ကျေနပ် အောင် တောင်းပန်ရမှာပေါ့'

'ကဲ ဒီလိုဆို အစ်ကိုနဲ့ ကျွန်တော် နဲ့ သွားကြမယ်'

ဟု ပြောဆိုပြီး ကျွန်တော်တို့နှစ် ယောက် တဲကလေးဘက်သို့ လျှောက် ခဲ့ပါသည်။ တဲပိုင်ရှင်တို့ကတော့ တဲ အပြင်သို့ထွက်၍ မလာပါ။

တဲကလေးသည်ကား စားပင် သောက်ပင် ခပ်ရှယ်ရှယ်များဖြင့် ဘေးပတ်ပတ်လည်တွင် အခြား သစ် ပင်ငယ်များနှင့်။ တဲကလေးက သစ်ပင် များကြားဝယ် ခပ်နိမ့်နိမ့် ခပ်အုပ်အုပ် ကလေး။

ကျွန်တော်တို့ တဲ၏ တံစက်မြိတ် အနားသို့ ရောက်သွားသောအခါ ခယောင်းတိုင်၊ အမွှေးတိုင်များကို ထွန်းညှိပြီး ငှက်ပျောပွဲ၊ အုန်းပွဲများဖြင့် ပြင်ဆင်ထားပြီး ထိုပွဲများ၏ရှေ့တွင် အာရုံပြုနေကြသော အဘိုးနှင့်အဘွား ကို တွေ့လိုက်ရပါသည်။

ကျွန်တော်တို့ နှစ်ယောက်လည်း တစ်ယောက်ကိုတစ်ယောက် ကြည့် ကာ ကြက်သီးမွေးညင်း ထမိကြပါ သည်။ တစ်အောင့်မျှ ကြာမှ ကျွန်တော် တို့ဆီကို အဘိုးနှင့်အဘွား ဆင်းလာ ကြပါသည်။

သူတို့နှစ်ဦးသည် အသက်(၈၅)နှစ် ခန့် ရှိမည်ထင်ပါသည်။ သူတို့ဝတ်ထား သည်က အနက်ရောင်သင်တိုင်းကြီး များ ဝတ်ထားပြီး မျက်နှာတစ်ပြင်လုံး နှင့်လက်တို့တွင် မည်းနက်သော ဆေးများကို ထိုးထားကြပါသည်။ အဘိုးသည် ဆံပင်မတိုမရှည် ဖြူကျဲ ကျဲ၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်ရှည်နှင့် မျက်ခုံးမွေးများသည် ဖြူနေ၏။

'မင်းတို့ ဘယ်က လာကြတာလဲ၊ ဘယ်သွားကြမလို့လဲ၊ ခုနဲ့ ဘာပြော

www.burmeseclassic.com

ချင်လို့လဲ'

ဟု တည်တည်ငြိမ်ငြိမ် အေးဆေးစွာဖြင့် ပြောနေပါသည်။

'ကျွန်တော်တို့ ဒီကတောမှာ ထင်းလာခုတ်ကြတာပါ အဘ၊ လမ်းတွေမှားပြီး အခု အဘတို့ဆီကို ရောက်လာတာပါ။ ကျွန်တော်တို့၊ အဘတို့ သစ်ခင်းတွေကို ဖြတ်နင်းမိတဲ့အတွက် လာပြီးတောင်းပန်တာပါအဘ၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါ'

'ဩော်...ဒါလား ကိစ္စမရှိပါဘူးကွာ၊ မတော်လို့ နင်းမိကြတာပဲ။ အဘတို့ ခွင့်လွှတ်ပါတယ်'

'ဟုတ်ကဲ့ ဝမ်းသာလိုက်တာ အဘရယ်၊ ကျွန်တော်တို့ အခုညတော့ ဒီတဲနားမှာ အိပ်ပါရစေ'

'ရပါတယ်။ စိတ်ချလက်ချ အိပ်ကြ။ ပါ။ မနက်ကျရင် လမ်းအလွယ်တကူ တွေ့ကြမှာပါ။ ကဲ ကဲ သွားကြတော့'

ကျွန်တော်တို့ နှစ်ယောက်လည်း တဲဆီမှ လှည်းများဆီသို့ ဘာမှ မပြောဖြစ်တော့ဘဲ ပြန်ခဲ့ကြပါသည်။ လှည်းတွေဆီ ရောက်ကြတော့ တစ်ယောက်နှင့်တစ်ယောက် ဘာမှ မပြောကြရန် ပြောပြီး ထမင်းကို ထိုနေရာတွင် စားကြ၍ အိပ်ကြပါသည်။

နံနက်(၄)နာရီခွဲခန့်ရှိတော့ လှည်းလမ်းမနှင့် သိပ်မဝေးတော့သည်ကို သိကြရ၏။ နွားမောင်းသံ၊ ခလောက်သံတို့သည် ကြားနေရသည်။ ကျွန်တော်တို့လည်း ဆက်လက်ပြီး မောင်းကြရန် အိပ်ရာက နိုးကြပြီး နွားများ လှည်းတပ်ရန် ပြင်ဆင်ကြပါသည်။

ကျွန်တော်တို့အားလုံးသည် တဲဘက်ဆီသို့ ကြည့်လိုက်သောအခါ တဲကို မတွေ့ရဘဲ ကွင်းထီးထီး ဖြစ်နေခြင်းကြောင့်...

"ဟင်...ဟာ" ဟု အာမေဋိတ်ကိုယ်စီဖြင့် လှည်းများကို ထိုနေရာမှ မောင်းထွက်ခဲ့ရာ မကြာမီမှာပင် အခါတိုင်းသွားနေကျ လမ်းဖုံဖုံကြီးကို တွေ့ရ၍ ဝမ်းသာနေကြပါတော့သည်။

နောက် ထင်းခုတ်မည့်နေရာသို့ နံနက်(၇)နာရီခန့်တွင် ရောက်ကြ၏။ လှည်းများဖြုတ်၍ ညက အဘိုးနှင့် အဘွားအကြောင်းကို ထိုအချိန်မှ ရဲရဲတင်းတင်း ပြောဆိုငံ့ကြတော့ပြီ။ တအံ့တဩ ဖြစ်နေမိကြပါသည်။

အဘယ်သို့ပင် ဖြစ်စေတော့ အဘိုးနှင့်အဘွားသည် သူတော်ကောင်းများ ဖြစ်ပါလိမ့်မည်ဟု ယုံကြည်မိပါသည်။

သို့သော် ဤနေရာတွင် ဤကဲ့သို့သော အဝတ်အစားများ ဝတ်ဆင်ထားကြသူများကကို တစ်ခါမှလည်း မတွေ့မမြင်ဘူးပါ။ ထိုအနီးအနားမှ ရွာသူရွာသားများသည်လည်း ထို အဘိုး၊ အဘွားတွေကို မတွေ့ဘူးပါဟု ပြောကြပါသည်။ နောက် သွားသော အခါလည်း မတွေ့ရတော့ပါ။

ထိုးအဘိုးနှင့် အဘွားကို အဘယ်သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြမည်ဟု ယနေ့ထက်တိုင် ဝေခွဲ၍ မရတော့ပါ။

***ထာဝရ ရွှင်လန်းချမ်းမြေ့ကြပါစေ။***

**ဖြူလေးကျော်**

စာမျက်နှာ (၂၉၆)မှ အဆက်

ပါးစပ်မှာ ထည့်ပြီး ကိုက်ဝါးလိုက်လေသည်။ ထို့နောက် ဝမ်းဗိုက်ထဲသို့ ရောက်အောင် မျိုချလိုက်သည်။ ကောင်းလိုက်သည့်အရသာ ဘယ်အရသာနှင့်မှမတူ။ ပြောမပြတတ်အောင် ဆေး၏ အရသာက အေးစက်ပြီး ထူးခြားနေသည်။

ဆေးစားပြီးသည်နှင့် ကိုမောင်လှ သူ့ကိုယ်သူ သတိထားမိလိုက်သည်။ အရင်လို လေးလံ ထိုင်းမှိုင်းမနေတော့။ သူ၏ တစ်ကိုယ်လုံး သစ်ရွက်လို ပေါ့ပါးမြူးကြွ လန်းဆန်းနေသည်။ အားအင်များလည်း ပြည့်ဝလာသလို ခံစားရသည်။

အချိန်မည်မျှ ကြာသွားသည် မသိ။ ကိုမောင်လှသည် နွားစားကျက်ဆီသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်လေရာ သူ၏နွားတွေ တစ်ကောင်မျှ မရှိတော့။ ခက်ပြီ၊ နွားတွေကို လိုက်ရှာရဦးမည်။ အချိန်က သိပ်မရှိတော့။ ရွာဦးဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်းခေါက်သံ ငါးချက်ကို ကြားလိုက်ရသည်။ ညနေ ငါးနာရီတောင် ထိုးတော့မည်။ မကြာခင် နေဝင်တော့မည်။

နွားတွေကို ထားခဲ့ပြီးနောက် တစ်နေ့မှ လိုက်ရှာဖို့ဆိုတာလည်း မဖြစ်နိုင်။ ကိုမောင်လှသည် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ နွားတွေ၏ နောက်သို့ ခြေရာခံလိုက်မည်။ ရှိသမျှ တောတွေ၊ တောင်တွေ၊ ချောင်းတွေ၊ မြောင်းတွေ မကျန်အောင် သူ၏ နွားတွေကို လိုက်ရှာသည်။

သူ သတိထားမိလာသည်။ အရင်ကဆိုရင် တောတွေ၊ တောင်တွေကို ဖြတ်ကျော်နိုင်ဖို့ မဆိုထားနှင့် ဟိုနားဒီနားသို့ လမ်းလျှောက်သွားလျှင် လိုရာသို့ မရောက်နိုင်။ ယခု တောတွေ၊ တောင်တွေကို မရပ်မနား ဖြတ်ကျော်ပြီး နွားတွေကို မတွေ့တွေ့အောင် ဇွဲနဘဲကြီးစွာဖြင့် လိုက်ရှာနေတာ လုံးဝ မမောနိုင် မပန်းနိုင်တော့၊ ရင်လည်း မခုန်တော့ သွေးရောင်လွှမ်း၍ နေလေပြီ။

နွားတွေကို ရှာမတွေ့သည့်နောက်ဆုံးတွင် နောက်ကြောင်းပြန်လှည့်ခဲ့ပါသည်။ ကိုမောင်လှတစ်ယောက် နွားစားကျက်သို့ ပြန်လည်ရောက်ရှိသော အချိန်မှာတော့ သူ၏နွားတွေဟာ သူတို့၏ အရှင်သခင်ဖြစ်သည့် ကိုမောင်လှအား အသင့်စောင့်ကြိုနေတာကို တွေ့လိုက်ရပါတော့သည်။

**— ညိုသစ်ဦး(မာန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# လာဘ်ပေးသော

## အိမ်ကြီးများလည်း ရှိပါသေးသည်

မြမွန်အောင်
(မန္တလေး)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလထုတ် စာမျက်နှာ (၂၄၁)တွင် ပါရှိသော **"နိုက်နေတဲ့ အိမ်ကြီးနှင့် ဖြေရှင်းချက်များ"** ရေးသူ ကျော်စိုး(မုံရွာ)၏ စာကို ဖတ်ပြီး စာရေးသူတို့၏ ရပ်ကွက်အတွင်းရှိ လာဘ်ပေးသည့် အိမ်ကြီးအကြောင်းကိုလည်း သတိရမိပေသည်။ ထိုအိမ်ကြီးအကြောင်းကို အောက်ပါအတိုင်း တွေ့ရပါမည်။

စာရေးသူတို့ ရပ်ကွက်အတွင်းမှ အိမ်ကြီးတစ်အိမ် ရှိပါသည်။ ထိုအိမ်ကြီးသည် အတော်ပင် စီးပွား အကျိုးပေးလျက် ရှိပါသည်။ ပုဂ္ဂိုလ်အစောင့်အရှောက်များပင် ရှိသည်ဟု လူပြောသူပြော များလှပေသည်။ ရပ်ကွက်အတွင်းတွင်လည်း နာမည်ကြီးလျက် ရှိပါသည်။

ထိုအိမ်ကြီး၏ပုံစံမှာ အောက်ခံအုတ်သားထု (၃)ပေမျှရှိပြီး အောက်ထပ် အုတ်နံကပ်ဖြစ်ပြီး အပေါ်ပိုင်းမှာ ပျဉ်ထောင်သွပ်မိုး အသားခင်း ဖြစ်ပါသည်။ နှစ်ထပ်အိမ်မြင့် ဖြစ်ပါ၏။ အောက်ထပ်ခန်း(၂)ခန်းနှင့် မီးဖိုဆောင်၊ အပေါ်ထပ်(၂)ခန်းနှင့် ဘုရားခန်းများဖြင့် လွန်ခဲ့သော အနှစ်(၅၀)ကျော်မှ ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။

ပိုင်ရှင်မိသားစုများမှာ အမိအဖ အပါဝင် သားသမီး(၄)ယောက် ဖြစ်ပြီး ထို သားသမီး(၄)ယောက်တွင် ယောကျ်ား(၂)ယောက်နှင့် မိန်းကလေး (၂)ယောက်တို့ ဖြစ်ကြပါသည်။

ထိုအိမ်ကြီးသည် အရှေ့ဘက်လှည့်၍ ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ ထိုအိမ်ကြီးကို နေလာကြစဉ် ကာလတစ်လျှောက် အချိန်ခါသင့်လျှင် သင့်သလို နေထိုင်သူများ စီးပွားလာဘ်လာဘများ တိုးလျက် ရှိပါ၏။ ပေါ်ပေါ်လွင်လွင်တိုးခြင်းနှင့် မသိမသာ တရိပ်ရိပ်တက်စေခြင်းများကို ဖြစ်လျက် ရှိပေသည်။

ထိုသို့ စီးပွားတိုးတက်ရုံတင်မက သားသမီးများကိုပါ လူတမ်းစေ့ ဂုဏ်ရှိန်မြင့်စေသော လူများဖြင့် အိမ်ထောင်ရက်သားကျ၍ သွားကြပါသည်။ ထိုသို့ ပံ့ပိုးမှုများကိုပါ ရရှိသည်ဟု ဆိုနိုင်ပေသည်။

***(စာရေးသူ၏ အမြင်ဖြစ်ပါ၏)***

ထိုအိမ်ကြီး၏ ထူးခြားမှုဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဖြစ်သည့် နေ့တစ်နေ့၏ တစ်ခုသော အိပ်ချိန် ည၏ အဖြစ်ပျက်ပဲ ဖြစ်ပါသည်။ ထိုအိမ်ပိုင်ရှင်၏ ညီမဖြစ်သူသည် မကြာသေးသော ကာလမှ ဖြစ်သည့်အလျောက် အိမ်ထောင်ထူထောင်ခါစအချိန်ဖြစ်ပါ၍ နေစရာ အခက်အခဲ တွေ့နေရပေသည့်အတွက် အိမ်ရှင် အစ်မဖြစ်သူအိမ်သို့ လာရောက်နေစေသော သဘောဖြင့် ယင်းတို့အိမ်သို့ ခေါ်ယူနေစေပါသည်။

ထိုအိမ်ကြီး၏ အပေါ်ထပ်အနောက်ဘက်ကျသော အခန်းသို့ ပေးထားစေခြင်းဖြင့် ညီမနှင့် မတ်တို့အား အနေစိတ်ဆင်းရဲမှုမှ ဖြေရှင်းပေးနိုင်ပေ၏။ ထိုအခန်းသို့ ညီမဖြစ်သူနှင့် ညီမ၏အမျိုးသားတို့ အတူနေထိုင်ခွင့် ရကြလေ၏။

ထိုအခန်းသို့ ယင်းတို့၏ ပြုစုပျိုးထောင်စ ပစ္စည်းပစ္စယလေးများနှင့် အတူ ယူဆောင်လာပြီး နေရာချထားအခန်းသန့်ရှင်းပြီး လုပ်ငန်းမှလုပ်ကိုင်ဆောင်ရွက် ပြန်လာကြပြီး ညအချိန်တွင် အိပ်စက်ကြရပေတော့၏။

ညဦးပိုင်းတွင် ဘာမျှ ထူးခြားမှုမရှိသော်လည်း အိပ်စက်၍ ကောင်းသော ည(၂)နာရီထိုးအချိန်တွင် လင်မယားနှစ်ယောက်လုံးသို့ အတင်း တွန်းဖယ်ရှားပစ်ခံလိုက်ရသကဲ့သို့ ခန္ဓာကိုယ်များလည်း ဘေးသို့ လွင့်စဉ်ထွက်သွားပြီး ထိတ်ထိတ်ပျာပျာဖြင့် ခံစားလိုက်ရပေသည်။

ထို လင်မယားနှစ်ယောက်စလုံးပင် တံခါးကို အတင်းဖွင့်၍ အောက်သို့ "အမယ်လေး"ဟု ငယ်သံပါအောင် အော်ပြေးဆင်း၍ သွားကြပေသည်။

ထိုမှလည်း အစ်မဖြစ်သူမိသားစုမှ နိုး၍ သွားရပေသည်။ အဖြစ်သနစ်ကို ပြောပြကြ၍ ထိုအိမ်ကြီးသို့ နှစ်ပေါင်းများစွာ နေလာကြသော အိမ်ပိုင်အစ်မဖြစ်သူနှင့် ခင်ပွန်းသည်ပါ အံ့သြ မှင်တက်မိနေကြရပေ၏။

သူတို့ နေထိုင်လာသော လက်ထက်တစ်လျှောက်လုံးတွင် ဤကဲ့သို့ မတွေ့ဖူး မကြုံဖူးသောကြောင့်လည်း ပို၍ပင် ပဟေဠိဆန်ခဲ့ရပေသည်။ စဉ်းစားမရလည်း ဖြစ်ကြရပြန်၏။

ထို့ကြောင့်ပင် အခြေတစ်ရပ်ပြောင်း၍ အောက်ထပ်သို့ အိပ်နိုင်းရတော့သည်။ သို့သော် ကာယကံရှင်များမှာ အလွန်ပင် ကိုယ်တွေ့ တွေ့ကြုံခံစား သိရှိလိုက်ရသောကြောင့် စိတ်ထင့်ပြီး မအိပ်ရဲကြတော့ပေ။ မည်သည့်နေရာကိုမျှ မအိပ်ရဲကြပါဟု ငြင်း၍ အခြားအိမ်သို့ ပြောင်းလဲ အိပ်ခဲ့ကြသည်။ ထိုည ညတွင်းချင်းပင် ဖြစ်ပါ၏။ ထိုမှစ၍ ထိုအိမ်သို့ ညီမဖြစ်သူမှာ မနေဝံ့တော့ပါချေ။

ထိုအိမ်ရှိ အစ်မဖြစ်သူ၏ သားသမီးအငယ်လေးများပင် အိပ်နေခဲ့သည်မှာ အတော်ကြာခဲ့ပေသည်။ ထိုသို့ မဖြစ်ခဲ့ဖူးပါ။ ထိုသို့ အပြုမခံရပါဘဲနှင့် ညီမဖြစ်သူတို့၏ အိပ်သော အလှည့်ကျမှ ဖြစ်ရလေတယ်ဟု ကောက်ချက်ချကြ၏။ ဖြစ်ခြင်းဖြစ် ယင်းသားသမီးများပါ ဖြစ်ရပေမည်။

သို့သော် မိမိ၏ သားသမီးများကိုတော့ ဘာမျှ မပြုပါဘဲလျက် ညီမနှင့် မတ်တို့ကျမှ နှစ်ဦးစလုံးသို့ ပြုခံရပေသည်။ နောက်မှ တဖြည်းဖြည်း သိရပေသည်။ လင်မယားအိပ်လျှင် မကြိုက်သည့်သဘောပင် ဖြစ်ပါ၏။ အမျိုးသားချင်း(တစ်ဦးချင်း)အိပ် ဘာမျှမဖြစ်၊ အမျိုးသမီးချင်း(တစ်ဦးတည်း) အိပ်လည်း ဘာမျှ မဖြစ်ပါချေ။ ထိုသို့ စမ်းသပ်ကြည့်မှ အဖြေမှန်ကို ပေါ်ပေါက်ခဲ့ရပါ၏။

ထိုကိစ္စများ အေးဆေး တည်ငြိမ်သွား၍ နှစ်လ,တာ ကြာသောအခါတွင် အိမ်ရှင်အစ်မဖြစ်သူအား အိပ်မက်ပေးခဲ့ပါ၏။ "ဘယ်နေရာ၊ ဘယ်ထောင့်မှ ဘယ်နှစ်ပေ တူးဖော်ပါ"ဟုပင် ဖြစ်ပါသည်။

ထိုအခါမှာ တကယ်တမ်း တူးဖော်ကြည့်ရာ ငွေအိုးတစ်လုံးနှင့် ရွှေဒင်္ဂါးပြား (၅)ပြားကို တွေ့ရှိခဲ့ရပေသည်။ ရရှိသောပစ္စည်းကို အလှူတန်းလည်းပြုပါ၊ ဝမ်းစာကိုလည်းပြုပါဟုပင် ဖြစ်ပါသည်။

သို့သော် သိုသိပ်မှုရှိပါစေဟု သတိပေးထားသောကြောင့် မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အသိမပေးဘဲ နေလာခဲ့ကြသည်။

မူလ စီးပွားအခြေအနေ အတိုင်းလျောက်ရှိသည်က တစ်ကြောင်း၊ ရိုးသားကြိုးစားကြောင်းများနှင့် စပ်



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ



## အတွက် ရွေးချယ်ပါ ဤဂဏန်း


၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

**အကြိမ်** ၃၀၀
**ဇန်နဝါရီလ** ၁
**ခုနှစ်** ၂၀၁၄

၂၃၁၅ = ၁၁ = ၂

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၂)ဂဏန်းရသည်။ သို့ဖြစ်၍ **၁၊ ၂၊ ၄၊ ၅၊ ၈** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

ရှေ့ဂဏန်းများကို **၂၊ ၄၊ ၅၊ ၈**



ဂဏန်းများကို အထူးပြု ရွေးချယ်ပါ။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၂...၁ | ၄...၁ | ၅...၁ | ၈...၁ |
| ၂...၂ | ၄...၂ | ၅...၂ | ၈...၂ |
| ၂...၄ | ၄...၄ | ၅...၃ | ၈...၄ |
| ၂...၅ | ၄...၅ | ၅...၅ | ၈...၅ |
| ၂...၈ | ၄...၈ | ၅...၈ | ၈...၈ |

မှတ်ချက် ။ ။ (...)ကွင်းအတွင်းတွင် **၂၊ ၄၊ ၈၊** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့်**"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၁+ ၂ +၀ + ၁ + ၄)=၈ ဂဏန်းပင်ရသည်။ သို့ဖြစ်ရာ "၈"ဂဏန်းမှာ အလွန်အားကောင်းသည်။

သို့ဖြစ်၍...

စ... ဆုံး

| | | | | |
|---|---|---|---|---|
| ၂... ၁၊ | ၂၊ | ၄၊ | ၅၊ | ၈ |
| ၄... ၄၊ | ၅၊ | ၈ | ၁၊ | ၂ |
| ၅... ၅၊ | ၈၊ | ၁၊ | ၂၊ | ၄ |
| ၈... ၈၊ | ၁၊ | ၂၊ | ၄၊ | ၅ |

ဤလတွင် **တနင်္လာနှင့် ဗုဒ္ဓဟူးသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့အရပ်ဒေသရှိ ဗောဓိပင်တစ်ပင်အောက်တွင် သန့်ရှင်းရေးဆောင်ရွက်ပြီး ဓမ္မစကြာတရားတော်ကြီးကို တစ်နေ့ တစ်ခေါက် (၃)ရက်ရွတ်ဆိုပွားများပူဇော်ပါ။

အထက်ပါ အဓိဋ္ဌာန် အောင်မြင်ပြီးမြောက်ပါက မိမိတို့ အနီးရှိ စာသင်တိုက်များသို့ ဆန်၊ ဆီ၊ ဆား (၃)မျိုးကို တတ်နိုင်သမျှ လှူဒါန်းပြီးနောက် ထီကံစမ်းရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦၂၄၈၈၂၁ ✦၅၄၂၁၄၈ ✦၈၄၂၂၁၈

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (သုတေသီ)**

---

လျှည်း၍ တစ်ကြောင်းကြောင့် တစ်နေ့တခြား တိုးပွားခဲ့ရသည်မှာ ယခုချိန်တိုင် ရှိခဲ့ရပေသည်။ တရိပ်ရိပ်တက်လျက် ရှိပေသည်။ လာဘ်ပွင့်နေစေပါသည်။

ထိုအိမ်မှ သားသမီးများသည် အဒေါ်ဖြစ်သူနှင့် ဦးလေးတို့ ဖြစ်ပျက်ခဲ့သည့်အခန်းသို့ ယခင်အတိုင်း အိပ်မြဲအတိုင်း အိပ်ကြပါသည်။ ဘာမျှ မထူးခြားပါချေ။ ထို့ကြောင့်ပင် ထိုအခန်းကို သီးသန့် သပ်ရပ်စွာပင် ထားစေပါသည်။

လူမနေသည့်တော့ မဟုတ်ပါ။ ပုံမှန်အိပ်မြဲအတိုင်းပင် ဖြစ်ပါသည်။ ထိုအိမ်ကြီးသည် တစ်အိမ်လုံးနီးပါးရယ်လို့ မဟုတ်ပါပေ။ ထိုအခန်းတွင်မှသာ ထိုသို့ ဖြစ်ရပါပေ၏။ ကျန်သောအခန်းနှင့် နေရာများတွင်လည်း ဘာမျှ ထူးခြားမှုဆိုသည် မတွေ့ရပါချေ။

သို့သော် အထက်မှ ဆိုခဲ့ပြီးသော အခန်းမှာကား သေချာစွာပင် စုံတွဲလင်မယားများ မအိပ်မိစေရန်ကို ကောင်းစွာ သဘောပေါက်လျက် ရှိပါပေသည်။ ထိုအိမ်ကြီးသည် ယခုဆိုပါလျှင် (၆၀)နှစ်မျှပင် ရှိ၍နေသည်ပင် ဖြစ်ပါ၏။ ဘယ်လောက်ပဲ စီးပွားတက်၍ နေပါစေ အခြားနေရာတွင်သာ သီးသန့်(သီးခြား) အသစ် ဆောက်လုပ်မည် ဖြစ်ပါသည်။ ထိုအိမ်ကြီးကို မပြုပြင်၊ မဖျက်ဆီးဘဲ၊ မပြောင်းလဲဘဲ ယခင်ပုံစံမူအတိုင်း ရေနံချေးသုတ်၊ ဆေးသုတ်မှုများသာ ရှိပါပေသည်။ အစဉ်မြဲ ထိန်းသိမ်းသွားကြမည် ဖြစ်ပါသည်။


အိမ်ရှင်များမှာလည်း ထိုသို့သော အိမ်ကြီးကို ရရှိ ပိုင်ဆိုင်ထားရသည်မှာ အတော်လေးပင် ကံကောင်းပါပေစွ။ သို့သော် ထိုအိမ်ရှင်များသည် ကြွားဝါခြင်း အလျှင်း မရှိကြပါချေ။ ဒါနအကျိုးများလည်း မပြတ် ပြုလျက် ရှိနေပါသည်။ ထိုအိမ်ရှင်များ၏ ကြီးစားမှု ချွေတာစုဆောင်းမှုနှင့် ထိုအိမ်ကြီး၏ ထူးခြားမှုတို့သည် ပန်းသင့် လိုက်ဖက်ပါပေစွ။ တစ်နေ့တခြား ဒီရေအလားသို့ပင် ဖြစ်ပါ၏။

တချို့သော အိမ်များသည် အခိုက်နှင့် ခြောက်လှန့်မှု၊ စီးပွားပျက်မှုများကြုံသည်ကို ကြားဖူးနားဝ ရှိရပါ၍ ဤကဲ့သို့ တစ်မူထူး၍ စီးပွားအကျိုးပြု အိမ်မျိုးကိုလည်း ဝမ်းသာစရာ ဖြစ်စေရန် ရေးသား တင်ပြလိုက်ရပေသည်။

**မြမြနိမ်အောင်(မန္တလေး)**

www.burmeseclassic.com

www.burmeseclassic.com




# သစ်ပင်အစွမ်း

ကျွန်ုပ်၏ဖခင်သည် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် ဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အားလျော်စွာ ရန်ကုန်၊ တောင်ငူ၊ ပဲခူး၊ ကျောက်ဖြူ၊ လှိုင်ကော်၊ ဘိုကလေး(မြင်းကကုန်း) မြို့များသို့ ပြောင်းရွှေ့ရသဖြင့် ကျွန်ုပ်လည်း ဖခင် ပြောင်းရွှေ့ရာနောက်သို့ လိုက်ပါနေထိုင်ခဲ့ရပါသည်။

နောက်ဆုံးတွင် ကျွန်ုပ်၏ ဇာတိဖြစ်သော ပုသိမ်မြို့သို့ ပြန်လည်ပြောင်းရွှေ့ခဲ့ရပါသည်။ ထိုအခါ ဖခင်သည် ပုသိမ်မြို့တွင် အခြေချတော့မည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ၁၉၆၂ ခုနှစ်ဦးပိုင်းတွင် ဖြစ်သည်။

ထို့ကြောင့် ထိုစဉ်က တိုးချဲ့မြို့ကွက်တစ်ခုတွင် မြေကွက်တစ်ကွက်ကို သက်ဆိုင်ရာသို့ လျှောက်ထားရယူခဲ့ပါသည်။ အိမ်ဆောက်ရန် စဉ်းစားသောအခါ သစ်ရရှိရေးအတွက် အခက်အခဲကြုံရပါသည်။

အိမ်ဟောင်းကို ဖျက်၍ သယ်လျှင်မှု မျှောစာ စသော သစ်တောဘက်ဆိုင်ရာကိစ္စများ ကင်းလွတ်သဖြင့် သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အိမ်ဟောင်း ရောင်းမည့်သူများကို အဆက်အသွယ်ဖြင့် စုံစမ်းခဲ့ပါသည်။

နောက်ဆုံးတွင် သာပေါင်း အထက်ဘက်ရှိ မြစ်ကမ်းရွာတစ်ရွာမှ အိမ်ဟောင်းတစ်လုံးကို ဝယ်ယူ ရရှိနိုင်ခဲ့ပါသည်။ ထိုအခါ အိမ်တိုင်များကို ပုသိမ်မြို့သို့ အခက်အခဲမရှိ သယ်ယူပြီး အိမ်ဆောက်ဖြစ်ခဲ့ပါတော့သည်။

ဆောက်လုပ်သည့်အိမ်မှာ ခန်းဖွင့် ပေ (၂၀) (၃)ပင် (၂)ခန်းဖြစ်ပါသည်။ နောက်ဘက်သို့ အဆောင်တစ်ခု ထပ်ထုတ်ပြီး ပေ (၅၀) အလျား ရှိပါသည်။

အိမ်ဟောင်း ဆိုသော်လည်း ရွှေဘော်စား၍ ချောလိုက်သောအခါ ဝါကြန့်ကြန့်(အရောင်နုနု) ရှိသော ယောက်ျားကြီးလက် (၃)ထွာကျော်ကျော် ပတ်လည်တိုင်လုံးများကို ရရှိပါသည်။ တိုင်အားလုံးမှာ ကျွန်းဖိုတိုင်များဖြစ်ပြီး ဖြောင့်စင်းနေပါသည်။

အိမ်မှာ ပျဉ်ခင်းပျဉ်ကာ သွပ်မိုး တစ်ထပ်အိမ် ဖြစ်သော်လည်း အခြေအနေပေးပါက (၂)ထပ်တင်နိုင်ရန် အတော်မြင့်မြင့် ဆောက်လုပ်ထားပါသည်။ ဆောက်လုပ်ပြီးစီးသောအခါ ငှားရမ်းနေထိုင်သောအိမ်မှ ပြောင်းရွှေ့ပြီး ကိုယ်ပိုင်အိမ်တွင် နေထိုင်ခဲ့ကြပါသည်။

အိမ်သစ်တက်ပြီး တစ်လကျော်ကျော်ကြာသော တစ်ည ညဉ့်နက်ပိုင်းတွင် အိမ်၏ တစ်နေရာမှ တောက် တောက်တောက်ဟု မြည်နေသောအသံကို ကြားရပါသည်။

အိမ်သားအားလုံးမှာ အိမ်မောကျပြီး တစ်အိမ်လုံး ဆိတ်ငြိမ်နေသကဲ့သို့ ပတ်ဝန်းကျင်ရှိ ရပ်ကွက်တစ်ခုလုံးမှာလည်း အေးချမ်းငြိမ်သက်နေပါသည်။ ခွေးအူသံကိုပင် မကြားရပါ။

"တောက် တောက် တောက် တောက် တောက် တောက် တောက် တောက်"ဖြင့် မြည်နေသံကို အိမ်ရှိနေရာတိုင်းမှ ကြားနိုင်နေပါသည်။ ကြားကာစတွင် တောက်တဲ့ အော်မြည်သံလားဟု ထင်မှတ်သော်လည်း တောက်တဲ့သံမဟုတ်ပါ။ တောက်တဲ့ အော်သလို "တောက်တဲ့"ဟူသော "တဲ့"သံမပါ,ပါ။

တောက်တောက် မြည်သံသည် တစ်ခါတစ်ရံ ဆက်တိုက်မြည်သကဲ့သို့ တစ်ခါတစ်ရံတွင်လည်း ပြတ်တောင်း ပြတ်တောင်း မြည်တတ်ပါသေးသည်။ (၂)သံတွဲ၊ (၃)သံတွဲလည်း မြည်တတ်ပါသေးသည်။ မြည်သံကြားကာစတွင် သို့လော သို့လောစိတ်ဖြင့် စိုးရိမ်ခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် အိမ်သား တစ်စုံတစ်ယောက်က ချောင်းဟန့်၍ဖြစ်စေ၊ အိပ်ရာမှထ၍ နောက်ဖေးနောက်ဖီ ထွက်လျှင်ဖြစ်စေ၊ မီးထွန်းလိုက်လျှင် ဖြစ်စေ တောက်တောက်မြည်သံသည် ရပ်ဆိုင်းသွားတတ်ပါသည်။

ဆိုလိုသည်မှာ လူသံကြားလျှင် ဖြစ်စေ၊ အလင်းရောင်ကြောင့်ဖြစ်စေ မြည်သံ ရပ်သွားတတ်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ မြည်ခြင်းမှာ တစ်ခါတစ်ရံ ရက်ဆက်ဖြစ်ပြီး တစ်ခါတစ်ရံလည်း တစ်ပတ်(၁၀)ရက်ကြာ မမြည်ဘဲ အသံပျောက်နေတတ်ပြန်ပါသည်။

လအတန်ကြာသောအခါ "ဘယ်နေရာက မြည်တာလဲ"ဟု စူးစမ်းမိကြရာ အိမ်ရှေ့ဘက် အလယ်တိုင်မှ ဖြစ်ကြောင်း သိရှိရပါတော့သည်။ အိမ်သားတွေလည်း ထိုတောက်တောက်မြည်သံအတွက် သိပ်ပြီး ဂရုမထားတော့သလို စိုးရိမ်မှုလည်း မရှိကြတော့ပါ။ ကြာတော့ ရိုးသလို ရှိသွားပါသည်။

ထိုသို့ သစ်တိုင်မှ ညဘက် လူခြေတိတ်ချိန်တွင် မြည်ခြင်းကို လူကြီးသူမများနှင့် နီးစပ်ရာများကို မေးမြန်းကြည့်သောအခါ သစ်စုန်းဟု ခေါ်ကြောင်း သိရှိရပါသည်။

သို့ရာတွင် တစ်နှစ်ခန့်ကြာသောအခါ ထို တောက်တောက်မြည်သော သစ်စုန်းတိုင်သည် အိမ်ခေါင်မိုးနှင့် ထိစပ်နေသော ထိပ်ဆုံးနေရာမှစ၍ အက်ကြောင်းထင်လာပါသည်။

တဖြည်းဖြည်းနှင့် အက်ကြောင်းမှာ ပိုဟလာပြီး အောက်ဘက်သို့ တစ်တောင်မျှထိ ကွဲအက်လာပါသည်။

ကျွန်ုပ်၏ ဖခင်က စည်ပတ်သံပြားနှင့် ပတ်ကာ သံရိုက်ထားလိုက်ပါသည်။ သို့သော် စည်ပတ်သံပြား အောက်ဘက်တွင် အက်ကြောင်း ထပ်၍ ပေါ်လာပြန်ပါသည်။

တစ်ရက်တွင်မူ ဖခင်သည် (၄) လက်မမျှရှိသော သစ်စေးရောင် သစ်ချောင်းလေးတစ်ခုကို ယူလာပြီး အဖျားကို ချွန်နေပါသည်။ သစ်ချောင်းလေးမှာ အပြားလေး လက်ညှိုးတစ်ခုစာမျှပြက် ရှိပါသည်။

ထို့နောက် ထိုသစ်စုန်းတိုင်ရှိ သံရိုက်ရာကြောင့် ဖြစ်ပေါ်နေသော အပေါက်တွင် တေ့၍ သစ်ချောင်းလေးကို ရိုက်သွင်းလိုက်ရာ သံချောင်းတစ်ချောင်းကို ရိုက်သွင်းသလောက်ပင် မခက်ခဲဘဲ ရှောရှောရှူရှူပင် တိုင်အတွင်းသို့ ဝင်သွားခဲ့ပါသည်။

**ထို့မှ နောက်တွင်မူ ထိုတိုင်လုံးမှ တောက်တောက်မြည်သံကို ကြားရခြင်း မရှိရုံမျှမက တိုင်ထိပ်မှ အက်ကွဲလာသော အက်ကြောင်းများလည်း ဆက်လက်၍ အက်ကွဲခြင်းမရှိဘဲ ရပ်တန့်သွားခဲ့ပါသည်။**

ကျွန်ုပ်က ဖခင်အား ထိုရိုက်သွင်းလိုက်သောအခါ သစ်သားချောင်းလေးမှာ "ဘာသစ်လဲ"ဟု မေးမြန်းခဲ့ရာ "**သစ်မင်း**"ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

**မောင်အေးကြူ** (*စီးပွားရေး*)

# ကြိုးဝါးတဲ့ နွား

## နဲ့ မြူးတဲ့နွား နိုင်တဲ့နည်း



တစ်နေ့ ကိုတင်ဝင်းနေအိမ်သို့ ဆီဆုံကြိတ် ရောက်ရှိချိန်တွင် ကိုတင်ဝင်းနေအိမ်တွင် မွေးထားသည့် နွားသိုးမှာ ကြိုးညောင်းမိကာ တဝုန်းဝုန်း၊ တဒိုင်းဒိုင်း ချည်တိုင်အား ကန်ကျောက် တွန်းထွေလိုက်၊ ခြေယက်လက်ယက် လုပ်လိုက်နှင့် တဘူးဘူး၊ တဘဲဘဲ အော်မြည်ကာ မြူးထူးလျက် ရှိနေသည်။

ခဏအကြာတွင် ကိုတင်ဝင်းမှာ စိတ်မရှည်တော့သဖြင့် နွားချေး ပျော့ပျော့အား လက်နှင့် တစ်ဆုပ်လောက် ကော်ယူကာ ထိုနွားချည်သည့် ကြိုးအား ခေါင်းစည်းကြိုးနား ကပ်သည်အထိ ပွတ်ကာ သုတ်ပေးလိုက်သည်။

နွားသိုးလည်း နွားချေးနံ့ ရသည်နှင့် နှာခေါင်းရှုံ့ကာ အရင်ကလို ခုန်ပေါက်ဖို့ နေနေသာသာ စိတ်ညစ်ပြီး တစ်ခါတည်း ငြိမ်ကျသွားသည်။

'ကိုယ့်ဆရာရေ... နောက်မှတ်ထား၊ ချည်တိုင်မှာ ခုန်ပေါက်မြူးနေတဲ့ နွားတို့၊ ချည်တဲ့ ကြိုးကို ဝါးတဲ့ နွားမျိုးကို အဲဒီလို ချည်တဲ့ကြိုးကို နွားချေးပျော့ပျော့နဲ့ သုတ်ပေးထားလိုက်၊ ခုန်ပေါက် မြူးထူးဖို့ နေနေသာသာ တစ်ခါတည်း စိတ်ညစ်ပြီး ငြိမ်ကျသွားမယ်ကိုယ့်လူ'

နိုင်းနွားများလည်း ထိုနည်းတူ မနိုင်းဘဲ ရက်ကြာလာလျှင် အလုပ်မလုပ်မကိုင်ရဘဲ နေလျှင်လည်း ခုန်ပေါက် မြူးတတ်ကြသည်။ နွားသိုးပေါက်များလည်း တစ်နေ့တစ်ခါဆိုသလို ခြေညောင်းလက်ဆန့် နံနက်ခင်း၊ ညနေခင်း ထုတ်မောင်းပေးရသည်။

ထိုသို့ မမောင်းဘဲ ရက်ကြာလာလျှင် ကြိုးညောင်းမိကာ ခုန်ပေါက် မြူးထူး ချည်တိုင်ထွေ၊ ခြေ၊ လက် ယက်တတ်ကြသည်။ တဝုန်းဝုန်း မြူးထူးနေသည့် နွားနှင့် ချည်သည့်ကြိုးတို့အား ကိုက်ဝါးတတ်သည့် နွားများ အဖို့ အကောင်းဆုံးနည်းကတော့ နွားချေး အစို ပျော့ပျော့နှင့် ချည်သည့်ကြိုး ခေါင်းစည်းနားအထိ သုတ်ထားပေးလိုက်ရန် ဖြစ်ပါသည်။

**ကိုသက်ရှည်**



www.burmeseclassic.com